
www.burmeseclassic.com

မတရားသိမ်းဆည်းထောင်ချပြီး အစအနပျောက်သွားခဲ့ရသော သီပေါစော်ဘွားစပ်ကြာဆိုင်၏
တနေ့တွင် မျှော်ကိုးစောင့်စား ရှာဖွေခဲ့ရသည့် မဟာဒေဝီဘဝ



# မဟာဒေဝီတစ်ပါး၏ ရှာပုံတော်

မောင်သန်းဆွေ(ထားဝယ်)

**TWILIGHT OVER BURMA**

by INGE SARGENT

www.burmeseclassic.com

www.burmeseclassic.com

# မဟာဒေဝီတစ်ပါး၏ ရှာပုံတော်

မောင်သန်းဆွေ(ထားဝယ်)



# TWILIGHT OVER BURMA

by INGE SARGENT

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

ထုတ်ဝေသူ- ဒေါ်သင်းသင်းမွန်
သင်းစာပေ
အမှတ် ၁၀၊ ရတနာမြိုင်လမ်း၊ လှည်းတန်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်- မြတ်နိုင်(မိတ္တဗလ)
အမှတ် ၄၆၊ ၅၆ လမ်း(အလယ်ဘလောက်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း- ဗဂျီလင်းဝဏ္ဏ

BURMESE CLASSIC .com

စာအုပ်ချုပ်- ဒေါ်ချို
၅၄ လမ်း(အလယ်ဘလောက်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖလင်- Eagle Color Spearation

၂၀၁၅၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး- 6000 KS

ဖြန့်ချိရေး
အရှေ့နေခြည်စာပေ
အမှတ် ၁၉၉၊ ပထမထပ်၊ ပန်းဆိုးတန်း(အလယ်ဘလောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၂၃ ၇၇၉၀

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ကုန်းဘောင်နှင့် အုန်းဘောင်သီပေါ၊ တိုက်ဆိုင်မှုများနှင့်ကျွန်တော် | ၅ |
| ၂။ | ကုန်းဘောင်နှင့် အုန်းဘောင်သီပေါ၊ တိုက်ဆိုင်မှုများနှင့်ကျွန်တော် (၂) | ၁၀ |
| ၃။ | ကုန်းဘောင်နှင့် အုန်းဘောင်သီပေါ၊ တိုက်ဆိုင်မှုများနှင့်ကျွန်တော် (၃) | ၁၅ |
| ၄။ | ကုန်းဘောင်နှင့် အုန်းဘောင်သီပေါ၊ တိုက်ဆိုင်မှုများနှင့်ကျွန်တော် (၄) | ၂၂ |
| ၅။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် | ၂၉ |
| ၆။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂) | ၃၂ |
| ၇။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃) | ၃၅ |
| ၈။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄) | ၃၉ |
| ၉။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅) | ၄၃ |
| ၁၀။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၆) | ၄၇ |
| ၁၁။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၇) | ၅၂ |
| ၁၂။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၈) | ၅၇ |
| ၁၃။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၉) | ၆၂ |
| ၁၄။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၀) | ၆၆ |
| ၁၅။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၁) | ၇၀ |
| ၁၆။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၂) | ၇၂ |
| ၁၇။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၃) | ၇၅ |
| ၁၈။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၄) | ၇၈ |
| ၁၉။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၅) | ၈၁ |
| ၂၀။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၆) | ၈၅ |
| ၂၁။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၇) | ၈၉ |
| ၂၂။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၈) | ၉၃ |
| ၂၃။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၉) | ၉၇ |
| ၂၄။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၀) | ၁၀၁ |
| ၂၅။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၁) | ၁၀၅ |
| ၂၆။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၂) | ၁၀၉ |
| ၂၇။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၃) | ၁၁၃ |
| ၂၈။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၄) | ၁၁၇ |
| ၂၉။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၅) | ၁၂၁ |
| ၃၀။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၆) | ၁၂၆ |
| ၃၁။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၇) | ၁၂၉ |
| ၃၂။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၈) | ၁၃၂ |
| ၃၃။ | မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၉) | ၁၃၆ |


www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ၃၄။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၀) | ၁၄၀ |
| ၃၅။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၁) | ၁၄၄ |
| ၃၆။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၂) | ၁၄၇ |
| ၃၇။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၃) | ၁၅၁ |
| ၃၈။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၄) | ၁၅၅ |
| ၃၉။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၅) | ၁၅၈ |
| ၄၀။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၆) | ၁၆၂ |
| ၄၁။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၇) | ၁၆၆ |
| ၄၂။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၈) | ၁၇၀ |
| ၄၃။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၉) | ၁၇၆ |
| ၄၄။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၀) | ၁၈၀ |
| ၄၅။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၁) | ၁၈၄ |
| ၄၆။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၂) | ၁၈၈ |
| ၄၇။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၃) | ၁၉၂ |
| ၄၈။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၄) | ၁၉၆ |
| ၄၉။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၅) | ၁၉၉ |
| ၅၀။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၆) | ၂၀၂ |
| ၅၁။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၇) | ၂၀၆ |
| ၅၂။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၈) | ၂၁၀ |
| ၅၃။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၉) | ၂၁၄ |
| ၅၄။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၀) | ၂၁၉ |
| ၅၅။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၁) | ၂၂၃ |
| ၅၆။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၂) | ၂၂၇ |
| ၅၇။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၃) | ၂၃၁ |
| ၅၈။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၄) | ၂၃၆ |
| ၅၉။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၅) | ၂၃၉ |
| ၆၀။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၆) | ၂၄၃ |
| ၆၁။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၇) | ၂၄၇ |
| ၆၂။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၈) | ၂၅၁ |
| ၆၃။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၉) | ၂၅၅ |
| ၆၄။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၆၀) | ၂၆၀ |
| ၆၅။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၆၁) | ၂၆၄ |
| ၆၆။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၆၂) | ၂၆၈ |
| ၆၇။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၆၃) | ၂၇၃ |
| ၆၈။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၆၄) | ၂၇၉ |
| ၆၉။ မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၆၅) | ၂၈၃ |


www.burmeseclassic.com

www.burmeseclassic.com





သီပေါဟော်နန်း



သီပေါစော်ဘွားကြီးများ
အစဉ်အဆက်
အမြဲဒါန်ဝင်
ဥပုသ်သီတင်းဆောက်တည်ရာ
နှစ်ထပ်ဘုရားဆောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



သီပေါမြို့တည်
စော်ဘွားကြီး စဝ်ခွန်ဆိုင်၏
ဂူဗိမာန်တော်



သီပေါစော်ဘွားလေး
စဝ်ကြာဆိုင်၏
ပဒမည်းတော်
စဝ်အိုင်၏ ဂူတော်



စော်ဘွားကြီး ဆာစောချယ်၏
ဂူဗိမာန်တော်



စော်ဘွားကြီး
စောအုံကြာ(MA)၏
ဂူဗိမာန်တော်

www.burmeseclassic.com

www.burmeseclassic.com



စဝ်ကြာဆိုင်နှင့် မဟေသီ

www.burmeseclassic.com

www.burmeseclassic.com



## မဟာဒေဝီတပါး၏ ရှာပုံတော်နှင့် ပတ်သက်၍ ဆရာမောင်သန်းဆွေ(ထားဝယ်)နှင့် တွေ့ဆုံပြီး စာဖတ်ပရိသတ်သို့ အသိပေးခြင်း

**မေး- ဆရာ ဒီစာအုပ်ကို ဘယ်နှစ်တုန်းကစပြီး ရေးခဲ့တာလဲ။**

ဖြေ- ကျွန်တော် စာအုပ်နှစ်အုပ်ယူလာတယ်လေ။ Resingn king of India နဲ့ ဒီစာအုပ် ဆရာမက ဒါကိုရေးပေးပါဆိုပြီးပြောလို့ ကျွန်တော် ဒီစာအုပ်ကို ဘာသာပြန်လိုက်တာ။ ဂျာနယ်မှာစပြီးပါလာတဲ့နှစ်ကစပြီး ရေးတာပဲ။

**မေး- အဲဒါဆိုရင် ၂၀၁၂-၁၃ ပေါ့ဆရာ။**

ဖြေ- ဟုတ်မယ်။ ကျွန်တော် ဂျာနယ်မှာစရေးတဲ့နှစ်ပဲ။

**မေး- ပြီးတော့ ဒီစာအုပ်ကို ဘာသာပြန်ရတဲ့ ရည်ရွယ်ချက်ကလေး သိပါရစေ၊ ဘာဖြစ်လို့လဲဆို တော့ စာရေးတယ်ဆိုတာ ငွေကြောင့်၊ တာဝန်ကြောင့် မဟုတ်ရင် တခုခုခံစားရလို့၊ ဒါမှမဟုတ် တခုခုကို ရည်ရွယ်ပြီးရေးလို့သာ ရေးဖြစ်ကြတာပါဆရာ၊ ဆရာ စာရေးတာက တာဝန်ပေးလို့လဲ မဟုတ်ဘူး၊ အလုပ်တာဝန်တခုလို တယောက်ယောက်က တာဝန်ပေးလို့လဲ မဟုတ်ဘူးလေ။ တာဝန်အရ ရေးတယ် ဆိုရင် စာအုပ်က မကောင်းနိုင်ဘူး။ ဆရာ့မှာ ခံစားချက် ရည်ရွယ်ချက် တခုခုတော့ရှိရမယ်။**

ဖြေ - အော်၊ ဒါက ဒီလိုပါ။ ဒီစာအုပ်ကိုရေးတဲ့ အန်တီအင်ဂီ သီပေါစော်ဘွား မဟာဒေဝီဟာ ကျွန်တော်နဲ့က ဒီလိုလေ။ သီပေါစော်ဘွား စဝ်ကြာဆိုင်ရဲ့ အစ်ကို စဝ်ကြာဇုံရဲ့သား စဝ်ဦးကြာနဲ့ ကျွန်တော်နဲ့က ငယ်ငယ် ကတည်းက ကျောင်းနေဘက်၊ တက္ကသိုလ်ကျတော့လည်း ကျွန်တော်တို့က ရန်ကုန်တက္ကသိုလ်ကို တနှစ်တည်း ရောက်ကြတယ်။ ၁၉၆၁ ခုနှစ်ရောက်ကြတာကိုး၊ ၁၉၆၂ မှာ အာဏာသိမ်းတယ်။ အဖမ်းအဆီးတွေဖြစ်၊ ကျွန်တော်နဲ့က အဲဒီကိုဆက်စပ်ပြီး ရင်းနှီးသွားကြပြီး အန်တီအင်ဂီနဲ့ပါ သိပြီးတော့ သူက ဒီ စာအုပ်ရေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါမှာ နိုင်ငံခြားကနေ ပို့လိုက်တယ်။ သူက ဘာသာပြန်ပေးပါတဲ့။ ကျွန်တော်က အဲဒီတုန်းက ဒီစာအုပ်ကို မထုတ်နိုင်ဘူး။ မထုတ်နိုင်တော့ မပြန်ဘူးပေါ့။ ခုကျတော့ ထုတ်လို့ရတဲ့အခါကျမှ ကျွန်တော် ဘာသာပြန် လိုက်တယ်။

**မေး- ဒီစာအုပ်ကို အရင်က စာပေစိစစ်ရေးရှိတုန်းကတော့ ထုတ်ဖို့အစီအစဉ်မရှိခဲ့ဘူးပေါ့နော်။**

ဖြေ- ဟုတ်တယ်။ တကယ်လို့ ကျွန်တော်ဘာသာပြန်လည်း ထုတ်ခွင့်ရမှာ မဟုတ်ဘူး။ အရင် တော်လှန် ရေးအစိုးရကို မကောင်းရေးထားတာတွေ ပါတယ်။ ဒါပေမဲ့ သူရေးသလောက် သူပက်ပက်စက်စက် ရေးသလောက် ကျွန်တော် မပြန်ဘူး။ သူက မုန်းနေတဲ့လူကိုး။ ကျွန်တော်ကတော့ ဘာပဲပြောပြော ကိုယ့်အစိုးရ ဆိုတော့ လေးစားရမယ်ဆိုတော့ သူရေးသလောက် မပြန်ဘူးပေါ့။ ဒါပေမဲ့ ဘာသာပြန်တယ်ဆိုတာကတော့ ရေးတဲ့အတိုင်း ပြန်ရမယ်ဆိုတာတော့ ဝတ္တရားကို ကျွန်တော် သိတယ်။ မူရင်းကို လွှဲဖယ်ပြီး ရေးလို့မရဘူး။ ဒါပေမဲ့ တချို့နေရာ တွေမှာတော့ ကျွန်တော်က လျှော့ပြီး ဘာသာပြန်လိုက်တယ်။ ပြင်ပြီးရေးတာ မဟုတ်ဘူး။

**မေး- ဒီစာအုပ်က အဖြစ်မှန်ဆိုတော့ သုတ၊ ရသ နှစ်ဖြာရောတဲ့ စာအုပ်လို့ ခေါ်ရမှာပေါ့ဆရာ။**

ဖြေ- သူက ဒီစာအုပ်ကိုရေးတာက biography အနေနဲ့ မရေးဘူး။ ဝတ္ထုသဘောမျိုး ရေးတာ။ ဒါကြောင့် ကျွန်တော် ဘာသာပြန်တော့လဲ အဲဒီသဘောကိုပဲလိုက်ပြီး ပြန်လိုက်တာပါ။

**မေး- ရသစာအုပ်ပေါ့နော်။**

ဖြေ- ဟုတ်တယ်။

**မေး- ပြီးတော့ ဒီလိုစာအုပ်မျိုးကို အကျဉ်းချုံးပြီး ဘာသာပြန်လိုက်တာတို့ တိုတိုတုတ်တုတ်ဖြစ် အောင် ဘာသာပြန်လိုက်တာတို့ဆိုရင် ဘယ်လိုများနေမလဲ ဆရာ။ ဆရာတောင် အကြာကြီး ပြန်ရ တယ်နော်။**

ဖြေ- ကျွန်တော်ကတော့ detail ပြန်တယ်။ ဘယ်နေရာမှ မချုံ့ဘူး။ ကျွန်တော်တို့ကတော့ တက္ကသိုလ်မှာတုန်းက သခင်ဘသောင်းနဲ့ ဘာသာပြန်ကို သင်ခဲ့တာဆိုတော့ ကျွန်တော်တို့သင်တဲ့အခါမှာ ဘာသာပြန်တဲ့အခါမှာတဲ့၊ သူ့ရဲ့အတိုင်းလုံးစေ့ပတ်စေ့ Dictionary ကြီးချပြီး ဘာသာ ပြန်တာမျိုးကို ဆရာက အားမပေးဘူး။ ဆရာဘသောင်းက မူရင်းကိုဖတ်ပြီး နားလည်သလိုပြန်ရေးတာကို အားပေးတယ်။ word by word ကို Dictionary ကြီးနဲ့ ပြန်တာမျိုးကို အားမပေးဘူး။

နောက်တခုက သူက ဘာသာပြန်ရင်တဲ့၊ စာအုပ် အစအဆုံးပြန်နိုင်မှ ပြန်ပါတဲ့။ ကိုယ်လိုချင်တဲ့ အစိတ်အပိုင်းလောက်ပဲ ပြန်တာကို အားမပေးဘူး။ ကျွန်တော် အရင်က Glass Palace ကိုပြန်ဖို့ စိတ်ကူးတယ်။ Glass Palace ကို ပြန်ဖို့စိတ်ကူးတော့ နောက်ပိုင်းမှာ အောင်ဆန်းစုကြည်တို့ ဘာတို့ပါတယ်။ အောင်ဆန်း စုကြည်ပါတော့ အဲဒီတုန်းက ကျွန်တော်ပြန်ရင် အဲဒီအချိန်တုန်းက ဘယ်လိုမှ ခွင့်ပြုမှာ မဟုတ်ဘူး။ ဒါကြောင့်မို့ ကျွန်တော် Glass Palace ကို မပြန်ခဲ့ဘူး။ ဒီစာအုပ်ကျတော့ ကျွန်တော်ဘာသာပြန်တဲ့အချိန်မှာ အစိုးရလည်း ပြောင်းသွားပြီ။ လက်ရှိ အစိုးရလက်ထဲ ရောက်သွားပြီ။ မီဒီယာလွတ်လပ်ခွင့်လည်းရသင့်သလောက် ရသွား ဆိုတော့ ကျွန်တော်ပြန်လိုက်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



**မေး- ဒီတော့ စာအုပ်က ရသစာအုပ်တအုပ်လည်း ဖြစ်တယ်။ ဘာသာပြန်ဆိုတဲ့ ဘာသာတရပ် အနေနဲ့လည်း ဖတ်ရှုလေ့လာလို့ရတယ် ပေါ့ဆရာ။**

ဖြေ- ဒီစာအုပ်ကို ဘာသာပြန်တာ တစ်ယောက်ကတော့ ကိုအောင်ခိုင်ဆိုလား မသိဘူး။ ကျွန်တော် မေ့သွားပြီ။ သူဘာသာပြန်တယ်။ နောက်ပြီးတော့ ပြေ(ဆေး-၁)ဘာသာပြန်တာလည်း ဖတ်ရပါတယ်။ ဒါပေမဲ့ သီပေါကိုလတ်ကတော့ ဘာသာပြန်တာ မဟုတ်ဘူး။ စာအုပ်အကြောင်းနဲ့ ဒီစာအုပ်ဖြစ်ပေါ်လာတဲ့ သီပေါနယ်အကြောင်း ဓာတ်ပုံတွေ ဘာတွေနဲ့ ရေးတယ်။ သီပေါကိုလတ်ကတော့ ဘာသာပြန်တာ မဟုတ်ဘူး။ သီပေါပုံတွေ ဘာတွေပါလို့ ကျွန်တော် ဒီစာအုပ်မှာ ယူသုံးထားပါတယ်။ ကျန်နှစ်ယောက် ကိုအောင်ခိုင်နဲ့ ပြေ(ဆေး-၁)ကတော့ ဘာသာပြန်တာ။ ကိုအောင်ခိုင် လို့ ပြောတာ ဟုတ်ချင်မှဟုတ်မယ်။ မေ့သွားပြီ။

**မေး- ဒီစာအုပ်ကိုရေးဖို့အတွက် ဆရာ့ကိုယ်ပိုင်လေ့လာတွေ့ရှိချက်တွေ ရှိမှာပေါ့ ဆရာ။**

ဖြေ- ဒီလိုပါ စာအုပ်ပြန်တဲ့အခါမှာ စာအုပ်ဘာသာပြန်တယ်ဆိုတာ စာအုပ်ကိုဖွင့်ပြီး ဘာသာပြန်ရင်တော့ ရတာပေါ့။ ဒါပေမဲ့ ကျွန်တော် ကိုယ်တိုင်က သီပေါစော်ဘွား မိသားစုပေါ့နော်။ ကျွန်တော်တို့ မိသားစုနဲ့ သီပေါစော်ဘွားမိသားစုက ဒေါ်စောမြကြည်တို့ခေတ်လောက်ကတည်းက ပတ်သက်ခဲ့တော့ ကျွန်တော်က လည်း ဒီမိသားစုအပေါ်မှာ စိတ်ဝင်စားတော့ ဒီစာအုပ်ကို ဘာသာပြန်တဲ့အခါမှာ သီပေါစော်ဘွား အစဉ်အဆက် သမိုင်းပေါ့။ သီပေါသမိုင်းကို အဲဒါကိုလည်း ဘေးမှာထားပြီး ဘာသာပြန်ရတယ်။ အဲလို ရေးရတယ်ပေါ့နော်။ ဘာကြောင့်လဲ၊ (ဘက်ဂရောင်း)နောက်ခံ သမိုင်းယူရတာပေါ့။ နို့မို့ရင် ဒီစာကိုရေးတဲ့ မဟာဒေဝီကလည်း နိုင်ငံခြားသူဖြစ်နေတော့ သူက အဲဒီလောက် မသိနိုင်ဘူးလေ။ အဲဒါကြောင့် ကျွန်တော် အဲဒီလို ယှဉ်ရေးတာ။

**မေး- အခု သူတို့ရဲ့ ဆွေမျိုးသားချင်းတွေက ဆရာရဲ့ ဘာသာပြန်ကို ဘယ်လိုတုံ့ပြန်ကြပါသလဲ။**

ဖြေ- အခုဆိုရင် ကျွန်တော်ရဲ့ သူငယ်ချင်းပေါ့နော်။ သီပေါစော်ဘွား စဝ်ကြာဆိုင်ရဲ့ တူအရင်းပေါ့။ သူ့အကိုရဲ့သား၊ ကျွန်တော်တို့ငယ်စဉ်ကတည်းက ကျောင်းနေဘက်။ သူ့ရဲ့ သမီးလေးကဖတ်တော့ ဘယ်တော့ ပြီးမလဲဆိုပြီး ခဏခဏမေးတယ်။ ဟိုတလောက ကျွန်တော် တောင်ကြီးကို ဇူလိုင်လကသွားတော့ သူတို့အိမ်မှာပဲ တည်းတယ်။ အစိုးရ စီစဉ်ထားတဲ့ နေရာမှာတောင် မတည်းဘူး။ သူတို့ တညလုံးမေးတယ်။ သူတို့ သိချင်တာလေးတွေပေါ့။

သူတို့က ကျွန်တော့်ဘာသာပြန်ကြောင့် ပြည်တွင်းပြည်ပ၊ ပြည်ပကတော့ ဒီစာအုပ်ကြောင့် သိတာပေါ့။ ပြည်တွင်းကတော့ ကျွန်တော် ဘာသာပြန်တာကို ဖတ်ပြီးတော့ သီပေါက ဟော်ပေါ့၊ ခေတ်ဟော်ကို လာကြည့်တဲ့သူတွေ သိပ်ကိုများတာပဲတဲ့။ Tourist တွေပေါ့။ ကျွန်တော့် သူငယ်ချင်းမိန်းမက အဲဒီမှာနေတယ်။ ကျွန်တော့် သူငယ်ချင်းကတော့ တောင်ကြီးမှာ နေတယ်။

နေတော့ သူ့မိန်းမက အဲဒီမှာ Tourist Guide ဖြစ်နေတယ်တဲ့။ အဲဒါကြောင့် ကျွန်တော့် သူငယ်ချင်းက နင့်ကြောင့် ငါတို့မိသားစု အလုပ်များနေပြီတဲ့။

**မေး- မဟာဒေဝီရဲ့ အဆက်အနွယ်တွေက ဒီမှာ ရှိသေးသလားဆရာ။**

ဖြေ- မရှိတော့ဘူး။ မဟာဒေဝီနဲ့ သမီးလေး ၂ ယောက်ရတယ်လေ။ သူ့သမီးလေးတွေကိုပါ တခါတည်း ခေါ်သွားတယ်။ အခုတော့ သမီးလေးတွေကလည်း အိမ်ထောင်တွေကျကုန်ပြီ။ မဟာဒေဝီကလည်း နောက်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျသွားတယ်။

ဒီအခု ကျွန်တော့် သူငယ်ချင်း သီပေါစော်ဘွားရဲ့တူကလည်း သူ့မိန်းမကလည်း မိုင်းယန်စော်ဘွားရဲ့သမီး။ ကျွန်တော့် ဒီစာအုပ်မှာ အမှာစာ မရေးတာက ဒီဘာသာပြန်ရဲ့ နောက်ဆုံး ၄ ပုဒ်ဟာ ကျွန်တော့်အမှာစာပဲ။ နိဂုံး ၄ ပုဒ်ဟာ အမှာစာပဲ။ နိဒါန်းကတော့ Foreword ပဲ။

ကျွန်တော်ဘယ်လောက်ထိလဲဆိုတော့ ရန်ကုန် အေဒီလမ်းက အိမ်မှာ သူတို့နေခဲ့တယ်။ အိမ် ၂ လုံး တခြံတည်း တလုံးက ငှားစားတယ်။ ကျွန်တော် ဓာတ်ပုံတောင် ခိုးရိုက်ရတယ်။ ကျွန်တော့်ကို မေးတယ်။ ဘာလာလုပ်တာလဲတဲ့။ ကျွန်တော်က တောင်ကြီးက ကျွန်တော့်သူငယ်ချင်း က ဓာတ်ပုံလိုချင်လို့ လာရိုက်တာ ဆိုပြီး ပြောရတယ်။

တခါကတော့ အင်မတန် ဝမ်းနည်းစရာကောင်းတယ်။ ကျွန်တော့် သူငယ်ချင်း မင်္ဂလာဆောင်တယ်။ သူ့အဖေ စဝ်ကြာဖုံကိုလည်း ဖမ်းထားတယ်။ စဝ်ကြာဖုံရဲ့သားနဲ့ မိုင်းယန်စော်ဘွားရဲ့သမီး။ မိုင်းယန် စော်ဘွားကလည်း ဖမ်းထားတယ်။ သူတို့နှစ်ယောက်ကို ခေါ်ထုတ်လာတယ်။ သူတို့နှစ်ယောက်က ငှါသား မင်္ဂလာဆောင်၊ ငှါသမီးမင်္ဂလာဆောင်ဆိုတာပဲ သိတယ်။ ငှါသား ဘယ်သူနဲ့ ဆောင်တယ်၊ ငှါသမီး ဘယ်သူနဲ့ ဆောင်သလဲ မသိဘူး။ ဒီရောက်မှ နင့်သားနဲ့ ငှါသမီးကိုးဆိုပြီး သိကြတယ်။ ဘယ်လောက်ဝမ်းနည်းဖို့ကောင်းလဲ။

အဲဒီမှာ ဘိတ်သိက်သွန်းတာပေါ့နော်။ ရှမ်းလိုရွတ်ဆိုတာပေါ့။ စော်ဘွားကြီးနှစ်ယောက် မျက်ရည် သွယ်သွယ်ကျတယ်။ နောက်ပြီး ကျွန်တော်က ကျွန်တော့် သူငယ်ချင်းခိုင်းထားလို့ ဒန်ပေါက်တွေ ဘာတွေမှာ ထားတာပေါ့။ အလွန်အကျွံ လူ ၆၀ စာ မှာထားတာ။ ဒါပေမဲ့ အဲဒီ စော်ဘွား တယောက်တယောက်ရဲ့နောက်မှာ အစောင့်အရှောက် လူ ၂၀ ယောက် ပါလာတယ်။ မလောက်ဘူး။ ဒန်ပေါက်ကျွေးလို့ တော်သေးတာပေါ့လေ။ ရန်ကုန်မြို့ထဲ ပြေးဝယ်ရတာပေါ့။ သူတို့လာတဲ့ အုပ်စုတောင် ကျွန်တော့် ဒန်ပေါက်မလောက်ဘူး။ ဧည့်သည် မပြောနဲ့။

နောက်တခါ သူတို့ရဲ့ ဧည့်ခံပွဲက စထရင်းဟိုတယ်မှာ လုပ်တယ်။ သူတို့က ကျွန်တော့်ကို ပြောတယ်။ ဦးသုခကို မင်္ဂလာစကားပြောခိုင်းမယ်တဲ့။ သွားပြောတော့ ဆရာ ဦးသုခက ပြောပေးမယ်တဲ့။ စထရင်းဟိုတယ်မှာ ဧည့်သည်က သိပ်မရှိဘူး။ နှစ်ဘက်စော်ဘွားတွေကို ဖမ်းထားတော့ ကြောက်ပြီးတော့ မလာကြဘူး။ တကယ်က အရမ်းစည်မှာလေ။

ဦးသုခက ပြောသွားတယ်။ လောကဓံဆိုတာ အဲဒါပဲတဲ့။ လူတွေက မလာကြဘူး။ ဒါပေမဲ့ ဦးသုခကတော့ မင်္ဂလာစကားကောင်းကောင်း ပြောသွားတယ်။ သူတို့က ပတ်သက်နေကြတော့၊ စဝ်ကြာဖုံ၊ စဝ်ကြာဆိုင်တို့ရဲ့ အဖိုးဆာစောချယ်၊ ဆစောချယ်က ဒေါ်စောမြစကြည်နဲ့ ရသေးတာကိုး။ အနုပညာနဲ့ ဆက်နေတယ်၊ ပတ်သက် နေတာကိုး။

ကျွန်တော့် ဝမ်းကွဲညီမလေးတယောက် ယောက်လမ်းထဲမှာ နားသတယ်။ ကျွန်တော့် သူငယ်ချင်းလည်း ပါတယ်။ အဲဒီမှာ ဒေါ်စောမြစကြည်က ရတုလာဖတ်တာ ကျွန်တော်က သိမယ်မထင်ဘူး။ ဆာစောချယ်ရဲ့ မြေးတွေ မသိဘူးမှတ်နေတာ သိတယ်ဗျ။ ရှမ်းလိုရောလိုက်တာလေ၊ ဒေါ်စောမြစကြည်က ရှမ်းလို မှတ်နေတာပဲ။ သူ့သား စဝ်အုံကြာရဲ့ လက်ထက်က မဟာဒေဝီက စဝ်သုနန္ဒာ။ ညီမဇာ စဝ်အုန်းညွန့်၊ ကျိုင်းတုံ မဟာဒေဝီရဲ့ညီမ ကျွန်တော်တို့ငယ်ငယ်ကက သွားကန်တော့ရတာ။ သူတို့နှစ်ယောက်ရဲ့ အမေက ခင်ပိတောက်၊ ခင်ပိတောက်ဟာ

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမှာ နာမည်ကြီးပဲ။ ခင်ပိတောက်က ကျွန်တော်တို့ အဖေတို့နဲ့က မြင်းလောင်းဘက်။ သီပေါစော်ဘွားကြီး သေတော့ နောက်ယောက်ျားယူ တယ်။ နောက်ယောက်ျားနဲ့ သမီး ၂ ယောက်မွေးတယ်။ ခင်မကြီး၊ ခင်မလေးတဲ့။

ဟိုတလောက ဒေါ်ခင်မလေးဆိုပြီးသေတော့ ဘယ်သူ့မိန်းမလဲဆိုတော့ ဗိုလ်မှူးကြီးလှမိုးကတော်။ ဗိုလ်မှူးကြီးလှမိုးကလည်း ကျွန်တော့် လက်ရှိယဉ်ကျေးမှုဝန်ကြီးရဲ့ အမျိုး။ ဒီဝန်ကြီးမျက်နှာနဲ့ ဒီအသုဘကို ကျွန်တော်သွားတာပေါ့။ အဲဒီတော့ ဒီဒေါ်ခင်မလေးက ဟိုကျမှ ကျွန်တော်သိတဲ့ ဒေါ်ခင်မလေးဖြစ်နေတယ်။ အဲဒါကြောင့် ကျွန်တော် တော်တော်အံ့ဩနေတယ်။ ဒါကြောင့်လည်း ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးလို့ ပြောတာ။

ကျွန်တော့်ဝန်ကြီးက ကျွန်တော့်ကို အဘလို့ခေါ်တယ်။ အဘက သမိုင်းလေ့လာတာ ဒါတွေတောင် သိတယ်။ ကျွန်တော်က ပြောတယ်။ သမိုင်းလေ့လာတာ မဟုတ်ဘူး။ မိသားစုချင်း ရင်းနှီးနေကြလို့ ပတ်သက်လို့ သိတာလို့ ပြောပြလိုက်တယ်။

တခေတ်တခါကတော့ ခင်ပိတောက်ဆိုတာ မန္တလေးမှာ နာမည်ကြီးပေါ့။ ကျွန်တော့် အဖေတို့နဲ့ မြင်းလောင်းဘက်။ သီပေါမှာ Race Course ရှိတယ်လေ။ ကျွန်တော့်အဖေက သီပေါမှာ မြင်းပွဲရှိရင် ကိုယ့်မြင်းကို ကိုယ်လော်လီကားပေါ်တင်ပြီး သီပေါကိုသွားတာ။ အဲဒီမှာ တည်းမယ့် နေရာတွေ၊ ရေချိုးခန်း၊ အိမ်သာတွေ အပြည့်အစုံပဲ။ အိမ်သာက ဘိုအိမ်သာတွေ ဘာတွေနဲ့။

**မေး- မြင်းပွဲရှိတာက ကမ္ဘာမှာ နိုင်ငံတိုင်းလိုပါပဲ။ တိုးတက်ဖွံ့ဖြိုးရင် မြင်းပွဲတို့ ဘာတို့ရှိတာပဲနော် ဆရာ။**

ဖြေ- ကမ္ဘာမှာလဲ ရှိပါတယ်။ ကျွန်တော်တို့က ဆိုရှယ်လစ်ဆိုပြီး လုပ်လိုက်လို့သာ မြင်းပွဲမရှိတော့တာလေ။

**မေး- ဒီစာအုပ်ကိုဖတ်ရတော့ ကျွန်မလေ အာဏာဆိုတာကြီးကို အရမ်းကြောက်သွားတယ် ဆရာ။ အာဏာမှာ အဖေ၊ အမေ၊ ညီ ညီမ၊ သားသမီးရယ်လို့ မရှိဘူး။ ဆွေမျိုးသားချင်း မရှိဘူး။ မိမိအာဏာကို ထိပါးမယ်ဆိုရင် အကုန်လုံးကို သတ်မှာပဲ။ ဘယ်သူ့ကိုမှ မညှာဘူး။ ရာဇမိရာဇ်ကသူ့သား ဗောလော ကျန်းဒေါ်ကို သတ်တာ။ စာဆိုတော် မမြလေး (လှိုင်ထိပ်ခေါင်တင်ရဲ့အမေ)လည်း မိဖုရားဖြစ်ပေမယ့် သူ့ချစ်လင် ခင်ပွန်းက သတ်လို့ သေခဲ့ရတာ။ ရာဇဝင်မှာ အဲဒါတွေ အများကြီးပဲ။ သားကို အဖေကသတ်၊ ဇနီးကို ခင်ပွန်းကသတ်၊ ညီအကိုချင်းသတ်။ အာဏာရှင်တွေဟာ သူတို့အာဏာနဲ့ ပတ်သက်လာရင် တခြားလူတွေကို မချစ်ဘူး။ သူတို့ကို သူတို့ပဲ ချစ်တယ်။ အာဏာကြောင့် လူကောင်းသူကောင်းတွေ အများကြီးသေခဲ့ရတယ်။**

ဖြေ- ဒီစာအုပ်ကို ဖတ်ရင်တော့ ထိတ်လန့်စရာ၊ ပျော်ရွှင်စရာ၊ ချမ်းမြေ့စရာ၊ ဝမ်းနည်းစရာ၊ ရသတွေစုံစုံ ဖတ်ကြရမှာပေါ့။ လောကကြီးဟာ ဇာတ်ခုံတခုပေါ့ ဆရာမရယ်။

တင်တင်ဦး

www.burmeseclassic.com

www.burmeseclassic.com

## ကုန်းဘောင်နှင့် အုန်းဘောင်သီပေါ၊ တိုက်ဆိုင်မှုများနှင့် ကျွန်တော်

စောင့်ကြည့်ဂျာနယ်တွင် 'မဟာဒေဝီတစ်ပါး၏ ရာပုံတော်'ဟူ၍ ဘာသာပြန်ဆောင်းပါးရှည်ကြီးကို ရေးခဲ့သည်မှာ (၆၅) ပုဒ်မြောက်တွင် ပြီးဆုံးသွားပြီဖြစ်ပါသည်။ ဤစာအုပ်သည် Twilight over Burma (MY LIFE AS A SHAN PRINCESS) by Inge Sargent ကို ဆီလျော်အောင် ဘာသာပြန်ထားချက်မျှသာ ဖြစ်ပါသည်။ ဘာသာပြန်သည်ဆိုရာ၌ မူလရေးသူ၏ ရေးသားချက်အတိုင်းသာ ပြန်ရသည်။ မှားနေလျှင်လည်း မှားသည့်အတိုင်းပြန်၍၊ ရှင်းလင်းချက်ဖြင့် ဘာသာပြန်သူက ဖော်ပြနိုင်သည်။ ဘာသာပြန်သူသဘောနှင့် အမှားကို ပြင်၍ မဖော်ပြရပါ။ ဘာသာပြန်သူ သိသမျှကိုလည်း ထည့်သွင်း မရေးသားရပါ။ ရေးသားလိုလျှင် 'မှတ်ချက်' ဟူ၍ ဖော်ပြပြီး သီးခြားဖော်ပြနိုင်ပါသည်။ ကျွန်တော်ဘာသာပြန်ခဲ့သည့် မဟာဒေဝီတစ်ပါး၏ ရာပုံတော်ကိုလည်း ဤသို့ပင်ဘာသာပြန်ခဲ့ပါသည်။

ကျွန်တော်၏ ဘာသာပြန်ချက် (၆၅) ပုဒ်ရှိရာ လပေါင်း တစ်နှစ်နှင့် လေးလခန့် ကြာပါသည်။ ဤအတောအတွင်း ဆရာနိုင်ဦးဆိုသည်က 'တစ်ရံတစ်ခါက မဟာဒေဝီ စဝ်သုစန္ဒီ' ဟူ၍လည်းကောင်း၊ ဆရာပြေ (ဆေး-၂) က 'မြူတိမ်ဝေဝေ တောင်နိုးဝေဝေ'ဟူ၍လည်းကောင်း၊ ဤစာအုပ်ကိုပင် ဘာသာပြန်၍ လုံးချင်းစာအုပ်များ ထွက်လာပါသည်။ ဤကြားထဲတွင် ဆရာသီပေါကိုလတ်၏'သီပေါဟော်နန်းနှင့် တော်ဝင်နွယ်အလွမ်း'ဟူသော စာအုပ် ထွက်လာသည်။ ဘာသာပြန်မဟုတ်ပါ။ ထိုဘာသာပြန်စာအုပ်နှင့် ပတ်သက်သော သီပေါနယ်၊သီပေါဟော်နန်း၊သီပေါစော်ဘွားဆက်တို့အကြောင်းကိုဗဟုသုတဖြစ်ဖွယ်ရာ ရေးသားထားခြင်းဖြစ်ပါသည်။ ဆရာသီပေါကိုလတ်၏စာအုပ်တွင် ကျွန်တော်မသိသေးသည့်အရာများကို သိရပြီး၊ မမြင်ဖူးသေးသည့် ဓာတ်ပုံများပင် မြင်ရပါသည်။

ဤဘာသာပြန်ဆောင်းပါးများ အခန်းဆက်ရေးနေစဉ်အတွင်း အနယ်နယ်အရပ်ရပ်မှ မေးမြန်းစာများ၊ ကျွန်တော့်ဖုန်းနံပါတ်ကို သိသောသူများ၏ ဖုန်းခေါ်မှုများ ရောက်လာဝင်လာကြပါသည်။ မြန်မာတို့၏ကုန်းဘောင်နောက်ဆုံးမင်း သီပေါမင်းသားစားရသည့်မြို့သည် ရှမ်းပြည်မှ သီပေါမြို့ပင် ဖြစ်သည်လော၊ သီပေါစော်ဘွားဟူ၍ ရှိလျက်နှင့် သီပေါမြို့စားမင်းသားဟူ၍ ပေးပါသည်လော၊ သီပေါမင်းနှင့် သီပေါနယ် မည်သို့ပတ်သက်ပါသနည်း စသည်တို့ဖြစ်ပါသည်။ အချို့ကိုလည်း တိုတိုနှင့်လိုရင်း ဖုန်းဖြင့် ဖြေလိုက်ရသည်။ စာနှင့် မေးမြန်းသူများအတွက် ဤဘာသာပြန်ချက်များ ပြီးဆုံးမှ တစ်ပေါင်းတစ်စည်းတည်း ဖြေဆိုရေးသားမည်ဟု တေးထားသည့်အတိုင်း ယခု ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

မင်းတိုင်ပင် ပညာရှိအမတ်ကြီး ဦးသန့်စင်ရေးသားခဲ့သည့် တတိယသာသနာပြုစာတမ်း (၁၉၃၅) ၌

www.burmeseclassic.com

www.burmeseclassic.com



သာသနာတော်နှစ် (၄၈၅) ခုနှစ်တွင် မိုင်းမောင်စော်ဘွားကြီး၏ သားတော်အငယ် ခွန်ခမ်းစော်သည် အုန်းဘောင်မြို့ကို တည်ထောင်တော်မူပြီးနောက် သားတော် ညီတော်အစဉ်အဆက် အုန်းဘောင်မြို့တော်တွင် စိုးစံတော်မူခဲ့ရာ ခွန်ကြာခိုင် (သို့မဟုတ်) နောင်ခွန်ဆိုင် ဟူ၍ အမည်တွင်သော စော်ဘွားကြီးအထိ စော်ဘွားပေါင်း ရှစ်ကျိပ်ငါးပါး ရှိသည်ဟု ဖော်ပြထားပါသည်။

သို့ဖြစ်၍ သီပေါမြို့တည် (၈၅) ဆက်မြောက် စော်ဘွားကြီးစဝ်ခွန်ဆိုင် (ခေါ်) ခွန်ကြာခိုင်မှ အထက်နှင့်အောက်၊ နောက်ဆုံး သီပေါစော်ဘွားလေး စဝ်ကြာဆိုင်အထိ သီပေါစော်ဘွားဆက်များကို ဖော်ပြရလျှင်-

စော်ဘွားကြီးစဝ်စောရယောကာ

↓

သားတော်စော်ဘွားကြီး စဝ်ခွန်မြတ်သနေ

↓

သားတော် စဝ်ခွန်ရွှေကြာ

↓

သားတော် စဝ်ခွန်ကြာထွန်း

↓

သားတော်စဝ်ခွန်ဆိုင် (ခေါ်) ခွန်ကြာခိုင်

↓

သားတော် စောချယ် (ခေါ်) ဆာစောချယ်

↓

သားတော် စောအုံကြာ

↓

ဦးလေးတော် စဝ်အို

↓

သားတော် စဝ်ကြာဆိုင် (၁၉၂၄-၁၉၆၂)


တို့ဖြစ်ပါသည်။

ထို့ကြောင့် သီပေါနယ်ကို ရှေးက အုန်းဘောင်ဟု ခေါ်သဖြင့် အုန်းဘောင်သီပေါဟူ၍ တွဲခေါ်ကြသည်။ ကျွန်တော် (၁၉၆၀-၆၁)ခု တက္ကသိုလ်သို့ရောက်စဉ်က တစ်ခန်းတည်းနေ သီပေါစော်ဘွား၏ မြေး၊ ယခု ဤစာအုပ်မှာ သီပေါစော်ဘွား စဝ်ကြာဆိုင်၏တူ စဝ်ဦးကြာသည် သူ့အမည်ကို ‘စဝ်ဦးကြာ (အုန်းဘောင်-သီပေါ) ဟူ၍ ရေးသားခဲ့ပါသည်။

ဤနေရာ၌ အနယ်နယ်အရပ်ရပ်မှ မေးမြန်းသည့် မြန်မာတို့၏ ကုန်းဘောင်နောက်ဆုံးမင်း သီပေါဘုရင် မင်းသားဘဝက စားရသည့်မြို့သည် ရှမ်းပြည်မှ သီပေါမြို့ပင်ဖြစ်သည်လောဆိုသည့် မေးခွန်းကို ‘မှန်ပါသည်။ ရှမ်းပြည်မှ သီပေါမြို့ပင်ဖြစ်သည်’ဟု ဖြေရပါမည်။ သီပေါစော်ဘွားဟူ၍ ရှိလျက်နဲ့ သီပေါမြို့စား မင်းသားဟူ၍ ပေးပါသည်လောဟူသည့်မေးခွန်းနှင့် ပတ်သက်၍ ဖြေရလျှင် မြန်မာဘုရင်များလက်ထက်က စော်ဘွားရှိသည့်မြို့ပင် သားတော် သမီးတော်တို့ကို မြို့စားအရာပေးခြင်း ရှိခဲ့ပါသည်။ မြို့စား၊ ရွာစား စသည် တို့သည် ထိုမြို့ ထိုရွာကို အုပ်ချုပ်ရသူ မဟုတ်ပါ။ ထိုမြို့ ထိုရွာ၏ အခွန်အတုပ်ထဲမှ တစ်စိတ်တစ်ဒေသကိုသာ စားရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် လောင်းရှည် မိဖုရားမှမွေးသော သမီးတော်တစ်ပါးကို မိုင်းကိုင်းမြို့စား၊ သားတော်ကို သီပေါမြို့စား ဟူ၍ ပေးခဲ့သည်။ မြောက်ဆောင်တော်မိဖုရား၏ သားတော်တစ်ပါးကိုလည်း ဝန်းသိုမြို့ကို စားစေခဲ့ပါသည်။ စားပွဲတောင်တိုက်စား မိဖုရား၏ သမီးတော်တစ်ပါးကိုလည်း မိုးမိတ်မြို့ကို စားစေခဲ့ပါသည်။ ရွှေပြဲတိုက်စားမိဖုရား၏ သားတော်ကိုလည်း မိုင်းတုံမြို့ကို စားစေခဲ့ပါသည်။ သရစိမ်းတိုက်စားမိဖုရားမှ မြင်သော သမီးတော်တစ်ပါးကိုလည်း မိုင်းလုံမြို့ကို စားစေခဲ့ပါသည်။ မန်ကျည်းပင်ဆောက် တိုက်စားမိဖုရားမှ ဖွားသော သမီးတော်တစ်ပါးကိုလည်း မိုင်းညောင်းမြို့ကို စားစေခဲ့ပါသည်။ သိန္နီစော်ဘွားသမီးတော်မှ မြင်သည့် သိန္နီမိဖုရား၏ သားတော်တစ်ပါးကိုလည်း မိုင်းရင်းမြို့ကို စားစေခဲ့ပါသည်။

ထိုမင်းသား၊မင်းသမီးများ စားရသည့် မိုင်းကိုင်း၊ သီပေါ၊ ဝန်းသို၊ မိုးမိတ်၊ မိုင်းတုံ၊ မိုင်းလုံ၊ မိုင်းညောင်း၊ မိုင်းရင်း စသည့် မြို့များ၊ ရွာများသည် ရှမ်းပြည်နယ်မှ စော်ဘွား၊ မြို့စားတို့ အုပ်ချုပ်ရသောမြို့များပင် ဖြစ်သည်ကို တွေ့ရပါသည်။

သီပေါမင်းနှင့် သီပေါနယ် မည်သို့ပတ်သက်ပါသနည်း စသည့်မေးခွန်းကို ဖြေဆိုရလျှင်-

သီပေါနယ်ကို ကောဇာသက္ကရာဇ် (၁၁၂၆ခုမှ ၁၁၃၉)ခုနှစ်အထိ သီပေါစော်ဘွား စဝ်စောရယောတာ အုပ်ချုပ်ခဲ့သည်။ ၎င်းစော်ဘွားသည် အထက်၌ဖော်ပြခဲ့သည့် သီပေါစော်ဘွားဆက်အစမှ စဝ်ခွန်မြတ်သန္တေ၏ ခမည်းတော်ဖြစ်သည်။ စဝ်ခွန်မြတ်သန္တေတွင် သားတော် (၁၀)ပါး၊ သမီးတော် (၁၁)ပါးရှိသည်။ သမီးတော်များထဲမှ နန်းသီရိဆန်ဆုန်ကို စဉ့်ကူးမင်းသို့ ဆက်သသည်။ ဗဒုံမင်း (ဘိုးတော်ဘုရား) ထီးနန်းဆက်ခံသောအခါ စဉ့်ကူးမင်း မိဖုရားဟောင်းများကို ဆက်လက်သိမ်းပိုက်ခဲ့သည့်အထဲတွင် နန်းသီရိဆန်ဆုန်လည်း ပါဝင်ခဲ့သည်။ မြောကြီးရွာ၊ သပြေငါးရွာများကို ဗဒုံမင်းက အသုံးခံ၍ သနားတော်မူသဖြင့် သီပေါစော်ဘွားသမီး နန်းသီရိဆန်ဆုန်သည် ဗဒုံမင်း၏ သပြေငါးရွာစားမိဖုရားဟု တွင်သည်။

သီပေါစော်ဘွား ခွန်မြတ်သန္တေသည် ဗဒုံမင်းလက်ထက်တော်တွင် သမီးတော်အငယ် နန်းမွေခန့်ကို ဗဒုံမင်းသားတော် အိမ်ရှေ့ဥပရာဇာထံ ဆက်သခဲ့ပြန်သည်။ ပထမဝဏ္ဏကလျာနီ၊ နောက် သီရိသုဇာဘွဲ့များ ရရှိခဲ့သည်။ အိမ်ရှေ့ဥပရာဇာနှင့် ကိုယ်လုပ်တော် သီရိသုဇာတို့မှ-

၁။ သားတော်မောင်ရွှေပြည့်

၂။ သမီးတော် မင်းစိန်ပွင့်

၃။ သားတော် မောင်မေး တို့ကို ဖွားမြင်သည်။

မောင်မေးသည် လောင်းရှည်မိဖုရား၏ ခမည်းတော်ဖြစ်သည်။ မောင်မေးကို ကောဇာသက္ကရာဇ် ၁၁၅၈ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက် သောကြာနေ့တွင် ဖွားမြင်သည်။ အသက် ၁၅ နှစ်အရွယ် ကောဇာသက္ကရာဇ် ၁၁၇၃ ခုနှစ် တန်ခူးလဆန်း ၁၄ ရက်နေ့တွင် ဘိုးတော်ဘုရား၏ သားတော်မြေးတော်များနှင့်အတူ နားထွင်း၊ သျှောင်ထုံး၊ တဘက် ဆင်တော်မူသည်။ ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၇၈ တွင် အသက် ၂၀ အရွယ်၌ မင်းရဲသီရိကျော်ဘွဲ့ရသည်။ ရတနာပူရ စတုတ္ထမြို့တည် မင်းတရားကြီး (ဘကြီးတော်) လက်ထက် သက္ကရာဇ် ၁၁၈၁၊ အသက် (၂၃)နှစ်အရွယ်တွင် သတိုးမင်းရဲကျော်ဘွဲ့နှင့် ရမ္မာဝတီမြို့ကို အသုံးကံကျေးခံရသဖြင့် ရမ္မာဝတီမင်းသားဟု တွင်သည်။ အစ်မတော် မင်းစိန်ပွင့်၏ မြောက်သားတော်မှာ ဒွါရာဝတီမင်းသား မင်းမြဘူး ဖြစ်သည်။ မင်းမြဘူးမှာ အိမ်ရှေ့ဥပရာဇာနှင့် မိုင်းညောင်းစား သမီး သီရိရုဇာတို့၏ သားတော်ဖြစ်သည်။ စစ်ကိုင်းမင်းသည် ရမ္မာဝတီမင်းသားနှင့် ဒွါရာဝတီမင်းသားတို့ကို စစ်ချီစစ်တက်ပညာ ပြည့်စုံ၍ ရဲစွမ်းသတ္တိ တိုက်ရည်ခိုက်ရည် ရှိသဖြင့် အထူးချစ်ခင် နှစ်သက်သည်။ ထို့ကြောင့် ညီတော်နှစ်ပါးကို စစ်ပွဲချီရာများတွင် တာဝန်ပေးအပ်တော်မူသည်။ မထိပ္ပုရသို့ စစ်ချီရာတွင် စစ်သူကြီး မဟာဗန္ဓုလနှင့်အတူ ညီတော် ဒွါရာဝတီမင်းသား၊ ရမ္မာဝတီမင်းသား၊ သမက်တော် ဝန်သိုမြို့စားမင်းသား စသော မင်းသားသုံးပါးကို ဦးဆောင်ဦးရွက်ပြု၍ ချီစေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်-မြန်မာ ပထမစစ်ဖြစ်ရာ သက္ကရာဇ် ၁၁၈၆ ခု နယုန်လပြည့်ကျော် ၁၀ ရက်နေ့တွင် ရမ္မာဝတီမင်းသားကို သုသီရိမဟာဓမ္မရာဇာဘွဲ့နှင့် ဗိုလ်မှူးခန့်၍ တပ်သားတစ်ထောင်ကျော်နှင့်အတူ တောင်ငူကြောင်း ချီတက်ရသည်။ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲ မြန်မာတို့ ရှုံးနိမ့်သဖြင့် ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ကို အင်္ဂလိပ်တို့အား ပေးလိုက်ရသည်ဖြစ်ရာ ရမ္မာဝတီမြို့နှင့် ဒွါရာဝတီမြို့တို့သည် ရခိုင်ပြည်နယ်တွင် ပါဝင်သွားသဖြင့် ရမ္မာဝတီမြို့နှင့်လဲ၍ သီပေါမြို့ကို လွှဲပြောင်းအသုံးကံကျေးပေးသည်။ ဒွါရာဝတီမင်းသားကိုလည်း ဒွါရာဝတီသံတွဲမြို့နှင့်လဲပြီး ပင်းတလဲမြို့ကို ကံကျေးခံစားသည်။

သက္ကရာဇ် ၁၁၉၈ ခုနှစ် တပေါင်းလတွင် စစ်ကိုင်းမင်း (ဘကြီးတော်)နှင့် သာယာဝတီမင်းတို့ အချင်းပွားး၍ သာယာဝတီမင်း ရွှေဘိုသို့ထွက်ခွာပြီး ရွှေဘိုမြို့ပတ်ဝန်းကျင်ရှိ ပြည်သူအများကိုစည်းရုံးကာ နောင်တော်ကို တော်လှန်ပုန်ကန်ခဲ့သည်။ ထိုစဉ် ပင်းတလဲမင်းသား မင်းမြဘူးကို ဇရာဝတီမြစ်ကိုကူးစေ၍ အနောက်ဘက်ကိုလည်းကောင်း၊ သီပေါမင်းသား မောင်မှေးကို အရှေ့ဘက်ကြောင်း ချီ၍လည်းကောင်း တိုက်ခိုက်စေသည်။ ပြည်သူအများက သာယာဝတီမင်းဘက်သို့ပါ၍ စစ်ကိုင်းမင်းဘက်မှ အကြောင်းမလှချေ။ မိမိ၏ တပ်တော်သားများ၏အခြေအနေကိုသိသော ပင်းတလဲမင်းသား မင်းမြဘူးသည် တိတ်တဆိတ် ဆုတ်ခွာရသည်။ သီပေါမင်းသားသည် ပင်းတလဲမင်းသား ဆုတ်ခွာသည်ကို သိသောအခါ အခြေအနေကိုသုံးသပ်၍ လက်အောက်ငယ်သားများကလည်း သာယာဝတီမင်းသားဘက်သို့ ယိုင်နေသဖြင့် သာယာဝတီမင်းဘက်သို့ ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့သည်။ သာယာဝတီမင်း၏ သားတော်ကြီး ပြည်မင်းသားသည် ဦးရီးတော် သီပေါမင်းသားနှင့်ပါသည့် ဗိုလ်၊ ရဲမက်များကို သိမ်းရုံး၍ ရွှေဘိုမြို့ရှိ သာယာဝတီမင်းထံ ပို့သသည်။ နောင်တွင် သာယာဝတီမင်းကလည်း သီပေါမင်းသားကို ကောင်းစွာ ကြိုဆိုသည်။ သာယာဝတီမင်း နန်းတက်သောအခါ သီပေါမင်းသားကို သက္ကရာဇ် ၁၂၀၂ခုနှစ်တွင် သီရိသုမဟာဓမ္မရာဇာဘွဲ့ ပေးတော်မူသည်။ ပုဂံမင်းလက်ထက်တွင် အချီးအမြှင့်မခံရ။ မင်းတုန်းမင်းလက်ထက်တွင် ဦးရီးတော်ကို သီရိသုမဟာဓမ္မရာဇာ ဘွဲ့ပြန်၍ ပေးအပ်ကာ မိုးနဲဗိုလ်မှူးခန့်သည်။ (ထိုခေတ်က မိုးနဲဗိုလ်မှူးဆိုသည်မှာ ရှမ်းပြည်နယ်တစ်လွှားကို တာဝန်ယူရသော ရှမ်းပြည်နယ်ဘုရင်ခံပင်ဖြစ်သည်။) ချွန်းတောင်မြို့ကို မြို့စားပေးသည်။ သမီးတော်ကို သီရိမဟာမင်္ဂလာ သုပဘာဒေဝီဘွဲ့နှင့် လောင်းရှည်မြို့ကို အသုံးကံကျေးပေး၍ မိဖုရားတင်သည်။ သားတော် မောင်ဖိုးကြီးကို သတိုးမင်းရဲသီဟသူဘွဲ့ပေး၍ ခေါင်တုံးမြို့ကို အသုံးကံကျေးပေးသည်။

ထို့ကြောင့် မင်းတုန်းမင်းတရားကြီးသည် သူနှင့် လောင်းရှည်မိဖုရားတို့၏ သားတော်ကို သီပေါမြို့စားပေးခြင်းဖြစ်ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ကုန်းဘောင်နှင့် အုန်းဘောင်သီပေါ၊ တိုက်ဆိုင်မှုများနှင့် ကျွန်တော် (၂)

သီပေါမင်းတရားလက်ထက်တော်တွင် သီပေါနယ်သည် အေးချမ်းမှု မရှိခဲ့ပေ။ သူပုန်ထကြွခြင်း မရှိသော်လည်း သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်သည် သီပေါမင်းတရားနှင့် ဆက်ဆံရေး အဆင်မပြေသဖြင့် နယ်မှ တိမ်းရှောင်လျက်နေသည်။ မည်သည့်အကြောင်းကြောင့် ဆက်ဆံရေးအဆင်မပြေသည်ကို အတိအကျ မသိရချေ။ စဝ်ခွန်ဆိုင်ကမူ သီပေါမင်းတရား၏ အုပ်ချုပ်ရေးသည် တရားမျှတမှုမရှိ၊ အခွန်ကောက်ခံရာ၌လည်း အလွန်အကျွံကောက်ခံသည်ဟု ယူဆကြောင်းပြောသည်။ သို့နှင့် စဝ်ခွန်ဆိုင်သည် ရှမ်းပြည်နယ်မှ ရှောင်တိမ်းရင်း ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည်။ သီပေါဘုရင်အစိုးရက ၎င်းကို မိုးနဲစော်ဘွားနှင့် ပတ်သက်၍ သက်ာမကင်းဖြစ်ခြင်းကြောင့် ခိုလှုံခွင့်တောင်းခံရကြောင်း တင်ပြခဲ့သည်။

စဝ်ခွန်ဆိုင်ကို ဗြိတိသျှတို့က အောက်မြန်မာနိုင်ငံ ရန်ကုန်မြို့ ကြည့်မြင်တိုင်တွင် နေထိုင်ခွင့်ပေးခဲ့သည်။ ထိုစဉ် စဝ်ခွန်ဆိုင်သည် ၎င်းအား လုပ်ကြံရန် ကြံစည်သည်ဟု သံသယရှိသော တပည့်နှစ်ဦးကို အဆုံးစီရင်ခဲ့သည်။ စော်ဘွားတစ်ဦးအနေဖြင့် မိမိ၏နောက်လိုက်နောက်ပါများကို ဆုံးမပိုင်ခွင့်ရှိသော်လည်း ဗြိတိသျှပိုင်နက်အတွင်း ရာဇသတ်ဥပဒေအရ လူသတ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ဗြိတိသျှအစိုးရက စဝ်ခွန်ဆိုင်ကို သေဒဏ်ချမှတ်ခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် ဗြိတိသျှအာဏာပိုင်တို့သည် စဝ်ခွန်ဆိုင်အား စည်းရုံးသည့်အနေဖြင့် သေဒဏ်မှ လျော့ပေါ့၍ နယ်နှင်ဒဏ်ပေးသည့်အနေဖြင့် ရှမ်းပြည်တောင်ပိုင်း ကရင်နီနယ် (ယခု ကယားပြည်နယ်) သို့ သွားရောက်နေထိုင်စေသည်။

သီပေါစော်ဘွားကြီးစဝ်ခွန်ဆိုင်သည် ကရင်နီနယ် ကန္တာရဝတီတွင် နေသည်။ သီပေါမင်း ၁၈၈၅ ခုနှစ်တွင် ပါတော်မူသောအခါ သူ၏သီပေါနယ်သို့ ၁၈၈၆ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် ပြန်ရောက်ရှိခဲ့သည်။ ထိုစဉ်က သီပေါနယ်၏ နိုင်ငံရေးအခြေအနေမှာ နယ်ရှင်မရှိ၍ ယိုယွင်းလျှက်ရှိသည်။ သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်သည် မိမိနယ်အတွင်း အခြေတကျရှိအောင် ကြိုးပမ်းနေစဉ် ရှမ်းစော်ဘွားများကို စည်းရုံးနေသော လင်းပင်မင်းသားအုပ်စုက ဖိတ်ခေါ်ကမ်းလှမ်းလာသည်။ စဝ်ခွန်ဆိုင်က ရှမ်းပြည်နယ်များသည် ဂျာမနီပြည်မှာကဲ့သို့ သီးခြားလွတ်လပ်သော ပြည်နယ်များဖြစ်ခဲ့သော် စော်ဘွားများအဖို့ အကျိုးရှိဖွယ်မြင်ကြောင်း ပြန်ကြားခဲ့သည်။ သို့သော် လင်းပင်မင်းသားအုပ်စုသို့ မဝင်ပါ။ ဗြိတိသျှတို့က သူ့ကို သေဒဏ်မှ လွတ်ငြိမ်းခွင့်ပေးခဲ့သည်ကတစ်ကြောင်း၊ ဗြိတိသျှတို့၏ အင်အားကို အထင်ကြီးလျှက် ရှိနေသည်ကတစ်ကြောင်းတို့ကြောင့် ဖြစ်သည်။

ရှမ်းကုန်းမြေမြင့်၌ ဗြိတိသျှတို့ အုပ်ချုပ်ရေးစတင်မည့်အချိန်တွင် ဗြိတိသျှတို့ထံ သစ္စာခံရန် စောင့်ဆိုင်းနေ

www.burmeseclassic.com

www.burmeseclassic.com



သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင် (၁) စဝ်ကြာခိုင်



သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်၏ မဟာဒေဝီ ပုဒ်နန်းကြီးစုပုရားကြီး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ရှမ်းကုန်းမြေမြင့်တွင် ဗြိတိသျှတို့ အကျိုးစီးပွားတိုးချဲ့ရေးကို မိမိကဆောင်ရွက်ပေးရန် အသင့်ရှိကြောင်း၊ မဟာဝန်ရှင်တော်မင်းကြီးထံသို့ ၁၈၈၆ခုနှစ်၊ နိုဝင်ဘာလ ၁၆ရက်နေ့တွင် စာရေးသားပို့ခဲ့သည်။ ဤသို့ဖြင့် ဗြိတိသျှနယ်ချဲ့သည် သီပေါစော်ဘွား စဝ်ခွန်ဆိုင်ကို သိမ်းသွင်းနိုင်ခဲ့သည်။ ဗြိတိသျှတို့လက်ထက်တွင် စဝ်ခွန်ဆိုင်သည် ဗြိတိသျှအလိုတော်ရှိ စော်ဘွားအဖြစ်နှင့် ရပ်တည်ခဲ့သောကြောင့် ဗြိတိသျှတို့က သဘောကျခဲ့သည်။

ရှမ်းပြည်နယ်ဒေသသည် စတုရန်းမိုင်ပေါင်း (၆၀၄၁၆) မိုင်ကျယ်ဝန်းပြီး လူမျိုးစုပေါင်း (၃၀) ကျော်တို့သည် တိုင်းရင်းသားမြန်မာ၊ နိုင်ငံခြားသားတရုတ်၊ ကုလားများနှင့် နေထိုင်ကြရာ လူဦးရေ (၂) သန်းခန့်ရှိသည်ဟု သိရသည်။

ရှေးဓာတ်သဘင်များ၌ ညီလာခံတွင် ဘုရင်က အမတ်ကြီးများကို-

"ရှမ်းကိုးဆယ်-ကိုးစော်ဘွား၊ လူးတစ်ဆယ့်နှစ်ဖလား၊ ရှာတစ်ပါးနှင့် စော်ဘွားစော်ခံ၊ ရွှေဥကင်ဘုံပျံမှာ၊ ညီလာခံ ခညောင်းလို့၊ မှူးမတ်ပေါင်း၊ စုံလင်ကြပါပေ့လား၊ အမတ်မင်းတို့"

ဟု မေးမြန်းတော်မူတတ်ပါသည်။ အမှန်မှာ-

"ရှမ်း (၉) ဆက် - (၉) စော်ဘွား၊ လူဆယ့်နှစ်ပန္နား၊ ရှာတစ်ပါးနှင့် စော်ဘွားစော်ခံ၊ ရွှေဥကင်ဘုံပျံမှာ၊ ညီလာခံခညောင်းလို့၊ မှူးမတ်ပေါင်း၊ စုံလင်ကြပါပေ့လား၊ အမတ်တို့"

ဟု မိန့်တော်မူခြင်းဖြစ်ပါသည်။

ရှမ်းပြည်အစ 'မိုင်းမော'က ဆိုသည့်အတိုင်း မူလ'မော'ပြည်မှ တိုးတက်ပျံ့ပွားလာသော သားကိုးပါးကို မော (၉) ပြည်ထောင် တည်ထောင်စံနေကြရာ-

၁။ မိုးကောင်း
၂။ မိုးညှင်း
၃။ သောင်သွပ်
၄။ မိုးမိတ်
၅။ မိုးနဲ
၆။ သိန္နီ
၇။ မိုင်းပဲ
၈။ ညောင်ရွှေ
၉။ သီပေါ

ထို (၉) စော်ဘွား စံနေသောကြောင့် ရှမ်း (၉) ဆက် - (၉) စော်ဘွားဟု စကားအစဉ်ရှိလာခြင်းဖြစ်ပါသည်။ "လူတစ်ဆယ့်နှစ်ပန္နား"ဆိုသည်မှာ ရှမ်းဘာသာ 'လူဆစ် (ပ) ဆောင်ပန္နား'ခေါ်သည်။ အဓိပ္ပါယ်မှာ နယ် (၁၂) နယ်၊ လူမျိုး (၁၂) မျိုးဖြစ်သည်။ မြန်မာရာဇဝင်တွင် လင်းဇင်းတိုင်းခေါ်၍၊ ရှမ်းရာဇဝင်တွင် 'လန့်စန့်' ခေါ်သည်။ 'လန့်'-တစ်သန်း၊ 'စန့်'-စဉ်။ ဆင်တစ်သန်းရှင် (သို့မဟုတ်) ဆင်တစ်သန်းနယ်ဟု ခေါ်ခြင်းဖြစ်သည်။ ၄င်းဆစ်(ပ)ဆောင်ပန္နားနယ်သည် အချို့လူမျိုးနှင့်နယ်ပါ တိမ်ကောပပျောက်လျှက်၊ အချို့ယူနန်နယ်အတွင်း ရောက်ရှိနေသည်။

မြန်မာဘုရင်များလက်ထက်က ရှမ်းပြည်နယ်တွင် စော်ဘွား၊ မြို့စား၊ ငွေခွန်မှူး စသည်တို့ဖြင့် အဆင့်ဆင့် အုပ်ချုပ်ခဲ့ရာ မြန်မာက နေထွက်ဘုရင်ဖြစ်သကဲ့သို့ ရှမ်းစော်ဘွားများကိုလည်း နေဝင်ဘုရင်များ ဟူ၍ ခေါ်ခဲ့သည်။ ထို့ကြောင့် မောရစ်ကောလစ်က ရှမ်းစော်ဘွားများအကြောင်းကို 'Lords Of the Sunset' (နေဝင်ဘုရင်များ) ဟုခေါ်သည့်စာအုပ်ရေးခဲ့ခြင်း ဖြစ်သည်။ ပါတော်မူပြီးနောက် အင်္ဂလိပ်များလက်ထက်တွင် ဗြိတိသျှအစိုးရက 'ဆာနဒ်' အမိန့်စာဖြင့် ရှမ်းစော်ဘွား၊ မြို့စား၊ ငွေခွန်မှူး အားလုံးတို့ကို စော်ဘွားအရာ မြှင့်တင်ပေးလိုက်ရာ၊

www.burmeseclassic.com

www.burmeseclassic.com



တစ်တန်းတစ်စားတည်းဖြစ်သွား၍ အချို့က ကျေနပ်ကြသော်လည်း၊ အာဏာရှင် သက်ဦးဆံပိုင်များဖြစ်ခဲ့ကြသော (စဝ်ဖ) စော်ဘွား၊ မိုးကျရွှေကိုယ်များသည် ဗြိတိသျှလက်အောက်ရောက်မှ ရှမ်းအကြီးအကဲ (Chief) ဖြစ်ရပြီး၊ အခွင့်အရေးလွန်စွာ နိမ့်ကျသွားလေသည်။ ထိုသည်ကို သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်က ဗြိတိသျှလက်ထောက် ဘုရင်ခံကို အရေးဆိုခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်ပြီး ဒါရိုက်တာဆရာမြင့် ရေးသားပြုစုသော 'ရှမ်းပြည်ကြေးမုံ' စာအုပ်တွင် -

"အရေးဆိုသော စော်ဘွားကြီးကို ဘိလပ်ဘုရင်မကြီးနှင့် တွေ့ဆုံပြောဆိုရန် တိုက်တွန်းသည် ဆိုကြောင်း၊ စော်ဘွားကြီးကို ဘိလပ်သို့သွားရန် စီစဉ်ပေးသည်ဆိုပါသည်။

အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားမတတ်သော စော်ဘွားကြီးအား ဘိလပ်သို့ မသွားချင် သွားချင်အောင် လိမ်လည်လှည့်ဖျားပြောဆိုကာ အတင်းပို့ပေးသည်။ စော်ဘွားကြီးကား မသိရှာပေ။ 'ပထမ အလိမ်ခံရလေပြီ'။

စော်ဘွားကြီးကလည်း မြန်မာဘုရင်ရှိစဉ်အခါက မြန်မာဘုရင် အမိန့်ထုတ်ပြန်လိုက်လျှင် အားလုံး ပျပ်ဝပ် ကျိုးနွံစွာ လိုက်နာရသည်။ ဘုရင်ပြီးလျှင် အားလုံးက ပြီးရသည်။ အင်္ဂလိပ်အစိုးရသည် ဤနည်းအတိုင်းပင် ဖြစ်မည်။ ဘုရင်မကြီးပြီးလျှင် ပြီးမှာဘဲ အထင်နှင့် ဘိလပ်သို့သွားရောက်ရန် သဘောတူ၍ ဂါဝါနာက သင်္ဘောနှင့် ပို့ပေးသည်။

ရှမ်းနယ်တွင် ဩဇာကြီးမားသော သီပေါစော်ဘွားကြီး ဘိလပ်သို့လာရောက် အရေးဆိုလိမ့်မည်အကြောင်း ကို ဂါဝါနာထံမှ သတင်းရသော ဘုရင်မကြီးသည် ရာဇပရိယာယ်ကြွယ်လှသည့်အတိုင်း၊ စော်ဘွားကြီးအား ထည်ဝါခန့်ညားစွာ ကြိုဆို၍ ရှမ်းပြည်တွင် တကြိမ်တခါမျှ မမြင်ဘူး မတွေ့ဘူးသော အမြင်ထူး အတွေ့ထူးများနှင့် ဧည့်ခံပြုစုကျွေးမွေးခြင်းမှစ၍ အင်္ဂလိပ်လူမျိုးများအပေါ် ချစ်ခင်ကြည်ညိုလေးစားစွာ ယုံကြည်သွတ်နူးလာအောင် စိတ္တဗေဒနည်းအမျိုးမျိုးနှင့် ဖြေဖျော်ဆွဲဆောင် ပြီးနောက်မှ ဘုရင်မကြီးနှင့် တွေ့ဆုံပေးသည်။

ဘုရင်မကြီးနှင့် တွေ့ဆုံအရေးဆိုရာတွင် ဘုရင်မကြီးက သင့်တော်သလိုပြောသည်ကို အင်္ဂလိပ်စာ၊ အင်္ဂလိပ် စကားမတတ်သော စော်ဘွားကြီးအား စကားပြန်က လိမ်ပြီး "ရှမ်းစော်ဘွားများနှင့် မဟာမိတ်အဖြစ် ဆက်ဆံ ပါတယ်လို့ ဘုရင်မကြီးက အမိန့်ရှိပါတယ်။

စော်ဘွားကြီး အခုလာရောက်တွေ့ဆုံ ဆွေးနွေးတာကိုလဲ ဘုရင်မကြီးက အင်မတန်ကျေးဇူးတင် ဝမ်းမြောက် ပြီး 'အိန္ဒိယ သဟာယ' C,I.E ဘွဲ့ခေါ် ဘွဲ့တံဆိပ်တော်ကိုလဲ ချီးမြှင့်ပါတယ်လို့ ဘုရင်မကြီးက အမိန့်ရှိပါတယ်။

ချီးမြှင့်တဲ့ C,I.E ဘွဲ့တံဆိပ်တော်ကြီးကိုလဲ ဘုရင်မကြီးကိုယ်တိုင် ချီးမြှင့်ဆင်မြန်းပေးပါမယ်"

ဟု လိမ်လည်လှည့်စားပြောဆိုကာ ဘုရင်မကြီးကိုယ်တိုင် ဆင်မြန်းပေးလိုက်သည်။ 'ဒုတိယအလိမ်ခံ ရသည်' ကိုလည်း စော်ဘွားကြီးကား မသိပေ။

မြန်မာဘုရင်ရှေ့တော် ဝင်ရောက်ခစားခဲ့စဉ်အခါက ပုဆစ်ဒူးတုပ်လက်အုပ်ချီ မျက်နှာအောက်ချ ခစားခဲ့ ရသည်။ ယခု အင်္ဂလိပ်ဘုရင်မကြီးရှေ့ ဝင်ရောက်ခစား အရေးဆိုသောအခါ ကုလားထိုင်နှင့် ထိုင်ပြီး မျက်နှာချင်း ဆိုင်၍ ပြောဆိုရသည်။ ဘွဲ့တံဆိပ်တော်ကြီးကိုလည်း ဘုရင်မကြီးကိုယ်တိုင် ဆင်မြန်းပေးသည်ဟု ဝမ်းသာ၍ မဆုံး တပြုံးပြုံးနှင့် ပြန်ခဲ့သည်။

စော်ဘွားကြီး ဘိလပ်သွားနေခိုက်၊ ရှမ်းပြည်လက်စွဲဥပဒေကို ဂါဝါနာက ၎င်းတို့ အလိုရှိသလို၊ ပြင်ဆင် ဖြည့်စွက် အတည်ပြုလိုက်လေသည်။

C.I.E ဘွဲ့တံဆိပ်ကို ဆင်မြန်းခဲ့ရသော ဘိလပ်ပြန်စော်ဘွားကြီးအား၊ သီပေါနယ်သူနယ်သားများက၊ အိုးစည်ဗုံမောင်းများတီးကာ အားရဝမ်းသာစွာနှင့် ကြိုဆိုကြသည်။

စော်ဘွားကြီး၊ သီပေါပြန်ရောက်ရှိပြီးနောက်၊ ရှမ်းပြည်လက်စွဲဥပဒေကို သေချာစွာ၊ ဖတ်ကြည့်လေ့လာ သောအခါ၊ ထင်ကြေးနှင့် ပါစင်အောင်ဝေးနေပြီး၊ စော်ဘွားကြီးများ၊ စော်ဘွားကလေးတွေဖြစ်၊ စော်ဘွားကလေး

www.burmeseclassic.com

www.burmeseclassic.com



များကျတော့၊ ရှမ်းကလေးတွေ ပြန်ဖြစ်တဲ့ဘဝမျိုးရောက်နေတဲ့၊ ဥပဒေအပေါက်ဆိုးစာအုပ်ကို ဆွဲဆုတ်ကိုင်ပေါက်ပစ်လိုက်လေသည်။"

ဟူ၍ ရေးသားဖော်ပြထားပါသည်။

ပါတော်မူပြီးစ မန္တလေးတွင် ကျန်ခဲ့သော သီပေါမင်းတရား အစ်မတော်ရင်း ပခန်းကြီးစုဖုရားကြီးသည် မျက်နှာငယ်စွာနှင့် စံနေရသည်။ ထိုအချိန်က ဗြိတိသျှအစိုးရနှင့် အလျဉ်းသင့်၍ တန်ခိုးထက်နေသော သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်တွင် မဟာဒေဝီ လစ်လပ်နေသည်။ သီပေါစော်ဘွားကြီးက ဘုရင့်သမီးတော်၊ ဘုရင့်အမတော်ကိုမှ မဟာဒေဝီ တင်မြှောက်ရန် မှန်းသည်။ လက်ထက်တော်ကဆိုလျှင် ဤသို့ မှန်းရဲမည် မဟုတ်ချေ။ စိတ်ကူးဝံ့မည်ပင် မထင်ပါ။

ဤကိစ္စကို အချို့က သီပေါမင်းတရားလက်ထက်တော်တွင် သီပေါမင်းတရားနှင့် အဆင်မပြေ၍ တိမ်းရှောင်ခဲ့ရသည်ကိုလည်းကောင်း၊ သူ၏သားတော်သုံးပါးအား ဖမ်းဆီးဖူးခဲ့၍လည်းကောင်း၊ ကလဲ့စားချေသည့်သဘောဖြင့် ရတနာဂီရိမှ သီပေါမင်းတရား စိတ်စနိုးစနောင့်ဖြစ်စေရန် တမင်ကြံသည်ဟု ဆို၏။ အချို့ကလည်း ဗြိတိသျှအစိုးရက တမင်ဖန်တီးပေးခြင်းဟု ပြောသည်။

ဤကိစ္စတွင်ကြားမှ အကျိုးဆောင်လုပ်ရန် သိန္နီစော်ဘွား ဦးဖိုး (မြန်မာဘုရင်လက်ထက်ကခန့်သော မြန်မာစော်ဘွား) ၏သမီး ကျောက်ပန်းတောင်းသခင်ကို ချည်းကပ်ရသည်။ ထိုခေတ်က ကျောက်ပန်း တောင်းသခင်သည် အထက်တန်းလွှာတွင် နာမည်ရအောင်သွယ်တော်တစ်ယောက်ဖြစ်၏။ သို့နှင့် ကျောက်ပန်းတောင်းသခင်နားဖောက်ကောင်း၍ ပခန်းကြီးစုဖုရားကြီးက ခေါင်းညိတ်တော်မူလိုက်ခြင်းဖြင့် သီပေါစော်ဘွားကြီးနှင့် ပခန်းကြီးစုဖုရားကြီးတို့သည် ၁၂၄၈ ခုနှစ်တွင် မန္တလေးမြို့ ဗြိတိသျှအရေးပိုင်အိမ်တွင် ကြီးကျယ်ခမ်းနားစွာ စုလျားရစ်ပတ်လက်ထပ်ခဲ့ကြလေသည်။ ပခန်းကြီးစုဖုရားကြီးသည်လည်း သီပေါမဟာဒေဝီ ဖြစ်လာလေ၏။

မန္တလေးမြို့ ဆိုင်းတန်းရပ်တွင် အုတ်တိုက်တော်ကြီးတည်ဆောက်၍ အခြေအရုံများစွာနှင့် တစ်ခမ်းတစ်နားထားသည်။ သီပေါစော်ဘွားကြီး မန္တလေးသို့ မင်းစုံပွဲခေါ် အစည်းအဝေးများ တက်ရောက်ရန် ဆင်းလာသည့်အခါ ထိုအုတ်တိုက်တော်ကြီးတွင်ပင် နေသည်။ သီပေါမဟာဒေဝီ ပခန်းကြီးစုဖုရားကြီးကို သီပေါမြို့သို့ ခေါ်မသွားပါ။ အန်းဘောင်သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်နှင့် မဟာဒေဝီပခန်းကြီးစုဖုရားကြီးတို့မှာ သားတော်၊ သမီးတော် မထွန်းကားပါ။ သီပေါစော်ဘွားကြီး ကံတော်ကုန်ပြီးနောက်မှ မဟာဒေဝီ ပခန်းကြီးစုဖုရားကြီး ကံကုန်တော်မူသည်။ ဆိုင်းတန်းရပ်မှ အုတ်တိုက်တော်ကြီးကို ညီမတော် ရမည်းသင်းစုဖုရားကလေး၏ သားတော် သမီးတော်များမှ အမွေဆက်ခံရရှိကြသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ကုန်းဘောင်နှင့် အုန်းဘောင်သီပေါ၊ တိုက်ဆိုင်မှုများနှင့် ကျန်တော် (၃)

ဤနေရာတွင် အလျဉ်းသင့်၍ ရှမ်းပြည်နယ်ရှိ မူလက စော်ဘွားအုပ်ချုပ်သည့် နယ်နှင့် မြို့စား၊ ငွေခွန်မှူးများ၊ အုပ်ချုပ်သည့် နယ်များကို ဖော်ပြပါမည်။

| စော်ဘွားအုပ်ချုပ်သည့်နယ်များ | မြို့စားအုပ်ချုပ်သည့်နယ်များ | ငွေခွန်မှူးအုပ်ချုပ်သောနယ်များ |
|---|---|---|
| ၁။ ကျိုင်းတုံ | ၁၈။ ဟိုပုန်း | ၂၉။ ပင်းတာယ |
| ၂။ သီပေါ | ၁၉။ ဘန်းယဉ် | ၃၀။ ရွာငံ |
| ၃။ ညောင်ရွှေ | ၂၀။ စကွယ် | ၃၁။ ကျုံး |
| ၄။ ရပ်စောက် | ၂၁။ ဆီဆိုင် (သထုံ) | ၃၂။ ပင်မှီ |
| ၅။ စကား | ၂၂။ မိုင်းနောင် | |
| ၆။ မိုးမြဲ | ၂၃။ ကျေးဆီမန်းစံ | |
| ၇။ လဲချား | ၂၄။ မိုင်းရှူး | |
| ၈။ မိုင်းကိုင် | ၂၅။ နမ့်ခုပ်-နောင်မွန် | |
| ၉။ မိုးနဲ | ၂၆။ ပွေးလှ | |
| ၁၀။ မောက်မယ် | ၂၇။ သာမိုင်းခမ်း | |
| ၁၁။ မိုင်းပွန် | ၂၈။ ဘော် (ရေဦး) | |
| ၁၂။ မိုင်းပန် | | |
| ၁၃။ မိုးမိတ် | | |
| ၁၄။ မြောက်သိန္နီ | | |
| ၁၅။ တောင်သိန္နီ (မိုင်းရယ်) | | |
| ၁၆။ တောင်ပိုင် (ပလောင်နယ်) | | |
| ၁၇။ မိုင်းလွှန်း (လ-နယ်) | | |

ဗြိတိသျှလက်ထက်တွင် 'ဆာနဒ်' အမိန့်နှင့် မြို့စား၊ ငွေခွန်မှူးများအားလုံးအား စော်ဘွားအရာ မြှင့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှမ်းပဒေသရာဇ်နယ်ကို ကော်မရှင်နာ (ခေါ်) တိုင်းမင်းကြီးက စီမံအုပ်ချုပ်သည်။ ၎င်းအောက်တွင် အရေးပိုင်၊ ဝန်ထောက်များ ထားရှိသည်။ ထို့နောက် နယ်ချုပ်ဝန်ထောက် (နယ်ခြားဝန်ထောက်) များလည်း ထားသည်။ မြန်မာဘုရင်လက်ထက်က သက်ဦးဆံပိုင်စော်ဘွားများမှာ ဗြိတိသျှလက်ထက်တွင် ဒုတိယ စက်ရှင်မင်းကြီး အာဏာအဆင့်အတန်းသို့ လျော့ကျသွားပြီး မြို့စားများမှာ ဝန်ထောက်၊ ငွေခွန်မှူးများမှာ မြို့ပိုင်အဆင့်အတန်းသို့ ရောက်သွားသည်။

ထူးခြားသည်မှာ လွတ်လပ်ရေးရပြီး ပြည်ထောင်စုခေတ်တွင် မြောက်သိန္နီနယ်လက်အောက်ခံ ရှမ်းပြည်အရှေ့ပိုင်းခရိုင်ရှိ 'ကိုးကန့်'နယ်အား စော်ဘွားအဆင့်အတန်းသို့ မြှင့်ပေးလိုက်သဖြင့် ရှမ်းပြည်နယ်တွင် စော်ဘွား (၃၃) ဦး ဖြစ်လာသည်။

ဤကား အလျဉ်းသင့်၍ ရှမ်းပြည်နယ်နှင့် ပတ်သက်သောအကြောင်းများကို ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ သီပေါနယ်နှင့် ပတ်သက်၍ ဆက်ရမည်ဆိုလျှင်-

သီပေါမင်းတရားလက်ထက်တော်၌ စပ်ခွန်ဆိုင်၏ သားတော်များကိစ္စဟူ၍ အထက်က ဖော်ပြခဲ့သည်ကို ဆက်ဖော်ပြရန်လိုသည်။ စော်ဘွားသားများကို ထိန်းနန်းနှင့် နီးစပ်ယဉ်ပါးရန်နှင့် ပညာသင်ကြားရန်၊ ဖခင်စော်ဘွားကြီးများ ကိုယ်စားစော်ခံအဖြစ် ဘုရင်နန်းစိုက်ရာ ရွှေမြို့တော်သို့ ပို့ထားရမြဲထုံးစံဖြစ်သည်။ သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်က စော်ခံအဖြစ်ပို့ထားသော သားတော်ကြီးမှာ စောချယ်ဟုခေါ်၍၊ သားတော်အငယ်များမှာ စောလူးနှင့် စောအိုတို့ ဖြစ်သည်။ (အချို့ကလည်း စဝ်ခွန်ဆိုင် တိမ်းရှောင်သွား၍ သားတော်သုံးပါးအား မန္တလေးသို့ ဖမ်းဆီးခေါ်ဆောင်လာသည်ဟု ဆိုကြသည်။)

စဝ်ခွန်ဆိုင် ရန်ကုန်ဆင်းသွားကြောင်း ကြားသိရသောအခါ နေပြည်တော်တွင်ရှိနေသော သားတော် စောချယ်တို့ ညီအစ်ကိုတစ်စုမှာ ဖမ်းဆီးခြင်းခံရသည်။ ၎င်းတို့ကို ရွှေလုံမြို့ဝန်က ထိန်းသိမ်းကြည့်ရှုထားရ၏။ အပြစ်အလျောက် သတ်လိုက သတ်နိုင်သော်လည်း၊ တိုင်းပြည်ကလည်း လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ အင်္ဂလိပ်စစ်တပ်ကြီး ချီတက်လာတော့မည်ဟု ကောလာဟလဖြစ်နေချိန် ဖြစ်၏။ ရွှေလုံမြို့ဝန်က မသတ်ဘဲ အချိန်ဆွဲထားသည်။ အပြစ်မရှိသော စော်ခံကလေးငယ်သုံးဦးကို အကြိုးမဲ့ မသေစေချင်၍ မသတ်ဘဲထားခြင်းလည်း တစ်ကြောင်းဖြစ်သည်။ ပါတော်မူသွားသောအခါ ဤကိစ္စများအားလုံး ပြီးသွားသည်။

သီပေါစော်ဘွား သားတော် စောချယ်ကို ဗြိတိသျှအစိုးရလက်ထက်တွင် စော်ဘွားကြီး စဝ်ခွန်ဆိုင်၏ မျက်နှာနှင့် နောင်သီပေါနယ်တွင် စော်ဘွားအရာဆက်ခံရမည့် ကျမိုင်းအဖြစ်ထက် လောလောဆယ်ပင် မိုင်းလုံစော်ဘွားကလေးအဖြစ် ထပ်ဆင့်ချီးမြှင့်မြောက်စားခြင်း ခံရသည်။ သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်နှင့် သားတော် မိုင်းလုံစော်ဘွားကလေး စောချယ် (နောင်အခါ သီပေါစော်ဘွားကြီး ဆာစောချယ်ဖြစ်လာ) တို့သည် ကျေးဇူးပြုဖူးသော ရွှေလုံမြို့ဝန်ကို ကျေးဇူးဆပ်သောအနေဖြင့် ရွှေလုံမြို့ဝန်၏ ဒုတိယဇနီး ခင်ထူမှ မွေးသော သမီး ခင်ခင်တင်ကို လက်ထက်ရန် ကြောင်းလမ်းသည်။ နောက်ပိုင်းတွင် ခင်ခင်တင်သည် သီပေါစော်ဘွားကြီး ဆာစောချယ်၏ မဟာဒေဝီ ဖြစ်လာသည်။ သို့သော် လူပြုစားခြင်းခံရကာ ရူးသွားရာမှ မဟာဒေဝီ ခင်ခင်တင် ကံကုန်သွားရသည်။

သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်သည် မြန်မာသီချင်းကြီး သီချင်းခန့်များကို လိုက်စားခဲ့သည်။ ပတ်ပျိုးပင်ရေးတတ် စပ်တတ်သည်ဟု အဆိုရှိသည်။ သီပေါဟော်နန်းသည် မြန်မာဘုရင့်နန်းတော်နှင့် အနီးစပ်ဆုံးသော ဟော်နန်းဖြစ်ခဲ့ရာ မြန်မာမှု၊ မြန်မာဟန်များစွာ ထွန်းကားခဲ့သည်။ သားတော်စောချယ် (နောင်အခါ သီပေါစော်ဘွားကြီး ဆာစောချယ်ဖြစ်လာ) လက်ထက်တော်ရောက်သောအခါ မြန်မာသီချင်းကြီး၊ သီချင်းခံတို့ကို လိုက်စားသည်။ နှစ်လည်းနှစ်သက်သည်။

သီပေါမင်းတရားလက်ထက် ဗြဲတိုက်သံတော်ဆင့် ဦးမောင်မောင်တင်နှင့် စောလှထိပ်ခေါင်တင်မင်းသမီး၏ ဘဏ္ဍာစိုး ဒေါ်ခင်ဖွားတို့၏သမီး ခင်စိန်ကြည် (၁၂၅၃ခုနှစ်၊ တပေါင်းလဖွား) ကို အများက မခင်ကြည်ဟု

www.burmeseclassic.com

www.burmeseclassic.com





သီပေါစော်ဘွားကြီးဆာစောချယ်နှင့် မဟာဒေဝီခင်ခင်တင်
(ခင်ခင်တင်သည်ရွှေလုံပိုလ်၏ သမီး ဖြစ်သည်။)

ခေါ်ကြသည်။ ဆွေတော်အုပ်မင်းသားကြီး၏ သမီးဖြစ်သူ ထိပ်တင်ရွှေသည် ခင်စိန်ကြည်၏ ဖွားလေးတော်စပ်သည်။ ထို့ကြောင့် ခင်စိန်ကြည်သည် မင်းမျိုးမင်းနွယ် မဟုတ်သော်လည်း နန်းတွင်းအသိုင်းအဝိုင်းမှ ဖြစ်သည်။

အနုပညာသည်များကို နန်းတော်မှ မြောက်စားမှသာ တောက်ကြွားကြရသည်။ ရွှေနန်းတော်ကို မှီ၍ ခစားနေကြရသော ဇာတ်သဘင်၊ အနုပညာရှင်၊ ပန်းတျာပညာရှင်အများတို့ အရှင်နှစ်ပါး ပါတော်မူသွားသောအခါ အမိမဲ့သား ရေနည်းငါးသဖွယ် ဖြစ်ကြရသည်။ ထိုစဉ်တွင် ဇာတ်သဘင် ဂီတအနုပညာဘက်တွင် အလွန်ဝါသနာကြီးလှသော သီပေါစော်ဘွား ဆာစောချယ်သည် ထိုအနုပညာရှင်များအား ခေါ်ယူမြောက်စားကာ ကျွေးမွေးပြုစုထားသည်။ ထို့ကြောင့် ရတနာပုံ မန္တလေးနေပြည်တော်မှ ပညာရှင်ကြီး အများအပြားသည် သီပေါစော်ဘွားထံသို့ ရောက်လာကြလေသည်။ အစဉ်ခစားသူတို့အား လခ၊ ရိက္ခာပေး၍ နေအိမ်ပေးထားသည်။ ခဏတဖြုတ်လာခစားသူတို့အား ဆုလာဒ်ပေးခြင်းဖြင့် ချီးမြှင့်မြောက်စားသည်။

ခင်စိန်ကြည်သည် ငယ်စဉ်ကပင် ဂီတအနုပညာဘက်၌ ဝါသနာထုံသူဖြစ်ရကား မိခင်ဖြစ်သူက အဆိုကျော် ဦးလှကြီးထံ အပ်နှံသင်ကြားစေသည်။ အသက် (၁၃) နှစ်အရွယ်တွင် ဆွေစဉ်မျိုးဆက်ကို စုံစမ်းပြီး ပညာပါရမီကို ယုံကြည်နှစ်သက်သဖြင့် သီပေါစော်ဘွား ဆာစောချယ်က မွေးစားခဲ့သည်။ စော်ဘွားကြီးအမိန့်ဖြင့် ဟော်နန်းရှိ အနုပညာရှင်ကြီးများထံ ဂီတသုခုမအနုပညာကို သင်ကြားရသည်။ ထိုစဉ်က သီပေါဟော်တွင် အဆိုတော် တပယ်ခင်စုကြီး၊ အဆိုကျော် ဆရာဦးလှကြီး၊ နန်းတွင်းအဆိုတော် ဦးပေါ်ဦး၊ ယိုးဒယား ဆရာဖိုး၏တပည့်၊ ဆရာမောင်အုပ်စီးသည့် ယိုးဒယားရာမဇာတ်တော်အဖွဲ့၊ ဒေဝဣန္ဒာမောင်မောင်ကြီး၊ ယိုးဒယားသီချင်း အထူးကျွမ်းကျင်သူ လက်ယာဆိုင်းတော်မှ ငွေနှဲဆရာ ဦးအုန်းပွင့်၊ ရှာစားကြီး စိန်ဗေဒါ၏ဦးလေး ဆရာဆယ်ကြီး၊ စောင်းဆရာ ဦးဖူးခေါင်၏တပည့်ရင်း ဆရာခန့်ကြီး၊ ဘီလစ်စာရေးကြီး ဦးအောင်လှ၊ ဆရာဦးလှကလေး၊ စောင်းဆရာငြိမ်းကြီး၊ ပတ္တလားဘာဂျာ ဆရာလွှား၊ မင်းသားကြီး ဦးစိန်အုပ်၊ မင်းသမီးကြီး မထွေးလေး၊ မင်းသမီး ယင်းတော်မလေး၊ ဆိုင်းဆရာ ဆရာနွဲ့၊ ဘာဂျာ ဆရာတာ၊ စန္ဒရား ဆရာမောင်၊ ဆရာ ဘကြီး၊ နှဲဆရာကြီး ဦးသာခင်၊ အဆိုကျော် ဆရာမန်း စသည်တို့သည် သီပေါစော်ဘွားကြီးထံတွင် လာရောက်ခစားကြရာ သီပေါဟော်နန်းသည် အနုပညာသည်အပေါင်းတို့ စုဝေးရောက်ရှိရာ ပန်တျာကျောင်းကြီးသဖွယ် ဖြစ်နေလေတော့သည်။ ခင်စိန်ကြည်လေးသည် ထိုအနုပညာရှင်အပေါင်းတို့ထံတွင် ပညာအစုံအလင် သင်ကြားရလေသည်။

www.burmeseclassic.com



၄၆ ဆက်မြောက် သီပေါစော်ဘွားကြီး ဆာစောချယ်

www.burmeseclassic.com




သီပေါစော်ဘွား ဆာစောချယ်နှင့် မဟာဒေဝီကြီး

www.burmeseclassic.com

www.burmeseclassic.com



သီရိဥတ္တင်္ဂဝတီ စောမြအေးကြည်



သီပေါစော်ဘွား စဝ်အုံကြာနှင့် မဟာဒေဝီ စဝ်သုန္ဒာ

www.burmeseclassic.com

www.burmeseclassic.com



သီပေါစော်ဘွားကြီး၏ ကျေးဇူးကြောင့် ခင်စိန်ကြည်သည် မပင်မပန်းရဘဲ၊ ရိုးရာမပျက် ဆင်းသက်လာခဲ့သည့် မြန်မာ့အနုပညာကို တစ်နေရာတည်း ကျနစွာ သင်ကြားတတ်မြောက်ခဲ့လေသည်။ အသက် (၁၈) နှစ် အရွယ်တွင် သီပေါစော်ဘွားကြီးက ကောက်တော်မူသည်။

ထိုအချိန်မှစ၍ ခင်စိန်ကြည်အဖြစ်မှ စဝ်မြအေးကြည်ဟု ဖြစ်လာသည်။ စော်ဘွားကောက်ထားသည့် အခြား ကတော်မယားများကြားတွင် ထင်ပေါ်ကာ စော်ဘွား၏ မျက်နှာသာပေးခြင်းကို ခံရသည်။ အများက စောမြအေးကြည်သခင်မ ဟု ခေါ်ကြသည်။ မိုးဒေဝါပတ်ပိုးကို ရေးစပ်ဆက်သပြီးသောအခါ 'သီရိဥက္ကဋ္ဌဝတီ' ဟူသော ဘွဲ့ကို ချီးမြှင့်ခြင်းခံရလေသည်။ စော်ဘွားကြီး၏ အထူးအရေးပေးခြင်း၊ ဂရုစိုက်ခြင်းကို ခံရသဖြင့် အခြား ကတော်မယားများက မနာလိုဖြစ်လာကြသည်။ သီပေါဟော်တွင် လာရောက်ခစားနေသော မယ်ဒလင် ဆရာတင် (နောင်အခါ ရက်န်ဦးတင်ဟူ၍ ဖြစ်လာသူ)နှင့် ရည်ငံကြ၍ နှစ်ကိုယ်တည်းစကားပြောနေစဉ် ဝိုင်းဖမ်းပြီး ပုံကြီးချဲ့၍ စော်ဘွားထံတိုင်တန်းကြသဖြင့် စော်ဘွားကြီးက ဟော်နန်းမှ ထွက်သွားခွင့်ပေးလိုက်သည်။ အောက်ပြည် အောက်ရွာသို့ ဆင်းလာရာ ဂီတမိခင်ကြီး ဒေါ်စောမြအေးကြည် ဟူ၍ ဖြစ်လာသည်။

ထိုစဉ်က စော်ဘွားကြီးတွင် မဟာဒေဝီ ရှိသည်။ သီပေါစော်ဘွား ဆာစောချယ်သည် မဟာဒေဝီအပြင် အခြားကတော်မယား များစွာရှိသည်။ ရန်ကုန်အရေးပိုင် မောရစ်ကောလစ်ရေးသည့် "Lords Of The Sunset" စာအုပ်တွင် ရှမ်းပြည်နယ် ကျေးဆီမန်းစံနယ်၏မြို့တော် ဆိုက်ရောက်ကြသောအခါ စော်ဘွားနှင့် ခေတ္တဝင်ရောက် တွေ့ဆုံသည်။ ထိုစဉ်က အသက်ကြီးရင့်သော ရှမ်းအမျိုးသမီးတစ်ဦး ဖြတ်လျှောက်လာသည်ကို တွေ့ရကြောင်း၊ ထိုအမျိုးသမီးသည် ကံကုန်သွားပြီဖြစ်သော သီပေါစော်ဘွားကြီး ဆာစောချယ်၏ ကြင်ယာတော်တစ်ပါးဖြစ်ခဲ့ သည်ဟု အတူပါသူ ရော်ဆစ်တာက ပြောပြကြောင်း ရေးထားသည်။ ထိုသီပေါစော်ဘွားကြင်ယာတော် ဖြစ်ခဲ့သည့် အမျိုးသမီးကြီးသည် နောက်စော်ဘွားဖြစ်လာသူလက်ထက်တွင် သူ၏ နေရပ်ဇာတိဖြစ်သော ကျေးဆီမန်းစံသို့ ပြန်လာကြောင်း၊ ယခုကျေးဆီမန်းစံဟော်နန်းတွင် သူသည် မယ်တော်ကြီးဟူသောဘွဲ့ဖြင့် စံမြန်းတော်မူနေကြောင်း ပြောပြသည်ဆိုပါသည်။ ထို့ကြောင့် သီပေါစော်ဘွားကြီး ဆာစောချယ်၏ ကြင်ယာတော်များတွင် ကျေးဆီမန်းစံ ဟော်နန်းမှ မင်းသမီးတစ်ပါးလည်း ပါဝင်ကြောင်း ဖော်ပြလိုက်ရပါသည်။

သီပေါစော်ဘွားကြီး ဆာစောချယ်၏သားတော် စဝ်အုံကြာက စော်ဘွားအရာ ဆက်ခံသည်။ သီပေါစော်ဘွား စဝ်အုံကြာ၏ မဟာဒေဝီမှာ ဦးရီးတော် စပ်လူးနှင့် ခင်ပိတောက်တို့၏ သမီးကြီး စဝ်သုနန္ဒာဖြစ်သည်။ မောရစ် ကောလစ်၏ "Lords Of The Sunset" မှ "သီပေါတွင် နေ့လည်စာစားခြင်း" အခန်း၌ ရေးသားဖော်ပြထား သည်မှာ မောရစ်ကောလစ်တို့ သီပေါဟော်နန်းရောက်သောအခါ သီပေါစော်ဘွား စောအုံကြာနှင့် တွေ့ရကြောင်း စဝ်အုံကြာသည် ဂျော့ဘုရင်၏ဘိသိက်ပွဲသို့ ဗြိတိသျှအစိုးရဧည့်သည်တော်အဖြစ် တက်ရောက်ကြောင်း၊ သူ၏ မဟာဒေဝီသည် မကြာသေးမီက အိမ်ထောင်ရေးမပြေလည်သဖြင့် သီပေါဟော်မှ ထွက်သွားရကြောင်း၊ မဟာဒေဝီ၏ နေရာတွင် အမျိုးသမီးသုံးယောက်ကို ဒေဝီငယ်များအဖြစ် တရားဝင်ခန့်ထားကြောင်း၊ သို့သော်လည်း မည်သူကိုမျှ မဟာဒေဝီဘွဲ့ မအပ်နှင်းသေးကြောင်း ရေးထားပါသည်။

မောရစ်ကောလစ်က စဝ်အုံကြာ၏မဟာဒေဝီသည် မကြာသေးမီက သီပေါဟော်မှ ထွက်ခွာသွားရသည်ဟု ရေးထားသည်။ အကြောင်းကို မဖော်ပြပါ။ အကြောင်းမှာ သီပေါဟော်တွင် လာရောက်ခစားသည့် ဇာတ်မင်းသား စံပယ်တင်နှင့် ရည်ငံကြ၍ ဟု ဆိုသည်။ သို့ဆိုလျှင် ဒေါ်စောမြအေးကြည်သည် သီပေါဟော်မှ ပထမ ထွက်ခွာ ခဲ့ရသူဖြစ်ပြီး စဝ်သုနန္ဒာသည် ဒုတိယ ထွက်ခွာခဲ့ရသူ ဖြစ်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ကုန်းဘောင်နှင့် အုန်းဘောင်သီပေါ၊ တိုက်ဆိုင်မှုများနှင့် ကျွန်တော် (၄)

ဤအခန်းဆက်ဆောင်းပါးအစ၌ သီပေါစော်ဘွား စဝ်ခွန်မြတ်သနေ့တွင် သားတော် (၁၀)ပါး၊ သမီးတော် (၁၁) ပါးရှိရာ သမီးတော် နန်းသီရိဆန်ဆုန်ကို စေဦကူးမင်းသို့ ဆက်သသည်ဟု ရေးခဲ့ပါသည်။ ဤသို့ ရေးရခြင်းမှာ သီပေါမင်းနှင့် သီပေါနယ် မည်သို့ပတ်သက်ပါသနည်း မေးခွန်းကို ဖြေဆိုရ၍ ဖြစ်ပါသည်။

သီပေါစော်ဘွားများသည် မြန်မာဘုရင်တို့နှင့် သမီးတော် အဆက်အသ ရှေးကပင် ရှိခဲ့ပါသည်။ ပုဂံခေတ်တွင် အနုရုဒ္ဓါ (ခေါ်) အနော်ရထာမင်းကြီးသည် ရှမ်းမင်းသမီး စောမွန်လှကို မိဖုရားမြှောက်ခဲ့သည်။ သို့ဖြစ်၍ ရှမ်းနှင့် မြန်မာသွေး ဆက်သွယ်ခြင်းသည် ပုဂံခေတ်ကပင် စသည်ဟု ဆိုရပေမည်။

စစ်ကိုင်းမင်း (၇) ဆက်တွင် ရှမ်းမြန်မာသွေးဆက်လျှက် ရှိသည်။ ပထမအင်းဝမင်းဆက်တွင် မင်းကြီးစွာစော်ကဲလက်ထက် မောမင်းဆေငံဖက အဆင်းအင်္ဂါနှင့်ပြည့်စုံသော သမီးတော် ရှင်မိနှောက်ကို ဆက်သရာ မြှောက်နန်းမှ ဖွားမြင်သော သားတော် ပြင်စည်စား မင်းဆွေနှင့် လက်ဆက်သည်။

မင်းခေါင်လက်ထက် (၇၆၅) ခုနှစ် အုန်းဘောင်သီပေါစော်ဘွား ဆေကောင်ဖ (မြန်မာအခေါ် သိုကြောင်ဘွား) က မြန်မာနိုင်ငံ အဝင်အပါ ထွန်တုံးပူတက်ကို ထိပါးလာသည်နှင့် စည်တပြစ်အမတ်ကြီး ဝန်ဇင်းမင်းရာဇာ လျှောက်ထားချက်အရ တူမတော် မင်းစန္ဒာနှင့် လက်ဆက်၍ တူသားပြုတော်မူသည်။

(၇၆၇) ခု မင်းခေါင်လက်ထက်၌ပင် ညောင်ရွှေစော်ဘွား ထောမှိုင်းကြီးကို တရုတ်မြို့စား ရာဇသူ၏ သမီးတော်၊ မင်းခေါင်၏တူမတော်နှင့် လက်ဆက်၍ တူသားပြုတော်မူသည်။ ထိုအခါမှစ၍ ရှမ်းမင်းများက မြန်မာဘုရင်ကို ဦးရီးတော်ဟု ခေါ်ကြသည်ဆို၏။

(၇၈၅) ခု အုန်းဘောင်သီပေါစော်ဘွား ဆေကောင်ဖ (သို့မဟုတ်) သိုကြောင်ဘွား ကံကုန်၍ မင်းခေါင်၏ တူမတော် မင်းစန္ဒာနှင့်ရသော သားတော် သိုငယ်ဘွားမှာ ငယ်သေး၍ ရှမ်းမှူးမတ်များက မိုးမိတ်တွင်စံနေသော သိုကြောင်ဘွား၏ ညီတော် လွယ်စန်ဖကို ပင့်ခေါ်၍ မင်းစန္ဒာနှင့်ပင် လက်ဆက်ပြီး ဟော်နန်းလွှဲအပ်သည်။

ဒုတိယအင်းဝမင်းဆက်တွင် ရှမ်းမြန်မာသွေးဆက်များပင် ဖြစ်ပြီး၊ မင်းခေါင်၏ မိဖုရား (မင်းဆက်ငါးသွယ် ရှင်ဘို့မယ်) ၏ ရာဇဝင်အရှုပ်ပုံထဲမှာလည်း အုန်းဘောင်သီပေါစော်ဘွား (လယ်သန်ဘွား) ပါဝင်ခဲ့သေး၍-

" ရှင်ဘို့မယ်မည်ရင်းနှင့်၊ နဒီသွင်းပုံ၊ ပလီခြင်းစုံလင်တယ်၊ ဘုံတခွင်ကျော်ထိပ်၊ မြန်မာငါးဆက်ပြင်မှာ၊ ကြားစွက်ဝင် အုန်းဘောင်ရာဇိန္ဒ × × ကိန္နရာစံမသာအောင်၊ မာန်တဏှာထုံစိမ့်၊ ဉာဏ်ကဗျာ အကုန်မြို့ရင်ဖြင့်၊

www.burmeseclassic.com



တုန်ဖိမ့်ဖိမ့်ကြောက်ပုံ × × ချစ်လက်ဆောင်၊ သွယ်ဟန်ပါးလေတော့-လယ်သန့်ဘွား ဓောသိမ့်သိမ့်ခုံ × ×။ သို့ကလောက်မာယာစုံမှာ၊ ရာဇဂုဏ်အင်အားနှင့်၊ ထင်မှား၍ အင်းဝနယ်ငှ၊ ဆင်းကြွလွယ်ကူ × × ဘုန်းကံချင်း ညီမတူတယ်-သီဟသူပျက်ကိန်းပလေး…။"

ဟု ရှေးပညာရှင်များက ရာဇဝင်တေးထပ်ကိုပင် ရေးစပ်ခဲ့ကြသည်။

အုန်းဘောင်ခွန်မှိုင်းကြီး သီပေါတွင် သုံးနှစ်၊ အင်းဝတွင် သုံးနှစ် ထီးနန်းစံမြန်းရာ (၉၀၇) ခုနှစ်တွင် ကံကုန်သည်။ အုန်းဘောင်ခွန်မှိုင်း အင်းဝတွင် ထီးနန်းစံမြန်းသောအခါ ရှမ်းပြည်တွင် ညီတော် သားတော်များကို အုပ်ချုပ်ရန် ကိုယ်စားကိုယ်ပွားထားခဲ့သည်မှစ၍ ရှမ်းဘာသာ "ဆောင်ဖ" မြန်မာဘာသာနှင့် နီးစပ်သော အသံထွက်ဖြင့် စော်ဘွားဟု ခေါ်ပြောသုံးနှုန်းလာခဲ့ခြင်း ဖြစ်သည်။

ညောင်ရမ်းဆက်တွင် ညောင်ရမ်းမင်းတရားလက်ထက် မိုးနဲစော်ဘွားကြီး၏သမီးတော် မြင်စိုင်းကတော်ကို မိဖုရားမြှောက်ရာ သားတော် ဝရသူနှင့် သမီးတော် ခင်မျိုးမြတ်သူကို မြင်သည်။

ညောင်ရမ်းမင်းတရား၏ တောင်နန်းမိဖုရားမှမြင်သော သားတော်ကြီး အနောက်ဘက်လွန်မင်းတရားသည် မိုးနဲစော်ဘွားသမီးတော် မြင်စိုင်းကတော်မှမြင်သော သမီးတော် ခင်မျိုးမြတ်ကို မိဖုရားမြှောက်သည်။

အနောက်ဘက်လွန်မင်းတရား၏ ညီတော် သာလွန်မင်းတရားသည် မိုးနဲစော်ဘွားသမီးတော် ခင်သက်နှင်းကို မိဖုရားမြှောက်သည်။

သာလွန်မင်းတရားကြီး၏သားတော်ကြီး ပင်းတလဲမင်းလက်ထက်တော်တွင် သီပေါစော်ဘွား သမီးတော် နှင်းသုဒ္ဓါကို အနောက်နန်းတင်သည်။

ကုန်းဘောင်ခေတ်ရောက်သောအခါ အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် ဆင်ဖြူရှင်မင်းက သီပေါ စော်ဘွားသမီးကို ပဒုမ္မဝတီဘွဲ့နှင့် မိဖုရားမြှောက်သည်။ သမီးတော်နှစ်ပါး၊ သားတော်နှစ်ပါး မြင်သည်။

အလောင်းမင်းတရားကြီး၏ စတုတ္ထသားတော် ဗဒုံမင်းကလည်း မိုးမိတ်စော်ဘွားသမီးကို သီရိမြတ်မဟေဘွဲ့ နှင့် မိဖုရားမြှောက်သည်။ သားတော်သုံးပါး၊ သမီးတော် (၆) ပါး မြင်သည်။

ဗဒုံမင်းက မိုးမိတ်စော်ဘွားသမီးတော်ကို ကိုယ်လုပ်တော်အဖြစ်ထားရာ သီရိဝဏ္ဏမာလာ ဟု တွင်သည်။ သီပေါစော်ဘွား၏သမီးတော်ကို မြတ်လှမဟေ ဟုလည်းကောင်း၊ မိုင်းတိန်မြို့စားသမီးတော်ကို သီရိသုဗဒ္ဒမှာ ဟုလည်းကောင်း၊ ဘွဲ့အမည်များဖြင့် ကိုယ်လုပ်တော်အရာ ထားသည်။ မိုင်းတိန်ဆိုသည်မှာ ယခုကိုးကန့်နယ် ကို ဆိုသည်။

သီပေါစော်ဘွား ခွန်မြတ်သန္တေမှစ၍ မြန်မာဘုရင်တို့နှင့် ဆက်သွယ်ခဲ့သည်ကို အထက်၌ ဖော်ပြပြီး ဖြစ်သည်။ ဤသို့ ရှမ်းနှင့်မြန်မာ သွေးနှောခြင်းကို ကျွန်တော့အနေဖြင့် ငယ်သူငယ်ချင်း စပ်ဦးကြာ၏ တောင်ကြီး ရေထွက်ဦးလမ်းမှအိမ်တွင် တစ်ညအိပ် တည်းခိုစဉ်က မှန်စီရွှေချပုရပိုက်တွင် တွေ့မြင်ခဲ့ရခြင်း ဖြစ်ပါသည်။ ကျွန်တော် (၁၉၆၀-၆၁) ခု ရန်ကုန်တက္ကသိုလ်သို့ရောက်စဉ် ပထမနှစ်၌ ထီးတန်းကောလိပ်တွင် တက်ရပါသည်။ ကျွန်တော်က ဝါးထရံသွပ်မိုးအဆောင်တွင် နေရပြီး၊ သူငယ်ချင်းဖြစ်သူ စပ်ဦးကြာက အုတ်တိုက်အောက်အခန်းတွင် နေရပါသည်။ ကျွန်တော်တို့နှစ်ယောက်သည် ရေချိုးသောအခါ နောက်ကျသွားလျှင် အုတ်ရေကန်မှ အောက်ကျန် ရေကို ခပ်ချိုးရသဖြင့် မသန့်ပါ။ အလွန် စိတ်ပျက်ရပါသည်။ သို့ဖြစ်၍ နှစ်အစပိုင်းတွင်ပင် ပင်မတက္ကသိုလ်ရှိ တောင်ငူဆောင်သို့ ပြောင်းလာပါသည်။ တောင်ငူဆောင် အောက်ဆုံးထပ် ထောင့်ခန်း (အမှောင်ခန်း) တွင် နေရာရသည်။ ဤသို့ ပြောင်းနိုင်ရန်လည်း ကျွန်တော့မိခင်၏အမကြီးသည် ထိုစဉ်က ကျောင်းသားရေးမှူးဖြစ်သော ဦးယုခင်၏ ပထမဇနီးဖြစ်ရာ၊ ဦးလေး ဦးယုခင် အကူအညီဖြင့် ပြောင်းနိုင်ခြင်း ဖြစ်ပါသည်။

အဆောင်မှူးမှာ ဦးစန်းရှိန် (အဆိုတော် ဇော်ဝင်းရှိန်၏ဖခင်) ဖြစ်သည်။ ကျွန်တော်နှင့် စပ်ဦးကြာတို့သည် အဆောင်ထမင်းဟင်း မစားနိုင်သည့်အခါ အပြင်ထွက်စားသည်။ ထိုစဉ်က အင်းလျားလမ်းနှင့် ကုက္ကိုင်လမ်း

www.burmeseclassic.com

www.burmeseclassic.com



မိုးမိတ်ဟော်နန်းရှေ့မှ အတ်တီမေဘယ်လ်(မိုးမိတ်မဟာဒေဝီ) ငယ်စဉ်ကပုံ

www.burmeseclassic.com

www.burmeseclassic.com



စဝ်ဦးကြာနှင့်စဝ်စံထုန်းတို့မင်္ဂလာဆောင်



ဝတ်စုံအနက်ဝတ်ထားသူမှာ စာရေးသူ ကျွန်တော်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင့်တွင် ကိုးကန့်စော်ဘွားအိမ် ရှိသည်။ စပ်ဦးကြာနှင့် ပတ်သက်ပြီး ထိုအိမ်သို့ ရောက်ဖူးခြင်း ဖြစ်ပါသည်။ နောက်ပိုင်း ထိုအိမ်ကို "ယဉ်ဆွေ" စားတော်ဆက်ဟု ဖွင့်ခဲ့သည်။

သူငယ်ချင်း စပ်ဦးကြာမှာ ကျွန်တော်ဘာသာပြန်ခဲ့သည့် မဟာဒေဝီတစ်ပါး ရှာပုံတော်စာအုပ်ကို ရေးသူ၊ သီပေါမဟာဒေဝီ ဩစတြီးယားအမျိုးသမီး စပ်သုစန္ဒီ၏မောင်တော် နောက်ဆုံးသီပေါစော်ဘွား စပ်ကြာဆိုင်၏ တူတော်ဖြစ်သည်။

သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်တွင် စောချယ်၊ စောလူး၊ စောအို ဟူ၍ သားတော်သုံးပါးရှိသည်။ စောချယ်က ခမည်းတော် စဝ်ခွန်ဆိုင်၏ သီပေါစော်ဘွားအရာကို ဆက်ခံသည်။ ဆာစောချယ်ဟု ဖြစ်လာသည်။ ညီတော် စောလူးမှာ မန္တလေးမှ သူဌေးဦးဖေ၏သမီး ခင်ပိတောက်နှင့် ရသည်။ စပ်အိုမှာ ဂျပန်ခေတ်က သီပေါစော်ဘွားခေတ္တဖြစ်သည်။ စပ်အိုတွင် သမီးတော် စပ်ဝဏ္ဏ၊ သားတော် စပ်ကြာဖုံနှင့် စပ်ကြာဆိုင်ဟု ရှိသည်။ သီပေါစော်ဘွားကြီး ဆာစောချယ်ကို သားတော် စောအုံကြာက စော်ဘွားအရာ ဆက်ခံသည်။ စောအုံကြာ ကံကုန်တော်မူသောအခါ စော်ဘွားအရာ ဆက်ခံမည့်သူ မရှိ၍ တူတော်စပ်ကြာဆိုင်က ဆက်ခံခြင်းဖြစ်သည်။ ထိုစဉ်က နောင်တော် စပ်ကြာဖုံသည် ရှမ်းပြည်နယ်ကောင်စီ၏ အတွင်းရေးမှူး ဖြစ်သည်။ ကျွန်တော့်သူငယ်ချင်း စပ်ဦးကြာမှာ ထို စပ်ကြာဖုံနှင့် စပ်ရွှေယုံတို့မှမွေးသော သားတော်ကြီး ဖြစ်ပါသည်။

ကျွန်တော်နှင့် စပ်ဦးကြာတို့သည် ရန်ကုန်တက္ကသိုလ်တွင် ဥပဇာပထမနှစ်တွင်သာ ဆုံလိုက်ကြသည်။ နောက်ပိုင်းသူက မန္တလေးတက္ကသိုလ်သို့ ရောက်သွားသည်။ ထိုမှပင် ဝိဇ္ဇာဘွဲ့ရပါသည်။ ကျွန်တော်မဟာဝိဇ္ဇာဘွဲ့ အရည်အချင်းစစ်တန်းတက်နေစဉ် ရန်ကုန်ဆင်းလာသော စပ်ဦးကြာနှင့် ပြန်ဆုံရသည်။ ထိုစဉ်က ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းပြီးချိန်ဖြစ်၍ စပ်ဦးကြာ၏ဖခင် စပ်ကြာဖုံလည်း အထိန်းသိမ်းခံနေရသည်။ စပ်ကြာဆိုင်ပျောက်ဆုံးနေချိန် ဖြစ်၏။ စပ်ဦးကြာနှင့်ပတ်သက်ပြီး အထက်ဖော်ပြပါ ဘာသာပြန်စာအုပ်မှာ အေဒီလမ်းအိမ်သို့ ကျွန်တော် ရောက်ဖူးရခြင်းကြောင့် ဖြစ်ပါသည်။ စာအုပ်ရေးသူ စပ်သုစန္ဒီ (အန်တီအင်ဂီ) ကိုလည်း မြင်ဖူးလိုက်ရသည်။

ထိန်းသိမ်းခံနေရသူများကို နိုင်ငံတော်က အလကား ကျွေးမထားပါ။ တစ်လ ၃၀၀ ကျပ် စားစရိတ်ငွေသွင်းရသည်။ စပ်ဦးကြာသည် သူ့ဖခင် စပ်ကြာဖုံအတွက် ငွေသွားသွင်းသည့်အခါ ကျွန်တော်ပါသွားတတ်သည်။ ထိုစဉ်က ကျွန်တော့်ဖခင်၏မောင်ဝမ်းကွဲ တောင်ကြီးမှ မြို့တော်ဝန်ဦးသန်းဌေးကလည်း ဖယ်ဒရယ်မူနှင့် ပတ်သက်၍ အထိန်းသိမ်းခံနေရသည်။ ဦးလေးဖြစ်သူ ဦးသန်းဌေးနှင့်လည်း ထိုသို့ ငွေသွင်းသွားရင်းနှင့် တွေ့ခဲ့ရပါသည်။ ထိုစဉ်က တွေ့ဆုံခဲ့ရသူတစ်ဦးနှင့် ပတ်သက်၍ အမှတ်တရရှိလှသဖြင့် ရေးပြလိုပါသည်။ ထိုသူမှာ ရှမ်းပြည်နယ် မိုးမိတ်စော်ဘွားကြီး စဝ်ခွန်ချို (နိုင်ငံခြားရေးဝန်ကြီး၏ မဟာဒေဝီ) အန်တီမေဘယ် ဖြစ်သည်။ သူကလည်း သူ့ခင်ပွန်းအတွက် စားစရိတ်ငွေ လာသွင်းခြင်း ဖြစ်သည်။ ပေးလိုသည့်ပစ္စည်းများကိုလည်း ယူလာရသည်။ သူက အင်္ဂလိပ်လူမျိုးဖြစ်၏။ သူ့တွင် ဆပ်ပြာများပါလာရာ ဆပ်ပြာမျိုးကောင်းများအပြင် အမျိုးညံ့ဆပ်ပြာများလည်း ပါသည်။

အန်တီမေဘယ်လ်က အင်္ဂလိပ်လို-

"ဒီဆပ်ပြာကို မင်းသိလား"

"ကျနော် မသိပါဘူး"

"ဒါ ဆင်ချီးတုံးဆပ်ပြာ ခေါ်တယ်"

ဟု ပြောသည်။ ကျွန်တော်က အဝတ်လျှော်သည့် ဆင်ချီးတုံးဆပ်ပြာဆိုသည်ကိုတော့ ကြားဖူးသည်။ မမြင်ဖူးပါ။ သို့ဖြစ်၍-

"ဒါဘာဖြစ်လို့ ယူလာတာလဲ အန်တီ"

www.burmeseclassic.com

www.burmeseclassic.com



"ချို (သူက စဝ်ခွန်ချိုကို ခေါ်ပုံ) အတွက် ဆပ်ပြာတွေယူလာရင် ကြားကနေပြီး ဖြတ်ယူကြတယ်။ ဒါကြောင့် အကောင်းရော အညံ့ပါ ယူလာပေးရတာ၊ ဒါတောင် သူတို့က အကောင်းတွေချည်းရွေးပြီး တစ်ခါတစ်လေ ချိုအတွက် ဆင်ချီးတုံးဆပ်ပြာပဲ ကျန်တယ်"

ဟု ပြောသဖြင့် ဝိုင်းရယ်ကြရသည်။ မိုးမိတ်မဟာဒေဝီကြီး အန်တီမေဘယ်လ်၏စကားကို အမှတ်ရနေ၍ ယခုကဲ့သို့ ထည့်ရေးရခြင်း ဖြစ်ပါသည်။

ကျွန်တော့သူငယ်ချင်း စဝ်ဦးကြာသည် မိုင်းရယ်စော်ဘွားကြီး စတုဋ္ဌသမီး စပ်စံဖုန်းနှင့် အိမ်ထောင်ကျသည်။ သူက မိုင်းရယ်မဟာဒေဝီ အသုဘတွင် အဝတ်အနက်ရောင်ဝတ်ထားသော သမီးတော်ဖြစ်သူ စပ်စံဖုန်းကိုစ၍ မျက်စိကျခဲ့သည်ဟု ပြောပြပါသည်။ ထိုစဉ်က နှစ်ဖက်ခမည်းတော်နှစ်ဦးလုံး ထိန်းသိမ်းခံနေရသည်။ လက်ထပ်ထိမ်းမြားပွဲကို အေဒီလမ်းအိမ်တွင်ပင် လုပ်ပါသည်။ အေဒီလမ်းအိမ်သည် နှစ်လုံးဖြစ်၏။ တစ်လုံးကို ငှားထား၍ ကျန်တစ်လုံးတွင် လုပ်ရပါသည်။ လူတစ်ရာလောက် ဖြစ်မည်ဆို၍ ဒန်ပေါက်တစ်ရာစာ မှာထားသည်။ အထိန်းသိမ်းခံ ခမည်းတော်နှစ်ဦးရောက်လာရာ နောက်လိုက်နောက်ပါ စစ်သားနှင့် ထောက်လှမ်းရေးများ တစ်ဦးတွင် နှစ်ဆယ်စီလောက်ပါလာကြ၍ ကျွန်တော်မျက်လုံးပြူးပြီး ရန်ကုန်မြို့ထဲသို့ ဒန်ပေါက်ထုပ်များ ပြေးဝယ်ရသည်။ ထိမ်းမြားပွဲ၌ ရှမ်းအမတ်ကြီးတစ်ဦးက ရှမ်းဘာသာနှင့် ဘိသိက်မြောက်နေစဉ် နှစ်ဖက်ခမည်းတော်နှစ်ဦးလုံး မျက်ရည်ကျနေကြသဖြင့် မြင်ရသူ ကျွန်တော့်အတွက် စိတ်ထိခိုက်ရပါသည်။ ကာယကံရှင်များအနေဖြင့် ဆိုဖွယ်ရာ ရှိမည်မထင်ပါ။ နှစ်ဖက်ခမည်းတော်နှစ်ဦးလုံးသည် သားမင်္ဂလာဆောင်၊ သမီးမင်္ဂလာဆောင် ဟူ၍သာ ထွက်လာကြသည်။ မည်သူနှင့်မှန်း မသိကြပါ။ အတူရောက်ကြမှပင် သူ့သမီးနှင့် ငါ့သားဖြစ်နေသည်ဟု သိကြရသည် ဆိုသည်မှာလည်း ကြေကွဲဖွယ်ရာဖြစ်သည်။

မင်္ဂလာဧည့်ခံပွဲကို စထရင်းဟိုတယ်တွင် ပြုလုပ်ပါသည်။ ထိုစဉ်က ရန်ကုန်မြို့တွင် ကမ်းနားလမ်းမှ စထရင်းဟိုတယ်သည် ထိပ်တန်းဖြစ်၏။ ကျွန်တော့်ကို မင်္ဂလာစကားပြောရန် စီစဉ်ပေးပါဆိုသဖြင့် စာရေးဆရာကြီး ဒါရိုက်တာဦးသုခနှင့် စီစဉ်ပေးရသည်။ နှစ်ဖက်မျက်နှာငယ်နေချိန်ဖြစ်၍ အပြည့်အဝ မလာကြပါ။ ဆရာကြီးဦးသုခကလည်း စိတ်မကောင်းစွာနှင့်ပင် မင်္ဂလာစကား ကျကျနန ပြောဆိုသွားပါသည်။

"ဒါ လောကဓံပဲ ကိုထူးရဲ့"

ဟု ပြောသွားသည်ကို ယခုတိုင် မှတ်မိနေပါသည်။

စဝ်ဦးကြာနှင့် ပတ်သက်ပြီး အန်တီအင်ဂီ (သီပေါမဟာဒေဝီ စဝ်သုစန္ဒီ)နှင့် ကြုံရဆုံရပြီး သူရေးသည့် ဤစာအုပ်ကို ဘာသာပြန်ဖြစ်ခြင်း ဖြစ်ပါသည်။ ထွက်စကတည်းက ဤစာအုပ်နှစ်အုပ် လက်ထက်ထဲတွင် ရှိနေသော်လည်း အခြေအနေအရ ဘာသာပြန်လျှင်လည်း ထုတ်ဝေခွင့်ရမည် မထင်၍ မပြန်ဖြစ်ခဲ့ပါ။ ယခု စောင့်ကြည့်သတင်းဂျာနယ်တွင် အခန်းဆက် ဘာသာပြန်ဆောင်းပါးများ ရေးနေရာမှ ဤစာအုပ်ကို ဘာသာပြန်ရန် ဒေါ်တင်တင်ဦးက ပြောသဖြင့် ကျွန်တော့တွင်လည်း စာအုပ်အသင့်ရှိနေ၍ ဘာသာပြန်ခြင်း ဖြစ်ပါသည်။

**ကိုးကားချက်**


၁။ Susan Conway "The Shan(Culture Art and Crafts)"

၂။ Maurice Collis "LORDS OF THE SUNSET"

၃။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၊ အပိုင်း(၁)

၄။ ဒါရိုက်တာဆရာမြင့် "ရှမ်းပြည်ကြေးမုံ"


၅။ သီပေါကိုလတ် "သီပေါဟော်နန်းနှင့် တော်ဝင်နွယ်အလွမ်း"

၆။ နန်းညွန့်ဆွေ "မိုးဒေဝါနှင့် မလုရွှေ"


❑

www.burmeseclassic.com

www.burmeseclassic.com



သီပေါမဟာဒေဝီ စဝ်သုစန္ဒီ

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော်

### စာရေးသူ၏ အမှာစာ

၁၉၆၆ ခုနှစ်၊ ဇွန်လ၏ နေသာသောနေ့တစ်နေ့ ညနေဘက်တွင် ဘောက်စ်ဝယ်ဂင်ကားလေးတစ်စီးသည် Schloss Laudon ရဲတိုက်ရှိရာသို့ မောင်းနှင်သွားလေသည်။ ထိုရဲတိုက်သည် ဩစတြီးရီးယားပြည် ဗီယာနာမြို့တော်၏ (၁၅) ဘီဇစ် (သို့မဟုတ်) ခရိုင်၌ တည်ရှိပြီး၊ ဟိုတယ်အဖြစ် ပြုပြင်ပြောင်းလဲထားသော အဆောက်အဦဖြစ်သည်။ ဟိုတယ်၏အဝင်အဝ သံတံခါးကြီးကို စောင့်ရှောက်နေသော ဩစတြီးရီးယားရဲတို့က ဝင်လာသည့်ကားလေးကို ဝင်ခွင့်ပြုလိုက်သည်မှာ ထိုကားတွင် တော်ဝင်ထိုင်းသံရုံးတံဆိပ်ပါသောကြောင့် ဖြစ်၏။

ကားလေးသည် ဝင်းအတွင်းမှ ပန်းခြံကိုဖြတ်၍ ရဲတိုက်အဝင်ဝတွင် ရပ်လိုက်သည်။ အရှေ့တိုင်းဆန်ဆန်ဆံထုံးနှင့်ဖြစ်သော ဥရောပအမျိုးသမီးငယ်တစ်ယောက် ကားထဲမှထွက်လာပြီး ရဲတိုက်ကျောက်လှေကားထစ်များပေါ်သို့ တက်သွားသည်။ သူနှင့်အတူ (၁၀) နှစ်နှင့် (၇) နှစ်အရွယ်ရှိ သမီးကလေးနှစ်ယောက်လည်း ပါ၏။ သူတို့သည် ရဲတင်းစွာပင် ရဲတိုက်၏ခန်းမအဝိုင်းကြီးအတွင်းသို့ ဝင်သွားကြသည်။ ခန်းမထဲတွင် သစ်အမည်းရောင်ပရိဘောဂများနှင့် ခင်းကျင်းထားသည်။

ထိုဟိုတယ်ရှိ အာရှလူမျိုး ဧည့်သည်တော်များမှာ ထိုအမျိုးသမီးငယ်နှင့် သမီးကလေး (၂) ယောက်ကို တအံ့တဩ ကြည့်နေကြသည်။ ထိုဥရောပအမျိုးသမီးငယ်သည် ဝိုင်းကြည့်နေသည့်သူများအနက်မှ အမျိုးသမီးတစ်ယောက်ထံ တန်းတန်းမတ်မတ် ရဲရဲတင်းတင်းသွားပြီး -

"ကျွန်မ ဗိုလ်ချုပ်ကြီးကို တွေ့ချင်တယ်"ဟု မြန်မာသံ ပီသစွာဖြင့် ပြောလိုက်သည်။

အပြောခံရသော မြန်မာအမျိုးသမီးသည် အပေါ်ထပ်သို့ လှည့်ကြည့်လိုက်သဖြင့် ဧည့်သည် ဥရောပအမျိုးသမီးက လိုက်၍ကြည့်လိုက်ရာ အရိုးအရပ်ကောင်းကောင်း အာရှတိုက်သားတစ်ယောက် လသာဆောင်ပေါ်တွင် ရပ်နေသည်ကို တွေ့လိုက်ရ၏။ ချက်ချင်းပင် ထိုသူမသည် အနီးရှိတံခါးတစ်ပေါက်မှ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ အိမ်ရှင်မြန်မာအမျိုးသမီးက -

"ကျေးဇူးပြုပြီး ထိုင်ပါအုံး။ လက်ဖက်ရည်လည်း သုံးဆောင်ပါ"

ဟု ပြောလိုက်သောအခါ၊ ဥရောပအမျိုးသမီးက -

"ကျေးဇူးတင်ပါတယ်။ ကျွန်မဒီကိုလာပြီး ဗိုလ်ချုပ်ကြီးကို ကိုယ်ရေးကိုယ်တာကိစ္စ တင်ပြမလို့ပါ"

"သူအနားယူနေပါတယ်။ နေလို့လည်း သိပ်မကောင်းပါဘူး"

ဟု ပြောလိုက်သည်နှင့် ဥရောပအမျိုးသမီးကပင် -

"နေမကောင်းဘူး၊ ခုနက ကျွန်မကိုမြင်လို့ အခန်းတစ်ခန်းထဲ ဝင်ပြေးသွားတုန်းက အကောင်းကြီးပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ချက်ချင်းပြန်၍ ချေပလိုက်သည်။

ဒုတိယထပ်ရှိ အခန်းတစ်ခန်းထဲသို့ ဝင်ပြေးသွားသည့် အရိုးအရပ်ကောင်းကောင်း အာရှတိုက်သား တစ်ယောက်ဆိုသူမှာ မြန်မာပြည်၏စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်းပင် ဖြစ်သည်။ ဗိုလ်ချုပ်ကြီးသည် လွန်ခဲ့သည့် လေးနှစ်က အာဏာသိမ်းထားသူ ဖြစ်၏။ ရဲတိုက်အတွင်း ညှို့ခံနေသည့် မြန်မာအမျိုးသမီးဆိုသူမှာ အခြား မဟုတ်ပေ။ ဗိုလ်ချုပ်ကြီးနေဝင်းကတော် ဒေါ်ခင်မေသန်းပင် ဖြစ်သည်။ (ကစ်တီဘသန်း ဟူ၍လည်း ခေါ်၏။) ဗိုလ်ချုပ်ကြီးနှင့် ဗိုလ်ချုပ်ကြီးကတော်တို့သည် ဗီယာနာသို့ အလည်အပတ်ရောက်ရှိနေကြပြီး ဗိုလ်ချုပ်ကြီးက ဆေးကုသနေခြင်း ဖြစ်ပါသည်။ သူတို့နှင့်အတူ အထက်တန်းစစ်အရာရှိနှင့် ထောက်လှမ်းရေးအရာရှိ (၅၀) ဦး ခန့် ပါလာသည်။ ဗိုလ်ချုပ်ကြီးနေဝင်းက Schloss Laudon ရဲတိုက်ဟိုတယ်တစ်ခုလုံးကို ငှားရမ်းထား သည်။ ဗိုလ်ချုပ်ကြီးသည် ဩစတြီးယား စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာ Hans Hoff နှင့် နေ့စဉ်ပြသ ဆေးကုနေရခြင်း ဖြစ်၏။

မြန်မာပြည်ကို အုပ်ချုပ်နေသည့် ခေါင်းဆောင်လင်မယားကို ရဲရဲတင်းတင်း လာတွေ့သူမှာ Inge Eberhard ဆိုသည့် ဩစတြီးယားအမျိုးသမီး ဖြစ်သည်။ သူ၏ ရှမ်းအမည်မှာ စဝ်နန်းသုစန္ဒီ ဟုခေါ်သည်။ ရှမ်းပြည်နယ်၏ ဒေသတစ်ခုဖြစ်သော မြန်မာပြည်မြောက်ပိုင်း သီပေါဆိုသည့်နယ်မှ စော်ဘွားကြီး စဝ်ကြာဆိုင်၏ မဟာဒေဝီ ဖြစ်ပါသည်။ သီပေါနယ်ကို မန္တလေး - လားရှိုး မီးရထားခရီးစဉ်ဖြင့်လည်း သွားနိုင်သလို ကားလမ်းမှလည်း ကားနှင့်သွားနိုင်ပါသည်။ စဝ်ကြာဆိုင်သည် သီပေါနယ်ရှင် စော်ဘွားများအနက် နောက်ဆုံးစော်ဘွားကြီးဖြစ်သည်။ ဥရောပအမျိုးသမီးလက်ထဲမှ ကလေး (၂) ယောက်မှာ သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်နှင့် မဟာဒေဝီ စဝ်နန်းသုစန္ဒီ တို့၏ မာယာရီနှင့် ကိန္နရီ မည်သော သမီးတော် (၂) ပါး ဖြစ်ပါသည်။

Inge နှင့် စဝ်ကြာဆိုင်တို့ နှစ်ဦးသည် ၁၉၅၀ နောက်ပိုင်းခုနှစ်များ၌ ကိုလိုရာဒိုနယ်မှ Denver ရှိ တက္ကသိုလ်တွင် စာသင်ကြားနေကြရင်း တွေ့ကြခြင်းဖြစ်သည်။ Inge ကို စဝ်ကြာဆိုင် ပိုးပန်းနေသည့်တစ်ချိန် လုံးတွင် Inge သည် စဝ်ကြာဆိုင်နှင့် ပတ်သက်၍ မြန်မာပြည်မှ ကျောင်းသားတစ်ဦးဆိုသည်ထက် ပိုပြီး မသိခဲ့ရချေ။ သို့နှင့်ပင် တစ်ဦးနှင့်တစ်ဦး မေတ္တာမျှကြပြီး ၁၉၅၃ ခုနှစ်၊ မတ်လအတွင်း လက်ထပ်ခဲ့ကြသည်။

စဝ်ကြာဆိုင်သည် သီပေါနယ်ရှင်စော်ဘွားအဖြစ် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် တင်မြှောက်ခြင်းခံခဲ့ ရသည်။ သီပေါမင်းတရားလက်ထက်မှ သီပေါစော်ဘွားကြီးသည် စဝ်ခွန်ဆိုင် ဖြစ်သည်။ ပါတော်မူပြီးနောက် သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်သည် မန္တလေးမြို့တွင် ကျန်ခဲ့သည့် သီပေါမင်းတရား၏အမတော် ပုခန်းကြီးစုဖုရား ကို မဟာဒေဝီ တင်မြှောက်ခဲ့သည်။ သားတော်၊ သမီးတော် မထွန်းကားခဲ့ချေ။ စဝ်ခွန်ဆိုင်ကို သားတော်စောချယ် က ဆက်ခံခဲ့သည်။ သီပေါစော်ဘွားကြီး စောချယ်သည် ဗြိတိသျှလက်ထက်တွင် ဆာဘွဲ့ရခဲ့၍ ဆာစောချယ်ဟု တွင်ခဲ့သည်။ သူ၏သားတော် စောအုံကြာတွင် သားတော်၊ သမီးတော် မထွန်းကားပါ။ ထို့ကြောင့် တူတော် စောခွန်ဆိုင်က စော်ဘွားအရာ ဆက်ခံခဲ့ခြင်း ဖြစ်ပါသည်။

သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်သည် Inge ကို သီပေါမဟာဒေဝီအဖြစ် သီပေါဟော်တွင် ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့၌ တင်မြှောက်ခဲ့သည်။ သို့နှင့် ဩစတြီးယားမလေး Inge သည် သီပေါမဟာဒေဝီ စဝ်နန်းသုစန္ဒီ ဟု ဖြစ်လာသည်။ ရှမ်းပြည်နယ်ရှိ စော်ဘွားများအနက် သူတို့ဇနီးမောင်နှံသည် ထင်ရှားသော စော်ဘွားဇနီးမောင်နှံ ဖြစ်ကြသည်။

၁၉၅၀ ခုနှစ်တွင် ဒိန်းမတ်စာရေးဆရာ Aage Krarub - Nielsen သီပေါနယ်သို့ လာရောက်လည်ပတ် ခဲ့ပြီး "The Land of the Golden Pagodas" (ရွှေဘုရားများနယ်မြေ) ဆိုသည့် စာအုပ်ကို ရေးခဲ့သည်။ ထိုစာအုပ်ထဲတွင် "သီပေါနယ်သူနယ်သားများအနေဖြင့် Inge ရောက်လာသောအခါ ပထမ၌ တအံ့တသြဖြစ်ခဲ့ ကြသည်။ သူတို့နယ်ရှင်၏ မဟာဒေဝီအဖြစ် ဥရောပသူတစ်ဦးကို လက်မခံနိုင်ခဲ့ကြချေ။ သို့သော် သူမတို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွင်းမှ မကျေနပ်မှုအစိုင်အခဲများသည် တဖြည်းဖြည်းအရည်ပျော်ကာ ယခုအခါ ဥရောပသူ မဟာဒေဝီကို လက်ခံရုံမက ချစ်ခင်လေးစားလာကြသည်"

ဟု ရေးသားခဲ့၏။

စော်ဘွားကြီး စဝ်ကြာဆိုင်သည် အနောက်တိုင်း (အမေရိကန်) မှ ပြန်လာပြီးနောက် သင်ခဲ့ရသည့် ပညာများအရ သူ၏နယ်ကို ခေတ်မီတိုးတက်အောင် ဆောင်ရွက်လေတော့သည်။ ခေတ်ဟောင်းမှ အတွေးအခေါ်များကို ပြောင်းလဲစေရန် ကြိုးစားခဲ့သည်။ အထူးခြားဆုံးမှာ စနစ်ဟောင်းအရ နယ်ရှင်အနေဖြင့် ပိုင်ဆိုင်ခဲ့သည့် လယ်ယာများကို ကိုယ်တိုင်လုပ်နေသည့် လယ်သမားများအား ဝေပေးခဲ့ခြင်း ဖြစ်ပါသည်။ ထို့အပြင် လယ်ထွန်စက်များ၊ မြေဩဇာများစသည့် လယ်သမားများအတွက် အသုံးဝင်သည့်ပစ္စည်းတို့ကိုလည်း အခကြေးငွေမယူဘဲ ငှားခဲ့ပေးခဲ့သည်။ လယ်ထွန်စက်များဖြင့် ထွန်ယက်ခဲ့သည့် လယ်ယာမြေများပေါ်တွင် ခေတ်မီ၍ အထွက်ကောင်းသည့် သီးနှံများကိုလည်း အစားထိုး၍ စိုက်စေခဲ့သည်။ ရရှိခဲ့သည့် အကျိုးအမြတ်များအပေါ် ကိုယ်ကျိုးအတွက် မခံစားဘဲ စိုက်ပျိုးရေးသုတေသနတို့ကို ပြုလုပ်စေခဲ့သည်။ သို့နှင့် သီပေါနယ်သည် အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာသည်။ နယ်သူနယ်သားများအနေဖြင့် သူတို့၏ ငယ်ရွယ်နုနယ်သော နယ်ရှင်လေးနှင့် ပတ်သက်၍ "ပြောမဆုံးပေါင် တောသုံးထောင်" ဆိုသကဲ့သို့ ချီးကျူးမကုန်အောင် ဖြစ်ခဲ့ရသည်။

"တို့အရှင်ဟာ ထိုင်းဘုရင်နဲ့ တူတယ်။"

ဟု သီပေါနယ်မှ ယခုအခါ ထိုင်းပြည်သို့ ရောက်နေသူတစ်ဦးက ထုတ်ဖော်ပြခဲ့သည် ဆို၏။

"တို့အရှင်ဟာ အလုပ်ကိုလည်း ကြိုးစားခဲ့တယ်။ တို့အပေါ်မှာလည်း ရိုးရိုးသားသားနဲ့ ငွေငွေညှာညှာနဲ့ အုပ်ချုပ်ခဲ့တယ်။ ဒါကြောင့် ဟိုတုန်းက တို့ဟာ ဆန်ကောင်းကောင်းနဲ့ ထမင်းစားခဲ့ရတယ်။ အခုတော့ သီပေါက လူတွေဟာ ဗမာပြည်ကလာတဲ့ ဆန်ညံ့ စားနေရတယ်လို့ ကြားရတယ်။ တို့နယ်ကထွက်တဲ့ ဆန်ကောင်းတွေကိုတော့ အစိုးရက နိုင်ငံခြားကို ရောင်းနေသတဲ့။"

ဟူ၍ပင် ပြောကြားခဲ့ကြသည်ဟု ဒိန်းမတ်စာရေးဆရာ Aage Krarub - Nielsen က ရေးခဲ့လေသည်။

သီပေါနယ်သူနယ်သားများက သူတို့၏နယ်ရှင်မောင်နှံကို မည်သို့အလေးထား ရှိသေချစ်ခင်ကြသနည်းဆိုသော် အိမ်တိုင်းအိမ်တိုင်းတွင် နယ်ရှင်နှစ်ပါးဖြစ်သော စော်ဘွားကြီး စဝ်ကြာဆိုင်နှင့် မဟာဒေဝီ စဝ်နန်းသုမန္တီတို့ လက်ထပ်မင်္ဂလာဓာတ်ပုံကို ဘုရားစင်အောက်တွင် ချိတ်ထားကြသည် ဆိုပါသည်။

၁၉၆၂ ခုနှစ်အထိ မြန်မာပြည်မြောက်ပိုင်းဖြစ်သော ရှမ်းကုန်းမြေမြင့်တွင် ရှမ်းတို့ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်ခဲ့ကြသည်။ သူတို့၏ သာယာသောဘဝမှာ ၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းပြီးသည့်နောက်ပိုင်း ပျောက်ကွယ်ခဲ့ရသည်။ ဗိုလ်ချုပ်ကြီးသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ ယခင်အခြေအနေဟောင်းများအားလုံးကို ပြောင်းလဲစေခဲ့သည်။ သို့ကြောင့် ရှမ်းအမျိုးသားတို့မှာ မပျော်မွေ့ခဲ့ကြရပေ။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂)

၁၉၅၉ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့တွင် စော်ဘွား (၃၄) ပါးတို့သည် အာဏာစွန့်ကြရသည်။ ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သော တောင်ကြီးမြို့တွင် အာဏာစွန့်ပွဲ ကျင်းပခဲ့သည်။ ရှမ်းပြည်နယ်ကို ပြည်ထောင်စုအစိုးရ အရွေးချယ်ခံပုဂ္ဂိုလ်များနှင့် အုပ်ချုပ်သည်။ ထိုအချိန်က ရန်ကုန်တွင် စစ်တပ်၏ ကြားဖြတ်အစိုးရ အုပ်ချုပ်နေချိန်ဖြစ်သည်။ ရှမ်းစော်ဘွားများ အာဏာစွန့်ခြင်းကို ဖယ်ဒရယ်ခေါင်းဆောင်များအပေါ် တပ်မတော်၏အောင်မြင်မှုဟု အချို့က ယူဆသည်။ ရှမ်းပြည်နယ်မှ ရှမ်းများကမူ ဤကိစ္စ ဤသို့ဖြစ်ရန် နှစ်အတော်ကြာကပင် ကြိုးစားခဲ့သည်ကို သိနေကြသည်။ စော်ဘွားများသည် သူတို့၏အာဏာကို ရန်ကုန်အစိုးရအား လက်ရောက် မအပ်နှင်းပါ။ ရှမ်းပြည်နယ်အစိုးရအဖြစ် ရွေးချယ်ရန် ကြိုးစားကြသည်။ ခေတ်မီသည့် စော်ဘွားများအနက် သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်သည် နိုင်ငံရေးအရ ရှမ်းပြည်နယ်ကောင်စီဝင်အဖြစ်နှင့်လည်းကောင်း၊ လူမျိုးစုလွှတ်တော် အမတ်အဖြစ်နှင့်လည်းကောင်း အထက်လွှတ်တော်တွင် နေသည်။

ထိုအချိန်က စောစောပိုင်း ရှမ်းသူပုန်ခေါင်းဆောင် Hso Hten (သီပေါဇာတိ) သည် တိတ်တဆိတ် ၁၉၆၁ ခုနှစ်တွင် ရန်ကုန်သို့လာပြီး သီပေါစော်ဘွားကြီးအား သူပုန်အဖွဲ့၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံလို - မလို မေးမြန်းခဲ့သည်။ သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်သည် ပြည်ထောင်စုအစိုးရ အခြေခံဥပဒေကို ယူထုတ်ပြီး လူမျိုးစုလွှတ်တော်ကို သူ့အနေဖြင့် သစ္စာရှိရန် မည်သို့ ကျမ်းကျိန်ဆိုခဲ့ရကြောင်းကို ဖတ်ပြလိုက်သည်။

စဝ်ရွှေသိုက် (ညောင်ရွှေစော်ဘွားဟောင်း)၊ စဝ်ကြာဆိုင် (သီပေါစော်ဘွားဟောင်း)နှင့် အခြား ရှမ်းခေါင်းဆောင်တို့သည် နိုင်ငံရေးအရ နိုင်ငံတော်အား တော်လှန်ပုန်ကန်ရန် ကြံစည်နေမှုကို ပြေလည်အောင် ဖြန်ဖြေရန် ကြိုးစားခဲ့ကြသည်။ စော်ဘွားကြီးတို့က ဖယ်ဒရယ်မှုအရ နိုင်ငံတော်ပြိုကွဲမည်ကို မလိုလားဟု ဆိုသည်။ ၁၉၆၀ ခုနှစ်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် ဦးနုသည် အနိုင်ရရှိကာ ဝန်ကြီးချုပ် ပြန်၍ဖြစ်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် မြန်မာပြည်မြောက်ပိုင်း၌ တော်လှန်ပုန်ကန်မှုတစ်ခု ဖြစ်ပွားခဲ့၏။ မြန်မာပြည်တွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြုလုပ်မည်ဆိုသော ဝန်ကြီးချုပ်ဦးနု၏ အစီအမံကို မကျေနပ်သော ခရစ်ယာန်၊ ကချင်တို့က လက်နက်စွဲကိုင်ပြီး အုံကြွခြင်း ဖြစ်ပါသည်။ အခြားအကြောင်းများလည်း ရှိသေးသည်။ ၁၉၆၂ ခုနှစ်တွင် ဦးနုအစိုးရသည် ရန်ကုန်မြို့၌ ပြည်ထောင်စုညီလာခံ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ ထိုညီလာခံ၌ ပြည်နယ်တို့၏အနာဂတ်ကို ဆွေးနွေးရန်ဖြစ်၏။ အစိုးရအဖွဲ့ ဝန်ကြီးများ၊ ပါလီမန်အမတ်များ၊ ပြည်နယ်ခေါင်းဆောင်များ၊ ပြည်နယ်ဝန်ကြီးများအားလုံး ထိုညီလာခံအစည်းအဝေး တက်ရောက်ခဲ့ကြသည်။

ထိုခုနှစ် မတ်လ (၂)ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက အာဏာသိမ်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ပါလီမန်အမတ်များအားလုံးကို ထိန်းသိမ်းလိုက်၏။ ဘောင်ရွှေစော်ဘွားဟောင်း စဝ်ရွှေသိုက်ကို နေအိမ်တွင် ဖမ်းဆီးရန်ပြုစဉ် သူ၏ (၁၇) နှစ်အရွယ်ရှိ သား (၁)ယောက် သေနတ်ပစ်ခံရ၍ သေဆုံးသွားလေသည်။ သက်ဆိုင်ရာမှ ထုတ်ပြန်ချက်အရ စော်ဘွားဟောင်းက ဖမ်းဆီးခြင်းကို ခုခံ၍ဖြစ်သည်ဟု ဆိုသည်။ သို့သော် သမ္မတဟောင်း၊ စော်ဘွားဟောင်းဖြစ်သော စဝ်ရွှေသိုက်သည် နောက် (၈) လအကြာတွင် ဖမ်းဆီးထားရာ၌ သေဆုံးသွားသည်ဟု သိရသည်။

သီပေါစော်ဘွားဟောင်း စဝ်ကြာဆိုင်သည်လည်း ထိုအချိန်က ရန်ကုန်တွင် ပါလီမန်တက်ရောက်နေသည်။ တပ်မတော်မှ အာဏာမသိမ်းမီ (၁) ရက်တွင် သူသည် တောင်ကြီးမြို့သို့ လေယာဉ်ပျံဖြင့် ပြန်လာခဲ့သည်။ မကျန်းမာသော အမဖြစ်သူအား တွေ့ရန်ဖြစ်၏။ နောက်တစ်နေ့တွင် ရန်ကုန်၌ ဖြစ်ပျက်ပုံများကို စဝ်ကြာဆိုင်လုံးဝမသိပါ။ ထိုနေ့တွင် သူသည် နံနက်စောစော လားရှိုးသို့ လေယာဉ်ဖြင့်ပြန်ရန် ဖြစ်၏။ သီပေါသို့သွားရန်ဖြစ်ပါသည်။ သို့သော် တောင်ကြီးမြို့မှအထွက် ဟဲဟိုးသို့အသွားလမ်းပေါ်တွင် တပ်မတော်မှပုဂ္ဂိုလ်များနှင့်တွေ့ပြီး အဖမ်းခံလိုက်ရသည် ဆိုပါသည်။ ဤသည်ကား သီပေါစော်ဘွားဟောင်း စဝ်ကြာဆိုင်နှင့် ပတ်သက်၍ နောက်ဆုံးသိခဲ့ရသည့်သတင်း ဖြစ်ပါသည်။

ထိုအချိန်တွင် မဟာဒေဝီ စဝ်နန်းသုစန္ဒီသည် သီပေါဟော်တွင် ရှိနေသည်။ သူ၏မောင်တော် ပြန်မလာ၍ စိတ်ပူနေ၏။ သူ့မောင်တော်နှင့် ပတ်သက်ပြီး သတင်းအမျိုးမျိုး ကြားနေရသည်။ သို့နှင့်ပင် မောင်တော် စဝ်ကြာဆိုင်ဘာဖြစ်သည်ကို မသိရဘဲနေခဲ့ရသည်မှာ ၁၉၆၄ ခုနှစ်၊ မေလတွင် သမီး (၂) ယောက်နှင့် မြန်မာပြည်မှ ထွက်ခွာခဲ့ရသည်အထိ ဖြစ်ပါသည်။ သူတို့မိသားစု (၃) ဦး၊ ဩစတြီးရီးယားသို့ ပြန်ခဲ့သည်။ စဝ်နန်းသုစန္ဒီသည် ဗီယာနာမြို့တော်ရှိ ထိုင်းသံရုံးတွင် အလုပ်ရသည်။ ထိုအလုပ်၌နေရင်း ပျောက်ဆုံးသွားသည့် သူ့မောင်တော်အကြောင်းကို အမြဲစုံစမ်းနေ၏။

ဤစာ၏အစတွင် ဖော်ပြခဲ့သည့်အတိုင်း မဟာဒေဝီ စဝ်နန်းသုစန္ဒီသည် ဩစတြီးရီးယားသို့ ဆေးကုသရန်ရောက်နေသည့် ဗိုလ်ချုပ်ကြီးနေဝင်းအား သူတည်းခိုရာ ရဲတိုက်ဟိုတယ်တွင် သွားရောက် တွေ့ဆုံခဲ့ခြင်း ဖြစ်၏။ ထိုစဉ်က တွေ့ဆုံခန်းကို ဆက်လက်ဖော်ပြရာတွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ဇနီး ဒေါ်ခင်မေသန်းက စဝ်နန်းသုစန္ဒီ၏ မောင်တော် သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်နှင့် ပတ်သက်၍ -

"သူနေကောင်းပါတယ်။ ရန်ကုန်မှာ ထိန်းသိမ်းထားတယ်။"

ဟူ၍ ပြောလိုက်သည် ဆို၏။ ယခင်ကမူ တပ်မတော်အရာရှိတို့က စဝ်ကြာဆိုင်သည် အဖမ်းမခံရပါဟု ပြောကြသည်ဆိုပါသည်။ ထိုပြောကြားချက်များနှင့် ပတ်သက်၍ မဟာဒေဝီ စဝ်နန်းသုစန္ဒီ ၁၉၆၄ ခုနှစ်တွင် ရန်ကုန်မှ ထွက်ခွာခါနီးတွင်မှ အဖြစ်မှန် သိရသည်။ ရဲဘော်သုံးကျိပ်ဝင် နိုင်ငံရေးသမားတစ်ဦးဖြစ်သော ဗိုလ်စကြာက စဝ်ကြာဆိုင်သည် တောင်ကြီးမြို့မြောက်ဘက် ဗထူးမြို့တွင် ထိန်းသိမ်းထားစဉ်က ပစ်သတ်ခံရကြောင်း ကြားသိခဲ့ရသည်ကို ပြန်ပြောပြခဲ့သည်ဆိုပါသည်။

မဟာဒေဝီ စဝ်နန်းသုစန္ဒီနှင့် သမီး (၂) ယောက်တို့သည် ၁၉၆၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ ဩစတြီးရီးယားမှ ထွက်ခွာခဲ့ကြပြီး သာမာန် အရပ်သူအရပ်သားများအဖြစ်နှင့် အခြေချ နေထိုင်ခဲ့ကြသည်။ မဟာဒေဝီကဲ့သို့ မိသားစုဘဝ ကြေကွဲဖွယ်ရာဖြစ်ကြရသည်မှာ ဗိုလ်ချုပ်ကြီးနေဝင်းအုပ်ချုပ်ခဲ့သည့် မြန်မာပြည်တွင် အဆန်းတကြယ်မဟုတ်ပေ။ ဤစာအုပ်တွင် မောင်တော်ဖြစ်သူ သီပေါစော်ဘွားကြီးအကြောင်းကို မဟာဒေဝီ စဝ်နန်းသုစန္ဒီက ရိုးရိုးရှင်းရှင်းပြန်၍ ရေးသားဖော်ပြထားသည်။ စုံနံ့သာမြိုင်ရှုပုံတော်ကြီးမှ လင်ပျောက်ရှာခဲ့ရသည့် မင်းသမီးကလေးကဲ့သို့ သီပေါမဟာဒေဝီအဖြစ် စိတ်ဓာတ်ခွန်အားကြီးစွာနှင့် ပျောက်ဆုံးသွားသည့် မောင်တော် စော်ဘွားကြီးအား ရှာခဲ့ရပုံကို အထောက်အထား ခိုင်လုံစွာဖြင့် ရေးသားဖော်ပြထားသည်။ မိန်းမသားတစ်ဦး၏ ရဲဝံ့စွာ အခက်အခဲများကို ရင်ဆိုင်ခဲ့ရပုံ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com





ယနေ့ မြင်တွေ့ရသည့် မဟာဒေဝီဟောင်း စဝ်နန်းသုစန္ဒီ

၁၉၆၂ ခုနှစ် တပ်မတော်မှ အာဏာသိမ်းမှုသည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုလုံးကို ကျောခိုင်းလိုက်ခြင်းပင် ဖြစ်သည်။ တော်လှန်ပုန်ကန်မှုများ ရှမ်းပြည်နယ်တွင် အသီးသီး ပေါ်ပေါက်ခဲ့သည်။ အထူးသဖြင့် သီပေါနယ်မှ ရှမ်းလူငယ်များသည် သူတို့နယ်၏ လွတ်လပ်မှုအတွက် တိုက်ပွဲဝင်ခဲ့ကြသည်ဟု ဤစာအုပ်ကို အမှာစာရေးသူ စာရေးဆရာ Bertil Lintner က ရေးသား ဖော်ပြခဲ့သည်။

Bertil Lintner ဆိုသည့် စာရေးဆရာသည် လွတ်လပ်စွာ စာရေးနေသည့် ထိုင်းနိုင်ငံမှ ဂျာနယ်လစ်တစ်ယောက် ဖြစ်သည်။ မြန်မာပြည်နှင့် ပတ်သက်သည့် အကြောင်းများစွာကို ရေးသားခဲ့သည်။ The Far Eastern Economic Reviewတွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ် ရေးသားခဲ့၍ အာရှနှင့် ဥရောပတွင် လူသိများခဲ့သည်။ သူသည် သီပေါတွင် မွေးဖွားခဲ့သည့် ရှမ်းအမျိုးသမီးတစ်ဦးနှင့် လက်ထပ်ခဲ့သည်။ ဤစာအုပ်အတွက် ၁၉၈၈ ခုနှစ်တွင် Bangkok Post ၌ အမှာစာရေးပေးခြင်းကြောင့် သီပေါမဟာဒေဝီ စဝ်နန်းသုစန္ဒီ အကြောင်းကို ကမ္ဘာက သိခဲ့ရသည်။ စာရေးဆရာ Bertil Lintner သည် မြန်မာပြည်နှင့်ပတ်သက်၍ စာအုပ် (၄) အုပ် ရေးသားခဲ့သည်။ Outrage: Burma's Struggle for Democracy (၁၉၈၉)၊ Land of Jade: A Journey through Insurgent Burma (၁၉၉၀), The Rise and Fall of the Communist Party of Burma (၁၉၉၀) တို့ဖြစ်၏။ Burma in Revolt (forthcoming)ကိုလည်း ဆက်၍ ရေးနေသည်။ သူသည် ၁၉၉၂ ခုနှစ်တွင် MacArthur Foundation Grant ကို ရခဲ့သည်။

Bertil Lintner က ဤစာအုပ်တွင် အမှာစာရေးရာ၌ Inge (မဟာဒေဝီ စဝ်နန်းသုစန္ဒီကို ဆိုလိုသည်။) သည် ယခုအချိန်အထိ ရှမ်းယဉ်ကျေးမှုအတိုင်း သူ၏ဆံပင်အရှည်ကြီးကို ထိန်းသိမ်းထားပြီး သူနေထိုင်ခဲ့ရသည့် ရှမ်းပြည်နယ်မြောက်ပိုင်းကို မမေ့သေးပါ။ သူ၏သမီးကလေးများသည် ယခုအခါ အမေရိကန်ပြည်ထောင်စုတွင် အရွယ်ရောက်လာကြပြီ ဖြစ်သည်။ နှစ်တိုင်းပင် သမီးကလေး (၂) ယောက်ဖြစ်သော မာယာရီနှင့် ကီနရီ တို့သည် ရန်ကုန်မှ သက်ဆိုင်ရာတပ်မတော်အရာရှိများထံ သူတို့၏ ခမည်းတော် စော်ဘွားကြီးနှင့် ပတ်သက်၍ စုံစမ်းသည့်စာများကို ရေးသားတုန်းပင် ဖြစ်သည်။ သို့သော် မည်သည့်အခါမျှ ပြန်စာမရပါဟု ရေးသားခဲ့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃)

### အခန်း (၁)

ထူးဆန်းသောအသံများကြောင့် သီပေါမဟာဒေဝီ စဝ်နန်းသုစန္ဒီသည် အိပ်ယာမှလန့်နိုးလာပြီး လသာဆောင်ရှိရာဘက် မှန်တံခါးမှ လိုက်ကာများကို ဖြေးညှင်းစွာဆွဲ၍ ဖွင့်လိုက်ကာ အပြင်ဘက်သို့ ကြည့်လိုက်သည်။ ကုတင်ပေါ်ရှိ မောင်တော်စော်ဘွားကြီး စက်သည့်ဘက်တွင် အိပ်နေသော သမီးတော်လေး (၂) ပါး မနိုးလာရန်လည်း သတိထားရသည်။

အရှေ့ဟော်ဝင်း တစ်ဝင်းလုံး ရာနှင့်ချီသော မြန်မာ့စစ်သားများနှင့် ပြည့်နှက်နေသည်။ စစ်သားတို့၏ ဘွတ်ဖိနပ်သံသည် ဟော်ဝင်းတစ်ဝင်းလုံး၏ နံနက်ခင်းကို ဖုံးလွှမ်းသွားသည်။ စဝ်နန်းသုစန္ဒီအနေဖြင့် မြင်ရသည့် မြင်ကွင်းကြောင့် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။ အထူးသဖြင့် မောင်တော်စော်ဘွားကြီး မရှိ၍ ပို၍ စိတ်အားငယ်သွား၏။ သို့သော် ဖြစ်ပေါ်နေသည့်အရေးအခင်းကို ရင်ဆိုင်နိုင်ရန်အတွက် ဟော်အောက်ထပ်သို့ ဆင်းလိုက်သည်။ မောင်တော်ဘုရားနှင့် သမီးတော်လေးများအတွက် လည်းကောင်း၊ ရှမ်းလူထုအတွက် လည်းကောင်း ကိုယ်စားပြုပြီး မည်သူ့ကိုမဆို ရင်ဆိုင်ရန် အသင့်အနေအထား ပြင်ထားလိုက်ရသည်။

သက်တော်စောင့်တပ်မှ ယုံကြည်ရဆုံးဖြစ်သော ခေါင်းဆောင် ဘကုံးနှင့် (၂) ဒါဇင်ခန့်ရှိသည့် သက်တော်စောင့်များကို ဟော်အောက်ထပ်တွင် တွေ့လိုက်ရသည်။ ဘကုံးက မြန်မာ့တပ်မတော်မှ အာဏာသိမ်းလိုက်ပြီဖြစ်၍ အရှေ့ဟော်တစ်ခုလုံးကို ရှာဖွေရန် မဟာဒေဝီ၏ ခွင့်ပြုမိန့်လိုသည်ဟု ပြောနေကြောင်း တင်လျှောက်လိုက်၏။ သက်တော်စောင့်တပ်သားများအားလုံးသည် မဟာဒေဝီပြောမည့်စကားကို ငံ့လင့်နေကြသည်။ သို့သော် မဟာဒေဝီသည် တစ်လုံးတစ်ပါတမျှ မပြောဘဲ နှုတ်ဆိတ်နေသည်။

တိုင်းတစ်ပါးသူဘဝမှ သီပေါမဟာဒေဝီဖြစ်လာသည့် စဝ်နန်းသုစန္ဒီအဖို့ သီပေါနယ်သူနယ်သားများအတွက် အရာရာကိုရင်ဆိုင်ရန် ခွန်အားမွေးရပေမည်။ သူတို့၏ခမည်းတော်ကို စောင့်မျှော်နေသည့် သမီးတော်လေး (၂) ပါး အတွက်လည်း အကာအကွယ်ပေးရမည်။ မောင်တော်စော်ဘွားကြီးသည် ယခုအချိန်လောက်ဆိုလျှင် ရန်ကုန်မှ သီပေါသို့ ပြန်လာလောက်ပြီဟု ထင်ရသည်။ စဝ်နန်းသုစန္ဒီသည် မြန်မာ့တပ်မတော်ကို ဦးဆောင်လာသည့် ဗိုလ်မှူးကြီးဆိုသူကိုတွေ့ရန် အရှေ့ဟော်အပြင်ဘက်သို့ ထွက်လိုက်၏။

မြင်လိုက်ရသည့် မြင်ကွင်းကြောင့်၊ မဟာဒေဝီသည် အံ့သြသွား၏။ အစိမ်းရောင်ဝတ်စုံနှင့် မြန်မာစစ်သားများသည် သူတို့၏ခေါင်းဆောင် ဗိုလ်မှူးကြီး၏နောက်တွင် စတင်းဂမ်းသေနတ်များကိုယ်စီဖြင့် သတိအနေအထား

www.burmeseclassic.com

www.burmeseclassic.com



နှင့် ရပ်နေကြသည်။ မဟာဒေဝီစဝ်နန်းသုစန္ဒီသည် ဗိုလ်မှူးကြီးဆိုသူအား အရှေ့ဟော်သို့ ယခုလိုလာရခြင်းအကြောင်းကို ယဉ်ယဉ်ကျေးကျေး မေးလိုက်သည်။ သို့သော် ဗိုလ်မှူးကြီးဆိုသူသည် တစ်လုံးတစ်ပါတမျှ ပြန်မဖြေပါ။ ထို့ကြောင့် မဟာဒေဝီ စိတ်အနှောင့်အယှက်ဖြစ်သွားရသည်။

"အမျိုးသမီးတစ်ယောက်နဲ့ ကလေး (၂)ယောက်သာရှိတဲ့ ဟော်ဝင်းထဲကို ဘာအကြောင်းကိစ္စနဲ့ အခုလိုဝင်လာရပါသလဲ။" ဟု ခပ်ဆတ်ဆတ်လေး မေးလိုက်သည်။

ဗိုလ်မှူးကြီးနှင့် စစ်သားများက ပြန်မဖြေကြပါ။ သူတို့က နိုင်ငံခြားသူအမျိုးသမီးတစ်ဦးအနေဖြင့် ယခုကဲ့သို့ မြန်မာစကားပီပီသသနှင့် ပြောလိုက်သည်ကို အံ့သြနေကြပုံရသည်။ သူတို့က အမျိုးသမီးနှင့် ကလေး (၂) ဦးသည် ကြောက်ကြောက်ရွံ့ရွံ့နှင့် ငိုယိုနေကြမည်ဟု မျှော်လင့်ထားပုံရ၏။

သမီးတော်လေး (၂) ပါးကို သူတို့၏ အထိန်းတော်များ လာခေါ်ဆောင်သွားသောအခါ မဟာဒေဝီသည် ဘာမျှပြန်မပြောကြသည့် မြန်မာစစ်သားများကို ဆက်၍မေးမနေတော့ဘဲ သက်တော်စောင့်ခေါင်းဆောင် ဘကုံးမှ တစ်ဆင့် ကြိုက်သလို ရှာဖွေကြရန် ခွင့်ပေးလိုက်သည်။ ထိုသို့မပေးမခြင်း ကျောက်ရုပ်များကဲ့သို့ ရပ်နေ၊ အ နေကြမည်ဟု ထင်ရသည်။

အရှေ့ဟော်တစ်ဆောင်လုံးမှ တစ်ခန်းပြီးတစ်ခန်း မွှေနှောက်ရှာဖွေနေကြသည့် စစ်သားများကို မဟာဒေဝီသည် အလွတ်မပေးဘဲ လိုက်ကြည့်နေသည်။ အချိန်ကြာလာသည်နှင့်အမျှ မဟာဒေဝီအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်လာရ၏။ စစ်သားများသည် စော်ဘွားကြီးနှင့် မဟာဒေဝီတို့ အိပ်ခန်းဆောင်အတွင်းမှ (၂) ယောက်အိပ်ခုတင်ကြီးအောက်ကို အထူးဂရုပြု၍ ရှာနေသည်။ ပန်းပုရုပ်များနှင့်ဖြစ်သော ကျွန်းဘီဒိုကြီးကိုလည်း ဖွင့်၍ရှာသည်။ ပန်းပုရုပ်များကို စက်ခလုတ်တပ်ထားလေသည်လားဟု လက်ဖြင့် လှည့်ကြည့်နေကြသေးသည်။ အခန်းတွင်း၌ ခင်းထားသော ပါကေးကြမ်းပြင်ကို ငုံ့၍ ငုံ့၍ကြည့်နေကာ ပါကေးတုံးများကိုပင် ကလော်၍ရှာဖွေတော့မည်လားဟု မဟာဒေဝီက စိုးရိမ်နေ၏။ မာဘယ်ကျောက်သားနှင့် ပြုလုပ်ထားသည့် ရေချိုးခန်းထဲမှ စတီးပိုက်ခေါင်းများကိုလည်း ဖွင့်ချီပိတ်ချီ လုပ်နေကြသေးသည်။ ဆာဂျင်တစ်ယောက်ကမူ (၄) ပေခန့်ရှိသည့် စတီးချောင်းဖြင့် အရာရာကို ထိုးကြည့်နေသည်။ သမီးတော်လေး (၂) ပါး၏ အခန်းထဲမှ အရုပ်မျိုးစုံကိုလည်း တစ်ရုပ်စီ သံပတ်ပေးပြီး ကြည့်ကြသည်။ ရောမဝက်ဝံရုပ်ကြီးက သူ့ကိုထိလိုက်သည်နှင့် မျက်လုံးဖွင့်ကြည့်ပြီး ပါးစပ်ဖြဲပြလိုက်သဖြင့် အနီးရှိတပ်သားများက ဝိုင်းရယ်လိုက်ကြသည်။ သူတို့ဘာကို ရှာနေကြသည်နည်း၊ ဘာကို တွေ့ရလိမ့်မည်နည်းဟု မျှော်လင့်နေကြသနည်း၊

နောက်ဆုံးတွင် သူတို့ဘယ်အရာ ရှာနေကြသည်ကို မဟာဒေဝီ သဘောပေါက်လာသည်။ မကြာမီပင် ဗိုလ်မှူးကြီးဆိုသူက -

"စော်ဘွားကြီး စဝ်ကြာဆိုင် ဘယ်ရောက်နေတယ်ဆိုတာ ပြောနိုင်ပါမည်လား ခင်ဗျား။"

ဟု မေးလာသည်။

မဟာဒေဝီအနေဖြင့် အတော်စိတ်ပျက်သွားသည်။ အစကတည်းက ဤကဲ့သို့ ပွင့်ပွင့်လင်းလင်း ဖွင့်မေးခဲ့လျှင် ယခုကဲ့သို့ အချိန်ကြာနေမည် မဟုတ်ပါ။ ယခုမူ သူတို့ဘာသာရှာနေ၍ မရသည့်အဆုံးမှ ဖွင့်မေးလာခြင်းဖြစ်သည်။ အစကတည်းက ဖွင့်မေးခဲ့လျှင် စော်ဘွားကြီးကို ဖွက်ထားလေမည်လားဟု စိုးရိမ်နေရှာသလား မသိပေ။ မဟာဒေဝီ စဝ်နန်းသုစန္ဒီသည် သူ၏စိတ်ပျက်မှုကို မပေါ်လွင်စေဘဲ ဗိုလ်မှူးကြီး၏မျက်နှာကို ရဲရဲတင်းတင်း စိုက်ကြည့်လိုက်ပြီး -

"ကျွန်မယောကျ်ား ရန်ကုန်မှာ လွှတ်တော်တက်နေတယ်။"

ဟု တိုတိုတုတ်တုတ် ဖြေလိုက်၏။

ဤသည်ကိုပင် ဗိုလ်မှူးကြီးက -

www.burmeseclassic.com

www.burmeseclassic.com





သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်၏ အရှေ့ဟော်

"စော်ဘွားကြီး ရန်ကုန်မှာ မရှိဘူး။ ကျွန်တော်တို့ သူ့ကို ရှာမတွေ့ဘူး။"

ဟု စိတ်ဆိုးစွာနှင့် ပြန်ပြောသည်။

"ဟုတ်လား… အခုလည်း ဟော်တစ်ခုလုံး ရှာပြီးပြီပဲ။ ဘယ်မှာမှ ပုန်းမနေဘူးဆိုတာ ရှင်တို့ အသိပဲလေ"

ဟု စိတ်ပျက်သည့်လေသံဖြင့် မဟာဒေဝီက ဖြေလိုက်သည်။

စဝ်နန်းသုစန္ဒီသည် သမီးတော်လေး (၂) ပါးကို ခေါ်လိုက်၏။ သူတို့၏ခမည်းတော်ကို ရှာမတွေ့ဟု ဆို၍ စိတ်ထဲ၌ သက်သာရာရသွားသည်။ သူ၏စိတ်ပျော်ရွှင်မှုကို သမီးတော်လေး (၂)ပါးနှင့် မျှဝေခံစားလိုသည်။ သို့ဆိုလျှင် မောင်တော်အဖမ်းမခံရသေးပါကလားဟု တွေးလိုက်မိသည်။ ဗိုလ်ချုပ်ကြီးနေဝင်းလက်ထဲသို့လည်း မရောက်သေးပေ။ အသက်ရှင်လျက်ပင် ရှိသေးသည်ဟုလည်း တွေးလိုက်မိ၏။ သို့ဆိုက အရာရာအဆင်ပြေပြီး မောင်တော်နှင့် သူတို့နှစ်ပါး သူတို့၏ဘဝနှင့်အလုပ်များကို ဆက်၍စခန်းသွားနိုင်မည်ဟု၍လည်း ထင်လိုက်မိသည်။

သူတို့၏အလုပ်များမှာ တစ်သီတစ်တန်းကြီးဖြစ်၏။ မောင်တော်၏တာဝန်၊ ဝတ္တရားများနှင့်ပတ်သက်ပြီး သူ၏စိတ်ထဲတွင် တစ်ခုပြီးတစ်ခု ပေါ်လာသည်။ ထိုင်းသတ္တုတွင်းကုမ္ပဏီမှ ပို့လိုက်သည့် စက်ပစ္စည်းများသည် သင်္ဘောဖြင့် လာနေသည်။ ဘော်ကြို့တွင် စထားသည့် ဆားထွက်မှုမှာ အသင့်အနေအထားသို့ ရောက်နေပြီဖြစ်၏။ လွိုင်ကော်အနီး၌ စဝ်းသပ်စိုက်ပျိုးထားသည့် ကော်ဖီစိုက်ခင်းများမှာ အောင်မြင်နေသဖြင့် ထိုးချဲ့ရဦးမည်။ သီပေါ စော်ဘွားဖောင်ဒေးရှင်းဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ ပို့ထားသည့် ပညာတော်သင်များနှင့် ပတ်သက်၍ နောက်ထပ် ကျောင်းသားသစ်များကိုလည်း ခေါ်ယူရွေးချယ်ရန် ရှိသည်။

မဟာဒေဝီ စဝ်နန်းသုစန္ဒီ ကိုယ်တိုင်ဦးဆောင်ခဲ့သည့် သီပေါ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း နှင့် ပညာရေးဖောင်ဒေးရှင်းကိစ္စများကိုလည်း ဆက်လက်ဦးဆောင်ရန် ရှိသေးသည်။ သူ့အနေဖြင့် သီပေါ၌ယ်သူ

www.burmeseclassic.com

www.burmeseclassic.com



နယ်သားများ၏ အဖက်ဖက်မှ အကျိုးစီးပွားအတွက် ဦးဆောင်လုပ်ကိုင်ရမည့် အထက်ပါစီမံကိန်းများအတွက် စိတ်ပူနေသည်။ သူ့အနေဖြင့် သမီးတော်လေး (၂) ပါး၏ မယ်တော်သာ မဟုတ်ပေ၊ သီပေါတစ်နယ်လုံး၏ မယ်တော်ဖုရားဖြစ်သည်ကို သတိရလိုက်မိသည်။

၁၉၆၁ ခုနှစ်၊ မတ်လမှ ထိုနေ့သည် အချိန်ကုန်ခဲလှသည်။ ယခုမှ နံနက် (၈) နာရီသာ ရှိသေး၏။ သူတို့၏ အရှေ့ဟော်ကို စောင့်ရှောက်နေသည့် ရှမ်းသက်တော်စောင့်များကို ဖယ်ရှားလိုက်ပြီး မြန်မာစစ်သားများက နေရာဝင်ယူထားကြသည်။ ထို့ကြောင့် ဟော်အဝင်အဝမှ ကာကီရောင်ယူနီဖောင်းနှင့်ဖြစ်သော သက်တော်စောင့်များနေရာတွင် အစိမ်းရောင်ယူနီဖောင်းများက အစားဝင်လာသည်။ ထိုအစိမ်းရောင်ယူနီဖောင်းဝတ် စစ်သားများ၏ မျက်နှာကလည်း တင်းမာလှသည်။ ဟော်၏စားတော်ချက် စက်ဘီးဖြင့် ဈေးမှပြန်လာသည်ကို ရပ်တန့်ပြီး ဝယ်လာသည့်ပစ္စည်းများအားလုံးကို လက်ဆွဲခြင်းမှထုတ်ယူကာ ဇွေဇွေစပ်စပ် ရှာဖွေခံနေရသည်။ ဟော်တစ်ဝင်းလုံး ရှိသူများ အခွင့်မရဘဲ မည်သို့မျှ မထွက်ခွာရဟုလည်း အမိန့်ထုတ်ထားသည်။ မဟာဒေဝီ စဝ်နန်းသုစန္ဒီက ဤအမိန့်တွင် သူမလည်း အကျုံးဝင်နေသည်ကို သတိပြုလိုက်မိသည်။

ရေဒီယိုဖွင့်၍ နားထောင်လိုက်ရာ ခါတိုင်းကြားနေကျ တေးသံသာများကိုမကြားရဘဲ စစ်ချီသံများကိုသာ ကြားနေရသည်။ တပ်မတော်မှ အာဏာသိမ်းလိုက်သည့်သတင်းကို လွှင့်နေသည်။ လာနေကျ နေ့စဉ်သတင်းစာကလည်း မရောက်သေးပါ။ မဟာဒေဝီက တယ်လီဖုန်းဆက်ကြည့်သည်။ ရန်ကုန်၌ လွှတ်တော်တက်နေသည့် သူ၏မောင်တော်ကို ဆက်သွယ်ကြည့်ခြင်းဖြစ်၏။ ဆက်၍ မရပါ။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄)

မဟာဒေဝီစဝ်နန်းသုစန္ဒီသည် တယ်လီဖုန်းကို ဆက်၍ ဆက်၍ ခေါ်ကြည့်သည်။ မောင်တော်ကို ဆက်၍ မရသည့်အဆုံး မိတ်ဆွေဖြစ်သူ ဂျင်မီထံ ဆက်ကြည့်လိုက်၏။ တစ်ဖက်မှ ဂျင်မီ၏အသံကို တိုးတိုးလေး ကြားလိုက်ရသည်။

"ကျွန်တော်တို့အိမ်လည်း ရှာခံထိတယ်။ တစ်အိမ်လုံး မွှေနှောက်ရှာသွားတာပဲ။ သူတို့က စော်ဘွားကို ရှာနေကြတာ။"

"ဂျင်မီ... နင်က ဘာဖြေလိုက်လဲ၊"

ဟု မဟာဒေဝီက အော်၍ မေးလိုက်ရသည်။ တယ်လီဖုန်းသံက မကောင်းလှပါ။

"စော်ဘွား မနေ့ကတည်းက ရန်ကုန်က ပြန်သွားတယ်လို့ ဖြေလိုက်တယ်။ ဒါပေမယ့် သူတို့က ကျွန်တော့်ကို မယုံကြဘူး။"

ထိုသို့ပြောနေစဉ်တွင်၊ တယ်လီဖုန်းက ပျက်သွားသည်။

ဤမျှကြားလိုက်ရသည်ကိုပင် မဟာဒေဝီက ကျေနပ်သွားပါသည်။ သူ့မောင်တော်ကို မတွေ့သွားခြင်း ဆိုသည်ကပင် သူ့အဖို့ ကျေနပ်စရာဖြစ်သည်။ မောင်တော်အနေဖြင့် အိမ်အပြန်တောင်ကြီးကိုဝင်ပြီး မမာနေသည့် သူ့အစ်မတော်ကို ကြည့်ရန် အစီအစဉ်ရှိသည်။ မောင်တော်သည် တောင်ကြီး၌ပင် ရှိမည်။ သူ့နောင်တော်၏ အိမ်၌ နံနက်စာဝင်၍ စားချင်စားနေပြီဟု တွေးလိုက်မိသည်။ ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးနှင့် သီပေါတို့ တယ်လီဖုန်းအဆက်အသွယ် မရှိပါ။ စဝ်နန်းသုစန္ဒီက လားရှိုးသို့ ကားမောင်းသွားပြီး အင်္ဂါနေ့ ရန်ကုန်မှလာသည့် လေယာဉ်ပျံတွင် မောင်တော်ကို သွားကြိုမည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုလေယာဉ်ပျံသည် မန္တလေးနှင့် တောင်ကြီးမှ တစ်ဆင့် လားရှိုးသို့ လာရသည်။ တောင်ကြီးတွင် လေယာဉ်ပျံကွင်း မရှိပါ။ မောင်တော်သည် ဟဲဟိုးလေယာဉ်ကွင်းသို့ လာစီးရပေလိမ့်မည်။ မောင်တော်မပါလာသည့်တိုင်အောင် ထိုလေယာဉ်ပျံနှင့် လိုက်ပါလာသည့် မိတ်ဆွေ တစ်ဦးဦးမှ မောင်တော့်သတင်းကို ရနိုင်မည်ဟု တွေးလိုက်မိသည်။ မောင်တော်၏ ကိုယ်ရေးအတွင်းဝန် ပါကောင်း ပါလာနိုင်သည်။ သီပေါမှ လားရှိုးလေယာဉ်ပျံ ကွင်းသို့သွားရန် အချိန်မီသေးသည်။ လေယာဉ်ပျံသည် လားရှိုးကွင်းသို့ မွန်းတည့် (၁) နာရီထက် စော၍ မရောက်နိုင်ချေ။

မဟာဒေဝီစဝ်နန်းသုစန္ဒီက ကလေးများကို ကျောင်းသို့ လိုက်ပို့လိုက်၏။ သမီးတော်လေး (၂)ပါးက နံနက်မှ ဖြစ်စဉ်များအကြောင်းကို သိလှသည် မဟုတ်ပါ။ သမီးတော်လေးများကိုကြည့်ပြီး မဟာဒေဝီက သဘောကျနေ

www.burmeseclassic.com

www.burmeseclassic.com



သီပေါစော်ဘွားကြီး စဝ်ကြာဆိုင် + မဟာဒေဝီ စဝ်နန်းသုစန္ဒီနှင့် သမီးတော်(၂)ပါး

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့လေးများ၏ အနက်ရောင်ဆံပင်များနှင့် မျက်လုံးများသည် သူတို့ခမည်းတော်ဘက်သို့လိုက်၍ ဖြစ်၏။ သူတို့၏ အသားအရောင်နှင့် ဥရောပမျက်နှာပေါက်ကမူ သူမဘက်သို့လိုက်သည်ဟု ထင်ရသည်။ ကလေးများပြီပြီ တမာပင်များအောက်၌ သဘော်ခွေးလေးများကို လိုက်ဖမ်းနေသည်။ ဘာအရာကိုမျှ အလေးအနက်ထားကြပုံ မရချေ။ ဟော်ဝင်းအတွင်းမှ အစောင့်အရှောက်များ၏ ယူနီဖောင်းအရောင် ကာကီရောင်မှ အစိမ်းရောင်ပြောင်းသွားသည်ကိုပင် သတိထားမိကြပုံမရပေ။

မဟာဒေဝီ စဝ်နန်းသုစန္ဒီက တစ်ယောက်တည်းပင် နံနက်စာကို စားလိုက်ရသည်။ မောင်တော်မရှိ၍ အထီးကျန်လှသည်။ ခါတိုင်းဆိုလျှင် မောင်တော်နှင့် နှစ်ပါးအတူ စားနေကျဖြစ်၏။ နံနက်စာစားနေသည့် ထမင်းစားခန်းမှ စားပွဲရှည်ကြီးသည် လူ (၂၀) စားနိုင်သည့်စားပွဲကြီး ဖြစ်သည်။ ပြတင်းပေါက်မှ နေရောင်ခြည်များက စားပွဲကြီးပေါ်မှ ပေါလစ်ရောင်နှင့်ရောပြီး တောက်ပြောင်နေ၏။ စဝ်နန်းသုစန္ဒီက သူ့အတွေးနှင့်သူ ပြုံးနေသည်ကို စားပွဲထိုး "ကောလင်း"က မြင်ပြီး ခေါင်းညိတ်သွားသည်။ သူတို့သခင်မ နံနက်က အဖြစ်အပျက်များကြောင့် စိတ်ဆင်းရဲပုံမပေါ်ဟု ထင်သွားပုံရ၏။ သူတို့၏သခင်မသာမက အရှင်သခင် စော်ဘွားကြီးကိုယ်တိုင်ကိုပင် မည်သည့် မကောင်းဆိုးဝါးကမျှ ဒုက္ခပေးနိုင်လိမ့်မည် မဟုတ်ဟု ယုံကြည်နေသည်။ သူတို့အရှင်များ၏ ဘုန်းကံပါရမီကို ယုံကြည်သည်။ "ကောလင်း"၏ မျက်နှာမှတစ်ပါး လက်နှင့်ကိုယ်ခန္ဓာတစ်ခုလုံးတွင် ဆေးမှင်ကြောင်ထိုးထားရာ၊ တစ်ကိုယ်လုံး နက်မှောင်နေပေတော့သည်။ မဟာဒေဝီသည် "ကောလင်း"ကိုကြည့်ပြီး ပြုံးလိုက်ပြီးနောက် မီးကင်ထားသည့်ပေါင်မုန့်ကို မာလကာသီးယိုဖြင့် သုတ်နေစဉ် ဂျစ်ကားသံများ ဟော်အရှေ့သို့ ဝင်လာသည်ကို သတိပြုမိသည်။ မောင်တော် ရန်ကုန်မှ လေယာဉ်ပျံဖြင့် ပြန်လာလျှင်လည်း ဤအချိန်တွင် မရောက်နိုင်သေးပါ။ ကိုယ်ရေးအတွင်းဝန်ဆိုလျှင်လည်း သူ့တွင်ဂျစ်ကား (၁) စီးသာရှိသည်။ သို့ကြောင့် ဤအသံများသည် စစ်ကားများ ဝင်လာသည့် အသံများသာဖြစ်မည်ဟု မဟာဒေဝီ၏ စိတ်ထဲတွင် အလိုလို သိနေမိသည်။

မဟာဒေဝီ၏အတွေး မှန်သွားသည်။ ဟော်အရှေ့မှ ကားလမ်းပေါ်တွင် လက်နက်အပြည့်အစုံတပ်ဆင်ထားသည့် မြန်မာစစ်သားများက နေရာယူထားသည်။ အရာရှိ (၃) ယောက်က ရှမ်းသက်တော်စောင့် ခေါင်းဆောင် ဘကုံးနှင့် တပည့်များ၊ ကားမောင်းသမားများကိုပါ ရပ်နေကြရန် အမိန့်ပေးနေသည်။ ထို့နောက် သက်တော်စောင့်များနှင့် ကားမောင်းသမားများကို လက်ထိပ်ခတ်လိုက်သည်။ ရန်း၍ နရင်းရိုက်လိုက်ပြီး ရိုင်ဖယ်ဒင်နှင့် ဆောင့်ထည့်လိုက်သည်။ ထိုသို့ အနိုင်ကျင့်နေသည်ကို မဟာဒေဝီ စဝ်နန်းသုစန္ဒီက ကြာရှည်စွာ ကြည့်မနေနိုင်တော့ပါ။

"ရပ်လိုက်စမ်း… နင်တို့ ငါ့လူတွေကို ဒီလိုမလုပ်ရဘူး။"

ဟု အော်ပြောလိုက်သည်။

အရာရှိ ( ၃)ယောက်ထဲမှ ဗိုလ်ကြီး (၁)ယောက်က လေသံမာမာဖြင့်-

"ဒီလူတွေကို မသက်ာလို့ ခေါ်သွားဖို့ အမိန့်ရထားတယ်။ သီပေါနယ်က အရာရှိများနဲ့ စော်ဘွားကြီးရဲ့ အတွင်းဝန်၊ နောက်ပြီး ကားပြင်ဆရာကိုပါမကျန် ဌာနချုပ်ကို ခေါ်စစ်ဖို့လည်း အမိန့်ပါတယ်။"

မဟာဒေဝီ စဝ်နန်းသုစန္ဒီသည် ဗိုလ်ကြီးဆိုသူကို မည်သို့မျှ ပြန်မပြောနေတော့ဘဲ သူ့ဝန်ထမ်းများဘက်ကိုသာ လှည့်ပြီး -

"မင်းတို့ရဲ့ သားမယားများအတွက် ဘာမျှစိတ်ပူမနေကြနဲ့။ သခင်မက သူတို့အားလုံးအတွက် တာဝန်ယူမယ်။"

ဟုသာ ပြောလိုက်ရသည်။ သို့သော် ဗိုလ်ကြီးဆိုသူက ပြောရန် စကားမကုန်သေးပါ။ မဟာဒေဝီက သူ့ကို အရေးထားပုံမပေါ်၍ မဟာဒေဝီရှေ့သို့လာပြီး-

"မဟာဒေဝီခင်ဗျား… ကျွန်တော့်အနေနဲ့ မဟာဒေဝီကို ဖတ်ပြဖို့ အထက်က အမိန့်ပါလာပါတယ်။"

ဟုပြောသောအခါ မဟာဒေဝီ စဝ်နန်းသုစန္ဒီသည် ထိုဗိုလ်ကြီးဆိုသူ၏မျက်နှာကို စိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟာဒေဝီအနေနဲ့ ဗိုလ်မှူးကြီးထံမှ အထူးအမိန့်မရဘဲ အရှေ့ဟော်က ဘယ်ကိုမှ မသွားရ။ မည်သည့် ဧည့်သည်ကိုမှလည်း လက်ခံပြီး မတွေ့ဆုံရ။ မည်သူ့ထံမှလည်း တယ်လီဖုန်း မဆက်သွယ်ရပါဘူးခင်ဗျား။ မဟာဒေဝီထံ လာသမျှစာများကိုလည်း တာဝန်ရှိသူများထံမှတစ်ဆင့်သာ လာပါလိမ့်မည်။"

ဟု စာဖတ်ပြီး ပြောပါသည်။ မဟာဒေဝီသည် ပြောင်လောင်သည့်အသံဖြင့် -

"နောက်... ကျန်သေးသလား။"

ဟု မေးလိုက်သည်။

"မကျန်တော့ပါဘူးခင်ဗျား။"

ဟူ၍ ဗိုလ်ကြီးဆိုသူက ဖြေလိုက်၏။ မဟာဒေဝီလည်း အရှေ့ဟော်အတွင်းသို့ ခေါင်းမတ်၍ ရင်ကော့ကာ ဂရုမစိုက်သည့်ဟန်ဖြင့် ဝင်သွားသည်။ သူ၏ အခြေအရုံများကို ဤအမိန့်များပြောပြရန် ဖြစ်သည်။ သူတစ်ဦးတည်း အိပ်ခန်းအတွင်းသို့ရောက်သောအခါမှ မျက်ရည်များကို သွန်ချပေလိမ့်မည်။

ဤသို့ သီပေါအရှေ့ဟော်၌ ဖြစ်ပျက်နေစဉ်၊ ဟော်၏အရှင်သခင် စော်ဘွားကြီး စဝ်ကြာဆိုင်အနေနှင့် တစ်ဖက်၌ ဖြစ်နေရပုံမှာ -

ထောင့်လေးထောင့်တွင် အစောင့်လေးယောက်ချထားသည့် အခန်းတွင်းတစ်နေရာမှ စဝ်ကြာဆိုင်သည် အစောင့်များကို ကျူထရံအတွင်းမှ မမြင်ရသော်လည်း သူတို့၏အသံများကို ကြားနေရသည်။ သူတို့ပြောပုံအရ သူ့အနေနှင့် မည်သို့မျှ ထွက်မပြေးနိုင်ပါ။ ထွက်ပြေးရန် ကြိုးစားလျှင်လည်း အစောင့်များကို သတ်မိန့်ပေးထား သည် ဆိုသည်။ သို့သော် သူ့အနေနှင့် လွတ်လိုသည်။ လွတ်ပြီး သူ့မဟာဒေဝီနှင့် သမီးတော်လေး (၂) ပါးကို တွေ့ချင်သည်။ နံနက်တွင် သူ့ကို လွတ်လိမ့်မည်ဟု မျှော်လင့်နေသည်။ ယခုလောက်ဆိုလျှင် ဝန်ကြီးချုပ်က သူ့ကို မတရားဖမ်းဆီးထားမှုနှင့် ပတ်သက်ပြီး သိလောက်ပေပြီ။

ယခု... ညအခါဖြစ်သည်။ အိပ်စက်၍ အားမွေးရပေမည်။ သူဖျာပေါ်တွင် ခြေဆန့်ထုတ်လိုက်သော်လည်း အိပ်မပျော်ပါ။ သူ၏ခေါင်းပတ်လည်တွင် ခြင်များ ဝဲနေသည်။ သူဆေးလိပ်ဖြတ်လိုက်မိသည်ကို သတိရနေသည်။ သို့မဟုတ်က ဆေးလိပ်ခိုးများကြောင့် ခြင်များ ပျောက်သွားနိုင်သည်။ အိပ်မပျော်၍ တရားမှတ်ကြည့်သည်။ ခါတိုင်းဆိုလျှင် ဤသို့ပြုက ကြောင့်ကျမှုများ ကွယ်ပျောက်၍ အိပ်ပျော်သွားရ၏။ သည်ညက တစ်မျိုးဖြစ်နေသည်။ မည်သို့ပင် တရားမှတ်စေကာမူ အိပ်ပျော်ဖို့နေနေသာ တရားမှတ်၍ပင် မရပါ။

သူထောင်ကျနေသည်ကို မည်သည့်ပုဒ်မဖြင့် ဖမ်းထားသည်ဟု မသိရပါ။ လွန်ခဲ့သည့် နှစ်အနည်းငယ် ကမူ သူ့အနေဖြင့် မြန်မာစစ်တပ်နှင့် အဆင်မချောခဲ့ပါ။ ယနေ့စစ်သားများက သူ့ကားကိုရပ်ပြီး ဗထူးမြို့သို့ခေါ်လာ ကာ ဤအခန်းငယ်အတွင်းတွင် အကျဉ်းချထားသည်။ ဤညအဖို့တော့ မည်သည့်အဖြေမျှ ရမည်မဟုတ် ဆိုသည်ကို စဝ်ကြာဆိုင် ကောင်းစွာသိလိုက်သည်။

သူ့အတွေးများက သူ့မဟာဒေဝီ စဝ်နန်းသုစန္ဒီထံ ရောက်သွားပြန်၏။ သူမသည် သူ့ကိုချစ်သည့်စိတ် တစ်ခုတည်းဖြင့် ဩစတြီးရီးယားမှ ရှမ်းပြည်နယ်သို့ လိုက်လာခဲ့သည်။ သူ၏ မဟာဒေဝီဖြစ်နေသည်မှာ (၁၀) နှစ်ရှိပြီ။ ယခုအချိန်ဆိုလျှင် သူအိပ်လောက်ပြီ။ သမီးတော်လေး (၂) ပါးလည်း သူမဘေးတွင် အိပ်နေပေလိမ့်မည်။ သူ၏ အရိုးအရပ်၏ကောင်းခြင်း၊ ဒုးနားအထိရောက်သော အညိုရောင်ဆံပင်၏ကောင်းခြင်းများကို မဆီမဆိုင် သွား၍သတိရမိသည်။ သူယခုကဲ့သို့ အဖမ်းခံနေရသည်ကို သိမည်ဆိုလျှင် သူ့အနေဖြင့် မည်မျှစိတ်ပူပန်လိုက်လိမ့် မည်နည်း။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅)

စော်ဘွားကြီးစဝ်ကြာဆိုင်အနေဖြင့် သူ၏မဟာဒေဝီအတွက် လုံခြုံမှုမှ ရှိပါလေရဲ့လားဟု တွေးပူနေသည်။ ကောင်းကောင်းမွန်မွန် ရှိနေမှာပါဟူ၍ သူ့စိတ်ကိုသူ အားပေးပြီး ဖြေလိုက်ရသည်။ သို့သော် သူနှင့် ပြန်မှ တွေ့ဆုံနိုင်ပါဦးမည်လားဟုလည်း စိတ်ထဲ၌ စိုးရိမ်နေသည်။ သူတို့နှစ်ယောက်ဘဝတွင် သူက သူ့ပြည်နယ်အတွက် အကျိုးရှိမည့်သတ္တုများကိုသာ ရှာဖွေနေသည်။ သူကမူ ဒေသခံသစ်ခွရိုင်းများကို စိတ်ဝင်စား၍ ရှာဖွေစေသည်။ သူ့အနေဖြင့် ယခုအခါ ဝါးတဲကလေးထဲတွင် အိပ်နေရသည်။ သူ့ဝါးတဲနှင့် အနီးအနားမှ ဝါးတဲများကို အစောင့်အရှောက်များက ပြင်ပမှစောင့်ပေးနေသည်မှာ သူ့ကိုစောင့်ခြင်းမဟုတ်၊ အသက်အန္တရာယ်ပေးနိုင်သည့် ကျားများ မလာနိုင်ရန် စောင့်ပေးနေကြခြင်း ဖြစ်သည်။ ခြင်ထောင်ဖြင့်အိပ်ရသော်လည်း ခြင်ထောင်ပြင်ပမှ ခြင်များဝဲနေသည့်အသံကို ကြားနေရသည်။ ခါတိုင်းဆိုလျှင် ယခုလိုအချိန်မျိုး၌ အရှေ့ဟော်မှ အိပ်ခန်းဆောင်တွင် သမီးတော်လေး (၂) ပါးနှင့်အတူ အိပ်နေကြပြီဖြစ်သည်။ မဟာဒေဝီ စဝ်နန်းသုစန္ဒီ၏ ရယ်ကာမောကာ ပျော်ရွှင်နေပုံများကိုလည်း စိတ်အစဉ်တွင် ပေါ်လာသည်။ ယခုနေများ သူ့ကိုသူ ရှာတွေ့ပြီး အားပေးနှစ်သိမ့်လိမ့်မည်ဆိုလျှင် မည်မျှကောင်းပါမည်နည်းဟု စိတ်ကူးယဉ်မိသည်။

စဝ်ကြာဆိုင်သည် အိပ်မပျော်၍ အိပ်ယာပေါ်တွင် ထထိုင်လိုက်ရသည်။ သူ့ဘေး၌ အခြားလူတစ်ဦး အိပ်ပျော်နေသည်မှာ ကြာပေပြီ။ ညဉ့်နက်လာပြီဖြစ်၍ တဲပြင်မှ အစောင့်အရှောက်များ၏ လှုပ်ရှားသံကိုလည်း မကြားရတော့ပါ။ သူ့ဘေးတွင် အိပ်နေသူမှာ ယူနီဖောင်းဝတ်စုံနှင့် ဖြစ်သည်။ ထိုသူသည် သူ့ကို ဒုက္ခပေးမည်သူလော၊ ကူညီမည့်သူလော ဆိုသည့်အတွေးများက သူ့ခေါင်းထဲသို့ ဝင်လာပြန်သည်။ ထို့ကြောင့် ထိုသူကို သတိထား၍ ကြည့်နေရသည်။

"ကျွန်တော်က စော်ဘွားကြီးကို စောင့်ပေးနေရတဲ့ အစောင့်တစ်ယောက်ပါ။ ကချင်မျိုးနွယ်စုဝင်တစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော့်ဦးလေးဟာ စော်ဘွားကြီးရဲ့ ရဲအဖွဲ့ဝင်အနေနဲ့ ယခင်က တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။"

ဟု လေသံတိုးတိုးနှင့် မြန်မာလို ကချင်သံဝဲဝဲဖြင့် စော်ဘွားကြီးကို စကားပြောလာသည်။ စော်ဘွားကြီးက–

"ကျုပ်ကို ဘာဖြစ်လို့ ဒါတွေလာပြောနေတာလဲ။"

"ကျွန်တော့်အဖေက အိပ်ပျော်နေလို့ စော်ဘွားကြီးကို ကူညီချင်တာကြောင့်ပါ။"

"ဒီနေရာကနေ ကျုပ်ကို လွတ်အောင် လုပ်ပေးနိုင်မလား။"

"ဒါတော့ မရဘူးခင်ဗျား၊ ဒီလိုလုပ်ဖို့ ခဲယဉ်းပါတယ်။ ဒါပေမယ့် စော်ဘွားကြီးရဲ့ မဟာဒေဝီဆီကို‌ပေးစာ (၁) စောင်လောက် ပို့ပေးနိုင်ပါလိမ့်မယ်။"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပါသည်။

စဝ်ကြာဆိုင်အနေဖြင့် သည်အခွင့်အရေးမျိုးကို လက်လွှတ်ခံ၍ မဖြစ်ပါ။ သူယခုကဲ့သို့ အဖမ်းခံနေရသည်ကို မည်သူမျှ မသိနိုင်ပါ။ ထို့ကြောင့် သူ၏မဟာဒေဝီထံ စာရေးရန် ဘောင်းဘီအိတ်ထဲမှ ပြက္ခဒိန်ပါသည့် မှတ်စုစာအုပ်ကလေးကို ယူထုတ်ပြီး ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့စွဲဖြင့် မဟာဒေဝီထံ စာရေးလိုက်သည်။ စာထဲတွင်-

"အချစ်ရေ... ကိုယ်အခု ဗထူးမြို့စစ်တပ်ထဲက အချုပ်ခန်းထဲမှာ ရောက်နေတယ်။ ကိုယ်နေကောင်းပါတယ်။"

ဟု ရေးပေးလိုက်သည်။ ထိုကချင်အစောင့်တပ်သားသည် မီးခြစ်၍ ဆေးလိပ်မီးညှိလိုက်၏။ သူ့ဆေးလိပ်က အလုံးတုတ်တုတ် ဆေးပေါ့လိပ်ကြီးဖြစ်၍၊ တစ်ခါရှိုက်လိုက်တိုင်း၊ ရှိုက်လိုက်တိုင်း၊ မီးရောင်က လင်း၍ လင်း၍ သွား၏။ ထိုကချင်အစောင့်တပ်သားကပင် စာအိတ်တစ်အိတ် ထုတ်ပေးလိုက်ပါသေးသည်။ စဝ်ကြာဆိုင်သည် ထိုသူကို အိတ်ထဲမှ ငွေတစ်ရာထုတ်ပြီး ပေးလိုက်သည်။ သို့သော် သူကယူရန် ငြင်းဆိုပါသည်။ သူယခုကဲ့သို့ ကူညီသည်မှာ ငွေရေးကြေးရေးကြောင့်မဟုတ်၊ သူကိုယ်တိုင်ကိုကကို တောင်ပေါ်သားတစ်ယောက် ဖြစ်နေ၍ ဖြစ်ပါသည်ဟု ပြန်ပြောပါသည်။

ထိုကချင်တပ်သား ထွက်သွားသောအခါ စဝ်ကြာဆိုင်သည် အတိုးကျန် ပြန်ဖြစ်သွားသည်။ သူ့စိတ်များက သူ့ကို သူ၏နောင်တော်ကားထဲမှ တောင်ကြီးဂိတ်တွင် စစ်သားများစစ်ဆေးရန် ခေါ်ထုတ်သည်ကို ပြန်၍ တွေးနေသည်။ သူ့စိတ်အစဉ်သည် ထိုနေ့က သူ့နောင်တော်အိမ်တွင် နံနက်စာစားပြီး ထွက်သည်မှ ယခုစစ်တပ်ထဲတွင် အချုပ်ခံနေရသည်အထိကို မြင်ယောင်နေ၏။ သူ့မရီးတော်က သူ့နောင်တော်ကို ထိုနေ့ နံနက် (၄) နာရီက ရှမ်းပြည်နယ်ကောင်စီ အစည်းအဝေးခန်းမသို့ ခေါ်ဆောင်သွားသည့်အကြောင်းကို လည်းကောင်း၊ အချိန်မဟုတ် အခါမဟုတ် ခေါ်ဆောင်သွား၍ စိုးရိမ်ပူပန်နေခဲ့ရသည့်အကြောင်းကို လည်းကောင်း ပြန်ပြောခဲ့သေးသည်။ ထိုစဉ်ကတည်းကပင် သူ့စိတ်များက လေးနေသည်။ နံနက်စာစားပြီးသည်နှင့် သူနှင့် သူ့ဒါရိုင်ဘာတို့သည် သူ့နောင်တော်၏ကားဖြင့် တောင်ပေါ်မှ ဟဲဟိုးလေဆိပ်သို့ ဆင်းလာခဲ့သည်။ တောင်ကြီးက လမ်းများပေါ်တွင် စစ်သားအများအပြား ရှိနေသည်ကို သတိထားမိသည်။ တောင်ကြီးမြို့အထွက် ဂိတ်သို့ရောက်သောအခါ ကားများအားလုံးကိုရပ်ပြီး စစ်သားများက စစ်ဆေးနေသည်။ မြန်မာအရာရှိများက သူ့ကားဆီ ပြေးလာပြီး-

"သီပေါစော်ဘွားကြီး ကားထဲမှာပါသလား ခင်ဗျား။"

ဟုမေးကြ၍ -

"ဟုတ်ကဲ့... ကျွန်တော် သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်ပါပဲ။ အခု... ဘာတွေဖြစ်နေတာလဲ။"

"ကျေးဇူးပြုပြီး ကျွန်တော်တို့ရဲ့ ဂိတ်အဆောင်ထဲကို ခဏကြွပါ။"

ထိုသို့ပြောပြီး စော်ဘွားကြီး၏ ကားတံခါးကို အရာရှိတစ်ယောက်က ဖွင့်ပေးလိုက်သည်။ စဝ်ကြာဆိုင်သည် ဂိတ်အဆောင်ထဲသို့ ဝင်သွားသောအခါ၊ အရာရှိတစ်ယောက်က စဝ်ကြာဆိုင်၏ ကားမောင်းသမားကို ကားပေါ်မှ ပစ္စည်းများမချဘဲ ကားကို တောင်ကြီးသို့ ပြန်မောင်းသွားရန် အမိန့်ပေးလိုက်သည်။

ထိုအချိန်ကစပြီး ယခုကဲ့သို့ ဗထူးမြို့ စစ်တပ်ထဲမှ အချုပ်ထဲသို့ ရောက်နေရသည်မှာ (၁၆) နာရီခန့် ကြာသွားပြီ ဖြစ်သည်။ သူဘာများလုပ်ခဲ့မိ၍ ဤကဲ့သို့ ဖြစ်ရသည်ကို ဘာမျှ မသိရသေးပါ။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် မည်သို့ဖြစ်သွားပြီနည်း၊ ပါလီမန်အမတ်တစ်ယောက်ကို ယခုကဲ့သို့ မဆိုထားနှင့် တစ်ရက်ပင် ဖမ်းဆီးထား၍မရပါ။ ထိုနေ့က အဖြစ်အပျက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနာဂတ်အတွက် ရင်လေးစရာပင် ဖြစ်တော့သည်။

စဝ်ကြာဆိုင် မည်ကဲ့သို့မျှ စိတ်မရှည်နိုင်တော့ပါ။ အိပ်ရေးလည်း ပျက်လှပြီ။ သူ့အနေဖြင့် အိပ်ရေးဝဝ

www.burmeseclassic.com

www.burmeseclassic.com



အိပ်စက်ရန်လိုသည်။ ပူပန်ရခြင်းသောကကြောင့် စိတ်ပျက်လှပြီဖြစ်သည်။ သူ့စိတ်များက သူ့မဟာဒေဝီနှင့် သမီးတော်လေး (၂) ပါးထံ ရောက်နေသည်။ သူတို့နှင့် ပျော်ကာ၊ ရွှင်ကာ၊ ရယ်မောကာ နေခဲ့ရသည့်အချိန်များနှင့် ရက်များကို ပြန်၍ တမ်းတသတိရနေသည်။ ယခုကဲ့သို့ အကျဉ်းခံနေရသည်မှ အမြန်ဆုံး လွတ်မြောက်ချင်လှပြီ ဖြစ်သည်။

စဝ်ကြာဆိုင်သည် တောကြက်တစ်ကောင်၏တွန်သံဖြင့် နံနက်စောစော မိုးမသောက်မီ နိုးလာသည်။ နံနက် (၄) နာရီခွဲသာ ရှိသေးသည်။ သူ့စိတ်ထဲတွင် စိတ်ချောက်လှန့်မှုများ၊ စိတ်ပူပန်မှုများ၊ စိတ်ကြောက်ရွံ့မှုများက ရှိနေသေးသည်။ သူသည် ပြတင်းပေါက်မရှိသည့် ဝါးတဲမှ အခန်းတစ်ခန်းအတွင်း ရောက်နေသည်။ ပြင်ပလောကနှင့် အဆက်ပြတ်နေသည်။ သူ့ဘဝသည် သူ့ကိုဖမ်းဆီးချုပ်နှောင်ထားသူများ၏ အသနားခံဘဝကို ရောက်နေပြီလော။

ထိုအချိန်က စဝ်ကြာဆိုင်၏ တစ်ခုတည်းသောဆန္ဒမှာ သူ့အိမ် ပြန်ရောက်ရန်သာ ဖြစ်သည်။ မိသားစုနှင့် ထုပ်ပိုးပြီး အမေရိကားမှာ သတ္တုတွင်းများရှိရာ မြို့လေးတစ်မြို့ကို ပြောင်းသွားကာ သူ့ဘဝအနာဂတ်ကို လွတ်လွတ်လပ်လပ် ဖန်တီးချင်နေသည်။

အမှန်တော့ ကိုလိုရာဒို သတ္တုပညာသင်တက္ကသိုလ်မှ ထွက်လာကတည်းက၊ သူ့အတွက် အလုပ်ရှိနေပါသည်။ သို့သော် ထိုအလုပ်နှင့် ဘဝတွင် အေးအေးဆေးဆေး မနေနိုင်ဘဲ သူ့လူမျိုး သူ့ဒေသ၊ သူ့ပြည်နယ်အတွက် ပြန်လာခဲ့ခြင်းဖြစ်သည်။ သူ့ပြည်နယ်၊ သူ့ဒေသမှ သူ့လူမျိုးများကလည်း သူတို့ကိုဦးဆောင်မည့်သူကို မျှော်နေကြသည်။ သူ့အတွေးများသည် ဘွတ်ဖိနပ်သံများအနီးသို့ ရောက်လာသဖြင့် လက်ရှိဘဝသို့ ပြန်ရောက်လာသည်။ သူ့ဝါးတဲခန်းမှ ဝါးတံခါးကို ဖွင့်လိုက်သောအခါမှ အလင်းရောင်ကို မြင်လိုက်ရ၏။ တပ်မတော်ထောက်လှမ်းရေးတပ်မှ မြန်မာအရာရှိတစ်ဦး ဝင်လာသည်။ ထိုသူ့ကိုသူ မြင်ဖူးသည်ဟု ထင်သည်။ ဟုတ်ပါသည်။ မြင်ဖူးခဲ့ပါသည်။ သူ့သီပေါနယ်မှ သူကြီး (၄) ယောက်သည် ထိုသူ၏ လျှပ်စစ်ဝါယာနှင့်တို့ပြီး နှိပ်စက်မှုကြောင့် သေဆုံးသွားရသည်ကို မှတ်မိနေသည်။ ထိုစဉ်က အကြီးအကဲလုပ်သူမှ ဤသူများသည် ရှမ်းသူပုန်များ၏ လက်ဝေခံများဖြစ်၍ ယခုလို မှတ်လောက်သားလောက်အောင် ပညာပေးရပါသည်ဟု ရှင်းပြခဲ့သည်ကိုလည်း မှတ်မိနေပါသည်။ ထိုသူက-

"ကျွန်တော် မိုလ်ကြီးစံလွင်ပါ။ ခင်ဗျားကို မေးခွန်းနည်းနည်းပါးပါး မေးချင်ပါတယ်။"

ဟု ပြောပြီး မြေပေါ်တွင် သစ်ပင်ပေါက်နေသည့်အလား မတ်မတ်၊ တောင့်တောင့် ရပ်နေပါသည်။

"ကျွန်တော်က ပါလီမန်အမတ်တစ်ယောက်ပါ။ ကျွန်တော့်အနေနဲ့ အရှေ့ပိုင်းတိုင်း၊ တိုင်းမှူး မိုလ်မှူးကြီး မောင်ရွှေကို တွေ့ပါရစေ။"

"ဒါက လုံးဝမဖြစ်နိုင်ပါဘူး။ ကျွန်တော်မေးတဲ့မေးခွန်းတွေကို အရင်ဖြေပါ။ ကျွန်တော်ခင်ဗျားကို ကူညီချင်ပါတယ်။ ကျွန်တော့်ကို ယုံပါ။ ဦးဆုံး ခင်ဗျားအနေနဲ့ ကျွန်တော်တို့သိလိုတဲ့ သတင်းကို ကျေးဇူးပြုပြီး အရင်ဖြေစေချင်ပါတယ်။"

ဟု ချိုချိုသာသာနှင့်ပင် ပြန်၍ ပြောပါသည်။

"ကျွန်တော့်ဆန္ဒကို ထုတ်ဖော်ပြီးပြီ။ ဘာမှ ထပ်မပြောချင်ဘူး။"

ဟု ပြောပြီး စဝ်ကြာဆိုင်က ထိုမိုလ်ကြီးဆိုသူကို ကျောပေးနေလိုက်သည်။

သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်၏ အပြုအမူကြောင့် မိုလ်ကြီးစံလွင်မှာ စိတ်အနှောင့်အယှက်ဖြစ်သွားရသည်။ သူ့အထက်လူကြီးများထံသို့ စဝ်ကြာဆိုင်ထံမှ မည်သည့်သတင်းကိုမျှ ပြန်မပို့နိုင်လျှင် သူမျက်နှာပျက်ရတော့မည်။

"ကောင်းပြီ… ခင်ဗျား တစ်နေ့ နောင်တရလိမ့်မယ်။"

ဟုပြောပြီး အခန်းအတွင်းမှ ဒေါသဖြင့် ထွက်ခွာသွားသည်။

အပြင်ဘက်၌ အမှောင်ဖုံးနေပြီ ဖြစ်သည်။ အပြင်မှ အလင်းရောင်ဖျော့ဖျော့သည် ဝါးကျူထရံများကြားမှ

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းသို့ ဝင်ရောက်လာသည်။ ဗိုလ်ကြီးဆိုသူ၏ ခြေဆောင့်ထွက်သွားသော ဘွတ်ဖိနပ်သံက ဝေး၍ ဝေး၍ သွား၏။

စဝ်ကြာဆိုင်သည် အိပ်ရာပေါ်မှ ဖျာပေါ်တွင် ထိုင်လိုက်ပြီး စိတ်ငြိမ်အောင် တရားထိုင်ကြည့်သည်။ သူ့မျက်လုံးများကိုပိတ်ပြီး အသက်ပြင်းပြင်းရှူကာ ထွက်လေကို နှာသီးဖျားတွင်ထား၍ မှတ်နေသည်။ ထိုစဉ်၊ စကားသံကြား၍ နားစွင့်လိုက်၏။

"ကျွန်တော်ပါ… စော်ဘွားကြီး၊ လူစားမရောက်မီအချိန်အထိ ကျွန်တော်တစ်ယောက်တည်း တာဝန်ကျနေပါတယ်။ ကျွန်တော်အရင်ညက ပြောခဲ့တဲ့အတိုင်း ကချင်စစ်သားဆိုတော့ ကျွန်တော်တို့ ကချင်မျိုးနွယ်စုအပေါ်မှာပဲ သစ္စာရှိနိုင်ပါ့မယ်။ ကျွန်တော်တို့ကချင်များက စော်ဘွားကြီးကို ရိုသေလေးစားတဲ့အတွက် အကူအညီပေးချင်တာပါ။"

ဆိုသည့် တိုးတိုးပြောလိုက်သံကို စဝ်ကြာဆိုင် ကြားလိုက်ရသည်။ အခန်းတံခါးက အနည်းငယ်ဟနေ၍ စဝ်ကြာဆိုင်သည် ထိုသူကို ကောင်းကောင်းမြင်ရသည်။ ထိုသူသည် ဖိနပ်ကိုချွတ်၍ ဝင်လာ၏။ စော်ဘွားကြီးကို အရိုအသေပြုသည့်သဘောပင် ဖြစ်သည်။ သူ့ထံ၌ သေနတ် မတွေ့ရပါ။ သူ့မျက်နှာမှ နှာခေါင်းကို ထင်ထင်ရှားရှား မြင်လိုက်သောအခါ သူသည် တောင်ပေါ်သားတစ်ယောက် ဖြစ်သည်ဆိုသည်ကို သေချာသွားသည်။

"မင်း… ငါ့ကို ဘာလုပ်ပေးလို့ရမယ်ထင်သလဲ၊"

"စော်ဘွားကြီးဆီက မဟာဒေဝီအတွက် နောက်ထပ်စာတစ်စောင်ရေးပေးရင်၊ တစ်ခြားနည်းလမ်းတစ်ခုနဲ့ ရောက်အောင် ပို့ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ မဟာဒေဝီဟာ စော်ဘွားကြီးအတွက် စိတ်ပူနေမှာအမှန်ပါပဲ။" သူ့စကားကို ကြားလျှင်ကြားခြင်း စဝ်ကြာဆိုင်သည် အိတ်ထဲမှ စာရွက်တစ်ရွက်ကို ချက်ချင်းထုတ်ပြီး သူ့မဟာဒေဝီထံ စာရေးလိုက်ပြန်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၆)

**အချစ်ရေ…**

*မောင်တော်ဟာ ဒီစာကို တိတ်တိတ်ကလေး ရေးလိုက်ရတာပါ။ အခုဆိုရင် ရပ်စောက်က ဗထူးမြို့ထဲမှာရှိတဲ့ စစ်တပ်အချုပ်ခန်းထဲက ရေးလိုက်ရတာပါ။ ခင်မောင်ချိုးကတစ်ဆင့် တော်မီကလစ်ကို မောင်တော့်လွတ်မြောက်ရေးအတွက် သူ့အရှိန်အဝါ သုံးပေးပါလို့ ပြောပေးပါ။ ကိုလှမိုးလည်း ရှိသေးတယ်လေ။ မီလီကလည်း ကူညီနိုင်လိမ့်မယ်။ မင်းကို တမ်းတလျက်ပါ။ ဒီကအခြေအနေတွေက သိပ်မကောင်းဘူး။ မင်းတို့အားလုံးကို ပြန်တွေ့ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ မင်းကိုယ်ကိုမင်း စိတ်တည်ငြိမ်အောင်ထားပါ။ ဒီမှာ မောင်တော်နေရတာ သိပ်အဆိုးကြီး မဟုတ်ဘူး။*

ချစ်ခြင်းများစွာနဲ့…

**စဝ်ကြာဆိုင်**

အခြားစာရွက်တစ်ရွက်တွင်လည်း စဝ်ကြာဆိုင်က အလားတူ စာတစ်စောင်ကို သူ၏သူငယ်ချင်း ရန်ကုန်မှ ဂျင်မီယန်းထံသို့ ရေးလိုက်သည်။ ထိုစာထဲတွင် ဂျင်မီယန်းကို ဝန်ကြီးချုပ်ဦးနုအား အကူအညီတောင်းပါဟု ရေးထားသည်။

**ဘာသာပြန်သူ၏ ရှင်းလင်းချက်**

*(တော်မီကလစ်ဆိုသူမှာ ထိုစဉ်က လေတပ်ဦးစီးချုပ် ဗိုလ်မှူးချုပ်တီကလစ်ဖြစ်ပြီး ဂျင်မီယန်းဆိုသူမှာ ကိုးကန့်စော်ဘွားကြီး၏ညီ ဖြစ်သည်။ ကိုးကန့်နှင့် သီပေါနယ်ရှင်တို့ ရင်းနှီးကြသည်။ )*

ထိုစာ (၂) စောင်ကိုရေးပြီးနောက်-

"ဒီစာတွေကို ယူသွားပေးနိုင်မလား။"

ဟု ကချင်စစ်သားအား ထပ်၍ မေးလိုက်သည်။ စာများတွင် ပေးရန်လိပ်စာများကို ရေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၃ ခုနှစ်၊ မတ်လ(၇)ရက်
စပ်ကြာဆိုင်နှင့် အင်ဂီတို့ လက်ထပ်စဉ်ကပုံ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဓော်ဘွားကြီးကို နောက်ဆုံး သတိပေးခဲ့ပါရစေ။ သတိနဲ့နေပါ။ ဘယ်သူ့ကိုမှ မယုံပါနဲ့။ သူတို့က လုံးဝမကောင်းဘူး။"

ဟုပြောပြီး ကချင်စစ်သားသည် ဝါးအချုပ်ခန်းတွင်းမှ တိတ်တဆိတ် ထွက်သွားသည်။ မိနစ်အနည်းငယ်ကြာသောအခါ အစောင့်စစ်သားများ အလဲအလှယ်လုပ်နေသည်ကို စဝ်ကြာဆိုင် ကြားလိုက်ရသည်။ ထိုစစ်သားတစ်ယောက်၏လက်ထဲတွင် စဝ်ကြာဆိုင်အတွက် မျှော်လင့်ချက်ဖြစ်မည့်စာ (၂) စောင် ပါသွားသည်။ စဝ်ကြာဆိုင်သည် လက်ရှိအခြေအနေအရ ဘာမျှထပ်၍ မလုပ်နိုင်တော့ဘဲ စောင့်ကြည့်နေရန်သာ ရှိတော့သည်။ သူပေးလိုက်သည့်စာများအတွက် မျှော်လင့်ခြင်းကြီးစွာထားသည်။

## အခန်း (၂)

ထိုအချိန်တွင် သီပေါအရှေ့ဟော်၌ မဟာဒေဝီ စဝ်နန်းသုစန္ဒီသည် အထီးကျန်ဖြစ်နေသည်။ သူသည် တစ်ဦးတည်း အကြံထုတ်နေ၏။ ရင်တွင်း၌ ခံစားရသည့်စိတ်ထက် ခံပြင်းရသည့်စိတ်က ပိုနေသည်ဟု ထင်သည်။ အရှေ့ဟော်၏ လသာဆောင်ကို သူ၏စိတ်ချမ်းသာရမှုအတွက် ခိုလှုံသည့်နေရာအဖြစ် သတ်မှတ်ထားလိုက်သည်။ ထိုလသာဆောင်မှ မျှော်ကြည့်လိုက်လျှင် တောထူထပ်နေသည့် တောင်ကုန်းများကို တွေ့ရသည်။ ထိုမြင်ကွင်းကို သူက "မျှော်တော်ရောင်တောင်"ဟု အမည်ပေးထားသည်။ အဝေးက စီးဆင်းနေသည့် အစိမ်းရောင် နမ္မတူမြစ်ကိုလည်း တွေ့ရသည်။ မှန်သားကဲ့သို့သော မြစ်၏မျက်နှာပြင်ပေါ်တွင် လှေငယ်ကလေးများက စုန်ဆန်သွားလာနေကြသည်။ အဝါရောင်နေကြာရိုင်းပင်များက တောထနေသည်။ နေကြာရိုင်းများပေါ်တွင် အစိမ်းရောင်ကြက်တူရွေးများက အုပ်လိုက်အုပ်လိုက် ဆင်း၍နားပြီး နေကြာစေ့များကို စားနေကြ၏။ "လက်ပံပင် ဇရက်ကျ" ဆိုရိုးစကားအတိုင်း နေကြာပန်းများပေါ်မှ ကြက်တူရွေးအုပ်၏အသံသည် ညံနေလေသည်။ မြင်ရသည့်မြင်ကွင်းများကြောင့် စဝ်နန်းသုစန္ဒီမှာ မောင်တော်အပေါ် အလွမ်းပိုရတော့သည်။ ထိုသို့ မောင်တော့်အပေါ် လွမ်းလွမ်းဆွတ်ဆွတ်ဖြစ်နေရစဉ် စဝ်နန်းသုစန္ဒီသည် လွန်ခဲ့သည့် (၈) နှစ်က သူ့ကို သူ့မောင်တော်စဝ်ကြာဆိုင် သီပေါသို့ သူ၏သတို့သမီးအဖြစ် ခေါ်ဆောင်လာသည်ကို ပြန်တွေးမိသည်။ ထိုစဉ်က ဤလသာဆောင်တွင် မွှေးရနံ့ကြိုင်နေသည့် ပန်းခိုင်များနှင့် ဖုံးလွှမ်းနေသည်။ အရှေ့ဟော်၌ သူ့ကို ကြိုဆိုသည့် အထိမ်းအမှတ်ပွဲလုပ်သည်မှာ အမှန်ပင် တစ်ပတ်တိတိကြာခဲ့သည်။ ရန်ကုန်မြို့ ဆိပ်ကမ်း၌ သင်္ဘောနှင့် သူတို့မောင်နှံရောက်လာစဉ်ကလည်း သီပေါနယ်သူနယ်သားများက အိုးစည်ဗုံမောင်းဖြင့် ကြိုဆိုခဲ့ကြ၍ သူမအနေနှင့် အံ့သြခဲ့ရသည် မဟုတ်ပါလား၊

၁၉၅၄ ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် ဖြစ်သည်။ SS Warwickshire သင်္ဘောကြီးသည် ရန်ကုန် ဆိပ်ကမ်းသို့ ကပ်နေသည်။ ပါလာသည့် ကုန်များနှင့် ခရီးသည် (၂) ဒါဇင်ခန့်ကို ချရန်ဖြစ်၏။ ခရီးသည်များသည် အောက်သို့ဆင်းလိုဇောဖြင့် သင်္ဘောကုန်းပတ်မှ လက်ရမ်းတွင် စုဝေးနေကြ၏။ သူတို့အားလုံး စိတ်တွင် ထိုစဉ်က ထင်ဟပ်နေသည့် ဆန္ဒ (၂) ခုသာ ရှိသည်။ "ရန်ကုန်မြို့" ဆိုသည်ကို ကြည့်ချင်၊ မြင်ချင်သည်နှင့် "ရွှေတိဂုံစေတီတော်" ဆိုသည်ကို သွားရောက်လိုခြင်းပင် ဖြစ်သည်။ ရွှေတိဂုံစေတီတော်ကြီးကို ရန်ကုန်မြစ်ထဲသို့ဝင်လာစဉ် မိုင် (၃၀) ခန့်ကပင် မြင်နေရသည်။ စေတီတော်ကြီးမှ နေရောင်အောက်တွင် တောက်နေသည့်ရွှေရောင်တို့သည် သူတို့၏မျက်စိကို ဖမ်းစားနေ၏။ ထိုခရီးသည်များအနက်မှ စဝ်ကြာဆိုင်နှင့် အင်ဂီ (စဝ်နန်းသုစန္ဒီ ဖြစ်လာမည့်သူ) တို့ (၂) ဦးကလည်း ဉာဏ်တော် (၃၂၆) ပေရှိသော ခေါင်းလောင်းပုံစေတီတော်ကြီးနှင့် ပတ်သက်၍ မမေ့ကြသေးပေ။ စဝ်ကြာဆိုင်သည် သူ၏ ဩစတြီးရီးယားသူ သတို့သမီး အင်ဂီအား ထိုစေတီတော်ကြီးသည် ရွှေသားဖြင့်အုပ်ထားပြီး နီလာ စိန် ကျောက် ပတ္တမြားတို့အပြင် ရောမ မြကျောက်ကြီးတို့အရောင်ကြောင့် နေရောင်ခြည်အောက်တွင် လိုးလက်တောက်ပြောင်နေခြင်းဖြစ်သည်ကို ပြောပြနေသည်။

သင်္ဘောကြီး ရန်ကုန်ဆိပ်ကမ်းသို့ ကပ်လာသည်နှင့် အင်ဂီ၏ စိတ်လှုပ်ရှားမှုမှာ တိုး၍ တိုး၍လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မြစ်ကမ်း၏ ညာဘက်ဘေးမှ အဖြူရောင် အဆောက်အဦးနိမ့်နိမ့်များနှင့် အုန်းပင်များကို မြင်ရသည့်မြင်ကွင်းကို နှစ်သက်လှသည်။ သင်္ဘောကြီး နောက်ထပ်တစ်ကွေ့ကွေ့လိုက်လျှင် အင်ဂျီက နယူးယောက်ဆိပ်ကမ်းမှ မိုးထိမြင့်သော တိုက်ကြီးများကဲ့သို့ မဟုတ်စေကာမူ ဂျီနိုဝါနှင့် လစ်စဘွန်ဆိပ်ကမ်းမှ တိုက်ကြီးများလောက်ကို မြင်ရလိမ့်မည်ဟု မျှော်မှန်းထားသည်။ သို့သော် သင်္ဘောကြီးက ဆက်မသွားတော့ဘဲ ဆိပ်ကမ်းသို့ ကပ်လိုက်လေသည်။ ရန်ကုန်ဆိပ်ကမ်းသည် တိပ်တိပ်ဆိတ်ဆိတ် အေးအေးဆေးဆေးပင်ဖြစ်သည်။ အနောက်နိုင်ငံများမှ ဆိပ်ကမ်းကြီးများကဲ့သို့ မဟုတ်ပေ။ သူတို့စီးလာသည့် သင်္ဘောကြီးခေါင်းတိုင်မှ အချက်ပေးသံကိုသာ ကြားလိုက်ရပါတော့သည်။

ဆိပ်ကမ်းရောက်သောအခါ ရွှေတိဂုံစေတီတော်ကြီးကို မမြင်ရတော့ပါ။ သမ္ဗန်နှင့် လှေငယ်လေးများသာ သင်္ဘောကြီးအနီးသို့ ကပ်လာကြသည်။ သမ္ဗန်များပေါ်တွင် တောက်ပြောင်သည့် ရောင်စုံအဝတ်အထည်များ ဝတ်ဆင်ထားသည့်သူများ ပါလာကြသည်။ အင်ဂျီဘဝတွင် ထိုကဲ့သို့အရောင်စုံအောင် ဝတ်ဆင်ထားသည့်သူများကို ယခင်က မတွေ့ရခဲ့ဖူးပါ။ ထိုသူများ၏လက်ထဲတွင် –

"ကြိုဆိုပါ၏။"

ဟူသော စာလုံးရေးထားသည့် ဆိုင်းဘုတ်များကို ကိုင်ထားသည်။

ထိုသူတို့စီးလာသည့် သမ္ဗန်များသည် အင်ဂျီတို့သင်္ဘောကြီးအနီးသို့ ကပ်လာကြသည်။ သင်္ဘောကြီးပေါ်တွင် သူတို့အတွက် အရေးကြီးပုဂ္ဂိုလ်ပါပုံရသည်။ ထိုသူကို လာကြိုကြဟန်ရှိသည်။ ထို့ကြောင့် အင်ဂျီက–

"ဒီလူတွေဟာ ဒီသင်္ဘောကြီးပေါ်မှာ သူတို့အတွက် အရေးကြီးပုဂ္ဂိုလ်ပါလာလို့ လာကြိုနေကြပုံပဲ။"

ဟု သူ၏မောင်တော်အား ပြောလိုက်သောအခါ စဝ်ကြာဆိုင်၏မျက်နှာတွင် အင်ဂျီအပေါ် အားတုံ့အားနာဖြစ်နေဟန်ဖြင့် –

"အချစ်ရေ… မင်းကို ငါပြောစရာတစ်ခုရှိတယ်။"

ဟုသာ ပြောရသေးသည်။ အင်ဂျီက –

"နေပါအုံး။ ကျွန်မ ဒီလူတွေကြိုဆိုမယ့် အရေးကြီးပုဂ္ဂိုလ်ဆိုတဲ့သူကို ကြည့်ချင်သေးတယ်။"

ဟု ဖြတ်၍ ပြောလိုက်သည်။ စဝ်ကြာဆိုင်သည် အင်ဂျီကို ခပ်ပြုံးပြုံးလေးပြန်ကြည့်ပြီး –

"မောင်တော့်စကားကိုတောင် ဆုံးအောင် နားမထောင်ချင်ဘူးဆိုရင်လည်း အဲသည့်အရေးကြီးပုဂ္ဂိုလ်ကိုပဲ အရင်ပြရလိမ့်မယ်"

ဟုဆိုကာ သူ့မဟာဒေဝီ၏လက်ကိုဆွဲ၍ ထမင်းစားခန်းသို့ ခေါ်သွားသည်။

စဝ်ကြာဆိုင်သည် လက်ကိုင်ပုဝါကိုထုတ်ပြီး သူ့မျက်မှန်ကိုချွတ်၍ သုတ်လိုက်သည်။ အင်ဂျီက တစ်မျိုးဖြစ်နေသည့် သူ့မောင်တော်ကို သတိထားမိ၍ သေသေချာချာ ကြည့်လိုက်၏။ သူ့မောင်တော်သည် ဥရောပဝတ်စုံ မီးခိုးရောင်ကို ဝတ်ဆင်ထားသဖြင့် သူ၏ညိုသောအသားနှင့် အနက်ရောင်ဆံပင်တို့ကြောင့် လိုက်ဖက်၍ ကြည့်ကောင်းနေသည်ဟု အင်ဂျီက ထင်သည်။ သူ့မောင်တော်သည် သူမနှင့် အရိုးအရပ်တူတူလောက်ပင်ရှိသော်လည်း ယှဉ်၍ရပ်လိုက်သောအခါ သူ့ထက်ပို၍ မြင့်နေသည်ဟုလည်း ထင်ရ၏။

စဝ်ကြာဆိုင်သည် မျက်မှန်ကို ပြန်တပ်လိုက်၏။ သူ့မဟာဒေဝီကို ကြင်နာသောမျက်လုံးများဖြင့် ကြည့်လိုက်ပြီးနောက် –

"မောင်တော့်အကြောင်း… အင်ဂျီကို မပြောရသေးတာ ကျန်နေတယ်။"

"မောင်တော့်ရည်းစားဟောင်း လာစောင့်ကြိုနေတယ်လို့ ကျွန်မကို မပြောနဲ့နော်။"

ဟု အင်ဂျီက ရွှတ်ရွှတ်နောက်နောက် ဝင်ပြောလိုက်ပြန်သည်။

"အိုး… မဟုတ်ပါဘူးကွယ်။ မောင်တော်နဲ့ပတ်သက်ပြီး လျှို့ဝှက်ထားချက်တစ်ခုရှိတယ်။ အဲဒီအတွက် အင်ဂျီ… မောင်တော့်ကို ခွင့်လွှတ်မယ်လို့ မျှော်လင့်ပါတယ်။"

www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ… မြန်မြန်ပြောပါ။ ကျွန်မစောင့်နေရတာ စိတ်မရှည်တော့ဘူး။

"ကြိုဆိုပါ၏လို့ရေးပြီး ကြိုနေကြတာ တခြားလူကို မဟုတ်ဘူး။ ဒို့ကိုပဲ၊ အရေးကြီးပုဂ္ဂိုလ်ဆိုတာ မောင်တော်ပဲလေ။"

"အိုး… အဆန်းပဲ၊ သူတို့က သတ္တုတွင်းအင်ဂျင်နီယာဖြစ်တဲ့ မောင်တော့်ကို အရေးကြီးပုဂ္ဂိုလ်အနေနဲ့ ကြိုဆိုကြသတဲ့လား။"

ဟု အင်ဂီက စဝ်ကြာဆိုင်၏စကားကို နားမလည်၍ ပြန်မေးလိုက်သောအခါ -

"မောင်တော်ဟာ ရိုးရိုးအရပ်သား မဟုတ်ဘူး။ ရှမ်းပြည်နယ်က သီပေါလို့ခေါ်တဲ့ နယ်ကြီးတစ်နယ်ရဲ့ စော်ဘွားဖြစ်တယ်။"

ဟု ပြောလိုက်သဖြင့် အင်ဂီသည် မျက်လုံးပြူး၍ ပခုံးတွန့်ပြပြီး နားမလည်နိုင်လောက်အောင် ဖြစ်သွားလေသည်။

"သီပေါနယ်ဟာ တော်တော်ကြီးတယ် အချစ်ရယ်။ ကွန်နက်တီကတ်လောက် ရှိတယ်ဆိုပါတော့။ လူဇင်းဘတ်နယ်ကို သိတယ်မဟုတ်လား၊"

"ဥရောပက မင်းသားအုပ်ချုပ်တဲ့နယ်လေ။"

"အင်း… ဟုတ်တယ်။ သီပေါဆိုတာ အဲဒီလူဇင်းဘတ်နယ်ရဲ့ (၄)ဆလောက် ကြီးတယ်။"

"အိုး… ဘုရားသခင်။"

"လာကြိုနေတဲ့ အဲဒီလူတွေဟာ သီပေါက မောင်တော့်နယ်သူနယ်သားတွေပဲ။ သူတို့ဒီကို သီပေါကတောင် လာရတာ။ သီပေါနဲ့ ရန်ကုန်ဟာ မိုင် (၈၀၀) လောက်တောင် ဝေးမယ်။ အခုတော့ အင်ဂီက ဒါတွေ သိအုံးမှာ မဟုတ်ဘူး။ မောင်တော်တို့နှစ်ယောက် ဟိုကိုရောက်ရင် ပွဲလမ်းသဘင်တွေ အများကြီးနဲ့ ကြုံရအုံးမယ်။"

စဝ်ကြာဆိုင်ပြောသမျှကို အင်ဂီသည် မယုံနိုင်လောက်အောင် ဖြစ်သွားရလေသည်။ သူ့မောင်တော်ကိုလည်း စိုက်၍ ကြည့်နေလိုက်မိသည်။ သူ့ကိုသူလည်း ပြန်ငုံ့ကြည့်လိုက်သည်။ ထိုစဉ်က သူဝတ်ထားသည်မှာ ဩစတြီးရီးယား ပြည်ဖြစ် လက်ယက်ထည် အကြမ်းစားဂါဝန်နှင့် ဖြစ်နေသည်။

"မောင်တော်က… ဒါတွေကို အစောကြီးကတည်းက ပြောဖို့ကောင်းတယ်။ အခုတော့ ကျွန်မ ဝတ်စားထားတဲ့ အဝတ်အစားက အပေါစားဖြစ်နေတယ်။"

ဟု အင်ဂီက ရှက်ကိုးရှက်ကန်းနှင့် ပြောလိုက်၏။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၇)

"မောင်တော့်ကို ခွင့်လွှတ်ပါအချစ်ရယ်။"

ဟုပြောပြီး စဝ်ကြာဆိုင်သည် အင်ဂီ၏ပခုံးကို သိမ်းဖက်လိုက်သည်။ စဝ်ကြာဆိုင်အနေဖြင့် အင်ဂီအပေါ်တွင် ယခုကဲ့သို့ ကြာမြင့်စွာ သူ့ဘဝအမှန်ကို ဖုံးအုပ်ထားခြင်းမှာ မှားသည်ဟု စဉ်းစားမိသည်။

"မောင်တော့်အနေနဲ့ လက်မထပ်ခင်ကတည်းက ဒီကိစ္စကို ဖွင့်ပြောသင့်တယ်။"

ဟုပြောပြီး အင်ဂီသည် သူ့မောင်တော် ဖက်ထားရာမှ ရုန်းထွက်လိုက်၏။

"မောင်တော့်ကို အင်ဂီ ရိုးသားစွာ လက်ထပ်ခဲ့တယ်ဆိုတာကို ယုံပါတယ်။ အခုလို ဖုံးကွယ်ထားတဲ့အတွက် မောင်တော် မှားပါတယ်။"

အင်ဂီသည် ဘာမျှချက်ချင်း ပြန်မပြောသော်လည်း၊ စဝ်ကြာဆိုင်ကို မျက်နှာလွှဲလိုက်၏။ စိတ်မကောင်းသွားပုံရသည်။ ယခုလိုဘဝမှန်ကို အချိန်ကြာမြင့်စွာ ဖုံးကွယ်ထားခြင်းကြောင့် သူ့အပေါ် ယုံကြည်ရာမရောက်ဟူ၍ပင် တွေးထင်မိလေသည်။ သို့သော် သူ့အနေဖြင့် ယခုအချိန်နှင့် ယခုနေရာသည် ဤကိစ္စကို အပြစ်တင်ဝေဖန်နေရန် မသင့်ဟု ဆုံးဖြတ်လိုက်ပြီး -

"ကဲ··· ကဲ ကြိုဆိုမှုကို သွားကြည့်ကြရအောင်။"

ဟုပြော၍ သူ့မောင်တော်ကို လက်ကမ်းလိုက်သဖြင့် စဝ်ကြာဆိုင်အနေနှင့် စိတ်သက်သာရာ ရသွားလေသည်။

သူတို့နှစ်ယောက်သည် လက်တွဲပြီး သင်္ဘောကုန်းဘတ်ပေါ်မှနေ၍ မော်တော်ဘုတ်ဖြင့် လာကြိုကြသည့် ရှမ်းနှင့် မြန်မာပရိသတ်ကို လက်များဝှေ့ရမ်းပြလိုက်ကြသည်။ လာကြိုသည့် မော်တော်ဘုတ်များကလည်း ရောင်စုံစက္ကူပန်းလိပ်များဖြင့် ဆင်ယင်ထားသဖြင့် နေရောင်ခြည်အောက်တွင် ကြည့်၍ပင်ကောင်းနေသေးတော့သည်။ သင်္ဘောကြီးပေါ်မှ ကုန်းဘောင်ကို ခင်းထုတ်၍ လျှော့ချပေးလိုက်တော့သည်။ သင်္ဘောဝန်ထမ်းများကလည်း အခြေအနေကို ရုတ်ချည်းသိရလိုက်ရကြ၍ ချက်ချင်းပင် ကုန်းဘတ်ပေါ်သို့ ရောက်လာကြပြီး လက်ထပ်ပြီးစ စော်ဘွား အသစ်စက်စက်ဇနီးမောင်နှံတို့အား ရိုသေသမှုဖြင့် နှုတ်ဆက်လိုက်ကြသည်။ အင်ဂီအနေဖြင့် တစ်ခါမျှ မတွေ့ဖူး မမြင်ဖူးသည့် လူစိမ်းများကို တွေ့ဆုံရမည်ဖြစ်သဖြင့် သူ့ကိုယ်သူ စိတ်တည်ငြိမ်အောင်ထားနေရသည်။ သို့သော် သူ့အနေဖြင့် ဆန္ဒစောနေပြီး ကိုယ့်ကိုကိုယ်လည်း မလုံမလဲ ဖြစ်နေသည်။ စောစောကသာ အဖြစ်မှန်ကို သိရလျှင် ယခုလိုအခါမျိုး၌ အားလုံးအဆင်သင့်အနေအထားဖြစ်အောင် လုပ်နိုင်မည်ဟုလည်း တွေးမိသည်။ သူ့မောင်တော်နှင့် လက်ထပ်ပြီးသည်မှစ၍ ယခုအချိန်တွင် သူ့မောင်တော်အပေါ် မကျေမနပ် ပထမဦးဆုံး ဖြစ်မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စဝ်ကြာစိုင်နှင့် မဘောသိ

www.burmeseclassic.com

www.burmeseclassic.com



လာကြိုဆိုသူများနှင့် မတွေ့မီ လူဝင်မှုကြီးကြပ်ရေးဌာန၊ အကောက်ခွန်ဌာနတို့နှင့် အရင်ရှင်းနေရသေးသည်။ ရှမ်းပြည်နယ် သီပေါနှင့် ရန်ကုန်မှ ဆွေတော်မျိုးတော်များ၊ ရှမ်းကျောင်းသူ/ကျောင်းသားများ၊ သီပေါနယ်မှ တာဝန်ခံအရာရှိများက ကြိုဆိုနေကြသည်။ ရှမ်းအိုးစည်သံနှင့် မောင်းသံများကြောင့် သောသောညံနေတော့သည်။ အင်ဂီကို ပန်းစီးဆက်ရာ ငုံ့ကြည့်လိုက်သည်တွင် ကြာပန်းအနီများနှင့် ဖွေးဖွေးဖြူနေသော စံပယ်ပန်းများကို မြင်လိုက်ရသည်။ အင်ဂီက ပန်းစီးကိုအဆက်အသခံပြီး သူ့ဘေးတွင်ရှိသော အမျိုးသမီးငယ်ကို ငဲ့စောင်းကြည့်လိုက်သည်။ ရောင်စုံနေသည့် ပိုးလုံချည်ကိုဝတ်ထားပြီး အပေါ်မှ အင်္ကျီအဖြူဝတ်ထားသည်။ အင်္ကျီ၌ ရွှေနှင့်လုပ်ထားသော လက်လက်ဆူနေသည့် ကြယ်သီး (၅) လုံး တပ်ထား၏။ ဆံပင်မှာ နက်ပြောင်နေသည်။ သူ၏မျက်နှာမှာ ပြုံးရောင်သန်းနေသည်။ အမေရိကန်တွင် အင်ဂီက အချို့မြန်မာအမျိုးသမီးများကို တွေ့ဖူးပါသည်။ သူတို့သည် ယခုရန်ကုန်ဆိပ်ကမ်း၌တွေ့ရသည့် အမျိုးသမီးများနှင့် ဆင်ဆင်တူနေသည်။ အမေရိကန်တက္ကသိုလ်တွင်တွေ့ရသည့် မြန်မာအမျိုးသမီးများက အနွေးထည်ကုတ်အင်္ကျီများဝတ်ဆင်ပြီး သရေဘွတ်ဖိနပ်များနှင့်ဖြစ်သဖြင့် ယခုတွေ့ရသည့် မြန်မာပြည်မှ မြန်မာအမျိုးသမီးများနှင့် အကွာကြီးကွာနေသည်။ ယခုတွေ့ရသည့် မြန်မာအမျိုးသမီးများမှာ ပေါ့ပေါ့ပါးပါးနှင့် အရောင်စုံနေတော့သည်။ အမျိုးသားများအနေဖြင့် ရှမ်းဝတ်စုံဝတ်ထားသည်က များ၏။ ရှမ်းခေါင်းပေါင်းများ ပေါင်းထားကြသည်။

အင်ဂီက သူနှင့်စိမ်းနေသည့် တိုင်းပြည်တွင် လူစိမ်းများနှင့် တွေ့ရသည်ကို ထူးဆန်းအံ့သြပြီး ကျေနပ်နေလေသည်။ သို့သော် ရှိုးတိုးရှန့်တန့် ဖြစ်နေ၏။ မောင်တော်ကို ဖျတ်ခနဲကြည့်လိုက်သောအခါ သူလည်း သူ၏ဆွေတော်မျိုးတော်များ၊ မိတ်ဟောင်းများ၊ နယ်သူနယ်သားများကို တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပုံရပါသည်။ အင်ဂီက လာတွေ့သည့်သူများအထဲတွင် မိတ်ဆွေများပါသလို ရန်သူများလည်း ပါနိုင်သည်ဟု စဉ်းစားမိသည်။ ထိုသူအားလုံး၏ အပြုံးနောက်ကွယ်တွင် ဘာရှိနေလိမ့်မည်မသိဟုလည်း တွေးမိသည်။ သူတို့၏ စကားပြောသံမှာ အင်ဂီအဖို့ နားမလည်နိုင်။ သူ့နားနှင့်လည်း စိမ်းနေသည်။

ထိုလူအုပ်အတွင်းမှ အင်ဂီထက် အရပ်နိမ့်ပြီး သားသားနားနားရှိသည့် အမျိုးသမီးတစ်ဦးထွက်လာကာ အင်ဂီကို ပန်းစီးဆက်ရင်း -

"အစ်မတော်က နန္ဒာပါ ညီမတော်လေးရယ်။ ညီမတော်လေး ဒီမှာအသားကျသွားတဲ့အထိ အဖော်လုပ်ပြီး ကြည့်ရှုပေးပါ့မယ်။"

ဟု ပြောသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး အင်ဂီသည် အရမ်းအံ့သြသွားလေသည်။ သူသိရသမျှ သူ့ခင်ပွန်းတွင် သက်ရှိထင်ရှားရှိသေးသည့် အစ်မတော်တစ်ပါးသာ ရှိသည်။ အမည်ကလည်း နန္ဒာ မဟုတ်ပါ။ သူမြင်ဖူးသည့် မောင်တော်၏အစ်မတော် ဓာတ်ပုံထဲမှရုပ်နှင့် ဤနန္ဒာဆိုသူ၏ ရုပ်ကလည်း မဆင်ကြချေ။ သို့သော် နန္ဒာဆိုသူ၏ အင်္ဂလိပ်လိုကောင်းစွာပြောတတ်မှုနှင့် မိတ်ဆက်စကားအတွက် သဘောကျသွားရသည်။ မောင်တော်နှင့် သင်္ဘောအတူတူစီး၍ လာစဉ်က အိန္ဒိယသမုဒ္ဒရာထဲတွင် မောင်တော်ထံမှသင်ထားသည့် မြန်မာစကားများကိုပင် ပြန်ကျက်ရဦးမည်။ ထို့အပြင် ရှမ်းဘာသာစကားနှင့် စာကိုလည်း တတ်အောင်သင်ရမည်ဟု သဘောရသည်။ အဘယ်ကြောင့်ဆိုသော် သူ့ဘဝသည် သီပေါတွင် အခြေချနေထိုင်ရမည်ဖြစ်သောကြောင့်တည်း။

နန္ဒာဆိုသည့်အမျိုးသမီးကြီးက အခြားအမျိုးသမီးငယ် (၃)ယောက်ကို ခေါ်လာ၍ မိတ်ဆက်ပေးပြန်သည်။ အသားဖြူသည့် ထိုအမျိုးသမီးလေး (၃) ဦးမှာ ရှက်နေကြပုံရသည်။

"သူတို့ကတော့ ညီမတော်လေးရဲ့ ညီမတော်များဖြစ်ကြတဲ့ ဒေစီ၊ ဂရေ့စ်နဲ့ ရှာဘီတို့ပဲ။"

ဟု ပြောပြီး "ညီမတော်လေးက သူတို့ကို အင်္ဂလိပ်စာနဲ့ လူမှုရေးကို သင်ပေးရမယ်။"

ဟု ဆက်ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးငယ်လေး (၃) ဦးမှာ တခစ်ခစ် ရယ်နေကြသည်။ အင်ဂီအနေနဲ့ အံ့သြသွားပြန်၏။ သူ့မောင်တော်တွင် ညီမတော်များ မည်မျှရှိနေသည်မသိ။ ယခု (၃) ယောက် ပေါ်လာပြန်ပြီ။ ထိုအချိန်တွင် စဝ်ကြာဆိုင်က အင်ဂီ၏ လက်မောင်းကိုဆွဲပြီး -

"ဒို့များ ဒီအထဲက တိုးထွက်ရမယ်။ နေအတော်ပူလာပြီ။ ဒို့က စထရင်းဟိုတယ်မှာ ကြို့ဆိုရေးကော်မတီကို ဖိတ်ထားတယ်။ အဲဒီကျမှ သူတို့နဲ့ တစ်ယောက်စီ မိတ်ဆက်ပေးမယ်။ "

ဟုပြောပြီး မော်တော်ကားရှိရာသို့ ခေါ်သွားပါသည်။

အင်ဂီက -

"ကျွန်မတို့ သေတ္တာတွေ ဘယ်လိုလုပ်မလဲ။"

"ဒါတွေကို စိတ်မပူနေပါနဲ့ကွာ။ ငါ့ရဲ့အတွင်းဝန်က ဆက်လုပ်ပေးသွားပါလိမ့်မယ်။"

အင်ဂီအနေနဲ့ အံ့သြသွားရသည်။ အင်ဂီဘဝတစ်လျှောက်လုံးသည် ခရီးသွားသည့်အခါ အဝတ်စားသေတ္တာ၊ သရေအိတ်စသည့် ကိုယ်နှင့်တစ်ပါတည်းယူလာသောပစ္စည်းများကို မီးရထားနှင့်ပင်သွားသွား၊ သင်္ဘောနှင့်ပင်သွားသွား၊ ကားနှင့်ပင်သွားသွား၊ လေယာဉ်ပျံနှင့်ပင်သွားသွား မိမိဘာသာသာ ဂရုစိုက်ရပြီး အကောက်ခွန်ဌာနက စစ်ဆေးသည်ကိုလည်း ခံရသည်။ ယခုဤကိစ္စများမှာ ကိုယ်နှင့်ဘာမျှ မဆိုင်သကဲ့သို့ ဖြစ်သွား၍ သူ့ဘဝပြောင်းလဲပုံကို အံ့သြနေသည်။

သူတို့မောင်နှံ မော်တော်ကားထဲသို့ ရောက်သွားကြသောအခါ စဝ်ကြာဆိုင်က -

"အချစ်ရေ… မင်းကိုယ့်ကို 'စဝ်' တို့ 'ဒါလင်' တို့အမည်တွေနဲ့ လူရှေ့သူရှေ့မှာ မခေါ်နဲ့တော့။ ဒီလိုခေါ်တာဟာ မရှိသေရာကျလိမ့်မယ်။"

"ဒီလိုဆိုရင်… ဘယ်လိုခေါ်ရမှာလဲ။"

"ကိုယ်က မခေါ်စေချင်တာ မဟုတ်ပါဘူး။ အခြေအနေအရ ဖြစ်လာတာပါ။"

"ကောင်းပြီ… ဘယ်လိုခေါ်ရမယ်ဆိုတာသာ ပြောပြပါ။"

"တစ်မိးတရုံစာတို့ရှေ့မှာ ကိုယ့်ကို 'စဝ်ပြည်ဖ' လို့ ခေါ်ရမယ်။"

"စဝ်ပြည်ဖ… ဘာအဓိပ္ပါယ်လဲ။"

"အဓိပ္ပါယ်ကတော့ 'အုပ်ချုပ်နေတဲ့ နောင်တော်မင်းသား' လို့ အဓိပ္ပါယ်ရတယ်။"

ဤသို့ပြောပြီးသောအခါ သူတို့နှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ရယ်လိုက်ကြသည်။

"ဒို့အနေနဲ့ မင်းကိုလည်း 'အင်ဂီ' လို့ မခေါ်နိုင်တော့ဘူး။"

"မင်းကို ပုဏ္ဏားတော်များက ရှမ်းနာမည်ပေးထားတယ်။ ဘယ်လိုလဲသိလား၊ 'သုစန္ဒီတဲ့' "

အင်ဂီအနေဖြင့် သူ့အမည်၏အဓိပ္ပါယ်ကို သိလို၍ မေးချင်ရှာသည်။ သို့သော် နေပူရှိန်ဒဏ်ကိုမခံနိုင်သဖြင့် မေးချင်သည်များကို မျိုသိပ်ထားလိုက်ရသည်။ အင်ဂီ စထရင်းဟိုတယ်သို့ ကားစီးသွားရသည်မှာ ကြာမည်ထင်သဖြင့် ကားပေါ်၌ မှေး၍သွားနိုင်မည်ဟု ထင်လိုက်သည်။ သို့သော် အထင်နှင့်အမြင် မှားသွားလေသည်။ စထရင်းဟိုတယ်ကို ကားက ခဏလေးသာ မောင်းလိုက်ရသည်။ လမ်းတစ်လျှောက် စက်ဘီးများ၊ ကားများ၊ ဘုန်းတော်ကြီးများ၊ သစ်သားနှင့်ပြုလုပ်ထားသည့် ဘတ်စ်ကားများ၊ ဈေးတောင်းခေါင်းရွက် အမျိုးသမီးများ သွားလာနေကြသည်ကို တွေ့မြင်ရသည်။ ထိုအထဲတွင် ကုတ်အင်္ကျီအဖြူဝတ်ထားသည့် ပုလိပ် (ယခု ရဲ) များကလည်း ခရီးသည်များကို လမ်းပေါ်တွင် ရှင်းလင်းပေးနေသည်။

စထရင်းဟိုတယ်ဆိုသည့် အဆောက်အဦးကြီးမှာ ကိုလိုနီခေတ်က ကိုလိုနီစတိုင်ဆောက်၍ အဖြူရောင်ဆေးသုတ်ထားသည့် အဆောက်အဦကြီးပင် ဖြစ်သည်။ ဟိုတယ်သို့ရောက်သောအခါ ဖိနပ်ချွတ်ထားသည့် အိန္ဒိယဟိုတယ်ဝန်ထမ်းတို့က အင်ဂီတို့ဇနီးမောင်နှံကို အစည်းအဝေးခန်းမအတွင်း ခေါ်ဆောင်သွားသည်။ အခန်းထဲ၌

www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး လူ (၅၀) ခန့် ရောက်နေပြီဖြစ်သည်။ သုစန္ဒီသည် အခန်းထဲမှ ပုဂ္ဂိုလ်များအသီးသီး ထ၍ မိန့်ခွန်းခြွေနေသည်ကို သတိပြုမိသည်။ အင်္ဂလိပ်ဘာသာနှင့် ပြောသွားသည်မှလွဲ၍ ကျန်မြန်မာနှင့် ရှမ်းဘာသာတို့ဖြင့် ပြောသွားသည်များကို ဘာပြောသွားမှန်း မသိပါ။ သို့သော် ထိုလူများအားလုံး၏ မျက်စိသည် မဟာဒေဝီ သုစန္ဒီ အပေါ်တွင်သာ ရောက်နေကြသည်ကိုမူ သတိပြုမိပါသည်။

သုစန္ဒီအနေဖြင့် သူ့မိတ်ဆွေများ၊ သူ့မိသားစုနှင့် ဆွေမျိုးများ၊ သူ့တိုင်းပြည်တို့ကို ထားခဲ့သည်နှင့် ပတ်သက်၍ သူ့ဆုံးဖြတ်ချက် မှန်မမှန် ဝေခွဲမရ ဖြစ်နေသည်။ သူနှင့် အလွန်စိမ်းသည့် လူမျိုး၊ ဘာသာ၊ စကားနှင့် ကိုးကွယ်မှု၊ ယဉ်ကျေးမှုအားဖြင့်လည်း ကွဲပြားလွန်းသည့် ဤတိုင်းသစ်၊ ပြည်သစ်တွင် ရှေ့လျှောက် ရင်ဆိုင်ရမည့် အရေးများကိုလည်း တွေး၍ ရင်လေးမိလေသည်။

နောက် (၅) ရက်ခန့် ရန်ကုန်တွင် နေရသေးသည်။ ထိုအတောအတွင်း မပြီးဆုံးနိုင်သည့် ညှော်ခံပွဲများ၊ မိတ်ဆက်ပွဲများနှင့်သာ ကြုံတွေ့နေရသည်။ အားလုံးသည် သုစန္ဒီအဖို့ အသစ်အဆန်းများသာ ဖြစ်နေလေတော့သည်။ ရန်ကုန်သို့ ရောက်ရောက်ချင်း နောက်နေ့နံနက်တွင် နံနက်စာစားသောအခါ ဗဟိုအစိုးရ၏ နိုင်ငံခြားရေးဝန်ကြီးဖြစ်ပြီး ရှမ်းပြည်နယ်ဥက္ကဋ္ဌလည်းဖြစ်သော စဝ်ခွန်ချိုနှင့် သူ၏အိမ်တွင် စားရခြင်းဖြစ်သည်။ ရိုးကုမ္ပဏီ၌လည်း ဈေးဝယ်ရသည်။ ရန်ကုန်၌ရှိသော အကြီးဆုံးကုန်တိုက်ကြီးဖြစ်သည်ဆိုပါသည်။ အခြား အင်္ဂလိပ်ဆိုင်ကြီးများမှာလည်း လိုက်ကာချုပ်ရန် ကိုက်ပေါင်းများစွာ ပိတ်စများကို ဝယ်သည်။ တရုတ်ကြွေထည်အခံဖြင့် ပြုလုပ်ထားသော မီးအုပ်ဆောင်းများကိုလည်း သူမမြင်ဖူးသေးသည့် အိမ်သစ်အတွက် ဝယ်ရသေးသည်။ စထရင်းဟိုတယ်၌ ပေးသည့် ရန်ကုန်တက္ကသိုလ်တွင်နေသော သီပေါတစ်နယ်လုံးမှ ကျောင်းသားများ၏ ညှော်ခံပွဲကိုလည်း တက်လိုက်ရသည်။ ရန်ကုန်မြို့လယ်ရှိ ဆူးလေဘုရားမှ မြန်မာအမျိုးသမီး ဗေဒင်ဆရာမတစ်ဦးထံသို့လည်း ရောက်ခဲ့သည်။ ထိုဗေဒင်ဆရာမသည် စဝ်ကြာဆိုင် အမေရိကန်ပြည်သို့မလာမီ တွေ့ဆုံမေးမြန်းခဲ့သည့် ဗေဒင်ဆရာများအနက်မှ တစ်ဦးဖြစ်၍ သုစန္ဒီက တွေ့လိုခြင်း ဖြစ်ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၈)

အင်္ဂလိပ်လိုပြောတတ်သော သုစန္ဒီ၏ ကိုယ်ရေးအရာရှိ ဘမောင်သည် နေရာတကာသို့ လိုက်ပါသော်လည်း နန္ဒာကိုယ်တိုင် လိုက်ပါသောအခါများတွင် သုစန္ဒီအနေဖြင့် ပို၍ ကျေနပ်လေသည်။ နန္ဒာသည် စဝ်ကြာဆိုင်၏ ဝမ်းကွဲအစ်မတော်သာ ဖြစ်သည်။ စဝ်ကြာဆိုင်၏ များစွာသော ဆွေတော်မျိုးတော်များကို သုစန္ဒီ မြန်မာပြည် ရောက်သည်နှင့် တွေ့ဆုံခဲ့ရလေသည်။

နန္ဒာသည် စဝ်ကြာဆိုင် အရိုက်အရာဆက်ခံခဲ့သည့် သီပေါစော်ဘွားကြီး၏ မဟာဒေဝီ ဖြစ်သည်။ သို့သော် "မန္တလေးမှ အမျိုးသားတစ်ဦးကိစ္စကြောင့် သီပေါဟော်နန်းကို စွန့်ခွာခဲ့ရသူ" ဖြစ်သည်။ စဝ်ကြာဆိုင်လက်ထက်တွင် နန္ဒာဒုက္ခရောက်နေသည်ကို သိရ၍ မိသားစုထဲသို့ ပြန်ခေါ်ခဲ့ခြင်း ဖြစ်သည်။ ယခုအခါမူ နန္ဒာက သုစန္ဒီကို ကူညီရန်အတွက် အသုံးဝင်နေလေတော့သည်။ နန္ဒာသည် သုစန္ဒီကို အင်္ဂလိပ်စကားမှ မြန်မာစကားသို့လည်းကောင်း၊ ရှမ်းစကားသို့လည်းကောင်း၊ ဘာသာပြန်ပေးနိုင်ရုံမျှမက ရှမ်းမဟာမျိုး မဟာနွယ်တို့၏ စကားအသုံးအနှုန်းအတိုင်း ပြောတတ်အောင် သင်ပေးနိုင်ခဲ့လေသည်။

ဒေစီ၊ ဂရေ့စ်နဲ့ ရူဘီ ဟုခေါ်သည့် မြီးကောင်ပေါက် (၃) ဦးသည် အမှန်မှာ စဝ်ကြာဆိုင်၏ ဖအေတူ မအေကွဲ ညီမတော်များ ဖြစ်သည်။ သူတို့ (၃) ဦးအတွက် ယခုကဲ့သို့ ရန်ကုန်သို့ရောက်ခြင်းမှာ ပထမဦးဆုံးဖြစ်၍ သဘောကျပြီး ပျော်တပြုံးပြုံး ဖြစ်နေကြသည်။ ထိုညီမတော် (၃) ဦးသည် မေမြို့မှ ကွန်ဗင့်ကျောင်းတွင် နေခဲ့ကြရသူများဖြစ်၍ ထိုကျောင်းမှ အင်္ဂလိပ် မယ်သီလရှင်များက သူတို့အား အင်္ဂလိပ်နာမည် မှည့်ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။

### ဘာသာပြန်သူ၏ ရှင်းလင်းချက်

*(အထက်၌ရေးသားခဲ့သည့် စဝ်ကြာဆိုင် မတိုင်မီက သီပေါစော်ဘွား၏ မဟာဒေဝီဖြစ်ခဲ့သူ နန္ဒာ ဆိုသူ၏ အကြောင်းကို အနည်းငယ်ရှင်းလင်းဖော်ပြမှ ဇာတ်ရည်လည်ပါလိမ့်မည်။ စာအုပ်ရေးသူက "မန္တလေးမှ အမျိုးသားတစ်ဦးကိစ္စကြောင့် သီပေါဟော်နန်းကို စွန့်ခွာခဲ့ရသူဖြစ်သည်" ဟုသာ ဖော်ပြထားသည်။ အမှန်မှာ စဝ်ကြာဆိုင် ဆက်ခံခဲ့သည့် သီပေါစော်ဘွား အရိုက်အရာသည် စော်ဘွားကြီး စပ်အုံကြာ၏အရိုက်အရာ ဖြစ်သည်။ စဝ်အုံကြာသည် သီပေါစော်ဘွားကြီး ဆာစောချယ် (၁၉၀၆-၁၉၂၈) ကို ဆက်ခံခဲ့သည့် သားတော်ဖြစ်သည်။ စဝ်အုံကြာသည် ၁၉၂၈ မှ ၁၉၃၈ ခုနှစ်အထိ (၁၀) နှစ်တိုင်တိုင် သီပေါနယ်တွင် အုပ်ချုပ်ခဲ့သည်။ စဝ်အုံကြာ မရှိသည့်*

www.burmeseclassic.com

www.burmeseclassic.com



*နောက် သီပေါနယ်ကို ၁၉၃၈ ခုနှစ်မှစ၍ Mr. HN Bazett ဆိုသည့် အင်္ဂလိပ်အရာရှိက အုပ်ချုပ်ခဲ့ရသည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း ဂျပန်တို့လက်အောက်ရောက်သည်။ စဝ်ကြာဆိုင်မှာ ၁၉၄၇ ခုနှစ်မှ သီပေါစော်ဘွားကြီးအရာ ဆက်ခံခဲ့သူ ဖြစ်သည်။ စဝ်ကြာဆိုင်တွင် စဝ်ကြာဖုံဟူသော နောင်တော်အရင်း ရှိသည်။ စဝ်ကြာဖုံသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အတွင်းဝန်ဖြစ်သည်။ သို့ဖြစ်၍ သီပေါစော်ဘွားအရိုက်အရာကို ညီတော် စဝ်ကြာဆိုင်က ဆက်ခံခဲ့ရခြင်း ဖြစ်ပါသည်။ စဝ်ကြာဆိုင်နှင့် စဝ်ကြာဖုံတို့ ညီနောင်တို့တွင် စဝ်ဝဏ္ဏဥာဏ်ဟူသော အစ်မတော်အရင်းတစ်ပါး ရှိသေးသည်။ တောင်ကြီး၌ မမာနေသည့် အစ်မတော်တစ်ဦးဆိုသည်မှာ ထို စပ်ဝဏ္ဏဥာဏ်ကို ဆိုလိုခြင်းဖြစ်သည်။ ဒေါက်တာဘဉာဏ်၏ဇနီးဖြစ်၏။ ဘာသာပြန်သူမှာ ရန်ကုန်တက္ကသိုလ်၌ စဝ်ကြာဖုံ၏သား စဝ်ဦးကြာ၏ အခန်းဖော်ဖြစ်ခဲ့၍ ဤအကြောင်းများကို သိနေခြင်း ဖြစ်ပါသည်။*

*နန္ဒာဆိုသူမှာ သီပေါစော်ဘွားကြီး စဝ်အုံကြာ၏မဟာဒေဝီ စဝ်သုနန္ဒာ ဖြစ်သည်။ ဇာတ်မင်းသား စံပယ်တင်နှင့် လိုက်ပြေးသဖြင့် သီပေါဟော်နန်းကို စွန့်ခွာခဲ့ရခြင်း ဖြစ်ပါသည်။ ရန်ကုန်သို့ပြေးရာ ရန်ကုန်တွင် သားအမွှာပူး မွေးဖွားသည်။ သီပေါစော်ဘွားကြီး ဆာစောချယ်လက်ထက်ကလည်း ကြင်ယာတော်တစ်ပါးဖြစ်သည့် စဝ်မြအေးကြည် ဆိုသူသည် သီပေါဟော်နန်းတွင် အသုံးခံရသော အနုပညာရှင် မောင်တင်ဆိုသူနှင့် မေတ္တာမျှကြ၍ သီပေါစော်ဘွားကြီး ဆာစောချယ်က ရန်ကုန်သို့ပို့လိုက်ခြင်းဖြစ်သည်။ နောင်အခါ မဟာဂီတလောကတွင် ဂီတမိခင်ကြီးဖြစ်လာသော အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည်နှင့် ရကန် ဦးတင်တို့ပင်ဖြစ်၏။ သီပေါစော်ဘွားကြီး စဝ်အုံကြာလက်ထက်တွင် ဒေါ်စောမြအေးကြည်အား သီပေါဟော်နန်းသို့ ပြန်ခေါ်ပြီး အနုပညာရေးရာ၌ ဦးဆောင်စေသကဲ့သို့ သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်လက်ထက်တွင်လည်း စဝ်သုနန္ဒာကို သီပေါဟော်နန်းသို့ပြန်ခေါ်ပြီး တာဝန်ပေးခြင်း ဖြစ်ဟန်တူသည်။)*

ရန်ကုန်မှ မိတ်ဆွေများက သုစန္ဒီကို -

"ရှမ်းပြည်နယ်မှာ နေကြည့်ရင် သဘောကျသွားမှာပါ။"

ဟုပြောကြသည်။

သို့သော် မဟာဒေဝီ သုစန္ဒီ ဝတ်ဆင်ရန် လုံချည်နှင့် အင်္ကျီချုပ်ပေးသူက ရှမ်းပြည်နယ်၌ရှိသော စုန်းပြုစားခြင်းအတတ်၊ ရှမ်းနတ်များအကြောင်းနှင့် ခေါင်းဖြတ်သည့် လူရိုင်းများအကြောင်းကို သတိပေးပြောကြားသဖြင့် သုစန္ဒီအနေဖြင့် အံ့ဩကြောက်ရွံ့သွားလေသည်။ ထိုအပ်ချုပ်သူကပင် သုစန္ဒီအတွက် တိမ်ပြာရောင်ပိုးလုံချည်နှင့် လိုက်ဖက်သည့် ပိုးအဖြူရောင်ရင်ဖုံးအင်္ကျီကို ဆင်ပေးပြီး ကတ္တီပါပုံတော်ဖိနပ် (၁) ရံကိုပင် ယူလာပေးသည်။ သို့သော် အနောက်ဥရောပသူဖြစ်သဖြင့် ကတ္တီပါဖိနပ်မှာ မိန်းမစီးနှင့် မရသဖြင့် ယောကျ်ားစီးကို ရှာပေးရလေသည်။

သုစန္ဒီက ထိုအရာအားလုံးကို ဝတ်ဆင်ပြီး မှန်ထဲတွင် သူ့ကိုယ်သူကြည့်လိုက်ပြီး သဘောကျနေလေသည်။ အရိုးအရပ် မြင့်မြင့်နှင့်ဖြစ်သော သုစန္ဒီသည် မြန်မာ့ခေတ်ဝတ်စုံနှင့် လိုက်ဖက်နေလေ၏။

အပ်ချုပ်သူက -

"သနားစရာကောင်းလိုက်တာ။ ငယ်ငယ်ရွယ်ရွယ် လှလှကလေး၊ ရှမ်းပြည်နယ်မှာ သွားနေရတော့မယ်။"

ဟု ငြီးညူလိုက်သည်။

"နောက်တစ်ကြိမ် ကိုယ်ရန်ကုန်ကိုလာရင် မင်းကို ကိုယ်လာတွေ့ပါမယ်။"

ဟု သုစန္ဒီက နန္ဒာကို ပြောသည်။ ပြီးနောက် ရယ်မောလျက် -


"ရှမ်းပြည်နယ်မှာ နေရတာ ရန်ကုန်မြို့တော်မှာ နေရတာထက် လုံခြုံအုံးမယ်။"

ဟု ဆက်ပြောသည်။ သို့သော် ဤသို့ပြောဆိုချက်ကို အပ်ချုပ်သူက သဘောမကျ၍ လိုက်မရယ်ပါ။

သုစန္ဒီနှင့် ဆုံရသည့် ပြည်မမှ မြန်မာအချို့က ရှမ်းပြည်နယ်ကို တိုင်းတစ်ပါးအလား ထင်မှတ်နေကြသည်။ အချို့က ရှမ်းပြည်နယ်သည် ယဉ်ကျေးမှုနည်းသဖြင့် နေထိုင်ရန် စိုးရိမ်ရသည်ဟူ၍ပင် ထင်ကြ၏။ သူတို့က

www.burmeseclassic.com

www.burmeseclassic.com



သီပေါစော်ဘွား စပ်အုံကြာနှင့် မဟာဒေဝီစပ်သုန္ဒာ တို့၏ပုံ

တောင်တန်းသားများကို ခေါင်းဖြတ်သတ်သည့် အရိုင်းအစိုင်းများဟူ၍ပင် သဘောထားနေသည်။ သို့ကြောင့် တိုင်းတစ်ပါးသူ သုစန္ဒီကို ရှမ်းပြည်နယ်၌ လိုက်နေရန်အတွက် စိုးရိမ်နေကြခြင်း ဖြစ်ဟန်တူလေသည်။

ထို့ကြောင့် သုစန္ဒီက သူနှင့်စာလျှင် ရှမ်းပြည်နယ်နှင့်အနီးဆုံး နေရသူများကပင် ရှမ်းပြည်နယ်နှင့် ရှမ်းလူမျိုးများအကြောင်းကို ဂဃနဏ မသိကြ၍ တွေးရခက်ကြီး ဖြစ်နေလေသည်။ သူကို ရှမ်းပြည်နယ်နှင့် ပတ်သက်ပြီး အမှန်အတိုင်းပြောပြမည့်သူတစ်ဦးသာ ရှိသည်။ ထိုသူက သူ၏မောင်တော် စဝ်ကြာဆိုင်ပင် ဖြစ်လေသည်။ သူမမောင်တော်ကို သူမက အကြွင်းမဲ့ ယုံကြည်သည်။ ထိုသို့ယုံကြည်ခြင်းမှာ ထိုပြည်နယ်ကို အုပ်စိုးရသည့် မင်းသားတစ်ပါး (စော်ဘွား) ဖြစ်နေသောကြောင့်မဟုတ်ချေ။ ချစ်၍ ဖြစ်ပါသည်။ သုစန္ဒီက ကြားရသမျှကို မောင်တော် စဝ်ကြာဆိုင်အား ပြန်ပြောပြရာ စဝ်ကြာဆိုင်က ဟက်ဟက်ပက်ပက် ရယ်မောလေသည်။

ရန်ကုန်တွင်နေရစဉ်အတွင်း ရှမ်းပြည်နယ်နှင့်ပတ်သက်၍ လာပြောသူများ၏ ပြောချက်အရ သုစန္ဒီအတွက် စိုးရိမ်ပူပန်စရာသာ ဖြစ်နေလေတော့သည်။ သို့သော် သုစန္ဒီအနေဖြင့် ရှမ်းပြည်နယ်တွင် သူ၏မောင်တော်နှင့်သာ နေရမည်ဆိုလျှင် ကမ္ဘာကြီး၏ပြင်ပသို့ ရောက်နေသည်ပင်ဖြစ်စေ ပျော်ရွှင်မည်ဟု ယုံကြည်ပါသည်။ မည်သို့ပင် သူအား လာပြောစေကာမူ သူ့အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တစ်စိတ်တစ်ဒေသအကြောင်း သိလိုက်ရသည်ဟူ၍ပင် သဘောထားသည်။

သုစန္ဒီ ရန်ကုန်မှသွားရမည့် ရှမ်းပြည်နယ်ဆိုသည်မှာ မြန်မာပြည်၏ လေးပုံတစ်ပုံခန့်ရှိသည့် ဒေသကြီး ဖြစ်သည်။ အရှေ့မြောက်ဘက် တောင်ကုန်းများနှင့် ဆက်စပ်နေသော အခြားတိုင်းပြည်တို့မှာ တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ ထိုရှမ်းပြည်နယ်ဒေသတွင် ရှမ်းလူမျိုး (၃) သန်းခန့်သည် အခြားတောင်တန်းမျိုးနွယ်စု တစ်ဒါဇင်ခန့်နှင့် ရောနှောနေထိုင်သည်ကို သိရသည်။ သို့သော် ထိုသူတို့သည် မြန်မာများထက် ထိုင်းများနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပို၍ တူသည်ဟု ဆိုသည်။ သူတို့လူမျိုးစုအားလုံး၏ မူလအရင်းအမြစ်မှာ တရုတ်ပြည်မှ တရွေ့ရွေ့ ရွေ့လာသူများ ဖြစ်သည်။ တောင်ဘက်သို့ အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းလာကြပြီး ထိုင်းနိုင်ငံနှင့် မြန်မာပြည်သို့ ရောက်လာကြသည်မှာ သူတို့၏နိုင်ငံကို တာတာလူမျိုးများ တိုက်ခိုက်ဖျက်ဆီးလိုက်၍ ဖြစ်၏။ ထိုစဉ်က သူတို့ဒေသကို နန်ချိုဟု ခေါ်သည်။ သူတို့ရောက်လာစက မြန်မာပြည်မြေပြန့်တွင် ကြာမြင့်စွာ မနေရပါ။ (၃) ရာစုနောက်ပိုင်း၌ ရှမ်းများသည် တောင်ကုန်းမြေမြင့်ပေါ်သို့ နှင်ထုတ်ခြင်းခံလိုက်ရသည်။ မြန်မာလူမျိုးများကဲ့သို့ သူတို့တွင် ဘုရင်ဟူ၍ မရှိပါ။ ရှမ်းများကို ရိုးရာအလိုက် မင်းသားများနှင့် အကြီးအကဲတို့ကသာ စော်ဘွား၊ မြို့စား၊ ငွေခွန်မှူး အမည်ခံ၍ အုပ်ချုပ်ခဲ့ကြသည်။ သို့သော် မြန်မာဘုရင်ထံ နှစ်စဉ် ရွှေပန်းခိုင်၊ ငွေပန်းခိုင် ဆက်သ၍ လက်အောက်ခံအဖြစ် နေခဲ့ကြရခြင်း ဖြစ်ပါသည်။

ဗြိတိန်နိုင်ငံက မြန်မာပြည်ကို ကျူးကျော်သိမ်းပိုက်လိုက်သောအခါ မြန်မာပြည်ထဲတွင် ပါဝင်သော ရှမ်းပြည်နယ်မှ စော်ဘွားများ၏ နယ်များသည်လည်း ဗြိတိသျှအင်ပါယာ၏အစိတ်အပိုင်း ဖြစ်သွားလေသည်။ သူတို့ကို ဗြိတိသျှတို့က နိုင်ငံခြားရေးမှတစ်ပါး ပြည်တွင်းရေးများတွင် လွတ်လပ်စွာ အုပ်ချုပ်ခွင့်၊ တရားစီရင်ခွင့်များ ပေးထားသဖြင့် သူတို့သည် ဗြိတိသျှလက်အောက်တွင် အထူးအခွင့်အရေးများ ခံစားရသည်ဟု ထင်နေသည်။ မြန်မာပြည်၌ ဘုရင်စနစ်ကုန်ဆုံးသွား၍ မြန်မာဘုရင်လက်အောက်မှ လွတ်မြောက်သွားသည်ဟု ထင်ရသော်လည်း ရှမ်းမင်းသားများ (စော်ဘွားများ) သည် အင်္ဂလိပ်ဘုရင်၏လက်အောက်တွင် သူတို့၏ ဖယ်ဒရယ်အာဏာနှင့် အုပ်ချုပ်ရသည်ကို လွတ်လပ်လှပြီဟု ထင်နေခြင်းဖြစ်၏။

### ဘာသာပြန်သူ၏ ရှင်းလင်းချက်

*(မူလက မြန်မာဘုရင်လက်အောက်တွင် ရှမ်းစော်ဘွားကြီး (၉) ပါးသာရှိပြီး ကျန်ရှမ်းနယ်များကို မြို့စားများ၊ ငွေခွန်မှူးများနှင့်သာ ထားလေရာ နယ်ချဲ့ဗြိတိသျှတို့က ရှမ်းပြည်နယ်မှ အကြီးအကဲအားလုံးကို စော်ဘွားအရိုက်အရာသို့ ဆက်နိဒ်အမိန့်ဖြင့် တိုးပေးလိုက်သောကြောင့် သဘောကျနေကြခြင်း ဖြစ်သည်။ ရှမ်းပြည်နယ်မှ နယ်တိုင်းတွင် မြန်မာဘုရင်လက်ထက်၌ ဗိုလ်မှူးများ၊ စစ်ကဲများထား၍ အုပ်ချုပ်စေသည်။ ဗြိတိသျှလက်ထက်တွင် နယ်ခြားဝန်ထောက်များဖြင့်ထားပြီး ရှမ်းပြည်နယ်တစ်ခုလုံးကို ဗြိတိသျှမဟာမင်းကြီးတစ်ယောက်အောက်တွင် အုပ်ချုပ်စေခြင်းသည် မြန်မာဘုရင်လက်ထက်တော်ကနှင့် ထူးမခြားနားပင်ဖြစ်သည်ကို သတိပြုမိကြဟန် မတူချေ။)*

သုစန္ဒီသည် မောင်တော် စဝ်ကြာဆိုင် ပြောပြသည့် သီပေါနယ်နှင့် နယ်သူနယ်သားများ ကျောက်တောင်များတွင် မည်သို့နေခဲ့ကြရပုံကို မှတ်မိနေပါသေးသည်။ မောင်တော်ပြောပြသမျှအပေါ် သုစန္ဒီအနေဖြင့် သူ၏ မိရိုးဖလာယဉ်ကျေးမှုနှင့် ကွဲပြားခြားနားလှသည့် ရှမ်းတို့၏ယဉ်ကျေးမှုကို ကြိုးစားပြီး လိုက်နာကျင့်သုံးနေရမည် ဖြစ်သည်။ သို့ကြောင့် ရန်ကုန်မြို့ စထရင်းဟိုတယ်မှ အကောင်းဆုံးအခန်းတွင်နေရင်း သူ၏အနာဂတ်အတွက် တွေးရလွန်းသဖြင့် အိပ်၍ပင် မပျော်ခဲ့ချေ။ သူ၏ဆုံးဖြတ်ချက်သည် မှန်ကန်ပါမည်လားဟုပင် သံသယဖြစ်မိလေသည်။ သူ၏ ဇာတိမြေ ဩစတြီးရီးယားနိုင်ငံသို့ပင် ပြန်ရောက်မှ ရောက်နိုင်တော့ပါမည်လား ဟူ၍လည်း တွေးတောမိသည်။ ဟန်နီ (Hanni) ဟူသော ငယ်မည်ရှိသည့် သုစန္ဒီသည် သူ၏ ဇာတိမြို့ရွာမှ အရှေ့အလယ်ပိုင်းနိုင်ငံတစ်နိုင်ငံ၏ နန်းတွင်းမိန်းမဆောင်သို့ အကျဉ်းသားသဖွယ် ရောက်လာရသည်ကိုပင် သူကိုယ်သူ အံ့ဩနေလေသည်။ သူ၏နိုင်ငံဖြစ်သော ဩစတြီးရီးယားတွင် သူ့အတွက် ဘဝလုံခြုံခဲ့သည်ကို ပြန်၍ စဉ်းစားကြည့်မိသည်။ ဒုတိယကမ္ဘာစစ်အတွင်းမှ သူ၏အိမ်သည် ဗုံးကျ၍ ပျက်စီးခဲ့ရသည်ကိုပင် ထည့်မစဉ်းစားမိတော့ချေ။ ထိုစစ်ပြီးစ အချိန်က အဝတ်အစားရှားပါးမှုကြောင့် ညဘက် ကပွဲသဘင်ဆင်ယင်ရန် လိုက်ကာဟောင်းနှင့် ဂါဝန်ရှည်ကြီး ချုပ်ဝတ်ခဲ့ရသည်ကိုလည်းကောင်း၊ သူ့အနေဖြင့် ခရီးထွက်စဉ်က Salzburg မှ လူငယ်များအဆောင်တွင် အိပ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရသည်ကိုလည်းကောင်း၊ ပြန်သတိရနေသည်။ ယခုအခါ သူသည် ရန်ကုန်မြို့တော်မှ အကောင်းဆုံး ထိပ်တန်း ဟိုတယ်ရှိအခန်းတွင် ဇိမ်ခံပိုးဖဲကတ္တီပါ အိပ်ယာခင်းများပေါ်တွင် အိပ်စက်နေရ၍လည်းကောင်း၊ ငွေစစ်နှင့် ပြုလုပ်ထားသော ဇွန်း၊ ခရင်း၊ ပုဂံတို့ဖြင့် စားနေရ၍လည်းကောင်း အလွန်မှ ဝတ္တရားကျေပွန်လှသည့် ဟိုတယ် ဝန်ထမ်းများ၏ ပြုစုမှုကိုခံယူရ၍ လည်းကောင်း၊ သူ့ဘဝကို မေ့မသွားဘဲ အတိတ်မှ သူ၏ဖြစ်စဉ်များကို ပြန်၍ သတိရမိနေခြင်းဖြစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၉)

### အခန်း (၃)

ဇန်နဝါရီလ၏ တိမ်များကင်းစင်နေသော နံနက်ခင်းတစ်နေ့တွင် စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့သည် သူတို့၏ ဟော်နန်းရှိရာ သီပေါသို့ပြန်ရန် မင်္ဂလာဒုံလေယာဉ်ကွင်းသို့ ကားဖြင့် သွားကြပါသည်။ သီပေါသည် မန္တလေးမှ အရှေ့မြောက်ဘက်တွင် ရှိသည်။ သူတို့မောင်နှံအား အပတ်စဉ် လားရှိုးနှင့် ရန်ကုန် ပြေးဆွဲနေသော DC - 3 လေယာဉ်က ရှမ်းပြည်နယ်၏ မြောက်ပိုင်းတွင်ရှိသည့် တစ်ခုတည်းသော လားရှိုးလေယာဉ်ကွင်းသို့ သယ်ဆောင်သွားခဲ့သည်။

လေယာဉ်ကြီးသည် အင်ဂျင်စက် (၂) လုံးဖြင့် ရှန်း၍ကောင်းကင်သို့ ထိုးတက်သွားရသဖြင့် တုန်ခါနေလေသည်။ ထိုလေယာဉ်သည် ကုန်တင်လေယာဉ်မှ လူစီးလေယာဉ်အဖြစ်သို့ ပြောင်းလဲထားသည်ဟု သိရသဖြင့် သုစန္ဒီသည် ကြောက်ရွံ့နေသည်။ သုစန္ဒီ၏မျက်နှာသည် ဖြူဖတ်ဖြူရော်ဖြစ်နေပြီး ထိုင်ခုံလက်ရမ်းကို တင်းကျပ်စွာ ဆုပ်ထားသည့်လက်သည်ပင် တုန်နေသဖြင့် -

"ဒီလေယာဉ်ပျံတွေဟာ စိတ်အချရဆုံးပါ။"

ဟု စဝ်ကြာဆိုင်က ပြောပြီး အားပေးနှစ်သိမ့်နေရ၏။ စက်သံဆူညံလွန်းသဖြင့် စဝ်ကြာဆိုင်က စကားမပြောနိုင်တော့ပါ။ သုစန္ဒီကလည်း မျက်လုံးစုံမှိတ်ထားပြီး သူ၏မောင်တော်အား ပြုံးရုံပြုံးပြလိုက်လေသည်။ လေယာဉ်သည် သတ်မှတ်ထားသည့် အမြင့်သို့ရောက်သောအခါမှ မတုန်ခါတော့ဘဲ ငြိမ်သက်သွား၏။ ထိုအခါကျမှ သုစန္ဒီ အဖို့ နေသားထိုင်သားကျသွားပါသည်။ စဝ်ကြာဆိုင်က လေယာဉ်ပေါ်မှ အောက်ရှုမျှော်ခင်းများကို ထိုးပြနေသည်။ လေယာဉ်ပျံသည် မန္တလေးကွင်း၌ ဆင်းရသည်။ မန္တလေးကွင်းမှ လေယာဉ်တက်သည်နှင့် စဝ်ကြာဆိုင်သည် ဂနာမငြိမ်တော့ပါ။ လေယာဉ်ပြတင်းမှနေ၍ သူ၏ဇာတိသီပေါဒေသကို လိုက်ရှာကြည့်နေသည်။ လေယာဉ်ပျံကြီးသည် ပေပေါင်းထောင်ကျော်အောင် ထိုးတက်သွားသည်နှင့် ဗြိတိသျှကိုလိုနီတို့ နွေရာသီတွင် ဖိမ်ခံသော မေမြို့ပေါ်သို့ရောက်သည်။ မေမြို့မှမှန်းပြီး မန္တလေး - သီပေါ သွားရာလမ်းကို စဝ်ကြာဆိုင်က လိုက်ရှာကြည့်နေသည်။ နောက်ဆုံးတွင် သူ့နယ်သီပေါကို ကြည်လင်နေသော ကောင်းကင်မှ မြင်လိုက်ရသည်နှင့် -

"ကြည့်စမ်း... တို့များဟာ သီပေါနယ်ပေါ်ကို ရောက်နေပြီ။"

ဟု အော်ပြောလိုက်သည်။ နောက်မှတစ်ဖန် -

"ဒီနေရာဟာ တို့များနဲ့ဆိုင်တဲ့နေရာပဲ။"

ဟု တိုးတိုးပြောလိုက်သည်။ သူ့ဘိုးဘွားဘီဘင်များ အခြေချခဲ့သည့်နေရာဟောင်းကို ပြန်မြင်လိုက်ရသော

www.burmeseclassic.com


www.burmeseclassic.com



အခါ စဝ်ကြာဆိုင်သည် ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် လည်လာသည်။ မျက်ရည်များပေနေသော သူ့မျက်မှန်ကိုချွတ်ပြီး လက်ကိုင်ပုဝါဖြင့် သုတ်လိုက်သည်။ ထို့နောက် သုစန္ဒီပခုံးကို ဖက်လိုက်၏။ သူ့နယ်မှ (၄) နှစ် ခွဲခွာခဲ့ရသည့် သူ့အဖို့ ယခုအခါ သတ္တုတွင်းအင်ဂျင်နီယာအဖြစ် ပြန်လာခဲ့သည် မဟုတ်ပါလော။ သဘာဝဓာတ်သတ္တုများနှင့် ချမ်းသာကြွယ်ဝလှသည့် သူ့နယ်မြေမှ ကြွယ်ဝမှုကို သူကိုယ်တိုင်ထုတ်ဖော်ပြီး နယ်သူနယ်သားများအား ချမ်းသာကြစေမည်။ သို့မှသာ သီပေါ၏အရှင်သခင်အနေဖြင့် နယ်သူနယ်သားများအပေါ် ဝတ္တရားကျေလိမ့်မည်ဟု ထင်မိသည်။ သူ့သဘောနှင့်သူ လက်ထပ်လာခဲ့သည့် တစ်ပြည်သူ သုစန္ဒီကလည်း သူ့ကို ကူညီအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်သည်။

သူတို့စီးလာသော လေယာဉ်ပျံကြီးသည် နောင်ချိုခေါ်သည့် မြို့ငယ်လေးပေါ်သို့ ရောက်လာ၏။ စဝ်ကြာဆိုင်က ငုံ့၍ကြည့်နေသည်။ နောင်ချိုတွင် စစ်တန်းလျားများစွာ ဆောက်ထားသည်ကို မြင်လိုက်ရသည်။ ရှမ်းပြည်နယ်၏ ကာကွယ်ရေးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက တာဝန်ယူထားသည်။ သို့သော် သူမရှိသည့် (၄) နှစ်အတွင်း သီပေါနယ်မှ နောင်ချိုမြို့လေးတွင် ဤမျှစစ်တန်းလျားများ တိုးလာသည်ကို အံ့သြနေမိသည်။ နယ်ခြားတပ်ဟု ဆိုရမည်ဖြစ်သော်လည်း တရုတ်နယ်စပ်နှင့် အလွန်ဝေးကွာလှပါသေးသည်။

လေယာဉ်ပေါ်မှ ငုံ့ကြည့်နေရင်းနှင့် ဂျပန်ခေတ်က သူ့ခမည်းတော်နှင့် ညီအစ်ကိုမောင်နှမများ ပုန်းခိုခဲ့ရသည့် ရွာကလေးကိုလည်း မြင်လိုက်ရသည်။ ထိုစဉ်က သူ့အတိတ်ကို ဟောခဲ့သည့် ဗေဒင်ဆရာကြီး၏ဟောချက်ကိုလည်း သတိရလိုက်သေးသည်။ သူသည် တစ်နေ့တွင် ဇာတိမြေမှ အလွန်ဝေးကွာသော တစ်နေရာသို့ သွားရမည်။ အပြန်တွင် အိမ်ထောင်ဘက်ပါလာမည်။ သူ၏အိမ်ထောင်ဘက်သည် သူစာသင်သည့် တိုင်းပြည်မှလည်းမဟုတ်၊ သူ့ဇာတိမြေမှလည်းမဟုတ်၊ သို့သော်ကြားတစ်နေရာမှ ဖြစ်လိမ့်မည်ဟူလို။ ဗေဒင်ကို ယုံကြည်သော စဝ်ကြာဆိုင်သည် သူ့အပေါ် ဟောပြောချက် မှန်ခဲ့သည်ကို ပြန်တွေးလိုက်မိသည်။ သို့သော် ဤအကြောင်းအရာများကို သုစန္ဒီ



စော်ဘွားကြီးနှင့်မဟာဒေဝီတို့အား နယ်သူနယ်သားများက ကြိုဆိုပုံ

www.burmeseclassic.com

www.burmeseclassic.com



အား ပြန်မပြောပြခဲ့ပါ။ ဗေဒင်ဟောခဲ့သည်က ဤမျှသာ မဟုတ်ပေ။ သူ့ဘဝတွင် အောင်မြင်မှုများ ရရှိမည်ဖြစ်သော်လည်း ဒုက္ခဆင်းရဲခြင်းနှင့် ကြုံတွေ့ရမည့်အပြင် အသက်ပင်သေနိုင်သည်ဟု ဟောထားသေးသည်။ ဤအရာများကိုလည်း သုစန္ဒီအား သူမပြောပြခဲ့ပါ။

လေယာဉ်ပျံကြီးသည် လားရှိုးလေယာဉ်ကွင်းသို့ ငြိမ်သက်စွာ ဆင်းသက်သည်။ လားရှိုးလေယာဉ်ကွင်းမှ အဆောက်အဦးသည် သစ်သားအဆောက်အဦးသာ ဖြစ်သည်။ သူက အကြီးအကျယ် ကြိုဆိုခံရမည်ဟု သုစန္ဒီကို ပြောထားသော်လည်း လေယာဉ်ကွင်းမှ နယ်ရှင်မောင်နှံနှစ်ပါးအား ကြိုဆိုနေကြသည့် လူအုပ်ကြီးကို တွေ့လိုက်ရသောအခါ သုစန္ဒီသည် အံ့သြပြီး သူ၏အောက်နှုတ်ခမ်းကိုပင် ကိုက်ထားလိုက်မိသည်။ လေယာဉ်မယ်က အခြားခရီးသည်များကို အရင်ဆင်းခိုင်းသည်။ သီပေါစော်ဘွားနှင့် မဟာဒေဝီတို့အား နောက်ဆုံးမှ ဆင်းစေသည်။ သို့မှသာ ကြိုဆိုသည့်အခမ်းအနားကို ရှင်းရှင်းလင်းလင်း ကျင်းပနိုင်မည်ဖြစ်သည်။ စဝ်ကြာဆိုင်သည် သူ၏မဟာဒေဝီနှင့်အတူ လေယာဉ်ပျံကြီး၏တံခါးမှ ဆင်းလိုက်သည်နှင့် ကော်ဇောနီခင်း၍ ကြိုဆိုထားသည်ကို မြင်လိုက်ရသည်။ သီပေါနယ်မှရဲများက သူတို့၏နယ်ရှင် စော်ဘွားကြီးကို အရိုအသေပေးကြသည်။ သူတို့နယ်ရှင် ဇနီးမောင်နှံအား မျက်စိထောင်ပေါင်းများစွာက ကြည့်နေကြသည်။ စဝ်ကြာဆိုင်သည် သီပေါနယ်မှ ဝန်ကြီးများနှင့် မြို့ခံဂုဏ်သရေရှိလူကြီးမင်းအပေါင်းကို သူ၏မဟာဒေဝီနှင့် မိတ်ဆက်ပေးသည်။ မြို့ခံများက ယခုမှမြင်ဖူးရသည့် သူတို့နယ်၏မဟာဒေဝီကို စူးစိုက်ကြည့်နေကြသည်။ သို့သော် သူတို့၏အကြည့်သည် မနာလိုသည့် မစ္ဆရိယအကြည့်မျိုးမပါပါ။ အဘယ်ကြောင့်ဆိုသော် ထိုလူကြီး၊ လူကောင်းများသည် သူတို့၏သမီးများကို သုစန္ဒီနေရာ၌ မျှော်မှန်းခဲ့ကြသောကြောင့်ဖြစ်၏။ စဝ်ကြာဆိုင် စော်ဘွားဖြစ်သည်နှင့် ရှမ်းပြည်နယ်တစ်နယ်လုံးတွင် ရေပန်းအစားဆုံးသော လူပျိုစော်ဘွားတစ်ပါးဖြစ်ခဲ့သည်။

စဝ်ကြာဆိုင်တို့မောင်နှံအား သယ်ဆောင်လာသည့် (၅၀) ခန့်မျှသော ယာဉ်တန်းကြီးသည် လားရှိုးမြို့ကို ဖြတ်ပြီး သီပေါသို့ တိုက်ရိုက်မောင်းထွက်သွားသည်။ ကိုယ်ရံတော်တပ်က ဂျစ်ကားများနှင့် ဦးဆောင်၍ ထွက်သွားသည်။ စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့သည် ထိုအခါကျမှပင် ကားနောက်ခန်းတွင်အတူစီး၍ အနားယူကြရတော့သည်။

"ဒို့များ မိနစ် (၂၀) လောက်ပဲ အနားယူရမှာပါ။ ဒို့သီပေါနယ်စပ်ကိုရောက်တာနဲ့ နယ်သူနယ်သားထောင်ပေါင်းများစွာက ကြိုဆိုကြလိမ့်မယ်။ သူတို့အားလုံးက မင်းကို မြင်ဖူးချင်နေကြတယ်။"

ဟု စဝ်ကြာဆိုင်က သုစန္ဒီကိုပြောလိုက်သောအခါ သုစန္ဒီသည် စဝ်ကြာဆိုင်ဘက်သို့တိုးလိုက်ပြီး သူ၏လက်ကို သူ့လက်အတွင်းသို့ ထည့်ထားလိုက်သည်။ စဝ်ကြာဆိုင်ကလည်း သုစန္ဒီ၏လက်ကို တင်းတင်းကြပ်ကြပ်ဆုပ်ထားလိုက်သဖြင့် သုစန္ဒီက ကိုလိုရာဒိုနယ်မှ ဒင်ဗာ (Denber) သို့ သူတို့ဟန်းနီးမွန်းထွက်ခဲ့သည်ကို သွား၍ သတိရလိုက်မိသည်။ သုစန္ဒီအနေဖြင့် သည်အချိန်တွင် သူ့အပေါ် တကယ်ဂရုစိုက်မည့်သူမှာ သူ့မောင်တော်မှတစ်ပါး အခြားမည်သူမျှ ရှိမည်မဟုတ်ဟု တွေးလိုက်မိ၏။

သူတို့ နမ္မတူမြစ်မှ တံတားပေါ်သို့ဖြတ်သောအခါ သီပေါနယ်ထဲသို့ဝင်ပြီဆိုသည်ကို စဝ်ကြာဆိုင် ပြော၍ သိရသည်။ နယ်သူနယ်သားများသည် ရွာပေါင်းများစွာမှ ရာချီ၍ လမ်းဘေးဝဲယာတွင် တန်းစီ ကြိုဆိုနေကြသည်။ တစ်ဒါဇင်ခန့်ရှိမည်ဖြစ်သော အမျိုးသမီးငယ်များကလည်း ကခုန်၍ ကြိုဆိုနေသည်။ ရှမ်းအိုးစည်သံနှင့် မောင်းသံများဖြင့် ဆူညံနေတော့၏။ ကိုယ်တွင် ဆေးမှင်ကြောင်ထိုးထားသည့် အမျိုးသားလေးနှစ်ဦးက ရှမ်းဓားသိုင်းအကကို ကနေသည်မှာ စိုးရိမ်ထိန့်လန့်စရာကောင်းလှသည်။ ရှမ်းကိန္နရာ အဖို၊ အမက သူနှစ်ယောက်ကလည်း မျက်နှာဖုံးများနှင့်ဖြစ်၏။ ထိုအကအခုန်များရှိသည့်နေရာတွင် ကားရပ်၍ သုစန္ဒီတို့မောင်နှံ ဆင်းလိုက်ရသည်။ ကြိုဆိုနေသည့် "ဟိန်" ဟုခေါ်သည့် ရွာသူကြီးက အရပ်ရှည်ရှည် နှုတ်ခမ်းမွေးနှင့်ဖြစ်၏။ သူက သုစန္ဒီ နားမလည်သော စကားကိုပြောပြီး ပန်းစီးဆက်သသည်။ သုစန္ဒီက ပန်းစီးထဲမှ ပန်းတစ်ပွင့်ကိုယူပြီး ခေါင်းတွင် ပန်လိုက်၏။ ထိုသို့ပန်းပန်ထားသည့် ရှမ်းအမျိုးသမီးများ လူအုပ်ထဲတွင် အများကြီးပါသည်။ သူတို့က သူတို့နည်းတူ ပန်းပန်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့် သူတို့၏အရှင်သခင်မကို အလွန်သဘောကျပြီး ဝိုင်းရယ်ကြသည်။ ရှမ်းအမျိုးသမီးများနှင့် ကလေးငယ်များက သုစန္ဒီအနီးသို့ ဝိုင်းလာကြသည်။ ရွာသူကြီးကလည်း စဝ်ကြာဆိုင်ကို ငွေဖလားဖြင့် ရေဆက်သသည်။ ဤသည်မှာ ဧရာဇည့်များအတွက် ကြိုဆိုမှုထုံးစံပင်ဖြစ်သည်။ သဘောကျနေသည့် သုစန္ဒီကို မောင်တော် စဝ်ကြာဆိုင်က ဒီထက် သဘောကျစရာများကို မြင်ရဦးမည်ဟု ပြောလိုက်သည်။

သူတို့ကားဖြင့် ဆက်ထွက်လာရာ အခြားရွာတစ်ရွာသည် လမ်းပေါ်၌မဟုတ်ဘဲ ကျွန်းတောကြီးထဲ၌ဖြစ်၍ တစ်ရွာလုံးကျွတ် လမ်းမပေါ်ထွက်ပြီး ကြိုဆိုနေကြသည်။ ထိုရွာသူကြီးဦးဆောင်သည့် ကြိုဆိုမှုတွင် အကအခုန်များက ပို၍ပင် များသေးသည်ဟု ထင်မိသည်။ သူတို့က ဝါးဖြင့်ပြုလုပ်ထားသော မုခ်ဦးဖြင့် ကြိုဆိုသည်။ စဝ်ကြာဆိုင်တို့ အရှင်နှစ်ပါးမှာ ကားအတွင်းမှ ဆင်းရပြန်သည်။ သီပေါမြို့တော်သို့ မောင်းခဲ့ရသည့် (၂၅) မိုင်တွင် သုစန္ဒီတို့စီးလာသည့် ချပ်ပလက်ကားတွင် ပန်းစီးများဖြင့် ပြည့်သွားလေတော့သည်။

(၃) နာရီခွဲခန့်ကြာသောအခါ ကားတန်းရှည်ကြီးသည် သီပေါမြို့သို့ရောက်၏။

“ကြိုဆိုပါ၏။”

ဟူသည့် စာလုံးကြီးများဖြင့် ရေးထားသော ဆိုင်းဘုတ်ကြီးများက လမ်းဘေးဝဲယာ၌ ရှိသည်။ ကျောင်းသူကျောင်းသားကလေးများ (၈၀၀) ခန့်က အင်္ဂလိပ်ဘာသာဖြင့် ကြိုဆိုပါ၏ ဟု အော်ဟစ်နေကြသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၀)

သီပေါမြို့သူမြို့သား အသက်အရွယ် ကြီးငယ်မဟူ၊ လူပေါင်း (၁၅၀၀၀) ခန့်သည် လမ်းဘေးဝဲယာတွင် ကြိုဆိုနေကြသည်။ ကြိုဆိုသည့်မုခ်ဦး (၈) ခုနေရာများတွင် ဘင်ခရာတီးဝိုင်းများက မရပ်မနား တီးမှုတ်နေသည်။ ရောင်စုံလူအုပ်ကြီးနောက်၌ရှိသည့် အိမ်များမှာ သစ်သားနှစ်ထပ်အိမ်များသာဖြစ်သည်ကို သုစန္ဒီ သတိပြုမိသည်။

နောက်ဆုံးတွင် မြို့မြောက်ပိုင်းသို့ ရောက်သွားသည်။ ထိုမြောက်ပိုင်းတွင် စဝ်ကြာဆိုင်၏ ဆွေတော်မျိုးတော်များနေကြသည်။ လမ်းကွေ့လွန်သောအခါ ဖြူဖွေးနေသည့် နှစ်ထပ်တိုက်အိမ်ကြီးတစ်ဆောင်ကို တွေ့ရသည်နှင့် တစ်ပြိုင်နက် သုစန္ဒီက ထိုအိမ်သည် သူတို့စံမြန်းရမည့် အရှေ့ဟော်ဖြစ်သည်ဆိုသည်ကို သိလိုက်သည်။ ထိုအိမ်ကြီးကို အုပ်ကြွပ်မိုးထားသည်။ ထူးခြားသည်မှာ ပြင်သစ်ပုံစံကြီးမားလှသည့် ပြတင်းနှင့် တံခါးကြီးများ ရှိခြင်းဖြစ်၏။ လသာဆောင်များလည်း ထုတ်ထားသည်။ အိမ်ကြီးရှိရာဝင်းအတွင်း မြက်ခင်းစိမ်းစိမ်းများနှင့် ရောင်စုံပန်းများ ဖူးပွင့်နေသည့် ပန်းပင်များကို တွေ့ရသည်။ စဝ်ကြာဆိုင်က သူ၏မဟာဒေဝီမျက်နှာကို လှမ်းကြည့်လိုက်ရာ သုစန္ဒီ၏ မျက်နှာပေးမှာ -

"ဒါ... ကျွန်မတို့အိမ်မဟုတ်လား။"


ဟု မေးနေသယောင်၊ ပေါ်လွင်နေပါသည်။ ခြံအဝင်အဝတွင်ရှိသော မုခ်ဦးတွင် သက်တော်စောင့်များ ရှိနေသည်။ သူတို့က လက်နက်ကိုယ်စီဖြင့် ကားလမ်းဝဲယာတွင် မတ်မတ်ရပ်၍ ကြိုဆိုနေကြသည်။ ဆွေတော်မျိုးတော်များမှာ အိမ်တော်အဝင်ဝမှာ ကြိုဆိုသည်။ အရှေ့ဟော်ဆိုသည့်အိမ်ကြီးသည် အမှန်တော့ အင်္ဂလိပ်ကျေးလက်မှ အိမ်ပုံစံပင်ဖြစ်သည်။ အားလုံးကိုခြုံငုံ၍ မြင်လိုက်ရသည့် သုစန္ဒီအဖို့ ကိုယ့်အိမ်ကိုယ်ရာကို ပြန်လာဘိသကဲ့သို့ ဖြစ်သည်။

ထိုနေ့အဖို့ ကြိုဆိုသည့် ဆွေတော်မျိုးတော်များနှင့် ဧည့်သည်တော်များ ပြန်သွားကြမှပင် စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့နှစ်ဦးသား ကျန်ရစ်လေသည်။ စဝ်ကြာဆိုင်က အိမ်တော်ရှိ မဟာဒေဝီအတွက် အပို့တော်၊ ပွဲတော်ချက်၊ ပွဲတော်လိုက်နှင့် ဒါဇင်ဝက်ခန့်ရှိသော အစေအပါးတို့ကို အိမ်ရှင်မအသစ်နှင့် မိတ်ဆက်ပေးသည်။ သုစန္ဒီက ထိုအချိန်တွင် ခြေကုန်လက်ပမ်းကျနေပြီဖြစ်၏။ စဝ်ကြာဆိုင်၏ ခမည်းတော်ကို တွေ့ရသောအခါ ဗုဒ္ဓဘာသာရသေ့ရဟန်းအသွင်နှင့် ဖြစ်သည်။ သို့သော် မယားငယ်ငယ်လေး ယူထားပြီး သားသမီးများစွာ ပွားစီးနေဟန်တူသည်။ သူတို့အားလုံး (၇) ယောက်ခန့် ရှိသည်။ စဝ်ကြာဆိုင်၏ မိထွေးတော် (၈) ပါးကိုလည်း တွေ့ရသည်။ သူတို့သည် သူ့ဦးရီးတော်၏ ကြင်ရာတော်မှဆိုးမများ ဖြစ်၏။ တစ်ချိန်က စဝ်ကြာဆိုင်၏ ဦးရီးတော်စော်ဘွား (၁) ဦးတွင် ကြင်ရာတော် (၄၀) ရှိသည်ဆို၏။ မိထွေးတော် (၁)ပါးက ဝိတိုရိယဘုရင်မကြီး၏နန်းတော်ကိုပင်

www.burmeseclassic.com

www.burmeseclassic.com





သီပေါ်အရှေ့တော်မှ အရှင်နှစ်ပါးကို မျှော်နေသည့် သလွန်

ရောက်ဖူးကြောင်း ပြောပြသည်။ သူ့မောင်တော်၏ မရေတွက်နိုင်သော ဝမ်းကွဲမောင်နှမများ၏အကြောင်းကို သုစန္ဒီ မမှတ်မိနိုင်တော့ပါ။ သို့သော် သူ့မောင်တော်၏ နောင်တော်အရင်းနှင့် အစ်မတော်အရင်းတို့ကို မမြင်ရပါ။ သူတို့ နှစ်ဦးသည် အခြားမြို့တွင် နေသည်ဟု သိရသည်။

ထိုအချိန်က သုစန္ဒီအဖို့ အိပ်ရန်နေရာတစ်ခုသာ တမ်းတနေမိသည်။ အဘယ်ကြောင့်ဆိုသော် ခရီးပန်းလှသဖြင့် အိပ်ရာပေါ်တွင် အိပ်လိုက်ချင်သောကြောင့် ဖြစ်သည်။ သုစန္ဒီအနေဖြင့် သူ့မောင်တော်၏ ထူးခြားလှသည့် မိသားစုအကြောင်းနှင့် ယော်ဟုခေါ်သော အိမ်တော်၊ အခြွေအရံများနှင့် သူ၏ထမ်းဆောင်ရမည့် တာဝန်များကိုသာ စိတ်ကူးကြည့်နေသည်။ မောင်းသံကျယ်လောင်စွာ ကြားလိုက်ရသည်နှင့် သုစန္ဒီအဖို့ အိပ်ချင်ရာမှ မျက်လုံးကျယ်သွားတော့သည်။ သုစန္ဒီက အကျယ်ဆုံးခန်းမကြီးအတွင်းကို ကြည့်လိုက်သည်။ ခန်းမကြီးကို (၃) ပိုင်းပိုင်း၍ မြင်ရသည်။ သုစန္ဒီက အရှေ့ပိုင်းတွင် ရောက်နေသည်။ ခန်းမထဲတွင် ဥရောပမှ ပရိဘောဂများရှိသည်။ အလွန်ကြီးသည့် ပြင်သစ်ပြတင်းပေါက်များတွင် လိုက်ကာကြီးများ ချထားသည်။ ထိုပြတင်းပေါက်ကြီးများ၏ လိုက်ကာတစ်ဖက်တစ်ချက်တွင် ရောမငွေဖလားကြီးများအတွင်း ပန်းများထိုးထားသည်။ ခန်းမကြီး၏အလယ်သည် ရှမ်းဧည့်သည်တော်များအတွက် နေရာဖြစ်ပုံရသည်။ ခန်းမကြီးတစ်ခုလုံး ထူလှသည့် တရုတ်ပိုးကော်ဇောကြီး ခင်းထားသဖြင့် ဧည့်သည်တော်များသည် ရိုးရာအတိုင်း ကြမ်းပေါ်တွင်ထိုင်၍ ခစားကြပုံရသည်။ သူတို့ရှေ့တွင် သလွန်တော်တစ်ခု ချထားသည်။ သလွန်တော်ပေါ်၌ လက်တင်ရန် ဆိုဖာ (အုံးတော်) ရှိသည်။ ခန်းမကြီး၏ တတိယပိုင်းဖြစ်သော အနောက်ဘက်တွင် စာအုပ်ဗီရိုကြီးများရှိ၏။

"ညစာစားဖို့ အချိန်ရောက်ပြီ အချစ်ရေ။"

www.burmeseclassic.com



စဝ်ကြာဆိုင်၏ သူ့ကို ခေါ်သံကြားမှပင် သုစန္ဒီ သတိပြန်ဝင်လာသည်။ မောင်တော်က သူ့ကို ထမင်းစားခန်းအတွင်းသို့ ခေါ်ဆောင်သွားသည်။ သူ၏ ပခုံးကိုဖက်၍ တိုးတိုးလေး သူမည်မျှချစ်ကြောင်း ပြောလိုက်သေးသည်။ ထမင်းစားခန်းကြီးသည် ပရိဘောဂများနှင့် ပြည့်နေ၏။ ပွဲတော်ဆက် 'ကောလင်း' က ရေမမောင်းကြီးကို ထုလိုက်သည်။ မောင်းကြီးကို ဆင်ကြီးနှစ်ကောင်၏ နှာမောင်းတွင် ချိတ်ထားသည်။ ထမင်းစားခန်းထဲမှ မဟော်ဂနီ ထမင်းစားပွဲကြီးသည် ပန်းပုထုထားသည့် ခြေထောက်များနှင့် ဖြစ်သည်။

"စားပွဲကြီးက ကြီးကျယ်လွန်းလို့ ကျွန်မကိုယ်ကျွန်မ ပျောက်သွားတယ်လို့ ထင်ရတယ်။"

ဟု သုစန္ဒီကပြောရင်း သူ့မောင်တော်ဆွဲပေးလိုက်သည့် ကုလားထိုင်ပေါ်တွင် ထိုင်လိုက်သည်။ သုစန္ဒီသည် သာမန် ဥရောပသူမျှသာဖြစ်ရာ ဘာမဆို သူ့ဖာသာသူသာ လုပ်ကိုင်ခဲ့ရသည်။ ယခုအခါ ရှမ်းပြည်နယ်မှ နယ်ရှင်တစ်ပါး၏ မဟာဒေဝီအနေဖြင့် ခမ်းခမ်းနားနားနေရသည့်အပြင် အခြွေအရံအသင်းအပင်းများနှင့်ဖြစ်၍ သူ့ဘဝသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်ကို သတိပြုမိလိုက်သည်။

"ဒို့များ ကလေး (၄) ယောက်လောက် ယူကြရအောင်။"

ဟု စဝ်ကြာဆိုင်က ပြောလိုက်သည်။ ထိုနေ့ညစာသည် သူတို့နှစ်ဦး၏ ပထမဆုံး သူတို့အိမ်တွင်သူတို့ စားကြရသော ညစာဖြစ်သည်။ ပွဲတော်ဆက်က ပွဲတော်ချက်၊ ချက်ပေးလိုက်သမျှကို ထမင်းစားခန်းအတွင်းသို့ ယူလာပြီး ဆက်သည်။

"ကျွန်မက တကယ့်ရှမ်းအစာကို စားချင်တာ။"

ဤသို့ သုစန္ဒီက ပြောလိုက်ရခြင်းမှာ ပွဲတော်ဆက်ကောလင်းက ဥရောပအစားအစာများကို လာရောက်ဆက်သနေသောကြောင့်ဖြစ်သည်။ စဝ်ကြာဆိုင်က သူတို့ရှမ်းအစာများကို ပူစပ်သဖြင့် သုစန္ဒီ စားနိုင်မည် မဟုတ်ဟု ဆိုသည်။ ပွဲတော်ဆက် နောက်ဆုံးလာချသည့်အစာကို သူတို့မောင်နှံကြည့်ပြီး သဘောကျနေသည်။ ဆိတ်သားရိုစ်ကို အာလူးပြုတ်များဝိုင်းရံပြီး ဟင်းသီးဟင်းရွက်များ အောက်ခံနှင့် ဖြစ်သည်။

စဝ်ကြာဆိုင်က အသားတစ်တုံးကို ခက်ရင်းဖြင့် ထိုး၍စားကြည့်ရာ -

"မာလိုက်တာ"

ဟု ပြောသည်။ သုစန္ဒီက -

"မာမာပျော့ပျော့ စားရမှာပဲ။ ပွဲတော်ချက်က အပင်ပန်းခံ ချက်ထားတာ။"

ဟုပြော၏။ စဝ်ကြာဆိုင်သည် ပွဲတော်ချက်အားခေါ်ပြီး ရှမ်းလို ပြောနေသည်။ ဆိတ်သားမာသည့် အကြောင်းပင် ဖြစ်သည်။ သုစန္ဒီက -

"မောင်တော် သူ့ကိုပြောပြီးရင် ကျွန်မလည်း ပြောချင်သေးတယ်။ ဘာသာပြန်ပေးနော်။"

ဟု ပြောလိုက်သည်။

"ပြန်ပေးမှာပေါ့။ တို့နှစ်ယောက် ပြောတာကြောင့် သူ့ရဲ့ပထမဆုံးညစာနဲ့ပတ်သက်ပြီး သူတော်တော် စိတ်ပျက်သွားမဲ့ပုံပဲ။"

သုစန္ဒီ ပွဲတော်ချက်ကို ပြောလိုက်သည့်စကားကြောင့် သူ့မောင်တော်က အံ့သြသွားသည်။ သုစန္ဒီစကားက-

"မင်းကြိုးစားပြီးချက်ထားတာကြောင့် ကျေးဇူးတင်လှပါတယ်ကွယ်။"

ဟု ဖြစ်သည်။ သုစန္ဒီက ဆက်ပြောသည်။

"မင်းချက်တာစားရတာ တို့များအိမ်မှာ စားခဲ့ရသလိုပါပဲ။ ဒါပေမယ့် ဒီမှာဒို့က မင်းလိုပဲ ချက်တတ်ချင်တယ်။ ဒို့ကို ရှမ်းလိုချက်ပြုတ်တတ်အောင် သင်ပေးပါ။ ဗိုလ်စာကျွေးမနေပါနဲ့။ ရှမ်းအစာတွေပဲ ချက်ကျွေးပါ။"

သုစန္ဒီပြောသမျှကို စဝ်ကြာဆိုင်ဘာသာပြန်ပေးသဖြင့် ကြားရသော ပွဲတော်ချက်သည် ပြုံး၍ နားထောင်နေလေသည်။ ထို့နောက် နောက်တစ်နေ့မှစပြီး ရှမ်းစာချက်ပေးမည်ဟု ပြောသည်။ ထိုညနေအဖို့ မဟာဒေဝီ၏

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုချက်ကြောင့် ပွဲတော်ချက်နှင့် ပွဲတော်ဆက်နှစ်ယောက်လုံးသည် အတော်ကို သဘောကျသွားကြပုံရသည်။ သူတို့နှစ်ယောက်မှတစ်ဆင့် တစ်ယောက်နားတစ်ယောက် ဆက်၍ကြားသွားကြအုံးမည်။ သုစန္ဒီက သူ၏မောင်တော်ကို ဤအိမ်တော်နှင့်ပတ်သက်ပြီး အိမ်ရှင်မတစ်ယောက်အနေဖြင့် ရှေ့လျှောက်တာဝန်ယူသွားတော့မည့်ပုံ ပြောလိုက်ခြင်းဖြစ်၏။

စဝ်ကြာဆိုင်အဖို့ သူ့ကိုယ်သူ တစ်မျိုးခံစားလိုက်ရသလိုဖြစ်သည်။ ယခင်က ဤအိမ်တော်တွင် အရာရာ သူ့သြဇာတစ်ခုသာဖြစ်၏။ သို့သော် ယနေ့မှစပြီး အိမ်ရှင်မအသစ် ရောက်လာပြီဆိုသည်ကို သိလိုက်ရသည်။ အစက ဩစတြီးရီးယားသူကလေးအနေဖြင့် အရှေ့ဟော်တွင် မည်သို့စခန်းသွားမည်နည်းဟု စိုးရိမ်ပူပန်ခဲ့ရသည်။ ယခုအိမ်တော်တစ်ခုလုံးကို တာဝန်ယူမည့်ပုံဖြစ်သဖြင့် တစ်နယ်လုံး၏နယ်ရှင် အရှင်သခင်အနေဖြင့် မည်သို့စခန်းသွားမည်ကို စိုးရိမ်စရာမလိုတော့ပေ။ သူတို့နှစ်ဦး လက်မထပ်ခင်က စဝ်ကြာဆိုင်က သူတို့အိမ်တွင် သူတို့အပြင် မည်သည့်ဆွေမျိုးမှ မရှိစေရဟု ပြောဖူးသည်။ ယခုသုစန္ဒီ စီမံပြောဆိုပုံမှာ ဤအိမ်တော်တွင် အိမ်ရှင်မအနေဖြင့် သူတစ်ဦးထဲ မည်သူ့အကူအညီမှမယူဘဲ စခန်းသွားမည့်ပုံပေါက်နေပါသည်။

ညစာစားပြီးကျသောအခါ စဝ်ကြာဆိုင်က သုစန္ဒီအား သူတို့၏အပေါ်ထပ်ရှိ အိပ်ခန်းဆောင်ကိုသော်လည်းကောင်း၊ ဧည့်ခန်းဆောင်ကိုသော် လည်းကောင်း၊ ရေချိုးခန်းကိုသော် လည်းကောင်း၊ ဝါရံတာသို့သော်လည်းကောင်း ခေါ်ဆောင်၍ ပြသသည်။ အိပ်ခန်းဆောင်ကြီးသည် အားကစားရုံငယ်သမျှ ကျယ်ဝန်းသည်။ ပရိဘောဂများမှာ ကိုလိုနီခေတ်ကပုံစံဖြစ်သော်လည်း မြန်မာဆန်ဆန်ပင် ဖြစ်ပါသည်။

❑

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၁)

သုစန္ဒီအဖို့ ဩစတြီးရီးယားတွင် နေစဉ်ကတည်းက မျက်နှာကျက်အမြင့်ကြီးရှိသော ခန်းမကြီးများနှင့် နေခဲ့ဖူးပါသည်။ ယခု အရှေ့ဟော်ရောက်သောအခါ ဤဟော်နန်း၏ အရှင်သခင်မအနေဖြင့် ရှိပြီးသော ပရိဘောဂများအပြင် သူမစိတ်ကြိုက်များဖြင့် ထပ်၍ဖြည့်တင်းရန် စိတ်ကူးထားသည်။

သူတို့အိပ်ခန်းဆောင်သို့ ရောက်သောအခါ နှစ်ယောက်အိပ်ကုတင်ကြီးမှာ ခြင်ထောင်ချထားလျက်ရှိပြီး အနားများကို မွေ့ယာအောက်သို့ သွင်းထားသည်။ ဤသို့မဟုတ်ဘဲ အကယ်၍ ခြင်ထောင်ကို မွေ့ယာအောက်အထိ ချထားပါက ခြင်ဝင်နိုင်သည်။ ဤဒေသတွင် ခြင်ကြောင့် ငှက်ဖျားရောဂါဖြစ်ကြရသည်မှာ သေကြေပျက်စီးခြင်းအထိဖြစ်သည်။ ပြတင်းပေါက်များနှင့် တံခါးများကိုလည်း ညဘက်တွင် ပိတ်ထားရသည်။

စဝ်ကြာဆိုင်သည် ဝရံတာတွင်ထွက်ပြီး လဖက်ရည် သုံးဆောင်သည်။ ပွဲတော်ဆက်အား ဖယောင်းတိုင်များ ပြန်ထွန်းရန် ညွှန်ကြားလိုက်သည်။ သခင့်အလိုတော်အတိုင်း ပွဲတော်ဆက်က ဖယောင်းတိုင်များကို ပြန်ပြင်၍ ထွန်းပေးသည်။ သူတို့သုံးဆောင်ကြမည့် လဖက်ရည်မှ လဖက်များသည် အရှေ့ဟော်အနီး လဖက်ခင်းများမှ ရရှိသည်ဖြစ်၍ ထိုည၏လေထဲတွင်ပင် လဖက်နံ့က သင်းနေလေသည်။ စဝ်ကြာဆိုင်သည် သုစန္ဒီအား ဆိုဖာပေါ်သို့ ဆွဲချပြီး နမ်းလိုက်ရာ သူကလည်း မောင်တော်၏ ရင်ခွင်တွင်းသို့ အလိုက်သင့် ဝင်လိုက်သည်။ သူတို့၏ချစ်ရည်လူးသောအကြည့်ဖြင့် ပူးကပ်မှုကို ထိုညအဖို့ မည်သူမျှလာ၍ မခွဲနိုင်သည့်သဘောဆောင်နေသည်။ သူတို့သည် လရောင်ဆမ်း၍ ငွေရောင်လွှမ်းနေသောမြစ်ထဲမှ ရေပြင်ကိုမြင်လျက် အသက်ပြင်းပြင်း ရှူလိုက်ကြရာ အနီးရှိ မြစ်ကမ်းမှ မြေသင်းနံ့ကိုပင် ရလိုက်ကြသည်။

စဝ်ကြာဆိုင်သည် သူ၏မျက်မှန်ကို ချွတ်လိုက်ပြီး မျက်လုံးနှစ်ဖက်ကို ပိတ်ထားလိုက်သည်။ အိပ်ခြင်း မဟုတ် သူတို့နှစ်ပါး၏ခံစားမှုကို ထိုညအဖို့ လျစ်လျူရှုရန် မဖြစ်နိုင်ချေ။ သူတို့၏ ထိုညဘက် ကိုယ်ပိုင်တွေ့ဆုံမှုသည် ဤနေရာတွင် ဤတစ်ကြိမ် ပထမဆုံးဖြစ်သည်။ စဝ်ကြာဆိုင်သည် သုစန္ဒီကိုဖက်၍ သူ၏ရင်ခွင်တွင် သွင်းထားလိုက်သည်။ သူမ၏ဆံကေသာကို နမ်းလိုက်ရာ နားနှစ်ဖက်နောက်မှ ရေမွှေးနံ့ကို ရလိုက်သည်။ သူတို့သည် ယနေ့ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကိုပြန်၍ စမြုံ့ပြန်နေကြသည်။ ထိုနောက် သူတို့သည် ထိုအိပ်ယာပေါ်တွင် ချစ်ဗျူဟာခင်းကြသည်။

မည်မျှကြာသွားသည်မသိ စဝ်ကြာဆိုင်ကစ၍-

"ကိုယ်သိပ်ပျော်တာပဲ အချစ်ရယ်။ ဒီညအဖို့မှာတော့ ကိုယ်ဟာ ကမ္ဘာပေါ်မှာရှိသမျှ ယောကျ်ားတွေထဲမှာ အပျော်ဆုံးပဲဖြစ်မယ်။ အချစ်က ကိုယ့်အိမ်ကိုပြန်လာတာ ကိုယ့်ဆန္ဒအားလုံးကို ဖြည့်တင်းဖို့ဆိုတာကော သိရဲ့လား၊ ကိုယ်လုပ်ပြီးပြီလေ··· ဟုတ်တယ်··· တကယ်လုပ်ခဲ့တာပါ။"

www.burmeseclassic.com



သူစန္ဒီက ဘာမျှပြန်မပြော၍ စဝ်ကြာဆိုင်ကြည့်လိုက်ရာ သူသည် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေလေသည်။ စဝ်ကြာဆိုင်က သူ့မျက်နှာလေးကို သေသေချာချာ စိုက်ကြည့်လိုက်သည်။ သူ့ပါးပြင်နှစ်ဖက်လုံးသည် နေ့ခင်းကထက်ပင် ပန်းရောင်သမ်းနေပါသည်။ သူ၏ ညိုမှောင်သော အရှေ့တိုင်းသူဆန်ဆန် ဆံပင်ရှည်ကြီးက သူ၏ပါးစပ်ပေါ်တွင်ရောက်နေ၍ အသာဆွဲဖယ်လိုက်ရသည်။ သည်နေ့အဖို့ သူတို့နှစ်ဦးသည် လူပေါင်းများစွာ၊ အခမ်းအနားပေါင်းများစွာနှင့် ကြုံလိုက်ရသည်။ အားလုံး၏မျက်စိသည် သူ့အပေါ်တွင်ပင် ကျရောက်နေလေသည်။ ဘာပဲဖြစ်စေဖြစ်စေ စဝ်ကြာဆိုင်အဖို့ သူက သီပေါ၌ သူ့အနီးတွင်အမြဲရှိနေလျှင် ဘာကိုမျှ ဂရုစိုက်စရာမလိုတော့ဟု တွေးလိုက်မိသည်။

၁၉၅၂ ခုနှစ်၊ အလွန်အေးသည့် ဖေဖော်ဝါရီလ ရက်တစ်ရက်ကို စဝ်ကြာဆိုင် သတိရလိုက်မိသည်။ ထိုနေ့က သူတို့သည် ဒင်ဗာ (Dember) ရှိ မာရီယို့စားသောက်ဆိုင် (Mario's Restaurant) တွင် ရှိနေကြသည်။ သူ့ဩစတြီးရီးယားသူ ရည်းစား၏မွေးနေ့ ဖြစ်၏။ စဝ်ကြာဆိုင်အနေနှင့် စိတ်လှုပ်ရှားစွာဖြင့် သူ့ကိုမျက်စိအောက်မှပင် အပျောက်မခံနိုင်အောင် ဖြစ်နေသည်။ သူ့ကို ပထမဆုံး တွေ့ဆုံခဲ့ရခြင်းသည် ဤကဲ့သို့သော ပွဲမျိုး၌ပင် ဖြစ်သည်။ ဆွဲဆောင်မှုအရှိဆုံးနှင့် အခြားအမျိုးသမီးများထက် ထူးခြားနေသည့် သူ့ကို စဝ်ကြာဆိုင်စိတ်ထဲတွင် စွဲလန်းသွားသည်။ သူ၏နွေးထွေးသောဆက်ဆံမှု၊ ချစ်စရာကောင်းမှုနှင့် လှုပ်ရှားမှုတို့သည် စဝ်ကြာဆိုင်အဖို့ သူ၏ဘဝ အဖော်မွန်ဖြစ်ရန် ဆွဲဆောင်နေလေသည်။ ထိုနေ့မှစပြီး (၄) လတိုင်တိုင် သူ့ကို ပိုးပန်းခဲ့ရသည်။ သူ၏အမည်ကို အတိုကောက်အနေဖြင့် အင်ဂီဟုပင် ခေါ်ခဲ့သည်။ ထိုနေ့ညနေ၌ စဝ်ကြာဆိုင်အဖို့ အကြံအစည်ရှိသည်။ ထိုအကြံမှာ အခွင့်အရေးရသည်နှင့် သူ့ကို လက်ထပ်ခွင့်တောင်းရန် ဖြစ်၏။ ဖျော်ဖြေနေသည့် ဧည့်ခံတီးလုံးအဆုံးတွင် တောင်းရမည်လား၊ နှစ်ယောက်သား စကားလက်ဆုံကြနေသည့်အချိန်တွင် တောင်းရမည်လား၊ စသည်ဖြင့် လားပေါင်းများစွာ တွေးနေရသောကြောင့် အစားအသောက်ကိုပင် ကောင်းကောင်းမစားနိုင်တော့ပါ။ သူ့အဖို့ အိမ်ထောင်ဘက်အဖြစ် ရွေးရန်မှာ အင်ဂီပင် ဖြစ်တော့သည်။ သူ့အဖို့မူ သူ့အပေါ်တွင် မည်သို့သဘောထားသည် မသိရသေးပေ။

သူ့အနေဖြင့် သူ၏မိသားစု၊ သူ၏မိတ်ဆွေအသိုင်းအဝိုင်း၊ သူ၏တိုင်းပြည်ကိုစွန့်ပြီး သူ့နောက်သို့ လိုက်ရန် ခေါ်ဖို့ခက်နေသည်။ သူ၏အနာဂတ်အတွက် သူ၌မည်သို့သော အကြံအစည်များရှိသည်ကို မသိနိုင်ပေ။ အကယ်၍ သူလက်ထပ်ခွင့်ကို လက်ခံလိုက်သည်ဆိုစေဦးတော့ သူတို့နှစ်ယောက် လက်တွဲရန် အခက်အခဲများစွာကို ကျော်လွှားရမည်ကို သိနေသောကြောင့် သူ့အနေဖြင့် အစိုးရိမ်ကြီး စိုးရိမ်နေလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၂)

ထိုညက အင်ဂီကို အဆောင်တွင်ထားခဲ့ရာမှအပြန်တွင် စဝ်ကြာဆိုင်အဖို့ အထီးကျန်လွန်းနေသည်ဟု ခံစားရသည်။ သူတို့နှစ်ဦး မည်သည့်အခါမှ လက်ထပ်ရမည်ဆိုသည်ကိုလည်း မသိနိုင်သေးပါ။ စိတ်ပျက်ပျက်နှင့်ပင် သူ၏ Nash Rambler ဖိမ်ခံကားကြီးကို မောင်းထွက်ခဲ့သည်။ သူ၏ကျောင်းသားဘဝတွင် ဤဖိမ်ခံကားတစ်စီးကိုသာ အခွင့်အရေးယူ၍ စီးခဲ့ခြင်းဖြစ်ပါသည်။ သူသည် Denver မြို့၏ ဆောင်းတွင်း ဂျုံခင်းများကိုလည်း ဖြတ်မောင်းခဲ့သည်။ ဗွိတ်ရာဇ်နွားနို့ချက်လုပ်ငန်းနေရာ (Wheatridge Dairy) ကိုလည်း ကျော်ဖြတ်မောင်းခဲ့ပြီးမှ ထိုနေရာတွင် ပြန်ရပ်၍ နွားနို့ (၁) ခွက် ဝင်သောက်လိုက်သည်။ သူက ချစ်သူအင်ဂီကို သူ့အကြောင်း ဟုတ်တိုင်းမှန်ရာကို ဖွင့်မပြောခဲ့သေး၍ စိတ်လက်မကြည်မသာဖြစ်နေသည်။ ကိုလိုရာဒိုတွင် အင်ဂီကိုသာမဟုတ် အခြားသူများကိုလည်း မြန်မာပြည်မှ ရှမ်းလူမျိုးသတ္တုတွင်းအင်ဂျင်နီယာ ကျောင်းသားတစ်ဦးအနေဖြင့်သာ အသိပေးထားခဲ့သည်။ ကိုလိုရာဒို သတ္တုတွင်းအင်ဂျင်နီယာကျောင်းမှ ဥက္ကဋ္ဌကိုမူ သူသည် သာမန်မဟုတ် သီပေါနယ်မှ မင်းသားတစ်ပါးဆိုသည်ကို အသိပေးထား၏။ သို့သော် ဤကိစ္စကို အထူးလျှို့ဝှက်ထားရန် တောင်းဆိုထားသည်။ သို့ကြောင့် သူသည် ကျောင်းတွင် သူလိုငါလိုပင် လွပ်ရှားသွားလာနိုင်ခဲ့သည်။ ယခုမူ ချစ်သူအင်ဂီအနေဖြင့် သူ့ကို ဘဝပုံပေးပြီး ချစ်ခဲ့၍ ဘဝအဖော်မွန်အဖြစ်လည်း နှစ်ဦးလုံး ဆုံးဖြတ်ပြီးသဖြင့် အင်ဂီကိုမူ သူ့ဘဝအမှန်ကို ဝန်ခံသင့်သည်ဟု တွေးမိသည်။ သို့သော် ဤနေရာ ဤအခြေအနေမျိုးတွင် ထုတ်မပြောနိုင်သေးပါ။ အင်ဂီက သူ့ကို သာမာန်လူတစ်ယောက်အနေဖြင့်သာ ချစ်မြတ်နိုးပြီး လက်ထပ်စေချင်သည်။

မကြာမီ သူတို့နှစ်ဦး စေ့စပ်ကြောင်းလမ်းကြသည်။ သူတို့နှစ်ဦး စေ့စပ်ပြီးကြသည့်နေ့မှစ၍ နေ့တိုင်း တယ်လီဖုန်းဆက်ခြင်း၊ အပတ်စဉ်ချိန်းတွေ့ကြခြင်း စသည်တို့ကို ပြုလုပ်ခဲ့သည်။ တစ်နေ့တွင်မူ သူက အင်ဂီကို သူဂျာမန်စာ သင်နေသည့်သတင်း ဖွင့်ပြော၍ အံ့ဩစေခဲ့သည်။

"အချစ်က ဒီကိစ္စကို ဘာဖြစ်လို့ ဖုံးကွယ်ထားရတာလဲ။"

ဟု တအံ့တဩ အင်ဂီက မေးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ဦးသည် အင်္ဂလိပ်လိုသာ ပြောနေကြ၍ ဖြစ်၏။

"ကိုယ်က မင်းရဲ့မိဘများနဲ့ တွေ့တဲ့အခါ မင်းကို လက်ထပ်ခွင့် တောင်းရမယ်လေ။ အဲဒီလိုအခါမျိုးမှာ စကားပြန်မပါဘဲ ပြောချင်လို့ပါ။ ဒီနွေမှာ ကိုယ်တို့ ဩစတြီးရီးယားကို ရောက်ကြမယ် မဟုတ်လား။"

သူနှင့် အင်ဂီတို့ မကြာမီ လပေါင်းများစွာ ခွဲခွာကြရဦးမည်ကို မတွေးချင်ပါ။ အဘယ်ကြောင့်ဆိုသော် အင်ဂီသည် ဩစတြီးရီးယားနိုင်ငံတက္ကသိုလ်သို့ တစ်နှစ်ပြန်ရဦးမည်ဖြစ်ပြီး၊ စဝ်ကြာဆိုင်ကိုယ်တိုင်ကလည်း မြန်မာပြည်

www.burmeseclassic.com

www.burmeseclassic.com



ပြန်၍ သူ၏တိုင်းတစ်ပါးသူ သတို့သမီးလောင်းအားခေါ်ရန် စီစဉ်ရဦးမည်ဖြစ်သောကြောင့်တည်း။ ထိုနောက် ကိုလိုရာဒိုသို့ပြန်သည့်အခါ ဩစတြီးရီးယားသို့ဝင်ပြီး အင်ဂီကိုခေါ်မည်။ ထိုအခါတွင် သူ၏မိသားစုနှင့်လည်း တွေ့ရဦးမည်ဆိုသည့်အကြောင်းများကို တွေးရင်း သတိပြန်ဝင်လာမှ သူသည် သီပေါအရှေ့ဟော်တွင် အင်ဂီနှင့်အတူ အိပ်နေကြသည့်အဖြစ်ကို သိရလေသည်။

နောက်တစ်နေ့နံနက် အရှေ့ဟော်တွင် သူတို့စုံတွဲ နံနက်စာစားကြသည်။ ထိုအချိန်တွင် စဝ်ကြာဆိုင်အနေဖြင့် သူ၏အလုပ်များကို ပြန်၍တာဝန်ထမ်းရန်ရှိသည်ကိုသတိရလိုက်သည်။ သီပေါနယ်တွင် သူသည် တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်သည်။ နယ်၏အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို ခေါင်းဆောင်ရမည်။ ထို့အပြင် ရှမ်းပြည်နယ်ကောင်စီ၏အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ လူမျိုးစုလွှတ်တော် ကိုယ်စားလှယ်အဖြစ်လည်းကောင်း တာဝန်များ ထမ်းဆောင်ရဦးမည်။ သို့သော် သူက သီပေါနယ်၏ လယ်ယာစိုက်ပျိုးရေး တိုးတက်ရန်နှင့် သတ္တုတွင်းများတူးဖော်ရန်ကိုသာ စိတ်စောနေသည်။ ထိုအရာများအားလုံးထက် သူတို့နယ်အတွက် နိုင်ငံရေးအရ ဖယ်ဒရယ်စနစ်မှ ဒီမိုကရေစီစနစ်သို့ ပြောင်းရန်ကိုလည်း ကြိုးစားလုပ်ဆောင်ရဦးမည်။ သူ၏နယ်ရှင်စော်ဘွားအဖြစ်နှင့် နယ်သူနယ်သားများအပေါ်တွင် သက်ဦးဆံပိုင် အုပ်ချုပ်ခဲ့ရမှုကို တာဝန်ကြီးတစ်ရပ်အနေဖြင့် ခေါင်းခဲခဲ့သည်။ ယခုအခါ အမေရိကန်ပြည်ထောင်စုတွင် (၄)နှစ် ကျောင်းတက်ခဲ့ပြီး ပြန်လာမှ သူ့အနေဖြင့် တာဝန်ပိုကြီးကြောင်း တွေးမိလေသည်။ ဤအရှေ့ဟော် ရောက်သောအခါ နယ်ရှင်အဖြစ် သူ၏ဝန်ထမ်းများက ဒူးတုပ်၍ နဖူးလက်ယှက် ခစားကြသည်ကို မြင်ရသောအခါတွင်မှ ပို၍ပင်စိတ်ထဲ၌ သူ့တာဝန်ကြီးလေးပုံကို တွေးမိပြန်သည်။ ကိုလိုရာဒိုတွင်နေခဲ့ရသည့် ကျောင်းသားဘဝ လွတ်လပ်မှုကိုလည်း ပြန်၍တွေးမိသည်။

## အခန်း (၄)

စဝ်ကြာဆိုင်သည် အချိန်ဖြုန်းမနေတော့ဘဲ သီပေါနယ်၏ တာဝန်များကို စ၍ ထမ်းဆောင်လေသည်။ သူ၏ဝန်ထမ်းအချို့က ကျေနပ်ကြသော်လည်း အချို့ကမူ စိုးရိမ်နေသည်။ အဘယ်ကြောင့်ဆိုသော် သီပေါနယ်၏ နယ်ရှင်အဖြစ် စော်ဘွားရုံးတွင် ရုံးထိုင်၍မလုပ်ဘဲ နယ်သူနယ်သားများကြားသို့ ကိုယ်တိုင်ဆင်း၍ တွေ့ဆုံလုပ်ကိုင်သောကြောင့်ဖြစ်သည်။ သူ့မတိုင်မီက သီပေါစော်ဘွားကြီးဆိုလျှင် အုပ်ချုပ်မှုကို အရှေ့ဟော်တွင်သာ ရုံးထိုင်၍ စီရင်ခဲ့လေသည်။ သူက နယ်သူနယ်သားများနှင့် (၄)နှစ် ကင်းကွာခဲ့သည် မဟုတ်ပါလော။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပြီးနောက် နယ်သူနယ်သားများသည် သူ၏နောင်တော်ထက် သူ့ကိုထောက်ခံမဲပေးပြီး ယခင် သီပေါစော်ဘွားကြီး စဝ်အုံကြာကို ဆက်ခံစေခဲ့သည်။ စဝ်အုံကြာသည် (၁၉၃၈) ခုနှစ်တွင် ကံတော်ကုန်ခဲ့သည်။ ဆက်ခံရန် သားတော်၊ သမီးတော် မရှိပါ။ တူတော် (၂) ယောက်ဖြစ်သော စဝ်ကြာဆိုင်တို့ ညီအစ်ကိုက လစ်လပ်သော နယ်ရှင်အရာကို ဆက်ခံရမည်ဖြစ်သည်။ သို့သော် ဗြိတိသျှအစိုးရက သီပေါနယ်ကို ၁၉၃၈ ခုနှစ်မှ စ၍ အင်္ဂလိပ်အရာရှိတစ်ဦးဖြင့် ၁၉၄၇ ခုနှစ်အထိ အုပ်ချုပ်စေခဲ့သည်။ ဂျပန်ခေတ်ကမူ ဂျပန်များက အုပ်ချုပ်ခဲ့သည်။

ယခုလို သူ့နယ်ကို နယ်ရှင်အဖြစ် ပညာသင်ရာမှ ပြန်ရောက်လာသောအခါ နယ်သူနယ်သားများက သူ့အပေါ် ယုံကြည်အားထားစေချင်သည်။ နယ်သူနယ်သားများအတွက်သာ အကျိုးဆောင်ရန် သူ့စိတ်ထဲတွင် ရှိသည်။ ဒုတိယကမ္ဘာစစ်အတွင်း သီပေါနယ်တွင် စီးပွားကုန်သွယ်မှုမကောင်းခဲ့ပါ။ လိမ္မော်ခြံများကို ပြန်အစားထိုး စိုက်ရန် လိုသည်။ လယ်ယာသို့ရေပေးနေသော တူးမြောင်းများကလည်း ပျက်ဆီးနေသည်။ နယ်အတွင်း သွားလာရသည့်လမ်းများကလည်း မကောင်းပေ။ နယ်သူနယ်သားများ၏ တနိုင်တပိုင်လုပ်ဆောင်နေသော စီးပွားရေးများမှာလည်း မကောင်းလှပါ။

သူ့အနေဖြင့် ဖယ်ဒရယ်မူအရ သီပေါနယ်ရှင်ဖြစ်နေ၍ ထိုအရာအားလုံးအပေါ်တွင် တာဝန်အရှိဆုံးသူ ဖြစ်နေသည်။ ရွာသူရွာသားများ၏ လိုအပ်ချက်အားလုံးကို သူသိရမှ ဖြစ်မည်။ သို့ဖြစ်၍ စဝ်ကြာဆိုင်၏ ပထမဆုံး

www.burmeseclassic.com

www.burmeseclassic.com



နယ်ရှင်အဖြစ် အုပ်ချုပ်မှုအနေဖြင့် လာဒ်စားသည့် အရာရှိကြီး (၂) ဦးကို အလုပ်မှ ထုတ်ပစ်ခဲ့သည်။ သူတို့နှစ်ဦးသည် နယ်ရှင်စော်ဘွား နိုင်ငံခြားရောက်နေစဉ် စော်ဘွားအာဏာကိုယူ၍ နယ်သူနယ်သားများအပေါ် အနိုင်ကျင့်ခဲ့သည်။ သီပေါနယ်သူနယ်သားများအနေဖြင့် သူတို့၏နယ်ရှင်စော်ဘွားကြီး ပြန်ရောက်လာသောကြောင့် အရာရာ၌ ဥပဒေအတိုင်း ဖြစ်လာမည်ဟု မျှော်လင့်နေကြပါသည်။

ရှမ်းပြည်နယ်တွင် ရှေးနှစ်ပေါင်းများစွာကတည်းက ပွဲတော်များကျင်းပသည့်အခါ လောင်းကစားဒိုင်များ ပြုလုပ်၍ ငွေရှာခဲ့သည်။ နယ်ရှင်စော်ဘွားများကလည်း ထိုပွဲတော်များပေါ်မှ အကောက်အခွန်ယူခဲ့သည်။ အချို့စော်ဘွားများအနေဖြင့် ဘုရားပွဲ၊ ဘုန်းကြီးပျံပွဲ၊ ရာသီပွဲနှင့် မယ်တော်ပျံပွဲပါမကျန် ဖန်တီးကြ၍ အခွန်ယူခဲ့သည်။ ပွဲတော်များများရှိသောနယ်၏ နယ်ရှင်သည် အခွန်အကောက်များများရ၍ ချမ်းသာလေသည်။ သို့သော် နယ်သူနယ်သားများအဖို့ ဆင်းရဲတွင်းနက်ကြရသည်။ စဝ်ကြာဆိုင်က သူ့လက်ထက်တွင် ဤအစဉ်အလာကြီးကို အဆုံးသတ်စေချင်သည်။ သို့သော် နယ်သူနယ်သားများက သူတို့၏ ဒုက္ခဆင်းရဲခြင်းသည် လောင်းကစားဒိုင်များကြောင့်ဖြစ်သည် ဆိုသည်ကို မလေးမမူကြချေ။ လူနည်းစုကသာ သိသည်။ စဝ်ကြာဆိုင်သည် သူ့နယ်တွင် တစ်နှစ်ပတ်လုံး ပွဲတော် (၂) ကြိမ်သာ ကျင်းပစေခဲ့၏။ နယ်ချင်းဆက်နေသည့် သိန္နီနယ်တွင် ပွဲတော်များစွာ ကျင်းပသည်။ အခြားစော်ဘွားများက မည်သို့ပင် ပွဲတော်များ၏ အခွန်အကောက်များဖြင့် ချမ်းသာနေလင့်ကစား စဝ်ကြာဆိုင်အနေဖြင့်မူ သူ၏နယ်သူနယ်သားများ ဆင်းရဲတွင်းနက်မည့်အရေးကို မလိုလားပေ။ ထို့ကြောင့် ထိုပွဲခွန်တော်များကို ရန်ပုံငွေအဖြစ်ထားလိုက်သည်။ ဤသည်ကို အခြား စော်ဘွားများက မကြိုက်ကြချေ။ အမေရိကန်ပြန် စော်ဘွားကြီးက အမေရိကန်ဆန်နေသည်ဟု ပျက်ရယ်ပြုကြသည်။

စဝ်ကြာဆိုင်ငယ်စဉ်တွင်ပင် သူ၏မယ်တော်အရင်းနှင့် ခမည်းတော်တို့ ကံကုန်သွားကြသည်။ သူ့အဖို့ တစ်နေရာထဲတွင် အခြေတကျ မနေရရှာပါ။ တောင်ကြီးတွင်လည်းကောင်း၊ မန္တလေးတွင်လည်းကောင်း၊ ဒါဂျီလင်တွင်လည်းကောင်း ပြောင်း၍ ပြောင်း၍ ကျောင်းတက်နေရသည်။ သူ့အဖော်သည် စာအုပ်များသာ ဖြစ်သည်။ သူက သမိုင်းဘာသာရပ်ကို စိတ်ဝင်စား၏။ အမေရိကန်တော်လှန်ရေးအကြောင်းများကို စာအုပ်များထဲတွင် ဖတ်၍ သိရသည်။ သို့ကြောင့် သူက အမေရိကန်တိုင်းပြည်အကြောင်းကို မရောက်ဖူးခင်ကတည်းက စိတ်ဝင်စားနေသည်။ အမေရိကန်အစိုးရ၏ “လူထုထံမှ လူထုအတွက်” ဟူသော ဒဲဆိုကို သဘောကျနေသည်။

❑

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၃)

စဝ်ကြာဆိုင်သည် လူမှုရေးတွင် မတရားပြုမှုများကို စက်ဆုပ်လေသည်။ သူငယ်စဉ်ကလေးဘဝကပင် သူ၏ခမည်းတော်သည် သူ့မိထွေးတော်အား မျက်ကွယ်ပြု၍ ကိုယ်လုပ်တော်များ ဆက်ကာ ဆက်ကာ ကောက်ယူခဲ့သည်။ နောက်ထပ်ယူသည့် ကိုယ်လုပ်တော်များအတွက် ရှေ့မှယူထားသည့် ကိုယ်လုပ်တော်များက နေရာဖယ်ပေးရသည်ကို မြင်ခဲ့သိခဲ့၍ အိမ်ထောင်ရေးနှင့် ပတ်သက်သော ထိုစနစ်မျိုးကို စက်ဆုပ်ခဲ့သည်။ ဂျပန်ခေတ်က သူ၏နောင်တော်သည် သက်ဦးဆံပိုင်စနစ်ကို အခွင့်ကောင်းယူကာ အာဏာအလွဲသုံးစား လုပ်ခဲ့သည်ကို သိခဲ့သည်။ စဝ်ကြာဆိုင်အနေဖြင့် သူ့နယ်သူ့နယ်သားများအပေါ် အနိုင်မကျင့်ချင်ပေ။ အကူအညီသာ ပေးလိုသည်။ ပွဲတော်များမှရသည့် ကစားဝိုင်းအခွန်တော်များကိုပင် လက်မခံချင်ခဲ့ပေ။

သူ့အမေရိကားမှ ပြန်လာပြီးနောက်၊ တစ်နေ့တွင် အမတ်ချုပ်ဦးထန်သည် ဧည့်သည်တစ်ယောက်ကို သူ့ထံခေါ်ဆောင်လာခဲ့သည်။ ထိုဧည့်သည်မှာ ရှမ်းပြည်နယ်၏ အထူးကော်မရှင်နာကို ကိုယ်စားပြုထားသူဖြစ်သည်။ ထိုသူသည်လည်း ရှမ်းမင်းသားတစ်ပါးပင်ဖြစ်၏။ ရှမ်းပြည်နယ်အစိုးရကို ကိုယ်စားပြုပြီး ရှမ်းနှင့် မြန်မာ့တပ်မတော်အကြားတွင် ညီညွတ်မှုရရန် ဆောင်ကြဉ်းပေးနေသူလည်းဖြစ်သည်။ စဝ်ကြာဆိုင်က ဖော်ရွေစွာဖြင့် -

"ကဲထိုင်ပါအုံး… လာရခြင်းအကြောင်းကိုလည်း ပြောပါအုံး။"

ဟု ပြောလိုက်သောအခါ ဧည့်သည်သည် စိုးရိမ်ကြောက်ရွံ့ဟန်ဖြင့် ကုလားထိုင်အစွန်းတွင် ဝင်၍ ထိုင်လိုက်ပြီး-

"တော်ဘုရား… ကော်မရှင်နာ စဝ်ဟုမ်ဖက လွှတ်လိုက်ပါတယ်။"

စဝ်ကြာဆိုင်သည် သူထိုင်နေသည့် ကုလားထိုင်ကို ရှေ့စားပွဲမှ တွန်း၍ဆုတ်လိုက်ပြီးမှ လက်ပိုက်ကာ

"ကောင်းပြီလေ… ဘာမှာလိုက်သလဲဆိုတာသာ ပြောပါ။"

ဟု ပြောလိုက်လေသည်။

"တော်ဘုရား…"

ဟုပြောပြီး ထိုကိုယ်စားလှယ်က စကားကိုရပ်လိုက်ပြီးမှ-


"မြန်မာစစ်တပ်က သီပေါနယ်မှာ ကစားဝိုင်းများနဲ့ အထူးပွဲတော်တစ်ရပ်ကျင်းပပြီး ရန်ပုံငွေရှာ ချင်တယ်ဆိုတာကို စဝ်ဟုမ်ဖက တော်ဘုရား သဘောတူဖို့ မှာလိုက်ပါတယ်။"

ထိုသူ၏စကားကို ကြားလိုက်ရသည်နှင့် စဝ်ကြာဆိုင်သည် သူ့ကိုယ်ကို ရုတ်တရက် မတ်လိုက်သည်။ ကြားလိုက်ရသည့်စကားကို မယုံချင်ပေ။

"နေပါအုံး… ခင်ဗျားပြောလိုက်တာ ပြန်ပြောပါအုံး… ကျွန်တော် နားမလည်သလိုပဲ။"

www.burmeseclassic.com

www.burmeseclassic.com



ဘော်ကြိုဘုရား

ဧည့်သည်တော်ကိုယ်စားလှယ်သည် စဝ်ကြာဆိုင်၏ အမူအရာကိုကြည့်ပြီး ပို၍ကြောက်ကြောက်ရွံ့ရွံ့ဖြစ်လာသည်။

"ဒီလိုပါ… စစ်တပ်က ရန်ပုံငွေလိုတယ်။ သီပေါနယ်ကကြီးတော့ ဒီနယ်မှာ ပွဲတော်ကျင်းပရင် ဝင်ငွေကောင်းကောင်းရမှာမို့ ရှမ်းပြည်နယ်မြောက်ပိုင်းတိုင်းမှူး ဗိုလ်မှူးကြီးက ကော်မရှင်နာကို ချဉ်းကပ်ပြီး ဒီကိစ္စတောင်းဆိုတာပါ။"

စဝ်ကြာဆိုင်သည် ထိုသူပြောနေသည်ကို လက်ဖဝါးတားလိုက်သည်။ ထိုင်ရာမှ ထလာ၍ ထိုသူရှေ့ရောက်လျှင်-

"ခင်ဗျားရဲ့ ကော်မရှင်နာကြီးကို သွားပြောလိုက်ပါ… မြန်မာစစ်တပ်အတွက်ဆိုရင် ကျွန်တော့် နယ်သူနယ်သားများကို မပြောနဲ့ ဘယ်သူ့ကိုမှ သွားပြီး ကစားခွင့်ပြုမှာမဟုတ်ဘူးလို့… ဒီကိစ္စနှင့်ပတ်သက်ပြီး သူကျွန်တော့်အနေအထားကို ကောင်းကောင်းသိပါတယ်။"

ဧည့်သည်က အမတ်ချုပ်ကို အကူအညီတောင်းသည့်အနေဖြင့် ကြည့်လိုက်သည်။ အမတ်ချုပ်က-

"တော်ဘုရားရဲ့ဆုံးဖြတ်ချက်ကို ခင်ဗျားကြားပြီပဲ။ ကော်မရှင်နာကြီးကို ပြန်ပြောလိုက်ပါ။ တကယ်လို့ စာနဲ့ပေနဲ့ လိုချင်ရင်တော့ ကျွန်တော့်ရုံးခန်းရောက်မှ ခင်ဗျားကို ရေးပေးမယ်။"

ဟု ပြောလိုက်လေသည်။ ဧည့်သည်လည်း စဝ်ကြာဆိုင်ကို အကြိမ်ကြိမ်ခေါင်းငုံ့၍ အရိုအသေပေးပြီး အခန်းထဲမှ ထွက်သွားလေသည်။ အမတ်ချုပ် ဦးထန်သည် ထိုသူနောက်မှ လိုက်သွား၏။

စဝ်ကြာဆိုင်သည် ကြားရသည့်သတင်းကြောင့် ဒေါသထွက်နေသည်။ ပြတင်းပေါက်နားသို့သွားပြီး သီပေါနယ်၏ အသက်သွေးကြောဖြစ်သည့် နမ္မတူမြစ်စီးဆင်းနေသည်ကို ငေး၍ကြည့်လိုက်သည်။ အထူး ကော်မရှင်နာကြီးလည်းဖြစ်၊ သူနှင့်နယ်ခြင်းဆက်နေသော နယ်ရှင်လည်းဖြစ်၊ တစ်ခါက သူ၏ဝမ်းကွဲနှစ်မတော်နှင့်လည်း လက်ဆက်ခဲ့ဖူးသည့် စဝ်ဟုမ်ဖ၏ မြန်မာတပ်မတော်အတွက် အကူအညီတောင်းမှုကို သူကငြင်းပယ်လိုက်သည့်အတွက် မည်သို့ဖြစ်လာမည်ကို သူကောင်းကောင်းသိသည်။ ထို့အပြင် မြန်မာတို့က ရှမ်းပြည်နယ်သူနယ်သားများသည် ကစားဝိုင်းများကြောင့် လူမွေးမပြောင်နိုင်ဟု ပြောကြသည်ကိုလည်း သိသည်။ မြန်မာပြည်မတွင် ကစားဝိုင်းများ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်မပြုပါ။ မြင်းပွဲတစ်ခုသာ ခွင့်ပြုထားသည်။ စဝ်ကြာဆိုင်က သူ့ငြင်းပယ်လိုက်မှုအတွက် ပြဿနာဖြစ်လာမည်ကို ကောင်းကောင်းသိသည်။ သို့သော် မြန်မာစစ်တပ်၏ တောင်းဆိုမှုသည် မှားယွင်းနေသဖြင့် သူ့အနေနှင့် မလိုက်လျောနိုင်ပေ။

အမတ်ချုပ်ဦးထန် အခန်းအတွင်းသို့ ပြန်ဝင်လာသောအခါ စဝ်ကြာဆိုင်က ပြတင်းဝတွင် ရပ်နေတုံးပင်ဖြစ်၏။ ရှမ်းတစ်ယောက်အနေဖြင့် အရပ်ရှည်သော ဦးထန်သည် သူ၏စော်ဘွား သူ့ဘက်သို့ ပြန်လှည့်လာသည်အထိ စောင့်နေပြီးမှ-

"တော်ဘုရား... ဘုရား... တော်ဘုရားရဲ့ ကစားဝိုင်းတွေပေါ်မှာထားတဲ့ သဘောထားကို ကျွန်တော်မျိုး နားလည်ပါတယ်။ ဒါပေမယ့်..."

"တော်တော့... ခင်ဗျားစကားကိုရပ်လိုက်"

ဟု စဝ်ကြာဆိုင်က ပြောလိုက်ပြီး သူ၏စားပွဲတွင် ပြန်ထိုင်ကာ ခေါင်းကိုသာရမ်းနေသည်။ လောလောဆယ် သူ၏အမတ်ချုပ် ဦးထန်၏ ပြောစကားများကို မကြားချင်ပေ။ သို့သော် ဦးထန်က အရဲစွန့်ပြီး -

"တော်ဘုရားကို ကျွန်တော်မျိုး သတိပေးချင်ပါတယ် ဘုရား၊ မြန်မာ့တပ်မတော် ခေါင်းဆောင်တွေဟာ သူတို့ရဲ့ တောင်းဆိုမှုကို ပယ်ချလိုက်တဲ့အတွက် ကျေနပ်မှာမဟုတ်ပါ ဘုရား။"

"နေပါစေ... ဦးထန်၊ ဒီကိစ္စမှာ သူတို့ရဲ့ ပြဿနာဟာ ကျုပ်ပြဿနာမဟုတ်ဘူး။"

"ကျွန်တော်မျိုး တော်ဘုရားကို ပြောပါရစေ၊ ဒီကိစ္စဟာ ကျွန်တော်တို့အတွက် ပြဿနာဖြစ်လာပါလိမ့်မယ်... ဘုရား"

"ကျုပ်တို့မှာ အခြေခံဥပဒေရှိတယ်ဆိုတာ မမေ့ပါနဲ့။ ကျုပ်ကတော့ ဒီအခြေခံဥပဒေကို အသက်နဲ့လဲပြီး ကာကွယ်သွားမယ်။"

ဟု စဝ်ကြာဆိုင်က ခပ်မာမာပြောလိုက်ပြီးနောက် ဖိုင်တစ်ခုကို ဖွင့်ဖတ်နေသဖြင့် ဦးထန်လည်း လှည့်ထွက်သွားလေသည်။ ဦးထန်ကသူ့ဟာသူ ရေရွတ်သွားသည့် "ဒီကိစ္စဟာ အမေရိကားမှာဖြစ်နေတာ မဟုတ်ဘူး" ဆိုသည့်စကားကိုလည်း စဝ်ကြာဆိုင်က ကြားလိုက်သည်။

ထိုနေ့ညနေတွင် မည်သည့်တာဝန်မှမရှိသဖြင့် စဝ်ကြာဆိုင် ကားမောင်းထွက်သွားသည်။ နမ့်တူမြစ်တစ်ဖက်ကမ်းသို့သွားခြင်းဖြစ်၏။ ထိုနေရာတွင် သူ့အလုပ်သမား (၅၀)ခန့်က လိမ္မော်ခြံစိုက်ရန် မြေတူးနေကြသည်။ သီပေါရှိ လိမ္မော်ခြံများသည် ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးခဲ့ရလေသည်။ သူ၏အလုပ်သမားများရှိရာသို့ ရောက်သောအခါ ရုံးခန်းအတွင်းမှ ပါလာသည့်ဒေါသများ ပြေပျောက်သွားရသည်။ စဝ်ကြာဆိုင်သည် အလုပ်သမားတစ်ဦးလက်မှ တောခုတ်ဓါးကိုယူပြီး ချုံပုတ်များကို လိုက်ခုတ်နေသည်။ သူတို့၏ အရှင်သခင်ကိုယ်တိုင် တောခုတ်နေသည်ကို အလုပ်သမားများက သဘောကျ၍ ကြည့်နေကြသည်။

စော်ဘွားစဝ်ကြာဆိုင်သည် လိမ္မော်ခြံအပြင် နာနတ်ခြံ၊ ကော်ဖီခြံတို့ကိုလည်း စိုက်ရန်အကြံအစည် ရှိသည်။ မြေပဲ၊ ဂျင်းနှင့် ပဲဘိစပ်များကိုလည်း စိုက်ရန်ရှိသေးသည်။ သို့သော် အမေရိကားမှ မှာခဲ့သည့် ထရက်တာနှင့် ဘူလ်ဒိုဇာတို့ရောက်မှ စိုက်နိုင်မည်။

မတ်လ ( ၂၂ )ရက်နေ့ဖြစ်သည်။ တပေါင်းလပြည့်နေ့ဖြစ်ရန် တစ်ရက်အလိုတွင်ဖြစ်၏။ စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့မောင်နှံသည် ဒါရိုင်ဘာ "ဖင်န" မောင်းသည့် မာစီဒီးကားကြီးဖြင့် ဘော်ကြိုဘုရားပွဲသို့ သွားကြသည်။ ဘော်ကြိုဘုရားသည် အရှေ့ဟော်အနောက်ဘက် မန္တလေးသို့သွားရာလမ်းပေါ်မှ (၆) မိုင်ခန့်အကွာတွင်ရှိသည်။ ဘော်ကြိုဘုရားသို့သွားရာလမ်းမှာ တစ်လမ်းသွားဖြစ်သဖြင့် ကား (၂) စီးရှောင်ရန် ခက်သည့်အထဲတွင် ဘုရားပွဲတော်သို့သွားနေသည့် ထောင်နှင့်ချီသော ဘုရားဖူးခရီးသည်များကို ရှောင်ရသဖြင့် ကားမောင်းရခက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၄)

ဘော်ကြီးဘုရားပွဲ မစမီကတည်းက သီပေါသူ၊ သီပေါသားတို့သည် တက်တက်ကြွကြွဖြစ်နေကြသည်။ ထိုအထဲတွင် မဟာဒေဝီ စဝ်သုစန္ဒီလည်းပါ၏။ လူပြောများလှသည့် ဘော်ကြီးဘုရားပွဲကို ပါဝင်ဆင်နွှဲချင်နေသည်။

ထိုနေ့နံနက်က ပွဲတော်သို့မလာမီအကြောင်းကို သုစန္ဒီက ပြန်တွေးကြည့်လိုက်သည်။ သူ၏အပျိုတော် မမိုးအေးသည် သူမြန်မာလိုဝတ်ဆင်နေသည်ကို ကူညီ၍ ဝတ်ပေးရှာသည်။ ဝတ်ရမည့် ဘရိုကိတ်လုံချည်ကို ခါးတွင် ချပ်ချပ်ရပ်ရပ်ဖြစ်အောင် ကူညီဝတ်ဆင်ပေးခဲ့သည်။ ပိုးအင်္ကျီအဖြူ ရင်ဖုံးတွင် ရွှေနှင့်လုပ်ထားသည့် ပတ္တမြား ရွှေကြယ်သီး (၅) လုံးကိုလည်း ကူညီ၍ တပ်ပေးသည်။ ပတ္တမြားလက်စွပ်၊ ပတ္တမြားလက်ကောက်များကိုလည်း ဝတ်ပေးသည်။ သုစန္ဒီ၏ ဒူးခေါင်းအထိရှည်သော ဆံပင်ရှည်ကြီးကို ခေါင်းပေါ်၌ ရှမ်းမကဲ့သို့ ဆံထုံးထုံးပေးပြီး စံပယ်ပန်းများကို ပန်ပေးသည်။ အားလုံးဝတ်စားဆင်ယင်ပြီးမှ မမိုးအေးသည် သူ၏သခင်မအား သေသေချာချာ ကြည့်ပြီး–

"မဟာဒေဝီဘုရား··· အခုမှ မဟာဒေဝီဟာ ရှမ်းမင်းသမီးလေးအစစ်နဲ့ တူလာပါတယ်ဘုရား။"

ဟုပြောပြီး စကားကို ခဏရပ်ထား၍ –

"အရပ်ကလေးနဲနဲပဲ ပုလိုက်ဖို့လိုပါတော့တယ်ဘုရား။"

ဟု ဆက်ပြောခဲ့သည်။

သုစန္ဒီက ကားပေါ်တွင် သူနှင့်ယှဉ်၍ထိုင်နေသူ သူ့မောင်တော်အား–

"မောင်တော်ရေ··· ဒီဘုရားပွဲကို ကျွန်မလိုပဲ မျှော်နေခဲ့တယ် မဟုတ်လား။"

ဟုမေးလိုက်ရာ စဝ်ကြာဆိုင်သည် သုစန္ဒီ၏အပြောကို ပြုံး၍ပြန်ကြည့်လိုက်ပြီး သူ၏လက်များကို ဆုပ်ထား လိုက်ကာ–

"မင်းက ပွဲတွေနဲ့ပတ်သက်ပြီး မောင်တော့်အကြောင်းကို သိတယ်မဟုတ်လား။ မောင်တော်က ဒီဟာတွေနဲ့ ကင်းကင်းနေချင်တာ။ ဒါပေမယ့် အများသူငါဘက်ကလည်း စဉ်းစားပေးရအုံးမယ်လေ။"

ဟု ပြောလိုက်ပါသည်။

သုစန္ဒီက သူ့မောင်တော်အကြောင်းကို ကောင်းကောင်းသိပါသည်။ သူ့မောင်တော်က လူအုပ်ရှိရာ ပွဲသဘင် များကိုရှောင်သည်။ အခမ်းအနားများအတွက် အထူးဝတ်စားဆင်ယင်ရမည်ကိုလည်း ဝန်လေးသည်။ သူ့မောင်တော် သည် ရိုးရိုးရှမ်းဘောင်းဘီနှင့် အင်္ကျီတို့ကိုဝတ်ပြီး နယ်သူနယ်သားများ အလုပ်လုပ်ရာ ရွာများသို့ သွားရခြင်းကိုသာ နှစ်သက်သည်။

သုစန္ဒီတို့ စီးလာသည့်ကားသည် တဖြည်းဖြည်း ··ခုပ်များ၊ ကားများ၊ နွားလှည်းများကို ရှောင်ရှား၍

www.burmeseclassic.com



မောင်းနေရသည်။ သုစန္ဒီသည် ရှမ်းပြည်နယ်မှ ကားများကို တစ်စီးပြီးတစ်စီးကြည့်၍ သဘောကျနေသည်။ သူတို့က အရွယ်အစားအမျိုးမျိုးနှင့်ဖြစ်ပြီး ပုံစံအမျိုးမျိုးဖြစ်သည်။ ကားဘော်ဒီများကိုလည်း တရုတ်ဗိသုကာများက သစ်သားဖြင့်ပြုလုပ်၍ ပုံစံအမျိုးမျိုးထွင်းထုထားကာ ဆေးရောင်စုံသွင်းထားသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီကတည်းက ဤကားများ၏အင်ဂျင်သည် ဆက်၍ကောင်းနေဦးမည်ဆိုလျှင် ရှေ့လျှောက်အများကြီး သုံး၍ရသေးသည်ဟူ၍လည်း ဆင်ခြင်မိသည်။

နွားလှည်းများကိုမြင်ရသည်မှာ သုစန္ဒီအတွက် အမြင်မဆန်းပါ။ လှည်းဘီးများကို တီထွင်ကတည်းက ဖြစ်လာသည့် လှည်းပုံများအတိုင်းပင် ဖြစ်ပါသည်။ ကျွဲဆွဲသည့်လှည်းကို သုစန္ဒီက ပို၍ စိတ်ဝင်စားသည်။ ထိုကျွဲလှည်းမှာ သက်ကယ်မိုးထားပြီး နံရံများကို ဖျာနှင့် ကာထားသည်။ လှည်းစီးသူမိသားစုအတွက် လုံလုံခြုံခြုံပင်ဖြစ်၏။ ထိုပွဲတော်သွား နွားလှည်း၊ ကျွဲလှည်းများသည် တဖြည်းဖြည်း တအိအိလာနေရာ အချို့သည် လမ်းတွင်ပင် ရက်ကြာလှပြီဖြစ်သည်။ ကလေးများသည် ပွဲတော်သွားလှည်းများဘေးမှ လမ်းလျှောက်၍ လိုက်ကြသည်။ သူတို့သည် လှည်းနှင့်အပြိုင်ပင် လျှောက်နိုင်ကြ၏။ ပွဲတော်သို့ရောက်သောအခါ ပွဲခင်း၏ အပြင်ဘက်လှည်းဝိုင်းများနေရာတွင် စခန်းချ၍ ချက်ပြုတ်စားသောက် အိပ်စက်နားနေကြသည်မှာ သူတို့၏ မိသားစုအိမ်သဖွယ်ပင် ဖြစ်ပေသည်။

သုစန္ဒီအနေဖြင့် လမ်းခရီးတွင် ပွဲတော်သွားပရိသတ်ကို ပို၍စိတ်ဝင်စားလေသည်။ ပတ်ဝန်းကျင်ကျေးရွာများမှ ရှမ်းများဖြစ်ပြီး သူတို့တွင်ရှိသည့် ဝတ်ကောင်းစားလှများကို ဝတ်ဆင်လာကြသည်။ အမျိုးသမီးများသည် ပိုးလုံချည်ရောင်စုံများကို ဝတ်ဆင်ထားသည်။ ရင်ဖုံးအင်္ကျီများမှာ အဖြူရောင်ပင်ဖြစ်သည်။ သူတို့၏ဖြူသောအသားများကို နေမလောင်ရန် ဇရာမခမောက်ကြီးများကို ဆောင်းထားကြသည်။ သူတို့အသီးသီးသည် ပွဲဈေးတွင်ရောင်းရန် ပစ္စည်းများကို သယ်လာကြ၏။ ဝါးထမ်းပိုးကို ပခုံးပေါ်တင်ပြီး အရှေ့နှင့်အနောက်တွင် ဆွဲထားသည့်တောင်းများထဲ၌ ရောင်းကုန်ပစ္စည်းများကို အလေးချိန်ညီမျှစွာထည့်ပြီး ထမ်းလာကြသည်မှာ အိပွဲအိပွဲနှင့် ကြည့်၍ပင်ကောင်းသေးသည်။ ရှမ်းခေါင်းပေါင်း ပေါင်းထားသည့် အမျိုးသားများမှာ အမျိုးသမီးများအရှေ့မှ သွားနှင့်သည်။ သူတို့သည် အမျိုးသမီးများကဲ့သို့ ရောင်းရန်ပစ္စည်းများ မသယ်ကြပေ။ သူတို့သည် ရှမ်းဓါးရှည်ကြီးများကို စလွယ်သိုင်းထားကြသည်။ သူတို့လွယ်ထားသည့် ရှမ်းလွယ်အိတ်များထဲတွင် တစ်နှစ်ပတ်လုံးစုဆောင်းထားသည့် ငွေများပါသည်။ ပွဲတော်မှ ကစားဝိုင်းများတွင် ဖြုန်းရန်ဖြစ်၏။

ခရီးသွား ရှမ်းအမျိုးသား၊ အမျိုးသမီးများသည် သူတို့၏နယ်ရှင်ကားက သူတို့ကို ဖြတ်ကျော်သွားသောအခါ လမ်းဘေးဝဲယာသို့ ဆင်းပြီး ဒူးထောက်၍ လက်အုပ်ချီကာ အရိုအသေပေးကြသည်။

စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့၏ကားသည် ပွဲခင်းအနီးသို့ ရောက်လာသည်။ ပွဲခင်းကြီးသည် ဘော်လုံးကွင်း (၁၀)ကွင်းစာမျှ ကျယ်ဝန်းသည်။ အမှန်မှာ ဤနေရာသည် မိုးတွင်း၌ စပါးစိုက်ပျိုးသည့် လယ်ကွင်းကြီးပင်ဖြစ်၏။ ပွဲခင်းကြီး၏ဘယ်ဘက်တွင် ဘော်ကြိုစေတီတော်ရှိသည်။ ခေါင်းလောင်းပုံသဏ္ဌာန် အဖြူရောင်ရှိသော ဤစေတီတော်၏ ရွှေထီးတော်ထိပ်ရှိ စိန်ဖူးတော်တွင် အဖိုးတန်ကျောက်မျက်ရတနာများ ရှိသည်။ စေတီတော်၏ သမိုင်းအရ ရှမ်းမင်းသမီးလေး စဝ်နန်းမွန်သည် ရှမ်းမိုင်းမောအင်ပိုင်ရာ (၄င်း၏နေပြည်တော်သည် တရုတ်ပြည်နယ်စပ်အနီး နန်းခမ်း) အနီးတွင် ရှိသည်။ အင်းဝမှ ပြန်ပြေးလာသောအခါ ဤနေရာတွင် စခန်းချလေသည်။ ယခင်က သူ၏ မောင်တော် မြန်မာပြည့်ရှင်ထံတွင် နေခဲ့သည်။ သို့ကြောင့် သူ၏ရှမ်းပြည်နယ် မြေပေါ်သို့ရောက်ပြီး စခန်းချသောနေရာတွင် ဤစေတီတော်ကို တည်ခဲ့ခြင်းဖြစ်သည်။

## ဘာသာပြန်သူ၏ရှင်းလင်းချက်

*ဘော်ကြိုဘုရားကို ရှေးကမ္ဘေတော်ဟူ၍လည်းကောင်း၊ မုဋ္ဌောဟူ၍လည်းကောင်း ခေါ်ဆိုပြီးလျှင် ယခု ဘော်ကြိုဘုရားဟု ခေါ်တွင်နေသော စေတီသည် ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲခရိုင် သီပေါမြို့နယ်တွင်*

www.burmeseclassic.com

www.burmeseclassic.com



*ပါဝင်သော ဘော်ကြိုရွာကြီး၌ တည်ရှိသည်။ ဘော်ကြိုရွာသည် သီပေါနှင့် ကျောက်မဲအကြားတွင်ရှိ၍ မန္တလေး - လားရှိုး မီးရထားလမ်းနှင့် မော်တော်ကားလမ်းသည် ဘော်ကြိုရွာကြီးကို ဖြတ်သန်းသွားသည်။ မီးရထားလမ်းအားဖြင့် ဘော်ကြိုသည် သီပေါမြို့မှ (၆)မိုင်ခန့်လည်းကောင်း၊ ကျောက်မဲမြို့မှ (၁၄)မိုင်ခန့်လည်းကောင်း ကွာဝေး၍ ဘော်ကြိုဘုရားပွဲတော်အခါတွင် သွားရေးလာရေးအဆင်ပြေပေသည်။*

ဘော်ကြိုစေတီသည် ဘော်ကြိုရွာ၏ အနောက်ဘက်တွင်တည်ရှိသည်။ စေတီ၏သမိုင်းအဆိုမှာ သီရိဓမ္မာသောကမင်းတရားကြီးလက်ထက် ကိုးတိုင်းကိုးဌာနသို့ ဗုဒ္ဓသာသနာပျံ့နှံ့စေရန် သာသနာပြုစေလွှတ်ရာ ထိုအရပ်ဒေသို့လည်း သာသနာပြုမထေရ်သည် ဂေါတမဘုရားအလောင်း ဝက်မင်းဖြစ်စဉ်က ကျက်စားပျော်ပါးခဲ့ရာဖြစ်သော ဝက်လူးအိုင်နေရာ၊ နမ္မတူမြစ်ကမ်းဘေးတွင် သရီယဓာတ်တော် မွေတော်များကို ဌာနပနာ၍ စေတီတည်ထားပြီးသော မုဋ္ဌောစေတီဟု ဘွဲ့တော်သခဲ့သည်ဟု ဆိုလေသည်။

အထက်တွင်ဆိုခဲ့သော မုဋ္ဌောစေတီကို ဘော်ကြိုရွာအနီး၌ တည်ရှိသဖြင့် နောင်အခါ ဘော်ကြိုဘုရားဟုလည်း ခေါ်တွင်လာသည်။ ပြုပြင်မွမ်းမံခြင်းကိုလည်း အထပ်ထပ်ပြုခဲ့ကြသည်။ စင်စစ်ဘော်ကြိုဘုရားဟုခေါ်ဝေါ်ထိုက်သောစေတီမှာ ရှင်မွန်လှ၊ သို့မဟုတ် စောမွန်လှစေတီသာလျှင် ဖြစ်သည်ဟု ဆိုကြသည်။ ထိုစေတီသည် မုဋ္ဌောစေတီအနီး၌ပင်ရှိသည်။ စောမွန်လှစေတီသည် စောမွန်လှနှင့် စပ်လျဉ်း၍ တည်ထားခဲ့သော စေတီဖြစ်ပေသည်။ အချို့လူတို့၏ အယူအဆမှာ ဘော်ကြိုသည် ပေ့ါကြိုဟူသော ရှမ်းစကားမှ ရွေ့လျောလာခြင်းဖြစ်သည်။ ''ပေ့ါ'' သည် ရှမ်းဘာသာအားဖြင့် အဖဟုအဓိပ္ပါယ်ရ၍၊ ''ကြို'' သည် ကြိုဆိုသည်ကို ဆိုလိုရာ၊ အဖကြိုဆိုသောနေရာဟု ဆိုလိုသည်။ ယင်းသို့ ခေါ်ဆိုရသောအကြောင်းရင်းကား ဤသို့တည်း။

ကောဇာသက္ကရာဇ် ၄၀၀ ခန့်က ပုဂံပြည့်ရှင် အနော်ရထာမင်းသည် မိုင်းမောပြည်သူ မိဖုရား စောမွန်လှ (ဝါ) ရှင်မွန်လှအား အချို့မောင်းမမိသံတို့၏ ကုန်းချောချက်ကြောင့် မိဖုရားအရာမှချ၍ မိုင်းမောပြည်သို့ ပြန်ပို့သည်။ ထိုအခါ စောမွန်လှ၏ ခမည်းတော် မိုင်းမောစော်ဘွားကြီးသည် မုဋ္ဌောစေတီအနီး၊ ယခုဆားတွင်းရှိသော နေရာမှ သမီးတော်အား လာ၍ကြိုသဖြင့် ထိုနေရာကို ''ပေ့ါကြို'' ဟု နောင်အခါ ခေါ်တွင်ခဲ့သည်ဟု ဆိုသည်။

ထိုနေရာတွင် စောမွန်လှသည် ရင်ကွဲနာကျ၍ ကွယ်လွန်သွားလေရာ၊ ခမည်းတော်သည် သမီးတော်အား ရည်စူး၍ နမ္မတူမြစ်ကမ်းနဖူး၌ပင် ရုပ်ပွားတော်၊ ဆင်းတုတော်နှင့် သရီယဓာတ်တော်များကို ဌာပနာ၍ စေတီတဆူ တည်ထားရာ ထိုစေတီကို စောမွန်လှ (ဝါ) ရှင်မွန်လှစေတီဟု ခေါ်ဝေါ်ခဲ့ကြသည်။ စော်ဘွားကြီးသည် အနီးအနား၌လည်း ရွာတည်ပေးခဲ့ရာ၊ စော်ဘွားကြီးက သမီးတော်အား အကြိုလာသော အရပ်ဖြစ်သဖြင့် နောင်အခါ ပေ့ါကြိုရွာဟုခေါ်ဝေါ်ခဲ့ကြရာမှ ကာလရှည်ကြာသော် ဘော်ကြိုရွာဟု ဖြစ်လာလေသည်။

❑

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၅)

သုစန္ဒီတို့စီးလာသောကားသည် ပွဲတော်လာ လူအုပ်ကြားထဲသို့ ရောက်သွားသည်။ လူအများ ပြောဆိုနေသည့် ဘာသာမျိုးစုံဖြင့် စကားသံများကိုပင် ကားထဲမှ ကြားနေရသည်။ မြန်မာပြည်မမှ လာကသည့် ဇာတ်မှ ဇာတ်တိုက်နေ၍ တီးသော ဆိုင်းသံများကိုလည်းကြားနေရသည်။ ပွဲတော်လာပရိသတ်စားရန် ရောင်းချနေသည့် စားသောက်ဖွယ်ရာအမျိုးမျိုးတို့၏ ရနံ့ကိုပင် သုစန္ဒီက ရနေသည်။ ရှမ်းပြည်နယ်ရှိ လူမျိုးစုအသီးသီး ဝတ်ဆင်လာသော ရောင်စုံဝတ်စုံများက သုစန္ဒီ၏ စက္ခုအာရုံကို ဖမ်းစားနေသည်။ ကချင်အမျိုးသမီးများ၏ အနီနှင့် အနက်ဝတ်စုံပေါ်မှ ငွေခွက်များ၏အသံကိုပင် ကြားနေရသည်။ လက်ဖက်စိုက်သည့် ပလောင်တို့ကလည်း ဝတ်စုံအနက်များ ဝတ်ဆင်ထားပြီး ဆောင်းထားသည့် ခမောက်အဝိုင်းများတွင် ငွေရတနာများ အလှဆင်ထားသည်။ လီဆူးအမျိုးသမီးများ ဝတ်ဆင်ထားသည့် ရောင်စုံအဝတ်အဆင်များသည် တောင်သူများဝတ်ဆင်သည့် ရိုးရိုးအနက်ရောင်မှ ကွဲပြားနေပါသည်။ မြန်မာအမျိုးသမီးများကမူ ရှမ်းအမျိုးသမီးများထဲမှ သူတို့၏ ဝတ်စုံများကြောင့် ခွဲခြား၍ မြင်နိုင်ပါသည်။ မြန်မာအမျိုးသားများသည် လုံချည်ရောင်စုံများ ဝတ်ဆင်ထားသောကြောင့် အခြားဘောင်းဘီဝတ်သည့် တောင်တန်းသားများကြားမှ ခွဲခြား၍ထွက်နေသည်။ ထိုပြည်မပြည်နယ်သားများကြားတွင် တရုတ်များ၊ မွတ်စလင်ကုလ များ၊ ဘင်္ဂါလီကုလားများ၊ ဂေါ်ရခါးများကလည်း ရောနှော၍ပါလာသေးသည်။ ထိုနှစ်က ဘော်ကြိုဘုရားပွဲသို့ လူသုံးသိန်းခန့် လာသည်ဟု သိရသည်။

စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့၏ ကားသည် သူတို့တည်းခိုရမည့်နေရာသို့ ရောက်သောအခါ ရပ်လိုက်သည်။ သူတို့မောင်နှံသည် အထူးတည်ဆောက်ထားသော ယာယီတဲခန်းအတွင်းသို့ ဝင်လာသောအခါ ဆီးကြိုနေသည့် ဘုရားဂေါပကနှင့် ကြိုဆိုရေးကော်မတီဝင်များ၊ ရှမ်းပိုမြို့များကို ဖြတ်ကျော်လာသည်။ ရှမ်းပိုမြို့များသည် ပိုးလုံချည်ရောင်စုံများကို ဝတ်ဆင်ထားသည်မှာ သက်တန့်ရောင်သဖွယ် ဖြစ်နေလေသည်။ သူတို့၏ ရှမ်းအင်္ကျီများမှာ ဆက်သမည့်ပန်းစီးများနှင့် ကွယ်နေသည်။ သူတို့၏ဖြူစင်သောအသား၊ ရီဝေနေသည့် အနက်ရောင်မျက်လုံးများနှင့် မဲမှောင်နေသည့် ဆံပင်များကြောင့် မြင်ရသည်မှာ အထူးထင်ရှားနေလေသည်။

ဘုရားပွဲခင်းထဲရှိ ယာယီညီလာခံတဲကြီးမှာ ဝါးဖြင့်တည်ဆောက်ထားသည်။ အခြားတည်းခိုဆောင်များမှာလည်း ဝါးဖြင့်ပင် တည်ဆောက်ထားပါသည်။ မြေပေါ်မှ ဝါးကြမ်းခင်းပေါ်တွင် ကော်ဇောများခင်းထား၏။ ယာယီညီလာခံဆောင်အတွင်းမှ တစ်ခုတည်းသော ပရိဘောဂမှာ သလွန်ပမာမြင့်ထားသည့် ခုံပင်ဖြစ်သည်၊ ထိုခုံပေါ်တွင် ကော်ဇောခင်းပြီး ရွှေချည်ထိုးထားသော ကတ္တီပါအနီရောင် မှီအုံးများတင်ထားသည်။ စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့မောင်နှံကို ထိုအပေါ်တွင် ထိုင်စေသည်။ အနိမ့်ပိုင်းတွင် ခင်းထားသည့် ကော်ဇောများပေါ်တွင် လူ (၁၀၀) ခန့်သည့် ငြိမ်သက်စွာ ထိုင်၍ခစားနေကြသည်။ သူတို့သည် နယ်ရှင်ကိုဂာန်တော့ရန် စောင့်နေကြခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘူဟိန်" ဟုခေါ်သော မြို့သူကြီးများအနက်မှ ဝါအရင့်ဆုံး "ဘူဟိန်"ကြီးက နယ်ရှင်နှစ်ပါးရှေ့တွင် ဒူးထောက်ပြီး ရိုးရာဖြစ်သည့် ငှက်ပျောသီးနှင့် ရှမ်းလက်ဖက်တို့ကို ယွန်းဇုန်းအနီထဲတွင်ထည့်၍ နယ်သူနယ်သားများ၏ ကန့်တော့ခံခြင်းကို ခံတော်မူရန် လျှောက်ထားလိုက်သည်။ ရာနှင့်ချီသော နယ်သူနယ်သားများက နဖူးလက်ယှက် ကန်တော့လိုက်ကြသောအခါ စော်ဘွားကြီးသည် သူ၏နယ်သူနယ်သားများအပေါ် ပြန်၍ ဆုတောင်းမေတ္တာ ပို့သသည်။

အခမ်းအနားပြီးဆုံးသောအခါ လူတိုင်းသည် စိတ်လွတ်ကိုယ်လွတ်ဖြင့် လွတ်လွတ်လပ်လပ်နေလိုက်ကြသည်။ သူတို့၏ အရှင်နှစ်ပါးထံသို့ တိုး၍ခစားပြီး ရင်းရင်းနှီးနှီး တင်လျှောက်နေကြသည်။ ခန်းမတစ်ခုလုံးလည်း ရယ်မောသံများနှင့် စည်စည်ညံသွားလေသည်။ "ဘူမောင်" (ရွေးချယ်တင်မြှောက်ထားသည့် ရွာသူကြီး) များ အချို့သည် ရှေ့တိုးခစားကြပြီး သူတို့၏အရှင်နှစ်ပါးကို ချဉ်းကပ်လျှောက်ထားနေကြသည်။ အချို့က သူတို့၏ သားသမီးများကို အရှေ့ဟော်သို့ပို့ပြီး အမှုထမ်းစေရန်လည်းကောင်း၊ အချို့က သူတို့၏ ကိုယ်ရေးကိုယ်တာကိစ္စများအတွက်လည်းကောင်း၊ အများကမူ သူတို့၏ မြို့ရွာများတွင် အထူးပြုလုပ်သော ပွဲလမ်းများသို့ ကြွရောက်တော်မူရန် လျှောက်ထားကြခြင်းဖြစ်သည်။ ထိုသူတို့အထဲတွင် "ကွတ်ရန်း" ဘူမောင်သည် သူ၏ပြဿနာကို လျှောက်ထားလေသည်။ သူ့ရွာသည် နန်းလီမြစ်ဘေးတွင်ရှိပြီး လယ်ယာစိုက်ပျိုးကြကြောင်း၊ ထိုလယ်များမှာလည်း စော်ဘွားပိုင်လယ်များဖြစ်ကြောင်း၊ သို့သော် သီးစားချထားခံရသည့် လယ်သမားများမှာ ရာသီဥတုဒဏ်ကြောင့် စပါးကောင်းစွာ မထွက်သဖြင့် သီးစားချထားမှုကို အပြည့်အဝ မပေးဆပ်နိုင်သည်မှာ (၂)နှစ်ပင် ရှိသွားပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ ထိုသူတို့အား သီးစားကင်းလွတ်ခွင့် ပြုတော်မူရန် လျှောက်ထားသည်။ ထိုလျှောက်ထားချက်ကိုကြားရသောအခါ စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့သည် တစ်ဦးကိုတစ်ဦးကြည့်၍ မျက်လုံးချင်း စကားပြောကြသည်။ သူတို့အချင်းချင်း လယ်ရှင်၏ မြေယာများအပေါ် သီးစားချထားသောသူများ၏ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးကြပြီးဖြစ်သည်။ စဝ်ကြာဆိုင်က သီပေါနယ်ရှင်အနေဖြင့် ပိုင်ဆိုင်သည့်လယ်ယာများအပေါ် သီးစားချထားခြင်းနှင့် ပတ်သက်၍ အမှန်တကယ် အလုပ်လုပ်သော လယ်သမားများကို သူ၏လက်ထက်တွင် ကင်းလွတ်ခွင့်ပေးရန် ဆန္ဒရှိပြီးဖြစ်သည်။ ထိုနယ်သူနယ်သား လယ်သမားများသည် ထိုမြေယာများပေါ်တွင် ဘေးဘိုးအစဉ်အဆက် ကတည်းက နယ်ရှင်၏ သီးစားချထားခြင်းကိုခံရပြီး အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ခဲ့သည်မှာ ကြာလှပြီဖြစ်၍ သူတို့၏လုပ်အားအတွက် သူတို့သာ ခံစားခွင့်ရှိသည်ဟူသော အသိကို စဝ်ကြာဆိုင် ကောင်းစွာခံယူပြီးဖြစ်သည်။ သို့သော် ထိုအသိမျိုး သူ့နယ်၏ ပတ်ဝန်းကျင်မှ နယ်ရှင်များနှင့် မြေပိုင်ရှင်ကြီးများက မည်သို့မျှလက်ခံမည် မဟုတ်ကြဆိုသည်ကိုလည်း သိနေပါသည်။

ထိုအချိန်တွင် သုစန္ဒီက ပွဲခင်းထဲသို့ လျှောက်သွားရန် အကောင်းဆုံးဖြစ်သည်ဟု သဘောရသည်။ သူ့မောင်တော် စဝ်ကြာဆိုင်သည် သူ၏နယ်သူနယ်သားများနှင့် ခေါင်းချင်းဆိုင် တိုင်ပင်နေကြသည်မှာ မည်မျှကြာမည် မသိသောကြောင့် ပွဲခင်းထဲသို့ လစ်ထွက်ရန် အကြံရခြင်းဖြစ်သည်။ သုစန္ဒီကို ဝမ်းကွဲညီမတော် (၂)ပါး၊ အတွင်းဝန်နှင့် သက်တော်စောင့် (၂) ဦးတို့က ခြံရံ၍ အဖော်ပြုပါသည်။ သုစန္ဒီက ဝါးဆိုင်တန်းကြီးများဘက်သို့ ဦးတည်လိုက်သည်။ ထိုဆိုင်တန်းများတွင် ကုန်သည်များသည် တစ်ဦးနှင့်တစ်ဦး သူတို့၏ ပါလာသောကုန်များကို ပြ၍ အရောင်းအဝယ်ပြုနေကြခြင်းကို သိသောကြောင့် ဖြစ်သည်။ ရှမ်းများနှင့် တောင်ပေါ်အသီးသီးမှ တောင်တန်းသားများသည် ဝယ်သူများကို ပြုံး၍နှုတ်ချိုစွာဖြင့် အရောင်းအဝယ်ပြုနေကြသည်။ အိန္ဒိယလူမျိုးများနှင့် မြန်မာတို့ကမူ ခပ်တည်တည် ပင်ဖြစ်၏။ သုစန္ဒီအဖို့ ဈေးဝယ်ထွက်ရာတွင် ငွေပါရန် မလိုပါ။ သူလက်ညှိုးထိုးသည့် အလိုရှိရာကို အတွင်းဝန်က ငွေပေးချေဝယ်ယူသွားလေသည်။ သုစန္ဒီ ကြိုက်နှစ်သက်၍ ဝယ်သည့်ပစ္စည်းများမှာ ပုံစံအမျိုးမျိုးဖြစ်သည့် ရှမ်းခမောက်များ၊ ရေထည့်သည့် ဗူးသီးခြောက် ဗူးတောင်းများ၊ လက်ယက်ပိုးလုံချည်များ၊ အရွယ်အစားအမျိုးမျိုးနှင့် ပုံစံအမျိုးမျိုးဖြစ်သော တံမြက်စည်းများ၊ ဝါးနှင့် ပြုလုပ်ထားသည့် ကလေးကစားစရာများ၊ ယွန်းထည်များ၊ ဖျာချောများနှင့်

www.burmeseclassic.com

www.burmeseclassic.com



မဟာဒေဝီစဝ်နန်းသုစန္ဒီ

www.burmeseclassic.com

www.burmeseclassic.com



စောင်များဖြစ်သည်။ သုစန္ဒီ၏ အတိုင်းအဆမရှိ လျှောက်၍ဝယ်ယူနေမှုကြောင့် အတွင်းဝန်သည် အံ့သြပြီး စိုးရွံ့လာသည်။ သုစန္ဒီအနေဖြင့် ဤပတ်ဝန်းကျင်အနေအထားမျိုးကို သူ့တစ်သက်တွင် မည်သည့်အခါကမျှ မကြုံဘူးခဲ့ပေ။ အရာရာသည် သူ့အတွက် အသစ်အဆန်း ဖြစ်နေသည်။ သူ့လက်ရှိအခြေအနေကြောင့် လိုချင်သမျှကို လက်ညှိုးထိုးပြရုံနှင့် အတွင်းဝန်က ငွေချေပေးနေရသည်။ ခဏတာမျှ သူ့ဘဝအတွက် ကျေနပ်နှစ်သိမ့်မှု ဖြစ်နေသည်။

ဈေးတန်းအတွင်းသို့ နှံ့အောင်သွားပြီး ဝယ်ချင်သလောက် ဝယ်ပြီးသောအခါ အစားအသောက်ဆိုင်တန်းဘက်သို့ ဆက်သွားရန် စိတ်ကူးရပြန်သည်။ အစားအသောက် ရောင်းလိုသူများသည် သူတို့၏ အစားအသောက်များကို မစားစားချင်အောင် အပြောကောင်းကောင်းဖြင့် အော်ရောင်းနေကြသည်။ သုစန္ဒီတစ်သက်တာတွင် ဆန်နှင့် ကောက်ညှင်း၊ ပဲအမျိုးမျိုးတို့ကို ဤမျှပုံစံအမျိုးမျိုး၊ အရောင်အမျိုးမျိုးဖြင့် ဖန်တီးထားသည်ကို မတွေ့မမြင်ဘူးသေးပါ။ ဟင်းခတ်အမွှေးအကြိုင် ရောင်းသည့်အတန်းတွင် မဆလာ၊ မုန်ညှင်းပင်၊ မုန်ညှင်းစေ့၊ ဟင်းခတ်မုန်ညှင်းမှုန့်၊ နံနံစေ့၊ ငရုပ်သီးခြောက်၊ သစ်ကြံပိုး၊ ထန်းသကြား၊ ရှမ်းတို့ဟူး၊ မြန်မာငါးပိ စသည်တို့ကို အထူးအဆန်းအနေဖြင့် တွေ့ရသည်။ သစ်သီးတန်းသို့ရောက်သောအခါ အလေးအနင့် ရှိသော လိမ္မော်သီးကြီးများ၊ အရေခွံမှိန်းသည့် ကျွဲကောသီးများ၊ ပန်းသီးများ၊ လိုင်ချီးများ၊ လတ်လတ်ဆတ်ဆတ် စတော်ဘယ်ရီသီးများ၊ တစ်ဒါဇင်ခန့် အမျိုးမျိုးသော ငှက်ပျောသီးများကို တွေ့ရသည်။ သူ့အဖို့ အရာရာသည် အမြင်ဆန်းနေ၏။ မည်သည်ကို ဝယ်ရမည်ကိုပင် မရွေးချယ်နိုင်ပါ။ သို့သော် သူ၏မောင်တော် မှာထားဖူးသည့်အတိုင်း ဈေးထဲ၌ဗလာရောင်းသည့် စားသောက်ဖွယ်ရာများကို မည်သို့မျှ မဝယ်ရဟူသည့် စကားကို ကြားယောင်ပြီး မည်သည့်စားသောက်ဖွယ်ရာမျှ မဝယ်ဘဲ စားသောက်ဖွယ်ရာနှင့် သစ်သီးရောင်းသည့်အတန်းမှ ထွက်လာလိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၆)

သီပေါမဟာဒေဝီ စဝ်နန်းသုစန္ဒီသည် ထမင်းဆိုင်တန်းများဘက်သို့ ဆက်၍ လျှောက်သွားသည်။ ဘော်ကြို ဘုရားပွဲတော်တွင် တောင်ပေါ်သား လူမျိုးစုငယ်အသီးသီးတို့၏ တိုင်းရင်းသားရိုးရာ စားသောက်ဖွယ်ရာများလည်း ထိုဆိုင်တန်းတွင် ရောင်းချနေကြသည်ကို တွေ့ရသည်။ တရုတ်ခေါက်ဆွဲဖတ်များဖြင့် စားရသည့် ပန်းသေးခေါက်ဆွဲ ဆိုသည့် စားစရာကိုလည်း အငွေ့တထောင်းထောင်းဖြင့် ရှိသည်ကို မြင်တွေ့ရသည်။ ကြက်သား ရှမ်းဆန်ခေါက်ဆွဲ နှင့် အုန်းနို့ခေါက်ဆွဲရောင်းသည်ကိုလည်း တွေ့ရသည်။ တို့ဟူးကြော်များ၊ နွားနို့ခဲ၊ ရှမ်းခဲလန်ချောင်း ကောက်ညှင်း ကျီထောက်၊ ငှက်ပျောကောက်ညှင်းထုပ်တို့အပြင် မြန်မာဟင်းလျာများ၊ အိန္ဒိယဟင်းလျာများ၊ သတ်သတ်လွတ် ဟင်းလျာများ၊ ပေါင်မုန့်၊ ပင်ကိတ်မုန့်၊ တရုတ်ပဲငပိစသည်များ ရောင်းချနေသည်ကိုလည်း မြင်ရသည်။

ထိုကဲ့သို့ သရေကျလောက်အောင်ကောင်းသည့် စားသောက်ဖွယ်ရာများကို ချန်ထားခဲ့ပြီး သူနောက်မှ မောမော နှင့် လိုက်ပါလာကြသည့် အချွေအရံတို့သည် ဖျော်ဖြေမှုရှိရာပိုင်းသို့ ထွက်လာကြသည်။ တရုတ်ဆပ်ကပ်အဖွဲ့၊ ကုလားမျက်လှည့်အဖွဲ့၊ အိမ်မွေးတိရစ္ဆာန်များရောင်းချရန် ပြထားသည့်နေရာတို့ကိုကျော်၍ ရုပ်ရှင်ရုံ (၂) ရုံနှင့် ဇာတ်ပွဲရုံ (၂) ရုံတို့သို့ ရောက်ကြသည်။ မြန်မာဇာတ်အဖွဲ့နှင့် ရှမ်းဇာတ်အဖွဲ့တို့က ကပြနေကြသည်။ ဇာတ်ရုံများ အလွန်မှ ချိုးကွေ့သွားသည့်နေရာထောင့်တွင် ယာယီဆေးရုံငယ် ဖွင့်ထားသည်။ ဆရာဝန် (၁) ဦး၊ သူနာပြု (၂) ယောက်တို့က တာဝန်ထမ်းဆောင်နေကြ၏။ သို့သော် မည်သူမျှ နေထိုင်မကောင်းဖြစ်ရန် အချိန်မရကြသဖြင့် ဆေးရုံ၌ အတွင်းလူနာတစ်ဦးမျှ မရှိချေ။ ပွဲခင်းအတွက် လျှပ်စစ်ဓာတ်အားပေးရန် ယာယီဓာတ်မီးစက်တစ်လုံးကိုလည်း ဖန်တီးပေးထားသည်ကို တွေ့ရသည်။

ကြည့်ချင်ဖွယ် ဗလာပွဲ၊ ဇာတ်ပွဲများကိုလွန်ပြီးနောက် မဟာဒေဝီသုစန္ဒီသည် လောင်းကစားပွဲများ ရှိရာသို့ ရောက်သွားသည်။ မဟာဒေဝီက ထိုနေရာကို စိတ်အဝင်စားဆုံးဖြစ်သည်။ မဟာဒေဝီသာမက ရွှေပွဲလာအားလုံး တို့သည် ထိုနေရာ၌သာ စုပြုံ၍ ရောက်ရှိနေကြ၏။ လောင်းကစားဒိုင်များသည် ထိုသို့သော ရှမ်းပြည်နယ်ဘုရားပွဲ စသည်များတွင်သာ ခွင့်ပြုထားသဖြင့် ပရိသတ်အများစုသည် သူတို့၏ကံကို စမ်းသပ်ရန် ရောက်ရှိနေကြခြင်း ဖြစ်သည်။ ထိုကစားဝိုင်းဒိုင်များ၏ ဒိုင်ချုပ်မှာ "အဖတ်" ဟုခေါ်သည့် တရုတ်ကန်ထရိုက်တာဖြစ်သည်။ သူသည် သီပေါနယ်၏ ထိုတစ်နှစ်လုံးအတွက် ပွဲတော်များကို အမြင့်ဆုံးဈေးပေး၍ လေလံစွဲထားရသူဖြစ်သည်။ သူက အုပ်ချုပ်သူများမှ ကန်ထရိုက်ရရင် ကစားသမားများထံမှရသော ဝင်ငွေအားလုံးကို အကျိုးခံစားရသည်။ သူ့ဘက် ကလည်း ထိုပွဲတော်ဖြစ်မြောက်ရန် ကြည့်ချင်ပွဲ၊ ဗလာပွဲ၊ ဇာတ်ပွဲ၊ ရုပ်ရှင်ပွဲစသည့် ဖျော်ဖြေမှုအမျိုးမျိုးနှင့် လိုအပ်မှုအသီးသီးတို့ကို ဖန်တီးပေးရသည်။ နယ်ရှင်ဘက်မှ ပွဲခင်းတစ်ရပ်လုံးကို ကြီးကြပ်ထိန်းသိမ်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မဟာဒေဝီစဝ်နန်းသုစန္ဒီ

www.burmeseclassic.com

www.burmeseclassic.com



"မောင်တော်က မင်းကို ဘယ်မှာမှ ကံစမ်းတဲ့အနေနဲ့ ဝင်ရောက်မကစားစေချင်တာက မကောင်းတဲ့ စံနမူနာ ဖြစ်သွားမှာမို့ပါကွယ်။"

ဟု စဝ်ကြာဆိုင်က သူ့မဟာဒေဝီအား ပြောခဲ့ခြင်းဖြစ်သည်။ လောင်းကစားမှုကို လုံးဝဆန့်ကျင်သည့် စော်ဘွားကြီး စဝ်ကြာဆိုင်က သူ့မဟာဒေဝီကို ကစားဝိုင်းများရှိရာသို့ပင် မသွားစေချင်ပါ။ သို့သော် သူမက သူတို့၏ ဆွေတော်မျိုးတော်များ၊ ဧည့်သည်တော်များ၊ အခြွေအရံများနှင့် နယ်သူနယ်သားများအားလုံး မည်သို့ လောင်းကစားနေကြသည်ကို မှုးစမ်းလေ့လာကြည့်ရှုချင်လှသည်။ သို့ကြောင့် ကစားဝိုင်းများရှိရာသို့ လာရောက်ခြင်းဖြစ်၏။

သူပထမဆုံးရောက်သည့် ဝိုင်းမှ စားပွဲတစ်ချပ်ပေါ်တွင် အဝတ်စကြီးတစ်စ အုပ်ထားပြီး ထိုအဝတ်စပေါ်၌ ကြက်တစ်ကောင်၊ ဝက်တစ်ကောင်၊ မြွေတစ်ကောင်၊ ဖားတစ်ကောင်တို့၏ပုံကို ကပ်ထားသည်။ ထိုတိရစ္ဆာန် (၄) ကောင်ပါသည့် ဂျင်ကို အုပ်ထဲတွင် လှည့်ပြသည်။ ပြီးနောက် ပန်းကန်လုံးဖြင့် အုပ်ထားလိုက်သည်။ ဂျင်ထိုးသူများသည် အဝတ်စပေါ်မှ မိမိတို့ကြိုက်နှစ်သက်ရာ အကောင်များပေါ်သို့ လောင်းချင်သလောက် ငွေပုံပြလိုက်ရသည်။ အားလုံးထိုးသားများ ငွေထိုးပြီးနောက် ဒိုင်သည် အုပ်ထားသည့် ပန်းကန်လုံးကို ဖွင့်၍ ဂျင်ကိုပြလိုက်၏။ အံစာတုံးတွင်ပေါ်လာသည့် ကျရာတိရစ္ဆာန်ပုံနှင့် တူသော တိရစ္ဆာန်ပုံပေါ်တွင် ထိုးထားသူက ပေါက်သည်။ သူထိုးထားသည့်ငွေ၏ (၃) ဆကို ဒိုင်က လျော်သည်။ ကျန်တိရစ္ဆာန်ပုံပါသည့်အပေါ်တွင် ထိုးထားသည့်ငွေများကို ဒိုင်ကစားသည်။ ဤသည်ကို "လေးကောင်ဂျင်" ဟု ခေါ်သည်။ ထိုလေးကောင်ဂျင်ကစားနည်းသည် ရွှေပွဲလာသူများအတွက် ပေါ်ပြူလာအဖြစ်ဆုံး ဖြစ်သည်။ ထိုလေးကောင်ဂျင်ဝိုင်းတွင် လူများအုံနေသော်လည်း မြန်မာများ၊ ရှမ်းများအစရှိသည့် အမျိုးသား၊ အမျိုးသမီးတို့ထက် အရပ်ရှည်သော မဟာဒေဝီသုစန္ဒီက ပရိသတ်ကိုကျော်၍ အားလုံးမြင်ရသည်။ ထိုကဲ့သို့ ကစားဝိုင်းများစွာရှိရာ သူသည် ကစားဝိုင်းတစ်ဝိုင်း၌ ကြီးသူရော၊ ငယ်သူပါ လူ (၁) ဒါဇင်ခန့် ကစားနေကြသည်ကို တွေ့သည်။ သို့သော် ကလေးများ မရှိပါ။ ထိုအထဲတွင် အမျိုးသမီးအချို့ပါသည်။ ထိုအမျိုးသမီးများသည် ငွေအတော်များများပုံ၍ လေးကောင်ဂျင်ထိုးနေကြသည် (ကစားနေကြသည်)။ ပရိသတ်အများစုသည် ရှမ်းများနှင့် တောင်ပေါ်သားများသာ ဖြစ်သည်။ သူတို့အသီးသီးသည် သူတို့တွင်ရှိသော ငွေကို အိတ်သွန်ဖာမှောက်ယူလာပြီး ကံစမ်းနေကြခြင်းဖြစ်သည်။ သို့သော် သူတို့တစ်ဦးတစ်ယောက်မျှ မချမ်းသာကြပါ။ ထိုကြောင့် မဟာဒေဝီ စဝ်နန်းသုစန္ဒီက ထိုသူများအတွက် ရင်လေးမိသည်။ ထိုး၍မနိုင်ဘဲ ရှုံးခဲ့သည်ရှိသော် သူတို့၏မိသားစု မည်ကဲ့သို့ရှိမည်နည်းဟု မဟာဒေဝီက တွေး၍ ပူရှာသည်။

ပွဲခင်းထဲမှာ လောင်းကစားသမားများ အများစုသည် မန္တလေးနှင့် မြန်မာပြည်တနံတလျားမှ လာသောသူများသာဖြစ်သည်။ သီပေါနယ်ထဲမှ နယ်ခံတရုတ်ကုန်သည်များလည်း ဖြစ်ကြသည်။ ထိုပရိသတ်ထဲတွင် အမျိုးသားသော်လည်းကောင်း၊ အမျိုးသမီးသော်လည်းကောင်း၊ ချမ်းသာသူသော်လည်းကောင်း၊ ဆင်းရဲသူသော်လည်းကောင်း ပါကြရာ သူတို့၏ စက္ခုအာရုံသည် ပန်းကန်များဝိုင်းထဲ၌လည်နေသော ဂျင်အပေါ်တွင်သာ စိုက်ကြည့်နေကြပြီး ကျေနပ်နှစ်သက်၍ ပြုံးပန်းဝေဆာနေသည်ကို သူတို့မျက်နှာ၌ သုစန္ဒီက မြင်နေရသည်။ သူ့အနေဖြင့် သူ၏မောင်တော် စော်ဘွားကြီးစကားကို နားထောင်ပြီး ပွဲခင်းထိုနေရာမှ ဝေးဝေးနေသင့်သည်ဟု စိတ်ထဲ၌ ခံစားမိသည်။

သို့သော် သူသည် ထိုနေရာမှ (၃၆) ကောင် ထီထိုးရာသို့ ရောက်သွားပြန်သည်။ (၃၆) ကောင်ထီသည် ထိုည (၁၁) နာရီ၌ ဖွင့်လိမ့်မည်ဟု သိရသည်။ (၃၆)ကောင်ကစားနည်းမှာ ပေ (၂၀) မြင့်သည့်တိုင်ထိပ်တွင် ကစားဝိုင်းဒိုင်က (၃၆)ကောင်သော တိရစ္ဆာန်အရုပ်ကလေးများပါသည့် သေတ္တာကို တက်ချိတ်ထားသည်။ စော်ဘွားကြီးသည် မည်သို့ပင်ကစားဝိုင်းများကို အားမပေးဆိုသော်လည်း ထုံးစံအတိုင်း ကန့်ထရိုက်ပေးထားသည့် ကစားဝိုင်းဒိုင်၏ ယုံကြည်ကိုးစားမှုကိုလည်းကောင်း၊ ထီထိုးသူများ၏ ယုံကြည်ကိုးစားမှုကိုသော်လည်းကောင်း တာဝန်ယူသည့်အနေဖြင့် သူနှစ်သက်ရာ တိရစ္ဆာန်ရုပ် (၁) ရုပ်ကိုထည့်၍ တိုင်ထိပ်တွင် ချိတ်ထားစေသည်။ ဤကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ကို လျှို့ဝှက်စွာဖြင့် မပေါက်ကြားစေရချေ။ အစောင့်အရှောက်များကလည်း ထိုသေတ္တာတွင် ဆွဲထားသည့် ပေ (၂၀) တိုင်ကို မျက်ခြေမပြတ်ကြည့်၍ စောင့်ရှောက်ပေးနေရသည်။ သေတ္တာထဲ၌ ဇော်ဘွားကြီးက မည်သည့်အကောင် ရွေးချယ်ထားသည်ကို ဒိုင်နှင့် ဇော်ဘွားကြီးတို့ (၂) ဦးသာ သိသည်။ ဒိုင်သည် ထိုတိရစ္ဆာန်ကို တွေးတောဉာဏ်စမ်းနိုင်ကြရာ အတိတ်တစ်ခု ရေးပေးထားရသည်။ လက်မှတ် (၁) စောင်ကို (၂၇) ကျပ်နှင့် ရောင်းသည်။ (၃၆) ကောင်ထီကို ဒိုင်ကိုယ်စားလှယ်များဖြင့် အခြားမြို့ ရွာများမှပင် လှမ်း၍ ကံစမ်းနိုင်သည်။ ဘော်ကြီးပွဲတော်မှ ထိုနေ့၏ (၃၆) ကောင်ထီကို လားရှိုး၊ မေမြို့ (ပြင်ဦးလွင်)၊ မန္တလေးနှင့် အခြားမြို့ရွာများမှ တယ်လီဖုန်းဖြင့်လှမ်း၍ ကံစမ်းနိုင်သည်။ (ထိုးနိုင်သည်) ထို (၃၆) ကောင်ကစားဝိုင်းကိုကြည့်ပြီး မဟာဒေဝီသုစန္ဒီက သူ့မောင်တော်ဇော်ဘွားကြီးကိုပင် မရှိသေသည့်သဘောနှင့် ထိုးလိုက်ရန်ပင် အကြံပေါ်လိုက်သေးသည်။

သီပေါမဟာဒေဝီ စဝ်နန်းသုစန္ဒီ၏ ဘော်ကြီးဘုရားပွဲခင်းထဲသို့ လျှောက်ကြည့်မှုသည် အဆုံးသို့ ရောက်တော့မည်။ သို့သော် သူ့အတွက် အံ့သြဖွယ်ရာကိစ္စတစ်ရပ် ကျန်သေးသည်။ စက်ခုပ်သံနှင့်အတူ ကြားလိုက်ရသည့် ခြူမှုတ်သံဖြစ်သည်။ ခြူမှုတ်သံကြားရပြီးနောက် လားရှိုး-မန္တလေး ခရီးသည်တင် မီးရထားကြီးသည် ပွဲခင်းထဲသို့ ဝင်လာလိမ့်မည်ဟူသည့် ကြေညာချက်ပင် ဖြစ်သည်။ မီးရထားကြီးက ပွဲခင်းအလယ်တွင် အထူးအစီအစဉ်ဖြင့် ရပ်တန့်မည်ဆိုကြောင်း၊ မီးရထားကြီးပေါ်၌ ပါလာသောခရီးသည်များက ခဏတစ်ဖြုတ် ပွဲခင်းထဲသို့ဆင်း၍ ပျော်ပါးနိုင်ကြောင်း၊ မကြာမီပင် မီးရထားကြီး ပွဲခင်းထဲသို့ဝင်လာပြီး ကြည့်လိုက်ရာ မီးရထားကြီးပေါ်၌ ခရီးသည် (၁) ယောက်မျှ မတွေ့ရချေ။ အဘယ်ကြောင့်ဆိုသော် မီးရထား အင်ဂျင်နီယာနှင့် ဝန်ထမ်းများအပြင် မီးရထားပေါ်ပါ ခရီးသည်အားလုံးတို့သည် ဘော်ကြီးဘုရားပွဲခင်းထဲသို့ ရောက်သွားကြသောကြောင့်ဖြစ်သည်။ နောက်တစ်ကြိမ် ခြူမှုတ်သံကြားလျှင် မီးရထားကြီးသည် ပွဲခင်းထဲမှ ထွက်ခွာတော့မည်ဖြစ်သည်။ ဤသည်ကလည်း မီးရထားအင်ဂျင်နီယာ၏သဘောအရသာ ဖြစ်လေသည်။

ဇော်ဘွားကြီးနှင့် မဟာဒေဝီတို့သည် မြန်မာနှင့် ရှမ်းပညာရှင်များ၏ ဂီတဖျော်ဖြေမှုကို မတက်ရောက်နိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် အာရုဏ်တက်မှ ပြီးမည်ဖြစ်သောကြောင့်တည်း။

❑

www.burmeseclassic.com



သူတို့မောင်နှံသည် ထိုညက အရှေ့ဟော်သို့ ပြန်လာကြသည်။ စက်ခန်းဆောင်သို့မဝင်မီ အရှေ့ဟော် လသာဆောင်တွင် ထိုင်ကြပြီး လပြည့်နေ့ည၏ လရောင်ဆမ်း၍ ငွေရောင်တောက်နေသည့် နမ္မတူမြစ်ရေပြင်ကို ရှုစားနေကြသည်။

"ဒီနေ့ပွဲခင်းမှာ ကျွန်မမြင်ခဲ့ရတာတွေနဲ့ ခံစားချက်တွေကို တော်တော်ကြာအောင်အထိ မေ့နိုင်မယ် မထင်ဘူး။"

သုစန္ဒီ၏ ပြောဆိုချက်ကို စဝ်ကြာဆိုင်က မည်သို့မျှ ပြန်မပြောပါ။ သို့ဖြစ်၍ သူမောင်တော်ဘက်သို့ လှည့်ကြည့်လိုက်ရာ စဝ်ကြာဆိုင်၏မျက်နှာပေါ်တွင် လရောင်ဆမ်းသည့် မြစ်ရေပြင်၏ အရောင်ဟပ်နေသောကြောင့် မျက်လုံးများ ဝမ်းနည်းကြေကွဲနေပုံကို မြင်လိုက်ရသည်။ သူကဆက်ပြီး -

"နယ်သူနယ်သားတွေရဲ့ ဘဝပြောင်းလဲဖို့ မောင်တော်က ပြောင်းလဲမြှင့်တင်ပေးနိုင်မှာပါ။"

ဟု အားပေးစကားပြောလိုက်သည်။

"ကိုယ်လုပ်မှ လုပ်နိုင်ပါ့မလား၊ ဘယ်သူရော လုပ်ပေးနိုင်မှာလဲ။"

ဟု စဝ်ကြာဆိုင်နှုတ်မှ ထွက်လာသည်။

**အခန်း (၇)**

သူတို့မောင်နှံသည် အရှေ့ဟော်၏ လသာဆောင်ပေါ်တွင် ညတိုင်းလိုလိုပင် စကားလက်ဆုံ ပြောမကုန်လေ့ရှိကြသည်။ သူတို့က အင်္ဂလိပ်လိုပင် အချင်းချင်းပြောသည်။ အမေရိကားတွင် စတွေ့စကတည်းက အင်္ဂလိပ်လိုနှင့် ပြောခဲ့ကြခြင်းဖြစ်သည်။ သို့သော် ယခုအခါ သုစန္ဒီသည် ရှမ်းစကားနှင့် မြန်မာစကားကို သင်နေရာ အတော်ပင် တိုးတက်လာပြီဖြစ်၏။

စဝ်ကြာဆိုင်က သုစန္ဒီ၏ စိတ်ရှည်စွာနှင့် ရှမ်းစကားသင်နေမှုကို သဘောကျနေသည်။ ယခုအခါ သူမ၏ ရှမ်းစကားသင်မှုသည် ပဋ္ဌမတန်းအဆင့်လောက်ရောက်ပြီ ဖြစ်သည်။ သုစန္ဒီသည် ရှမ်းစကားပြောကြည့်ရာ၌ စကား၏ အဓိပ္ပါယ်လေးနက်မှုကို ရွေးချယ်၍ ပြောသည်။ အထူးသဖြင့် မိမိထက်အသက်ကြီးသူများအား ရိုသေစွာ မည်သို့ ပြောဆိုရမည်ကို အထူးဂရုပြုသည်။ ရိုသေစွာပြောရာ၌ သံနေသံထားကိုလည်း ဂရုစိုက်ရသည်။ သို့မဟုတ် စော်ကားရာရောက်မည် ဖြစ်သောကြောင့်တည်း။ ဥပမာ- "မ" ဆိုသည့် ရှမ်းစကားအသံထွက်ကို ပြောရာ၌ လူနှင့် တိရစ္ဆာန်ကို ခွဲခြားပြောရသည်။ ပြောသံများ၍ ဆွေတော်မျိုးတော်များနှင့် အခြွေအရံတို့အပေါ် ဘယ်နှုကြိမ်

www.burmeseclassic.com





စော်ဘွားကြီးနှင့် မဟာဒေဝီတို့ အခမ်းအနားတစ်ခုတွင် တွေ့မြင်ရပုံ (အလယ်မှ မြန်မာဝတ်စုံနှင့် ဥရောပအမျိုးသမီးမှာ မဟာဒေဝီ၏ မိခင် ဖြစ်သည်။)

စော်ကားရာရောက်ပြီဆိုသည်ကိုမူ သတိမထားမိတော့ပေ။ သူတို့ကလည်း သူ့အပေါ် ကောင်းလွန်းသည်။ သူ၏ အမှားများကို မည်သို့မျှ ဗွေမယူကြချေ။ မောင်တော် စဝ်ကြာဆိုင်ကသာ သူ့အသုံးအနှုန်းမှားနေလျှင် ရယ်၍ ထောက်ပြတတ်သည်။ သူက ရှမ်းလို "တစ်ယောက်"နှင့် "တစ်ကောင်"ကို ကွဲကွဲပြားပြား မသုံးနှုန်းတတ် သေးချေ။ သူ့နိုင်ငံ သြစတြီးရီးယားတက္ကသိုလ်တွင် ကျောင်းသူအဖြစ် တက်ခဲ့သည့်ဘဝက နိုင်ငံခြားဘာသာရပ် ကိုသင်ခဲ့ရ၍သာ မောင်တော်နှင့် တွေ့သောအခါ အခက်အခဲမရှိ ပြောနိုင်ခြင်းဖြစ်သည်။ သို့သော်ယခု ရှမ်းစကား ကိုသင်ရသောအခါ သူ့အဖို့အခက်ဆုံး ဖြစ်နေသည်။

သီပေါနယ်သူနယ်သားများက သူတို့၏ မဟာဒေဝီ ရှမ်းစကားခက်ခက်ခဲခဲ သင်ယူနေမှုကို သဘောကျ နေကြသည်။ သူကမည်ကဲ့သို့ပင် မှားမှားယွင်းယွင်းပြောစေကာမူ သူတို့က မည်သို့မျှ မကဲ့ရဲ့ကြချေ။ ဤကိစ္စများ ကို စဝ်ကြာဆိုင်က ကြားသိနေသည်။ အရှေ့ဟော်တွင် ရေစက်ပျက်၍ ရေအခက်အခဲကြုံသည့်အခါ သူက မည်သို့မျှ ညီးညူလေ့မရှိပါ။ ရေပိုက်မှရေမလာ၍ ပုံးများနှင့် ရေခပ်ထားရလျှင် ပုံးများထဲ၌ ပလပ်စတစ် ကစားစရာလေးများ ကို ထည့်ထားသဖြင့် ဖော်လောပေါ်နေကြသည်။ ရေမလာ၍ စိတ်အနှောင့်အယှက်ဖြစ်နေသည့် စဝ်ကြာဆိုင်ပင်လျှင် သူ၏ပြုမူမှုများကြောင့် ရယ်စရာဖြစ်နေလေသည်။ အရှေ့ဟော်၏ မီးစက်ပျက်သဖြင့် လျှပ်စစ်မီးမလာလျှင် သူက နှစ်သစ်ကူးအတွက် သိမ်းထားသည့် ဖယောင်းတိုင်များကို ထုတ်၍သုံးလိုက်၏။ အရှေ့ဟော်ထဲတွင် ဖယောင်းတိုင် များထွန်းပြီး နေရသည်ကိုပင် သူက သဘောကျပြီး ရယ်နေသေးသည်။ စဝ်ကြာဆိုင်ကမူ ထိုသို့သော အချိန်လေးမျိုး တွင် သူနှင့် နှစ်ယောက်တည်းနေရသည်ကိုပင် သဘောတွေ့နေသည်။ တရားဝင်တက်ရောက်ရသော မည်သည့် ပွဲလမ်း အခမ်းအနားတွင်မဆို စဝ်ကြာဆိုင်က သူ့ကို သူ့ဘေး၌ အမြဲထားတတ်သည်။ သူ၏ ချစ်စရာကောင်းသည့်

www.burmeseclassic.com

www.burmeseclassic.com



အပြုအမူလေးများကြောင့် ပရိသတ်က နှစ်သက်သဘောကျနေကြသည်ကိုပင် စဝ်ကြာဆိုင်က သူ့အတွက် ဂုဏ်ယူနေသည်။

တစိမ်းတရံစာများ မရှိသည့် သူတို့မောင်နှံနှစ်ဦးတည်း နေရသည့်အခါများတွင် သုစန္ဒီက သူ့အပေါ် ဘဝဖော်အဖြစ် သိပ်ပြီး လိုလိုလားလားချဉ်းကပ်မှုကို မလိုလားချေ။ ထိုအခါမျိုးတွင် စဝ်ကြာဆိုင်က အကယ်၍သာ သူ၏အိမ်ထောင်ရေးတွင် ယခုကဲ့သို့ နိုင်ငံခြားသူမဟုတ်ဘဲ အမျိုးတူ ရှမ်းအမျိုးသမီးတစ်ယောက်ဖြစ်နေခဲ့သော် ဆိုသည့်အနေအထားမျိုးကို အမြဲတွေးလေ့ရှိသည်။ ထိုသို့သောအခါမျိုးတွင် သူမည်သို့ဖြစ်နေမည်နည်းဆိုသည်ကိုလည်း အမြဲတွေးနေမိသည်။ ထိုရှမ်းအမျိုးသမီးက သူ၏ဆွေမျိုးမိဘ အသိုင်းအဝိုင်းကြားတွင် နေရသူဖြစ်သည်။ ယခုသုစန္ဒီကမူ သူ့ပတ်ဝန်းကျင်တွင် သူကလွဲ၍ မည်သူ့မျှမရှိသည့်အနေအထားဖြစ်သည်။ သူ့အနေဖြင့် သူ၏အကြံအဉာဏ်ကိုသာယူရပေသည်။ သူနှင့်သာ စကားလက်ဆုံကြရပေမည်။ သူ၏ပံ့ပိုးကူညီမှုကိုသာ မျှော်ရပေသည်။

သူတို့မောင်နှံ၏ဘဝသည် နေ့စဉ် ဧည့်သည်တော်များနှင့် တွေ့ကြုံဆက်ဆံနေရသည်။ ထိုဧည့်သည်တော်များထဲ၌ နိုင်ငံခြားဧည့်သည်တော်များလည်း ပါသည်။ စဝ်ကြာဆိုင်သည် သူ့မဟာဒေဝီက ချစ်စရာကောင်းစွာဧည့်သည်တော်များကို လက်ခံ၍ ဧည့်ခံနေခြင်းကို သဘောကျနေသည်။ သူလှုပ်ရှားဘဝက ထိုဧည့်သည်များကိုတစ်ဦးတည်းအိမ်ရှင်အဖြစ် ဧည့်ခံရစဉ်က ကြောင်တောင်တောင်ဖြစ်နေသည်ကိုပင် သတိရလိုက်သေးသည်။ မြန်မာပြည်သို့ ပြောင်းလာကြသည့် ဂရိတ်ဗြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုမှ သံအမတ်များသည် အရှေ့ဟော်သို့ သူတို့ရောက်ပြီး လအနည်းငယ်တွင်ပင် ရောက်လာကြ၍ နေ့လည်စာဖြင့် ဧည့်ခံရသေးသည်။ အခြားသံတမန်များ၊ မြန်မာ့ကက်ဘိနက်ဝန်ကြီးများနှင့် ဂုဏ်သရေရှိလူကြီးများကိုလည်း လက်ခံတွေ့ဆုံနေရသည်။ စဝ်ကြာဆိုင်ကအချို့ဧည့်သည်တော်များကို တက်နစ်ရိုက်ပြိုင်ပွဲများကျင်းပ၍ ဧည့်ခံသည်။ ထိုသို့ ဧည့်ခံနိုင်ရန် သူအမေရိကန်တိုင်းပြည်သို့ စာသွားသင်နေစဉ်အတွင်း ပျက်ဆီးနေသော တက်နစ်ရိုက်ကွင်းများကို ပြင်ရသေးသည်။

အရှေ့ဟော်သို့လာရောက်ကြသည့် ဧည့်သည်အမျိုးမျိုးတွင် သူတို့ပြည်နယ် ဝေးလံခေါင်ဖျားသည့်အရပ်များမှရွာသူရွာသားများလည်း ပါ၏။ ထိုသူတို့သည် သူတို့၏အရှင်သခင်ကို လာရောက်တွေ့ဆုံခွင့်ရှိသည်။ လာရောက်ခစားခွင့်လည်းရှိသည်။ မည်သည့်အကူအညီအမျိုးကိုမဆို လာရောက်တောင်းဆိုခွင့် ရှိသည်။ ထိုသို့ နယ်ရှင်ကိုနယ်သားများ လာတွေ့ဆုံသည့်အခမ်းအနားများကို သုစန္ဒီက အမြဲတက်ရောက်လေ့ ရှိသည်။ ထိုသို့သောအခါမျိုးတွင် ရုပ်ရှင်ရုံငယ်လေးတမျှအရွယ်ရှိသော သူတို့၏ဧည့်ခန်းဆောင်ကို ကော်ဇောအပြည့် ခင်းထားလိုက်သည်။ နယ်သူနယ်သားများက အခန်းဆောင်သို့မဝင်ခင် သူတို့၏ဖိနပ်များကို ချွတ်ထားခဲ့ရသည်။ တန်းစီဝင်ပြီး ကော်ဇောပေါ်မှ ခစားကြသည်။ ခစားသူများအား လှော်ထားသည့် ရှမ်းလက်ဖက်ခြောက်ကို ဆားခပ်၍ ဧည့်ခံသည်။ ဘီစကစ်အချပ်ငယ်လေးများကိုလည်း ကျွေးမွေးသည်။ နယ်သူနယ်သားများသည် သူတို့၏အရှင်နှစ်ပါး မကြွလာခင်အနံ့ပြင်းသည့် ရှမ်းဆေးပြင်းလိပ်ကြီးများကို လွှတ်လွှတ်လပ်လပ် သောက်နေကြသည်။ သူတို့၏အရှင်နှစ်ပါးကလည်း သူတို့နှင့်တပြေးညီ မျက်နှာချင်းဆိုင် ကော်ဇောပေါ်၌ပင် ထိုင်ကြသည်။ မည်သည့်ဆိုဖာ ညောင်စောင်းပေါ်တွင်မှ မထိုင်ပါ။ စဝ်ကြာဆိုင်နှုတ်မှ ပြောသည့်အခါ ရှမ်းခေါင်းပေါင်းကြီးများ ပေါင်းထားသည့် သူတို့မျက်နှာကသူတို့အရှင်သခင်အပေါ် အရေးတစိုက်ကြည့်နေကြသည်ကို သုစန္ဒီက အကဲခတ်နေလေ့ရှိသည်။ ထိုနယ်သူနယ်သားများထဲတွင် အချို့သော နှုတ်ခမ်းမွေးကြီးများနှင့်သူများ၊ ဆေးမှင်ကြောင်ထိုးထားသည့်သူများ ပါသည်။ သူတို့သည်ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှတို့၊ ဂျပန်တို့၊ အမေရိကန်ပိုင်းလော့တို့၏ ဗုံးကြဲလေယာဉ်ပျံကြီးများ၏ ဒဏ်မှအသက်မသေရှင် ကျန်ခဲ့သူများဖြစ်သည်ဟု သိရသည်။ တောင်တန်းသားလူမျိုးစုများ၊ အထူးသဖြင့် ရှမ်းတို့သည်မဟာမိတ်တပ်များအပေါ် သစ္စာရှိကြသည်။ Stilwell ၏သူများကို ထောက်ပံ့ခဲ့ကြရသည်။ ထိုအချိန်တွင် မြန်မာတို့က သူတို့ခေါ်ခဲ့သည့် ဂျပန်များကို ထောက်ပံ့လေသည်။ ထိုစဉ်က တိုင်းပြည်၊ ဂျပန်များထက်ထဲတွင်ရှိသည့်အချိန်ဖြစ်၏။ သုစန္ဒီက ထိုသူများအထဲမှ "ဆင်ဂလု" ဟုခေါ်သည့် အရပ်ရှည်ပြီး ခါးကုန်းနေသူတစ်ဦးကို

www.burmeseclassic.com



မှတ်မိလိုက်သည်။ ထိုသူက ဗြိတိသျှပိုင်းလှေတစ်ဦးကို သူ၏နောက်ကျောပေါ်တွင် ကုန်းပိုးစေပြီး (၄) ရက်တိတိ လက်ဖက်ခြောက်စိုက်ပျိုးသည့် ပလောင်များရှိရာ စိတ်ချရသည့်နေရာသို့ ပို့ပေးခဲ့သူဖြစ်သည်ဟု သိထားသည်။

တစ်နေ့တွင် စဝ်ကြာဆိုင်၏နောင်တော်သည် အကြောင်းမကြားဘဲ ရောက်လာသည်။ မည်သူကမျှ မမျှော်လင့်ထားပါ။ ဂိတ်ဝမှ သက်တော်စောင့်က နောင်တော်ကြီးကို မှတ်မိသည်နှင့် စဝ်ကြာဆိုင် မြောက်ပိုင်းရှမ်းပြည်မှ တက်နှစ်ချန်ပီယံတစ်ဦးနှင့် ကစားနေရာ တက်နစ်ကွင်းသို့ ဂျစ်ကားဖြင့် ပို့ပေးလိုက်သည်။ နောင်တော်ကြီးသည် စဝ်ကြာဆိုင်ထက် အရပ်ပိုမြင့်သည့်အပြင် အသားလည်း ပိုမည်းပါသည်။ သုစန္ဒီက မြင်လိုက်သည်နှင့် ဧည့်သည်တော်ကို မည်သူမှန်းသိလိုက်သည်။ နောက်တော်ကြီး၏ မျက်လုံးများသည် စဝ်ကြာဆိုင်၏ မျက်လုံးများနှင့် အလားတူဖြစ်သော်လည်း တကယ်တမ်း မတူညီပါ။ နောင်တော်ကြီး၏ မျက်လုံးများက အေးစက်စက် မာကျောကျောဖြစ်သည်။ စဝ်ကြာဆိုင်၏ မျက်လုံးများကမူ နွေးထွေး၍ ဖော်ရွေမှုအကြည့်နှင့် ဖြစ်၏။

နောင်တော်ကြီးသည် သုစန္ဒီရှိရာသို့လာပြီး လက်ဆွဲနှုတ်ဆက်ရင်း လက်ကမ်းပေးလိုက်ရာ-

"ဩော်… မင်းက ငါ့ညီရဲ့ မိန်းမကိုး၊ ငါက အခုလိုတွေ့ရတာ ဝမ်းသာပါတယ်လို့ပဲ ဆိုပါရစေ။"

ဟုပြောလိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၈)

သုစန္ဒီသည် နောင်တော်ကြီးလက်ကိုဆွဲ၍ ပြန်နှုတ်ဆက်လိုက်သည်။ သူက နောင်တော်ကြီးနှင့် တွေ့ရသဖြင့် ဝမ်းသာကြောင်း၊ သူ့မောင်တော် တက်နစ်ဆက်၍ကစားနေသည်ကို မတားရန်နှင့် သူနှင့်အတူ ပွဲပြီးသည်အထိ ကြည့်ရန် ဖိတ်ခေါ်လိုက်သည်။ အစေခံများက ချက်ချင်းပင် ဖျော်ရည်များဖြင့် ဧည့်ခံသည်။ ထိုအစေခံထဲမှ တစ်ယောက်ကို နောင်တော်ကြီးက -

"ဟေး... နင်..."

ဟု အော်ခေါ်လိုက်ပြီး

"ငါ့အတွက် လက်ဖက်ရည်ကြမ်းပဲ ယူလာခဲ့တော့၊ နင်တို့က ငါသံပုရာရည်မကြိုက်တာ မသိဘူးလား၊"

ဟုပြောရင်း စဝ်ကြာဆိုင်တို့ တက်နစ်ကစားကွင်းအနီးသို့ သွားလေသည်။ သုစန္ဒီက သူ၏အခိုင်းအစေများအား ဤကဲ့သို့ပြောဆိုဆက်ဆံနေမှုကို မကြိုက်နှစ်သက်ချေ။ နောင်တော်ကြီးရှေ့တွင်လည်း နေရထိုင်ရကျုံ့နေသည်။ နောင်တော်ကြီး စဝ်ခွန်လုံသည် သူနှင့်စဝ်ကြာဆိုင်တို့၏ လက်ထပ်မှုကို သဘောမတူ ဆန့်ကျင်ခဲ့သည်ကို သိထားသောကြောင့်ဖြစ်၏။

စဝ်ခွန်လုံသည် ခေတ္တစောင့်နေပြီးနောက် -

"ငါ... ဒီကစားနေမှုကို စောင့်ရတာ စိတ်မရှည်နိုင်တော့ဘူး။ စိတ်ပျက်လာပြီ၊ ဘယ်လောက်ကြာအုံးမှာလဲ၊"

ဟု မေးမြန်းပြီး အဆောင်ထဲသို့ ထွက်သွားလေသည်။ ထမင်းချက်သည် အဆာပြေစားရန် သွားရည်စာများကို ပြင်ဆင်ယူထုတ်လာပြီးနောက် စဝ်ခွန်လုံ၏ရှေ့တွင် ဒူးထောက်၍ ဆက်သနေသည်ကို သုစန္ဒီက အံ့သြနေ၏။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့သော အမူအရာလုပ်ဆောင်ချက်များကို အမေရိကားမှ ပြန်ရောက်ကတည်းက သူ့မောင်တော် ပယ်ဖျက်လိုက်သောကြောင့် ဖြစ်သည်။ ကျန်အခြွေအရံများကလည်း နောင်တော်ကြီးကို ကြောက်ရွံ့လှသဖြင့် ခေါင်းငုံ့ခစားပြီး အနီးအနားမှ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြသည်။

စဝ်ကြာဆိုင်ရောက်လာသောအခါ သူ့နောင်တော်ကြီးနှင့် ပြန်တွေ့ရသဖြင့် ကျေနပ်နှစ်သိမ့်နေပုံရသည်။ စဝ်ခွန်လုံကမူ ညီအစ်ကိုတော်နှစ်ယောက်ကြားတွင် စည်းခြားထားပုံရ၏။ စဝ်ကြာဆိုင်က သူ့နောင်တော်ကို ပွေ့ဖက်၍ပင် နှုတ်ဆက်လိုက်သေးသည်။ သူတို့ညီနောင်သည် မြန်မာလိုပင်ပြောကြသည်။ သို့သော် သုစန္ဒီရှေ့တွင်ဖြစ်သဖြင့် ရိုင်းရာကျသောကြောင့် အင်္ဂလိပ်လိုပြန်ပြောပြီး -

"ငါအမေရိကန်ပြည်ထောင်စုကို လေ့လာဖို့ သွားမလို့"

ဟု စဝ်ခွန်လုံက ပြောလိုက်သည်။ သူသည် ဗဟိုရှမ်းအစိုးရ၏ ဝန်ထမ်းဖြစ်သည်။

"ဒီတော့ ငါ... မင်းဆီက အကူအညီလိုတယ်။"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆက်ပြောသည်။ မည်သို့သော အကူအညီလိုသည်ကို ရှင်းမပြပါ။ သို့ကြောင့် သုစန္ဒီက နောင်တော်ကြီး ဘာဆိုလိုသည်ကို တွေးရခက်ကြီး ဖြစ်နေသည်။

နောင်တော်ကြီးနှင့်ပတ်သက်၍ သူက အနည်းအကျဉ်း ကြားဖူးသည်။ သူတို့၏အခြေအရံများထံမှပင် ဖြစ်၏။ နောင်တော်ကြီးက ဂျပန်ခေတ်တွင် ဂျပန်တို့နှင့် ပူးပေါင်းကာ နယ်သူနယ်သားများအပေါ် ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်ခဲ့သည်။ ထိုကြောင့် ဗြိတိသျှတို့ ပြန်ဝင်လာသောအခါ နောင်တော်ကြီးကို သီပေါ၌နေရန် ခွင့်မပြုတော့ချေ။ ထိုကြောင့်ပင် နယ်သူနယ်သားများက ဤကိစ္စနှင့် အခြားကိစ္စများကိုပါပေါင်းပြီး သူ့ကို နောင်တော်ကြီးဖြစ်သော်လည်း သီပေါဟော်နန်း၏ စော်ဘွားအရိုက်အရာကို အပ်နှံရန် လက်မခံခဲ့ကြချေ။ ၁၉၄၇ ခုနှစ်၊ ဗြိတိသျှထံမှ လွတ်လပ်ရေးရသောအခါ အရိုက်အရာရွေးကောက်ပွဲ၌ စဝ်ကြာဆိုင်က နိုင်ခဲ့ခြင်း ဖြစ်သည်။


နောင်တော်ကြီး၏ လာရောက်လည်ပတ်မှုသည် အချိန်တိုအတွင်းဖြစ်သော်လည်း သုစန္ဒီက ညီနောင်နှစ်ပါးကြားတွင် နားလည်မှုထား၍ ဆက်ဆံခဲ့သည်။ သုစန္ဒီက သူ့မောင်တော်ကို သူတို့ညီနောင်နှစ်ပါးကြား ဆက်ဆံရေးနှင့် ပတ်သက်ပြီး မေးမြန်းခဲ့သည်။ ထိုသို့မေးမြန်းချက်မျိုး တစ်ခါမှမပြုခဲ့ပါ။ စဝ်ကြာဆိုင်က -

"ပြဿနာ မရှိပါဘူးကွာ။"

ဟု ဖြေသော်လည်း သုစန္ဒီကို ဤကိစ္စဝင်မပါရန် ပိတ်လိုက်သည်။ သို့အတွက် နောင်တော်ကြီးက မည်ကဲ့သို့ အကူအညီမျိုး လာတောင်းသည်ကိုပင် မမေးတော့ချေ။

× × ×

ထိုမှ (၁)ရက်ကြာသောအခါ နယ်မှ လူတစ်ဦး ရောက်လာသည်။ မြန်မာစစ်တပ်နှင့် ပတ်သက်၍ မကျေနပ်ချက်များကို တင်ပြသည်။ သီပေါနယ်အတွင်းမှ ရွာသူရွာသားများကို အတင်းအကျပ် လုပ်အားပေးစေကြောင်း၊



သီပေါနယ်အတွင်းမှ ကျေးရွာနှင့်ခရိုင်ခေါင်းဆောင်များ အရှေ့ပေါ်အရှေ့တွင်ရိုက်ထားပုံ

www.burmeseclassic.com

www.burmeseclassic.com



အဖိုးအခလည်း မပေးကြောင်း၊ အမျိုးသမီးများကို စော်ကားမော်ကားပြုသည့်အပြင် တစ်ခါတစ်ရံ မုဒိမ်းကျင့်ကြောင်း၊ ဤသည်တို့ကို အကာအကွယ်ပေးသည့် ရပ်ရွာလူကြီးများကို ဖမ်းဆီးသည့်အပြင် အချို့ကို အခြားတစ်နေရာသို့ပင် ခေါ်ဆောင်သွားတတ်ကြောင်း၊ စစ်တပ်က ဤသို့ပြုလုပ်နေသည်မှာ သူတို့သည် ဤနယ်မြေကို မကာကွယ်မစောင့်ရှောက်သည့်အပြင် နယ်မြေခံတို့၏ ရန်သူသဖွယ် ဖြစ်နေပါသည်ဆိုကြောင်း၊ ထို့ကြောင့် နယ်သူနယ်သားတို့သည် အထူးတိုင်းမင်းကြီးထံ ကန့်ကွက်စာပို့သည့်အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက ဤကိစ္စကို ခေါင်းရှောင်နေလေသလားဟုပင် မှတ်ထင်နေကြကြောင်း၊ ဤသို့ပြုမှုချက်များကို ခေါင်းဆောင်များက လျစ်လျူရှုထားသည့်အပြင် လူမျိုးစုငယ်များအပေါ် စီမံချက်ချပြီး တမင်လုပ်ဆောင်နေသည်လောဟူ၍ပင် ထင်ရကြောင်း စသည်တို့ကို တင်ပြပါသည်။ စဝ်ကြာဆိုင်နှင့် အခြားရှမ်းစော်ဘွားတို့သည် ဤကိစ္စများကို ရှမ်းပြည်နယ်အစိုးရနှင့် လွှတ်တော်သို့တင်ပြသော်လည်း ကျေနပ်ဖွယ်ရာအဖြေ တစ်စုံတစ်ရာ မရရှိခဲ့ပါ။

အခြားပြဿနာတစ်ရပ်မှာ ဗဟိုအစိုးရ၏ စီးပွားရေးပေါ်လစီပင် ဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေး၊ မြန်မာပိုင်နက်မှ ကျွန်းသစ်နှင့် သတ္တုရောင်းဝယ်ရေး စီမံကိန်းမှရသည့် ပြည်နယ်များအတွက် ရန်ပုံငွေမှာလည်း ခမ်းခြောက်သွားပြီဖြစ်၏။ ထို့ကြောင့် ကျောင်းသားများ၊ ရပ်ကျေးခေါင်းဆောင်များနှင့် ရိုးသားလှသော ရပ်သူရွာသားများသည် စဝ်ကြာဆိုင်ထံ လာရောက်ခစားကြပြီး ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်ရေးရစဉ် ရှမ်းပြည်နယ်က လိုလိုလားလား မြန်မာပြည်မနှင့် ပူးပေါင်းခြင်းမှာ မှားယွင်းခဲ့ပြီလော၊ သူတို့အနေဖြင့် ဤကိစ္စကို အဖြေရှာလိုပါသည်။ နောက် (၁၀) နှစ်အကြာ ၁၉၅၈ ခုနှစ်သို့ရောက်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာပြည်မမှ ခွဲထွက်နိုင်သည်ဆိုသည်ကို အာမခံချက်လိုနေပြီဖြစ်ပါသည်ဟု တင်ပြကြလေသည်။ စဝ်ကြာဆိုင်က -

"တော်ဘုရားမင်းတို့ရဲ့ ခံစားချက်ကို နားလည်သဘောပေါက်ပါတယ်။ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး တော်ဘုရားလည်း စိတ်ဆိုးနေတာပါပဲ။ ဒါပေမယ့် တော်ဘုရားမယုံကြည်တာက ပြည်ထောင်စုမြန်မာနိုင်ငံက ခွဲထွက်ခြင်းဟာ ဒါတွေရဲ့ အဖြေမဟုတ်ဘူး။ ဒို့တတွေ ရှမ်းပြည်နယ်ကောင်စီကတစ်ဆင့် လူမျိုးစုလွှတ်တော်မှာ ဒို့များရဲ့ရစုရပိုင်မယ့် အခွင့်အရေးများကို ပြည်ထောင်စုအတွင်းမှာပဲ တင်ပြရလိမ့်မယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေက ဒို့ကို ကူညီလိမ့်မယ်။ ရရန်ရှိတဲ့ အမှန်တရားကိုလည်း ရနိုင်ဖို့ အာမခံချက်လိုလိမ့်မယ်။ ဒို့များခံစားမှုများကို လမ်းမှန်ကနေပြီး တင်ပြကြရအောင်။"

ဟု ပြောပြလိုက်ပါသည်။

စော်ဘွားကြီးစဝ်ကြာဆိုင်၏ အဖြေနှင့် ပတ်သက်၍ ရှမ်းများက မကျေနပ်ကြချေ။ သူတို့က ပြည်မမှ ခွဲထွက်ရန် သူတို့၏အကြံကို စော်ဘွားကြီးစဝ်ကြာဆိုင်က ဦးဆောင်လိမ့်မည်ဟု မျှော်မှန်းထားသည်။ သို့သော် အခြားတစ်ဖက်၌မူ ပြည်ထောင်စုအစိုးရက မြန်မာ့နိုင်ငံရေးနှင့် စစ်တပ်၏လုပ်ဆောင်ချက်များအပေါ် သီပေါစော်ဘွားကြီးစဝ်ကြာဆိုင်၏ ပွင့်ပွင့်လင်းလင်း ဝေဖန်မှုနှင့် ပြောဆိုမှုများကြောင့် အကောင်းမမြင်ချေ။ စော်ဘွားကြီးစဝ်ကြာဆိုင်ကမူ နှစ်ဖက်လုံးက သူ့အပေါ် အထင်လွဲမှားနေသည်ကို ဂရုမပြုမိပါ။ သူက သူ၏ခံယူချက်များအပေါ်သာ ယုံကြည်ပြီး မားမားမတ်မတ် ရပ်တည်၍သာ နေသည်။ သူ့ခေါင်းဆောင်မှုကို ယုံကြည်စွာ လက်ခံကြသည်ဟူ၍သာ ထင်နေသည်။

တစ်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း တိုင်းမှူးဗိုလ်မှူးကြီးက လာရှိုးမှနေပြီး စဝ်ကြာဆိုင်ကိုခေါ်၍ တပ်မတော်၏ သေနာပတိဗိုလ်ချုပ်ကြီးနေဝင်းသည် ရက်အနည်းငယ်အတွင်း သီပေါနယ်ကိုဖြတ်၍ ခရီးသွားရန်ရှိကြောင်း ပြောသည်။ စဝ်ကြာဆိုင်က နားထောင်ပြီးနောက် တိုင်းမှူးအား -

"ဗိုလ်ချုပ်ကြီးနဲ့ အဖွဲ့ဝင်များကို ကျွန်တော့်အရှေ့ဟော်ကို ဝင်ရောက်ပြီး နေ့လည်စာသုံးဆောင်ဖို့ ဖိတ်မံတကြောင်း ပြုပါတယ်။"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကြားလိုက်သည်။

တိုင်းမှူးက -

""ခင်ဗျားရဲ့ ဖိတ်ကြားမှုကို ကျွန်တော်လက်ခံနိုင်မှာ မဟုတ်ဘူး။ ဗိုလ်ချုပ်ကြီးက သီပေါမှာ ရပ်နားဖို့ အချိန်ဖြုန်းနိုင်မှာလဲ မဟုတ်ဘူး။""

ဟု ပြန်ပြောသည်။

""ဒီလိုဆိုရင် လက်ဖက်ရည်ကော ခင်ဗျား။""

ဟု စဝ်ကြာဆိုင်က ရှိရှိသေသေ ပြန်မေးလိုက်ရာ -

""ဟင့်အင်း… ဝမ်းနည်းပါတယ်။""

ဟု တိုင်းမှူးက အဘယ်ကြောင့်ဆိုသည်ကို ရှင်းမပြဘဲ ပြန်ဖြေလိုက်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၁၉)

“ကံဆိုးလိုက်တာဗျာ၊ ဒီလိုဆိုရင် ကျွန်တော်က ဗိုလ်ချုပ်ကြီးနဲ့ မတွေ့ရတော့ဘူးပေါ့၊ ဗိုလ်ချုပ်ကြီး ကျွန်တော့်နယ်ကို ဖြတ်သွားမယ့်အကြောင်း ဗိုလ်မှူးကြီးက အသိပေးတာကိုတော့ ကျွန်တော် ဝမ်းသာပါတယ်။”

ဟု သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်က ပြုံး၍ ပြန်ပြောလိုက်သည်။

“ဗိုလ်ချုပ်ကြီးက ခင်ဗျားနယ်ကို ဖြတ်အသွားမှာတော့ တွေ့ချင်ပါသတဲ့။”

ဟု တိုင်းမှူးက ပြန်ဖြေလိုက်သည်။

စဝ်ကြာဆိုင်က –

“ကောင်းပါပြီခင်ဗျား၊ ကျွန်တော့်ရုံးခန်းမှာ ခဏတစ်ဖြုတ် ဝင်ရပ်နားဖို့ ဖိတ်ခေါ်ပါတယ်။ ဗိုလ်ချုပ်ကြီးမှာ အဲဒီလောက်တော့ အချိန်ရမယ် ထင်ပါတယ်။”

“ဒီလိုလည်း အဆင်ပြေမှာ မဟုတ်ဘူးဗျ။ ကျွန်တော်တို့ ခင်ဗျားကို အကြံပေးချင်တာကတော့ လာမယ့် ဗုဒ္ဓဟူးနေ့မှာ ဗိုလ်ချုပ်ကြီးရဲ့ ကားတန်းဖြတ်အသွားမှာ လမ်းဘေးက လာစောင့်နေဖို့ပါပဲ။ အဲ့ဒီနေ့ကျရင် သီပေါလမ်းဆုံကိုရောက်မယ့် အတိအကျအချိန်ကို ကျွန်တော်တို့ ခင်ဗျားကို ပေးသိပါ့မယ်။”

ဟု တိုင်းမှူးက ပြောပါသည်။

စဝ်ကြာဆိုင်က သူကြားရသည့်စကားများကို မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်ရသည်။ သို့ဖြစ်၍ တိုင်းမှူးအား တစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ အံ့သြစွာဖြင့် ပြန်ကြည့်လိုက်သည်။ သူက တိုင်းမှူး၏အကြံပေးချက်ကို အံ့သြနေသည်။ သူကဲ့သို့သော စော်ဘွားကြီးတစ်ဦးအား ဤသို့လမ်းဘေးမှ ကြုံသလို ဆုံတွေ့စေခြင်းမှာ စော်ကားရာရောက်သည်ဟု ထင်သည်။ သို့ကြောင့် အသံကိုနိမ့်ချ၍ –

“ကျွန်တော်က အရပ်သားတစ်ယောက်ဆိုရင်တော့ အခုလို လမ်းဘေးကနေ ဗိုလ်ချုပ်ကြီးကို ကြိုဆိုရမှာ အရေးမကြီးပါဘူး။ ဒါပေမယ့် သီပေါနယ်ရဲ့ နယ်ရှင်တစ်ဦးအနေနဲ့တော့ ကျွန်တော့် နယ်သူနယ်သားများ ခန့်ညားရလောက်အောင်တော့ ဖြစ်သင့်တာပေါ့။ ဒီနယ်ရဲ့ စော်ဘွားအနေနဲ့ ဧည့်သည်တော်က တွေ့ချင်ရင်ဖြင့် ထိုက်ထိုက်တန်တန် တွေ့သင့်ပါတယ်။”

ဟု ပြောလိုက်သည်။

တိုင်းမှူးက စော်ဘွားကြီး စဝ်ကြာဆိုင်၏သဘောထားကို ပြန်တင်ပြပါမည်ဟု ကတိပြုရင်း ထွက်ခွာသွားလေသည်။ ကတိပြုသည့်အတိုင်းပဲ ပြန်ပြောပုံရ၏။ ထို့ကြောင့် ဗုဒ္ဓဟူးနေ့တွင် ဗိုလ်ချုပ်ကြီး၏ ကားတန်းသည် သီပေါတွင်မနားဘဲ ဖြတ်မောင်းသွားလေသည်။ စဝ်ကြာဆိုင် ရန်ကုန်မြို့တွင်ကျင်းပသော နောက်ပါလီမန် အစည်းအဝေးကို တက်ရောက်သောအခါ ဝန်ကြီးချုပ်ဦးနုထံ ပို့လိုက်သည့် စာနှစ်စောင်ကို တွေ့ရသည်။ ယင်းစာ

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်မှ မြင်ရသည့် မြစ်ကွင်း

(၂) စောင်မှာ တိုင်းမှူးနှင့် အထူးတိုင်းမင်းကြီး ဟုန်ဖတို့ထံမှ ဖြစ်သည်။ ဗိုလ်ချုပ်ကြီးနေဝင်းကဲ့သို့သော သူရဲကောင်းအား စော်ကားမော်ကားပြောသည့်အတွက် စဝ်ကြာဆိုင်ကို ရှုံ့ချလိုက်သောစာများ ဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်ပြီး ဝန်ကြီးချုပ်ဦးနုက စဝ်ကြာဆိုင်၏ပြောဆိုချက်ကို ထောက်ခံသည်။ သို့သော် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် သူ၏ တပ်မတော်ကမူ ဆန့်ကျင်ဘက်သဘောထား ရှိလေသည်။ ထို့ကြောင့် ထိုနေ့မှစ၍ စဝ်ကြာဆိုင်ကို သူတို့၏ ရန်သူအဖြစ် သတ်မှတ်လိုက်လေတော့သည်။

× × ×

မိုးရွာပြီးစ ဇွန်လ၏ လှပသောနေ့တစ်နေ့ဖြစ်သည်။ စဝ်ကြာဆိုင်သည် သူ၏မဟာဒေဝီကို တောတောင်များ ကြည့်ရန် ခေါ်သွားသည်။ လေနုအေးကို အသက်ရှူသွင်းလိုက်ရသည်ကပင် ပေါ့ပါးလန်းဆန်းသွားပေသည်။ မိုးတွင်းဖြစ်သော်လည်း လမ်းကခြောက်သွေ့နေသဖြင့် သူတို့ကားဘီးများသည် ဗွက်မနစ်နိုင်ပါ။ သူတို့က အကြမ်းခံသည့် လင့်ရိုဗာကားနှင့် ထွက်လာကြခြင်း ဖြစ်သည်။ သူတို့ကားထဲတွင် အခြေအရံများပါသကဲ့သို့ တောင်ကုန်း ထိပ်တွင်နေသော ရသေ့အတွက်လည်း လှူဒါန်းဖွယ်ရာများ ပါသည်။

အခြေအရံတို့သည် မကြာခဏပင် ကားပေါ်မှဆင်း၍ ကားချော်မောစွာသွားနိုင်ရန် လမ်းဘေးမှ ချုံပုတ်များ

www.burmeseclassic.com

www.burmeseclassic.com



ကို ရှင်းရသည်။ ထိုကြောင့်ပင် သူတို့သည် ခြောက်မိုင်တည်းဟူသော လိုရာခရီးကို အချိန်ယူ၍ သွားရ၏။ တောင်ထိပ်မှ မိုင်ဝက်ခန့်အလိုတွင် စဝ်ကြာဆိုင်က ဒါရိုင်ဘာကို ကားရပ်ခိုင်းလိုက်သည်။

"ကျန်တဲ့လမ်းကို ဒို့လျှောက်သွားကြရအောင်၊ ကားသံ ဆူညံနေရင် ရသေ့ကြီးကို နှောင့်ယှက်ရာကျမယ်။"

ဟု ပြောလိုက်သည်။

သုစန္ဒီဘက်ကိုလှည့်၍လည်း -

"ရသေ့ကြီးက လူတွေနဲ့ သိပ်တွေ့ချင်တာ မဟုတ်ဘူး။ ဒါပေမယ့် တောရိုင်းတိရစ္ဆာန်တွေကတော့ သူ့နား ကို မကြာခဏ လာကြတယ်၊ ဘာမှ အန္တရာယ်မပေးဘူး၊ ရွာသားတွေ ပြောတာကတော့ ရသေ့ကြီးရဲ့ တဲကျောင်း မှာ ကျားသစ်တွေ၊ ကျားတွေ၊ ဝက်ဝံတွေနဲ့ ဆင်တောင် လာတာတွေ့ရတယ်လို့ ဆိုတယ်။"

ဟု ဆက်ပြောသည်။

သုစန္ဒီသည် အသံမကြားအောင် ငြိမ်သက်စွာ သွားလေသည်။ တောတောင်များ၏သဘာဝကို ကြည့်ရန် ဖြစ်၏။ သို့သော် သူ့အနေဖြင့် မမြင်ရပါ။ သို့ရာတွင် ရသေ့ကြီးကိုမူ ဖူးမြင်လိုက်ရသည်။ အရပ်ပြတ်ပြတ်နှင့် ကတုံးပြောင်အောင် ရိတ်ထားသည်။ ထုံးစံအတိုင်းပင် ရသေ့ရောင်ဖြစ်သည့် နီညိုရောင်သင်္ကန်းကို ဆင်မြန်းထား ၏။ ရသေ့ကြီးသည် လူသံကြားသည်နှင့် တောထဲသို့ ဝင်သွားသည်။ ပုထုဇဉ်လူသားတို့ကို ရှောင်ရန်ဖြစ်သည်။ အခြွေအရံတို့သည် ယူလာသည့် လှူဖွယ်တန်းရာများကို ရသေ့ကြီး၏ တဲကျောင်းအဝ ဝါးတံခါးရှေ့တွင် ထားခဲ့ သည်။ ဆန်၊ ဆား၊ စားဆီ၊ သကြား၊ သံပုရာနှင့် နို့များ ဖြစ်သည်။ သံပုရာနှင့် နို့သည် အထားခံ၏။ ရသေ့ကြီးက သစ်မြစ်၊ သစ်ဥ၊ သစ်ရွက်၊ သစ်ဖုနှင့် တောတွင်းမှ သစ်သီးရိုင်းများကိုသာ စားသုံးသည်။ ထိုရသေ့ကြီးသည် ထိုကဲ့သို့ တောမှီနေသည်မှာ (၁၅) နှစ်ပင်ကြာသည်ဟု သိရသည်။ ဤကဲ့သို့ လူသူနှင့် ကင်းအောင်နေ၍ တရား အားထုတ်နေသူဖြစ်ခြင်းကြောင့် သုစန္ဒီ၏စိတ်ထဲတွင် အံ့သြ၍ ကြည်ညိုလှသည်။ သူ၏ဇာတိဖြစ်သော ဩစတြေး ရီးယားတွင် လူတို့နှင့် အဆက်ဖြတ်၍နေသော သီလရှင်များအကြောင်း ကြားဖူးသည်။ ထိုသီလရှင်များသည် သူတို့၏ ကွန်ဗင့်ကျောင်းမှ တဖဝါးမှ မခွာပါ။ ကမ္ဘာကြီးနှင့် အဆက်ဖြတ်ထားသူများ ဖြစ်သည်။ သို့သော် ယခု တွေ့ရသည့်ရသေ့မှာ ထိုသီလရှင်များနှင့် မတူပါ။ တခြားစီ ဖြစ်၏။

စဝ်ကြာဆိုင်နှင့် အခြွေအရံတို့သည် ရသေ့ကြီးသွားရာနောက်ကို လိုက်နေကြ၍ သူတို့နောက်မှ သုစန္ဒီက လည်း ဖြည်းဖြည်းလိုက်နေရသည်။ တောင်ထိပ်သို့ရောက်သောအခါ တောင်အောက်သို့ကြည့်လိုက်ရသည့် မြင်ကွင်း အတွက် သူ့အဖို့ အသက်ရှူပင် မှားလောက်သည်။ နမ္မတူမြစ်က စိမ်းလန်းစိုပြေလှသော တောင်ကျောကိုပတ်၍ စီးဆင်းနေသည်။ သူတို့၏ အရှေ့ဟော်နန်းကိုပင် မြင်ရသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ပျက်ဆီးခဲ့ရသည့် ဟော်နန်း ဟောင်းကြီးနေရာကိုပင် မြင်နေရ၏။ လူဦးရေ (၁၅၀၀၀) ရှိသော အိပ်ငိုက်နေသည့် သီပေါမြို့လေးကိုလည်း မြင်နေရသည်။ မြို့သူမြို့သားများသည် (၁) ထပ်၊ (၂) ထပ်သာ ဖြစ်သည့် အိမ်ကလေးများထဲတွင် နေထိုင်ကြ၏။ မြို့၏အနောက်ဘက်နှင့် မြောက်ဘက်ရှိ တောင်ကြားတွင် လယ်ကွင်းများကို မြင်ရသည်။ စပါးနံ့၏ မွှေးသော ရနံ့ကိုပင် ရနေသည်။ ကျွန်းသစ်တောမဲကြီးများသည် သီပေါတောင်ကုန်းများမှတစ်ဆင့် တောင်ထိပ်သို့ရောက်အောင် ပေါက်နေကြသည်။ ခေါင်းလောင်းပုံ ထုံးဖြူဖွေးဖွေးနှင့် စေတီလေးများမှာ တစ်ဒါဇင်ခန့်ရှိသော တောင်ကုန်းများ ထိပ်တွင် တစ်ချို့ကတစ်ဆူတည်း၊ တစ်ချို့က အဆူပေါင်းများစွာ စုလျက် စံပယ်နေကြသည်။

တောင်ထိပ်ပေါ်ကမြင်ရသည့် တောင်ကြောနှင့် တောင်ကြားအလှသည် သုစန္ဒီ၏စိတ်ကို ဖမ်းစားလိုက်သည်။ သူ၏စိတ်ထဲတွင် အောက်၌မြင်နေရသည့်အလှအပသည် မမြဲဆိုလျှင် သူနှင့် သူ့ မာင်တော်တို့၏ဘဝနှင့် ပျော်ရွှင်မှု တို့သည်လည်း တိုတောင်းလိမ့်မည်ဟူသောစိတ် ဖြစ်ပေါ်လာရာ သူသည် ကြောက်ရွံ့တုန်လှုပ်သောစိတ်ပင် ဝင်လာသဖြင့် ဒူးများတုန်လာကာ မျက်နှာပင် သွေးဆုပ်လာသည်။ အနီးမှသစ်ပင်တစ်ပင်ကို မှီလိုက်ရ၍ သတိလစ် မသွားပါ။ သုစန္ဒီသည် ခြေမခိုင်တော့၍ ထိုင်ချလိုက်ပြီး သူ၏စိတ်ကို ငြိမ်သက်အောင်ထားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"တောင်တက်ရလို့ မောသွားသလား အချစ်ရေ၊ မင်းမျက်နှာမြင်ရတာက ဖြူဖတ်ဖြူရော်နဲ့ကွာ။"

ဟူသော စဝ်ကြာဆိုင်၏စကားကို ကြားလိုက်ရမှ သတိဝင်လာပြီး -

"ကျွန်မ သိပ်မဟန်ဘူး။"

ဟူသည့် စကားတစ်ခွန်းကို ပြန်ပြောလိုက်ရသည်။

သူ၏ခံစားရချက်နှင့် စိုးရိမ်မှုကို မောင်တော်နှင့် မဝေမျှလိုပါ။ ဤကိစ္စကို သူခေါင်းထဲမှ ဆွဲထုတ်ပစ်လိုက်ရသည်။ စဝ်ကြာဆိုင်သည် သူ့ကို ကူညီ၍ထူပေးပြီး တောင်စွန်းထိပ်သို့ ခေါ်ဆောင်ကာ အောက်မှမြင်ကွင်းကို ပြလိုက်သည်။ သို့ကြောင့် ကြည့်ရသည့်မြင်ကွင်းကြောင့် မူးလာသဖြင့် မြင်ကွင်းမှ မျက်နှာလွှဲလိုက်သကဲ့သို့ စိတ်အတွင်းမှ စိုးရိမ်မှုများကိုလည်း ဖယ်ရှားလိုက်ရသည်။

သူတို့မောင်နှံသည် မြစ်ကမ်းဘေးမှ ရှာသိမ်ရွာငယ်လေးများကိုလည်း မြင်နေရသည်။ စဝ်ကြာဆိုင်က "တာပုတ်"ဆိုသည့် ရွာငယ်လေးကို လက်ညှိုးထိုးပြသည်။ သူမက ထိုရွာငယ်လေးမှ ထုတ်လုပ်သည့် ထုတ်ကုန်၏ရနံ့ကိုပင် တောင်ပေါ်မှရနေသည် ထင်၏။ ထိုရွာသူရွာသားများသည် ဆန်မုန့်တီဖတ်များကို ပတ်ဝန်းကျင်ရွာများအားလုံးအတွက် ထုတ်လုပ်သူများဖြစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၀)

တောင်ပေါ်မှကြည့်၍ မြင်ရသည့် နမ္မတူမြစ်၏အောက်ဘက်မှ ပန်ဆိုင်းရွာကို သုစန္ဒီက မှတ်မိနေပါသည်။ ထိုရွာတွင် ရှမ်းတို့ရိုးရာသုံး မှိုင်းခံစက္ကူခေတ်နှင့်လျော်ညီစွာ ပြုလုပ်ပုံတိုးတက်လာပြီဖြစ်သည်ကို တွေ့ရသည်။ ရှမ်းအမျိုးသမီး (၄) (၅) ယောက်သည် သုစန္ဒီတို့က မာလ်ဘယ်ရီ (Mulberry) ပင်ဟု ခေါ်သည့်အပင်မှ အခေါက်ကိုခွာ၍ ရေပူနှင့်ပြုတ်သည်။ မီးကြမ်းမတိုက်ရပါ။ မီးအေးအေးနှင့် ထားရသည်။ သစ်ခေါက်များ နူး၍ပျော့လာသည်အထိ ပြုတ်ရ၏။ သစ်ခေါက်ဖတ် ပျော့၍ညက်နေသောအခါမှ အသက် (၇) နှစ်မှ (၁၀) နှစ်အတွင်းရှိ ကလေးမလေးများက သစ်ခေါက်ပျော့ရည်ကို ဘောင်ခတ်ထားသည့် သစ်ခွက်ဗန်းများတွင် ဖြန့်ခင်း၍ လောင်းလိုက်ရ၏။ ထိုကလေးမလေးများသည် တက်ညီလက်ညီနှင့် မြန်မြန်ဆန်ဆန်လောင်းရသည်။ သစ်ခေါက်ရည် တစ်ပြေးညီမဖြစ်က စက္ကူအထူအပါး မညီမျှချေ။ ဤသည်ကိုလည်း အမျိုးသမီးကြီးများက မျက်လုံးဒေါက်ထောက်၍ ကြည့်နေသည်။ (၁ပေ × ၃ပေ) အရွယ် ဘောင်ခတ်ထားသော ဗန်းများအတွင်းမှ သစ်ခေါက်ရည်ချပ်များကို နေတွင် လှန်းရသည်။ သစ်ခေါက်ရည် ဖြန့်လောင်းခြင်း၊ အထူအပါး ညီမျှခြင်းနှင့် နေရောင်ခြည်ရမှုအပေါ်တွင် လိုက်၍ အညိုရောင်အဆင်းရှိသည့် သစ်ခေါက်ကျိုရည်များသည် ခြောက်လာသည်နှင့်အမျှ နာရီပိုင်းအတွင်းပင်လျှင် အဖြူရောင်သန်းလာသည့် မှိုင်းခံစက္ကူများကို ရသည်။ ရှမ်းအမျိုးသမီးကြီးငယ်တို့၏ ရိုးရာမှိုင်းခံစက္ကူလုပ်ငန်းဖြစ်သည်။

"တို့များ သစ်ခွဲစက်ကို ကြည့်မယ်ဆိုရင် အခု သွားမှဖြစ်မယ် " ဟု စဝ်ကြာဆိုင်က ပြောလိုက်သည်။


သုစန္ဒီသည် သစ်ခွဲစက် ဟု ကြားလိုက်သည်နှင့် တောင်အောက်မှ လင့်ရိုဗာကားရှိရာသို့ အလောသုံးဆယ် ဆင်းသွားတော့သည်။ သူတို့သည် အသက် (၄၀) ရှိပြီဖြစ်သော ဆင်ထိုး မဟာဆိုင်နှင့် သူ့မယားဆင်မ နန်းဆိုင်တို့အနီးသို့ ကားနှင့် ရောက်သွားကြသည်။ ထိုဆင်စုံတွဲနားတွင် သူတို့၏ (၅) နှစ်သား စိုင်းလင်း ရှိနေသည်။ စိုင်းလင်း၏ အရပ်က (၅) ပေခွဲရှိပြီး၊ သူ့အရပ်နှင့် ကိုယ်အလေးချိန်ကို အသုံးချ၍ အခွင့်ကောင်းယူတတ်သည်။ သူက မည်သည့်ကားမဆို သူ့ကိုဂရုမစိုက်ဘဲ မနေနိုင်ဟု အထင်ရောက်နေသည်။ စိုင်းလင်းက လင့်ရိုဗာကားပေါ်မှ ပါလာသူများကို ကားပေါ်မှ အမြန်ဆင်းရန် ဟန်ရေးပြနေသည်။ သို့မဟုတ်က သူ၏နှာမောင်းဖြင့် ချည်သည်များထံမှ ပါလာသည့် ငှက်ပျောသီး၊ သဘော်သီး၊ ဖရဲသီးနှင့် ကြံတို့ကို ရှာတော့မည်။ သုစန္ဒီက သူ့ကို ဖရဲသီးအသေးတစ်လုံး ပေးလိုက်ရာ သူက ခေါင်းခါပြပြီး-

" မှည့်ရဲ့လား "

ဟူ၍ပင် မေးနေသယောင် အမူအယာလုပ်ပြနေ၏။

www.burmeseclassic.com

www.burmeseclassic.com



တောင်တောလင်းမဗိုးအေးနှင့် အရှေ့ဟော်မှ ဝန်ထမ်းများဖြစ်ပြီး
နောက်တန်းမှ သူများမှာ သက်တော်စောင့်များ ဖြစ်သည်။ ပေါ်မှမြင်ရသည့်မြင်ကွင်း

"ကြည့်စမ်း"

ဟူ၍ စဝ်ကြာဆိုင်က သုစန္ဒီကို သတိပေးလိုက်သည်။ အဘယ်ကြောင့်ဆိုသော် စိုင်းလင်းက သူ့အရှေ့ ခြေထောက်ဖြင့် သုစန္ဒီ၏ခြေထောက်ကို နင်းမိတော့မည် ဖြစ်သည်။ ဆင်ထိန်းနှစ်ယောက်က ချွန်းနှင့် စိုင်းလင်း၏ နားရွက်အနောက်မှ အရေပြားကို အုပ်လိုက်ရသည်။ စိုင်းလင်းသည် နာလွန်းသဖြင့် သူ့ခြေတို့ကိုဖယ်လိုက်ပြီး အော်နေသည်။ သူ့အော်သံကို မိခင်ကြားနိုင်အောင် ဖြစ်သည်။ သူသည် ကျယ်လောင်စွာ အော်နေတော့သည်။ ထိုအချိန်တွင် သူ့အမေနန်းဆိုင်သည် အနီးအနား၌ ကျွန်းသစ်လုံးများကို မ ၍ နေရာချပေးနေသည်။ သူ၏သား စိုင်းလင်းအတွက်လည်း စိတ်ပူသွားပုံရသည်။ ထို့ကြောင့် မိခင်ဖြစ်သူသည် သူ့သားကိုလာ၍ နှိုတိုက်သည်။ သူ့သားကမူ မည်သူ့ကိုမျှ ဂရုမစိုက်တော့ဘဲ နို့စို့ပြီးသည်နှင့် ကျွန်းသစ်လုံးများရှိရာသို့သွား၍ သူ့မိခင်ကို အော်ခေါ်သည်။ သူ့မိခင်ဆင်မကြီးက သူ့ကို ဂရုမစိုက်ပါ။ စိုင်းလင်းသည် ဧည့်သည်တော်များကိုလည်း ဂရုမစိုက်တော့ဘဲ သစ်လုံးများနှင့် သစ်လုံးများရှိရာသို့သွား၍ ကစားနေသည်။ သစ်လုံးများက ကြီးသဖြင့် သူ့အားလွန်ပြီး လိမ့်ကျသွားတော့သည်။ အသံကုန် အော်နေ၏။ သူ့မိခင်ကိုခေါ်ခြင်း ဖြစ်သည်။ သူ့မိခင်ကမူ ဂရုမစိုက်ပါ။ ဖခင်ဖြစ်သူ မဟာဆိုင်ကလည်း သူ့မိသားစုဖြစ်ပျက်နေသည့်အပေါ် လုံးဝဂရုမစိုက်ပါ။ သစ်လုံးများကိုသာ သူ၏ဦးစီးခိုင်းသည့် အတိုင်း အစွယ်နှင့် ထိုးကော်ပေးနေသည်။ မဟာဆိုင်သည် မျက်စိတစ်ဖက်ကမ်းနေသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ရဲဘော်တစ်ယောက်၏ ကျည်ဆန်မှန်၍ ကန်းသွားခြင်း ဖြစ်သည်။ ယခုအခါမူ မဟာဆိုင်သည် ချောင်းနံဘေးရှိ သစ်ခွဲစက်ကလေးတွင် အလုပ်လုပ်ပေးနေရသည်။ မဟာဆိုင်တို့ လင်မယားအတွက် အရိပ်ခိုစရာ သစ်ကြီးဝါးကြီး မရှိပါ။ သစ်စက်ပိုင်ရှင်ဆောက်ပေးထားသည့် ခေါင်မိုးအောက်တွင်သာ နေကြရသည်။ ထိုစဉ် စဝ်ကြာဆိုင်က-

www.burmeseclassic.com

www.burmeseclassic.com



"မကြာခင် (၁၁) နာရီထိုးတော့မယ်"

ဟု ပြောလိုက်သည်။

"ဒါ ဘာအရေးကြီးလို့လဲ"

ဟု သုစန္ဒီက ပြန်မေးလိုက်သောအခါ

"မင်းကြည့်ပေါ့"

ဟု စပ်ကြာဆိုင်က ပြောလိုက်သည်။ ပြောလိုက်သည့်အတိုင်းပင် သုစန္ဒီက မြင်ရတော့သည်။ (၁၁) နာရီ တိတိအချိန်တွင် အလုပ်လုပ်နေသော ဆင်ကြီးနှစ်ကောင်သည် မ နေသည့် သစ်လုံးကြီးများကို ချလိုက်သည်။ သူတို့၏သား စိုင်းလင်းကိုခေါ်ပြီး တောထဲသို့ဝင်သွားတော့သည်။ ဝါးတောကြီးအတွင်းသို့ဖြစ်၏။ သုစန္ဒီနားလည် လိုက်သည်မှာ ဆင်များသည် မည်သည့်အချက်ပေးသံမျှမရှိဘဲ သူတို့ဝမ်းတွင်းအသိဖြင့် နံနက် (၁၁) နာရီတွင် တောထဲသို့ဝင်၍ နံနက်စာကို သူတို့ဘာသာ ရှာဖွေစားသောက်ရမည်ဟူ၍တည်း။ သစ်ခွဲစက်မှလည်း သူတို့အား အစာမကျွေးနိုင်ပါ။ သုစန္ဒီက-

"သူတို့စားပြီးရင် ပြန်လာကြလား"

ဟု မေးလိုက်သည်။

"မနက်တိုင်း (၅) နာရီထိုးရင် ဆင်ထိန်းက သူတို့ကိုသွားရှာပြီး အလုပ်ပြန်လုပ်စေပါတယ်။ ဆင်ထိန်းက သူတို့အစာရှာသွားမည့်နေရာကို ကောင်းကောင်းသိပါတယ်။ အဲဒီနားကိုသွားပြီး အော်ခေါ်လိုက်ရင် ရှိတဲ့နေရာက နေထွက်လာကြတာပါဘဲ။ သူတို့နောက်ခြေမှာ ထုံးခတ်ထားတော့ သူတို့ဟာ (၁၀) မိုင်ထက် ပိုမသွားနိုင်ပါဘူး"

ဟု ပြောလိုက်သည်။

သူတို့၏အပြန်ခရီးတွင် အရှေ့ဟော်သို့ရောက်သောအခါ သုစန္ဒီက ထိုနံနက်၏အတွေ့အကြုံများကို သူ၏ မှတ်စုတွင် ရေးသွင်းလိုက်သည်။ သုစန္ဒီက ထိုနေ့နံနက်အတွက် အတွေ့အကြုံအသစ်အဆန်း ရလိုက်မှုကြောင့် ကျေနပ်နေ၏။

အရှေ့ဟော်တွင် အိမ်ရှင်မတစ်ယောက်အနေဖြင့် သုစန္ဒီအတွက် တာဝန်တစ်ရပ်ဆောင်ရွက်ရသည်မှာ သဘာဝပင် ဖြစ်တော့သည်။ နေ့စဉ်နံနက်တွင် ပန်းအိုး (၂၀) ခန့်ကို ပန်းထိုးရသည်။ ထိုနေ့ တစ်နေ့စာအတွက် အစားအသောက်စာရင်း (menu) ကို ရေးဆွဲရသည်။ ထို့နောက် အခိုင်းအစေများကို မည်သူက မည်သို့တာဝန်ယူရန် ညွှန်ကြားရသည်။ သူ့အနေဖြင့် အခိုင်းအစေတိုင်းအတွက် နေ့စဉ်သူ့အလုပ်နှင့်သူ လုပ်ရန်ညွှန်ကြားရသည်မှာ ထုံးစံပင် ဖြစ်တော့သည်။ တစ်လပြည့်၍ တာဝန်ဝတ္တရားများ မမျှတခဲ့သော် အတွင်းဝန်နှင့် စားပွဲထိုးကိုခေါ်၍ တိုင်ပင်ရ၏။ စားပွဲထိုးကောလင်းသည် မည်သည့်အခိုင်းအစေကမျှ အလကားမနေရန် တာဝန်ခံသည်။ ထိုသို့သူများအတွက် တာဝန်ခံခြင်းအပေါ် သုစန္ဒီက လက်မခံနိုင်ပါ။ သို့ကြောင့် သူက အခိုင်းအစေများအတွက် မည်သူက မည်သည့် တာဝန်ထမ်းဆောင်ရမည်ကို တစ်လစာအစီအစဉ် ဆွဲပေးလိုက်သည်။ သို့ဖြင့် မည်သူက မည်သည့်နေ့တွင် မည်သို့ တာဝန်ယူရမည် မယူရမည်ကို တစ်ပတ်စာအတွက်လည်း အသေးစိတ်ညွှန်ကြားထားသည်။

သို့ဖြစ်၍ အရှေ့ဟော်တွင် အခိုင်းအစေများနှင့်ပတ်သက်၍ စနစ်တကျဖြစ်သွားသည်။ အချို့အခိုင်းအစေ များက ခွင့်ရက်ယူချင်သည်ကိုလည်း အလှည့်ကျ ခွင့်ပေးထားသည်။

မိုးအေးဟုခေါ်သည့် အပျိုတော်ကို သုစန္ဒီအနှစ်သက်ဆုံး ဖြစ်သည်။ မိုးအေးက စားပွဲထိုးကောလင်း၏ မယားဖြစ်၏။ သူသည် မဟာဒေဝီ၏လက်စွဲတော်ဖြစ်ပေရာ ကျန်အခိုင်းအစေများအပေါ် အာဏာရှိသည်။ မိုးအေး ၏ စူးရှသည့် အနက်ရောင်မျက်လုံးကြောင့် အခိုင်းအစေများက သူကို ကြောက်ရွံ့သော်လည်း သူ၏ဝိုင်းစက်သော မျက်နှာမှ အပြုံးများကြောင့် ချစ်ခင်ကြသည်။ မမိုးအေးသည် အခိုင်းအစေများအပေါ် အာဏာသံဖြင့် သုံးသော်လည်း သူ၏သခင်မ သုစန္ဒီအပေါ်တွင်မူ စကားကို တိုးတိုးနှင့်ညင်ညင်သာသာသာ ပြောတတ်သည်။ မမိုးအေး၏ ဒီပင်

www.burmeseclassic.com

www.burmeseclassic.com



သည် ရှည်၍ အညိုရောင်သန်းနေသည်။ မျက်နှာတွင်လည်း သနပ်ခါးမပြတ် လိမ်းထားသဖြင့် သုစန္ဒီက သဘောကျသည်။ မဟာဒေဝီသုစန္ဒီသည် သူ၏အပျိုတော် မမိုးအေးထံမှ ရှမ်းစကားကို သင်ရသည်။ မမိုးအေးကလည်း သူ၏သခင်မကို စိတ်ရှည်စွာ သင်ပေးလေသည်။

တစ်နံနက်တွင် မမိုးအေးမပေါ်လာပါ။ သုစန္ဒအနေဖြင့် ထိုနေ့နံနက်တွင် အရေးကြီးဧည့်သည်တော်များကို ဧည့်ခံရန်ရှိသည်။ စားပွဲထိုးကောလင်းသည် ထိုနေ့နံနက်က မဟာဒေဝီသုစန္ဒီထံသို့ သူမယားမိုးအေး ဖျားနေ၍ ဆေးသောက်နေရကြောင်း လာပြောသည်။ နောက်တစ်နေ့နံနက်တွင်လည်း မလာရောက်နိုင်သေးပါ။ ထို့ကြောင့် သုစန္ဒီက သူ့အပျိုတော်ထံသွားကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ထိုနေ့နံနက်က သုစန္ဒီသည် အနီရောင်ပိုးထီးကို ဆောင်း၍ အခြွေအရံများခြံရံကာ မြို့ရိုးအနောက်ရှိ အစေခံတန်းလျားသို့ ထွက်လာသည်။ ဟော်ဝန်းထဲမှ ကလေးတစ်ဒါဇင်ခန့်ကလည်း နောက်မှပါလာကြ၏။ စားပွဲထိုးကောလင်းနှင့် အပျိုတော် မမိုးအေးတို့နေသည့် သစ်သားအိမ်အတွင်းသို့ ရောက်သောအခါ ပရိသတ်တစ်ဒါဇင်ခန့်ရှိနေသည်ကို တွေ့ရသည်။ အချို့က ခွက်သေးသေးများနှင့် လဘက်ရည်ကြမ်းကို သောက်နေသည်။ တစ်ချို့ကမူ သနပ်ဖက်ဆေးလိပ် တုတ်တုတ်ကြီးများကို ဖွာရှိုက်နေ၏။ အချို့ကလည်း ပုတီးစိပ်နေပြီး ဘုရားစာရွတ်နေသည်။ အဖွားအိုတစ်ယောက်က သုစန္ဒီကို အိမ်တွင်းသို့ဖိတ်ခေါ်ပြီး အပျိုတော်မိုးအေး၏ အိပ်ယာအနီးတွင် ထိုင်စေသည်။ မမိုးအေးသည် ကြမ်းပေါ်မှခင်းထားသည့် ဖျာပေါ်တွင် အိပ်နေသည်။ မဟာဒေဝီသုစန္ဒီက မိုးအေး၏နဖူးကို လက်ဖြင့်စမ်းကြည့်ရာ မီးတောက်တစ်မျှပူနေသည်။ မမိုးအေး အဖျားကြီးနေပုံရသည်။ သုစန္ဒီသည် အတော်စိတ်ပူသွား၏။ သို့သော် ကျန်လူများ သူကဲ့သို့ စိတ်ပူကြမည်စိုး၍ ထုတ်ဖော်မပြောဘဲ သူ၏ကားမောင်းသမားကို တွေ့သည့်ဆရာဝန်တစ်ဦးအား အမြန်ခေါ်ခဲ့ရန် စေလွှတ်လိုက်သည်။ မဟာဒေဝီသုစန္ဒီသည် အပျိုတော်မမိုးအေး၏ နဖူးပေါ်သို့ ရေပတ်တင်ပေးနေသည်။ အမြန်နေကောင်းရန်လည်း ဆုတောင်းနေ၏။ ကုလားပြည်မှ ဆရာဝန်က ရောက်လာလာချင်းပင် စမ်းသပ်ပြီးသည်နှင့် "တိုက်ဖိုက်" ဖြစ်နေကြောင်း ပြောသည်။ အိမ်တွင် မကုသဘဲ ဆေးရုံသို့ အမြန်တင်ပို့ရန် တိုက်တွန်းလေသည်။ မမိုးအေး နှစ်ပတ်ခန့် ဆေးရုံတက်ရသော်လည်း သက်သာပုံ မရသေးပါ။ သူ၏ဆံပင်များလည်း အားလုံးကျွတ်ကုန်လေသည်။

❑

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၁)

တစ်နံနက်တွင် မမိုးအေး၏ရွာမှ ဟိန် (သူကြီး) ဦးဆောင်၍ သူဆွေမျိုးနှင့် မိတ်ဆွေ (၅၀) ခန့်သည် မဟာဒေဝီသုစန္ဒီထံ လာရောက်ခစားကြသည်။

"ကျွန်တော်တို့ လာရောက်ခြင်းဟာ မမိုးအေးကို သခင်မက သေခွင့်ပြုရန် တောင်းဆိုဖို့ဖြစ်ပါတယ်၊ ဘုရား"

ဟု ဟိန်က လျှောက်တင်သည်။

"ဘာလို့ ဒီလိုပြောရတာလဲ"

ဟု သုစန္ဒီက အသံတုန်ရင်စွာနှင့် ပြန်မေးလိုက်သည်။ သူ၏ အောက်နှုတ်ခမ်းကိုလည်း မကျေနပ်၍ ကိုက်လိုက်ရာ အတော်ကို နာကျင်သွားသည်။

"မိုးအေးဟာ ပြန်နေကောင်းသွားမှာပါ... မသေပါဘူး"

ဟုလည်း ပြောလိုက်ရသည်။ ထိုအခါ ဟိန်က-

"ကျွန်တော်မျိုးကို လျှောက်တင်ခွင့်ပြုပါဘုရား၊ ကျွန်တော်တို့ ရှမ်းထုံးစံအရ မိုးအေးဟာ သေချင်နေတာ နှစ်ပတ်ကြာသွားပါပြီ။ အခု ကျွန်တော်သိရတာ။ သူက သခင်မရဲ့အပျိုတော်ဖြစ်တဲ့အတွက် သခင်မကြီးက သေခွင့် မပေးမချင်း သူမသေနိုင်ရှာပါဘူး။ သခင်မကြီးက သေခွင့်ပြုလိုက်မှ သူ့ရဲ့လိပ်ပြာဟာ သွားချင်ရာသွားပြီး သေနိုင်ပါလိမ့်မည်။ ဒါကြောင့် သခင်မကြီးက မမိုးအေးကို သေခွင့်ပေးပါဘုရား"

ဟု လျှောက်တင်သည်။

သုစန္ဒီသည် ကြားလိုက်ရသောစကားအတွက် သူ့စိတ်ကိုသူ မနည်းချုပ်တည်းထားလိုက်ရသည်။ စိတ်ရှိ တိုင်းသာဆိုလျှင် အော်ဟစ်ပြီး လာခစားသည့်သူတို့အား မောင်းထုတ်လိုက်ချင်တော့သည်။ ဤကဲ့သို့ လာရောက် ပြောသည်ကို မယုံကြည်နိုင်ပါ။ သူတို့ပြောသည့်အတိုင်းသာဆိုလျှင် သုစန္ဒီအနေဖြင့် သူ၏ ကျေးကျွန်များအပေါ် သေခွင့်ရှင်ခွင့်ပြုနိုင်သူ သက်ဦးဆံပိုင်ဖြစ်နေပေတော့မည်။ မည်သို့ပင် ရှမ်းထုံးစံဆိုသော်လည်း သူလက်မခံနိုင်ပါ။ လာပြောသည့်အတိုင်း သဘောတူရန်မှာ သူ့အပျိုတော်သည် သေရန် ငယ်ရွယ်လွန်းလှပါသေးသည်။

သုစန္ဒီထံမှ မည်သည့်ပြန်ကြားပြောဆိုချက်မျှ မရ၍ အဆောင်တွင်းမှ ပရိသတ်အားလုံး၏ မျက်လုံးသည် သူတို့၏ အရှင်သခင်မအပေါ် ရောက်နေတော့သည်။ အသက်ပင် မရှူနိုင်ကြပေ။ သုစန္ဒီသည် အတော့်ကို အားယူ၍ အသံကိုနှိမ့်ချကာ-

"ကျွန်မ မမိုးအေးကို သေဖို့ ခွင့်မပြုနိုင်ပါဘူး။ သူ့ရဲ့အသက်ကို အလိုရှိနေပါတယ်"

ဟု ပြန်ပြောလိုက်သည်။

မဟာဒေဝီသုစန္ဒီသည် ကြမ်းပေါ်တွင် ထိုင်နေရာမှ မည်သူ့ကိုမျှ လှည့်မကြည့်ဘဲ ထ၍ သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စခန်းသာတော်

မည်သူကမျှ အယူခံဝင်၍ မရတော့ပါ။ သုစန္ဒီသည် အချိန်ကို မဖြုန်းတော့ဘဲ သူ၏ကားမောင်းသမားကို ဆေးရုံသို့ တန်းသွားရန် ညွှန်ကြားလိုက်သည်။ မမိုးအေးက "ကိုမာ" ဝင်သွား၍ အိပ်ပျော်နေသကဲ့သို့ မေ့နေပါသည်။ မမိုးအေးသည် မသေပါ။ သူ့ကို တာဝန်ရှိသူဆရာဝန်များ လာကြည့်ရှုကြသဖြင့် တဖြည်းဖြည်း ကျန်းမာလာသည်။ သူ၏ကျွတ်နေသောဆံပင်များလည်း ပြန်ပေါက်လာသည်။ မမိုးအေးသည် အလုပ်ကို ပြန်ဆင်းနိုင်သည်။ သူ၏ သခင်မ သုစန္ဒီအား-

"ကျေးဇူး အထူးတင်ပါတယ် မယ်တော်ဘုရား။ ကျွန်မအသက်ရှင်ရ၍ ကျေးဇူးတင်လှပါတယ် မယ်တော်ဘုရား"

ဟု လျှောက်ထားလိုက်သည်။

ဤကိစ္စဖြစ်ပြီးနောက် သုစန္ဒီ၏ ဆွေတော်မျိုးတော်များ၊ ရွာသူရွာသားများသည် သုစန္ဒီအပေါ် အထင်ကြီးလာကြသည်။ သူတို့မဟာဒေဝီ၏ ကောင်းချီးပေးမှုများကို ယခင်ကထက်ပို၍ ခံယူချင်လာသည်။ သုစန္ဒီကိုလည်း ဘုန်းရှိသည်ဟု ထင်နေကြသည်။

× × ×

## အခန်း (၆)

ပြေလသို့ ရောက်ပြီ။ သီပေါတောင်ကြားလွင်ပြင်သည် အပူရှိန်တိုးလာ၏ ပင်ပန်းမောဟိုက်နေသည့် လူသားများ၊ ရေငတ်နေသည့် တိရစ္ဆာန်များ၊ ခြောက်သွေ့စပြုနေသည့် သစ်ပင်များသည် ထိုလမှ သင်္ကြန်မိုးကို မျှော်ကိုးနေကြသည်။ ထိုအခါမျိုး၌ တောင်ယာမီးရှို့ကြသဖြင့် လေထဲ၌ပါလာသော မီးခိုးတို့ကို စဝ်ကြာဆိုင်က မရှူရှိုက်လိုပါ။ သူက သူ၏တောင်သူလယ်သမားများကို မိရိုးဖလာထုံးစံဖြစ်သည့် တောင်ယာခုတ်၍ မီးရှို့ခြင်း အလေ့အထဟောင်းတွင် တွယ်ကပ်၍ မနေစေချင်ပါ။ တောင်သူလယ်သမားများအား နည်းစနစ်အသစ်ဖြင့် စိုက်ပျိုးကာ အထွက်တိုးသည်ကိုသာ မြင်ချင်နေပါသည်။

"မနက်ဖြန် တို့များ စခန်းသာကိုသွားပြီးနေမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု စဝ်ကြာဆိုင်က ကြေညာလိုက်သဖြင့် နွေဦးရာသီတွင် ညှိုးနွမ်းငိုက်မြည်းနေကြသော ဟော်သူ ဟော်သားတို့သည် နိုးကြားခေါင်းထောင်၍ လာကြတော့သည်။ ဟော်မှ စားတော်ကဲဖြစ်သော မိတ္တသည် ဈေးသို့ ဘိုက်စကယ်နှင့် အပြေးအလွှားသွားပြီး စခန်းသာခရီးအတွက် ဝယ်ရမည့်အမယ်များကို မှာကြားခဲ့သည်။ စက်ပြင် ဆရာ ဘအေးကလည်း သူပြင်ရမည့် စက်အမျိုးမျိုးအတွက် ခရီးတွင် မကြန့်ကြာစေရန် လုံလစိုက်၍ ပြင်ပေးနေ သည်။ သက်တော်စောင့်ခေါင်းဆောင် ဘကုန်းကလည်း သူ၏ငယ်သားတို့ကို လက်နက်များအား သန့်ရှင်းပွတ်တိုက် ရန်နှင့် ဖိနပ်များကိုလည်း ပေါလစ်တင်ထားရန် အမိန့်ပေးနေသည်။

"မင်း… စခန်းသာကို ခေါ်သွားချင်သူများ ခေါ်သွားပေတော့" ဟု စဝ်ကြာဆိုင်က သုစန္ဒီကို ပြောလိုက် သောအခါ သုစန္ဒီသည် ကျေနပ်နှစ်သက်စွာနှင့် ဆွေတော်မျိုးတော် ဒါဇင်ဝက်လောက်ကိုလိုက်ရန် ဖိတ်ကြားလိုက် သည်။ စဝ်ကြာဆိုင်က စခန်းသာကို အတော်သဘောကျနေ၏။ ယခင်စော်ဘွားကြီး စဝ်အုံကြာလက်ထက်တော်က စခန်းသာခေါ်သည် နွေရာသီစံနန်း ဖြစ်သည်။ ထိုစဉ်က စော်ဘွားကြီးသည် နွေအခါတွင် သီပေါမှ စခန်းသာတောင် စခန်းရှိ နွေရာသီစံနန်းသို့ ခြေရုံသင်းပင်းများစွာနှင့် လာရောက်စံနေလေ့ရှိသည်။ စဝ်ကြာဆိုင်အနေဖြင့် ထိုစဉ် ကတည်းက ဒုတိယကမ္ဘာစစ်ပြီးသည်အထိ လူငယ်ဘဝနှင့်စခန်းသာတွင် နေခဲ့ရသည်များကို သတိရနေသည်။ စဝ်ကြာဆိုင်အနေဖြင့် သုစန္ဒီအတွက် စခန်းသာ၏ရာသီဥတုမှာ နွေရာသီတွင်လည်း အေးနေသဖြင့် အရှေ့ဟော်အစား စခန်းသာဟော်သို့ ပြောင်းနေရန်အထိ စဉ်းစားခဲ့သည်။ စဝ်ကြာဆိုင် မျှော်လင့်ထားသည်က တစ်နေ့တွင် သူသည် ပြည်နယ်ကို မအုပ်ချုပ်တော့ဘဲ ပြည်နယ်၏စီးပွားရေး တိုးတက်မှုကိုသာ အာရုံစိုက်တော့မည်။ စဝ်ကြာဆိုင်က ဖယ်ဒရယ်အုပ်ချုပ်ရေးသည် ရှမ်းပြည်နယ်တွင် တစ်နေ့ချုပ် ငြိမ်းသွားလိမ့်မည်ဟု ယုံကြည်ထားသည်။ ထို့ကြောင့် သူနှင့် တခြားစော်ဘွားများသည် အချိန်မဖြုန်းဘဲ သူတို့၏အာဏာကို ဒီမိုကရေစီနည်းအရ ရွေးချယ်ထားသည့် ရှမ်းပြည်နယ်အစိုးရကိုအပ်နှင်း၍ မြန်မာပြည်မကြီးအောက်၌ နေစေမည်ဟူလို။

စဝ်ကြာဆိုင်သည် သူ၏ လင်ရိုဗာကားကို သုစန္ဒီအား ဘေးတွင်ထား၍ ကိုယ်တိုင်မောင်းသည်။ သူ့ကား နောက်တွင် ဂျစ်ကားတစ်စီးလုံး သက်တော်စောင့်များက လိုက်ပါလာရသည်။ မြန်မာပြည်နှင့် အိန္ဒိယပြည်မှ ဓားပြ များသည် နှစ်နှင့်ချီ၍ ရှိဦးမည်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပတ်က သီပေါနယ်အနီးမှ တောင်ပိုင်စော်ဘွားနှင့် မဟာဒေဝီ တို့သည် ဤလမ်းများပေါ်တွင် ဓားပြတိုက်ခံရသည်ဟု ကြားလိုက်သည်။ သူတို့သည် သီပေါကို အစောင့်အရှောက် မပါဘဲ မေမြို့ (ယခု ပြင်ဦးလွင်) မှလာစဉ် ဓားပြတိုက်ခံရခြင်း ဖြစ်သည်။ ထိုစဉ်က တောင်ပိုင်စော်ဘွားနှင့် မဟာဒေဝီတို့သည် ကားနောက်ခန်းတွင် အိပ်၍ လိုက်လာသည်။ ထိုစဉ် သူတို့ကားက တစ်ခုခုနှင့် တိုက်မိ၍ ဘရိတ်ဆောင့်နင်းပြီး ရပ်သွားမှ အိပ်ယာမှ နိုးလာကြသည်။ ဓားပြသုံးယောက်အနက် တစ်ယောက်သည် ဒရိုင်ဘာထံ ပြေးလာပြီး ပါလာသည့်ခရီးသည်နှစ်ယောက် မည်သူဖြစ်သည်ကို မေးသည်။ တောင်ပိုင်စော်ဘွားက လားရှိုးမှ ကုန်သည်နှစ်ဦးပါ ဟုဖြေသည်။ တောင်ပိုင်စော်ဘွားသည် သူ၏ပိုက်ဆံအိတ်ကို ဖွက်လိုက်ပြီး သူ့အိတ်ထဲမှ ငါးရာ ကျပ်ကို ပေးလိုက်သည်။ ဓားပြများက ထိုမျှနှင့်ပင် ကျေနပ်သွားမည်ဟု ထင်နေသည်။ သို့သော် ဓားပြခေါင်းဆောင် ၏မျက်လုံးသည် မဟာဒေဝီ၏အင်္ကျီမှ စိန်ကြယ်သီးငါးလုံးကို စိုက်ကြည့်နေသည်ကို မြင်သည်။ သို့သော် ကံကောင်း သည်က သူတို့က စိန်ကြယ်သီးငါးလုံးကို သူ့ဘာသာသူဖြုတ်ပြီးမှ ပေးစေခြင်း ဖြစ်သည်။

ထိုသို့ဖြစ်ပျက်ပြီးနောက် တောင်ပိုင်စော်ဘွားနှင့် မဟာဒေဝီတို့သည် အရှေ့ဟော်သို့ဝင်လာကြသည်။ သုစန္ဒီက ချက်ချင်းပင် မည်သို့အကူအညီပေးရမည်ကို သိလိုက်သည်။ တောင်ပိုင်မဟာဒေဝီက သူ့အပေါ်အင်္ကျီ ကို ကြယ်သီးများမရှိ၍ လက်ဖြင့် ကိုင်ထားရသည်။ ထို့ကြောင့် သုစန္ဒီသည် မိုးအေးကို သူ၏လက်ဝတ်ရတနာ များထည့်ထားသည့် ဗူးကိုယူခိုင်း၍ နီလာကြယ်သီးငါးလုံးကို ရွေးလိုက်ပြီး တောင်ပိုင်မဟာဒေဝီအား ပေးလိုက် သည်။ အဘယ်ကြောင့်ဆိုသော် တောင်ပိုင်စော်ဘွားမောင်နှံသည် နမ့်စန်သို့ သွားရဦးမည်။ တောင်ပိုင်စော်ဘွား စဝ်ခွန်ပန်းစိန်သည် အစောင့်အရှောက်မရှိဘဲ ဘယ်ကိုမှ မသွားရန် သိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စခန်းသာသို့သွားကြမည့် စဝ်ကြာဆိုင်တို့မောင်နှံအပြင် အနောက်မှ ဂျစ်ကားနှင့် စလွန်းကား ဒါဇင်ဝက်ခန့်မျှ ပါကြသေးသည်။ ထိုကားများပေါ်တွင် ဆွေတော်မျိုးတော်များ ဟော်နန်းအမှုထမ်းများနှင့် အခြွေအရံ အသင်းအပင်းတို့ပါသည်။ လမ်းခရီးတွင် စဝ်ကြာဆိုင်က သူစိုက်ပျိုးရေး စမ်းသပ်ထားသည့်နေရာကို ဝင်သေးသည်။

"ဒီနေရာဟာ နံနက်ခင်းစိုက်ပျိုးဖို့ လုပ်ထားတဲ့နေရာဘဲ"

ဟု စဝ်ကြာဆိုင်က သုစန္ဒီကို ပြောလိုက်သည်။ မိုးမရွာသေး၍ အလုပ်သမားများက ပင်ပင်ပန်းပန်း တူးဆွနေကြရသည်။ ထိုနေရာမှ အောက်ဖက်သို့ ဆင်းလာသောအခါ စဝ်ကြာဆိုင်က သူ့မဟာဒေဝီကို ကော်ဖီနှင့် ဂျင်းစိုက်ပျိုးရန် လျာထားသည့်နေရာများကိုလည်း ပြသည်။

စော်ဘွားကြီး စိုက်ပျိုးရန်လျာထားသောမြေများကို ကျော်လာသောအခါ သုစန္ဒီက-

"ကျွန်မကိုလည်း စခန်းသာအကြောင်း နည်းနည်းပြောပြပါအုံး။ ရှန်ဂရီလာလိုနေရာမျိုးလား၊"

ဟု မေးလိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၂)

"ဒီနေရာဟာ တစ်ခါတုန်းကတော့ နတ်ဘုံနတ်ရွာလို နေရာလေးတစ်ခုဘဲ၊ အခုလည်း အဲဒီအတိုင်း ပြန်ဖြစ်ရမှာပေါ့။ မောင်တော်က မောင်တော်ရဲ့နောင်တော် စဝ်အုံကြာရှိတဲ့စခန်းသာကို လာလည်လေ့ရှိတယ်"

ဟု စဝ်ကြာဆိုင်က ပြန်ပြောလိုက်သည်။

"အဲဒီတုန်းက မောင်တော့်အတွက် ပျော်စရာအကောင်းဆုံး အချိန်တွေပေါ့။ နောင်တော် စဝ်အုံကြာကလည်း ဘိလပ်မှာ စာသင်ဘူးတယ်။ ဦးရီးတော် ဆာစောချယ်ကလည်း ဘိလပ်ရောက်ဘူးတယ်ဆိုတော့ ဗြိတိသျှအစိုးရ တစ်ဖွဲ့လုံးဟာ နွေဆိုရင် ရန်ကုန်မှာပူလွန်းလို့ မေမြို့ (ယခု ပြင်ဦးလွင်) ကို ပြောင်းလာတယ်။ ဒီတော့ ဦးရီးတော်တို့ကလည်း သီပေါမှာပူလို့ နွေဆိုရင် စခန်းသာကို ရွှေ့ပြီးနေတယ်။ စခန်းသာကနေ အောက်ကို မိုင် (၆၀) လောက်ဆင်းသွားရင် မေမြို့ကိုရောက်ရော"

ဟု ဆက်ပြောပြန်သည်။ ထိုအခါ သုစန္ဒီက-

"ကျွန်မတို့ ဒီကို လေယာဉ်ပျံနဲ့လာတုန်းက မေမြို့အပေါ်က ပျံလာကြတယ် မဟုတ်လား"

"ဘာပဲဖြစ်ဖြစ်လေ မောင်တော်ရဲ့ ရှေ့ကစော်ဘွားကြီးတွေဟာ သီပေါကနေ စခန်းသာ ရွှေ့ခဲ့ကြတယ်။ သူတို့ အောင်လည်းအောင်မြင်ပါတယ်။ ကြိုက်လည်း ကြိုက်နှစ်သက်ကြတယ်။ စခန်းသာဟော်ဟာ ကျယ်လည်း ကျယ်တယ်။ လှလည်း လှလို့ လာနေကြတာပေါ့၊ အမြဲတမ်း ညွှန်သည်တော်တွေလည်း ရှိနေတတ်တယ်။"

ဟု စဝ်ကြာဆိုင်က ပြောလိုက်သည်။

စဝ်ကြာဆိုင်တို့၏ ကားသည် ဆောင့်လာသဖြင့် သုစန္ဒီ ဘာမျှမပြောမီပင်-

"နောက်ထပ် (၅) မိုင်ပဲ စီးရတော့မယ်"

ဟု စဝ်ကြာဆိုင်က ပြော၏။

စီးလာသည့်ကားက တောင်တက်ဖြစ်သဖြင့် အားယူပြီးတက်နေရသည်။ အမြင့်သို့ ရောက်လာသဖြင့် လေကလည်း အေးလာသည်။ သုစန္ဒီကမူ သူကလေးဘဝက ဖခင်ဖြစ်သူနှင့် အမြဲတမ်းစိမ်းလန်းနေသည့် သစ်တောများသို့ သွားခဲ့သည်ကို သတိရနေသည်။

"ကြည့်စမ်း... ထင်းရှူးပင်တွေ"

ဟု သုစန္ဒီက အော်၍ ပြောလိုက်သည်။

"မြန်မာပြည်ရောက်ကတည်းက ဒီအပင်တွေ တစ်ခါမှ မတွေ့ရသေးဘူး"

"မင်း... ကြိုက်မှာပါ။ နောက်ထပ် အံ့သြရမယ့်ဟာတွေ အများကြီး ကျန်သေးတယ်"

ဟု စဝ်ကြာဆိုင်က ဝင်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိပေါစော်ဘွားစဝ်ကြာဆိုင်

www.burmeseclassic.com

www.burmeseclassic.com



သူ့မဟာဒေဝီ သဘာဝသစ်ပင်တွေ မည်မျှချစ်သည်ကို သူအသိဆုံး ဖြစ်သည်။ သူတို့မောင်နှံ လသာဆောင်ပေါ်တွင် စကားပြောကြစဉ်၊ သုစန္ဒီက သစ်ပင်များတွင် အသက်ရှိကြောင်း၊ ထို့ကြောင့် သစ်ပင်များကိုလည်း အခြားသက်ရှိသတ္တဝါများကဲ့သို့ အလေးထားရမည်ဟု ပြောခဲ့ဖူးသည်။ သူတို့ကားသည် တောင်ကုန်းထိပ်သို့ ရောက်လာသည်။ ထိုတောင်ကုန်းပေါ်တွင် စိန်ပန်းပြာပင်များ၊ ငွေရောင်ဝက်သစ်ချပင်များ၊ ထင်းရှူးပင်များ၊ တရုတ်ချယ်ရီပင်များနှင့် သဖန်းပင်များကို တွေ့ရသည်။ သူတို့စီးလာသည့်ကား ထိုအပင်များအောက်မှ ဖြတ်မောင်းသွားသောအခါ သုစန္ဒီက သူ့မောင်တော်အား ထိုအပင်များအောက်တွင် လမ်းလျှောက်ချင်သည်ဟု ပြောသည်။

နောက်ဆုံးတွင် စခန်းသာဟော်ရှေ့သို့ ရောက်လာ၏။ ဟော်ကြီးသည် မလိုင်အရောင်ရှိပြီး အီတလီမြောက်ပိုင်းမှ အဆောက်အဦးပုံစံနှင့် မြန်မာ့ရှေးဟောင်းဟန် ရောနှောဆောက်ထားခြင်း ဖြစ်သည်။ အလယ်ရှိ ညီလာဆောင်ခန်းမသို့ တက်ရာလှေကားထစ်များကို ဥရောပအလယ်ခေတ်မှကျောက်ဖြူလှေကားများ ပုံစံအတိုင်းလုပ်ထားသည်။ အနောက်တိုင်းဆန်ဆန် ရောမပြတင်းကြီးများ ရှိ၏။ အဆောက်အဦး၏ အလယ်ပိုင်းတွင်သာ နဂိုမူလခေါင်မိုးနှင့်ဖြစ်ပြီး ညာဘက်ခြမ်းမှာ နောက်မှအ သစ်ဆောက်ထားပုံရသည်။ ဘယ်ဘက်ခြမ်းကလည်း စစ်အတွင်းက ပျက်စီးသွားခဲ့ပုံရှိ၏။ ဤအဆောက်အဦးကြီး၏ အစိတ်အပိုင်းအချို့သည် မည်သို့ပင် ပျက်စီးခဲ့စေကာမူ အစားထိုးပြင်ဆင်မှုများကြောင့် မြင်ရသူအပေါင်း၏စိတ်တွင် ကျက်သရေရှိလျက်ပင် ဖြစ်သည်။

စဝ်ကြာဆိုင်အနေဖြင့် ဤအဆောက်အဦးနှင့်ပတ်သက်၍ သူ့ဖခင်လက်ထက်မှ စိတ်ဆင်းရဲရမှုများကို မမေ့သေးပါ။ သူဒါဂျီလင်ကျောင်းမှ ပြန်လာသောအခါ စခန်းသာဟော်အတွင်း ရယ်မောသံများ ကြားခဲ့ရသည်ကိုပင် ပြန်ကြားယောင်နေမိသည်။ ထိုစဉ်က သူ၏ပထမအချစ်ဦးနှင့် ဆုံခဲ့ရသည်။ ထိုအမျိုးသမီးငယ်ကို ပြန်၍ မတမ်းတမိသော်လည်း၊ အောက်စဖို့တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည့် သူ၏အစ်ကိုဝမ်းကွဲ စပ်အုံ့ကြာနှင့် စကားပြောခဲ့ရသည်ကိုမူ မှတ်မိနေပါသေးသည်။ ထိုကြောင့်လည်း သူကိုယ်တိုင် နိုင်ငံခြားတွင် ပညာသင်ခဲ့ရခြင်းဖြစ်၏။

လင်ရိုဗာကား ဟော်၏အဝင်ဝသို့ ရောက်သောအခါ ဟော်အစောင့်မိသားစုက ပန်းစည်းဆက်၍ ဆီးကြိုနေသည်။ သူတို့သည် စော်ဘွားကြီး၏ကားတန်း တောင်ကုန်းပေါ်သို့ တက်လာကတည်းက ကားသံများကို ကြားသိနေသည်။ စဝ်ကြာဆိုင်အနေဖြင့် စခန်းသာရောက်သည်နှင့် ငယ်မူပြန်၍ သူငယ်စဉ်က ကစားခဲ့သည့်နေရာများကို လိုက်ပြချင်သည်။ သို့သော် သူ၏ဟော်ဝန်ထမ်းများက သူ့ကို စခန်းသာနှင့်ပတ်သက်ပြီး ပြောစရာများစွာရှိသည်ကို သိနေသည်။ သူ့ဝန်ထမ်းများနှင့် တွေ့ဆုံပြောဆိုပြီးသောအခါ သုစန္ဒီကို လက်ဆွဲ၍ ညီလာခံခန်းမနှင့် ဆက်လျက်ခန်းဆောင်များကို ခေါ်သွားသည်။ ခန်းမကြီးများတွင် ဘာမျှမရှိပါ။ ခန်းလုံးပြည့် ပါကေးခင်းထားသည်။ ညီလာခံခန်းမထိပ်တွင် ပလ္လင်ထားသည့်နေရာကို တွေ့ရသည်။ ထိုအခန်းဆောင်မှ ပြင်သစ်ဟန်တံခါးကြီးများကို ဖွင့်လိုက်သောအခါ လသာဆောင်သို့ ရောက်သွားသည်။ ထိုလသာဆောင်ပေါ်မှ ကြည့်လိုက်ရသည့် မြင်ကွင်းသည် အသက်ရှုမှားလောက်၏။ မျက်စိတစ်ဆုံး တောအုပ်များကိုသာ မြင်နေရသည်။ အဆုံးတွင် တောင်တန်းများရှိ၏။ ထိုမြင်ကွင်း၌ မည်သည့်ရွာကိုမှ မမြင်ရပါ။

"လှလိုက်တာ… အဲပ်လ် (ALPS) တို့ ရောကီး (ROCKY Mountains) တောင်တန်းတို့နှင့် ဘာမှ မဆိုင်ဘူး"

ဟု သုစန္ဒီက ပြောလိုက်သည်။

ထို့နောက် သူ့မောင်တော်ဘက်သို့ လှည့်လိုက်သောအခါ စဝ်ကြာဆိုင်သည် သူ့လက်ကိုဆွဲ၍ ထိန်းသိမ်းထားသည့် ဟော်၏အဆောင်ဘက်သို့ ခေါ်သွားသည်။ ထိုဘက်တွင် တည်းခိုခန်းများရှိသည်။ သူတို့နှစ်ဦး တစ်ဦးကို တစ်ဦး စကားမပြောမိကြပါ။ စဝ်ကြာဆိုင်အနေဖြင့် ရှေးတုန်းက ဤနေရာတွင် ပြောဆိုကြသည့်အသံများကိုပင် ပြန်၍ ကြားယောင်မိနေပါသည်။ ဟော်၏ဘယ်ဘက်အဆောင်တန်းသည် ဧည့်ခံခန်းမများနှင့် ရုံးခန်းများ ရှိခဲ့သည်။ ဂျပန်ခေတ်က မီးလောင်ပျက်စီးသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"သမျှောစရာပဲ"

ဟု သုစန္ဒီက ပြောသည့်အပြင် ဆက်၍မေး၏။

"ဂျပန်တွေက တမင်မီးရှို့တာလား၊ ဒါမှမဟုတ် စစ်တိုက်ရင်း မီးလောင်သွားတာလား"

"စစ်တိုက်လို့ မီးလောင်ရတာ မဟုတ်ပါဘူး၊ ဂျပန်တွေ ထွက်ပြေးသွားပြီးမှ လောင်တာဆိုတော့ သူတို့ ရှို့ခဲ့တာလား၊ မဟုတ်ရင် မတော်တဆလောင်တာလားဆိုတာ မသိရဘူး။ ရွာသားတွေက မီးလောင်တာမြင်မှ ဘက်လာရတော့ မီးကို မသတ်နိုင်တော့ဘူးပေါ့။ ဒီအတိုင်းပဲ ကြည့်နေလိုက်ရတယ်။ ထူးဆန်းတာက ပလ္လင်ရှိတဲ့ အခန်းကိုလည်းရောက်ရော မီးသေသွားတော့တာပဲတဲ့"

ဟု စဝ်ကြာဆိုင်က ပြောပြသည်။

စဝ်ကြာဆိုင်သည် သုစန္ဒီကို အခြားဘက်သို့ ခေါ်သွားသည်။ ထိုစဉ် သုစန္ဒီက-

"ဒီနေရာဟာ သိပ်လှတဲ့နေရာပဲ၊ မောင်တော်က ဘာဖြစ်လို့ ပြန်ပြင်မဆောက်တာလဲ၊"

"အများကြီးစဉ်းစားရတာပေါ့ အချစ်ရယ်၊ ၁၉၄၅ ခုနှစ်မှာ ဂျပန်တွေ ပြန်သွားတော့ ဗြိတိသျှတွေက ပြန်လာပြန်ရော၊ ဗြိတိသျှနယ်ခြားဝန်ထောက်က သီပေါကို (၂) နှစ်တောင် အုပ်ချုပ်သွားတယ်။ ဒီတုန်းက မောင်တော့်ကို နန်းချလိုက်တယ်။ ဒါပေမယ့် ပြည်နယ်လူထုအပေါ်မှာတော့ အကာအကွယ်ပေးရတာပေါ့။ လွတ်လပ်ရေးရပြီး ပြန်တော့ ကွန်မြူနစ်တွေ အဝိုင်းခံရတယ်။ သူတို့က လားရှိုးနဲ့ မေမြို့ကို သိမ်းထားတော့ သီပေါဘက် ရောက်မလာ ရအောင် ကာကွယ်ထားရပြန်တယ်လေ။"

ဟု စဝ်ကြာဆိုင်က ပြန်ဖြေလိုက်သည်။ ထိုအခါ သုစန္ဒီက-

"ဒီမှာ တိုက်ပွဲတွေ ဖြစ်ခဲ့တယ်ဆိုတာ တွေးလို့ကို မရဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ အခုဒီနေရာလေးဟာ ငြိမ်းချမ်းလွန်းလို့ဘဲ"

"နောက်ပိုင်းမှာ အခြေအနေကောင်းလာတော့ မောင်တော်အမေရိကားကို ထွက်လာခဲ့ရတယ်လေ၊ ဦးလိပ်က သီပေါနယ်ကို ရင်ခွင်ပိုက် အုပ်ချုပ်ရတယ်။ ဒီတော့ စခန်းသာကို ပြန်ပြင်ဆောက်ဖို့ဆိုတာ မလွယ်ဘူးပေါ့။ အခုနေခါလည်း မလွယ်သေးဘူး။ မောင်တော်ရဲ့ သတ္တုတွင်းကုမ္ပဏီက ငွေတွေရလာရင်တော့ တစ်မျိုးပေါ့"

ဟု စဝ်ကြာဆိုင်က ပြောသောအခါ သုစန္ဒီဆက်၍-

"ကျွန်မတို့ မွေးလာမယ့်ခလေးတွေကို ဒီမှာ ကြီးပြင်းစေချင်တယ်"

ဟု ပြောလိုက်သည်။ စဝ်ကြာဆိုင်က သုစန္ဒီ၏မျက်နှာလေးကို ညင်ညင်သာသာ နမ်းလိုက်၏။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၃)

စံကြာဆိုင်သည် သုစန္ဒီကို စခန်းသာဟော်ပန်းခြံအတွင်းသို့ လမ်းလျှောက်ရန် ခေါ်သွားသည်။ ယခင်က တည်းက ရှိခဲ့သည့် မြက်ခင်းပောင်းများ၊ နှင်းဆီခြုံများ၊ စတော်ဘယ်ရီပင် စိုက်ခင်းအကွက်များကို ဖြတ်ကျော် သွားသည်။ လေနုအေးကို ရှူရှိုက်လိုက်ရသည်မှာ ယခင်ကအတိုင်းပင် ဖြစ်ပေသည်။ အောက်ဖက် ပေပေါင်း (၄၀၀၀) ကို ငုံ့ကြည့်လိုက်သောအခါ မှိုင်းပြပြဆင်းသွားသည့်တောင်ကြားကို မြင်လိုက်ရလေသည်။

"ကျွန်မတို့ ဒီမှာရက်နည်းနည်းလောက် နေရရင်ကောင်းမယ်။"

ဟု သုစန္ဒီက ပြောရင်း တရုတ်ချယ်ရီပင်အောက်မှ ကျောက်ဖျာပေါ်တွင် ထိုင်လိုက်သည်။

"တစ်နေ့တော့ နေရမှာပေါ့"

စံကြာဆိုင်က ပြောလိုက်သည်။ စခန်းသာကို သူကဲ့သို့ပင် သုစန္ဒီက နှစ်သက်နေ၍ စံကြာဆိုင် သဘောကျ နေသည်။ ပြောရင်းနှင့် သုစန္ဒီဘေးတွင် ဝင်ထိုင်လိုက်သည်။ သူတို့နှစ်ဦး ဒင်ဗာမြို့တော်ပန်းခြံတွင်းမှ ခုံတန်းပေါ်တွင် ယခုကဲ့သို့ပင် ထိုင်ခဲ့ဘူးသည်။

"ဘယ်သူက ဒီဟော်နန်းကို တည်ဆောက်ခဲ့တာလဲ၊ မောင်တော့် အဘိုးလား၊"

ဟု သုစန္ဒီက မေးလိုက်သည်။

"မဟုတ်ဘူး၊ မောင်တော် ဦးရီးတော်ဖြစ်တဲ့ ဆာစောချယ်က ဒီစခန်းသာကို တည်ဆောက်ခဲ့တာ။ မောင်တော် ထင်တယ်လေ။ သူ့အတွက် ကောက်တော်မူထားတဲ့ မယား (၄၀) နဲ့ ရှိတဲ့ သားသမီးလေးယောက်အပြင် မွေးစား ထားတော်မူတဲ့ သားတော် သမီးတော် တစ်ဒါဇင်လောက်အတွက် နေရာလိုလို့ ထင်ပါတယ်"

"မောင်တော့်ဦးရီးတော်ခြေရာကို မနင်းလို့ ဝမ်းသာပါတယ်။"

ဟု သုစန္ဒီပြောရင်း ရယ်ပြီး-

"ဦးရီးတော်ဟာ တကယ့်ကို စည်းစိမ်နဲ့ နေခဲ့တာပဲနော်"

ဟုပြော၍-

"သူ့မှာ သိပ်ကြီးကျယ်တဲ့ အတွေးအခေါ်တွေ ရှိတယ်။ ဒါပေမယ့် သူက သီပေါမင်းရဲ့ မန္တလေးနန်းတော် တွင်းမှာ ကြီးပြင်းရတယ်။ သူက အင်္ဂလန်နဲ့ ဩစတေးလီးယားကိုလည်း ရောက်ဖူးတယ်။ မောင်တော်က သူကံတော် ကုန်တော့ အသက် (၄) နှစ်ဘဲရှိသေးလို့ သူ့ကို ရေးရေးဘဲ မှတ်မိတယ်။ ဒါပေမယ့် အန်တီကြီးဘုရား ပြောပြ လို့ သူနဲ့ပတ်သက်တဲ့အကြောင်းတွေ အများကြီးရှိတယ်။ မင်းမေးကြည့်ပါလား"

ဟု ပြောလိုက်သောအခါ သုစန္ဒီသည် ကြားရသည်များနှင့် ပတ်သက်ပြီး တအံ့တဩဖြင့်-

"ဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး ဘယ်သူမှ ရေးမထားခဲ့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

''မရေးရသေးဘူး၊ တစ်နေ့တော့ မင်းရေးနိုင်လိမ့်မယ်လို့ ထင်တယ်''

ဟု စဝ်ကြာဆိုင်ကပြောပြီး သူ၏ လက်ပတ်နာရီကို ကြည့်လိုက်သောအခါ မျက်လုံးပြူးသွားပြီး-

''အခြားလူတွေ စောင့်နေရတာကြာပြီ''

ဟု ပြော၍ ထိုင်ရာမှ ခုန်ထလိုက်သည်။

သူတို့မောင်နှံသည် စခန်းသာနန်းဆောင်အတွင်းသို့ လွန်ခဲ့သည့် နှစ်ပေါင်း (၄၀) ခန့်ကတည်းက စိုက်ခဲ့သည့် သစ်ပင်ကြီးများအောက်မှ ဖြတ်၍ ဝင်သွားလေသည်။ စိမ်းညို့ညို့နှင့် မှောင်နေသော နောဖုတ်ထင်းရှူးပင်များမှ ထီးသဖွယ်မိုးထားသည့် စိန်ပန်းပြာပင်များအောက်သို့ ရောက်သောအခါ စိန်ပန်းပြာပွင့်များမှာ စ၍ ကြွေနေပြီဖြစ်သည်။ စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့သည် တောင်ကြားထဲမှ ဖြတ်၍တိုက်လာသော သစ်ရွက်ကြွေသံများကို ရုတ်တရက်ရပ်ပြီး နားထောင်လိုက်သည်။ သစ်ပင်ဖျားပေါ်မှ ဖြာထွက်လာသော နေရောင်ခြည်ကိုလည်း ကြည့်လိုက်သည်။

''ဒီနေရာဟာ ပန်းခြံတမျှမကပါဘူး''

ဟု သုစန္ဒီပြောလိုက်သည်ကို စဝ်ကြာဆိုင်က ကြားလိုက်သည်။ သို့သော် သူနှင့် ကိုက် ၂၀၀ အကွာအဝေးတွင် ကျားသစ်တစ်ကောင်ကို မြင်လိုက်ရ၍ သူ၏နှုတ်ခမ်းတွင် လက်ညှိုးထောင်၍ ''တိုးတိုး'' ဆိုသည့်သဘောအချက်ပြလိုက်သည်။ သူတို့မောင်နှံအား စိုက်ကြည့်နေသည့်ကျားသစ်ကြောင့် အသက်ပင် မရှူဝံ့ကြပါ။ သူတို့ကိုမြင်သော်လည်း ကျားသစ်သည် လူစိမ်းမြင်ရ၍ ထွက်မပြေးသွားဘဲ သူတို့ကိုပင် စိုက်၍ကြည့်နိုင်လိုက်သေးသည်။ ကျားသစ်က သူ၏ပါးစပ်ကိုဖြဲပြီး သမ်းဝေလိုက်သေးသဖြင့် သူသည် ဤနေရာ၌ အရှင်သခင်ပင်ဖြစ်သည်ဟု ဟန်ရေးပြနေသယောင် မြင်လိုက်ရသည်။ စော်ဘွားကြီးကို အမြဲမျက်ခြေမပျက်ကြည့်နေသည့် သက်တော်စောင့်နှစ်ယောက်က အခြေအနေအရပ်ရပ်ကို မြင်လိုက်၍ သေနတ်နှစ်ချက် မိုးပေါ်ထောင်ပစ်လိုက်မှ ကျားသစ်သည် ရှေ့သို့ ထွက်သွားလေသည်။ ထိုမှပင် သူတို့မောင်နှံမှာ အသက်ရှူရတော့သည်။ စခန်းသာကို စောင့်ထိန်းနေသည့် အစောင့်က အခြေအနေကိုမြင်၍ ဤနေရာတွင် တစ်ခါတစ်ရံ ကျားသစ်နှင့် ကျားတို့ကိုမြင်ရကြောင်း သို့သော် မည်သူ့ကိုမှ ဒုက္ခမပေးကြောင်း၊ မည်သူကမှလည်း သူတို့ကို မပစ်ခတ်ကြောင်း ပြောပြပါသည်။ ကျားသစ်ကို မြင်လိုက်ရခြင်းနှင့်ပတ်သက်၍ ပြောဆိုမှုများသည် ပျော်ပွဲစားရာတွင် အဓိကပြောစရာစကား ဖြစ်သွားလေသည်။ ပျော်ပွဲစားအတွက် ထမင်းချက်ကလည်း ဟင်းလျာအမျိုးမျိုး ချက်ပေးလိုက်၏။ အရှေ့ဟော် ပတ်ဝန်းကျင်ရှိ တမာပင်များမှ နံနက်စောစောတွင် ခူးထားသည့် တမာရွက်နုလေးများကို မြေပဲဆံ၊ ကြက်ဥပြုတ်၊ ကြက်သွန်နီနှင့် သံပုရာသီးညှစ်၍ သုပ်ထားသော တမာရွက်သုပ်ကို အားလုံးက ကြိုက်နှစ်သက်ကြသည်။

''ဇွန်း၊ ခရင်းနဲ့ မစားဘဲ၊ ရှမ်းလို လက်နဲ့ပဲ စားကြရအောင်''

ဟု မဟာဒေဝီသုစန္ဒီက အကြံပြုလိုက်သည်။ ထိုသို့ အပြုမူကို စဝ်ကြာဆိုင်အနေနှင့် ခါတိုင်း သဘောမတူသော်လည်း ယခုတစ်ကြိမ်တွင် သဘောတူလိုက်သည်။ အဘယ်ကြောင့်ဆိုသော် သုစန္ဒီကို လက်ဖြင့်စားတတ်သွားအောင် ဖြစ်သည်။ အနီးတွင် ခစားနေသော အခြွေအရံများသည် လက်ဆေးရန် ဇလုံ၊ ရေနှင့် လက်သုပ်ပဝါတို့ကို ချက်ခြင်းပင် သယ်လာကြရတော့သည်။ သို့မှသာ မစားမီနှင့် စားပြီးသည့်အချိန်တွင် ဧည့်သည်များ လက်ဆေးရန် ဖြစ်သည်။ ထမင်းဝိုင်းရှိ မျက်လုံးအားလုံးက သုစန္ဒီစားသောက်ပုံကိုသာ ဝိုင်း၍ စူးစိုက်ကြည့်နေကြသည်။ သူတို့စားပုံက လက်ချောင်းလေးများတွင်သာ ပေရေသည်။ သုစန္ဒီစားနည်းမှာ လက်ချောင်းအားလုံး၌ ဟင်းပေကုန်သည်။

ဟော်ခန်းမသို့တက်သည့် ကျောက်ဖြူလှေကားကြီးတစ်ဖက်တစ်ချက်တွင် ကျောက်ဖြူတုံးကြီးနှစ်တုံးရှိနေသည်။ ထိုကျောက်ဖြူတုံးကြီးများမှာ ပျော်ပွဲစားလာသူများအတွက် အစားအသောက်တင်၍ စားသောက်ရန် ကျောက်စားပွဲကြီးများသဖွယ် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



“ဒီကျောက်ဖြူတုံးကြီးနှစ်တုံးဟာ ပျော်ပွဲစားဖို့ စားပွဲကြီးတွေတော့ မဟုတ်ပါဘူးနော်၊ သူတို့ဟာ တစ်ချိန်က တစ်ခုခုအသုံးပြုဖို့အတွက် ဖြစ်ဖို့များတယ်”

ဟု သုစန္ဒီက ပြောလိုက်သောအခါ စင်ကြာဆိုင်က–

“မင်း... မှန်တယ်၊ တခြားတစ်ဘက်မှာလည်း အဲဒီလို ကျောက်ဖြူတုံးကြီး နှစ်တုံးရှိသေးတယ်။ ဘာအတွက် လုပ်ထားတယ်ဆိုတာတော့ ပြောပြရမှာ အရှည်ကြီးပဲ”

ဟု ပြောလိုက်သည်။

“ကောင်းပြီလေ... ကျွန်မ ရှမ်းလို လက်နဲ့ စားတတ်အောင်သင်နေတုန်း မောင်တော်က ပြောပြပေါ့”

ဟု ဆိုသော သုစန္ဒီ၏စကားကြောင့် စင်ကြာဆိုင်က စ၍ပြောပြသည်။

“မောင်တော့်ဦးရီးတော် စော်ဘွားကြီးလက်ထက်မှာ စခန်းသာဟော်ကို ဆောက်ပြီးတဲ့အခါ အစောင့်အရှောက်အနေနဲ့ ကြေးရုပ်ဘီလူးကြီးလေးကောင် ထုလုပ်ခဲ့တယ်။ ဟော်ခန်းမတစ်ဘက်တစ်ချက်စီမှာ ကျောက်ဖြူသားတုံးကြီးတွေနဲ့တင်ပြီး ခံထားတယ်။ ဟော်ကို ဘေးရန်အန္တရာယ်တွေက စောင့်ရှောက်ဖို့ပေါ့”

“ဒါဟာ ဗုဒ္ဓဘာသာသာထုံးစံလား”

ဟု သုစန္ဒီ ဖြတ်၍ မေးလိုက်သည်။ စင်ကြာဆိုင်က–

“လုံးဝမဟုတ်ဘူး... ဒီဟာက ဗုဒ္ဓဘာသာနဲ့ ဘာမှမဆိုင်ဘူး”

ဟု ချက်ချင်းဖြေလိုက်၏။ ပြီးမှ ဆက်၍ပြောသည်။

“ဦးရီးတော်စော်ဘွားကြီးက ဟော်ကို ဘေးရန်အန္တရာယ်တွေက စောင့်ရှောက်ရမယ်လို့ သူတို့ကို အမိန့်ပြန်ထားတယ်။ တစ်ပတ်ကို သားစိမ်းတစ်ခါကျွေးလေ့ရှိတယ်။ ဦးရီးတော်မရှိတဲ့အခါ ဆက်ခံတဲ့ နောင်တော်စဝ်အုံကြာက ဘီလပ်ပြန်ဆိုတော့ ဒါတွေ မယုံဘူးလေ။ ဒီတော့ ဘီလူးကြီးတွေကို အရင်ကလို တစ်ပတ်တစ်ခါ အစာမကျွေးတော့ဘူးပေါ့။ အဲဒီအခါမှာ ဘီလူးကြီးတွေက မစောင့်ရှောက်တော့ပဲ ဒုက္ခပေးပါလေရော...”

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၄)

"ဒီတော့ သူတို့ ဘာတွေဖြစ်သွားလဲ"

သုစန္ဒီက စားလက်စပန်းကန်ကို အောက်သို့ချလိုက်ပြီး စဝ်ကြာဆိုင်အား စိတ်ဝင်တစား မေးလိုက်သည်။

"ဆိုပါစို့ကွယ်… ဟော်က အမှုထမ်းတစ်ယောက်ယောက် ဘီလူးရုပ်တစ်ရုပ်ကို ထိမိခိုက်မိလိုက်ရင်ပဲ သူ့ရဲ့လက်တွေ ယောင်ယမ်းလာတယ်တဲ့။ ဘီလူးရုပ်ကို ခေါင်းပုတ်ပြီး ငါ့အလုပ်တွေကို ကူစမ်းပါအုံးလို့ ပြောတဲ့ စားတော်ကဲတစ်ယောက်ဆိုရင် ဆေးရုံတက် ကုသရလောက်အောင် အသည်းအသန်ဖြစ်ခဲ့တယ်။ ကြာတော့ ဟော်အမှုထမ်းတွေအားလုံး ကြောက်လာကြတော့တာပေါ့။ ဒီတော့ နောင်တော် စဝ်အုံကြာက ဒီအရုပ်ကြီးတွေ ကိစ္စကို ဖြေရှင်းရတော့တယ်။ သူနဲ့ သူ့မဟာဒေဝီဘဲ ဘာမှမဖြစ်တာတဲ့"

"ဘာဖြစ်လို့လဲ"

"နောင်တော်နဲ့ မဟာဒေဝီက သူတို့ရဲ့ အရှင်သခင်တွေဖြစ်တဲ့အတွက် အန္တရာယ်မပေးနိုင်ကြဘူးလို့ ဆိုတယ်။ နောက်ဆုံးတော့ နောင်တော်စဝ်အုံကြာက သူတို့ကို စခန်းသာကနေပြီး ဘော်ကြိုဘုရားကို ပို့လိုက်တော့တယ်။ ဟိုမှာတော့ သူတို့ကို အစာကျွေးစေသတဲ့။ ဒီတော့မှပဲ ပြဿနာရှင်းသွားတော့တယ်"

"ဒီလိုဖြစ်တာတွေကို မောင်တော်ရော ယုံလား"

ဟု သုစန္ဒီက မယုံရခက်ခက် ယုံရခက်ခက်နှင့် မေးလိုက်သည်။

"မောင်တော်ပြောနေတာတွေဟာ ကိုယ်တွေ့ကြုံရတဲ့လူတွေဆီက ကြားရတာတွေကို ပြန်ပြောတာပဲလေ။ မောင်တော်တို့အပြန်မှာ ဘော်ကြိုဘုရားကိုဝင်ပြီး အဲဒီက ဘီလူးကြီးလေးကောင်ကို ကြည့်ရအောင်။"

သီပေါသို့အပြန်တွင် ဘောကြိုဘုရားသို့ဝင်ကြပြီး ဘုရားပရဝုဏ်တွင်းတွင် အစောင့်အနေချထားသော ဘီလူးကြီး ၄ ကောင်ကို ဝင်ကြည့်ခဲ့ကြပါသည်။ အရှေ့ဘက်မုဒ်မှ ဘီလူးကြီးမှာ အမြင့် ၅ ပေရှိပြီး စပ်ဖြဲဖြဲ မျက်နှာကြောင့် သူ့ကို ကြည့်နေသူအပေါင်းအား လှောင်ပြောင်နေသည့်အလား ထင်မှတ်ရသည်။ စဝ်ကြာဆိုင်က အဆိုပါဘီလူးမှာ စခန်းသာဟော်တွင်ရှိစဉ်က ဝန်ထမ်းများကို ဒုက္ခအပေးဆုံးအကောင်ဖြစ်ကြောင်း မှတ်ချက် ပေးသည်။

**ဤစာကို ဘာသာပြန်သူ၏ ရှင်းလင်းချက်**

*(စာရေးသူအား ပြောပြသူများက ဘောကြိုဘုရားတွင် ဘီလူးကြီး ၄ ကောင်မက ၅ ကောင်ရှိကြောင်း နှင့် အခြားဘီလူးမရုပ်ထုများလည်း ရှိသေးကြောင်း ပြောကြပါသည်။ မှန်၊ မမှန် စာရေးသူ မမြင်ဘူးသေး၍ မပြောနိုင်ပါ။)*

www.burmeseclassic.com

www.burmeseclassic.com



စခန်းသာတော်မှဘီလူးကြီး

လအနည်းငယ်ကြာသောအခါ အထူးအဆန်းကိစ္စတစ်ရပ်ကို ကြားရသည်။ လုံးဝ နေကြတ်သွားမည့် သတင်းပင်ဖြစ်သည်။ စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့ အရင်က နေကြတ်ခြင်းကို မကြုံခဲ့ကြသေးပေ။ ထိုကြောင့် ကြုံရမည်ကို စိတ်လှုပ်ရှားနေကြသည်။ ဗေဒင် နက္ခတ်တာရာရှင်များမှာ ထိုအချိန်တွင် ရှမ်းတို့အတွက် အရေးပါအရာရောက်ဆုံးသောပုဂ္ဂိုလ်များ ဖြစ်နေကြ၏။ သူတို့က အစဉ်အလာအရ နက္ခတ်တာရာတို့နှင့်ပတ်သက်၍ နှစ်ပေါင်းထောင်ချီပြီး နောက်ပြန်သွားကာ အတွေ့အကြုံများကို ဟောနေကြသည်။

သို့နှင့် ကောင်းကင်တွင် နေကြတ်ခြင်း ဖြစ်ပေါ်လာသည်။ စဝ်ကြာဆိုင်သည် နေကြတ်သည်ကို ကြည့်နိုင်ရန် သူတို့ဟော်ပေါ်မှ လာသာဆောင်တွင် နေရောင်ခြည်မှ ကာကွယ်နိုင်သော အထူးအခန်းပြုလုပ်ထားသည်။ သုစန္ဒီကို ထိုအခန်းထဲမှ ကြည့်ခိုင်းသည်။ သူ့နယ်သူ့နယ်သားများကိုမူကား နေကြတ်သည်ကို တိုက်ရိုက်မကြည့်ခိုင်းစေပါ။ ကျောင်းဆရာများကိုလည်း အစည်းအဝေးခေါ်ပြီး ကျောင်းသားများအား နေကြတ်ခြင်းကို အကာအကွယ်ဖြင့် ကြည့်နိုင်အောင် သင်ပြစေသည်။ သီပေါနယ်သူနယ်သားများသည် နေကြတ်သည်နှင့် အိုးစည်ဗုံမောင်းများ၊ မီးဖိုချောင်ထဲမှရရာ အိုးခွက်၊ သံလင်ပန်းများကို တီး၍ ဆူညံသောအသံများပြုသည်။ သုစန္ဒီက နေကြတ်သည်ကို အထူးကြည့်ရန်လုပ်ထားသော အခန်းထဲမှ ထွက်လာပြီး-

"ဘာသံတွေလည်း တတိယကမ္ဘာစစ်ဖြစ်နေပြီလား"

ဟု မေးလိုက်သဖြင့် စဝ်ကြာဆိုင်က-

"မောင်တော် ပြောဖို့မေ့သွားတယ်"

ဟု အော်ပြောလိုက်သည်။

"ဒို့နယ်သားတွေက နဂါးကြီးကို ခြောက်လှန့်နေတာပါ"

ဟု ပြန်ပြောသည်။

"ဘာနဂါးကြီးလဲ"

www.burmeseclassic.com



"ဟိုဟာလေ နေကိုမြိုနေတဲ့ နဂါးကြီးပေါ့"

ဟု ဖြေလိုက်သည်နှင့် သုစန္ဒီက-

"ကျွန်မသိပြီ… နောက်တစ်ကြိမ် နေကြတ်ရင်လဲ ဒီလိုပဲဖြစ်မှာပဲ ရှေးက အယူအဆတွေဟာ အမြဲရှင်သန်နေလိမ့်မယ်။"

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်လာသည်နှင့် အသံမျိုးစုံသည် ရပ်ဆိုင်းသွားသည်။ သုစန္ဒီက-

"သူတို့ လက်မြှောက်သွားကြပြီလား၊"

"မဟုတ်ပါဘူး၊ သူတို့က နေကြတ်ချိန် ဘာမှမကြာဘူးလို့ သိလို့ပါ။"

ထိုအချိန်တွင် ပတ်ဝန်းကျင်၌ အတော်ကိုမှောင်လာပြီး တိတ်ဆိတ်သွားသည်။ ၁၀ မိနစ်ခန့်ကြာသည်ဟု ထင်ရ၏။ ပိုးကောင်များ၊ ငှက်များ၊ ကြက်များနှင့် အချို့တိရစ္ဆာန်တို့ အိပ်တန်းတက်ကြသည်။ အားလုံးဆိတ်ငြိမ်နေသည်။ ဟော်အရှေ့တွင် အလှမွေးထားသော လူယဉ်နေသည့် ဥဒေါင်းနှစ်ကောင်မှ မြက်ခင်းပြင်ပေါ်တွင် အိပ်နေကြသည်။

သို့နှင့် အလင်းရောင်ပြန်ပေါ်လာသည်။ အလင်းရောင်ပြန်ပေါ်လာမှ လောကဓာတ်တစ်ခုလုံး အသက်ဝင်လှုပ်ရှားလာကြသည်။ ဆူညံသောအသံများ ပြုသူများကလည်း သူတို့၏ အစွမ်းအောင်မြင်သည်ဟု ထင်နေကြသည်။ နေကိုမြိုလိုက်သည့် နဂါးကြီးသည် ပြန်၍ထွေးထုတ်လိုက်ပုံရသည်။ နောက်တစ်ကြိမ် မည်သို့သောအခါရောက်မှ ပြန်မြိုလိမ့်မည်မသိပေ။

× × ×

## အခန်း (၇)

မုတ်သုံဦးသို့ ရောက်ခဲ့ပြီ။ မြစ်ရေတို့သည် နမ္မတူမြစ်တွင် ဖြိုးမောက်ပြည့်တင်းလာသည်။ မြစ်ချောင်းလက်တက်များမှတစ်ဆင့် ရေငတ်နေသော လယ်ကွင်းများဆီသို့ ပို့ပေးသဖြင့် ထွန်ယက်ကြရသည်။ လယ်ယာအလုပ်ခွင်ပြီးဆုံး၍ ထွန်းတုံးပိတ်ပြီဆိုလျှင် လူကြီးလူငယ်မရွေး ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ဥပုသ်သီတင်း ဆောက်တည်ကြသည်။ အချို့လည်း တရားစခန်းများတွင် ကမ္မဋ္ဌာန်း၊ ဘာဝနာစီးဖျန်းကြသည်။

အရှေ့ဟော်အနီးရှိ ရွာဘုန်းတော်ကြီးကျောင်းများမှ ခေါင်းလောင်းထိုးသံကို နေ့စဉ်နံနက်တိုင်းကြားနေရသည်။ ပတ်ဝန်းကျင်အနီးအနားမှ လူများကို တရားဘာဝနာစီးဖျန်းရန် ဖိတ်ခေါ်နေသံကဲ့သို့ပင် ဖြစ်တော့သည်။

"မောင်တော် လာမယ့်နှစ်ပတ်လုံး တရားထိုင်မယ်"

ဟု စဝ်ကြာဆိုင်က သူ့မွေးနေ့မရောက်မီရက်များတွင် သုစန္ဒီအား အသိပေးလိုက်သည်။

"မင်းရော မောင်တော်နဲ့အတူ လိုက်မလား၊ အထူးကမ္မဋ္ဌာန်းနည်းပြဆရာတစ်ယောက်ကို မနက်တိုင်း တရားဟောဘို့ ဖိတ်ခေါ်ထားတယ်"

ဟုလည်း မေးလိုက်သည်။ သုစန္ဒီက ချက်ခြင်း မဖြေနိုင်ပေ။ သူ့အနေဖြင့် ကမ္မဋ္ဌာန်းတရားကို မည်သို့ထိုင်ရမည် မသိ၍ ထိုင်နည်းသင်လိုကြောင်း မကြာခဏ ပြောခဲ့သော်လည်း ယခုလို ဗုန်းစားကြီး သူ့မောင်တော်က မေးလိုက်သောအခါ သူ့အဖို့ အသင့်မရှိသေးပေ။ သူ့အနေဖြင့် တရားထိုင်သည်ဆိုသည်မှာ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်ကို ကျေနပ်အောင် ဖြည့်ဆည်းပေးခြင်း မရှိသေးဟု သဘောပေါက်ထားသော်လည်း ထေရဝါဒ ဗုဒ္ဓဘာသာ အယူအဆ အတွေးအခေါ်တို့ကို ကြိုတင်လေ့လာချင်သေးသည်။

သီပေါကိုရောက်ကတည်းက သူ့ပတ်ဝန်းကျင်တွင် တရားထိုင်သူများနှင့် ကြုံတွေ့နေရသည်။ သူတို့၏ ဘာသာရေးယုံကြည်မှုကို မြင်နေရသော်လည်း သူ့အတွက် စဝ်ကြာဆိုင်က သီဟိုဠ်မှ မှာယူထားသည့် ဗုဒ္ဓဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ကျမ်းစာများကိုလေ့လာရသည်ထက် သူ့ပတ်ဝန်းကျင်ရှိ ဗုဒ္ဓဘာသာဝင်တို့မှ ပို၍လေ့လာသင်ယူနိုင်သည်ဟု မြင်သည်။ သူ၏ ပေဟ်နန်းအမှုထမ်းများအနေဖြင့်ကား ကောင်းမှုတစ်ခုကို နေ့စဉ်ပြုနေကြသည်ဟု ထင်ရသည်။ သူတို့က ဆင်းရဲချို့တဲ့သူများကို အဝတ်အထည်အစားအစာနှင့် ကြေးငွေတို့ကို ပေးကမ်းစွန့်ကြဲခြင်းဖြင့် ကုသိုလ်ယူနေကြသည်။ အကူအညီလိုသူများကိုလည်း အကူအညီပေးတတ်ကြသည်။ သို့ဖြစ်၍ သီပေါတွင် မိဘမဲ့ ကလေးသူငယ်များ မရှိပေ။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၅)

လူအိုရုံလည်း မရှိ။ စိတ္တဇဆေးရုံဟူ၍လည်း မရှိပေ။ သီပေါမြို့တွင် ရဟန်းသံဃာအပါး (၅၀၀) နေ့စဉ်ဆွမ်းလောင်းကြသည်။ မြို့သူမြို့သားတို့၏ သဒ္ဓါတရားမှာ အတိုင်းအဆမရှိသဖြင့် သုစန္ဒီအနေဖြင့် သူတို့ကို အံ့သြလေးစားရသည်။ ဤသို့သော ရသမျှကို လှူဒါန်းပစ်နေလျှင် သူတို့ဘဝ ကြီးပွားနိုင်ဦးမည်လားဟုပင် ပူပင်ရပြန်သည်။

ထေရဝါဒဗုဒ္ဓဘာသာမှ သင်ကြားထားသော သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ ဝိမုတ္တိတရားတို့ကို သုစန္ဒီ လေ့လာကြည့်သောအခါ ဒုက္ခသစ္စာတစ်ခုထဲ၌ပင် သူမခေါင်းရှုပ်ရတော့သည်။ ဘဝတစ်ခုဖြစ်တည်လာခြင်းသည် ဒုက္ခဟုဆိုထားရာ သုစန္ဒီအဖို့ ဘာကြောင့်ပါလိမ့်ဟု တွေးနေမိသည်။ တစ်ခါ ဒုက္ခအားလုံး၏ အကြောင်းအရာမှာ သမုဒယဖြစ်၍ ဘဝ၏အစွဲအလန်း အနှောင်အဖွဲ့အားလုံးကို စွန့်ပစ်ရန်ပြထားရာ ဘဝကို မကောင်းသည့်ဘက်မှ မြင်လွန်းသည်ဟု သုစန္ဒီ အထင်ရောက်မိသည်။ သို့ဖြစ်၍ လူတိုင်းလူတိုင်း ရဟန်းဘောင်ဝင်ကြမည်ဆိုလျှင် တစ်ပြည်လုံး မည်သို့ဖြစ်ကုန်မည်နည်း။ ရဟန်းတော်များအတွက် ပစ္စည်းလေးပါး လှူဒါန်းမည့်သူများ ရှိပါဦးမည်လားစသည်ဖြင့် ခေါင်းရှုပ်လာသည်နှင့် သုစန္ဒီက သူ့အတွေးတို့ကို ရပ်ပစ်လိုက်သည်။

"လောလောဆယ်တော့ တရားလိုက်ပြီး အားထုတ်ဖို့ မဖြစ်နိုင်သေးပါဘူး မောင်တော်ရယ်။ နောက်နှစ်များမှပဲ လိုက်ပါတော့မယ်။ အခုတော့ မောင်တော်ပဲ ကျွန်မကို တရားပြန်ပြောပြပေါ့။"

ဟု သုစန္ဒီက ပြောလိုက်သဖြင့် စဝ်ကြာဆိုင်၏မျက်နှာညှိုးသွားသည်။ ယခုကဲ့သို့ သုစန္ဒီဘက်မှ အသင့်မဖြစ်သေးသည်ကို သိရသောအခါ စဝ်ကြာဆိုင်အနေဖြင့် စနိုးစနောင့်ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ သို့သော် သုစန္ဒီအပေါ် ဘယ်ကိစ္စမျိုးတွင်မှ စဝ်ကြာဆိုင်က အတင်းအကြပ် ဖိအားပေးမည်မဟုတ်သည်ကို သုစန္ဒီ ကောင်းကောင်းသိသည်။ စဝ်ကြာဆိုင်ကဲ့သို့ သဘောထားကြီးစွာနှင့် နားလည်မှုပေးနိုင်လွန်းသည့်အတွက် သုစန္ဒီအနေဖြင့် သူ့ကိုယ်သူ အပြစ်ရှိသကဲ့သို့ ခံစားမိသည်။ ဥပမာအားဖြင့် တစ်ခါက သူ့ကို သီပေါမဟာဒေဝီအဖြစ် တင်မြှောက်ရန်ကိစ္စအတွက် စဝ်ကြာဆိုင်က ငြင်းပယ်ခဲ့သည်ကို သူ့အနေဖြင့် အကြီးအကျယ် စိတ်ပျက်ခဲ့ရသကဲ့သို့ ဖြစ်၏။

ဟိုကိုရွာမှ လူကြီးများက သူတို့၏နယ်ရှင်ကို ဘုန်းကြီးပျံပွဲအတွက် လာရောက်ဖိတ်သည်။ သူတို့ရပ်ရွာ၏ယဉ်ကျေးမှုအရ သူတို့ကိုးကွယ်သော ဆရာတော်၏ရုပ်အလောင်းဖြစ်သဖြင့် ဤသို့ လာရောက်ဖိတ်ခြင်း ဖြစ်သည်။ ဟိုကိုဆရာတော်သည် လွန်ခဲ့သည့် (၆) လက ပျံလွန်တော်မူသွားခြင်းဖြစ်သည်။ ဝါတော် (၆၀) ရ ထေရ်ကြီး၊ ဝါကြီးတစ်ပါး ဖြစ်သည်။ ပျံတော်မူကတည်းက အလောင်းတော်ကို ထုံးစံအတိုင်းစီရင်၍ ကျောင်းတွင် အပူဇော်ခံထားခြင်းဖြစ်ပါသည်။ စီမံထားသည့်အတိုင်း ဘုန်းကြီးပျံပွဲ (၃) ရက် ကျင်းပရန် အချိန်ရောက်လာသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နယ်ရှင်စော်ဘွားကြီးကို လာရောက်ဖိတ်ခြင်း ဖြစ်ပါသည်။ စဝ်ကြာဆိုင်က သူ၏ မဟာဒေဝီနှင့်အတူ ဈာပန နောက်ဆုံးရက်တွင် လာရောက်မည်ဟု သဘောတူလိုက်သည်။

သုစန္ဒီအနေဖြင့် ရှမ်းအသုဘအခမ်းအနားများကို တက်ရောက်ဖူးသည်။ သူတို့၏ အသုဘအခမ်းအနားများ သည် ဝမ်းနည်းခြင်းကို ဖုံးကွယ်၍ ပျော်ရွှင်ဖွယ်ရာဆောင်၍ စိတ်ကိုသက်သာစေသည်ဟု သုစန္ဒီ လေ့လာမိသည်။ သူ၏ ဇာတိတိုင်းပြည်မှ ဈာပနအခမ်းအနားများကဲ့သို့ ဝမ်းနည်းဖွယ်မဆောင်ချေ။ ရှမ်းတို့က ကွယ်လွန်သူသည် တစ်ဘဝအတွက် ချုပ်ငြိမ်းပြီး နောက်ဘဝသစ်တွင် တစ်ဖန်ပြန်၍ ရှင်သန်ခြင်းဖြင့် သံသရာလည်သည်ဟုသာ ယုံကြည်ကြသည်။ သို့ကြောင့် သုစန္ဒီက ယခုတက်ရောက်ရမည့် ဘုန်းကြီးပျံပွဲတွင် ပို၍ပင် ထုံးစံအတိုင်း ဆင်နွှဲ ကြမည်ဟု ကြိုတင်ခံစားမိသည်။

သုစန္ဒီ မျှော်လင့်ထားသည့်အတိုင်း ထောင်ပေါင်းများစွာသော ရွာသူရွာသားများသည် ဆရာတော်၏ အလောင်း တော်ပြင်ထားသော လောင်တိုက်ပြာသာဒ်ပတ်လည်တွင် ရွှင်ရွှင်လန်းလန်းပင် ပူဇော်နေကြသည်။ သူတို့တွင် ညှိုးငယ်စွာဖြင့် ဝမ်းနည်းနေသည့် ခံစားမှုမတွေ့ရပါ။ ဆရာတော်ကို ကြည်ညိုသူတို့သည် ပျံလွန်တော်မူ သွားသည့် သူတို့၏ဆရာတော် သက်ရှိထင်ရှားရှိနေသကဲ့သို့ပင် ယခုလည်း အလောင်းတော်ပတ်လည်တွင် ပူဇော် နေကြသည်။ သူတို့၏လက်ထဲမှ ပန်းများဖြင့် ဒူးထောက်၍ ဆရာတော်ကို ကန်တော့ကြသည်။ စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့လည်း ထိုပရိသတ်ကဲ့သို့ပင် ဆရာတော်၏အလောင်းတော်ကို ပူဇော်သည်။ ဟိုကိုရွာမှ သက်ကြီးရွယ်အို များက ပါဠိဘာသာဖြင့် ရွတ်ဆိုရှိခိုးကြသည်။ ထိုရွတ်ဆိုသံများသည် နံနက်ခင်းလေပြေနှင့်အတူ ပတ်ဝန်းကျင် တောထဲမှ သစ်ပင်ထိပ်များပေါ်သို့ ပျံလွင့်သွားကြသည်။

ထိုသို့ဆရာတော်၏ အလောင်းတော်ကို စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့ ပူဇော်ကန်တော့ပြီးနောက် သူတို့အား ရွာသားများအပတ်ပေါင်းများစွာ ဝါးဖြင့်ကြိုးကျစ်နေသည့်နေရာသို့ ခေါ်ဆောင်သွားသည်။ ထိုဝါးကြိုးများသည်



ဘုန်းကြီးပျံ

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးပျံအလောင်းတော် တင်ဆောင်မည့်လှည်းကို ဆွဲရန် ဖြစ်သည်။ စော်ဘွားကြီး စဝ်ကြာဆိုင်အား ပေ (၆၀၀) ရှိသည့် ဝါးကြိုးလေးပင်၏အဆုံးကို ကိုင်ခိုင်းသည်။ အနီးပတ်ဝန်းကျင်ရွာများက ထိုဝါးကြိုးများကို ကျစ်ရန် တာဝန်ယူရသည်။ ရွာသားများက ဘုန်းကြီးပျံတွင် ဖျော်ဖြေမှုအတွက် နောက်ခံဆိုင်းတီးပေးနေကြစဉ် အမျိုးသမီးများက ချက်ပြုတ်ကြရသည်။

အလောင်းတင်ပြဿဒ်လှည်း၏ အရှေ့နှင့် အနောက်ကို ကြိုးနှစ်ပင်စီ ချည်ထားသည်။ ပျံတော်မူသွားသည့်ဆရာတော်ကြီး၏ အခေါင်းတော်ကို အပူဇော်ခံထားရာမဏ္ဍပ်မှ ပင့်ဆောင်၍ မီးလောင်တိုက်သို့ သယ်ဆောင်ရန် အလောင်းတင်ပြဿဒ်လှည်းပေါ်သို့ တင်ကြသည်။ မီးလောင်တိုက်မှာ အနည်းငယ်မြင့်သော တောင်ကုန်းပေါ်တွင်ရှိသည်။ လောင်တိုက်ပေါ်၌ ပိတ်ဖြူစဖြင့် ငှက်ချေးခံပြုလုပ်ထားသည်။

ကြည့်နေသည့် စော်ဘွားကြီး စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့သည် မမျှော်လင့်သည့်မြင်ကွင်းကို မြင်လိုက်ရသည်။ ခွန်နှင့်အားနှင့် ယောကျ်ားများက အလောင်းပြဿဒ်တော်တင်လှည်း တစ်ဖက်တစ်ချက်မှ ကြိုးစကို ဆွဲလိုက်သည်နှင့် လက်ဖြစ်အမြောက်သံကြားသောအခါ တစ်ဖက်တစ်ချက် လွန်ဆွဲသကဲ့သို့ ဆွဲကြတော့သည်။ ဟိုဘက်သည်ဘက် အားသန်သည့်ဆွဲရာဘက်သို့ အလောင်းတင်ပြဿဒ်လှည်းသည် ပါလိုက်နေသည်။ ဤသို့ အလောင်းတော်လုပွဲကို ပရိသတ်က စိတ်ဝင်တစား အားပေးနေကြသည်။ ဝင်ဆွဲရန် နေရာမရလိုက်သည့် ယောကျ်ားများနှင့် မိန်းမများအပါအဝင် ကလေးသူငယ်များသည် အော်ဟစ်၍ တပျော်တပါး အားပေးကြသည်။ ထိုကဲ့သို့ ပြုလုပ်နေကြသည်မှာ (၁) နာရီခန့် ကြာသွားသည်။ နောက်ဆုံးတွင် အလောင်းတင်ပြဿဒ်လှည်းသည် လောင်တိုက်အနီးသို့ ရောက်သွားတော့၏။ စဝ်ကြာဆိုင်က ဤကဲ့သို့ ကြိုးဖြင့်ဆွဲ၍ အားပြိုင်ခြင်းသည် ပျံတော်မူသည့်ဆရာတော်၏ ရုပ်နာမ်နှစ်ပါး အားပြိုင်မှု ကာမတရားကို ကိုယ်စားပြုခြင်းဖြစ်သည်ဟု သုစန္ဒီအား ရှင်းပြသည်။ သုစန္ဒီက တစ်ဖက်ဖက်မှနိုင်သွားလျှင် မည်သို့ဖြစ်မည်နည်းဟု တွေးလိုက်မိသည်။ သို့သော် ဘာမေးခွန်းမျှ မမေးရန် ဆုံးဖြတ်လိုက်၏။

တစ်နေ့တွင် သုစန္ဒီသည် ပန်းခြံအတွင်းမှပြန်လာစဉ် ရှမ်းလူကြီးလူကောင်း တစ်ဒါဇင်လောက် သူ့မောင်တော်၏ရုံးခန်းမှ ထွက်လာသည်ကို မြင်လိုက်သည်။ သူတို့ကြည့်ရသည်မှာ မကျေမနပ်ဖြစ်နေပုံရ၏။ ယခင်က သူ့မောင်တော်ရုံးခန်းမှ ထွက်လာသည့်ဧည့်သည်တော်များသည် ပျော်ရွှင်ကြည်နူးစွာ ထွက်လာကြသည်ကို မြင်ခဲ့ရပေါင်းများသဖြင့် ယခုအကြိမ်ပင် မည်ကဲ့သို့ အကြောင်းများကြောင့်နည်းဟု တွေးလိုက်မိသည်။ ထို့ကြောင့် သူသည် ဟော်ရှိပြင်သစ်ဟန်တံခါးကြီးကို ဖွင့်လိုက်ပြီး မောင်တော်၏ စာကြည့်ခန်းထဲသို့ ဝင်သွားလိုက်သည်။ သုစန္ဒီက ဘာမျှ မမေးလိုက်သေးမီပင် စော်ဘွားကြီးက -

"ကိုယ့်ဘက်က ငြင်းလိုက်တဲ့ကိစ္စကိုပဲ သူတို့လာပြောနေကြပြန်ပြီ။"

ဟု ပြောလိုက်၍ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုက်လိုက်ပြီး လက်ပိုက်လျက် တစ်ထောင်နှစ်ဖက်လုံးကို စားပွဲစွန်းတွင် မေးတင်ထားသော သုစန္ဒီသည် သူ့မောင်တော်ကို စေ့စေ့ကြည့်ပြီး -

"ဒီတော့ မောင်တော်ရဲ့အဖြေကလည်း အရင်အတိုင်းပဲ မဟုတ်လား။"

ဟု မေးလိုက်သည်။ စော်ဘွားကြီးက သူ့ကိုယ်ကိုကိုင်းပြီး သုစန္ဒီလက်ဖဝါးလေးကို ဆုပ်ကိုင်ရင်း သူ့မျက်နှာကို စေ့စေ့ကြည့်၍ -

"မင်းကလည်း ဘိသိက်မင်္ဂလာကို တစ်ကယ်ဖြစ်စေချင်လို့လား။"

"ဖြစ်စေချင်တာပေါ့ မောင်တော်ရယ်။ သာမန်မင်္ဂလာအခမ်းအနားမျိုးဆိုရင် ဘယ်လောက်ပဲ ကြီးကျယ်ပါစေ ကျုမအတွက် မလိုအပ်ဘူးဆိုတာ မောင်တော်သိပါတယ်။ ဒါပေမယ့် အခုကိစ္စက အမိပ္ပာယ်တစ်မျိုးလေ။"

"ဒါပေမယ့် သုစန္ဒီဟာ မောင်တော့်မဟာဒေဝီဆိုတာ လူတိုင်းသိပြီးသားပဲ။ အထူးပြောစရာ မလိုပါဘူး။ ဒီတော့ မလိုအပ်ဘဲနဲ့ ဒီအခမ်းအနားတွေကို ဘာကြောင့်လုပ်တော့မှာလဲ။"

"လိုအပ်တယ် မောင်တော်။ ဘာကြောင့်လဲဆိုတော့ သီပေါနယ်သူနယ်သားတွေအတွက် ဒီအခမ်းအနား

www.burmeseclassic.com

www.burmeseclassic.com



ဟာ မဟာဒေဝီဘွဲ့ကို တရားဝင်ပေးတာဖြစ်လို့ သူတို့အတွက် အရေးပါသလို ကျွန်မအတွက်လည်း အရေးကြီးတယ်။ ဟုတ်တယ် မောင်တော်။ သီပေါနယ်သူနယ်သားတွေဟာ သူတို့အရှင်ရဲ့ ကြီးကျယ်တဲ့အခမ်းအနားတွေမှာ သူတို့ကိုယ်တိုင် ပါဝင်ချင်သလို ပါဝင်ဖို့လည်း သူတို့မှာ အခွင့်အရေးရှိတယ်လေ။ ကျမဟာ မောင်တော့်ဘေးမှာ ထာဝရ ရှိနေပါ့မယ်ဆိုတာကို အဲဒီအခမ်းအနားနဲ့ သူတို့တွေရှေ့မှာ ကျမက ပြချင်တယ်။"

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၆)

စဝ်ကြာဆိုင်သည် သုစန္ဒီထံမှ မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် သူထိုင်နေသည့် ကုလားထိုင်နောက်ကျောသို့ ပစ်၍မှီလိုက်သည်။ အလွန်အကြူး ခမ်းခမ်းနားနားကျင်းပတတ်သော အတိတ်မှ မင်းခမ်းမင်းနားတို့ကို စဝ်ကြာဆိုင်က အဓိပ္ပါယ်မဲ့သည်ဟု ယူဆထားသည်။ ထို့ကြောင့် ပြန်လည်အသက် မသွင်းလိုတော့ပါ။ သူ့မဟာဒေဝီ သုစန္ဒီသည်လည်း သူနှင့် စိတ်တူကိုယ်တူပင် ရှိလိမ့်မည်ဟု စဝ်ကြာဆိုင်က ထင်မှတ်ခဲ့၏။ ယခုမူ သူနှင့် ဆန့်ကျင်ဘက် ဖြစ်နေပါကလား။

ထိုင်နေရာမှပင် စဝ်ကြာဆိုင်က ပြတင်းအပြင်ဘက်သို့ ကြည့်လိုက်သည်။ မြောက်ပြန်လေကြောင့် ယိမ်းထိုးနေသော ဧရာမညောင်ပင်အိုကြီးကို မှန်ပြတင်းမှ မြင်လိုက်ရသည်။ ညောင်ပင်အိုကြီးသည် ရွက်နုတို့ဖြင့် ဝေနေသည်။ ပြတင်းမှဝင်လာသည့် လေပြေလေညင်းများကြောင့် သူ့အနေနှင့် ပြန်၍ လန်းဆန်းလာသလို ခံစားရသည်။ ညောင်ပင်ကြီးသည်ပင် အစဉ်တစိုက်မပြောင်းမလဲမနေဘဲ ရွက်အိုတို့ကြွေ၊ ရွက်နုဝေသည့် ပြောင်းလဲခြင်းမျိုး ဖြစ်သေးလျှင်ဟူသော ဒဿနကို တွေးမိသည်။ ထို့ကြောင့်သူသည် ပဒေသရာဇ်အတိတ်ကို မေ့ထားပြီး သာမန်လူတစ်ဦးကဲ့သို့ ကျင့်ကြံခြင်းမှာ အစဉ်အလာကို မလေးစား မလိုက်နာဖြစ်နေသည်ဟုလည်း တွေးမိပြန်သည်။ သူ့နယ်သူနယ်သားတို့သည် အတိတ်မှ ရုန်းမထွက်နိုင်ကြ၊ ပဒေသရာဇ်အစဉ် အလာဟောင်းတို့ကို ငြိတွယ်နေဆဲ၊ တမ်းတနေဆဲပါလားဟု အသိဝင်လာသည်။ သို့ဆိုလျှင် သူတို့တွင် အစဉ်အလာ ထိန်းရန် တောင်းဆိုပိုင်ခွင့် ရှိပေလိမ့်မည်ဟုလည်း တွေးမိပြန်သည်။

ရုံးခန်းအပြင်တွင် အစောင့်တာဝန်ကျနေသော ဇင်းနားကို ခေါ်လိုက်ပြီး -

"ခုနကထွက်သွားတဲ့ လူကြီးများကို ချက်ချင်းလိုက်သွားပြီး ပြန်လာခဲ့လို့ ပြောလိုက်။"

ဟု ပြောလိုက်သည်။ သုစန္ဒီသည် နားမလည်သော မျက်လုံးဝိုင်းကြီးများဖြင့် သူ့အားကြည့်နေသည်ကိုလည်း သိလိုက်၏။ သုစန္ဒီ၏မျက်လုံးထဲတွင် မေးခွန်းပေါင်းများစွာ ရှိနေသည်ကို မြင်လိုက်သည်။

"မောင်တော် စိတ်ပြောင်းသွားပြီ သုစန္ဒီ၊ မောင်တော်ကို မင်းက စိတ်ပြောင်းပေးလိုက်တာ။"

ဟု ပြောလိုက်သည်။ ရုတ်တရက်ပြောင်းလဲသွားသော စဝ်ကြာဆိုင်၏ ဆုံးဖြတ်ချက်ကြောင့် သုစန္ဒီရင်ထဲတွင် ဆို့နင့်၍ ဝမ်းသာဝမ်းနည်းဖြစ်သွားပြီး စကားပင် မပြောနိုင်ချေ။

သို့ဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှာ အဆင့်ဆင့်သော အစိုးရအဖွဲ့အစည်းများသာမက သီပေါနယ်သူနယ်သားများက သူ့ကို သီပေါနယ်၏မဟာဒေဝီအဖြစ် အသိအမှတ်ပြုကြရတော့မည်ပါတကားဟု သုစန္ဒီစိတ်ထဲတွင် ဖြစ်ပေါ်လာသည်။ သူ၏မောင်တော်အနေဖြင့် သူ့အပေါ် ယုံကြည်အားကိုးစိတ်ရှိလာကာမူ

www.burmeseclassic.com

www.burmeseclassic.com



သီပေါစော်ဘွားကြီးနှင့်မဟာဒေဝီတင်မြောက်သည့်ပုံ



မဟာဒေဝီတင်မြောက်ပွဲမှ ဧည့်သည်တော်များ

www.burmeseclassic.com

www.burmeseclassic.com



ဤဒေသတွင် သူကား နိုင်ငံခြားသူမျက်နှာစိမ်းတစ်ယောက်သာဖြစ်သည်ဟူသော အတွေးဖြင့် သူ့ကိုယ်သူ မဝံ့မရဲ မလုံမခြုံသလို မမြဲခံစားနေရသည်ဖြစ်ရာ မောင်တော်တာဝန်ဖြင့် ဟော်တွင်မရှိသည့်အခါ ညများ၌ သူ့အဖို့ အိပ်မပျော်သောညများ ဖြစ်ခဲ့ရပေါင်း များလှပါပြီ။

နောက်တစ်နေ့မှစ၍ အရှေ့ဟော်တွင် စုစုရုံးရုံး လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။ အားလုံးက ဝမ်းမြောက် ဝမ်းသာ စိတ်ပါလက်ပါ ဖြစ်နေကြ၏။ ဝေဒပညာရှင် ဆရာဦးဘဟန်ရောက်လာပြီး မဟာဒေဝီ တင်မြှောက်ခံ ရတော့မည့် သုစန္ဒီ၏ဇာတာနှင့် ဂြိုလ်စီးဂြိုလ်နင်းတို့ကို သေသေချာချာ စစ်ဆေးခဲ့သည်။ မဟာဒေဝီတင်မြှောက်ရန် နေ့အဖြစ် တန်ဆောင်မုန်းလဆန်း (၁၁)ရက်နေ့ကို နေ့ကောင်းနေ့မြတ်အဖြစ် အခါတော် ပေးခဲ့သည်။ ဘိသိက်သွန်း မင်္ဂလာအခမ်းအနားအတွက် ပြင်ဆင်ကြရတော့သည်။

သို့သော် ယခုကျင်းပမည့် ဘိသိက်မင်္ဂလာမှာ သီပေါနယ်သူနယ်သားတို့အတွက်သာ အဓိကရည်ရွယ်သဖြင့် အခြားစော်ဘွားများ၊ ပြည်နယ်အစိုးရနှင့် ဗဟိုအစိုးရအဖွဲ့ဝင် အရာရှိကြီးတို့ကို မဖိတ်ကြားတော့ဘဲ အသိပေးရုံမျှ သာပေးရန် စဝ်ကြာဆိုင်က ဆုံးဖြတ်ခဲ့သည်။ ဘိသိက်အခမ်းအနားနှင့် ပတ်သက်သော စီရင်ဆောင်ရွက်ဖွယ်ရာ ကိစ္စများကို အကြီးတန်းအရာရှိတစ်ယောက်နှင့်သာ မျက်နှာလွှဲထားလိုက်သည်။

နောက်တစ်နေ့တွင် အရှေ့ဟော်နန်းကြီး ဧည့်ခန်းဆောင်၌ မန္တလေးနှင့် အခြားမြို့များမှ ရောက်လာကြသော ရတနာကုန်သည်တို့၏ ရွှေ၊ ငွေ၊ စိန်၊ ကျောက်၊ နီလာ၊ ပတ္တမြား၊ လက်ဝတ်လက်စားနှင့် အထည်ကုန်သည်တို့၏ ပိုးဖဲကတ္တီပါ အဝတ်အထည်များ လျှိုင်းထနေတော့သည်။ ပန်းတိမ်ဆရာများ၊ ဒီဇိုင်နာများ၊ မင်းခမ်းမင်းနားကျင်းပပုံ သိသော ရှေ့မှီနောက်မှီပုဂ္ဂိုလ်များတို့ဖြင့် စည်ကားနေလေသည်။ မဟာဒေဝီအဖြစ် တင်မြှောက်ခံရမည့် သုစန္ဒီအတွက် လိုအပ်ချက်အလုံးစုံကို ဖြည့်ဆည်းပေးနေကြရသည်။

ဤကိစ္စမျိုးတွင် အစ်မတော် နန္ဒာသည် သုစန္ဒီအတွက် အားကိုးအရဆုံး ဖြစ်သည်။ အစ်မတော်ဘုရား၏ အကူအညီဖြင့် အခမ်းအနားတွင် ဝတ်ဆင်ရမည့် လက်ဝတ်ရတနာများ၊ ပိုးဖဲကတ္တီပါ၊ ဝတ်လဲတော်များကို အမျိုးမျိုး ရွေးချယ်ခဲ့ရသည်။ ထီးရုံနန်းရုံတို့၏ အဆင်အယင် အထုံးအဖွဲ့လည်း မပျက်ပြားစေရ၊ ခေတ်မျက်စိနဲ့လည်း ဆီလျော် သည့် အဝတ်ဒီဇိုင်းနှင့် အရောင်အသွေးတို့ကို အစ်မတော်ဘုရားက ရွေးချယ်ဆင်ယင်ပေးသည်။ သုစန္ဒီအနေဖြင့် အဖြူခံပေါ်တွင် ငုဝါနှင့် ပန်းရောင်ရင့်ရင့် ဒီဇိုင်းကို အတည်ပြုပေးလိုက်သဖြင့် မန္တလေးတွင်ဆင်း၍ ချုပ်လုပ်ကြ ရသည်။ မန္တလေးပိုးထည်များက ရှမ်းပြည်မှ ပိုးထည်တို့ထက် အကွက်အဆင်ဆန်းသလို အသားလည်းကောင်း သည်။ အထည်ရက်လုပ်သူသည် ဤသို့သောအရောင်အသွေးနှင့် အဆင်အမျိုးမျိုးတို့ကို နောင်တွင်တူအောင်ပင် ပြန်ရက်လုပ်နိုင်ကြမည် မဟုတ်ပေ။ မကြာမီပင် မန္တလေးမှ ယူလာသော အဝတ်အထည်များ ရောက်လာသည်နှင့် သုစန္ဒီအဖို့ အစမ်းဝတ်ကြည့်ရ၏။ နန်းဝတ်နန်းစားနှင့် အံဝင်ခွင်ကျမရှိသေးသော သုစန္ဒီအဖို့ နေရထိုင်ရ ခက်နေ သည်။

"မိုးအေးရေ ငါဘယ်လိုလုပ်ရမလဲ၊ လမ်းလျှောက်လို့တောင် မရတော့ဘူးဟ။"

ဟု ပြောလိုက်ရာ မမိုးအေးက -

"ခဏလေ့ကျင့်လိုက်ရင် အဆင်ပြေသွားမှာပါဘုရား။"

ဟု ပြန်လျှောက်ထားလိုက်သည်။ မမိုးအေးသည် သုစန္ဒီကို ဝတ်ဆင်ရမည့် ဖြန့်ထမီ အနားခတ်လျှောက်ပုံ ကို စိတ်ရှည်လက်ရှည် သင်ပေးသည်။

"သခင်မသာ မဟုတ်ပါဘူး ဘုရား၊ အရင့်အရင်က မဟာဒေဝီများလည်း နန်းတွင်းသူအဝတ်အစားနဲ့ စိမ်းနေလို့ လေ့ကျင့်ရတာပါပဲ ဘုရား။"

ဟု မမိုးအေးက အားပေးလျှောက်ထားလိုက်သည်။

အခမ်းအနားအတွက် တာဝန်ခံအကြီးတန်းအရာရှိ ဦးခွန်ထွန်းကလည်း နေ့တိုင်းပင် အရှေ့ဟော်နန်းသို့လာ၍

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကြီးငယ်တို့ကို သုစန္ဒီနှင့် တိုင်ပင်နေရသူဖြစ်ရာ တစ်နေ့တွင် သုစန္ဒီက ဧည့်သည်တော်လူဦးရေ မည်မျှဖိတ်ထားကြောင်း သိလို၍ မေးကြည့်ရာ (၅၀၀) သာ ဖိတ်ထားကြောင်း သိလိုက်ရသည်။ ဤသို့ ပြန်လျှောက်ထားရသည့် ဦးခွန်ထွန်း၏ မျက်နှာမှာ မအီမသာရှိနေသည်။ သုစန္ဒီက -

"ကျွန်မကြားသိရသလောက် အရေးကြီးတဲ့ပုဂ္ဂိုလ် အတော်များများဆီကို ဖိတ်စာမရောက်သေးဘူးတဲ့ ဦးခွန်ထွန်းရဲ့။"

"မှန်ပါ့ဘုရား၊ ဤကိစ္စစီစဉ်ဖို့ ကျွန်တော်ကို ခွင့်ပေးသနားစေချင်ပါတယ် ဘုရား။ ဘာဖြစ်လို့လဲဆိုရင် ဘိသိက်မင်္ဂလာအခမ်းအနားအတွက် အရှေ့ဟော်နန်းမှာ အထူးဧည့်သည်တော် (၅၀၀) လောက်အတွက်ပဲ နေရာရှိပါတယ်ဘုရား၊ နောက်ထပ် ဖိတ်ကြားရမည့် လူပေါင်း (၁၀၀၀) ရှိနေသေးတဲ့အတွက် အားလုံးကို ဖိတ်ဖို့ရန် မဖြစ်နိုင်ပါဘုရား၊ နောက်ပြီး ဘိသိက်မင်္ဂလာအခမ်းအနား ပြီးဆုံးသွားရင် (၇) ရက် (၇) လီ ပျော်ပွဲရွှင်ပွဲတွေ၊ ဧည့်ခံပွဲတွေ ကျင်းပရဦးမှာပါဘုရား၊ ဒီတော့ အဲဒီပွဲတွေကျမှ ကျန်တဲ့ပုဂ္ဂိုလ်တွေကို ကျွန်တော်မျိုး ဖိတ်ကြားပါရစေပါဘုရား။"

ဟု လျှောက်ထားလိုက်သည်။

"ကောင်းပြီ၊ ဒီလိုဆို ဦးခွန်ထွန်းပဲ စီစဉ်လိုက်ပါတော့။"

ဟု သုစန္ဒီက ပြန်ပြောလိုက်သည်။

ထိုနေ့ထိုရက်မှစ၍ သီပေါနယ်တစ်နယ်လုံး ရွာစေ့၊ အိမ်စေ့သာမက ဘုန်းကြီးကျောင်းများတွင်ပါ အခါအားလျော်စွာ လူစုမိတိုင်း မကြားမီကျင်းပတော့မည့် သီပေါမဟာသီ မဟာဒေဝီတင်မြှောက်ရေး အကြောင်းကိုသာ ပြောနေကြတော့သည်။ မည်သို့သောသူများကို ဖိတ်ထားကြောင်း၊ လူများသာမက နတ်များကပါ ဝမ်းမြောက်ဝမ်းသာနေ၍ အတိတ်နိမိတ်များ ပြခဲ့ကြောင်း၊ မဟာဒေဝီသုစန္ဒီ မည်ကဲ့သို့ အဝတ်အစားဝတ်ဆင်မည်၊ နန်းစဉ်ရတနာများကိုလည်း မည်ကဲ့သို့ ဆင်သမည့်အကြောင်းသာ ပြောဆိုနေကြလေတော့သည်။ နို့ဝင်ဘာလ၏ မိုးတိမ်တို့မှ ကြည်စင်သော နံနက်ကာလချမ်းမြမြတွင် သီပေါမဟာဒေဝီတင်သည့် ဘိသိက်မင်္ဂလာသဘင်ကြီး ဖွဲ့ချီးကျင်းပရန် အတွက် အရှေ့ဟော်နန်းကြီးတစ်နန်းလုံး အဆင်သင့်၊ အရန်သင့် ဖြစ်နေလေပြီ။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၇)

အရှေ့ဆောင်၊ အောက်ထပ် တစ်ထပ်လုံးကို ရှင်းလင်းလိုက်ပြီး၊ ပါကေးကြမ်းပြင်ပေါ်၌ ကော်ဇောကြီးများ အပြည့်ခင်းထားသည်။ စော်ဘွားကြီးတို့စံမြန်းရာရှေးကအသုံးဆောင်တစ်ခုဖြစ်သော ရွှေဘိန်းချသလွန်တော်ပေါ်တွင် ကတ္တီပါနီရဲရဲ မွေ့ရာကို တင်ထားသည်။ သလွန်၏တစ်ဖက်တစ်ချက်တွင် ထီးဖြူတော်နှစ်လက်စီ ဖွင့်ထား၏။ ဤကဲ့သို့ မင်းခမ်းမင်းနားများသည် ယခင်စော်ဘွားကြီး စဝ်ခွန်ဆိုင် စံမြန်းတော်မူခဲ့သော သီပေါဟော်နန်းကြီးနှင့်သာ လိုက်ဖက်ပေမည်။ သို့သော် ထိုဟော်နန်းကြီးမှာ ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးခဲ့ရသည်။ ယခုအခါ အရှေ့ဟော်နန်းဖြစ်သော ခေတ်သစ်အဆောက်အဦးနှင့် အထက်ပါအခင်းအကျင်းများမှာ မလိုက်ဖက်တော့သဖြင့် စော်ဘွားကြီး စဝ်ခွန်ဆိုင်က ထီးဖြူများကို ဖယ်ရှားပစ်လိုက်သည်။

မဟေသီဘိသိက်အခမ်းအနားသည် နေ့လည် (၁) နာရီတွင် ကျင်းပမည်ဖြစ်သော်လည်း ဖိတ်ကြားထားသော ဧည့်သည်တော်များက နံနက်ခင်းကပင် တစ်ဖွဲဖွဲလာရောက်နေကြသဖြင့် ကြိုဆိုဧည့်ခံမှုကို စောစောကတည်းကပင် စတင်ခဲ့ကြရသည်။

နံနက် (၁၀) နာရီမှစ၍၊ မဟာဒေဝီလောင်းလျာ သုစန္ဒီကို ဖီးလိမ်းပြင်ဆင်ပေးနေကြသည်။ မမိုးအေး အပါအဝင် ဆွေတော်မျိုးတော်များ သီပေါဟော်နန်းမှ အစိုးရအဖွဲ့ဝင်တို့၏ ဇနီးမယားများတို့က သုစန္ဒီကို ဝိုင်းအုံ၍ ပြင်ဆင်ပေးနေကြ၏။ သုစန္ဒီ၏ဆံပင်ကို အချို့ကမဟာဆန်ဆန် ဆံထုံးထုံးသူကထုံး၊ အချို့က လက်ဝတ်လက်စား ဆက်သဆင်ယင်ပေးသူကပေး၊ အင်္ကျီထမီဆင်သူကဆင်၊ နဂိုလှပြီးသောမျက်နှာကို အလှချယ်သူကချယ်နှင့် မဟာဒေဝီ၏ အိပ်ခန်းဆောင်ကြီးထဲတွင် အမျိုးသမီးများ တရုန်းရုန်း ရှိနေကြသည်။

မဟာဒေဝီသုစန္ဒီကို ဖီးလိမ်းပြင်ဆင် ဝတ်စားဆင်ယင်ပေးပြီးသောအခါ သုံးဘက်မြင်မှန်ကြီးရှေ့၌ သူ့ကိုယ်သူ ပြန်၍ ရှုစားစေသည်။

ပန်းရင့်ရောင် ရင်စေ့အင်္ကျီ၊ အဖြူခံပေါ်တွင် ရွှေဖလားရောင်နှင့် ဒေါင်းမြီးကွက်ဖောက်ထားသော ပြန့်ထမီတို့ကို ဆင်ယင်ပေးသည်။ ပြန့်ထမီနှင့် ကဒေါင်းတံဆိပ် ပန်းနုရောင်ခါးစည်းကြိုးကို ဝတ်ဆင်ထားပြီး စိန်ဘယက်၊ စိန်လက်ကောက်နှင့် အခြားလက်ဝတ်ရတနာတို့မှာလည်း ဖြိုးဖြိုးလက်လက် တောက်ပနေ၍ သုစန္ဒီမှာ ဒဏ္ဍာရီပုံပြင်ထဲက မင်းသမီးလေးတစ်ပါးနှယ် ဖြစ်သွားရလေသည်။ နန်းမူနန်းရာအပြည့်ဖြင့် မဟာဆန်ဆန် လှပနေသော သုစန္ဒီကို၊ တစ်ခါကစက်ဘီးနှင့် ကျောင်းသွားခဲ့သူ၊ ဖခင်နှင့်အတူ တောင်စွယ်တောင်တန်းကြီးများအပေါ် စွန့်စားသွားလာခဲ့သူ၊ ဩစတြေးလျနိုင်ငံသူလေးတစ်ယောက်မှ ဟုတ်ပါလေစဟု အံ့သြကြရပြန်သည်။

သုစန္ဒီသည် ပရိသတ်ရှေ့သို့ ချက်ခြင်း မထွက်ရဲသေးပေ။ ရိုးရှုံ့စိတ်က သူ့ခြေလှမ်းတို့ကို တွန့်သုတ်

www.burmeseclassic.com

www.burmeseclassic.com



စေသည်။ မောင်တော်စဝ်ကြာဆိုင်နှင့်အတူ ဘဝကိုဖြတ်သန်းရင်း ပျော်ရွှင်ခဲ့ရသည်များရှိသကဲ့သို့ ဝမ်းနည်းပူဆွေးခဲ့ရသည်များလည်း ရှိခဲ့သည်။ အခက်အခဲများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။ မည်သို့သော အခြေအနေနှင့် ရင်ဆိုင်ရစေကာမူ မောင်တော်နှင့်အတူ ထာဝရနေရန် သူ့အနေဖြင့် ဆုံးဖြတ်ခဲ့ပြီးဖြစ်ရာ ယခုကိစ္စတွင်လည်း နောက်တွန့်စရာအကြောင်းမရှိဟူ၍ တွေးရင်း ကိုယ့်ကိုကိုယ် အားပေးရပြန်သည်။ ထိုအချိန်မှာပင် စောစောက အပြင်ထွက်ပြီး စုံစမ်းလိုက်အုံးမည်ဆိုသော မမိုးအေးတစ်ယောက် အခန်းထဲသို့ ပြန်ဝင်လာသည်။

"မဟာဒေဝီ မဘုရား၊ တော်ဘုရားက ဘိသိက်မင်္ဂလာပွဲကို ထွက်ဖို့ အသင့်စောင့်နေပါပြီဘုရား"

ဟု လျှောက်ထားလိုက်သည်။ သုစန္ဒီသည် ရုတ်တရက် ခြေဖျားလက်ဖျားများပင် အေးစက်သွားသည်။ မင်းပရိသတ် ရှေ့မှောက်သို့ ယခုလို နန်းဝတ်နန်းစားနှင့် ထွက်ရမည်ဆိုသောအခါ ကြောက်စိတ်၊ ရွံ့စိတ်၊ ရှက်စိတ်များက ပြန်ပေါ်လာပြန်သည်။

"မမိုးအေး··· ငါ့ကို ကြည့်စမ်းပါအုံးဟယ်··· အဆင်မှပြေရဲ့လား···"

"ကြည့်လို့ကောင်းပါတယ်ဘုရား၊ မဟာဒေဝီ မဘုရားဟာ လမင်းကြီးလိုလည်း လှပါပေတယ်။ ကြယ်တာရာတွေလိုလည်း လှပါပေတယ်ဘုရား"

မမိုးအေး၏ အားပေးလျှောက်ထားချက်ကြောင့် သုစန္ဒီအဖို့ အနည်းငယ် စိတ်သက်သာရာရလိုက်သည်။ အခြေအနေအရပ်ရပ်ကိုသိသော သုနန္ဒာက သုစန္ဒီကိုဆွဲ၍ စဝ်ကြာဆိုင်ထံ ခေါ်သွားသည်။ သုစန္ဒီကို စဝ်ကြာဆိုင်က မြင်သည့်တစ်ခဏ အံ့သြမှင်တက်မိစွာနှင့် သူ့ချစ်သူကို သူတစ်ခါမျှ မမြင်ဘူးသကဲ့သို့ ငေးကြည့်နေမိသည်။

"သုစန္ဒီ၊ အချစ်ကလေးရယ်··· မင်းဟာ တစ်ကမ္ဘာကို နတ်သမီးလေးတစ်ပါးပါပဲ။"

ဟု ဆိုလိုက်မိသည်။ ပြီးနောက် သုစန္ဒီလက်ကိုချိတ်လျက် လှေကားထစ်များမှ တစ်ထစ်ခြင်းဆင်း၍ မင်းပရိသတ်ကြီးဆီသို့ နှစ်ပါးတူယှဉ်တွဲပြီး လျှောက်လှမ်းသွားလေသည်။

စော်ဘွားစဝ်ကြာဆိုင်သည် အဖြူရောင်ပိုးထည် ရှမ်းရိုးရာဝတ်စုံကို ဝတ်ဆင်ထားသည်။ ပန်းနုရောင် ပိုးပုဝါကို ခေါင်း၌ပေါင်းထားသည်။ အပြင်အင်္ကျီအတွင်းမှ လည်ကတုံးအင်္ကျီအပေါ်ဆုံး ကြယ်သီးပေါက်တွင် ရဲရဲနီနေသော ပတ္တမြားကြယ်သီးတစ်လုံးကို တပ်ဆင်ထားသည်။ ဧည့်ပရိသတ်အပေါင်း၏အကြည့်များမှာ သုစန္ဒီအပေါ်တွင်သာ ဖြစ်သည်။ နန်းဝတ်နန်းစားနှင့် လိုက်ဖက်လှပလှသော ဥရောပသူ မဟာဒေဝီကို တအံ့တသြနှင့် ချောမောလှပ၍ နန်းဆန်လှကြောင်း ချီးကျူးပြောဆိုနေကြပြန်သည်။ သလွန်တော်ပေါ်တွင် သီပေါဟော်နန်း၏ အရှင်နှစ်ပါး ကြွလှမ်း၍ နေရာယူပြီးသည်နှင့်တစ်ပြိုင်နက် ထုံးတမ်းစဉ်လာအတိုင်း နန်းသုံးဂီတသံဖြင့် အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

အခမ်းအနားမှူးက လက်မြှောက်၍ အချက်ပြလိုက်သောအခါ တူရိယာသံများ ရုတ်တရက် တိတ်ဆိတ်သွားလေသည်။ ဘိသိက်တော်ဆက်က မတ်မတ်ရပ်ကာ ပေပုရပိုက်ကိုဖွင့်၍ အောင်မြင်ခန့်ညားသောအသံဖြင့် -

"သီပေါနယ် ရေမြေတို့ကို အစိုးရတော်မူသော စော်ဘွားကြီးစဝ်ကြာဆိုင်သည် ထီးဖြူရိပ်မွှား ရွှေလင်ဗန်းနှင့် အချင်းဆေး၍ တော်ဝင်နန်းမျိုး သတိုးအနွယ်မှ ပေါက်ဖွားကြီးပြင်းလာသူ ဖြစ်သည်နှင့်အညီ သီပေါဟော်နန်းကို ထိုက်တန်စွာ ဆက်ခံခဲ့ကြောင်း၊ ထိုမှ ရှေးရှေးဘဝက ကြုံဖူးသော ရေစက်၊ ပန္နက်ဖူးသော သစ္စာတို့ကြောင့် နှစ်ပါးတွေ့ဆုံရပြီး ဗုဒ္ဓဘာသာထုံးစံနှင့်အညီ လက်ထပ်မင်္ဂလာပွဲ ဆင်နွှဲခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ သီပေါမဟာဒေဝီ၏ ဘွဲ့အမည်ကိုလည်း စဝ်သုစန္ဒီ ဟူ၍ အပ်နှင်းကြောင်း၊ မဟာဒေဝီသည် ယနေ့မှစ၍ ကျရောက်မည့် ဘေးဆိုးရန်စွယ်အန္တရာယ်အပေါင်းမှ ကင်းဝေး၍ ကောင်းချီးမင်္ဂလာငါးဖြာနှင့် ထာဝရပြည့်စုံပါစေကြောင်း ဆုတောင်းပဋ္ဌာန်းပြုလိုက်ရပါသည်ဘုရား"

ဟု လျှောက်ထားလိုက်လေသည်။

ထိုနောက် ရှမ်းအမျိုးသားကြီးသုံးယောက်က ခရုသင်းတို့ကို ကိုယ်စီမှုတ်လိုက်လေသည်။ ဘိသိက်ခံနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



စဝ်ကြာဆိုင်၏ လက်ဝဲဘက်တွင် ကျုံ့ကျုံ့လေးထိုင်နေသော မဟာဒေဝီသည် အောက်မှပရိသတ်များဆီသို့ တစ်ချက်တစ်ချက် ခိုးကြည့်နေလေသည်။ ပရိသတ်၏မျက်နှာကို အကဲခတ်ရာတွင် သူတို့မောင်နှံအပေါ် ရှိသေလေးစားကာ တန်ဖိုးထားသောအကြည့်ကို တွေ့ရသောကြောင့် ကြည်နူးဝမ်းမြောက်ရသကဲ့သို့ မိမိ၏မောင်တော်ကိုလည်း ကျေးဇူးတင်မိပေသည်။ ဝမ်းနည်းစရာတစ်ခုသာရှိ၏။ ထိုသည်မှာ ယခုကဲ့သို့သော အချိန်မျိုးတွင် သူ၏မိဘနှစ်ပါးနှင့် ငယ်ပေါင်းကြီးပေါ်များ သူမအနားတွင် မရှိခြင်းပင် ဖြစ်သည်။

ခရုသင်းအသံများ ရပ်တန့်သွားပြီးနောက် အမတ်ချုပ်ဦးထန်က ဒူးထောက်လျှက် သလွန်အရှေ့သို့ ချည်းကပ်လာပြီး ရွှေပုရပိုက်တစ်ချပ်ကို ယွန်းလင်ဗန်းပေါ်တွင်တင်၍ စော်ဘွားကြီးထံ တရိတသေဆက်သသည်တွင် စော်ဘွားကြီးက လက်ခံလိုက်လေသည်။

စော်ဘွားကြီးသည် ဣန္ဒြေဖြင့်ပြုံးလျှက် မဟာဒေဝီသုစန္ဒီကို လှမ်းပြောင်းပေးလိုက်သည်။ ရွှေပုရပိုက်ကား စောစောက ဘိသိက်သွန်းလောင်းရာတွင် ဖတ်ကြားခဲ့သော အကြောင်းအရာကိုပင် အကျဉ်းချုံး၍ ရေးထားခြင်း ဖြစ်သည်။

တနည်းအားဖြင့် စဝ်သုစန္ဒီဟူသော ဘွဲ့အမည်ဖြင့် သူ့ကို သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်၏ မဟာဒေဝီ မဟေသီအဖြစ် တရားဝင်ကျေညာလိုက်သော ရွှေကမ္ပည်းမှတ်တမ်းပင်ဖြစ်ပါသည်။ စဝ်ကြာဆိုင်ကမ်းပေးသော ယွန်းဗန်းလေးကို လက်နှစ်ဖက်ဖြင့် ယူလိုက်စဉ်က သုစန္ဒီလက်များမှာ တုန်ရီနေသော်လည်း ပရိသတ်နှင့် မျက်နှာမူလိုက်ချိန်တွင်မူ သူ့မျက်နှာပေါ်တွင် အောင်မြင်သောအပြုံးနှင့် ဝင်းလက်သွားလေသည်။

မဟေသီ ဘိသိက်မင်္ဂလာအခမ်းအနား ပြီးဆုံးသွားသော်လည်း သလွန်အနီးသို့ ပရိသတ်များ စုပြုံလာကြပြီး သူတို့၏ စော်ဘွားကြီးနှင့် မဟာဒေဝီအရှင်နှစ်ပါးကို လက်အုပ်ချီ၍ ဆုတောင်းမေတ္တာပို့သကြလေသည်။ ဓာတ်ပုံဆရာများကလည်း တဖျပ်ဖျပ်နှင့် ရိုက်ကြသည်။ ထို့နောက် လဘက်ရည်ပွဲနှင့် တည်ခင်းဧည့်ခံရာ ပန်းခြံကွင်းမှ ယာယီမဏ္ဍပ်ကြီးသို့ အရှင်နှစ်ပါးကြွလှမ်းကြပြီး ဧည့်ပရိသတ်များနှင့်အတူ စားသောက်ကာ ဧည့်ခံကြလေသည်။

ဘိသိက်မင်္ဂလာပွဲကြီး စတင်သည်မှ ပြီးဆုံးသည်အထိ အနှောင့်အယှက် အဖျက်အဆီး အဟန့်အတား ရှိလေမည်လားဟု သုစန္ဒီအဖို့ စိုးရိမ်ခဲ့ရသော်လည်း ယခုအခါ အခမ်းအနားကြီးတစ်ခုလုံး အောင်မြင်စွာပြီးဆုံးသွားရသဖြင့် ဟင်းချလိုက်ရပေတော့သည်။ စဝ်ကြာဆိုင်နှင့် လက်ထပ်ရစဉ်ကပင် သူ့အဖို့ ယခုကဲ့သို့ ရင်မခုန်ခဲ့ရပါဟု ဝန်ခံရလေသည်။ ယခုမှပင် သီပေါနယ်အရှင်သခင်၏ တရားဝင်မဟာဒေဝီဖြစ်ခြင်းဖြင့် နယ်သူနယ်သားများကို စော်ဘွားကြီးနှင့်အတူ ရင်ဝယ်သားများကဲ့သို့ သဘောထားရမည်ဟု မဟာဒေဝီသုစန္ဒီ သန္နိဋ္ဌာန်ချလိုက်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၈)

**အခန်း (၈)**

နွေရာသီသည် သီပေါတောင်ကြားသို့ ရောက်ခဲ့ပြန်လေပြီ၊ လူနှင့် တိရစ္ဆာန်တို့သည် နေ၏ကြင်နာမှုမဲ့သော အပူရှိန်မှ သက်သာရာသက်သာကြောင်းအနေဖြင့် သစ်ပင်နှင့် အမိုးအကာများအောက်သို့ ပုန်းခိုနေကြရသည်မှာ နေလုံးကြီး အနောက်ဂေါယာကျွန်းဆီသို့ ယွန်းသည့်အထိပင် ဖြစ်ပါတော့သည်။ ထိုအချိန်မှစ၍ လူတို့၏ရယ်မောသံ၊ ညစာချက်ပြုတ်သံများကို ကြားလာကြရသည်။

ထိုသို့သောအချိန်မျိုးတွင် စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့သည် အရှေ့ဟော်အတွင်းမှ လာသာဆောင်သို့ ထွက်လာမြဲဖြစ်ကြသည်။ တစ်နေ့တာ၏ သူတို့တွေ့ကြုံခဲ့ရမှုများ ပြောဆိုခဲ့ရမှုများအတွက် စမြုံ့ပြန်၍ ပြောနေတတ်ကြသည်။ စဝ်ကြာဆိုင်သည် ထိုင်နေရာမှ ကျောက်သားအခင်းပေါ်တွင် အိပ်နေသော သူ၏ ဂျာမန်ခွေးကြီး စင်တာကို သီဟိုဠ်ဆံများ ကျွေးနေသည်။

"အချစ်ရေ… ဒီနေ့ပြောပြစရာ အများကြီးရှိတယ်"

ဟု သုစန္ဒီကပြောရင်း ရေခဲစိမ်သံပုရာရည်ကို တစ်ငုံသောက်လိုက်သည်။

"ပြောလေ… ကိုယ့်ရဲ့စိတ်ထဲကတွေကို ခဏဖယ်ထားပြီး မင်းပြောတာ နားထောင်မယ်။"

ဟု စဝ်ကြာဆိုင်က ပြန်ပြော၏။

"ကျမကို မိခင်နဲ့ ကလေးစောင့်ရှောက်ရေးအသင်း သီပေါမှာ ဖွင့်ဖို့ လာပြောကြတယ်"

"ဘယ်သူတွေကလည်း၊"

"လူကြီးလူကောင်းတွေဖြစ်တဲ့ ဒေါက်တာဘဉာဏ်၊ ဒေါက်တာခွန်စောနဲ့ အမတ်ချုပ်ဦးထန်တို့ပေါ့"

"ဒီတော့ မင်းက ဘာပြန်ပြောလိုက်လဲ၊"

"ကျမက ဒီကိစ္စကို မငြင်းနိုင်ဘူးလေ… ဒီမှာရှိတဲ့ မိခင်နဲ့ကလေးတွေဟာ အကူအညီလိုနေတာ အမှန်ဘဲ၊ ဒီကဆေးရုံတွေဟာ ရိုးရိုးမီးဖွားဖို့အတွက်ဆိုရင် လက်မခံဘူးတဲ့၊ ကိုယ့်ဟာကိုယ် လက်သည်ငှားပြီး မွေးဖွားရတယ် ဆိုတာယုံလား၊"

"ကိုယ်သိပါတယ်"

"ဒီတော့ မွေးသမျှကလေးတွေဟာ အသက်မရှင်ကြဘူးပေါ့၊ အသက် (၂) နှစ် မရောက်ခင်မှာပဲ၊ ကလေး (၄) ယောက်ထဲက (၃) ရောက် သေသွားရတယ်လို့ ဒေါက်တာဘဉာဏ်က ပြောတယ်"

သုစန္ဒီ၏စကားပြောသံသည် ကျယ်သတဲ့ကျယ်လာပြီး လက်ဟန်ပါ ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ကျမ မကူညီဘဲ မနေနိုင်ဘူး"

"မင်းက ဒီကိစ္စမှာ အုံ့သြစရာကောင်းလောက်အောင်ကို စွမ်းဆောင်နိုင်မှာပါ"

ဟု ပြောရင်း စင်ကြာဆိုင်က သုစန္ဒီခေါင်းမှဆံပင်များကို လက်ဖြင့် ဖွလိုက်သည်။

"မင်း အဆင့်အတန်းမြင့်မြင့် မိခင်နဲ့ကလေး စောင့်ရှောက်ရေးအသင်းကို တည်ထောင်နိုင်မှာပါ"

"ဒါပေမယ့် ကျမမှာ အတွေ့အကြုံ မရှိဘူးလေ။"

ဟု သုစန္ဒီ ပြန်ပြောလိုက်သည်။ သုစန္ဒီ၏ ပြောဆိုချက်သည် ကောင်းလှသည်မဟုတ်သည်ကို သူမဖာသာ သိပါသည်။ သို့သော် သူမအပေါ်စင်ကြာဆိုင်၏ ယုံကြည်အားထားမှုကိုမူ ကျေနပ်နေသည်။ စင်ကြာဆိုင်က သူမခေါင်းမှဆံပင်များ ဖွသည့်အပြုအမူကို ချစ်စနိုးလုပ်ခြင်းပင်ဖြစ်သည်ဟု ယုံကြည်သည်။ စင်ကြာဆိုင်က-

"မင်းမှာ ဦးနှောက်ရှိပါတယ်၊ ဦးနှောက်သုံးပြီး လူတွေရဲ့လိုအပ်ချက်အတွက် လုပ်ပေါ့၊ အားလုံး အဆင်ပြေ သွားမှာပါ။"

**ဘာသာပြန်သူ၏ရှင်းလင်းချက်**

(ဒေါက်တာဘဉာဏ်ဆိုသူမှာ စော်ဘွားစင်ကြာဆိုင်၏အစ်မတော်ဘုရား စဝ်ဝဏ္ဏ၏ ခင်ပွန်းဖြစ်သည်။ ထို့ကြောင့် စဝ်ဝဏ္ဏဉာဏ် ဟုခေါ်ကြသည်။ ဒေါက်တာခွန်စောမှာလည်း အခြားဆွေတော်မျိုးတော်တစ်ဦးပင် ဖြစ်ပါသည်)

နောက်တစ်နေ့တွင် သုစန္ဒီသည် သီပေါမြို့အတွင်းမှ အမျိုးသမီးခေါင်းဆောင်များကို ဖိတ်ခေါ်၍ မိခင် နှင့် ကလေးစောင့်ရှောက်ရေးအသင်းဖွဲ့ရန် ဆွေးနွေးတိုင်ပင်သည်။ အမှုဆောင်အဖွဲ့ကိုလည်း ဖွဲ့လိုက်သည်။ ရှမ်းနှင့် မြန်မာ အမျိုးသမီးအရွယ်စုံ (၃၇) ဦး အစည်းအဝေးပွဲသို့ တက်ရောက်ကြသည်။ သူတို့အားလုံးသည် မိခင်များသာဖြစ်သည်။ ထိုအနက်မှ အမျိုးသမီးနှစ်ဦးမှာ သူတို့မွေးသမျှကလေးများတွင် အပျက်အစီး မရှိချေ။ ကျန် (၃၅) ဦးကမူ ကလေးလည်း မွေးဖူးသည်။ ပျက်လည်း ပျက်စီးဖူးသဖြင့်၊ ဤကဲ့သို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဖြစ်ပေါ်လာမည်ဆိုလျှင် ကလေးဖွားသေနှုန်း ကျဆင်းလာမည်ဟု ကောင်းစွာ ယုံကြည် ကြသည်။

ထိုအစည်းအဝေးပွဲကျင်းပပြီး နောက်တစ်နေ့တွင်၊ သုစန္ဒီက ဖွဲ့လိုက်သည့်အသင်းမှ အတွင်းရေးမှူး မက်ဂီ ကို အသင်းနေရာအတွက် အဆောက်အဦးရှာရန် ခေါ်လိုက်သည်။ မက်ဂီသည် ဆွဲဆောင်မှုကောင်းသည့် အင်္ဂလိပ် မြန်မာကပြားဖြစ်၏။ သီပေါတွင် နှစ်ပေါင်းများစွာ နေခဲ့သူလည်း ဖြစ်သည်။ မဟာဒေဝီသုစန္ဒီနှင့် မက်ဂီတို့သည် နှစ်ဦးတည်း ဂျစ်ကားဖြင့် အသင်းတည်နေရာအတွက် အရှာထွက်ကြ၏။ မည်သည့်အဖော်မျှ မပါချေ။ သုစန္ဒီက ဤကိစ္စအတွက် မထင်မရှားပင် ဆောင်ရွက်လိုသည်။ နေရာတစ်နေရာသို့ ရောက်သွားသောအခါ အသက်ကြီးကြီး အစေအပါး အမျိုးသမီးတစ်ဦးသည် "နန်းနွမ်"ခေါ်သည့် အလွန်လှသော အမျိုးသမီးငယ်တစ်ဦးကို မဟာဒေဝီထံသို့ ခေါ်လာသည်။ နန်းနွမ်က ချည်ထမီအပြာနှင့် အင်္ကျီအဖြူဝတ်ထား၍ တာဝန်ရှိသောလက်သည်-သူနာပြုတစ်ဦး ဖြစ်သည်။ သူသည် အရပ် ၄ ပေခွဲမျှသာရှိသော သေးသေးကွေးကွေးအမျိုးသမီး ဖြစ်သော်လည်း တာဝန်ကို ကောင်းစွာ ထမ်းဆောင်နိုင်မည့်သူ ဖြစ်ပါသည်။ သူနာပြုနန်းနွမ်ကို မြန်မာလို "ဆရာမ" ဟု ခေါ်ကြသည်။ ကျောင်းဆရာမအနေဖြင့် မဟုတ်ပါ။ သူနာပြုဆရာမသာ ဖြစ်သည်။ ဆရာမနန်းနွမ်သည် ရောက်လာသည့် အမျိုးသမီး နှစ်ဦးကို မည်သူမည်ဝါဖြစ်ကြောင်း ကောင်းစွာသိသဖြင့် အဆောက်အဦးကို လိုက်ပြရန် ဖိတ်ခေါ်သည်။ ထိုအဆောက်အဦးတွင် အခန်း (၃) ခန်းရှိသည်။ ခပ်ကျဉ်းကျဉ်း ကုတင် (၁၂) လုံးဘေးတွင် အရွယ်တူ ကလေး ကုတင်လေးများ ရှိကြသည်။ ကုတင် (၇) လုံးတွင် လူနာရှိသော်လည်း ကလေးကုတင် (၆) လုံးပေါ်တွင်သာ ကလေးလေးများရှိသည်။ ကလေးလေးများကို အနီးစအဖြူဖြင့် သပ်သပ်ရပ်ရပ် ထုတ်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျမ ကလေးတစ်ယောက်ကို ချီပါရစေ"

ဟု သုစန္ဒီက ဆရာမနန်းနွမ်ကို ပြောလိုက်သည်။ နန်းနွမ်က မိန်းကလေးတစ်ဦးကို ပေးလိုက်၏။ နီတာရဲ ကလေးလေး၏ မျက်နှာနှင့် ခေါင်းပေါ်မှ ဆံပင်အနက် ထွေးထွေးလေးကို မြင်လိုက်ရပြီး ချီလိုက်ကတည်းက ခပ်နွေးနွေးအတွေ့ကြောင့် သုစန္ဒီ အသည်းခိုက်သွားရသည်။

မွေးခါစကလေးလေးကို ယခုကဲ့သို့ တစ်ခါမျှ မချီဘူးချေ။ ကလေးအမေသည် ကုတင်ပေါ်တွင် ကောင်းမွန်စွာ ဝတ်စားပြီး ထိုင်နေသည်။ မဟာဒေဝီက သူ့ကလေးကို ချီနေသဖြင့် အတိုင်းအဆမသိ ဂုဏ်ယူဝမ်းမြောက်ကာ သူ့နဖူးထိပ်တွင် လက်အုပ်ချီ၍ ဦးတင်ကာ ကန်တော့လိုက်သည်။ သုစန္ဒီအနေဖြင့် မည်သည့်နေရာကိုပင်သွားသွား တွေ့သူများနှင့် မိတ်ဆက်ပေးရန်မလိုပါ။ အားလုံးက သူတို့နယ်ရှင်၏ မဟာဒေဝီဖြစ်သည်ကို သိကြသည်။ သို့သော် တိုင်းရင်းသားဝတ်စုံဝတ်ထားသည့် အမျိုးသမီးတစ်ဦးကမူ ရှမ်းဘာသာဖြင့်-

"နင့်ကလေးနာမည်က ဘယ်လိုခေါ်လဲ"

ဟု မိခင်ဖြစ်သူအား မေးလိုက်သည်။

"ဝိဟိုးနော်"

ဟု ပြန်ဖြေသည်။ အဓိပ္ပာယ်မှ သူ့ကလေးအမည်ကိုပင် သူမသိသေးဟု ဆိုလိုသည်။ ထိုသို့ပြောပြီးနောက် ရယ်နေသော သူ့ပါးစပ်ကို ဝဲလက်ဖြင့် ဖုံးထားလိုက်သည်။

ထိုအဖြေကြောင့် သုစန္ဒီသည် မက်ဂီဘက်သို့လှည့်ပြီး အင်္ဂလိပ်ဘာသာဖြင့်-

"သူ့အမေက သူ့ကလေးနာမည်ကိုတောင် ဘာကြောင့် မသိရတာလဲ"

ဟု မေးလိုက်ရာ-

"ကျမတို့ ထုံးစံအနေနဲ့ မွေးတဲ့ကလေးနာမည်ကို မှည့်ရတာ တစ်ခါတစ်လေ လနဲ့ချီပြီး ကြာတယ်။ ဘာကြောင့်လည်းဆိုတော့ ကလေးရဲ့ မွေးရက်နဲ့လိုက်ပြီးလည်း အမည်မှည့်ရတာ ရှိတယ်။ ဗေဒင်ဆရာတို့ သက်ကြီးရွယ်အိုတို့ကသာ ကလေးအမည်အတွက် ရွေးပေးတာ"

ဟု မက်ဂီက ဖြေလိုက်သောအခါ၊ သုစန္ဒီသည် ချီထားသည့်ကလေးလေးကို ကလေးကုတင်ပေါ်သို့ ချလိုက်သည်။ ဆရာမနန်းနွမ်က

"ကလေးမွေးခန်းကို လိုက်ကြည့်မလားရှင်၊"

ဟု ပြော၍ သူတို့အားလုံးအဆောက်အဦး၏ စင်္ကြံပေါ်သို့ ထွက်လာကြသည်။

"ကောင်းပြီလေ၊ ကျမတို့ လိုက်ကြည့်ပါ့မယ်။ ဒါပေမယ့် အဲဒီအခန်းထဲမှာ မွေးဖွားသူ မရှိစေရဘူး"

ဟု သုစန္ဒီ ပြန်ဖြေလိုက်သည်။

"မရှိပါဘူး"

ဟု နန်းနွမ်က ရိုသေစွာဖြေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၂၉)

"ဒါပေမယ့် အချိန်မရွေး မြင်းလှည်းနဲ့ပဲဖြစ်ဖြစ်၊ နွားလှည်းနဲ့ပဲဖြစ်ဖြစ် မွေးခါနီးလူနာ ရောက်လာနိုင်ပါတယ် သခင်မဘုရား"

ဟု နန်းနွမ်က ဆက်၍လျှောက်ထားလိုက်သည်။

မီးဖွားခန်းတွင် အလင်းရောင်မရှိပါ။ ခေတ်မှီသော မီးဖွားကိရိယာများလည်း မရှိသေးပါ။ သစ်သားနှင့်ပြုလုပ်ထားသော မွေးစားပွဲ၊ လက်ဆေးခွက်နှင့် ဆေးဗီရိုလေးတစ်လုံးအထဲတွင် ညှပ်ဆွဲမွေးရန် ညှပ်တစ်စုံနှင့် ကတ်ကြေးတစ်စုံတို့ကို မြင်ရသည်။ လျှပ်စစ်ဓာတ်မီးသော်လည်းကောင်း၊ ကိုယ်ပိုင်မီးစက်သော်လည်းကောင်း မမြင်တွေ့ရပါ။ ထို့ကြောင့် သုစန္ဒီအနေဖြင့် မပြည့်မစုံဖြစ်နေသော မီးဖွားခန်းကို နားမလည်နိုင်အောင်ဖြစ်နေရပါသည်။

"တစ်လမှာ ဘယ်နှယောက် လာဖွားသလဲ၊"

ဟု မက်ဂီက သူနာပြုဆရာမကို မေးလိုက်သည်။

"ကျွန်မတို့ တစ်လမှာ လူ (၂၀) လောက်ဖွားဖို့ စီစဉ်ထားပါတယ်။ များသောအားဖြင့်တော့ လပြည့်တစ်ဝိုက်မှာ မွေးဖွားကြတာ များတယ်။"

ဟု နန်းနွမ်က ပြုံး၍ဖြေလိုက်သည်။ သုစန္ဒီက အံ့သြစွာဖြင့်-

"ဘာဖြစ်လို့လဲ၊"

"ဘာဖြစ်လို့လဲတော့ မသိရပါဘူး။ ဒါပေမယ့် ကျွန်မတို့က ဒီလိုဘဲ ဖြစ်လေ့ရှိလို့ စီစဉ်ထားတာပါဘုရား"

"မင်းတို့ထဲမှာ သားဖွားဆရာမ ဘယ်နှစ်ယောက်ရှိလဲ၊"

ဟု သုစန္ဒီက သိချင်၍မေးလိုက်သည်။

"ကျွန်မတို့ဟာ သူနာပြုသားဖွားဆရာမနှစ်ယောက်ဖြစ်ပါတယ်။ နောက်တစ်ယောက်လောက်တော့ လိုတာအမှန်ပါဘဲ။ ဒါပေမယ့် ဆရာဝန်က ထပ်မပေးနိုင်ပါဘူးဘုရား"

ဟု နန်းနွမ်က စိတ်မကောင်းစွာဖြင့် ပြန်ဖြေလိုက်ပါသည်။ သုစန္ဒီက-

"မီးမဖွားမှီနဲ့ ဖွားပြီးတဲ့အချိန်မှာ ဘယ်လို ဂရုတစိုက် လုပ်ပေးကြသေးလဲ၊"

ဟု ဆိုပြီးမှ ဆက်၍-

"မင်းတို့အတွက် ဒီလိုလုပ်ပေးဖို့ အချိန်မရှိဘူး မဟုတ်လား၊"

"မရှိပါဘူးဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းကျေးရွာ တစ်ရွာ၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကိစ္စအတွက် ရွာသူရွာသားများနှင့် သွားရောက်တွေ့ဆုံနေသည့် စဝ်သုစန္ဒီပုံ

ဟု နန်းနွမ်က ခေါင်းရမ်းပြီး ဖြေလိုက်သည်။ ဖြေလိုက်ရသည့်အဖြေကြောင့် သူ့ကိုယ်သူ ဘာဖြေလိုက်မှန်းပင် မသိတော့ပါ။

× × ×

နောက်တစ်နေ့တွင် သုစန္ဒီသည် မမိုးအေးတို့ရွာဖြစ်သော နန်းရယ်သို့သွားရန် မမိုးအေးအား အဖော်ခေါ်သည်။ နန်းရယ်သည် နမ္မတူမြစ်ဘေးတွင်ရှိ၏။ မဟာဒေဝီက ကျေးရွာတစ်ရွာတွင် အမျိုးသမီးများ မည်သို့နေထိုင်ကြသည်။ မည်သို့အလုပ်လုပ်ကြသည်။ မိခင်ဆိုလျှင်လည်း ကလေးသူငယ်များအပေါ် မည်သို့ပြုစုသည်ကို သိချင်၍ သွားခြင်းဖြစ်၏။

မဟာဒေဝီနှင့် မမိုးအေးတို့ လင့်ရိုဗာကားဖြင့် နန်းရယ်ရွာသို့ရောက်ပြီး သူကြီးအိမ်ရှေ့ ကားရပ်လိုက်သော အခါ အရွယ်အမျိုးမျိုးဖြစ်သော ရွာသူ၊ ရွာသားများသည် ကားနားသို့ ဝိုင်းအုံလာကြသည်။

"ကျွန်မ ဒီရွာကိုလာပြီး မိခင်ဖြစ်တဲ့အမျိုးသမီးများကို လာတွေ့ခြင်းဖြစ်ပါတယ်။ အချိန်ပေးနိုင်တဲ့သူတွေ ကျွန်မနဲ့ လာတွေ့ကြပါ"

ဟု သုစန္ဒီက ပြောလိုက်သည်။ သူ့ရှေ့တွင် ဒူးထောက်၍ထိုင်နေသော မုတ်ဆိတ်မွေးနှင့် ရွာသူကြီးကို-

"မိန်းမချင်း စကားပြောမှာပါ"

ဟု မဟာဒေဝီ သုစန္ဒီပြုံး၍ ပြောလိုက်သည်။ ထို့နောက် မဟာဒေဝီသည် ရွာသူကြီးကတော် မပါလွန် ဦးဆောင်ရာသို့ လိုက်သွားသည်။ သူကြီး၏ဝါးအိမ်ခန်းမထဲသို့ အနည်းငယ်တက်သွားရ၏။ ခန်းမသည် အနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com



ကျယ်၍ လေဝင်လေထွက် ကောင်းပါသည်။ မြက်ဖျာများခင်းထားပြီး အညိုရောင်မှိုအုံးများလည်း ချထားသည်။ ယွန်းစားပွဲနိမ့်နိမ့် အနီနှစ်ချပ်ကိုလည်း ခင်းထား၏။ သူကြီးကတော်သည် သူ၏သမီးနှစ်ယောက်ကို မီးဖိုထဲသို့ ရှမ်းလဖက်ရည်ကြမ်း ဧည့်သည်တော်များအတွက် ယူလာရန်လွှတ်လိုက်သည်။ မီးဖိုက အိမ်မကြီးနှင့် သီးခြားဖြစ်၏။ တစ်ခန်းလုံးတွင် အမျိုးသမီးအကြီးအငယ်အရွယ်စုံ မဟာဒေဝီပြောသည်ကို နားထောင်ရန် ရောက်နေကြသည်။ သူတို့အတွင်းမှ ဝါးခနဲငိုချလိုက်သည့် ကလေးငိုသံက အနှောက်အယှက် ဖြစ်စေသည်။ သို့သော် မိခင်ဖြစ်သူက နို့တိုက်လိုက်သည်နှင့် ငိုသံစဲသွားလေသည်။

ရွာသူတို့က သူတို့ဘဝ၏နေ့စဉ်အလုပ်၊ ငယ်စဉ်ကတည်းကအရွယ်ရောက်သည်အထိ သူတို့ဘဝ၏ အခြေအနေ မည်သို့အိမ်ထောင်ကျပြီး မည်သို့ကလေးရလာသည်၊ မည်သို့ကလေးကို ပြုစုယုယသည်၊ စသဖြင့် အရွယ်ရလာသည်အထိ သူတို့အကြောင်းများကို သုစန္ဒီအား ပြောပြကြသည်။ သူတို့အသက် လေးငါးနှစ်ကတည်းက မိန်းကလေးများသည် သူ့အောက် မွေးချင်းများကို မိခင်ဖြစ်သူ ချက်ပြုတ်လျှော်ဖွတ် အိမ်မှုကိစ္စလုပ်နေစဉ်တွင် ထိန်းပေးခဲ့ကြရသည့်အကြောင်း၊ အချို့မိခင်နှင့်ကလေးများသည် ရွာထဲမှ တောင်းယက်သည့်လုပ်ငန်း၊ စက္ကူလုပ်သည့်လုပ်ငန်း၊ စားစရာထုတ်လုပ်သည့်လုပ်ငန်း လယ်ယာလုပ်ငန်းတို့ကို ဝင်ရောက်လုပ်ကိုင်ကြရပုံ၊ ရွာမှ မိန်းကလေးများ ငယ်ရွယ်စဉ်ကတည်းက အိမ်ထောင်ကျသော်လည်း အိမ်တွင်း၌သာ အေးမနေဘဲ အလုပ်ထွက်လုပ်ကြရပုံတို့ကို ပြောပြကြပါသည်။

မပါလွန်းတွင် အတူနေ ချွေးမနှစ်ယောက်ရှိသည်။ တစ်ယောက်က ပထမဆုံးကိုယ်ဝန်ကို ဆောင်ထားရသူဖြစ်သည်။ နောက်တစ်ယောက်မှာ ကလေးကို သူ့လက်ထဲ၌ ထွေးပိုက်ထားသည်။ သူ၏ အပျိုဖော်ဝင်စ သမီးနှစ်ယောက်မှာ အိမ်ထောင်မကျသေးချေ။ မပါလွန်းသည် ကလေး (၉) ယောက်မွေးခဲ့သော်လည်း လေးဦးသာ အဖတ်တင်သည်။ တစ်ဦးမှာ မွေးမွေးချင်း ဆုံးသွားရပြီး အခြားလေးဦးမှာ အရွယ်အစားစား၌ စောစီးစွာ သေဆုံးကုန်ကြသည်။

မပါလွန်း၏ (၁၉) နှစ်အရွယ်ရှိသော ချွေးမ မအဲနောန်သည် (၁၆) နှစ်အရွယ်ကတည်းက အိမ်ထောင်ကျပြီး ကိုယ်ဝန်ဆောင်ကာ ပထမဆုံးကလေးကို အိမ်တွင်ပင် မီးဖွားခဲ့သည်။ သူ့အနေဖြင့် ဆရာဝန် (သို့မဟုတ်) သူနာပြုဆရာမကို မမြင်ဘူးခဲ့ပါ။ သူမ ပထမဆုံးမီးဖွားစဉ်က ယောက္ခမ မပါလွန်းနှင့် ရွာခံလက်သည်၏ အကူအညီဖြင့်သာ မွေးဖွားခဲ့ရခြင်း ဖြစ်သည်။ မိခင်က ကလေးကို တောရွာထုံးစံအတိုင်းသာ ပြုစုခဲ့သည်။ ကလေးငိုလျှင် မအဲနောန်က နို့တိုက်လိုက်သည်။ ဘာကြောင့်ငိုသည်ဟု မစူးစမ်းတော့ပါ။ နို့ဆာ၍ငိုသည်ဟုသာ ယူဆသည်။ ကလေးကို နေ့စဉ်ရေချိုးပေးသည်။ မျက်စိအောက်မှ အပျောက်မခံခဲ့ပါ။ ကလေးသည် မွေးကတည်းက ကျောက်ဆေးအထိုးမခံခဲ့ရသလို ဆေးစစ်ခဲ့ခြင်းလည်း မခံရပါ။ မိခင်၏နို့ရည်မှတစ်ပါး အခြားအဟာရလည်းမရှိခဲ့ပါ။ သို့နှင့်ပင် ကလေးကြီးပြင်းခဲ့ရပြီး (၈) လအရတွင် မိခင် မအဲနောန်က နောက်ကိုယ်ဝန် ရှိပြန်သည်။ နောက်ကိုယ်ဝန်ကြောင့် မအဲနောန်နို့မထွက်သောအခါ ကလေးသည် ချက်ခြင်းပင် အပြောင်းအလဲအဖြစ် ထမင်းပျော့အောင်တည်ပြီး အဝတ်နှင့်တိုက်၍ ကျွေးခဲ့သည်ကို စားရသည်။ နွားနို့မတိုက်ပါ။ ရှမ်းလူမျိုးတို့သည် နို့နှင့်လုပ်သောပစ္စည်းဟူသမျှကို မကြိုက်နှစ်သက်ပါ။ သစ်သီးဝလံကို ကလေးကျွေးခြင်းဖြင့် ဝမ်းမကောင်းဟု ယူဆ၍ လုံးဝကျွေးလေ့မရှိပါ။ သစ်သီးဝလံထဲမှ အချို့အနည်းငယ်ကိုသာ ရွေး၍ ထမင်းနှင့် ရောနယ်ပြီး ကလေးကို ကျွေးတတ်သည်။ အမေက နောက်တစ်သားမွေးမှသာ နို့ကျန်လေးများကို အကြီးက စို့ရသည်။ သို့နှင့်ပင် မအဲနောန်၏ကလေးနှစ်ယောက်သည် မထင်မှတ်ဘဲ ကြီးပြင်းလာခဲ့ရသည်။ သူသည် နောက်ထပ်လည်း မွေးအုံးမည်ပင် ဖြစ်သည်။

မဟာဒေဝီ သုစန္ဒီအနေဖြင့် အထက်ပါအားလုံးတို့ကို ကြားရမြင်ခဲ့ရသည်။ ထို့ကြောင့် မီးဖွားဆေးရုံကိုလည်း ခေတ်မှီမှီ ကိရိယာ ဆေးဝါးများဖြင့် ဖြည့်ဆည်းပေးရန်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကို ပြုလုပ်ပေးရန် စိတ်အားထက်သန်သည်။ သူတို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် မဂ်ဂဇင်းတို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စော်ဘွားစဝ်ကြာဆိုင်နှင့် မြို့ခံငွေရှင်ကြေးရှင်တို့ကို ငွေရေးကြေးရေး အထောက်အကူပေးရန် တင်ပြကြသည်။ စော်ဘွားကြီးစဝ်ကြာဆိုင်၊ လဖက်ကုန်သည်ကြီး၊ ဆန်စက်ပိုင်ရှင်၊ အသားလိုင်စင်စီနှင့် အခြားကုန်သည်များက ရက်ရောစွာပင် အလှူငွေ ထည့်ကြသည်။ သီပေါမိခင်နှင့်ကလေးစောင့်ရှောက်ရေး သင်းသည် တစ်မြို့လုံးကို နည်းအမျိုးမျိုးဖြင့် စည်းရုံးခဲ့သည်။ ရန်ပုံငွေအတွက် ရုပ်ရှင်ပွဲများ၊ ဘောလုံးပွဲများ၊ ပြေးခုန်ပစ်ပွဲများ၊ စတိတ်ရှိုးပွဲများကို ကျင်းပခဲ့သည်။

ခေတ်မီကိရိယာများနှင့် ရေမီးအစုံဖြင့် ပြည့်စုံစွာ ဖန်တီးထားသော သားဖွားခန်းပါသည့် အဆောက်အဦးကို မြို့ခံဧည့်ပရိသတ်များနှင့် ဖဲကြိုးဖြတ်၍ ဖွင့်ပေးခဲ့သည်။ သီပေါမြို့၏ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက ကြပ်မတ်၍ ဖွင့်လိုက်သော သားဖွားခန်းတွင် ရေပူရေအေးနှစ်မျိုးလုံးပင် တစ်ပြိုင်နက်ရနိုင်သည် အထိ ခေတ်မီလာပါသည်။

သုစန္ဒီ၏ အုပ်ချုပ်ညွှန်ကြားမှုဖြင့် သီပေါမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအောက်တွင် မီးဖွားဆောင် အတွက် လခစားအမှုထမ်းများပင် ထားနိုင်ခဲ့သည်။ သီပေါမြို့ခံ အိန္ဒိယဆရာဝန်က မိခင်နှင့်ကလေး သားဖွားဆောင်မှ ခက်ခက်ခဲခဲ မွေးရမှုများအတွက် လာရောက်အကူအညီပေးမည်ဟူသော ကမ်းလှမ်းချက်ကိုပင် လိုလိုချင်ချင် မယူရတော့သည်အထိ ပြည့်စုံလာပါသည်။ သုစန္ဒီက ဒေါက်တာဆီးဂရေ့၏ နန်းခမ်းဆေးရုံမှ သားဖွားဆရာမနှစ်ဦးကိုပင် ငှားလိုက်သည်။ ပြင်ပမွေးလူနာများကိုပင် လက်ခံနိုင်သည်အထိ တိုးတက်လာပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၀)

သုစန္ဒီတို့ အသင်းလုပ်ဆောင်ချက်၏ အသီးအပွင့်ကို ချက်ခြင်းခံစားကြရမည်မဟုတ်ပါ။ မြို့က အချို့ အမျိုးသမီးများသည် ကျေးရွာများသို့ဆင်း၍ ကြည့်ရှုကြသည်။ သို့သော် ရက်ကြောက်တတ်သည့် ရွာသူများက ထုံးစံအတိုင်း ရက်၍ ရှောင်နေကြသည်။ သို့ကြောင့် သုစန္ဒီက သူ့အသင်း၏အစီအစဉ်များကို လမ်းပေါ်မှနေ၍ ရွာထဲသို့ အရောက်ပို့ပေးရန် ဆုံးဖြတ်လိုက်သည်။

နေ့တစ်နေ့၏နံနက်ခင်းတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် သူနာပြုဆရာမများ၊ သားဖွားဆရာမများတို့သည် ဂျစ်ကားတစ်ဒါဇင်ခန့်မျှနှင့် လင့်ရီဗာကားပေါ်တွင် လက်ဆောင်ပစ္စည်းများဖြစ်သော ကလေးအဝတ်အထည်များ၊ နို့မှုန့်၊ ဗီတာမင်အားဆေးပြားများနှင့် အခြားပစ္စည်းအမျိုးမျိုးတို့ကို တင်ဆောင်၍ ထွက်ခွာလာခဲ့ကြသည်။ သုစန္ဒီဦးဆောင်သော ယာဉ်တန်းသည် ဗီအင်ကောရွာသို့ ဦးတည်သွားနေကြသည်။ ၄င်းရွာသည် နမ္မတူမြစ်၏ တစ်ဘက်ကမ်းတွင် ရှိလေသည်။ ထိုရွာမှ လူတစ်ရာခန့်က စိတ်ပါလက်ပါ စောင့်မျှော်နေကြသည်။ ရွာသူကြီး၏ကြိုဆိုမှုကို မဟာဒေဝီသုစန္ဒီ လက်ခံပြီးနောက် မိန့်ခွန်းအနည်းငယ် ပြောသည်။ သူ၏မိန့်ခွန်းထဲတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ကလေးအမေများနှင့် ကလေးများတို့သည် ရွာသူကြီးအိမ်သို့လာ၍ ဆေးစစ်ခံရန် တိုက်တွန်းထားသည်။ ပထမတွင် တွန့်ဆုတ်ဆုတ်ဖြစ်နေသော်လည်း အမျိုးသမီးတစ်ဦးက ဦးဆောင်၍လာသောအခါ နောက်မှ တန်းစီ၍ ပါလာကြလေသည်။

သူနာပြုဆရာမများနှင့် သားဖွားဆရာမတို့က ကိုယ်ဝန်ဆောင်အမျိုးသမီးများ မီးမဖွားမီနှင့် မီးဖွားပြီးနောက် အခြေအနေတို့ကို ရွာသူကြီးအိမ်ထဲတွင် ဂရုတစိုက် စစ်ဆေးပြီးကြသောအခါ သုစန္ဒီ၊ မက်ဂီနှင့် အခြားအမျိုးသမီးများသည် သူတို့၏ကားများထဲမှ ထွက်လာကြပြီး ကလေးသူငယ်များကို မည်သို့မည်ပုံ ဗီတာမင်ဆေးနှင့် နို့မှုန့် တိုက်နည်းကို နမူနာလုပ်ပြကြသည်။ သူတို့ပြသသူများသည် မိခင်နို့ကို မတိုက်သောသူများကိုသာ ဖြစ်သည်။ ရှမ်းလူမျိုးတို့သည် ရေကိုကျိုချက်၍ သောက်လေ့ မရှိကြပါ။ သို့ကြောင့် ရေစိမ်းနှင့် နို့မှုန့်ကိုဖျော်၍ တိုက်ခြင်း သောက်ခြင်းမှာ စိုးရိမ်စရာ ဖြစ်နေသည်။ ဤကိစ္စနှင့်ပတ်သက်၍ သုစန္ဒီ မန္တလေးမှ ဝမ်းနည်းဖွယ်ရာဖြစ်စဉ်တို့ကို သတိရလိုက်မိသည်။ သူတို့၏ကလေးငယ်များအတွက် စိုးရိမ်နေသော မိခင်တစ်စုကို နွားနို့မှုန့် ဖြန့်ဝေခဲ့သည်။ သို့ရာတွင် ကလေးငယ်များ ဝမ်းကျရောဂါ၊ တိုက်ဖိုက်ရောဂါနှင့် တခြား ကိုယ်တွင်းရောဂါအမျိုးမျိုးတို့ကြောင့် ဖျားနာ၍ သေဆုံးကုန်သည်ဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် နို့မှုန့်ဖျော်သောရေသည် မသန့်ရှင်းသောကြောင့် ဖြစ်သည်။ သို့ကြောင့် သုစန္ဒီနှင့် အသင်းဝင်တစ်စုတို့သည် နို့မှုန့်ကိုချက်ပြီးသော ထမင်းပူပူနှင့်သာ ဖြူး၍ စားရ

www.burmeseclassic.com



မည်ဟု အကြံပေးရတော့သည်။ သူကိုယ်တိုင်လုပ်ပြရပြီး အများရှေ့တွင် မြည်းပြသဖြင့် ရွာသူရွာသားများက သူတို့မဟာဒေဝီပုံကိုကြည့်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။

လက်ဆောင်များဝေပြီး၍ အလုပ်ကိစ္စများပြီးသောအခါ ဗီအင်ကောရွာသူများသည် မဟာဒေဝီသုစန္ဒီတို့အဖွဲ့ကို မပြန်စေချင်ကြတော့ပေ။ မိခင်အရွယ်ငယ်သူများက ကိုယ်တိုင်လုပ်ပြသည်များကို သဘောကျနေပြီး ဆက်လုပ်ရန် တွန့်ဆုတ်နေကြသည်။ သူတို့က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ လာပါမည်ဟု ကတိပေးသည်။ သူနာပြုဆရာမများနှင့်လည်းတိုင်ပင်၍ ဗီတာမင်နှင့် နို့မှုန့်များကို အသုံးပြုပါမည်ဟုလည်း ဆိုကြသည်။ အချို့အရွယ်ရှင်အမျိုးသမီးများကမူ မိခင်နှင့်ကလေးတို့အတွက် သူတို့ကိုယ်တိုင် တာဝန်ယူ ထမ်းဆောင်ပေးရန် သဘောတူသည်။ သူတို့က သူတို့၏မဟာဒေဝီ သူတို့ရွာဆင်းပြီး ကိုယ်တိုင်ကိုယ်ကျ စွမ်းဆောင်မှုအတွက် အလွန်သဘောကျနေကြသည်။

ဗီအင်ကောရွာသို့ သီပေါမဟာဒေဝီနှင့်အဖွဲ့ရောက်သည့်သတင်းသည် အခြားရွာများသို့ တောမီးသဖွယ် လျှင်မြန်စွာ ပျံ့နှံ့သွားတော့သည်။ အခြားရွာများကလည်း သူတို့ရွာသို့ ကြွရောက်ကြရန် ဖိတ်ခေါ်လေသည်။ (၆) လအတွင်း သုစန္ဒီတို့ လုပ်ဆောင်မှု၏အဖြေပေါ်လာသည်။ သားဖွားဆောင်များတွင် လာရောက်သားဖွားကြပြီး

www.burmeseclassic.com

www.burmeseclassic.com



လာရောက်သားဖွားနှုန်းမှာ နှစ်ဆတိုးလာသည်။ ဆေးခန်းသည်လည်း အမြဲစည်ကားနေကာ၊ ကလေးများ ရာနှင့်ချီ၍ ကျောက်ဆေးထိုးကြရသည်။ နို့မှုန့်ပေါင် ထောင်နှင့်ချီ၍ ဝေရသည်။ သီပေါမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ဆက်သွယ်လာသော အမျိုးသမီးများနှင့် ကလေးသူငယ်များသည် ယခင်ကထက် ကျန်းမာလာကြသည့်အပြင် မွေးဖွားမှုသေနှုန်းလည်း လျော့ပါးလာလေသည်။

× × ×

သုစန္ဒီ၏ ကလေးမွေးဖွားမှုနှင့် ကလေးသူငယ် စောင့်ရှောက်မှုတွင်ပါဝင်၍ စိတ်ဝင်တစား ကြိုးပမ်းလုပ်ဆောင်မှုသည် အောင်မြင်ခြင်းပန်းတိုင်သို့ ရောက်လာသည်။ မမိုးအေးက သူ၏မဟာဒေဝီ ကိုယ်ဝန်ရှိနေမှုကို မည်သူမျှ မသိမီကတည်းက ရိပ်မိနေသည်။ မမိုးအေးသည် အရှေ့ဟော်တစ်ဟော်လုံးကို သူရိပ်မိသည့်အကြောင်းကို ဖော်ထုတ်လိုက်သည်။

"ကျွန်မတို့ မဟာဒေဝီကို ဝိုင်းပြီးပြုစုစောင့်ရှောက်ရမယ်၊ ဒါမှ ကျန်းမာသန်စွမ်းတဲ့ကလေး မွေးဖွားလာမှာ"

BURMESE CLASSIC

ဟု ပြောသည်။

မမိုးအေးက ပွဲတော်စာအတွက် ဂရုစိုက်ချက်ရန်၊ မတည့်သည့်အစာများဖြစ်သော လက်လုပ်ချဥ်ဖက် စသည်တို့ကို မဆက်သရန်၊ ငှက်ပျောသီးကိုလည်း လူနှင့်တည့်သည့် ဖီးကြမ်းတစ်မျိုးတည်းကိုသာ ဆက်သရန်၊ အလေးအပင်များကိုလည်း မ မစေရန်၊ ထမင်းနှင့် ကြက်သားသာလျှင် တည့်ကြောင်း ညွှန်ကြားတော့သည်။

နမ္မတူရှိ ဒိန်းမတ်လူမျိုး ဆရာဝန်က မမိုးအေး၏အထင်ကို မှန်ကြောင်း အတည်ပြုပေးလိုက်သည်။ ထို့ကြောင့် မမိုးအေးက မဟာဒေဝီ၏ကိုယ်ဝန်ဆောင်မှုကို သူတစ်ဦးတည်းသာ လက်ဦးမဆွ သိရသည်ဟု ဂုဏ်ယူလျှက်ရှိသည်။

ညနေခင်း လသာဆောင်ပေါ်တွင် သီပေါနယ်ရှင်နှစ်ပါးသည် သူတို့ထံရောက်လာမည့် ရတနာလေး၏ အနာဂတ်အတွက် သူတို့၏မျှော်လင့်ချက်များ၊ အိပ်မက်များကို တိုင်ပင်ကြတော့သည်။ သူတို့နှစ်ပါးသည် မည်သည့်အတွက်မျှ စိုးရိမ်စိတ်မထားဘဲ ပျော်ရွှင်နေကြသည်။ သူတို့အရှင်နှစ်ပါးထက် မည်သူကမျှ ပို၍ပျော်နိုင်မည်မဟုတ် ဟုလည်း ယုံကြည်နေကြသည်။

"မောင်တော်က သားယောကျ်ားလေး လိုချင်တာလား"

ဟု သုစန္ဒီက စဝ်ကြာဆိုင်ကို တစ်ညနေခင်းတွင် မေးလိုက်သည်။

"သားယောကျ်ားလေးရယ်လို့တော့ မဟုတ်ပါဘူး၊ ကျန်းကျန်းမာမာနဲ့ ကလေးတစ်ယောက် မွေးစေချင်တာသာ ဖြစ်ပါတယ်။"

ဟု စဝ်ကြာဆိုင်က တစ်ခါမျှ မဖြစ်ပေါ်ခဲ့ဘူးသေးသည့် အပြုံးဖြင့် ဖြေလိုက်သည်။

"ဒါပေမယ့် မောင်တော်ရယ်··· သမီးမိန်းကလေးဖြစ်ရင် အရိုက်အရာဆက်ခံဖို့ ဘယ်လိုဖြစ်မလဲ၊"

ဟူသော စကားကို သုစန္ဒီက စိတ်ဝင်တစား မေးလိုက်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူမက ကမ္ဘာ့နိယာမတရားဖြစ်သည့် ရာထူးအာဏာရှင်တို့၏ အရိုက်အရာဆက်ခံရေးကို သိနေသောကြောင့် ဖြစ်ပါသည်။

"ဘာဆိုင်လဲကွ"

ဟု စဝ်ကြာဆိုင်ကဆိုကာ–

"သမီးကလေးမွေးရင် မောင့်တော့်သမီးတော်အနေနဲ့ သီပေါရဲ့နယ်ရှင် မဖြစ်လာနိုင်စရာအကြောင်း မရှိဘူး။ မောင်တော်တော့ မိန်းကလေးတွေဟာ ယောကျ်ားလေးတွေထက်ပိုပြီး အရည်အချင်းရှိတယ်လို့ ယုံကြည်တယ်။ ဒီလိုဘဲ ကိုယ်တို့သီပေါနားက မိုင်းရယ်စော်ဘွားကလည်း ယုံကြည်တယ်ကွ။ သူ့မှာရှိတဲ့ သမီးတော်ရှစ်ပါးအနက် သမီးတော်အကြီးဆုံးက အရိုက်အရာဆက်ခံဖို့ ကြေညာပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါမှန်တာပေါ့၊ မောင်တော်ရယ် ရှမ်းမလေ့ထုံးစံဟာ ဟိုးလွန်ခဲ့တဲ့မောင်တော်ရဲ့ ဦးရီးတော် ဆာစောချယ် လက်ထက်ကတည်းကပဲလေ"

ဟု သုစန္ဒီက သဘောထားကြီးသည့် သူ၏မောင်တော်ကို ကျေးဇူးတင်စွာဖြင့် ဖြေကြားလိုက်သောအခါ စဝ်ကြာဆိုင်က–

"ပွင့်ပွင့်လင်းလင်းပြောရရင်… မှန်တာပေါ့၊ ဒို့များရဲ့ဖျူဒယ်လ်စနစ်ဟာ သမိုင်းမှာ ပြောင်းလဲလာလိမ့်မယ်။ ဒို့ကလေးတွေကြီးလာပြီး ဆက်ခံတဲ့အချိန်မှာပေါ့"

သုစန္ဒီက စဝ်ကြာဆိုင်၏အပြောကို ဘာမျှမဖြေလိုက်တော့ချေ။ သူက မောင်တော်၏ ဒီမိုကရေစီကျသည့် ပြောင်းလဲခြင်းဖြင့် ဖွဲ့စည်းသည့်အစိုးရစနစ် လိုလားမှုကို နားလည်သဘောပေါက်သောကြောင့် ဖြစ်သည်။ သို့သော် သူနားလည်ထားသည်က သီပေါနယ်တွင် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ထို့ကြောင့် မောင်တော်၏အိမ်မက်များ အကောင်အထည်ပေါ်ရန် အချိန်လိုသေးသည်ဟု သိထားသည်။

တစ်နေ့တွင် စဝ်ကြာဆိုင်က–

"မောင်တော်အတွင်းဝန်ကို ကိုယ်တို့ကလေးအတွက် သင့်တော်မယ့် နာနီတစ်ယောက်ရှာပေးဖို့ ပြောထားတယ်။"

"မောင်တော်ဟာက မလောလွန်းဘူးလား"

ဟု သုစန္ဒီပြန်မေးလိုက်သည်။

"ကလေးကနောက်(၆)လကြာမှမွေးမှာလေ"

❑

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၁)

စဝ်ကြာဆိုင်သည် အမြဲစိတ်အေးလက်အေးနှင့် နေတတ်သော်လည်း ယခုကိစ္စ၌ သူ၏စိတ်စောနေမှုကို သုစန္ဒီက သိမြင်နေသည်။ ဖခင်တစ်ယောက်၏ သားသမီးအပေါ်ထားသည့် မေတ္တာပင် ဖြစ်မည်ဟု သုစန္ဒီက မှတ်ချက်ချမိသည်။ စဝ်ကြာဆိုင်က သုစန္ဒီကို-

"မင်း ဗီတာမင်ဆေး ပိုသောက်သင့်တယ်"

"အိုဗာတင်းသောက်ပြီးပြီလား၊"

"မင်း တင်းနှစ်မကစားသင့်တော့ဘူးလို့ ကိုယ်ထင်တယ်"

"ဒီနေ့အဖို့ နေ့လည်နေ့ခင်းမှာ အိပ်ပြီးပြီလား၊"

"မင်းလို ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက်အနေနဲ့ အလုပ်လုပ်တာ များလွန်းနေပြီ"

ဆိုသည့် သူ့စကားများသည် ခင်ပွန်းကောင်းတစ်ယောက်အနေဖြင့် ဇနီးမယားတစ်ယောက်အပေါ်တွင် စိတ်ပူလွန်းနေသည်ဟု သုစန္ဒီက ယူဆသည်။

စဝ်ကြာဆိုင်က ထိုသို့ အရာရာတွင် စိတ်စောနေသော်လည်း သုစန္ဒီကမူ ခပ်အေးအေးပင် သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ဖြင့်နေလေသည်။ သူက သူ့ကိုယ်သူ ဘာမျှမလှုပ်ရှားနိုင်သည့် ကိုယ်တစ်ပိုင်းသေနေသောပုံစံမျိုးဖြင့် ကိုယ်ဝန်ဆောင်မနေချင်ပါ။ ပဋိသန္ဓေကိုယ်ဝန်ဆောင်ခြင်းနှင့် မွေးဖွားခြင်းဆိုသည်မှာ သူ့ဟာနှင့်သူ တစ်ခုပြီးတစ်ခု တစ်ဆင့်ပြီးတစ်ဆင့် သွားရခြင်းမျိုး ဖြစ်သည်။ ဤသည်မျိုးကို သူမအနေဖြင့် သားဖွားဆောင်များတွင် တွေ့မြင်ရလုပြီဖြစ်သည်။ ထို့ကြောင့် ထိုနေရာမျိုးတွင် သူမက အချိန်ယူ၍ သွားရောက်လေ့လာချင်လေသည်။

### ဘာသာပြန်သူ၏မှတ်ချက်

*သီပေါစော်ဘွားကြီး စဝ်ကြာဆိုင် အထက်၌ပြောခဲ့သည့် မိုင်းရယ်စော်ဘွားမှာရှိသည့် သမီးတော် (၈) ပါးအနက် စတုတ္ထသမီးတော်သည် စဝ်ကြာဆိုင်၏နှောင်တော် စဝ်ကြာဖုံ၏သားကြီး စဝ်ဦးကြာ (စာရေးသူ၏သူငယ်ချင်း) နှင့် နောက်ပိုင်းတွင် လက်ဆက်ခဲ့ပါသည်။*

သို့ဖြင့် စော်ဘွားကြီးနှင့် မဟာဒေဝီတို့၏ ရင်သွေးလေးမွေးဖွားမည့် ထိုနှစ်၏စတုတ္ထမြောက်လ၊ (လပြည့်) နေ့သို့ ရောက်လာသည်။ သုစန္ဒီ ဗိုက်နာလေပြီ၊ ဤခရီးအတွက် စဝ်ခွန်ဆိုင်နှင့် ဩစတေးလျမှ မွေးဖွားမည့်ကိစ္စအတွက် ရောက်လာသော သုစန္ဒီ၏မိခင်တို့သည် ကားနှစ်စီးဖြင့် နမ္မတူမှ ဒိန်းမတ်လူမျိုး ဆရာဝန်ထံ သုစန္ဒီကို ခေါ်ဆောင်သွားရန် ပြုကြသည်။ ဤခရီးအတွက် ဘော်တွင်းမိုင်းမှ သီးခြားဆေးရုံသို့ သုစန္ဒီကို ခေါ်သွားရန်

www.burmeseclassic.com

www.burmeseclassic.com



အချိန်တစ်နာရီခွဲသာ ကြာမည်ဟု ကြိုတင်တွက်ချက် စီမံထားကြသည်။ စီမံထားကြသည့် အတိုင်းသွားကြရန် လမ်းမကြီးပေါ်သို့ ထွက်လာရာ-

"ချက်ခြင်းပြန်လှည့်စမ်း နမ္မတူအထိရောက်အောင် မသွားနိုင်တော့ဘူး"

ဟု သုစန္ဒီက အော်ပြောလိုက်သည်။

သူတို့အားလုံး အရှေ့ဟော်သို့ ချက်ခြင်းပြန်လှည့်ကြသည်။ ထိုအရှေ့ဟော်တွင်ပင် သီပေါစော်ဘွားကြီးနှင့် မဟာဒေဝီတို့၏ ပထမသမီးတော်လေးကို နောက် ၂ နာရီအတွင်းတွင် ဖွားတော်မူခဲ့ရသည်။ ထိုသို့မွေးဖွားရာ၌ နှန်းနွန်၏ အကူအညီတော့ပါသည်။ သမီးတော်လေးမှာ ချစ်စရာကောင်းလှသည်။ ဆံပင်လေးများက နက်နေပြီးသန်လှ၏။ မျက်နှာလေးတွင် ပန်းရောင်သန်းနေသည်။ စဝ်ကြာဆိုင်သည် မွေးစသမီးတော်လေးကို အနီးဖြင့် ရစ်ပတ်ထုပ်ထားသည့်အတိုင်း ရင်၌ပွေ့၍ ဟော်အပေါ်ထပ်စင်္ကြံနံတွင် လျှောက်နေသည်။ ဟော်အမှုထမ်းများက ထိုသို့ မွေးစကလေးကို ထွေးပိုက်ထားသည့် ရှမ်းမင်းသားမျိုး မတွေ့ဘူးသေးပါဟု ဆိုကြ၏။ စော်ဘွားကြီးများသည် မီးဖွားခြင်းနှင့်ပတ်သက်၍ ကင်းကင်းကွာကွာ နေလေ့ရှိသည်။ စော်ဘွားကြီးစဝ်ကြာဆိုင်ကမူ ထိုသို့မဟုတ်ချေ။ ဥပါသကာ အဖိုးအိုကြီးတစ်ဦးက စော်ဘွားကြီးစဝ်ကြာဆိုင်သည် ဤသို့မီးနေခန်းနှင့် ကင်းကင်းကွာကွာ မနေထိုင်မှုကြောင့် ဘုန်းနိမ့်နိုင်သည် ဟုဆိုသည်ကို စဝ်ကြာဆိုင်က လက်မခံပါ။ ယုံလည်း မယုံကြည်ပါ။

ပထမသမီးတော်လေး ဖွားတော်မူပြီး မိနစ်ပိုင်းတွင်ပင် ပရောဟိတ်လက္ခဏာဆရာ ဦးဘဟန်နှင့် အမတ်ချုပ်ဦးထန်တို့ ချက်ချင်းရောက်လာသည်။ သီပေါမင်းသမီးလေးအဖြစ် ရောက်ရှိလာသော ကလေးအတွက် ဇာတာတော်ကို ပေရွက်ပေါ်တွင် ချက်ခြင်းပြုလုပ် ဆက်သရသည်။ သမီးတော်လေး၏ သက်တမ်းတစ်လျှောက် အဆိုးအကောင်းဟောရန်အတွက် ဤဇာတာတော်သည် တစ်သက်လုံး အသုံးဝင်သွားမည်ဖြစ်သည်။ ရှမ်းမိဘများသည် သူတို့၏ သားသမီးများ၏အမည်ကို ချက်ခြင်းမှည့်ခေါ်ချင်သည်မှာ ထုံးစံပင်ဖြစ်၏။ ဤထုံးစံကို သုစန္ဒီက မလိုက်နာချင်ပါ။ သူ့အနေဖြင့် သမီးတော်လေး၏အမည် ရွေးချယ်ရန်ကိစ္စကို မကန့်ကွက်ပါ။ သမီးတော်လေးသည် ကြာသပတေးနေ့တွင် ဖွားမြင်၍ ကြာသပတေးသမီးဖြစ်သည်။ ကြာသပတေးသမီးဆိုလျှင် ဘ၊ မ၊ ပ ဆိုသည့် အက္ခရာအမည်နှင့် မှည့်ရမည်ဖြစ်သည်။ သုစန္ဒီက သမီးတော်လေးကို ချီထားပြီး နီနီထွေးထွေး ခြေချောင်း၊ လက်ချောင်းကလေးများကို စစ်ဆေးနေစဉ် ဆွေတော်မျိုးတော်များက သမီးတော်လေးအတွက် အမည်ရွေးနေကြသည်။ တစ်ယောက်က-

"ဒို့တော့ ပပဝတီ ဆိုတဲ့အမည်ကို ကြိုက်တယ်"

"လုံးဝ မစဉ်းစားဘူး"

ဟု စဝ်ကြာဆိုင်က ဖြေလိုက်သည်။ နောက်တစ်ဦးက-

"ရှမ်းအမည်ဖြစ်တဲ့ မောက်ခမ်းဆိုရင်ကော၊"

"ဒါလည်း ဒို့မကြိုက်ဘူး"

စဝ်ကြာဆိုင်က ပြောလိုက်သည်။ သူ၏ဆွေတော်မျိုးတော်များက ရှမ်းတို့၏ရိုးရာထုံးစံအတိုင်း အမည်ရွေးနေကြခြင်းကို စဝ်ကြာဆိုင်က မနှစ်သက်ချေ။

"သုစန္ဒီနဲ့ ဒို့သမီးလေးအမည်ကို ဒို့ဘဲရွေးမယ်"

ဟု စဝ်ကြာဆိုင်က ဆွေတော်မျိုးတော်များထံလှည့်၍ ပြောလိုက်သည်။ ထို့နောက် သုစန္ဒီနှင့် ကလေးရှိရာ အိပ်ခန်းထဲသို့ဝင်သွားသည်။

သူတို့နှစ်ယောက်သည် "မာယာရီ" ဟူသည့် အမည်ကို ရွေးလိုက်သည်။ ကြားရသည်မှာလည်း ကောင်းသည်။ နေနာမ်လည်း ကိုက်သည်။ ဗုဒ္ဓဝင်၌လည်း ဤအမည်မျိုးတွေ့ရ၏။ ပရောဟိတ်လက္ခဏာဆရာကလည်း သဘောတူ၏။ အမည်အရှေ့တွင် "စဝ်" ဟူသည့် အခေါ်အဝေါ်ကို အလိုလိုပင် ပေါင်းထည့်ရပေလိမ့်မည်။ သို့မှသာလျှင် အုပ်ချုပ်နေသည့် တော်ဝင်မိသားစုဝင်ဖြစ်ကြောင်း သိရပေလိမ့်မည်။ ရှမ်းတို့၏ ဓလေ့ထုံးစံအရ

www.burmeseclassic.com

www.burmeseclassic.com



မာယာရီသည် သူ့ဘဝတစ်လျှောက်လုံး ဤအမည်ကို အပြောင်းအလဲမရှိဘဲ သယ်ဆောင်သွားရပေလိမ့်မည်။ လက်ထပ်ပြီးသည့်အချိန်တွင်ပင် ပြောင်းလဲရမည် မဟုတ်ချေ။

မကြာမီပင် သမီးတော်မင်းသမီးကလေးသည် အရှေ့ဟော်၏ အရေးကြီးဆုံးပုဂ္ဂိုလ်ဖြစ်လာသည်။ မိဘနှစ်ပါး မှလွဲလျှင် အထိန်းတော် "နဲနဲ" သည် ကလေးနှင့် အနီးကပ်ဆုံးဖြစ်၏။ သမီးတော်လေးကို ထိန်းရသည့် ကလေးထိန်းကို "အထိန်းတော်" ဟု ခေါ်ရပေလိမ့်မည်။ အထိန်းတော်အဖြစ် လျှောက်ထားသည့်သူများအနက်မှ အထူးရွေးချယ်၍ အသင့်တော်ဆုံးဖြစ်မည့်သူကိုသာ ခန့်ထားသည်။ နဲနဲသည် အသက် (၆၀) အတွင်းသို့ ရောက်နေပြီဖြစ်သည်။ ယခင်က သူသည် သူနာပြုလည်း လုပ်ခဲ့သည်။ ဝမ်းဆွဲလည်း လုပ်ခဲ့သည်။ ကိုယ်တိုင်လည်း ကလေးများ၏မိခင်ဖြစ်၍ ကလေးထိန်းရန် အရည်အချင်းအပြည့်အဝရှိသည့် မုဆိုးမတစ်ဦး ဖြစ်သည်။ သူသည် ရှမ်းနှင့် မြန်မာစကား ကောင်းစွာပြောတတ်သော်လည်း အင်္ဂလိပ်စကားကိုမူ မပြောတတ်ချေ။ သူ့ကို ဘက်တစ်သာသနာပြုအဖွဲ့က ခရစ်ယာန် သာသနာသို့ သွပ်သွင်းခဲ့သည်။ ထိုစဉ်က သူနာပြုကျောင်းတွင် တက်နေစဉ်ဖြစ်၏။ ခရစ်ယာန်ဘာသာဝင်ဖြစ်သော် လည်း နဲနဲကို ဗုဒ္ဓဘာသာများဖြစ်သည့် ဟော်မှဝန်ထမ်းများက အသက်အရွယ်နှင့်အလုပ်ကိုထောက်၍ ရိုရိုသေသေ ဆက်ဆံကြသည်။ သို့သော်လည်း သူတို့က ခရစ်ယာန်ဘာသာဝင် နဲနဲကို ဘာသာမတူ၍ မျက်စိဒေါက်ထောက် ကြည့်နေကြ၏။ မမိုးအေးက သူ၏ မဟာဒေဝီအား နဲနဲသည် သမီးတော်ကလေးကို ခရစ်ယာန်ဘာသာသို့ ဆွယ်လေ မည်လားဟုပင် စိုးရိမ်ကြောင်း လျှောက်ထားသေးသည်။

သုစန္ဒီက ဤကိစ္စများကို အလေးမထားပါ။ ပတ်ဝန်းကျင်မှ ကလေးများ၏ ကျန်းမာရေးကိုကြည့်ပြီး သူ့သမီးတော်လေးအတွက် ကျန်းမာရေးကို အလေးထားမည့် သူနာပြုဆရာမဖြစ်ခဲ့သည့် ကလေးထိန်းကို သူ့ဘေး တွင်ထား၍ သူ့ကလေးကို ကြီးပြင်းအောင် ထိန်းပေးရန်သာလိုသည်။ ငှက်ဖျားရောဂါကို သယ်ဆောင်လာသည့် ခြင်၊ အခြား အဆိပ်အတောက်ဖြစ်စေသည့် ပိုးမွှားတိရစ္ဆာန်များက ကလေး၏ခြင်ထောင်ထဲသို့ ဝင်မလာစေရန်သာ အရေးကြီးသည်။ သို့ကြောင့် သုစန္ဒီသည် ကလေးနှင့် ကလေးထိန်းနေသည့်အခန်းကို ညဘက်တွင် တိတ်တဆိတ် ဝင်ရောက်ကြည့်လေ့ရှိသည်။ နဲနဲကို ဤကိစ္စများအတွက် စိတ်ချရပါသည်။ နေ့ဘက်တွင် လာရောက်သည့် ဧည့်သည် တော်များကိုလည်း ဂရုပြုစေသည်။ ထိုသူတို့မှတစ်ဆင့် ကျောက်ရောဂါ၊ အဆုတ်ရောဂါ၊ ကိုယ်ရေပြားရောဂါ၊ တိုက်ဖိုက်စသည့် ကူးစက်တတ်သည့်ရောဂါများ ပတ်ဝန်းကျင်မှ သယ်မဆောင်လာရန်ဖြစ်သည်။ တစ်ခါတစ်ရံ သုစန္ဒီက အိပ်မပျော်သည့်ညများတွင် သူ၏သမီးတော်လေးအား သူ့ဇာတိ ဩစတေးလျတွင်သာ မွေးပြီး ကြီးပြင်း အောင် ထိန်းရခဲ့သော်ဆိုသည့်အတွေးကို တွေးတတ်သည်။ သူ့တိုင်းပြည်တွင်ဆိုလျှင် ရှမ်းပြည်မှာကဲ့သို့ ကူးစက်တတ် သည့် ရောဂါပိုးများအတွက် စိုးရိမ်ရမည်မဟုတ်ချေဟုလည်း တွေးမိသည်။ အထိန်းတော်နဲနဲ၏ သူနာပြုဆရာမ အရည်အချင်းတစ်ပိုင်းကြောင့် မဟာဒေဝီသုစန္ဒီ၏ စိုးရိမ်မှုများမှ ကင်းဝေး၍ အလွန်လှပသည့် သမီးတော်လေးကို ကြီးပြင်းလာစေသည်။

ရှစ်လကြာသောအခါ မာယာရီသည် သူ့ခမည်းတော်၊ မယ်တော်တို့နှင့်အတူ ပထမဆုံး အခမ်းအနားတစ်ခုကို တက်ရောက်ရလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၂)

မာယာရီတက်ရောက်ရသော ပထမဆုံးအခမ်းအနားမှာ နာမကရဏမင်္ဂလာဖြစ်သော သူ့အမည်ပေး အခမ်းအနား ပင်ဖြစ်သည်။

**မှတ်ချက်**

*ဤစာအုပ်တွင် စာရေးသူက နိုင်ငံခြားသူဖြစ်၍ မြန်မာနှင့် ရှမ်းတော်ဝင်မျိုးတို့၏ အခမ်းအနားများကို အသေးစိတ်မသိနိုင်သဖြင့် အမည်ပေးအခမ်းအနားဟုသာ ရေးထားသည်။*

*စာရေးသူအနေဖြင့် မဟာနွယ်သားတော်၊ သမီးတော်များဖွားတော်မူလျှင် ထုံးတမ်းစဉ်လာအတိုင်း ပြုလုပ်သည့် အခမ်းအနားများကို ဖော်ပြလိုပါသည်။ နန္ဒီမုခ ဟူသော မျက်နှာတော်ပြမင်္ဂလာ၊ ဖွားတော်မူသည်မှ (၇၅) ရက်မြောက်တွင် တမ္ဗူလကရဏ ဟူသော ကွမ်းဦးခွံ့မင်္ဂလာ၊ ဖွားတော်မူသည်မှ ရက်ပေါင်း (၉၀) မြောက်တွင် ရဝိန္ဒုဒဿန ဟူသော နေလ ရှုမျှော်ရာမင်္ဂလာ၊ ဖွားတော်မူသည်မှ ရက်ပေါင်း (၁၈၀) မြောက်၌ ပထမဘတ္တဟူသော ထမင်းဦးခွံ့မင်္ဂလာ၊ ထိုနောက် ကေသစ္ဆေဒန ဟူသော ဆံတော်ပြင်မင်္ဂလာ၊ ဒေါလကရဏ ဟူသော မြဲပခက်တင် မင်္ဂလာ၊ နောက် နာမကရဏဟူသော အမည်ပေး ကင်ပွန်းတပ်မင်္ဂလာစသဖြင့် မင်္ဂလာ (၇) ပါးကို ကျင်းပရသည်။ ယခုဤစာအုပ်တွင်မူ အမည်ပေးကင်ပွန်းတပ်မင်္ဂလာကို ပထမဆုံးမင်္ဂလာအဖြစ် ဖော်ပြထားသည်။*

**အမတ်ချုပ်ကြီးက-**

"သီပေါမဟာရာဇာစော်ဘွားကြီးနှင့် မဟာဒေဝီတို့က သမီးတော် အမည်ပေး ကင်ပွန်းတပ်မင်္ဂလာအတွက် ဖိတ်ကြားတော်မူလိုက်သည်။ သက္ကရာဇ် (၁၃၁၈ ခုနှစ်)၊ နတ်တော်လပြည့်ကျော် (၁၁) ရက်နေ့တွင် သမီးတော်လေးကို အခမ်းအနားဖြင့် အရှေ့ဟော်၌ နံနက် (၁၀) နာရီတွင် အမည်ပေး ကင်ပွန်းတပ်မင်္ဂလာ ကျင်းပမည်၊ လက်ဆောင်ပဏ္ဏာများကိုလက်မခံ"ဟူသော ဖိတ်ကြားလွှာဖြင့် ဖိတ်ကြားလိုက်သည်။

ဖိတ်ကြားထားသည့် ဧည့်သည်တော်များ ရာနှင့်ချီ၍လည်းကောင်း၊ သီပေါနယ်မှ အုပ်ချုပ်ရေးအရာရှိများသည်လည်းကောင်း အရှေ့ဟော်၏အခန်းများနှင့် လသာဆောင်တွင် ပြည့်နေပါသည်။ အိမ်ထောင်ပရိဘောဂများကို ဖယ်ရှားထားပြီး ကြမ်းပေါ်တွင်ခင်းထားသော ကော်ဇောများပေါ်တွင် ထိုင်နေကြသည်။ ပင့်ဆောင်ထားသော သီပေါနယ်မှ ထေရ်ကြီးဝါကြီးဆရာတော်ကြီးသုံးပါးလည်း ကြွရောက်တော်မူလာသည်။ ထိုအခမ်းအနားတွင် ဆွေတော်မျိုးတော်ထဲမှ သက်တော်ဝါတော်အကြီးဆုံးဖြစ်သော အန်တီကြီးဘုရားက ဦးစီး၍ အခမ်းအနားကို ကျင်းပပေးသည်။ အခမ်းအနား

www.burmeseclassic.com

www.burmeseclassic.com



၌သုံးရန် အန်တီကြီးဘုရားရှေ့တွင် ရောမငွေဖလားကြီးတစ်လုံးရှိသည်။ ထိုဖလားထဲ၌ အခမ်းအနားဝင်ပစ္စည်းများအားလုံးရှိသည်။ သစ်ခေါက်ရေထဲတွင် နံ့သာများ သွေးထည့်ထားပြီး ပန်းဖတ်ပန်းချပ်များလည်း ခြွေထည့်ထားသည်။ နဝရတ်ကိုးပါးဖြစ်သော စိန်၊ ပတ္တမြား၊ မြ၊ ဥဿဖျား၊ နီလာ၊ ပုလဲ၊ သန္တာ၊ ကြောင်နှင့် ဂေါမုတ်ရတနာတို့ကိုလည်း ဖလားထဲတွင် စိမ်ထားသည်။ ထိုငွေဖလားကြီး၏ရေထဲတွင် မင်္ဂလာပန်းခက် ပန်းရွက်တို့ကိုလည်း စည်း၍ ထည့်ထားသည်။

မဟာဒေဝီသုစန္ဒီသည် သူ၏သမီးတော်လေးကို ချီပွေ့၍ ထွက်လာ၏။ သုစန္ဒီငယ်စဉ်က သူတို့တိုင်းပြည်ဩစတေးလျတွင် ဘာသာသွင်းအခမ်းအနား၌ ဝတ်ဆင်ခဲ့သည့် ပန်းရောင်ဂါဝန်ကိုပင် သမီးတော်ကလေးကို ပြန်၍ ဝတ်ဆင်ပေးထားသည်။ သုစန္ဒီတို့ သားမယ်တော်နှစ်ပါးသည် ပရိသတ်ကိုဖြတ်သန်း၍ ထွက်လာပြီး စင်မြင့်ပေါ်မှ ဆိုဖာပေါ်တွင် ထိုင်နေကြခြင်း ဖြစ်သည်။ အန်တီကြီးဘုရားသည် ထ၍ သမီးတော်လေးအား ဤနေ့မှစပြီး "စပ်မာယာရီ"ဟု ခေါ်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ ငွေဖလားထဲမှ မင်္ဂလာပန်းခက်ပန်းရွက်စည်းဖြင့် မင်္ဂလာရေကို သမီးတော်လေးအပေါ် ဖျန်းပက်ပေးသည်။ သက်တော်ရာကျော်ရှည်စေကြောင်းလည်း ဆုတောင်းပေးသည်။ ပြီးနောက် အထိန်းတော်က သမီးတော်လေးကို ကလေးခန်းဆောင်သို့ ချီပွေ့သွား၏။

ကာယကံရှင် သမီးတော်လေး စပ်မာယာရီသည် အန်တီကြီးဘုရား ရွတ်ဆိုသွားသည်တို့ကိုလည်းကောင်း၊ မင်္ဂလာရေတို့ဖြင့် ပက်ဖျန်းဆုတောင်းပေးသည်တို့ကိုလည်းကောင်း ဘာမျှ နားလည်မည် မဟုတ်ချေ။ ခမည်းတော်

www.burmeseclassic.com



စော်ဘွားကြီး စဝ်ကြာဆိုင်က သမီးတော်ကလေးကို လက်ဖွဲ့သည့်အနေဖြင့် ပေးသနားတော်မူသည့် လက်ဝတ်ရတနာတို့ကိုလည်းကောင်း၊ မြင်းတစ်ကောင်နှင့် လီမွှော်ခြံကြီးတစ်ခြံကို လက်ဖွဲ့ကြောင်း အခမ်းအနားမှူးက ကြေညာသွားသည်ကိုလည်းကောင်း၊ သံဃာတော်များ ရွတ်ဆိုချီးမြှင့်သည့် ပရိတ်တော်ကိုလည်းကောင်း ဘာမျှကြားမည်၊ သိမည်မဟုတ်ချေ။ ဧည့်သည်တော်များကို သူ့မင်္ဂလာပွဲအတွက် ကျွေးမွေးဧည့်ခံသည့် အစားအစာများကိုလည်း စားနိုင်သိနိုင်မည်မဟုတ်ပေ။

တစ်နေ့တွင် မြောက်ဘက်ရှိ တာပုန်ရွာမှလူများသည် မဟာဒေဝီသုစန္ဒီထံ အလွန်လှပသော ကြက်တူရွေး အရှင်တစ်ကောင်ကို လက်ဆောင်ပဏ္ဏာအဖြစ် လာဆက်သည်။ သူတို့စိတ်ထဲတွင် ဤ လက်ဆောင်ပဏ္ဏာကို အထူးခြားဆုံး လက်ဆောင်ပဏ္ဏာဟု ထင်နေသည်။ ကြက်တူရွေး၏ခေါင်းနှင့် ကိုယ်ထည်မှ အမွေးများသည် ခရမ်းရောင်ဖြစ်သည်။ တစ်ကိုယ်လုံး တောက်ပြောင်နေသောအမွေးများနှင့် အတောင်များမှာ စိမ်းဝါရောင်ဖြစ်နေရာ တောက်ပြောင်လွန်းသဖြင့် အမြီးထိပ်တွင် ရွှေရောင်ပင် တောက်နေသည်။ သုစန္ဒီက ကြက်တူရွေးငှက်ကို မြင်လိုက်သည်နှင့် ငှက်၏အတောင်များမှာ ဖြတ်ထားကြောင်းသိသည်။

သို့ကြောင့် -

"မင်းတို့ရဲ့လက်ဆောင်ပဏ္ဏာကို သခင်မ သဘောကျပါတယ်။ ဒါပေမယ့် ဒီလောက်လှတဲ့ငှက်လက်ဆောင်ကို သခင်မလက်ခံခြင်းက သူ့ကိုလွှတ်လိုက်ဖို့ပဲ ဖြစ်တယ်။ ဒါကြောင့် နောက်ကိုဘယ်တော့မှ ဒီလိုသက်ရှိသတ္တဝါမျိုးကို လက်ဆောင်အဖြစ်နဲ့ လာမဆက်ကြပါနဲ့၊ သဘာဝအတိုင်းပဲ ရှိကြပါစေ"

ဟု ပြောလိုက်သည်။

သုစန္ဒီက သူယခုကဲ့သို့ ပွင့်ပွင့်လင်းလင်းပြောလိုက်ခြင်းသည် သူ့အနေဖြင့် သက်ရှိသတ္တဝါဟူသမျှကို ဖမ်းဆီး၍ နောက် လာမဆက်ရန် အပြတ်ပြောလိုက်ခြင်းပင်ဖြစ်သည်ဟု ယူဆနေသည်။ ဤသည်မှာလည်း အကြောင်းရှိ၏။

သူ့မောင်တော် မတိုင်မီက အုပ်ချုပ်ခဲ့သော စော်ဘွားကြီးစဝ်အုံကြာ၏ မဟာဒေဝီသည် ယခုကဲ့သို့ပင် လာဆက်သည့် ဝက်ဝံကလေးများကို လှောင်အိမ်ငယ်ကလေးများဖြင့် ဟော်ဝင်း၏မုတ်ပေါက်တွင် ထားစေသည်။ သို့သော် ထိုဝက်ဝံကလေးများက သူတို့ကိုထိန်းသူများကို ကိုက်သတ်လိုက်ကြသည်။ တစ်ခါကလည်း သီပေါနယ်၊ အလွန်ခေါင်သည့်ရွာမှ ရွာသားများသည် သုစန္ဒီထံ ကျားသစ်ငယ်လေးတစ်ကောင် လာဆက်သည်။ သို့သော် ထိုကျားသစ်ကလေးမှာ အစာကျွေး၍ မရပါ။ သူ့ရွာနေသို့ ပြန်လွှတ်ရန်မှာလည်း မိုင် (၈၀) ခန့် ဝေးသည်။ သို့နှင့်ပင် အလွန်လှပသည့် ကျားသစ်ငယ်ကလေးသည် ဂရုတစိုက်မွေးထားသော်လည်း အစာငတ်၍ သေဆုံးသွားသည်။ ထို့ကြောင့် ဤကဲ့သို့သောအဖြစ်မျိုးများအတွက် မဟာဒေဝီသုစန္ဒီ စိတ်မကောင်းဖြစ်ကာ မည်သူမျှ တောရိုင်းတိရစ္ဆာန်များကို လက်ဆောင်ပဏ္ဏာအဖြစ် လာမဆက်သရဟု အမိန့်ထုတ်လိုက်သည်။ အထက်၌ ဖော်ပြခဲ့သော တာပုန်ရွာမှ ရွာသားများသည် ဤအကြောင်းတို့ကို မသိ၍ ကြက်တူရွေး လာဆက်မိခြင်း ဖြစ်ပါသည်။

ဟော်မှ ဝန်ထမ်းဘကုန်းက သူ၏သခင်မကို လာဆက်သည့် ကြက်တူရွေး၏အတောင်များသည် ဖြတ်ထားသော်လည်း တစ်ပတ်နှစ်ပတ်အတွင်းတွင်ပင် ပြန်၍ ပေါက်လာနိုင်ပါသည်။ ထိုမှသာ ဖမ်းလာသည့်ရွာနေသို့ ပြန်လွှတ်လျှင်ကောင်းမည်ဟုဆိုကာ တာဝန်ယူလိုက်သည်။ ဘကုန်းသည် ချက်ချင်းပင် ဈေးသို့ပြေးသွားပြီး ငှက်လှောင်အိမ်ကြီးကြီးတစ်ခုနှင့် ငှက်စားရန် လတ်လတ်ဆတ်ဆတ် အသီးအနှံအချို့ကို သွားဝယ်လေသည်။ ဟော်ဝန်းထဲရှိ မီးဖိုအနီးမှ မာလကာပင်များသည် ကြက်တူရွေးလှောင်အိမ်ကို ချိတ်ထားရန် အသင့်တော်ဆုံးဖြစ်နေသည်။ တစ်ဦးတစ်ယောက်က ကြောင်ဘေးရန်မှ ကင်းဝေးရန် တာဝန်ယူရသည်။ မာလကာပင်၏အရိပ်ကြောင့် ငှက်လှောင်အိမ်မှာ နေထိုးမခံရချေ။

ကြက်တူရွေးသည်အစဉ် ငှက်ပျောသီးများနှင့် ဖရဲသီးများကိုသာ စားသည်။ မာလကာပင်များကြားတွင် နေရသောအခါ ကြက်တူရွေးထံသို့ ဧည့်သည်များ ရောက်လာသည်။ အခြားကြက်တူရွေး အကောင် (၆၀) ခန့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူတို့အချင်းချင်း သူတို့၏ဘာသာစကားဖြင့် ပြောဆိုကြသည်မှာ ကျွက်ကျွက်ညံသွားသဖြင့် ဟော်အတွင်းမှ အမှုထမ်းများအားလုံး ထွက်ပြေးလာပြီး ကြည့်ကြရသည်။ ဧည့်သည်တော် ကြက်တူရွေးများသည် ခေတ္တခဏသာ ကြာသည်။ မကြာမီ ပျံပြေးသွား ကြသည်။ ဘကုန်းသည် ခေါင်းတညိတ်ညိတ်ဖြင့် -

"ကျုပ်တော့ ဒီလို အိမ်နားကပ်လာတဲ့ ကြက်တူရွေးအုပ်ကြီးမျိုးကို တစ်ခါမှ မတွေ့ဘူးပေါင်ဗျာ"

ဟု ပြောလိုက်သည်။

ကြက်တူရွေးများသည် နောက်နေ့မှစပြီး နံနက်တိုင်း အချိန်မှန်မှန် လာရောက်ကြတော့သည်။ ဘယ်မှ လာကြမှန်းမသိပါ။ ဘကုန်း၏ ဂရုတစိုက်ပြုစုမှုကြောင့် လှောင်အိမ်တွင်းမှ ကြက်တူရွေးလေးသည် အမွေးအတောင်စုံ၍ ထွက်ပျံရန် အဆင်သင့်ဖြစ်နေပြီ။ တနံနက်တွင် ကြက်တူရွေးအုပ်ကြီးလာပြီး မကြာမီပင် ဘကုန်းက ကြက်တူရွေး လှောင်အိမ်ကို ဖွင့်လိုက်သည်ကို စပ်ကြာဆိုင်နှင့် သုစန္ဒီတို့ ပုန်း၍ ကြည့်နေကြသည်။ လှောင်အိမ်အတွင်းမှ ကြက်တူရွေးလေးသည် သူ၏လှောင်အိမ်တံခါးဖွင့်လိုက်သည်ကို ကြည့်နေသည်။ သူပျံမထွက်ပါ။ လှောင်အိမ် တံခါးဝသို့သာ သွားသည်။ ကြက်တူရွေးအုပ်ကြီးက မာလကာပင်ကိုင်းများပေါ်တွင် ဆူဆူညံညံပြုလုပ်နေသည်။ မကြာမီပင် ကြက်တူရွေးအုပ်ကြီးနှင့်အတူ လှောင်အိမ်အတွင်းမှ ကြက်တူရွေးလေးသည် လိုက်၍ ပျံသန်းသွားလေသည်။

ထိုနေ့မှစပြီး အရှေ့ဟော်သို့ ကြက်တူရွေးများ မလာတော့ပါ။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၃)

### အခန်း (၉)

စံဝံကြာဆိုင်အဖို့ ဤဝါးတဲအိမ်လေးအတွင်း အကျဉ်းခံနေရသည်မှာ (၂) ရက်ရှိပြီ။ သူ့အဖို့ လွတ်လမ်းကို မမြင်နိုင်ပါ။ ဗိုလ်ချုပ်နေဝင်းနှင့် အပေါင်းအပါတို့က နိုင်ငံတော်အာဏာကို အကြမ်းဖက်သိမ်းယူပြီး လူထုက ရွေးချယ်တင်မြှောက်ထားသော အစိုးရအဖွဲ့ဝင်အားလုံးနှင့် နိုင်ငံရေးခေါင်းဆောင်အားလုံးကို ဖမ်းဆီးအကျဉ်းချ ထားလိုက်သည်ဆိုသော သတင်းကိုမူ စဝ်ကြာဆိုင်အားစစ်ဆေးသော အရာရှိတစ်ဦးထံမှ ကြားသိလိုက်ရသည်။ သို့ဆိုက ဝန်ကြီးချုပ်ဦးနုလည်း သူ့လိုပင် အဖမ်းခံနေရ၍ သူ့ကိုကယ်တင်နိုင်မည်မဟုတ်ကြောင်း နားလည်လိုက် သည်။ တော်လှန်ရေးကောင်စီဟု အမည်တပ်ထားသော အာဏာသိမ်းစစ်အစိုးရအပေါ် ကုလသမဂ္ဂနှင့် အနောက် ဘက် ဒီမိုကရေစီနိုင်ငံတို့က ဖိအားပေးပါက ဖမ်းဆီးခံရသူတို့အဖို့ မျှော်လင့်ချက်ရှိသော်လည်း ဤသို့ပြုရန် အချိန်ယူ ရပေဦးမည်။

ဝါးတဲအတွင်းမှ အလင်းရောင်မှုန်ဝါးဝါးတွင် စဝ်ကြာဆိုင်သည် သူ၏ညာဘက်လက်ဖဝါးကို ကြည့်မိ သည်။ ဆူးလေဘုရားပေါ်က ဗေဒင်ဆရာ၏သတိပေးစကားကို ကြားနေမိသည်။ သူ အသက် (၃၀) ဝန်းကျင်တွင် စန်းပြတ်လက်ပြတ်နှင့် အသက်လမ်းကြောင်းမှာ ပြတ်တောက်သွားနိုင်သည်ဟု ဟောခဲ့သည်။ ယခု ဤဟောပြော ချက်သည် ဆိုက်ရောက်လာချေပြီလော။

ဖျာပေါ်တွင် ကျောဆန့်ရင်း မျက်လုံးများကို မှိတ်ထားလိုက်သည်။ စဝ်ကြာဆိုင်အဖို့ စိတ်ရောကိုယ်ပါ အလွန်ပင်ပန်းနေပါသည်။ အာဏာသိမ်းလိုက်သည်ဆိုသည့်သတင်းကြောင့် သူ့မျှော်လင့်ခြင်းများကို ချေမွဖျက်ဆီး လိုက်သကဲ့သို့ ဖြစ်ရသည်။ သူ့အခြေအနေသည် ဆုံးခန်းတိုင်ပြီလော။ သုစန္ဒီနှင့် ဂျင်မီရန်းထံ လျှို့ဝှက်ပေးပို့သော သူ့စာများ ရောက်ခဲ့သည်ဆိုလေဦး သူတို့အနေနှင့် ဘာမျှတတ်နိုင်တော့မည်မဟုတ်ချေဟု တွေးလိုက်မိသည်။ ထိုအခိုက် တဲအပြင်ဘက်မှ ခြေသံများကြားလိုက်သဖြင့် ချက်ခြင်းထထိုင်လိုက်သည်။ သူ့ကို ဝမ်းနည်းစိတ် အားငယ် နေသူအဖြစ် ရန်သူများဘက်မှ ဘယ်သောအခါမှ မမြင်စေချင်ပါ။

ခြေသံများက ပျောက်ကွယ်သွားပြန်သည်။ ဖျာပေါ်တွင် ကျောပြန်ချလိုက်ပြီး ပိုက်ဆံအိတ်ထဲမှ သမီးငယ် နှစ်ယောက်၏ဓာတ်ပုံကို ထုတ်ကြည့်နေမိသည်။ ညအိပ်ညနေ ခရီးသွားရသည့်အခါ အလွမ်းပြေကြည့်ရန် သမီး နှစ်ယောက်ဓာတ်ပုံကို အလိုက်သိသော သုစန္ဒီက ထည့်ပေးလိုက်ခြင်း ဖြစ်သည်။ ဓာတ်ပုံထဲမှ ပြုံးနေကြသည့် သမီးနှစ်ယောက်မျက်နှာကလေးများကိုကြည့်ရင်း စဝ်ကြာဆိုင် ရင်ထဲမကောင်းလှသဖြင့် ဓာတ်ပုံကို ပြန်သိမ်းထား

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ တတိုင်းတပြည်လုံး စစ်အာဏာရှင်လက်အောက်ရောက်၍ ဒုက္ခမိုးမှောင်ကျတော့မည့် အရိပ်အယောင်ကို ကြိုတင်မြင်နေရပါလျှက် လျှော့တွက်ခဲ့သည်မှာ သူ၏အမှားပင်ဖြစ်သည်ဟု တွေးမိသည်။

မြန်မာနိုင်ငံ၏ ပြီးခဲ့သောအထွေထွေရွေးကောက်ပွဲတွင် စစ်တပ်က ကျောထောက်နောက်ခံပေးထားသော တည်မြဲဖဆပလလျှံနိမ့်ပြီး ဦးနု၏ သန့်ရှင်းဖဆပလ အနိုင်ရခဲ့သည်။ ရွေးကောက်ပွဲမကျင်းပမီ (၂) နှစ်ကာလအတွင်း တိုင်းပြည်ကို ဗိုလ်ချုပ်နေဝင်း၏ အိမ်စောင့်အစိုးရက ခေတ္တအုပ်ချုပ်ခဲ့သည်။ သို့သော်လည်း စစ်အာဏာရှင် အုပ်ချုပ်မှုကို ပြည်သူတို့က မလိုလားချေ။ သို့ဖြင့် ရွေးကောက်ပွဲများ ပြန်လည်ကျင်းပရသည့်အခါ စစ်ခေါင်းဆောင်တို့နှင့် လက်ဝါးရိုက်ထားသော တည်မြဲဖဆပလကို ပြည်သူတို့က မထောက်ခံခဲ့ကြချေ။ သန့်ရှင်းဖဆပလဘက်သို့ ပုံအော၍ ထောက်ခံလိုက်ကြသည်ကို ဗိုလ်ချုပ်နေဝင်းအတွက် အငြိုးအတေးတစ်ခု ဖြစ်လာခဲ့သည်။ စစ်အာဏာရှင်စနစ်ကို မလိုကြောင်း ပြည်သူတစ်ရပ်လုံးက ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ခဲ့ပြီးဖြစ်ရာ ဗိုလ်ချုပ်နေဝင်းအနေဖြင့် ပြည်သူပြည်သားတို့ ဆန္ဒသဘောထားမပါပဲ တိုင်းပြည်ကို အုပ်ချုပ်နိုင်ခွင့်မရှိ၊ ကျားနာတစ်ကောင်ကဲ့သို့ နောက်တစ်ကြိမ် အာဏာသိမ်းရန်လည်း မလွယ်ကူတော့ကြောင်း ဦးနု၊ ဦးဗဆွေ၊ စဝ်ခွန်ချိုနှင့် နိုင်ငံရေးခေါင်းဆောင်အများစုက တွက်ဆခဲ့ကြသည်။ စစ်ခေါင်းဆောင်တို့၏ နိုင်ငံရေးလှည့်ကွက်ကို သူတို့ဘက်က ကြိုမမြင်ကြ၍ သူတို့၏အမှားဘယ်လောက်များ မှားခဲ့ပါသလဲဟု တွေးမိသောကြောင့် ခေါင်းငိုက်စိုက်ချထားသော သူ့ခေါင်းကို သူ့လက်သီးနှင့် အကြိမ်ကြိမ် ထိုးမိလေတော့သည်။

အကယ်၍ ယခုလို ကြမ္မာဆိုးနှင့် တွေ့စေမည့်အကြောင်းအရာက ၁၉၄၇ ခုနှစ် ဇန်နဝါရီလအတွင်းတွင် စဝ်ကြာဆိုင်ဆန္ဒမပါဘဲ ဖန်လာခဲ့ဖူးသည်။ သီပေါနယ်မှ ရွာသူကြီး (၆၇) ယောက်က သူ့ကို သီပေါစော်ဘွားအဖြစ်နှင့် ဟော်နန်းတက်ရန် တောင်းဆိုခဲ့ကြသည် မဟုတ်လော။ စော်ဘွားဖြစ်ရန် သူ့ခမည်းတော်နှင့် သူ့နောင်တော်တို့ သက်ရှိထင်ရှား ရှိနေကြပါလျှက် ဂျပန်ခေတ်က ဂျပန်များနှင့် ပူးပေါင်းလိုက်ကြသည့်အတွက် အင်္ဂလိပ်များ ပြန်ဝင်လာပြီးနောက် သူတို့ကို စော်ဘွားအဖြစ် တင်မြှောက်ရန် လက်မခံခဲ့ကြပေ။ သူတို့အစား သူ့ကိုသာ ထောက်ခံခဲ့ကြ၍ ပညာကို ဆက်လက်သင်ကြားရန် စီစဉ်ထားပြီးဖြစ်သော်လည်း အများဆန္ဒကို လိုက်လျော၍ ၁၉၄၇ ခုနှစ်မှပင် သီပေါစော်ဘွားအရိုက်အရာအတွက် ဟော်နန်းသိမ်းပွဲ ကျင်းပခဲ့ရသည်။

သည့်နောက် နိုင်ငံရေးလောကထဲသို့ ရောက်မှန်းမသိ ရောက်လာသည့်အတွက် သူမှားသလော မှန်သလော ဆိုသည်များကို တွေးရင်း ခေါင်းခဲလာသဖြင့်–

“တော်ပြီ… ဆက်မတွေးတာဘဲ ကောင်းတယ်”

ဟု ရေရွတ်လိုက်မိသည်။ သူစိတ်ငြိမ်ငြိမ်ဖြစ်ရန် စာအုပ်တစ်အုပ် ဖတ်နေလျှင်ကောင်းမည်ဟု စဉ်းစားမိသည်။ သို့သော် ယခုသူ့တွင် ဘာစာအုပ်မျှမရှိ။ သူ့ကို ဗထူးမြို့သို့ ဖမ်းဆီးခေါ်လာစဉ်ကပင် သူ့လက်ထဲမှ ပစ္စည်းများ သူတို့ထံ ပါသွားလေသည်။ သူသည် အားနေစဉ် စာအုပ်နှင့် မျက်နှာအပ်နေတတ်သည်။ ယခုတလော ဘော်ကြီး ဆားစီမံကိန်းနှင့်ပတ်သက်၍ အသေးစိတ်လေ့လာနေခဲ့ရာ ဟော်သို့ရောက်လျှင်ရောက်ချင်း အဆိုပါစီမံကိန်းကို စတင် အကောင်အထည်ဖော်တော့မည်ဖြစ်သည်။ ရှမ်းပြည်သို့ ပြည်မမှ ဆားတင်ပို့မှုများ ပုံမှန်ရှိလာခဲ့သော်လည်း တစ်ခါတစ်ရံ အဆက်ဖြတ်တောက်သွားသည့်အခါများတွင် ဘော်ကြီး ဆားတွင်းထွက်ဆားများကို သုံးစွဲကြရသည်။ ဘော်ကြီးဆားတွင်းများမှ ဆားကို ရှေးပဝေဏီကတည်းက ထုတ်ယူသုံးစွဲခဲ့ကြပါသည်။ တွင်းထွက်ဆားတွင် မဂ္ဂနီဆီယံကလိုရိုက် ရာခိုင်နှုန်းမြင့်နေသည့်အတွက် အခါးဓာတ်များနေရာ ၎င်းကို ခေတ်မီစက်ကိရိယာများဖြင့် သန့်စင်ရမည်။ ၎င်းအတွက် နိုင်ငံခြားမှ မှာယူထားသော စက်ကိရိယာကြီးများမှာ သီပေါသို့ ရောက်သည်နှင့် ဆားထုတ်လုပ်ရေးစီမံကိန်းကြီး စတင်တော့မည် ဖြစ်သည်။ သို့ကြောင့် မကြာမီ မြောက်ပိုင်းရှမ်းပြည် တစ်ပြည်လုံးအတွက် ဆားဖူလုံသွားတော့မည် ဖြစ်သည်။ စဝ်ကြာဆိုင်သည် ထိုကဲ့သို့တွေးနေရာမှ သူနှင့် ဗိုလ်ချုပ်နေဝင်းတို့အကြောင်းဘက်သို့ အတွေးရောက်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်နေဝင်းဘက်မှ သူနှင့်ပတ်သက်၍ မကြာခဏ ခြိမ်းခြောက်မှုများ ရှိနေတတ်သောကြောင့် တစ်နေ့နေ့ သူ့ကို ဒုက္ခပေးတော့မည့်အနေအထားကို ပြန်သတိရမိသည်။ ပြီးခဲ့သည့်နှစ်က ရန်ကုန်သို့ ပါလီမန်အစည်းအဝေး တက်ရန် လားရှိုးလေဆိပ်တွင် ရှိနေသည်။ လေယာဉ်ပေါ်တက်ခါနီးတွင် ဂျစ်ကားတစ်စီး အလောသုံးဆယ် ရောက်လာပြီး ရှမ်းပြည်ကော်မရှင်နာထံမှ ပေးလိုက်သောစာကို လာပေးသည်။ စာတွင် ယခုရန်ကုန်သို့ လိုက်ပါမည့်ခရီးစဉ်ကို အမျိုးသားလုံခြုံရေးအကြောင်းပြချက်နှင့် ရွှေ့ဆိုင်းလိုက်ရန် ပြောသောစာ ဖြစ်၏။ ကော်မရှင်နာက နှစ်ဦးချင်း တွေ့ဆုံ၍ ဆွေးနွေးလိုပါသည်ဟုလည်း ဖော်ပြထားသည်။ သို့နှင့် လေယာဉ်ပိုင်းလော့ကို သူပြန်လာမှ လေယာဉ်ထွက်ရန် မေတ္တာရပ်ခံထားပြီး ကော်မရှင်နာရုံးခန်းသို့ အမြန်လာခဲ့ရသည်။

ကော်မရှင်နာရုံးခန်းသို့ရောက်သည့်အခါ ကော်မရှင်နာဦးဟန်က-

"သုစန္ဒီကို ကျွန်တော့်မရီးတစ်ယောက်နဲ့ ထားလိုက်ပါ။ ကျွန်တော်တို့နှစ်ယောက်တည်း စကားပြောကြရအောင်"

"ရပါတယ်၊ သူလည်း ကျုပ်နဲ့အတူ နေပါလိမ့်မယ်၊ ကဲ··· ဒီနေ့ကိစ္စပြောပါအုံး"

ဟု စဝ်ကြာဆိုင်က ပြောသော်လည်း ကော်မရှင်နာက အေးအေးဆေးဆေးဖြစ်နေ၍-

"ဟိုမှာလေယာဉ်ပိုင်းလော့တွေက ကျုပ်တို့ကို စောင့်နေရတယ်။ ခင်ဗျား ဘာပြောချင်တာလဲ"

"ဒီကနေ့ လေယာဉ်ပျံနဲ့ ရန်ကုန်သွားဖို့၊ စော်ဘွားကလေးကို ကျွန်တော် ခွင့်ပြုလို့မရဘူး။"

ကော်မရှင်နာ၏စကားကြောင့် စဝ်ကြာဆိုင် အံ့သြသွားပြီး-

"ဘာကြောင့်လည်းဗျ"

"မြောက်ပိုင်းတိုင်းမှူး ဗိုလ်မှူးကြီးချစ်မြိုင်က ဒီနေ့လေယာဉ်နဲ့ ရန်ကုန်ကိုသွားရမယ်၊ သူ့လုံခြုံရေးအရ စော်ဘွားလေးနဲ့ လေယာဉ်တစီးတည်းစီးရမှာ သူကြောက်တယ်လို့ ပြောတယ်။ ပြီးတော့ သူတက်ရမယ့် တပ်မှူးများအစည်းအဝေးပွဲက စော်ဘွားလေးတက်ရမယ့် ပါလီမန်ထက် အရေးကြီးတယ်။ ဒါကြောင့် နောက်တစ်ပတ်ကြာသပတေးလေယာဉ်နဲ့ကျမှ စော်ဘွားလေးလေယာဉ်နဲ့သွားဖို့ ကျွန်တော် စီစဉ်ပေးပါ့မယ်။"

ကြားရသည့်စကားကြောင့် စဝ်ကြာဆိုင်သည် ဒေါသတကြီးနှင့်-

"ဒီလောက်··· ခင်ဗျားတို့ဘက်က စိုးရိမ်ဖို့မသင့်ပါဘူး။"

ဟု ပြောပြီး ဆက်၍-

"ကျုပ်မှာ ဘာလက်နက်မှ မပါဘူး၊ ဘယ်သူ့ကိုမှလည်း မခြိမ်းခြောက်ခဲ့ဘူး ဒီလေယာဉ်နဲ့ပဲ ကျုပ်လိုက်မယ်။ လက်နက်မရှိတဲ့ ပါလီမန်အမတ်တစ်ယောက်ကို ဗိုလ်မှူးကြီးတစ်ယောက်က ကြောက်နေတယ်ဆိုရင်တော့ သူ့ကိစ္စပဲလေ၊ ကျုပ်ကိစ္စမှ မဟုတ်ဘဲ"

စဝ်ကြာဆိုင်သည် ကော်မရှင်နာကို မုန်းတီးစွာနဲ့ တစ်ချက်ကြည့်လိုက်ပြီး သုစန္ဒီလက်ကိုဆွဲ၍ အပြင်ထွက်ရန် ဟန်ပြင်လိုက်သည်။

"ကျွန်တော်ပြောတာ နားထောင်ပါ စော်ဘွားလေး၊ ကျွန်တော်တို့ မြန်မာစစ်တပ်ကို ဆန့်ကျင်လို့ မဖြစ်ဘူး သူတို့ကျေနပ်အောင်လုပ်ရမယ်"

ဟု ကော်မရှင်နာက ပြောလိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၄)

ကော်မရှင်နာသည် ဤသို့ ပြောပြီးသည်နှင့် စဝ်ကြာဆိုင်တို့နေ့နီးမောင်နံ့ထဲပြေးလာပြီး ထွက်မသွားရန် တားမြစ်လေသည်။ စဝ်ကြာဆိုင်က ရပ်လိုက်ပြီး-

"ကောင်းပြီ… ကျုပ်နေခဲ့မယ်၊ ဒါပေမယ့် အခုကျုပ်ကို ခင်ဗျားပြောတဲ့အတိုင်း စာရေးပေးရမယ်။"

"ရပါစေမယ်၊ စော်ဘွားလေးရှေ့မှာပဲ ကျွန်တော်ရေးပေးပါ့မယ်။"

စဝ်ကြာဆိုင်သည် ကော်မရှင်နာ၏စကားကို ကျေနပ်သွားပြီး လေယာဉ်ကို သူမပါဘဲ ထွက်ရန်အကြောင်း ပြောခိုင်းလိုက်သည်။ သို့နှင့် သီပေါသို့ ပြန်လာခဲ့၏။ ကော်မရှင်နာ ရေးပေးလိုက်သည့်စာသည် မြန်မာစစ်တပ်က သူ့ကို အနှောင့်အယှက်ပေးနေသည်ကို ဖော်ပြသကဲ့သို့ ဖြစ်နေပါသည်။

သီပေါသို့အပြန်ခရီးတွင် သူတို့လင်မယား၏ကားသည် လုံခြုံရေးပုလိပ် (ရဲ) ကားနောက်မှ လိုက်လာသည်။ တောတန်းတစ်နေရာသို့ရောက်သောအခါ နောက်မှ ရှိုင်ဖယ်သေနတ်သံများ ကြားလိုက်ရသည်။ သုစန္ဒီကို ထိုင်ခုံအောက်တွင် ဝပ်ခိုင်းလိုက်ပြီး မော်တော်ကားကို အရှိန်မြှင့်မောင်းရန် အော်ပြောလိုက်သည်။ ကျည်ဆံများကလည်း တရှီးရှီးနှင့် သူတို့အနီးသို့ ရောက်လာသည်။ မော်တော်ကားကိုယ်ထည်ပေါ်သို့ ကျည်ဆံများ စုပြုံကျလာသည်။ သူတို့ကားမှ နောက်ဘက်သို့ကြည့်လိုက်လျှင် လိုက်ပါလာသူ တစ်ကောင်တစ်မြီးမျှ မတွေ့ရ။ ရန်သူသည် တောအုပ်အတွင်း အလွယ်တကူ တိုးဝင်ပျောက်ကွယ်သွားနိုင်သည်။ စဝ်ကြာဆိုင်အဖို့ သီပေါသို့ အပြန်ခရီးတစ်လျှောက် ပြောမပြနိုင်သော အန္တရာယ်များ စောင့်ဆိုင်းနေသည်ဟု စိတ်ထဲက သိနေသည်။ အကယ်၍ သူ့ဆုံးဖြတ်ချက်များကို (၁) က ပြန်စစ်ရမည်ဆိုလျှင် ပထမဆုံး ရှမ်းလက်နက်ကိုင် ခေါင်းဆောင်များနှင့် လျှို့ဝှက်တွေ့ဆုံဆွေးနွေးခဲ့သည်ကို သူမြင်ယောင်လာသည်။ ရှမ်းအမျိုးသားလက်နက်ကိုင် တော်လှန်ရေးကြီးကို သူ့အားဦးဆောင်ရန် တိုက်တွန်းခဲ့ကြသည်။ ခေါင်းဆောင်မှုကို သူ့အားပေးသည်။ သို့သော် လက်နက်ကိုင်တော်လှန်ရေးကို သူက မယုံကြည်ခဲ့ပေ။ သူ့အနေဖြင့် ရှမ်းအမျိုးသားတို့၏ ဆုံးရှုံးနစ်နာမှုများနှင့် ရပိုင်ခွင့်တို့ကို ပါလီမန်မှတစ်ဆင့် တောင်းဆိုခြင်းသည်သာ မှန်ကန်မည်ဟု ယုံကြည်သည်။ ယခုမူ သူ့အတွက် ခေါင်းဆောင်မှုငြင်းပယ်ခဲ့ခြင်းသည် အမှားကြီးမှားခဲ့လေပြီဟု ဖမ်းဆီးခံနေရသည့် တဲအတွင်းမှတွေးမိခြင်း ဖြစ်သည်။

ထိုသို့တွေးရင်း သူအိပ်နေသည့် ဝါးကြမ်းပေါ်တွင်ပင် မတ်တတ်ရပ်လိုက်သည်။ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက်ရာ ဝါးကြမ်းက တကျွိကျွိမြည်လာသည်။ သူ့ဝတ်စုံကို ပြန်ငုံ့ကြည့်လိုက်ရာ တွန့်ကျေညစ်ပေနေသည်။ သူ့အနေဖြင့် ရေလည်းမချိုး အဝတ်လည်းမလဲရဘဲ (၄၈) နာရီလုံးလုံး အိမ်မက်ဆိုးကြီးနှင့်သာ နပန်းလုံးနေရသည်။ အခုအချိန်မျိုးတွင် ရေနွေးရေပန်းကလေးဖြင့်သာ တစ်ကိုယ်လုံးကို ချိုးပစ်လိုက်ချင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com





သို့သော် ယခုအချိန်၌ သူ့အတွက်ရနိုင်သည့် ရေနွေးမှာ အစောင့်များပေးပို့ထားသော ခရားထဲမှ ရေနွေးကြမ်းမျှသာ ဖြစ်သည်။

စဝ်ကြာဆိုင်အနေဖြင့်-

"ငါ့ဘဝမှာ အသက်ရှင်ဖို့အတွက် နောက်တစ်ကြိမ် အခွင့်အရေးရဖို့လိုတယ်။"

ဟူ၍သာ အဖန်တလဲလဲ ရေရွတ်နေမိသည်။

ထိုညက ဖျာပေါ်တွင် မှိန်းရင်းအိပ်ပျော်သွားသည်။ နမ္မတူမြစ်ကို သစ်လုံးထွင်းလှေငယ်တစ်စီးဖြင့် သူဖြတ်ကူးနေသည်ဟု အိမ်မက်မက်သည်။ လှေ၏ဦးပိုင်းတွင် လှေနံရံကို သူတို့၏လက်ကလေးများနှင့် ဆုပ်ကိုင်ရင်း လိုက်ပါလာသော သမီးငယ်နှစ်ယောက်၏ အနက်ရောင်ဆံပင်ကလေးမျာ်မှာ နေရောင်အောက်တွင် တလက်လက်တောက်ပနေသည်။

"ကျုပ်တို့သားအဖတွေကို လိမ္မော်စိုက်ခင်းဆီ ပို့ပေးပါဗျို့"

လှေလှော်ခတ်နေသော ကူးတို့သမားကို စဝ်ကြာဆိုင်က ပြောလိုက်သည်။ မြစ်လယ်အရောက်တွင် သမီးငယ်နှစ်ယောက်ကပါ "မိုတ်တုတ်မိုတ်တုတ်ကြယ်ကလေး" သီချင်းကို ပြိုင်တူသီဆိုလိုက်ရာ စဝ်ကြာဆိုင်လည်း သမီးများနှင့်အတူ လွတ်လပ်ပေ့ါပါးစွာ ထိုသီချင်းကိုလိုက်၍ သီဆိုလိုက်သည်။ သူတို့၏သီချင်းသံများက နမ္မတူမြစ်ကမ်းနဖူးအထိ လွင့်ပျံ့ရိုက်ခတ်သွားလေတော့သည်။ ပျော်ရွှင်စရာကောင်းသော ဤခရီးကို စဝ်ကြာဆိုင်က အဆုံးမသတ်စေချင်ပါ။ လှိုင်းကြက်ခွပ်လေးများကလည်း သူတို့လှေကို တစ်ဖက်ကမ်းသို့ ခေါ်သွားကြပါသော်လည်း ကမ်းသို့မရောက် ပို၍ပို၍ ဝေးရာဆီသို့ ပြေးနေဟန်တူသည်။

"ပါးပါး သမီးအိမ်ပြန်ချင်တယ်"

သမီးမာရီယာ၏စကားသံကြောင့် ကြောက်ရွံ့ထိတ်လန့်နေသော သမီးမျက်နှာကို တွေ့လိုက်ရသည်တွင် စဝ်ကြာဆိုင်သည် တုန်လှုပ်မောဟိုက်စွာဖြင့် နိုးလာရပါသည်။ မျက်လုံးကို ဖွင့်လိုက်သော်လည်း မှောင်နှင့် မည်းမည်းဖြစ်နေသည်။ ဘာမျှမမြင်ရပါ။ ထို့ကြောင့် မျက်လုံးများကို ပြန်ပိတ်ထားလိုက်သည်။

ချစ်စရာသမီးငယ်နှစ်ယောက်ကို ပြောမပြတတ်လောက်အောင် စဝ်ကြာဆိုင်က ချစ်ပါသည်။ အိမ်မက်ဆိုသော်လည်း သူတို့နှင့်အတူ ရှိနေသည်ဟု ခံစားလိုက်ရသည်။ ထိုတစ်ခဏအတွက် သူ့ရင်ကို အေးမြစေခဲ့သည်။ ဟော်သို့ သူပြန်ရောက်သည့်အခါတိုင်း သမီးတို့က ပြေး၍ပွေ့ဖက် ကြိုဆိုကြသည်ကို သတိရနေသည်။ (၃) နှစ်အရွယ်သမီးငယ် ကီနွရီက မကြာခဏ ခရီးထွက်ရကောင်းလားဟု မျက်နှာတည် မျက်နှာထားနှင့် သူ့ကိုရန်တွေ့ကာ

www.burmeseclassic.com



အားပါးတရရယ်မောရင်း သမီးကလေးကို ပွေ့ဖက်ခဲ့၏။ နံနက်စောစော သမီးငယ်နှင့် ဘုရားခန်းတွင် ဝတ်ပြုမြဲ ဖြစ်သည်။ ထိုနောက် သုစန္ဒီနှင့် သမီးကြီး မာယာရီ (ယခု အသက် (၆) နှစ်) တို့ကို အိပ်ယာမှနိုးကာ နံနက်စာကို အတူစားကြသည်။

သူငယ်စဉ်က မရရှိခဲ့သော နွေးထွေးမှုမျိုးကို ယခုအခါ သူတို့မိသားစု၌ သမီးနှစ်ယောက်နှင့် ရရှိလာသည်ကို သူက ကျေနပ်နေသည်။ သုစန္ဒီသည် ယခုအခါ စံပြမိခင်တစ်ယောက် ဖြစ်နေသည်။ သို့ဖြစ်၍ သမီးငယ်နှစ်ယောက်အတွက် ကံကောင်းလှသည်။ သူကလည်း သမီးငယ်နှစ်ဦးအပေါ် ဂရုတစိုက်နှင့် ဖခင်ကောင်းတစ်ယောက်ဖြစ်စေရမည်။ သို့သော် သူ့ဘဝတွင်မူ ဤအဖြစ်မျိုး ဖခင်ထံမှ မရရှိခဲ့ပါ။ မိခင်ကလည်း သူ (၂) နှစ်သားကတည်းက သေဆုံးသွားသဖြင့် မှတ်တောင် မမှတ်မိလိုက်ပါ။ သူ့မိထွေးကိုမူ မှတ်မိသည်။ သို့သော် သူ (၁၂) နှစ်အရွယ်တွင် နမိုးနီးယားရောဂါဖြင့် ကွယ်လွန်သွားပြန်သည်။ ထိုအချိန်မှစပြီး သူ့အနေဖြင့် မိသားစုဆန်ဆန် အိမ်တွင်နေရသည့် ခံစားမှု ပျောက်ကွယ်ခဲ့သည်။ သူ့၏ဖခင်က တစ်မယားပြီး တစ်မယား ဆက်ယူခဲ့သည်။ ရရှိလာသည့် သားသမီးများကို အခြားဆွေတော်မျိုးတော်များအား ထိန်းစေသည်။ သို့နှင့်ပင် သူ့အပေါ် ကောင်း၍ကြင်နာသည့် အဒေါ်များလက်ပေါ်တွင် ကြီးပြင်းခဲ့ရသည်။

ယခုအခါ သူကိုယ်တိုင် သူ့ရင်သွေးများနှင့် မိသားစု နွေးနွေးထွေးထွေးဘဝကို ပြန်ရခဲ့သည်။ သူ၏ သမီးကြီး မာယာရီအတွက် လျှပ်စစ်နှင့်မောင်းရသည့် ကလေးကစားစရာကို ဝယ်ပေးဖြစ်သောအခါ မာယာရီသည် (၂) နှစ်သမီးသာ ရှိသေးသည်။ သူ့အနေဖြင့် ဤကဲ့သို့ မာယာရီအတွက် ဝယ်ပေးရသည့် ကစားစရာအတွက် ခံစားရသည့်ပီတိကြောင့် သူကသမီးရှေ့တွင် လျှပ်စစ်နှင့်မောင်းမည့် မီးရထားကစားစရာအတွက် မီးရထားလမ်းလေးများကိုဆင်ပြီး မောင်းပြသောအခါ သမီးလေးက သဘောကျလွန်း၍ ရယ်လိုက်သည့် သမီးလေးအသံသည် ခန်းလုံးပြည့်သွားလေသည်။ ဤကဲ့သို့ သမီးလေးများ၊ မဟာဒေဝီ၊ လျှပ်စစ်မီးရထားလေး၊ အိပ်ယာခန်းဆောင်၊ ကြွေပြားများခင်းထားသည့် ရေချိုးခန်း၊ ဝရံတာ စသည်တို့ ခေါင်းထဲရောက်လာပြီး အိမ်နှင့်မိသားစုကို လွမ်းရသော ဝေဒနာသည် အသည်းခိုက်လှပါသည်။ သူတို့နှင့် ပြန်တွေ့ဆုံရပါအုံးမည်လား။ စဉ်ကြာဆိုင် အိမ်ကို လွမ်းလှပါပြီ။

❑

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၅)

**အခန်း (၁၀)**


ဟော်နန်းလသာဆောင်ပေါ်ရှိ မဟာဒေဝီသုစန္ဒီထိုင်နေသည့်နံဘေးမှ ပက်လက်ကြိမ်ကုလားထိုင်ကြီးသည်ကား ထီးထီးကြီး ရှိနေလေသည်။ ယခင်က စဝ်ကြာဆိုင် တောင်ကြီးနှင့် ရန်ကုန်မြို့များသို့ သွားရောက်နေသည့်အခါလည်း ဤကြိမ်ကုလားထိုင်ကြီးသည် ဤသို့ပင် ထီးထီးကြီး ရှိနေတတ်၏။ သို့သော် ယခုရှိနေပုံကား သခင်မဲ့ကုလားထိုင်ကြီးအဖြစ် သုစန္ဒီနှလုံးသားတွင် အဓိပ္ပာယ်တစ်မျိုး ထွက်နေလေသည်။ စဝ်ကြာဆိုင်ကို သူ့စိတ်အာရုံထဲတွင်မြင်လာ၏။ သူသီပေါရောက်ပြီး မကြာမီမှာပင် သဘာဝလွန် အဖြစ်အပျက်များကို ကြားခဲ့မြင်ခဲ့ပေါင်းများပြီ။ နက္ခတ္တဗေဒပညာကို မယုံကြည်စရာပညာရပ်အဖြစ် သတ်မှတ်ထားသော အနောက်တိုင်းသူတစ်ယောက်အနေဖြင့် လက်ငင်း နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်လိုက်ရသည့်အခါ မယုံရခက်ခက် ယုံရခက်ခက်ရှိခဲ့ပါသော်လည်း နောက်ပိုင်းတွင် ရှမ်းတို့ လူနေမှုဘဝ၏ အစိတ်အပိုင်းတစ်ခုအဖြစ် သူလက်ခံလာခဲ့ပါသည်။

ယနေ့နံနက်တွင် စဝ်ကြာဆိုင်၏ဇာတာခွင်ကို စစ်ဆေးလိုသဖြင့် ဗေဒင်ဆရာကြီး ဦးဘဟန်ကို အခေါ်လွှတ်ထားသော်လည်း ယခုအချိန်အထိ ပေါ်မလာသေးပါ။ စောင့်ရသည့်အတွက် သုစန္ဒီ စိတ်မရှည်တော့သဖြင့် တစ်မျှော်မျှော်ဖြစ်နေစဉ် အခေါ်လွှတ်သူက တစ်ယောက်တည်း ပြန်လာပါသည်။ လက်နက်ကိုင်စစ်သားများ ဟော်နန်းရှေ့တွင် စောင့်နေသည့်အတွက် ဝင်ရမှာကြောက်သဖြင့် လိုက်ပါမလာကြောင်း သူ့ကို သံတော်ဦးတင်ပါသည်။ သုစန္ဒီသည် ရင်ဆိုင်လိုက်ရသည့် လောကဓံတရားအတွက် လှောင်ပြုံးတစ်ချက်ပြုံးလိုက်မိသည်။ သစ္စာရှိသည်ဆိုသူများ၏ သစ္စာတရားတို့သည်ကား အဘယ်သို့ ပျောက်ကွယ်သွားကြသည်နည်း၊ သို့သော် သူစိတ်မဆိုးပါ။ ဤဟော်နန်းကြီးသို့ နိုင်ငံခြားသံတမန်များ (သို့မဟုတ်) နိုင်ငံခြားဧည့်သည်များ အလည်အပတ်ရောက်လာပြီး အမှတ်တရအဖြစ် ဗေဒင်လက္ခဏာ တွက်ချက်လိုကြသည့်အခါများက ဗေဒင်ဆရာဦးဘဟန်ကို ဟော်နန်းသို့ အခေါ်လွှတ်လျှင် အပြေးအလွှား လာမြဲဖြစ်ပါသည်။ ထိုစဉ်က ဦးဘဟန်မှာ အင်္ဂလိပ်စကားမတတ်သည့်အတွက် သုစန္ဒီကပင် စကားပြန်လုပ်ပေးခဲ့ရသည် မဟုတ်ပါလောဟု တွေးလိုက်မိစဉ်တွင်၊ တစ်ခါက အဖြစ်အပျက်တစ်ခုကို ဖျက်ခနဲ သတိရလိုက်မိ၍ ပြုံးလိုက်ရသေးသည်။

ဥရောပတိုင်းပြည်တစ်ပြည်မှ သံတမန်တစ်ယောက် ထိုစဉ်က ဟော်နန်းသို့ အလည်ရောက်လာသည်။ သူနှင့်အတူ သူ့ဇနီးဆိုသူလည်း ပါလာသည်။ ဇနီးဆိုသူမှာ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဖြစ်သည်။ ယောကျ်ားများကို ဖမ်းစားနိုင်လောက်သည့် ရုပ်ရည်လည်း ရှိသည်။ သံတမန်မှာ ရန်ကုန်တွင်ရှိစဉ်ကပင် ဦးဘဟန်၏ ပေရွက်ပေါ်တွင် ရေးထားသော ဇာတာတစ်ခုကို တွေ့မြင်ဖူးခဲ့သည်။ ပေရွက်ပေါ်တွင် အနုစိပ်ရေးသားထားသော ဦးဘဟန်

www.burmeseclassic.com

www.burmeseclassic.com



ပော်နန်းကြီးသို့ နိုင်ငံခြားသံတမန်(သို့မဟုတ်) ဧည့်သည်များ အလည်အပတ် ရောက်လာပုံ

လက်ရာကို နှစ်သက်၍ ယခုကိုယ်တိုင်ရောက်လာသောအခါ ဦးဘဟန်နှင့် တွေ့လိုခြင်းဖြစ်သည်။ သို့သော် ဦးဘဟန်ကို သံတမန်နှင့်ဇနီးတို့က မေးမြန်းကြသောအခါ သုစန္ဒီက ဘာသာပြန်လုပ်ပေးရသည်။ ထိုအချိန်က စဝ်ကြာဆိုင်မရှိပါ။ သံတမန်၏ မွေးသက္ကရာဇ် မွေးရက် နာရီ နေရာအတိအကျကို မေးပြီးနောက်၊ ဦးဘဟန်သည် စာရွက်တစ်ရွက်ပေါ်တွင် တောင်ခြစ်မြောက်ခြစ် ခြစ်နေသည် -

"အခု သူနဲ့အတူရှိနေတဲ့အမျိုးသမီးဟာ သူ့မယားမဟုတ်ဘူး"

ဟု ဒွဲဒိုးကြီး ပြောချလိုက်ရာ၊ သုစန္ဒီသည် တစ်ဖက်မှ လည်တဆန့်ဆန့်နှင့် ဦးဘဟန်အပြောကို သိချင်နေသော သံတမန်နှင့် ဇနီးတို့အား ဘာသာပြန်ပြောရန် အကျပ်တွေ့ပါလေတော့သည်။

"ဟုတ်မှ ဟုတ်ရဲ့လား ဦးဘဟန်ရယ်၊ သူတို့အတူနေကြတာ သုံးနှစ်တောင်ရှိပြီပဲ၊ သံတမန်အသိုင်းအဝိုင်းတစ်လုံးကလည်း သူတို့လင်မယားမှန်း သိထားကြတယ်လေ။"

"ကျွန်တော် မဟုတ်တာ မပြောပါဘူး၊ သခင်မဘုရား၊ သူ့မယားက အခြားတစ်နိုင်ငံမှာ ရှိတယ်။ သည်အမျိုးသမီးက သူ့မယား မဟုတ်ပါဘူး"

"ခက်လိုက်တာ ဦးဘဟန်ရယ်"

"သူ ဘာပြောနေတာလဲ"

ဟု သံတမန်က စိတ်မရှည်စွာနှင့် သုစန္ဒီကို မေးလေတော့သည်။ သုစန္ဒီက သံတမန်ကို -

"ရှင်က ကမ္ဘာပတ်နေသူဖြစ်ကြောင်း အိမ်ထောင်ရေး၊ ကျန်းမာရေးကိစ္စများနှင့်ပတ်သက်ပြီး အထူး ကောင်းမွန်ကြောင်းတွေကို ပြောနေတာပါ။"

ဟု အမှန်အတိုင်း ဘာသာမပြန်ဘဲ ယုတ္တိယုတာရှိအောင် ပြန်ပြောလိုက်ရသည်။ ဧည့်သည်တို့ ပြန်သွားသော်လည်း ဤကိစ္စကို မည်သူကိုမျှ မပြောမိပါ။ လူတစ်ဖက်သား၏ ဂုဏ်သိက္ခာကို ငဲ့ရပေမည်။ သို့ရာတွင် နောက်တစ်နှစ်ခန့်ကြာသောအခါ သံတမန်အသိုင်းအဝိုင်း၌ ကျော်မကောင်း ကြားမကောင်းသောသတင်းကို ကြားလိုက်ရသည်။ သံတမန်၏ဇနီးပါဟု မိတ်ဆက်ပေးခဲ့သူအမျိုးသမီးမှာ စင်စစ်တရားဝင်ဇနီးမဟုတ်၊ အပျော်မယား

www.burmeseclassic.com



ဖြစ်သည်။ တရားဝင်မယားကြီးက ဥရောပတိုင်းပြည်တစ်ပြည်တွင် ဘာသာရေးကျောင်းတစ်ကျောင်း၌ တက်ရောက်သင်ကြားနေသည် ဟူသတတ်။

စားပွဲပေါ်တွင်ချထားသော သူ့မောင်တော် စဝ်ကြာဆိုင်၏ဓာတာကို သုစန္ဒီ မျက်စိရောက်သွားသည်။ ပြောင်ချောနေသော ဝါကျင်ကျင်ပေရွက်ပေါ်တွင် လက်ရေးလှလှရေးသားထားသော စာများနှင့် ဓာတာခွင်တစ်ခု၊ စဝ်ကြာဆိုင်၏ မွေးနှစ်သက္ကရာဇ်တို့ကို သုစန္ဒီမြင်နေသိနေရပါသော်လည်း စဝ်ကြာဆိုင်၏အနာဂတ်ကိုကား မဟောတတ်။ ဤကိစ္စမှာ တတ်ကျွမ်းစွာ သင်ယူလေ့လာထားသော ဗေဒင်လက္ခဏာဆရာတို့၏ ပညာသာဖြစ်ရာ ပင့်သက်တစ်ချက်ရှိုက်၍ သက်မတစ်ချက်ကိုသာ ပင်ပင်ပန်းပန်း ချလိုက်ရတော့သည်။

တစ်ခါက သဘာဝနှင့်ဆန့်ကျင်စွာ ဖြစ်ပေါ်ခဲ့သည့် ကိစ္စတစ်ရပ်ကို သုစန္ဒီရင်ဆိုင်ခဲ့ရဖူးသည်။ ထိုကိစ္စကို စဝ်ကြာဆိုင်က ဖြေရှင်းခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး သုစန္ဒီ အသေးစိတ်မှတ်မိနေသည်။ ထိုကိစ္စဖြစ်ခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သော်လည်း သုစန္ဒီစိတ်ထဲ၌ မနေ့တစ်နေ့ကလိုပင် ထင်ခဲ့သည်။

× × ×

ထိုနေ့က ဟော်နန်းကြီးသို့ စဝ်ကြာဆိုင်ပြန်လာရာ ပေါ်တီကို (ဆင်ဝင်) အောက်တွင် ဟော်နန်းဝန်ထမ်းများနှင့် သုစန္ဒီတို့ ကြိုဆိုနေကြသည်။

"မောင်တော် စောစောပြန်လာတာ ဝမ်းသာလိုက်တာ၊ ဒီမှာတော့ ဘာတွေဖြစ်သွားလည်းဆိုတာ မောင်တော် မသိဘူးနော်"

မထိတ်သာမလန့်သာစကားတို့ဖြင့် ကြိုဆိုနေသော သုစန္ဒီကို မြင်လိုက်ရသဖြင့် တစ်ခုခုဖြစ်နေသည်ဆိုသည်ကို စဝ်ကြာဆိုင် သဘောပေါက်လိုက်ရသည်။ သုစန္ဒီက သူ့လက်ကိုဆွဲ၍ စာကြည့်ခန်းအတွင်းသို့ သုတ်သုတ်ပျာပျာ ဆွဲခေါ်လာခဲ့သည်။ သုစန္ဒီ၏လက်မှာ အေးစက်နေပြီး မျက်နှာမှာလည်း သွေးဆုတ်၍ ဖြူဖတ်ဖြူရော်ဖြစ်နေရာ အတော်ပင်ထိတ်လန့်နေကြောင်း စဝ်ကြာဆိုင်က တွေးမိသည်။ သုစန္ဒီသည် စာကြည့်ခန်းဘက်သို့မသွားဘဲ ဟော်နန်းအရှေ့ဘက်လသာဆောင်သို့ ဆွဲခေါ်လာသည်။

"ဘာဖြစ်တာလည်း စန္ဒီရယ် ကိုယ့်ကို ပြောပါအုံး"

ကုလားထိုင်ပေါ်မှာ သူ့ကို သက်တောင့်သက်သာထိုင်စေရင်း မေးလိုက်သည်။

" ယုံနိုင်စရာကိုမရှိဘူး မောင်တော်ရယ်"

သက်မတစ်ချက်ချရင်း သုစန္ဒီက စ၍ပြောသည်။ သို့သော် သူ၏အကြည့်များက ဝေးတစ်နေရာဆီသို့ ရောက်နေဟန်ဖြစ်၏။ ပုံမှန်မဟုတ်သော အဖြစ်အပျက်တစ်ခုနှင့် ရင်ဆိုင်ခဲ့ရသည်ကို စဝ်ကြာဆိုင် ချက်ခြင်း သဘောပေါက်သွားသည်။ ဤကဲ့သို့အဖြစ်မျိုးများက ရှမ်းပြည်နယ်တွင် မကြာခဏ ကြားရကြုံရတတ်သော်လည်း သုစန္ဒီလို အနောက်တိုင်းသူတစ်ယောက်အတွက် ခြောက်ခြားစရာဖြစ်ပေမည်။

"ကိုယ့်ကို ပြောပြပါစန္ဒီရယ် ကိုယ်နားထောင်ချင်လှပြီ"

"ပြီးခဲ့တဲ့တစ်နာရီ နှစ်နာရီလောက်က သန့်ရှင်းရေးဝန်ထမ်း အိုက်စံ ကျမဆီရောက်လာပြီး သူ့မယား အသည်းအသန်ဖြစ်နေလို့ ခဏလိုက်ကြည့်ပေးပါလို့ လာပြောတယ်။ ကျမလည်း ဆေးအိတ်လေးဆွဲပြီး သူတို့အိမ်ကို လိုက်သွားတော့ သူ့မိန်းမ အေးခမ်းက ပုံမှန်မဟုတ်ဘူး"

သုစန္ဒီ၏အသံသည် ထိတ်ထိတ်ပျာပျာနှင့် တိမ်ဝင်သွားရာ စဝ်ကြာဆိုင်က သူ့ပါးနှစ်ဖက်ကို ဖွဖွလေးဖေးရင်း ပုံမှန်အနေအထားရောက်လာအောင် စောင့်ရသည်။ သည်တော့မှ သုစန္ဒီက –

"အေးခမ်းဟာ အင်္ဂလိပ်စကားပြောဖို့နေနေသာသာ ကျောင်းတောင် မတတ်ခဲ့ရဘူးဆိုတာ မောင်တော် သိပါတယ်နော်။ ဒါပေမယ့် သူက ကျမကိုလည်းမြင်ရော ငေါက်ခနဲထထိုင်ပြီး အင်္ဂလိပ်လို ပြောတယ်၊ မာဒမ်…

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ သစ်သားပွတ်လုံးလက်ရမ်းများနှင့် အပေါ်ထပ်တစ်ပြင်လုံးကို ပတ်ထားသော လေသာဆောင်ကို သူအနှစ်သက်ဆုံးဖြစ်သည်။ ထိုနေရာမှ အရှေ့ဘက်တခွင် လှေကားထစ်စပါးစိုက်ခင်းများကို မြင်နိုင်သည်။ ရေသွယ်မြောင်းကြီးများအနီးမှ ကျွဲကြီးများ ကျောပေါ်တွင် ဗျိုင်းတစ်ချို့ ခိုစီးနေကြသည်။ ယခုမြင်နေရသည့် ထောင်ပေါင်းများစွာသော လယ်မြေများကို သီပေါစော်ဘွားအဆက်ဆက် ပိုင်ဆိုင်ခဲ့သော်လည်း သူ့မောင်တော်လက်ထက်တွင်မူ အမှန်တကယ် လယ်လုပ်ကြသည့် လယ်သမားတို့လက်ထဲသို့ လွှဲပြောင်းပေးလိုက်ပြီး ဖြစ်သည်။ စဝ်ကြာဆိုင်၏လုပ်ရပ်ကို လယ်သမားထုကြီးက မယုံကြည်နိုင်လောက်အောင်ဖြစ်ပြီး ဝမ်းသာအဲလဲ ပျော်ရွှင်ခဲ့ကြပါသည်။

သို့သော်… ပဒေသရာဇ်စော်ဘွားတစ်ဦးအနေဖြင့် ကိုယ်ကျိုးကို ဤမျှအထိ စွန့်လွှတ်ပြီး ပြည်နယ်လူထုအကျိုးပြုလုပ်ခြင်းကို မြန်မာစစ်တပ်က အကောင်းမထင်ချေ။ ယုံလည်း မယုံချေ။ သို့နှင့်ပင် စဝ်ကြာဆိုင်အပေါ် သံသယ ပွားသထက် ပွားများလာလေသည်။

❑

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၇)

သီပေါမဟာဒေဝီ စဝ်သုစန္ဒီအတွက် နေထိုင်ရာ ဟော်နန်းစရိတ်သည်လည်းကောင်း၊ မိသားစုစရိတ်သည် လည်းကောင်း၊ တိုး၍ ကုန်ကျလာပါသည်။ ဟော်နန်းမှ ဝန်ထမ်း (၂၆) ယောက်အတွက် ဆန်များကို အိတ်လိုက် ဝယ်ရသည်။ ဝန်ထမ်းများကို လစာအပြင် ဟော်က ထမင်းကျွေးထားရသေးသည် မဟုတ်ပါလော။

ဟော်နန်းရှေ့ ဘုရားကျောင်းအပေါ်ထပ် လသာဆောင်မှနေပြီး ဟိုတွေးသည်တွေး၊ တွေးတောငေးမောရင်း မဆီမဆိုင် ဟော်နန်း၏ကုန်ကျစရိတ်များ ခေါင်းထဲရောက်လာခြင်း ဖြစ်သည်။ သို့ကြောင့် ဘုရားကျောင်းအပေါ် ထပ်မှ အောက်သို့ဆင်းပြီး ဟော်နန်းထဲသို့ ပြန်လာခဲ့သည်။ လမ်းတွင် ရေမပင်စည်ကြီးနှင့် ညောင်ပင်ကြီးကို တွေ့ရ၏။။ ပင်ခြေတွင် နတ်ကွန်းတစ်ခုရှိသည်။ ဟော်နန်းဝန်ထမ်းတစ်ဦးက တစ်ပတ်လျှင်တစ်ကြိမ် နတ်ကွန်းတွင် စားတော်စာများနှင့် ဆက်သပူဇော်သည်ကို စဝ်ကြာဆိုင်က မကြိုက်ပေ။ နတ်ကိုးကွယ်မှုမှာ ထေရဝါဒဗုဒ္ဓဘာသာနှင့် မအပ်စပ်ဟူ၍ စဝ်ကြာဆိုင်က ပြောဆိုတတ်သော်လည်း ဝန်ထမ်းများက ဤနတ်ကွန်းမှာ အစဉ်အလာအားဖြင့် သူတို့ကို စောင့်ရှောက်သည်ဟု ယုံကြည်သဖြင့် ပူဇော်မြဲပူဇော်ခဲ့သည်။

ယခင်က သုစန္ဒီအနေဖြင့် နတ်ကွန်းကို အမှတ်တမဲ့သဘောထားခဲ့သော်လည်း ယခုမူ မောင်တော်စဝ်ကြာဆိုင် အတွက် ကူညီပေးပါရန် ရက္ခစိုးကြီးကို ဆုတောင်းလိုသဖြင့် နတ်စင်ရှေ့ မြေကြီးပေါ်တွင် ဒူးထောက်ကာ ထိုင်ချ လိုက်သည်။

"မောင်တော်ကို အကာအကွယ်ပေးပါ အရှင်ရက္ခစိုးကြီး"

ဟု မျက်လုံးစုံမှိတ်၍ ဆုတောင်းလိုက်သည်။ ဤတွင် လေပြည်အသုတ် ညောင်ရွက်တို့ လှုပ်ခတ်သွားသံ ကို ကြားလိုက်ရသည်။ စိတ်ထဲတွင် မောင်တော်စဝ်ကြာဆိုင် တစ်နေ့တော့ ပြန်လာမှာပါဟု ဖွတ်မှိတ်၍ ယုံကြည် လိုက်သည်။

× × ×

သုစန္ဒီ ဟော်နန်းထဲသို့ဝင်လိုက်သောအခါ သူ့သမီးတော်အငယ် ကိန္နရီ၏ရယ်မောသံကို ကြားလိုက်ရသည်။ အမတော်မာယာရီ ကျောင်းသို့သွားလျှင် မလိုက်လိုဟု ပြောဆိုနေသံကိုလည်း ကြားလိုက်ရသည်။ သုစန္ဒီသည် ကလေးများရှိရာ အခန်းထဲသို့ဝင်မသွားဘဲ အသာ ခြေဖျားထောက်၍ သူ့အိပ်ခန်းဆောင်သို့သွားသည်။ သူတစ်ဦး တည်း နေချင်၍ ဖြစ်၏။

နောက်တစ်ပတ်ကြာလျှင် သမီးတော်လေးကိန္နရီ၏ သုံးနှစ်ပြည့်မွေးနေ့ ဖြစ်တော့မည်။ မောင်တော် စဝ်ကြာဆိုင် ရန်ကုန်သို့သွားစဉ်က သတ္တာအလွတ်တစ်လုံးကိုပင် သယ်ဆောင်သွားသည်။ သမီးတော်လေး မွေးနေ့ အတွက် လက်ဆောင်များထည့်လာရန် ဖြစ်သည်။ သီပေါတွင် ကလေးအတွက် အင်္ကျီများ၊ အရုပ်များ ရန်ကုန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ မရနိုင်ပါ။ သမီးတော်လေး၏ မွေးနေ့အမှီပြန်လာမည်ဟု ပြောခဲ့သည်။ သုစန္ဒီစိတ်ထဲတွင် သူ့မောင်တော်သည် မိသားစုမွေးနေ့များတွင် မည်သည့်အခါမျှ ပျက်ကွက်လေ့မရှိဟုလည်း တွေးလိုက်မိသည်။

သုစန္ဒီစိတ်များသည် လွန်ခဲ့သည့် သုံးနှစ်က လပြည့်နေ့ညတစ်ညသို့ ရောက်သွားသည်။ ထိုစဉ်က ဘော်ကြီးဘုရားပွဲကလည်း ကျင်းပနေချိန် ဖြစ်၏။ သို့သော် သုစန္ဒီက ဒုတိယသမီးကလေး၏ နေ့စေ့လစေ့ ကိုယ်ဝန်နှင့်ဖြစ်၍ ဘုရားပွဲသို့ မသွားခဲ့ပါ။ စိတ်ထဲမှ မသင်္ကာ၍ သားဖွားဆရာမ နန်းနွန်ကို ဟော်နန်းသို့ ခေါ်ခိုင်းထားသည်။ ထိုညတွင် မောင်တော်နှင့် သုစန္ဒီတို့သည် ဟော်နန်းလသာဆောင်တွင် ထွက်ထိုင်နေကြသည်မှာ ည (၉) နာရီပင်ရှိပြီ။ သူတို့မောင်နှံသည် လပြည့်ဝန်းထဲမှ ဆန်ဖွတ်သည့် အဖိုးအိုကို ရှာကြည့်နေသည်။

ထိုစဉ်၊ သုစန္ဒီက နောက်ကျောမှ နာလာ၍ လမ်းအနည်းငယ်လျှောက်လိုကြောင်း မောင်တော့်ကို ပြောလိုက်သည်။ လရောက်ဆမ်းထားသည့် ဟော်နန်း၏အရှေ့မြက်ခင်းပြင်တွင် လမ်းဆင်းလျှောက်နေကြစဉ် သုစန္ဒီ နောက်ကျောမှ နာခြင်းမှာ ရိုးရိုးမဟုတ်၊ ကလေးမွေးရန် ဗိုက်နာခြင်းဖြစ်သည်ဟု သိလိုက်သဖြင့် သားဖွားဆရာမကိုချက်ခြင်းသွားခေါ်ခိုင်းစေသည်။ စဝ်ကြာဆိုင်အနေဖြင့် လွန်ခဲ့သည့်သုံးနှစ်က သမီးတော်ကြီး မာယာရီကို မွေးဖွားသည့်အတွေ့အကြုံရှိသော်လည်း ယခုတစ်ကြိမ်လည်း တထိတ်တလန့်နှင့် စိတ်ပူနေသည်။ သမီးတော်ကြီးမွေးစဉ်က သုစန္ဒီ၏မိခင်သည် အရှေ့ဟော်တွင် ရောက်နေသည်။ ယခုတစ်ကြိမ်တွင် ယောက္ခမတော်မရှိ၍ သူ့တာဝန်လုံးလုံးဖြစ်နေသဖြင့် အလွန်စိတ်ပူနေပါသည်။ စဝ်ကြာဆိုင်သည် ကားမောင်းသူအား ချက်ခြင်း သားဖွားဆရာမကို သွားခေါ်ခိုင်းသည်။ သူတို့က သားဖွားဆရာမနန်းနွန်သည် ဘော်ကြီးပွဲသို့သွားနေသည်ကို မသိရှာကြပေ။ သားဖွားဆရာမကို ဘုရားပွဲမှ လူပေါင်းထောင်သောင်းထဲတွင် ရှာ၍ မရနိုင်ပါ။ ဟော်နန်းသို့ သားဖွားဆရာမ နန်းနွန်သည် (၂) နာရီခန့်နောက်ကျပြီးမှ ရောက်လာသောအခါ ဒုတိယသမီးတော်လေးသည် မွေးဖွားပြီး၍ သန့်စင်ပြီး သူ့မယ်တော်ရင်ခွင်ထဲတွင် အနွေးနှင့် ထုပ်ရက်သား ရှိနေပေပြီ။ စဝ်ကြာဆိုင်ကလည်း သုစန္ဒီဘေးတွင် ရှိပြီး အားပေးစကားပြောနေသည်။ သားဖွားဆရာမမရှိ၍ ဟော်ဝန်ထမ်း မမိုးအေးနှင့် နဲနဲတို့အကူအညီဖြင့်ပင် မွေးဖွားလိုက်ရသည်။

"နောက်ထပ် အင်မတန်လှတဲ့ သမီးတော်လေး ဖြစ်တယ်။ ကျန်းကျန်းမာမာ ဆံပင်နက်နက် အသားဖြူဖြူကလေးဖြစ်ပြီး တနင်္လာနေ့မှာ ဖွားတော်မူလို့ ငါနဲ့အတူတူပဲ"

ဟု စဝ်ကြာဆိုင်က ပြောလိုက်ရာ သုစန္ဒီက-

"နေ့နာမ်နဲ့ ကိုက်တဲ့နာမည် ကျမတို့ပေးရမယ်"

"နာမည်က K,G သို့မဟုတ် Ng နဲ့ စရမယ်"ဟု စဝ်ကြာဆိုင်က ပြောပြန်သည်။

ဟော်နန်းသုံး ဗေဒင်လက္ခဏာဆရာနှင့် ဆွေတော်မျိုးတော်များက သင်္ကရိုက်ဘာသာဖြင့် ကိန္နရီ ဟူသောအမည်ကို ရွေးချယ်ပေးကြသည်။ ကိန္နရီဟူသော အမည်သည် အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္မုလဟူသော တော်လေးဝဝင် အမည်ဖြစ်ပြီး ရှမ်းနှင့် ထိုင်းတို့၏ ဒဏ္ဍာရီထဲမှ ငှက်၏အမည်လည်း ဖြစ်သည်။

ဤကိစ္စများသည် သူတို့၏ ပျော်ရွှင်ဖွယ်ရာအဖြစ်သနစ်များ ဖြစ်သည်ဟု တွေးလိုက်မိပြီး သုစန္ဒီက သူ့သမီးတော်လေး ကိန္နရီ၏ရယ်မောသံကို ကြားလိုက်ရင်းတွေးနေမိခြင်း ဖြစ်ပါသည်။

× × ×

## အခန်း (၁၁)

စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့သည် အစကတည်းကပင် သူတို့၏ သားသမီးများ မွေးဖွားလာလျှင် မူလတန်းအဆင့်ကို ဟော်တွင်ပင် ဖွင့်၍သင်ကြားစေမည်။ အခြားကျောင်းများသို့ ဘော်ဒါနေရန် မပို့ဟု ဆုံးဖြတ်ထားကြသည်။ သူတို့နယ်မှ နယ်ခံအစိုးရကျောင်းများသည် ကောင်းလှသည် မဟုတ်ပေ။ သုစန္ဒီက မူလတန်း ကျောင်းလေးတစ်ကျောင်းအရှေ့ဟော်၏ ဝင်း ထဲမှ အဆောက်အဦးတစ်ခုတွင် ဖွင့်လိုက်သည်။ ကျောင်း၏ကုန်ကျစရိတ်ကို "သီပေါစော်ဘွား

www.burmeseclassic.com

www.burmeseclassic.com





ရန်ပုံငွေ”ဟု စဝ်ကြာဆိုင် လျှုဒါန်းတည်ထောင်ထားသည့် ဒါန ဖောင်ဒေးရှင်းတစ်ခုမှ အထောက်အပံ့ယူထားသည်။

ရှမ်း၊ မြန်မာ၊ တရုတ်၊ အိန္ဒိယ ကျောင်းသူ ကျောင်းသားလေးများသည် အရှေ့ဟော်ဝင်းထဲမှ မူလတန်းကျောင်းသို့ မျှော်လင့်သည်ထက် ပို၍ပင်ရောက်လာကြသည်။ သူတို့၏မိဘများက ပညာရေး၏တန်ဖိုးကို နားလည်သဖြင့် သူတို့၏ သားသမီးများကို မူလတန်းအဆင့်တွင် အင်္ဂလိပ်- မြန်မာ-ရှမ်းဘာသာတို့၌ ကောင်းစွာတတ်မြောက်အောင် လိုလားကြသည်။ အင်္ဂလိပ်-မြန်မာ ကပြားဖြစ်သည့် ဆရာမကြီးတစ်ဦးကို ကျောင်းအုပ်ခန့်လိုက်သည်။ ကျောင်းအုပ်ကြီးမှတစ်ဆင့် လက်ထောက် ရှမ်းဆရာမများကို ခန့်စေသည်။

နံနက်တိုင်း မမိုးအေး၏သမီးနန်းစိန်က မာယာရီနှင့်အတူ ဦးဆောင်ပြီး ဟော်ဝန်ထမ်းများ၏ သားသမီး (၈) ယောက်တို့ကို ကျောင်းသို့ခေါ်သွားသည်။ ထိုကလေးများ၏ ရောင်စုံအဝတ်အစားများ၊ ရှမ်းလွယ်အိတ်များ၊ ကျောက်ကာ ထမင်းဆွဲချိုင့်များဖြင့် ကျောင်းသို့ သွားကြသည်ကို မြင်ရလေ့ရှိသည်။ ကိန္နရီသည် သူကျေနပ်သည့်အခါ ချော့ချော့မော့မော့ပင် ကျောင်းသို့လိုက်သွားသည်။

၁၉၆၂ခု မတ်လတွင် ဖြစ်သည်။ သုစန္ဒီက သူ့ကလေးများ ကျောင်းသို့သွားနေကျအတိုင်း သွားနေသည်ကို ကျေနပ်စွာ ကြည့်နေသည်။ ထိုအချိန်ထိ မြန်မာ့စစ်တပ်မှ ကျောင်းများနှင့် ပတ်သက်၍ ပါဝင်စွက်ဖက်ခြင်း မရှိသေးချေ။ နောက်ဆုံး အတန်းတင် စာမေးပွဲများသည် ရက်အနည်းငယ်သာ လိုတော့သည်။ ပြီးက နွေရာသီ ကျောင်းပိတ်ရက် စတော့မည်။ စဝ်ကြာဆိုင်ပြန်လာလျှင် အပူဆုံးလများဖြစ်သည့် ဧပြီလနှင့် မေလတွင် တောင်ကြီး၌ အပူဒဏ်ရှောင်ရင်း သွားနေကြမည်ဟု သုစန္ဒီက တွေးထားသည်။ သီပေါသည် ထိုနှစ်လ၌ ပူသည်။ အခြားရှမ်းပြည်နယ်ဒေသများ ကဲ့သို့ မအေးပါ။ သို့သော် စဝ်ကြာဆိုင်က ထိုအရာများကို အလေးမမူတတ်ဟု သုစန္ဒီက တွေးမိသည်။ သူ့အနေဖြင့် တစ်ချိန်လုံး အဆုံးမရှိသည့် ရှမ်းပြည်နယ်ကောင်စီ၏စည်းဝေးပွဲများတွင်သာ အချိန်ကုန်နေတတ်သည်။ ရှမ်းပြည်နယ်ကောင်စီမှ စော်ဘွားများသည် သူတို့၏အာဏာကို စွန့်ပြီးဖြစ်သည်။ ထို့ကြောင့် စဝ်ကြာဆိုင်က တာဝန်ရှိသည့်နိုင်ငံရေးမှ ကင်းလွတ်တော့မည်ဟု မျှော်လင့်ထားသည်။ သို့ရာတွင် သူသည် အထက်လွှတ်တော်တွင် သူ့နယ်မှကိုယ်စားလှယ်အဖြစ် အရွေးခံထားရ၍ နိုင်ငံရေးသံသရာတွင်ပင် ပြန်၍လည်လျက်ရှိသည်။ ပြည်ထောင်စုအစိုးရအပေါ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်မပူပါနဲ့၊ မကြာခင်ကောင်းသွားမှာပါ … တဲ့၊ အခုလိုလာကြည့်တဲ့အတွက်လည်း အထူးကျေးဇူးတင်ပါတယ် … တဲ့၊ အေးခမ်းက ဒီလိုပြောနေပေမယ့် ဘေးနားကလူတွေက နောက်နေတယ်ဘဲ ထင်နေကြတယ်။ ကျမတစ်ယောက်တည်းသာ အရမ်းကြောက်လန့်သွားပြီး ထွက်ပြေးချင်စိတ်ပေါက်သွားတယ်။”

“ဒီတော့ စန္ဒီက ဘာလုပ်ခဲ့လဲ၊”

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၆)

"ကျမက သူ့ကို ဘာအကူအညီပေးရမလဲလို့မေးတော့ သူက အခုလိုသူ့ဆီလာတာ ကူညီရာရောက်ပါတယ်လို့ ပြောတယ်။ သူ့နဖူးကို ကျမစမ်းကြည့်တော့ ကိုယ်အပူချိန်က တော်တော်လေးမြင့်နေတယ်၊ ဆရာဝန်ခေါ်ပေးရမလားလို့ပြောတော့ မလိုပါဘူးလို့ ပြောတယ်။ ကောင်းသွားမှာပါတဲ့၊ သူ့ကြည့်ရတာ အားလုံးကို ကြိုသိနေသလိုပဲ။ ဒါနဲ့အိုက်စံကို အကျိုးအကြောင်းမေးကြည့်ဖို့လုပ်တုံး အေးခမ်းက ဝင်ပြောတယ်။ ဒီတစ်ခါ သူပြောတာက အင်္ဂလိပ်လို မဟုတ်ဘူး။ ရှမ်းစကား မြန်မာစကားလည်း မဟုတ်ဘူး။ အနားမှာရှိတဲ့လူတစ်ယောက်က အေးခမ်းကို တရုတ်လို ပြန်ပြောလိုက်တယ်။"

"နောက်တော့ ဘာဖြစ်သေးလဲ သုစန္ဒီ"

"အေးခမ်း အိပ်ပျော်သွားတယ်၊ ကျမလည်း အိမ်ပြန်လာခဲ့တယ်။ မကြာခင်ပဲ အိုက်စံလိုက်လာပြီး အေးခမ်းနေကောင်းသွားပြီလို့ ပြောတယ်။ သတိဝင်လာတော့ သူဖြစ်ခဲ့တာတွေ သူဘာမှမသိဘူးတဲ့"

"အေးလေ··· သူနေကောင်းသွားပြီဆိုတော့ စိုးရိမ်စရာ မရှိတော့ဘူးပေါ့"

ဟု စဝ်ကြာဆိုင်က ပြောလိုက်သောအခါ-

"မဟုတ်သေးပါဘူး မောင်တော်၊ ဒီကိစ္စက ပုံမှန်မှမဟုတ်ဘဲ၊ အေးခမ်းကို မကောင်းဆိုးဝါးက ဝင်ပူးသွားတာပဲ"

"ဒီတော့ ဘာဖြစ်လဲ၊"

"ကျမကြောက်တယ်··· ကျမတို့ သူ့လိုဖြစ်ရင် ဘယ်နှယ့်လုပ်မလဲ၊"

သုစန္ဒီ စိတ်ရှုပ်စွာဖြင့် သူ၏ဘယ်လက်မှလက်စွပ်ကို ဆွဲချွတ်လိုက် ပြန်ဝတ်လိုက်နှင့် ဂနာမငြိမ်ဖြစ်နေပုံရသည်။

"မင်းဘာမှ မဖြစ်နိုင်ပါဘူး၊ ကိုယ့်ကိုယုံပါ"

"မောင်တော်ဘာကြောင့် ပြောနိုင်တာလဲ၊"

"ကိုယ့်အတွေ့အကြုံအရ ပြောတာပေါ့၊ ကိုယ်မင်းကို မပြောခဲ့ဘူးပေမယ့် ကိုယ်လည်း အဲဒီလိုဖြစ်ရပ်မျိုးနဲ့ ကြုံခဲ့ဘူးပါတယ်။ ဒါကြောင့် ကြောက်စရာမလိုပါဘူးလို့ ကိုယ်ပြောတာပေါ့။ လောကမှာ ကိုယ်တို့လူသားတွေ နားမလည်နိုင်တာ အများကြီးရှိပါသေးတယ် သုစန္ဒီရယ်"

"ဒီလိုဆိုရင် မောင်တော်ကိုယ်တွေ့ကြုံခဲ့ရတာကို ပြောပြပါလား၊"

"ကောင်းပြီလေ ဒီအကြောင်းတွေကို အဲဒီတုန်းက ကိုယ်နဲ့အတူရှိနေတဲ့ ခွန်ဦးကိုတောင် ကိုယ်မပြောခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဟော်နန်းအရှေ့ရှိ ဘုရားကျောင်း

ဘယ်သူ့ကိုမှလည်း မပြောပြခဲ့ဘူး။ ဒီကိစ္စဟာ ကိုယ့်အတွက် ပထမဆုံးအတွေ့အကြုံပဲ။ လွယ်တာတော့ မဟုတ်ဘူး"

ဟု စဝ်ကြာဆိုင်ကပြောသောအခါ သုစန္ဒီသည် စိတ်ဝင်စားစွာဖြင့် သူ့မောင်တော်ပြောသည်ကို နားထောင်ရန် စက်တီကုလားထိုင်ပေါ်တွင်ထိုင်ရင်း ခေါင်းကိုငုံ့လျက် မောင်တော်၏ပုခုံးပေါ်သို့ မေးတင်ထားလိုက်သည်။

"အမေရိကားကို ကိုယ်မလာခင် လအနည်းငယ်တုန်းကပေါ့… ခွန်ဦးနဲ့ တရုတ်နယ်စပ်ကို ထွက်ခဲ့ကြတယ်။ အဲဒီမှာ ဟိုတယ်မရှိတော့ အစိုးရဋ္ဌာနပိုင်အဆောက်အဦးတစ်ခုမှာ တည်းခိုကြရတယ်။ ကိုယ်တို့နဲ့အတူ လုံခြုံရေးအဖွဲ့တွေ စားဖိုမှူးနဲ့ ဝန်ထမ်းအချို့လည်း ပါလာကြတယ်။ စားဖိုမှူးအမည်က မာမွတ်တဲ့။ ကိုယ်တို့ကို သူပဲ ချက်ပြုတ်ကျွေးမွေးခဲ့တာ ကြာလှပြီ။ နောက်ဆုံးခရီးစဉ် လားရှိုးကို ရောက်လာကြတယ်။ လားရှိုးမှာလည်း အစိုးရဋ္ဌာနအဆောက်အဦးတစ်ခုမှာပဲ တည်းခိုကြတယ်။ အဲဒီညနေမှာ မာမွတ်က ကိုယ်တို့အတွက် ကြက်သားဟင်းနဲ့ ပူရီလုပ်ကျွေးတယ်။ သူ့လက်ရာက ကောင်းလွန်းလို့ ခုထိသတိရတုန်းပဲ၊ ညစာစားပြီးတော့ ကိုယ်တို့နှစ်ယောက် ဖန်မီးအိမ်အလင်းရောင်နဲ့ ခဏစာဖတ်ကြတယ်။ အိပ်ငိုက်လာလို့ မီးငြိမ်းပြီး အိပ်ရာဝင်မယ်လုပ်တော့ တံခါးခေါက်သံကြားလို့ ဖွင့်လိုက်တယ်၊ စိုင်းအေးဆိုတဲ့ ဝန်ထမ်းတစ်ယောက်ဖြစ်နေတယ်၊ သူက မာမွတ်ငှက်ဖျားပြန်ထပြီး အပြင်းဖျားနေတယ်လို့ လာပြောတယ်၊ ဒါနဲ့ ကိုယ်တို့ မာမွတ်ကို ဂျစ်ကားနဲ့ဆေးရုံပို့လိုက်ရတယ်။ ဆေးရုံမှာ တာဝန်ကျဒေါက်တာနဲ့ နာ့စ်မလက်ထဲမှာ မာမွတ်ကိုအပ်ပြီး ကိုယ်တို့တည်းခိုရာဆီကို ပြန်လာခဲ့ကြတယ်။ မာမွတ်က အရင်လည်း ခဏခဏငှက်ဖျားတက်ဖူးတော့ အခုလည်း ပြန်ကောင်းသွားလိမ့်မယ်လို့ ထင်တာပေါ့။"

စဝ်ကြာဆိုင်က စကားရပ်ပြီး လာဘက်ရည်ကြမ်းကို တစ်ငုံသောက်လိုက်သည်။

"တည်းခိုဆောင်ပြန်ရောက်ပြီး ကိုယ်တို့အားလုံး အိပ်ကြတယ်။ သန်းခေါင်အချိန်လောက်မှာ တံခါးခေါက်သံ ကြားလို့ ကိုယ်နိုးလာပြီး ဘယ်သူလည်းလို့မေးတော့ တံခါးကိုသာ အဆက်မပြတ်ခေါက်နေလို့ မီးအိမ်ထွန်းပြီး

www.burmeseclassic.com

www.burmeseclassic.com



တံခါးကိုသွားဖွင့်လိုက်တဲ့အခါ··· မာမွတ်ရယ် တံခါးရှေ့မှာ ထီးထီးကြီးရပ်နေတာ တွေ့လိုက်ရတယ်၊ ဘယ်လိုဖြစ်တာပါလိမ့်၊ ဆေးရုံမှာတင်ထားခဲ့တဲ့လူနာက အခု ဘယ်လိုပြန်ရောက်လာတာလဲမေးတော့··· မာမွတ်က သူနေကောင်းသွားပြီလို့ လာပြောတာတဲ့၊ အဲဒီအချိန်မှာ ခွန်ဦးလည်းနိုးလာပြီး တံခါးနားရောက်လာတယ်၊ ဒါနဲ့ ကိုယ်တို့နှစ်ယောက်တိုင်ပင်ပြီး သူ့ကို ဆေးရုံပြန်ပို့ဖို့ စဉ်းစားကြတယ်။ မာမွတ်ကတော့ သူ့ကိုယ်သူ နေကောင်းသွားပြီလို့ပဲ ဆက်ပြောနေတယ်၊ ဒါက သူ့ရဲ့လက်သုံးစကားပဲလေ၊ ဒါပေမယ့် သူ့ကိုစောင့်ခိုင်းပြီး ကိုယ်တို့နှစ်ယောက် ကမန်းကတန်း အဝတ်အစားလဲလို့ ပြန်ထွက်လာကြချိန်မှာ မာမွတ်ကို မတွေ့ရတော့ဘူး။ ခြံဝင်းထဲလိုက်ရှာလည်း မတွေ့ရဘူး။ ကိုယ့်လက်ပတ်နာရီကို ကြည့်လိုက်တော့ နံနက်နှစ်ချက်ခွဲနေပြီ''

စဝ်ကြာဆိုင်က စကားကိုဖြတ်ပြီး နားလိုက်ချိန်မှာ သုစန္ဒီက မျက်လုံးလေးအဝိုင်းသားနှင့် နားထောင်နေသည်။

''ဆေးရုံကို မာမွတ်ပြန်သွားတာပဲ ဖြစ်မယ်ပေါ့၊ ဒါကြောင့် သူ့ကိုမှီအောင် ကိုယ်တို့နှစ်ယောက် ဂျစ်ကားနဲ့ အမြန်မောင်းပြီး လိုက်သွားကြတယ်။ လမ်းမှာလည်း မာမွတ်ကိုမတွေ့ရဘူး၊ နောက်ဆုံး ကိုယ်တို့နှစ်ယောက် ဆေးရုံရောက်တဲ့အခါမှာတော့ နာ့စ်မတစ်ယောက်က ပြေးထွက်လာပြီး မာမွတ်အတွက် စိတ်မကောင်းကြောင်း ပြောတယ်။ ကိုယ်တို့ကတော့ မာမွတ်အခုလိုထွက်သွားတာကို ရည်ရွယ်ပြောတယ်အထင်နဲ့ အခု သူပြန်ရောက်ပြီ မဟုတ်လားလို့မေးတော့''

''ရှင်တို့ပြောတာ ကျမနားမလည်ဘူး၊ ကျမက ဆင်းခွင့်ပြုလိုက်တယ်··· ဟုတ်လား၊''

''ဟုတ်တယ်လေ၊ ဒါကြောင့် ကျုပ်တို့ဆီပြန်လာတာပေါ့''

''ဒါဆိုရင် ရှင်တို့ တစ်ခုခုမှားနေပြီ၊ သူ့ကို လာပို့ချိန်ကတည်းက ကုတင်ပေါ်မှာပဲ သူရှိနေပါတယ်။ (၂) နာရီခွဲမှာပဲ သူဆုံးသွားတယ်။ ရှင်တို့ကိုယ်တိုင် လိုက်ကြည့်နိုင်ပါတယ်။'' လို့ပြော၍-

''လိုက်ကြည့်လိုက်တော့ မာမွတ်ဟာ ကုတင်ပေါ်မှာ ဆုံးနေပြီဆိုတာ တွေ့လိုက်ရတယ်။ မာမွတ်ဟာ ဆုံးတာနဲ့ သူ့ဝိညာဉ်က ကိုယ့်ဆီရောက်လာပြီး စကားပြောသွားသေးတယ်လေ၊ ဒါဟာ ထူးဆန်းတဲ့အဖြစ်အပျက် တစ်ခုပေါ့၊ အဲဒီအချိန်ကတည်းက ဝိညာဉ်လောကကို ကိုယ်မကြောက်တော့ဘူး။ သူတို့တွေဟာ ကိုယ်တို့ဝန်းကျင်မှာ အမြဲရှိနေတယ်။ ကိုယ်တို့က မြင်နိုင်စွမ်း မရှိလို့ပါ၊ သူတို့သာ ကိုယ်တို့ကို သူတို့ဘဝကို ခဏတစ်ဖြုတ် မြင်ခွင့်ပြုမယ်ဆိုရင် တစ်ချက်လောက် ကိုယ်ကြည့်စမ်းချင်ပါဘိ''

စဝ်ကြာဆိုင်၏စကားအဆုံးသတ်လိုက်သည်တွင် သုစန္ဒီက စဝ်ကြာဆိုင်၏လက်ကို ဆုပ်ကိုင်ထားပြီး အချိန်အတော်ကြာအောင် တစ်ယောက်ကိုတစ်ယောက် စကားမပြောမိကြချေ။ သုစန္ဒီမျက်လုံးကို စုံမှိတ်ရင်း စောစောက သူကြုံတွေ့ခဲ့ရသည့်အဖြစ်ကို ခေါင်းထဲမှ ထုတ်ပစ်နိုင်သော်လည်း ငယ်စဉ်က သူ့ကို သင်ကြားခဲ့သည့် အသိတရားများသည် ယခုအရှိတရားတို့နှင့် အံချော်နေလေသည်။ ငယ်စဉ်က သူနာကြားမှတ်သားခဲ့ရသော ကျောင်းစာတွင် သရဲ၊ တစ္ဆေ၊ ဝိညာဉ်လောကဆိုသည်မှာ ပုံပြင်မျှသာ ဖြစ်သည်။ သူတို့ယဉ်ကျေးမှုအရ လက်ခံထားသော အကြောင်းအရာမှလွဲလျှင် သဘာဝလွန်ကိစ္စတို့ကို ယုံကြည်သည် မဟုတ်ချေ။ ယခုမူ အဆိုပါအတားအဆီးများက ပြိုကျသွားသလို ခံစားလိုက်ရပြီး စောစောက ကြောက်စိတ်များလည်း လွင့်စင်သွားကြပါသည်။ စဝ်ကြာဆိုင်က သူ့အတွေ့အကြုံကို ပြောပြပြီး သုစန္ဒီ၏အကြပ်အတည်းကို ဖြေရှင်းခဲ့လေရာ စဝ်ကြာဆိုင်၏လက်ကိုသာ ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်မိပါတော့သည်။

အတွေးများမှနေပြီး အသိစိတ်ပြန်ဝင်လာသဖြင့် သုစန္ဒီသည် သူ့ရှေ့မှ စဝ်ကြာဆိုင်၏ဇာတာကို မီးခံသေတ္တာထဲသို့ ပြန်ထည့်လိုက်ရသည်။ ဟော်နန်းမှ ပန်းခြံကိုဖြတ်၍ ဘုရားကျောင်းဆီသို့ သုစန္ဒီလျှောက်လာခဲ့သည်။ ဘုရားကျောင်းမှာ ဟော်နန်း၏အရှေ့တွင်တည်ရှိသော သီးသန့်ပျဉ်ထောင် နှစ်ထပ်ဆောင်ဖြစ်သည်။ အောက်ထပ်တွင် ပလ္လင်၊ ထီးဖြူများနှင့် အခြားအစီးအနင်း အဆောင်အယောင်များထားရာအခန်းဖြစ်ပြီး အပေါ်ထပ်တွင်မူ ဘုရားခန်း

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်မှု မရှိသည့် ရှမ်းများနှင့် အစိုးရကြားတွင် စဝ်ကြာဆိုင်သည် တာဝန်ယူနေရသည်။ သို့ကြောင့် မည်သည့်အခါမှ မအားလပ်သည့် သူ့မောင်တော်အဖို့ နွေရာသီအပူဒဏ်မှရှောင်ရန် တောင်ကြီးသို့ သွားချင်မည်မဟုတ်ချေ။

သူတို့မိသားစုအတွက် နွေရာသီတွင် နမ်းစန်သည် အသင့်တော်ဆုံး သွားနေရန်နေရာဖြစ်သည်။ ပင်လယ်မှ ပေ (၆၀၀၀) အမြင့်တွင်ရှိပြီး တောင်ပိုင်နယ်၏မြို့တော် ဖြစ်သည်။ သူတို့ကို တောင်ပိုင်စော်ဘွားကြီးကလည်း အမြဲတမ်းဖိတ်ခေါ်လျှက်ရှိပါသည်။ သုစန္ဒီက နမ်းစန်သို့ ယခင်နှစ်ကလည်း ရောက်ပြီးဖြစ်သည်။ ထိုစဉ်က သီပေါ၏ အပူချိန်သည် အလွန်ဆိုးဝါးလေသည်။

သုစန္ဒီ၏အတွေးများသည် ကားသံကြား၍ သတိပြန်ဝင်လာလေသည်။ စဝ်ကြာဆိုင်ကို လာပို့သည့်ကား တစ်စီး သို့တည်းမဟုတ် သူနှင့်ပတ်သက်သော သတင်းစကား သယ်ဆောင်လာသည့် ကားတစ်စီးစီး ရောက်လာလေသည်လားဟု ထင်၍ ကြည့်လိုက်မိသည်။ သို့သော် မော်တော်ကားဆို၍ အရိပ်အယောင်မျှပင် မမြင်ရပါ။ ပျက်စီးနေသော ဟော်နန်းဟောင်းကြီးမှ ကြွင်းကျန်သော တိုင်လုံးကြီးများရှေ့တွင် ဘိုင်စကယ်တစ်စီး ဖြတ်သွားသည်ကိုသာ တွေ့ရသည်။

"ဒုတိယကမ္ဘာစစ်ကြီးက ဖျက်ဆီးလိုက်တဲ့ ဟောဒီဟော်နန်းကြီး ပျက်စီးသွားတာ ကောင်းတော့ ကောင်းသား" ထိုကဲ့သို့ ဟော်နန်းဟောင်းနှင့်ပတ်သက်၍ မောင်တော်က မထင်မှတ်ဘဲပြောခဲ့သည်ကို သုစန္ဒီ သတိရလိုက်ပြန်သည်။ ဟော်နန်းဟောင်းနှင့်ပတ်သက်၍ စကားစပ်မိတိုင်း မောင်တော်တစ်ယောက် ဤကဲ့သို့ ခါးခါးသီးသီး ပြောတတ်သည်။ ဟော်နန်းဟောင်းနှင့် ပတ်သက်သော မှတ်တမ်းဟောင်းများလည်း ပျောက်ပျက်သွားသည်ဖြစ်၍ ဟော်နန်းဟောင်း၏ပုံစံကို စိတ်ကူးနှင့်ပင် သူတွေးကြည့်ရသည်။ တစ်ထပ် အဆောက်အဦးသာဖြစ်ကြောင်းလည်း သိရသည်။ အန်တီကြီးဘုရားက အတွင်းပိုင်းအပြင်အဆင် အနေအထားတို့ကို ပြောပြဖူးသည်။ ဟော်ကြီးမှာ ကြီးမားကျယ်ဝန်းသော်လည်း ခပ်မှောင်မှောင်ဖြစ်၍ နေချင်စိတ်မရှိဟု ပြောသည်။ ဟော်နန်းဟောင်းကြီးကို တည်ဆောက်ခဲ့သူမှာ သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်ဖြစ်၏။

စဝ်ခွန်ဆိုင်သည် မန္တလေးနေပြည်တော်တွင် ကြီးပြင်းခဲ့သော်လည်း တစ်နေ့တွင် သီပေါမင်းက အမြက်သို့၍ အောက်မြန်မာပြည်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည် ဆို၏။ ထိုအချိန်တွင် ရန်ကုန်မြို့သည် ဗြိတိသျှလက်ထဲတွင် ရောက်နေပြီဖြစ်သည်။ ရန်ကုန်မြို့တွင် အိမ်ကြီးတစ်လုံးနှင့် နေထိုင်သော စဝ်ခွန်ဆိုင်သည် သူ့အိမ်တော်မှ ဝန်ထမ်း ယောက်ျားတစ်ဦးကို စိတ်လိုက်မာန်ပါ အပြစ်ပေးရာမှ သေဆုံးသွားသဖြင့် ဗြိတိသျှတို့၏ မြို့ပြအုပ်ချုပ်ရေးဥပဒေအရ လူသတ်မှုဖြစ်ကာ အမှုဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် ဗြိတိသျှ အစိုးရက သူ့ဘက်သို့ သိမ်းသွင်းသည့်အနေဖြင့် နယ်နှင့်ဒဏ်ပေး၍ သီပေါသို့ ပြန်လာခဲ့သည်။ ထိုအချိန်တွင် မြန်မာဘုရင် ပါတော်မူသွားပြီ ဖြစ်သည်။ စဝ်ခွန်ဆိုင်သည် ဗြိတိသျှအစိုးရနှင့်လက်တွဲပြီး ရှမ်းပြည်ငြိမ်ဝပ်ပိပြားမှုကို ဆောင်ရွက်ခဲ့ရာ ဝိတိုရိယဘုရင်မကြီးက သူကောင်းပြုခဲ့သော ပထမဆုံးစော်ဘွားကြီး ဖြစ်သည်။ အင်္ဂလန်သို့လည်း နှစ်ကြိမ်ရောက်ခဲ့ပြီး ဘုရင်မကြီးနှင့်လည်း တွေ့ဆုံခွင့်ရခဲ့သည်။ စဝ်ခွန်ဆိုင်သည် သီပေါဘုရင်၏အစ်မတော်ကို လက်ဆက်ခဲ့သည်။

**မှတ်ချက်**

*စာအုပ်ထဲတွင် စဝ်ခွန်ဆိုင်လက်ထပ်သည်မှာ သီပေါမင်း၏မိဖုရားတစ်ပါးဟု ရေးထားသော်လည်း အမှန်မှာ အစ်မတော်ဖြစ်၍ ဘာသာပြန်သူက ပြင်ရေးလိုက်ပါသည်။*

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၈)

### နွေရာသီ နမ့်စမ်သို့ သွားခြင်း

ထိုနေ့က နံနက်အစောကြီးပင် ရှိသေးသော်လည်း နေပူနေပြီဖြစ်သည်။ သုစန္ဒီတို့သည် သွားမည့်ကားပေါ်သို့ သမီးနှစ်ယောက်ရော ကလေးထိန်းတွေပါ သက်တော်စောင့်များနှင့်အတူ ရောက်နေကြပြီ ဖြစ်သည်။

"မသွားချင်ဘူး… မသွားချင်ဘူး"

ဟု မာယာရီက တစ်ချိန်လုံး ပြောနေသည်။

"ရေကူးကန်ကိုသွားမယ်"

ဟုလည်း ပူဆာ၏။

"ဒီလိုဆိုရင် နမ္မတူမြစ်ထဲမှာ ရေသွားကူးကြမလား"

ဟူ၍ စဝ်ကြာဆိုင်က မေးလိုက်သောအခါ ချစ်ဇနီးနှင့် သမီးတော်လေးနှစ်ယောက်လုံးထံမှ တညီတညွတ်ထဲ သွားမည်ဖြစ်ကြောင်း စကားပြန်ကြသည်။ သို့နှင့်၊ သူတို့ထွက်လာရာ သာတေးသို့ရောက်သည်။ နမ္မတူသို့ သွားရာလမ်းပေါ်တွင် နမ္မတူမြစ်နှင့် ဘော်တွင်းမိုင်းများသို့သွားရန်တစ်ခုတည်းသော ကူတို့ဆိပ်ဖြစ်၏။ ကူတို့ဖောင်ပေါ်တွင် တစ်ခါလျှင် ကားတစ်စီးသာ ဖြတ်နိုင်သည်။ ကူတို့ဆိပ်တွင် ကားနှင့်လူများကို ဖောင်ဖြင့်ကူးပေးနေသူမှာ အသက်ခန့်မှန်းရန်ခက်သည့် ရှမ်းအမျိုးသမီးကြီးတစ်ဦး ဖြစ်သည်။ သုစန္ဒီမိသားစုသည် နမ္မတူမြစ်ကို ကားနှင့်လူပါ ဖြတ်ကူးကြမည်။ ကူတို့ဆိပ်ကူးပေးနေသော အမျိုးသမီးကြီးက စဝ်ကြာဆိုင်ကို မှတ်မိသည်။ ထို့ကြောင့် အားရပါးရရယ်ပြလိုက်ရာ ပရေတွန့်နေပြီဖြစ်သော သူ့မျက်နှာတပြင်လုံးတွင် မျက်လုံးပါပျောက်သွားလေသည်။ ပေါ်လာသည့် သွားများမှာလည်း နှစ်ပေါင်းများစွာ ကွမ်းစားခြင်းကြောင့် မည်းနက်နေလေသည်။

"ရှေ့တိုး… ရှေ့တိုး… ရှေ့တိုး"

ဟု ပြောပြီး ကူတို့ဆိပ်ကူးပေးနေသည့် အမျိုးသမီးကြီးက ရိုသေစွာဖြင့် စဝ်ကြာဆိုင်ကို ဗွက်ထဲတွင်ပင် ဒူးထောက်၍ လက်အုပ်ချီထားသည်။ ထိုနောက် စော်ဘွားကြီး၏ မာစီဒီးကားကို ကူတို့ဆိပ် သစ်သားဖယ်ရီပေါ်သို့ မောင်းတင်၍ရအောင် ဖန်တီးပေးသည်။ စဝ်ကြာဆိုင်တို့ မိသားစုသည် ဖယ်ရီပေါ်သို့ ရောက်နှင့်နေပြီး နမ္မတူမြစ်၏ ရေစီးသန်မှုကို ကြည့်နေကြသည်။ သို့နှင့်ပင် တစ်ဖက်ကမ်းသို့ ဖြည်းဖြည်းချင်း သွားနေစဉ်အတွင်း သူတို့ဖယ်ရီ၏ အောက်ဖက် ပေ (၅၀) လောက်အကွာတွင် ဇရာမကျွဲကြီးတစ်ကောင်သည် ဗြုန်းကနဲ ရေထဲဆင်း၍ ကူးသွားသည်။ ကျွဲထိန်းသားလေး၏ အော်၍ပြန်ခေါ်ခြင်းကို လုံးဝဂရုမစိုက်ပါ။

"အိုး… ဒုက္ခပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု သုစန္ဒီက တအံ့တသြနှင့် အော်ပြောလိုက်သည်။

"ဒီလိုဆိုရင် ရေစီးထဲ မျောပါသွားမှာပေါ့"

ဟုလည်း ဆက်ပြောသည်။ ကျွဲကြီးကမူ ဖွတ်ပင် မြစ်ကို ဖြတ်ကူးနေသည်။ ကျွဲထိန်းသူငယ်လေးက ပြန်ခေါ်၍ မရမှန်းသိ၍ အော်မခေါ်တော့ပါ။ ထိုအချိန်တွင် ကူတို့ဆိပ်ကူးပေးသည့် အမျိုးသမီးကြီးက-

"ဒီကျွဲကြီး ဒီလိုပဲ နေ့တိုင်းကူးနေကျပါ သခင်မ၊ ဟိုဘက်ကမ်းကူးပြီး တောထဲမှာ အစာရှာနေကျဖြစ်ပါတယ်။ ဒါပေမယ့် ညကျရင်တော့ အမြဲ သူ့ပိုင်ရှင်ဖြစ်တဲ့ ကျွန်မမြေးလေးဆီကို ပြန်လာတတ်ပါတယ်။ သူဟာ ဘာ့ဖြစ်လို့များ ကျွန်မတို့ ဒီဘက်ကမ်းက တောကို မကြိုက်မှန်းမသိပါဘူးဘုရား"

တဖက်ကမ်းသို့ ရောက်သောအခါ အခြားကားများထက်စော၍ စဝ်ကြာဆိုင်သည်ကားကို ကမ်းပေါ်သို့ မောင်းတင်လိုက်သည်။ ဖယ်ရီနှင့် ကမ်းစပ်ကြားတွင် ရေအနည်းငယ်ကို ဖြတ်ရသေးသည်။ ရွက်ကြွေထားသည့် ကျွန်းပင်ကြီးတစ်ပင်က ကမ်းနားတွင်ပေါက်နေသည်။ စဝ်ကြာဆိုင်သည် သမီးငယ်ကိုနှင့်ရီကို ရေထဲမဆင်းရန် ချီလိုက်ရသည်။ သုစန္ဒီကမူ သမီးကြီးမာယာရီကို ရေထဲမှ ဦးဆောင်၍ ကမ်းပေါ်သို့ တက်လိုက်သည်။

နမ္မတူသို့သွားရန် တစ်လမ်းထဲသာရှိသည့် လမ်းပေါ်တွင် ကားစီးရခြင်းမှာ ပျော်စရာမကောင်းလှပါ။ ကားလမ်းက အကွေ့အကောက်များလှသဖြင့်-

"မရောက်သေးဘူးလား… မရောက်သေးဘူးလား"


ဟု ကလေးများက ခဏခဏမေးကြသည်။ (၄) နာရီကြာအောင် မောင်းလာရာတွင် ထရက်ကား အချို့နှင့် ပလောင်တောင်ပေါ်မှ လက်ဘက်ခြောက်များကို သယ်လာကြသည့် လားတန်းကြီးနှစ်တန်းကို ဖြတ်ကျော်ခဲ့ရသည်။ သူတို့ကားသည် လက်ဘက်ခြောက်ခင်းများ ရှိရာနေရာသို့ ရောက်သောအခါ မြင်ကွင်းက တစ်မျိုးပြောင်းသွားသည်။ ဝဲယာတွင် တောများမရှိဘဲ တမင်စိုက်ပျိုးထားသည့် လက်ဘက်ခင်းများသာ ရှိသည်။ လက်ဘက်ခင်းတို့ အလယ်မှ တောင်ကုန်းပေါ်တွင် ထုံးသင်္ကန်းနှင့် စေတီလေးတစ်ဆူမှာ နောက်ခံအပြာရောင် မိုးကောင်းကင်ကြီးနှင့် ပဏာတင့်လှသည်။ သူတို့ကားသည် တစ်လမ်းလုံး အဝေးမှ ပလောင်ရွာများကို ဖြတ်ကျော်ခဲ့ရသည်။ လမ်းတွင် တွေ့ရသည့်ပလောင်ရွာမှ အိမ်လေးများသည် ဝါးအိမ်လေးများသာ ဖြစ်သည်။ ရွာထဲ၌ ဘုန်းတော်ကြီးကျောင်းများမှာ သစ်ဖြင့်ဆောက်ထားသော အကြီးဆုံးနှင့် အကောင်းဆုံး အဆောက်အဦး ဖြစ်၏။ ဤသည်ကို ကြည့်ခြင်းဖြင့် ပလောင်လူမျိုးတို့ ဘာသာရေးကိုင်းရှိုင်းမှုကို သိနိုင်ပေသည်။ သုစန္ဒီအနေဖြင့် ပလောင်အမျိုးသမီးများကို ယခင်က တွေ့ဖူးပါသည်။ သူတို့ဝတ်စုံပေါ်မှ ငွေသားရတနာ အဆင်တန်ဆာက စွဲမက်စရာပင်ဖြစ်သည်။ သူတို့ ခေါင်းဆောင်း၊ အနက်ရောက်အောက်ခံအင်္ကျီနှင့် လေး၍နက်သော ဂါဝန်များသည် အေးသောရာသီဖြင့် အဆင်ပြေနေသည်။

နမ္မတူမြို့သည် ကုန်းပြင်မြင့်ပေါ်တွင် တည်ရှိသည်။ အေးချမ်းဆိတ်ငြိမ်လှသည်။ အုပ်ချုပ်သော တောင်ပိုင်စော်ဘွားနှင့် အင်္ဂလိပ်-မြန်မာကပြား မဟာဒေဝီတို့သည် ဒုတိယကမ္ဘာစစ်အတွင်းက သူတို့၏ဟော်နန်းကို မဆုံးရှုံးလိုက်ရပါ။ တောင်ပိုင်ဟော်နန်းသည် မြို့၏အမြင့်ဆုံးနေရာတွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ သူတို့၏ သားတော်သမီးတော်များနှင့် ဧည့်သည်တော်များအတွက် နေရာပေးနိုင်လောက်အောင် ကျယ်ဝန်းလှပါသည်။ အခန်းတိုင်းတွင် အနွေးဓာတ်ရရန် မီးဖိုနေရာများရှိသည်။

နမ့်စမ်မြို့တွင် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများနှင့် ခေတ်မီလှသော လက်ဘက်ခြောက်စက်ရုံကြီး ရှိသည်။ ထိုလက်ဘက်ခြောက်စက်ရုံကြီးကို အင်္ဂလိပ်လူမျိုးတစ်ယောက်က ဝန်ထမ်းအနည်းငယ်ဖြင့် အုပ်ချုပ်နေသည်။ လက်ဘက်ခြံများမှ ခူးလာသည့် လက်ဘက်ရွက်များကို စက်နှင့်ပင် အခြောက်ခံ၍ ရှမ်းပြည်နယ်နှင့် မြန်မာပြည်မသို့ ဖြန့်ချိသည်။ နိုင်ငံခြားတင်ပို့ရလောက်အောင် မထွက်ပါ။ လက်ဘက်ခြောက်အဆင့်အတန်းက ကောင်းလှသည်။ လက်ဘက်ခြောက်စက်ရုံမန်နေဂျာ မစ္စတာဘာရောင်းသည် မူလက သစ်တောဘက်တွင် ကျွမ်းကျင်သူဖြစ်ပြီး သစ်သုတ်

www.burmeseclassic.com

www.burmeseclassic.com



နမ္မတူမြစ်သို့ ဖောင်ဖြင့်ဖြတ်ကူးနေပုံ



တောင်ပိုင်စော်ဘွားနှင့် ပလောင်လူမျိုးများ

www.burmeseclassic.com

www.burmeseclassic.com



လုပ်သူတစ်ယောက်လည်း ဖြစ်သည်။ လက်ဘက်ခြောက်လုပ်ငန်းမှာ ဝါသနာပါ၍ လုပ်နေခြင်းဖြစ်၏။ အပျော်တန်းတောလိုက်မုဆိုးတစ်ဦးဖြစ်၍ နမ္မတူသည် သူ၏ဝါသနာအတွက် အထောက်အကူအဖြစ်ဆုံးသောနေရာဟု သတ်မှတ်ကာ ပျော်နေခြင်းဖြစ်သည်။ ပလောင်တောင်တောထဲတွင် ကျားသစ်များ၊ တောဝက်များ၊ ဝက်ဝံများနှင့် ကြံ့များပင်ရှိသည်ဟုဆိုသည်။ မစ္စတာဘရောင်းက သီပေါစော်ဘွားကြီးနှင့် မဟာဒေဝီသုစန္ဒီတို့ကို သူ၏အိမ်ခန်းပြတင်းပေါက်မှနေပြီး ကျားသွားရာလမ်းကြောင်းကိုပင် ပြလိုက်သေးသည်။ ခြုံပုတ်များကို တိုးသွားသည့် ကျားလမ်းကြောင်းကြီးကိုမြင်ရသဖြင့် လွန်ခဲ့သည့်ညကပင် ထိုကျားသည် မစ္စတာဘရောင်းအိမ်အနီးတွင် ရှိလိမ့်မည်ဟု ထင်ရသည်။ သူ့တပည့်မုဆိုးများနှင့် အမဲလိုက်ခွေးများပင် မသိလေရော့သလားဟု အံ့သြကြရသည်။ စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့သည် မစ္စတာဘရောင်း၏ အမဲလိုက်ပုံပြင်များထက် လက်ဘက်ခြောက်စက်ရုံကို ပို၍စိတ်ဝင်စားကြ၏။

တောင်ပိုင်ဟော်နန်းပေါ်တွင် တောင်ပိုင်စော်ဘွားကြီးက သုစန္ဒီကို ကျားရေကြီးတစ်ချပ် လက်ဆောင်ပေးသည်။ ဟော်နန်းကြီး၏နံရံပေါ်တွင် လုံများနှင့် သေနတ်များကိုပင် အလှချိတ်ပြထားသည်ကို တွေ့ရသည်။

သုစန္ဒီက တောင်ပိုင်စော်ဘွားကြီးကို လက်ဆောင်အတွက် ကျေးဇူးတင်ကြောင်း ပြောသောအခါ-

"ကျုပ်တို့ ဒီကျားကြီးကို မသတ်ခဲ့ပါဘူး၊ ဒါပေမယ့် ကျုပ်ရဲ့ရွာသားများဟာ မသတ်လျှင်မဖြစ်တော့လို့ပါ၊ ဒီကျားကြီးက လူသုံးယောက်တောင် စားလိုက်တာကလား"

ဟု တောင်ပိုင်စော်ဘွားကြီးက ပြောပြပါသည်။ သုစန္ဒီသည် အံ့သြလန့်ဖျန့်သွားပြီး-

"အဲဒီလို ဘာကြောင့် ဖြစ်ရတာလဲ"

ဟု မေးလိုက်သည်။ တောင်ပိုင်စော်ဘွားကြီးက-

"ရွာသူရွာသားတွေ လက်ဘက်သွားခူးတုန်း ကျားကြီးက ချောင်းပြီး ကလေးတစ်ယောက်ကို ကိုက်သတ်လိုက်တယ်။ ဒါနဲ့မပြီးသေးဘူး၊ ကျားကြီးက ပြန်လာပြီး အဖိုးကြီးတစ်ယောက်ကို ကိုက်ပြန်ရော၊ ဒီတော့··· ကျုပ်ရွာသားတွေက ဒီကျားကြီးဟာ ပြန်ကိုလာရမယ်ဆိုတဲ့အသိနဲ့ လက်နက်တွေစုဆောင်းပြီး ကျားကြီးနောက်ကို လိုက်သွားကြတယ်။ သူတို့ကျားကြီးကိုမမိခင်ပဲ ကလေးမလေးတစ်ယောက်ကို ကျားကြီးက ကိုက်သတ်လိုက်ပြန်ရော"

ဟ ု ပြောလေသည်။

"ဆိုးဝါးလှချီကလား"

ဟု သုစန္ဒီကပြောပြီး-

"နေပါအုံး၊ ဘာဖြစ်လို့ မစ္စတာဘရောင်းက အဲဒီတုန်းက ကျားနောက်ကို လိုက်မသွားတာလဲ"

ဟု ဆက်မေးလိုက်သောအခါ တောင်ပိုင်စော်ဘွားကြီးက-

"သူရှိနေရင်တော့ ဟုတ်တာပေါ့၊ ဒါပေမယ့် အဲဒီတုန်းက သူခွင့်နဲ့ အိမ်ပြန်နေတယ်လေ၊ ဒါကြောင့် ဒီကိစ္စမှာ သူမပါလိုက်ရလို့ မကျေမနပ်ဖြစ်နေတယ်"

ဟု ပြန်ပြောပြပါသည်။

"မောင်တော်တို့သီပေါနယ်မှာတော့ ကျားမပေါလှဘူး။ မောင်တော်ကလေးဘဝမှာ တစ်ခါပဲ ကျားနဲ့ ပတ်သက်လို့ ကြားဖူးလိုက်တယ်"

ဟု သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်က ဝင်ပြောသည်။

"ဒီကျားတွေဟာ လူသားစားကျား ဘာဖြစ်လို့ဖြစ်လာရတာလဲ"

ဟု သုစန္ဒီ သိချင်၍ မေးလိုက်သောအခါ-

"မောင်တော်ကတော့ တာဝန်ရှိတဲ့သူ မဟုတ်ပေမယ့်၊ ဒီကိစ္စမှာ အခြားသူတွေပြောလို့ ကြားရတာ၊ ကျားဆိုတဲ့သတ္တဝါဟာ အသက်သိပ်ကြီးလာရင် အစာရှာမစားနိုင်လို့ အလွယ်တကူတွေ့တဲ့ လူကိုပဲ စားလိုက်ရော၊

www.burmeseclassic.com

www.burmeseclassic.com



အရသာတွေ့သွားပြီး လူသားစားကျား ဖြစ်လာတယ်။ လူသားရှာစားဖို့ ကျားက နောက်တစ်ခါပြန်လာတတ်တယ်တဲ့”

ဟု စဝ်ကြာဆိုင်က ပြောပြသည်။

သုစန္ဒီသည် လက်ဆောင်ရသည့် ကျားရေကို အလိုမရှိလှပါ။ သို့ရာတွင် စော်ဘွားကြီးကိုယ်တိုင်ပေးသဖြင့် ငြင်းရန်ခက်နေသည်။ တောင်ပိုင်ယော်တွင် ရက်ပေါင်းအနည်းငယ်နေကြပြီးသောအခါ တစ်နေ့၌ တောင်ပိုင်မဟာဒေဝီ၏ပန်းခြံထဲတွင် လမ်းလျှောက်နေကြစဉ် စဝ်ကြာဆိုင်က သုစန္ဒီကို ဂျစ်ကားဖြင့် ကားစီးထွက်ရန် ခေါ်လိုက်သည်။ စဝ်ကြာဆိုင်က သီပေါနယ်ဘက်မှ တောင်ပိုင်နယ်ဘက်ရှိ ပလောင်ကျေးရွာဖြစ်သော ပေါင်းလောင်းကို သွားပြချင်သည်။ သို့ရာတွင် အိမ်ရှင်တောင်ပိုင်စော်ဘွားကြီးက ဤခရီးကိုသွားရန် အားမပေးပါ။ ဤခရီးသည် လားများနှင့်သာ သွားနိုင်၍ဖြစ်သည်။ သို့ရာတွင် စဝ်ကြာဆိုင်က သွားရန်ဆုံးဖြတ်ပြီးကြောင်း၊ လွန်ခဲ့သည့် နှစ်အနည်းငယ်က စဝ်ကြာဆိုင်သည် သီပေါနယ်အတွင်းမှ ပေါင်းလောင်းသို့ သုစန္ဒီနှင့် လမ်းသစ်ဖွင့်ပွဲအတွက် သွားခဲ့ဖူးကြောင်း၊ သီပေါနယ်ထဲမှ ပလောင်ရွာသူရွာသားများအတွက် ဤလမ်းကိုပြုလုပ်ပေးခြင်းဖြင့် လက်ဘက်ခြောက်များကို လားများ၊ မြင်းများနှင့် မပို့ရတော့ဘဲ ထရက်ကားကြီးများဖြင့် ပို့နိုင်ကြောင်း ပြောပြလိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၃၉)

ထိုစဉ်က ကားမောင်း၍ (၁၀) မိုင်ခန့်သို့ ရောက်သောအခါ လမ်းသည် ကျဉ်းမြောင်းလာပါသည်။ အချို့နေရာ၌ လမ်းသည် ကားမောင်းရင်း ရုတ်တရက် ရှေ့သို့ ထိုးဆင်းမောင်းနှင်သွားရသည်။ ထို့ကြောင့် သုစန္ဒီက ကားကိုရပ်ခိုင်းသော်လည်း စဝ်ကြာဆိုင်က နားမထောင်ပေ။ ရှေ့တွင် လမ်းကောင်းသွားမည်ဟု ပြောသည်။ သို့သော် လမ်းသည် ဆိုးသထက်ဆိုးလာသည်။ စဝ်ကြာဆိုင်က ဆက်မောင်းရန် လက်မြှောက်ရမလို ဖြစ်နေသည်။ သုစန္ဒီက သူ့မောင်တော်ကို အားပေး၍ ဆက်မောင်းစေသည်။ လွယ်အိတ်ထဲမှ မှန်ဘီလူးပါသောမှန်ပြောင်းကို ထုတ်ယူ၍ ရှေ့မှလမ်းကို ကြည့်သည်။ သူ့မောင်တော်အား လုံးဝအပြစ်မတင်ပါ။

သီပေါနယ်အတွင်းမှ ပလောင်သုံးရွာကလူတို့သည် သူတို့၏အရှင်နှစ်ပါးကို သူတို့ကိုယ်တိုင် ဖောက်ထားသည့် (၉) မိုင်ရှည်သောလမ်းကို ဖွင့်ပေးစေလိုသည်။ ထိုလမ်းသည် တောင်စောင်းအကွေ့တွင် ဖဲ့ထုတ်၍ခင်းရသော လမ်းဖြစ်သည်။ ကားမောင်း၍ (၅) နာရီခန့်ကြာသောအခါ စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့သည် သူတို့၏ လိုရာခရီး ပန်းတိုင်သို့ရောက်ကြသည်။ အသစ်ဖောက်သော လမ်းသစ်၏အစ ဖြစ်၏။ ရွာတွင်းမှ ပလောင်ခလေးငယ်များသည် လမ်းတစ်ဖက်တစ်ချက်တွင် တန်းစီ၍ သူတို့၏အရှင်နှစ်ပါးကို ကြိုဆိုနေကြသည်။ သူတို့နှင့်အတူ ပလောင်ရွာမှ ရွာလူကြီးများ၊ ကြိုဆိုရေးကော်မတီအဖွဲ့ဝင်များ (အားလုံး အမျိုးသားများသာ) သည် သူတို့စီးလာသည့် ထရက်ကားများပေါ်မှ ခုန်ဆင်း၍ အထူးဧည့်သည်တော်နှစ်ဦးကို နှုတ်ဆက်ကြသည်။ စဝ်ကြာဆိုင်က လမ်းသစ်ကိုဖွင့်ရန်အတွက် ပထမဆုံးသော ဖဲကြိုးကို ဖြတ်လိုက်သည်။ ပရိသတ်အားလည်း မိန့်ခွန်းအနည်းငယ် ပြောသည်။ ထိုသို့လမ်းဖွင့်ပွဲပြုလုပ်ခြင်းမျိုးကို ထိုလမ်းတစ်လျှောက်၌ သုံးကြိမ်သုံးခါလုပ်ခဲ့ရသည်။ နောက်ဆုံး ပေါင်းလောင်းသို့ ရောက်သွားသောအခါ ပွဲတော်ကြီးတစ်ရပ်ကျင်းပပြီး သူတို့အား ကြိုဆိုနေသည်ကို တွေ့ရသည်။ အတီးအမှုတ် အကအခုန်များလည်းပါ၏။ ငယ်ရွယ်လှပသူကလေးများကလည်း ပန်းစည်းဆက်သကြသည်။ စားသောက်ဖွယ်ရာများမှ တောင်ပုံရာပုံဖြစ်နေသည်။ ရွာလူကြီးက သူ၏အရှင်နှစ်ပါးအတွက် အထူးဆောက်လုပ်ထားသော ယာယီဝါးနန်းတွင် အထူးစားသောက်ဖွယ်ရာများဖြင့် ကြိုဆိုဧည့်ခံသည်။ စော်ဘွား၊ မဟာဒေဝီနှင့် ရွာလူကြီးတို့၏ လှုပ်ရှားမှုမှန်သမျှကို ရွာခံ (၁၅၀) သော ပလောင်လူမျိုးတို့က ကြည့်နေကြသည်။ သုစန္ဒီအနေဖြင့် ထိုစဉ်က ကျွေးမွေးဧည့်ခံလိုက်သည့် သွားရည်ယိုစရာ ကောင်းလောက်အောင် စားသောက်ဖွယ်ရာများကို မမေ့နိုင်ပေ။ ခါချဉ်ဥ၊ ဝက်နားရွက်သုပ်၊ ဝါးတွင်းမှ ဝါးပိုးကြော် စသည့် စားစရာ အထူးအဆန်းများ ဖြစ်သည်။ သုစန္ဒီက ဧည့်ခံကျွေးမွေးသမျှကို မငြီးမငြင် မြည်းရုံမြည်းခဲ့သည်ဟု ပြောပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အဖွဲ့သည် နမ့်စမ်တွင် နောက်ထပ်သုံးရက်ခန့် နေကြရသေးသည်။ အိမ်သို့လွမ်းလှပြီ၊ ကလေးများကလည်း ဟော်နန်းတွင်ကျန်ခဲ့သော သူတို့၏ကစားကွင်းကို သတိရနေကြသည်။

သူတို့သည် လာမည့်ရေသဘင်ပွဲကို ဆင်နွဲရဦးမည်။

× × ×

"ဘယ်အချိန်ရှိပြီလဲ"

ဟု သုစန္ဒီသည် အိပ်ယာမှထပြီး လက်ကိုအပြင်းဆန့်ရင်း စဝ်ကြာဆိုင်အား မေးလိုက်သည်။

"ငါးနာရီခွဲရှိပြီ… အခုဖြစ်နေတာတွေဟာ ဘာမှန်းကိုမသိဘူး"

ဟု စဝ်ကြာဆိုင်က ပြောလိုက်သေးသည်။ တံခါးခေါက်သံကြား၍ စဝ်ကြာဆိုင်သည် ကုတင်ပေါ်မှဆင်းပြီး သူ့ခြေထိုးဖိနပ်ကိုလိုက်ရှာ၍ စွပ်ကာ တံခါးအနီးသို့ သွားလိုက်သည်။ တံခါးဖွင့်လိုက်သည်နှင့် ဘကုန်း၏အသံကို ကြားလိုက်ရ၏။ ဘကုန်းသည် ကိုယ်ရံတော်တပ်၏ အကြီးအကဲဖြစ်သည်။ ဘကုန်း၏စကားသံတွင် "မြွေ" ဟူသည့်အသံကို ကြားလိုက်ရသည်။ မနေ့ကမှ ခရီးကပြန်လာပြီး ညဉ့်နက်မှအိပ်ရသည့် သူ့အရှင်နှစ်ပါးကို ဘကုန်းသည် အဘယ်ကြောင့် စောစောစီးစီးလာနှိုးပြီး မြွေအကြောင်းပြောနေရပါသနည်းဟု သုစန္ဒီတွေးတောရင်း မျက်စိများပွတ်၍ အိပ်ယာမှ ထလာသည်။

"ကြက်အိမ်ထဲမှာ စပါးကြီးမြွေတစ်ကောင်ရောက်နေသတဲ့"

ဟု စဝ်ကြာဆိုင်က ပြောရင်းနှင့် အိပ်ယာမှထပြီး ကာကီဘောင်းဘီဝတ်၍ စပွတ်ရှပ်အင်္ကျီစွပ်ကာ အလောတကြီး ထွက်သွားသည်။

"ကျမလည်း လိုက်ချင်တယ်"

ဟု သုစန္ဒီအော်ပြောလိုက်သော်လည်း စဝ်ကြာဆိုင်က သူ့ကိုမစောင့်ပါ။

သုစန္ဒီအနေဖြင့် တောထဲသို့သွားသည့်အခါ စပါးကြီးမြွေကို တွေ့လိမ့်မည်ဟု အမြဲတမ်းမျှော်လင့်ခဲ့သော်လည်း မတွေ့ခဲ့ရပါ။ ယခုမူ စပါးကြီးမြွေတစ်ကောင်သည် ဟော်နန်းဝင်းအတွင်းမှ ကျွန်းသစ်နှင့်ဆောက်ထားသည့် ကြက်လှောင်အိမ်အတွင်း ရောက်နေသည်။ ထိုကြက်လှောင်အိမ်မှာ တရုတ်လက်သမား အာဝါက စဝ်ကြာဆိုင် ညွှန်ကြားသည့်အတိုင်း ဆောက်ပေးထားခြင်းဖြစ်သည်။ ကြက်လှောင်အိမ်ဟူ၍ အထူးတလည်ဆောက်ရသည်မှာ သာမန်ကြက်များကို မွေးထား၍ မဟုတ်ပါ။ စဝ်ကြာဆိုင် နိုင်ငံခြားမှပြန်လာစဉ် "ရုဒ်အိုင်လင်ရက်" ကြက် (၂) ဒါဇင်ခန့်ကို မြန်မာပြည်အတွင်း တင်သွင်းခဲ့ပြီး မွေးထားခြင်းကြောင့် ဖြစ်ပါသည်။ စဝ်ကြာဆိုင်က သူ့နယ်အတွင်း ကြက်မွေးမြူရာတွင် ရိုးရိုးမြန်မာကြက်များနှင့် မွေးမြူရေးမလုပ်ချင်ပေ။ မြန်မာကြက်များက ဥငယ်ပြီး နည်းနည်းသာ ဥသည်။ နိုင်ငံခြားကြက်များက အဥများ၏။ ဥလည်း ကြီးသည်။ စဝ်ကြာဆိုင်သည် သူ၏နိုင်ငံခြားကြက်များ ရောက်လာသောအခါ ကြက်အိမ်တခမ်းတနားဆောက်ပြီး မွေးခဲ့ရခြင်း ဖြစ်သည်။ ယခု ထိုကြက်အိမ်အတွင်း၌ စပါးကြီးမြွေတစ်ကောင် ရောက်နေသည်ကို သူမြင်ရတော့မည်။

သုစန္ဒီကြက်အော်သံများကို ကြားနေရသည်။ လူများကလည်း အော်နေသည်။ စဝ်ကြာဆိုင်၏ အမိန့်ပေးသံကို ကြားနေရသည်။

"မပစ်နဲ့… မပစ်နဲ့"ဟု ဖြစ်၏။

ကြက်အိမ်အနီးတွင် မိန်းမနှင့်ကလေးများလည်း ရှိသည်။ သုစန္ဒီကြက်အိမ်အနီးသို့ ရောက်သွားသောအခါ ဘကုန်းက ဆယ်ပေခန့်အကွာမှ သူ၏သခင်မကို နှင်ပစ်နေသည်။

"သခင်မဘုရား… ဟော်ကို ပြန်သွားပါ၊ ဒီနားက မိန်းမနဲ့ကလေးတွေကိုလည်း ခေါ်သွားပေးပါဘုရား၊ ကျွန်တော်တို့ ဒီမြွေကို ပစ်ချင်ပစ်ရပါလိမ့်မည်။"

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



"နေပါအုံး... ဘာကိစ္စ သေနတ်နဲ့ပစ်ရမှာလည်း"

ဟု သုစန္ဒီက စပ်စပ်စုစု ဝင်မေးလိုက်သောအခါ-

"ဒီမြွေကြီး ကျွန်တော်တို့ နိုင်ငံခြားမျိုးကြက်တွေကို စားထားပြီးပါပြီ"

ဟု ဖြေလိုက်သည်။ သုစန္ဒီသည် သဘောပေါက်သွားသော်လည်း-

"မင်း မပစ်ဘဲ မရဘူးလား"

ဟု ဘကုန်းကို အော်ပြောလိုက်သည်။

"ဓိနနဲ့ စန်းအေးတို့က ကြိုးစားပြီး ဖမ်းနေပါတယ်ဘုရား၊ ဒါပေမယ့် မြွေကြီးက သူတို့နှစ်ယောက်ကို သူ့အမြီးနဲ့ ရိုက်နေပါတယ်"

ဟု ပြန်ဖြေရင်း ဘကုန်း ကြက်လှောင်အိမ်အနီးသို့ ဝင်ပြေးသွားပြန်သည်။ သုစန္ဒီသည် အချင်းဖြစ်နေရာမှ ထွက်မသွားဘဲ ကြက်လှောင်အိမ်အနီးသို့ တိုးသွားရာ ကြက်အမွေးများ ပလူပျံနေသည်ကို တွေ့ရသည်။

"ဘုရားသခင်..."

သုစန္ဒီက သူ့မောင်တော် အထဲတွင်ရှိမည်ကို တွေးပူမိသည်။ ထို့ကြောင့် ရှေ့သို့တိုးသွားရာ မမိုးအေးသည် သူ၏သခင်မကို အနောက်မှချုပ်ကိုင်ပြီး အတင်းခေါ်ထုတ်သွားသည်။

"သခင်မ ဒီနေရာမှာ မလုံခြုံပါဘူးဘုရား၊ ပြန်လှည့်ပါတော့"

ဟုလည်း အော်၍ လျှောက်ထားနေသည်။ မမိုးအေးမျက်နှာမှာ မည်းပြီးရဲနေသည်။ မျက်လုံးကြီးများမှာလည်း ပြူးကျယ်နေပြီး တထိတ်တလန့်နှင့် အသက်ပင် မှန်မှန်ရှူပုံမရပေ။ သုစန္ဒီက-

"မိုးအေး... ပြန်လာခဲ့ပါ၊ ဒီနေရာမှာ ဘယ်သူမှ မလုံခြုံပါဘူး၊ ဒီမြွေကြီးသေမှ အေးမယ်"

ဟု ပြောလေသည်။ သုစန္ဒီသည် ပြောရင်းနှင့် မမိုးအေးနောက်သို့ ပြန်လိုက်သွားပြန်သည်။ တွေ့သမျှလူများကိုလည်း နောက်သို့ ဆုတ်သွားကြရန် ပြောနေသည်။

"တကယ်လို့ မြွေကြီးက မသေဘူးဆိုရင် ဒို့ဘယ်လိုလုပ်ကြမလဲဟဲ့"

ဟု သုစန္ဒီက မမိုးအေးကို မေးလိုက်သောအခါ-

"တကယ်လို့ လွတ်သွားတယ်ဆိုရင် နောက်တစ်ကြိမ် ကြက်တွေကို စားဖို့မရှိတော့ရင် သူ့ဘာစားဖို့ လာရှာမလဲဆိုတာ ဘယ်သူပြောနိုင်ပါ့မလဲဘုရား"

ဟု ပြန်ဖြေသည်။

"ဟဲ့... နင်ရော စပါးကြီးမြွေကို အရင်တုန်းက မြင်ဖူးလား"

သုစန္ဒီကမေးပြန်ရာ မမိုးအေးက-

"မမြင်ဖူးပါဘူးဘုရား... မြို့တည်းမှာတော့ ဘယ်ရှိပါ့မလဲဘုရား၊ ဒါပေမယ့် ရောမအိမ်မြောင်ကြီးတွေ ကြက်ကလေးတွေနဲ့ ကြက်ဥခိုးဖို့လာတာတော့ မြင်ဖူးပါတယ်ဘုရား၊ ကျမ အမေပြောဖူးတာကတော့ စပါးကြီးမြွေကြီးတစ်ကောင်ဟာ ကလေးတစ်ယောက်ကိုမျိုပြီး ကျမတို့ရွာထဲက ထွက်သွားဖူးတယ်တဲ့ဘုရား"

ကြားရသည့်သတင်းများကြောင့် သုစန္ဒီသည် မောင်တော်စဝ်ကြာဆိုင်အတွက် ပို၍ စိတ်ပူသွားသည်။ ဤစပါးကြီးမြွေဖမ်းသည့်ကိစ္စကို သူ့မောင်တော်ကိုယ်တိုင်မလုပ်ဘဲ သက်တော်စောင့်များက လုပ်နိုင်လေသည်။ ယခုလည်း သက်တော်စောင့်သုံးယောက်သည် မြွေဖမ်းနေကြသည်။ သို့သော် သူ့မောင်တော်အနေဖြင့် ဤနိုင်ငံခြားမျိုး ကြက်များကို ခက်ခက်ခဲခဲ သွင်းလာရသဖြင့် အလွန်နှမြောနေမည်ဖြစ်ကြောင်း သိလိုက်သည်။ ကြက်များပျက်စီးသွားလျှင် မောင်တော်၏မွေးမြူရေးစီမံကိန်းကြီး တစိတ်တဒေသသည်လည်း ပျက်စီးရတော့မည်ဖြစ်သည်။ လအနည်းငယ်ကပင် သူ့မောင်တော်၏အတွင်းဝန်ကို ရန်ကုန်သို့လွှတ်ပြီး သင်္ဘောနှင့်တင်သွင်းလာမည့် ကြက်များအတွက် စုံစမ်းနေစေသည်။ ထိုကြက်များကို သီပေါအထိ လေယာဉ်ပျံနှင့် သယ်ရမည်။ သို့သော် ယခုကဲ့သို့ မမျှော်လင့်သည့် အဖြစ်အပျက်ကြောင့် မောင်တော့်စီမံကိန်းအတွက် ရင်လေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သုစန္ဒီသည် ထိုသို့တွေးရင်း ဟော်နန်းဝင်းအတွင်းမှ မိန်းမနှင့်ကလေးများကြားတွင် မည်မျှကြာအောင် ရပ်နေမိသည် မသိပေ။ သေနတ်သံကြားမှပင် သတိဝင်လာတော့သည်။ စပါးကြီးမြွေကို မသတ်ချင်ပါ။ သူနှင့် သူ့မောင်တော်တို့သည် သူများအသက်ကိုမသတ်လို၍ တောလယ်ပင် မသွားတတ်ပါ။ သူ့မောင်တော်သည် ယခုတော့ မလွှဲသာ၍ စပါးကြီးမြွေကို သေနတ်နှင့်ပစ်ရန် အမိန့်ပေးရလေတော့သည်။

ကြက်အိမ်အတွင်းက ရန်သူကြီးမှာ သေရှာလေပြီ၊ ထိုကြောင့် အမြီးဖျားဖြင့်ရိုက်သံကိုလည်း မကြားရတော့ပါ။ စဝ်ကြာဆိုင်နှင့် ဘကုန်းတို့က ကြက်လှောင်အိမ်အတွင်းမှ ထွက်လာကြသည်။ သူတို့နောက်မှာ ဖိုးနှင့် စန်းအေးတို့က စပါးကြီးမြွေအသေကောင်ကြီးကို ဆွဲထုတ်လာသည်။ (၁၆) ပေရှည်၏။ တကယ်တမ်းကြည့်လျှင် မြွေကြီး၏အရေခွံသည် ရွှေညိုရောင်ဖြစ်၍ မည်းနက်သည့်စိန်ကွက်ကြီးများနှင့် ဖြစ်သည်။ မြွေကြီးသည် ကြက်အတော်များများကို မျိုပြီးဖြစ်သည်။ သုစန္ဒီအနေဖြင့် မြွေတစ်ကောင်က အရေအတွက်များလှသည့် ကြက်များ၊ မည်သို့မျိုလိုက်သည်ကို တွေးရခက်ကြီးဖြစ်နေသည်။ မောင်တော်စဝ်ကြာဆိုင်က ကြက်မဆိုထားနှင့် ဤမျှကြီးသည့် စပါးကြီးမြွေသည် တိရစ္ဆာန်အကောင်များသာမက လူများကိုပင် မျိုနိုင်ကြောင်း ပြောပြသည်။

သုစန္ဒီအနေဖြင့် မြွေကြီးသေ၍ဝမ်းနည်းသကဲ့သို့ စဝ်ကြာဆိုင်ကလည်း နိုင်ငံခြားကြက်အကောင်ရေ (၂၀) အတွက် ဝမ်းနည်းနေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၀)

ရက်အနည်းငယ်ကြာသည်အထိ စပါးကြီးမြွေကြီးအကြောင်းနှင့် ပတ်သက်ပြီး ဟော်နန်းသူဟော်နန်းသားများ စိတ်ထဲတွင် မေ့ပျောက်မသွားကြသေးပါ။ သို့သော် မြွေနှင့်ပတ်သက်သည့် ပြဿနာတစ်ရပ်ပေါ်ပေါက်လာပြန်သည်။ ဤအခါမူ စပါးကြီးမြွေ မဟုတ်တော့ပါ။ မြွေတို့ဘုရင် မြွေဟောက်နှင့် ပတ်သက်နေပါသည်။ ထို့ကြောင့် သုစန္ဒီသည် အရှေ့ဟော်ပတ်ဝန်းကျင်နှင့် သူ၏သမီးတော်လေးနှစ်ယောက် လုံခြုံရေးအတွက် စိုးရိမ်ပူပန်နေပါသည်။


မန္တလေးမှ ပန်းရံဆရာနှစ်ယောက်က အရှေ့ဟော်တွင်ပြုပြင်မှုများလုပ်နေစဉ် ဟော်နန်းမှ 'ဗလ' ခေါ်သည့် ခွေးကြီးကို ကြောက်ရွံ့ရွံ့နှင့် သတိထားကြည့်နေရသည်။ ခွေးကြီးက တမာပင်အောက်တွင် ရှိသည်။ သူတို့နှင့် ပေ (၆၀) ခန့် ကွာပါသည်။ ခွေးကြီးသည် ရုတ်တရက် အရှိန်နှင့် ပန်းရံဆရာများအနီးသို့ ပြေးလာသဖြင့် ပန်းရံဆရာနှစ်ယောက်သည် နောက်သို့ခုန်လိုက်ရသည်။ ထိုအခါမှ ခွေးကြီးဗလ အဘယ်ကြောင့် သူတို့ထံပြေးလာသည်ကို သိလိုက်ရ၏။ စိတ်ဆိုးလွန်း၍ ပါးပြင်းထောင်နေသော (၆) ပေခန့်ရှည်သည့် မြွေဟောက်ကြီးသည် တမာပင်ခြေရင်းမှ ခွေးကြီးနောက်သို့ လိုက်လာသည်။ မောင်ဝင်းဆိုသည့် ပန်းရံဆရာသည် မြွေဟောက်ကြီးကို မကြောက်ရွံ့ပေ။ သူက မြွေဆေးထိုးထားသည်ဟု ဆိုသည်။ မြွေဟောက်ကြီးကို မြင်သည်နှင့် မကြောက်မရွံ့ ပြေးသွားပြီး အမြီးမှဆွဲကာ မြွေခေါင်းကို မြေပြင်တွင် အရှိန်ဖြင့် လွှဲဆောင့်လိုက်သည်။ မြွေဟောက်ကြီးသည် တစ်ချက်တည်းနှင့်ပင် သေသွားလေသည်။ ထိုအခါမှ မောင်ဝင်းသည် တမာပင်ခြေရင်းမှ တွင်းတစ်တွင်းကိုပြသည်။

"ဒီတွင်းထဲက ထွက်လာတာဖြစ်မယ်၊ အဖိုအမဆိုရင် တွင်းထဲမှာ တစ်ကောင်ကျန်နေအုံးမယ်။"

မောင်ဝင်းသည် တွင်းဝတွင် ထိုင်စောင့်နေသည်။ မိနစ် (၂၀) ခန့်ကြာသောအခါ ဒုတိယတစ်ကောင် ထွက်လာသည်။ မောင်ဝင်းသည် ယခင်အကြိမ်အတိုင်းပင် ထွက်လာသည့် မြွေဟောက်ကြီး၏အမြီးကို ဆွဲ၍ မြေပြင်တွင် ဖွတ်သတ်လိုက်သည်။ ထိုအချိန်ကျမှ ဟော်နန်းမှ သက်တော်စောင့်များသည် မောင်ဝင်းကို ကူညီရန် ပြေးလာကြသည်။ သူတို့က မြွေတွင်းကိုကြည့်ပြီး ယခုမှပင် မြွေကုန်သွားတော့သည်ဟု ဆိုကြသည်။ သူတို့စကား မမှန်ပါ။ နောက်နှစ်ရက်ခန့်အကြာတွင် မြွေဟောက်လေးကောင်သည် ထိုတမာပင်အောက်၊ တွင်းထဲမှပင် ထွက်လာကြပြန်သည်။ ဤမြွေတွင်းသည် မြွေသိုက်ဖြစ်ပေမည်။ မောင်ဝင်းကလည်း အားလုံးကို ယခင်အတိုင်းပင် သတ်ပစ်လိုက်သည်။ သို့သော် မြွေတစ်ကောင်ကိုမူ သက်တော်စောင့်တစ်ယောက်က ယူလိုက်ပြီး 'ရှမ်းနည်း' ဟုဆိုကာ ဓါးနှင့် နှစ်ပိုင်းဖြတ်၍ ခေါင်းပါသည့်ဘက်ကို လွှဲလိုက်စဉ် ခေါင်းပါသည့်တစ်ဝက်သည် တွင်းထဲသို့ ပြန်ဝင်ပြေးသွား

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းအိုးစည်ကြီးကို တီးနေသော ဘတုန်း



အရှေ့တော်သို့ လာ၍ ဖျော်ဖြေကြသည့် သီပေါမှ ရေသဘင်အဖွဲ့များ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မြန်မာပန်းရံများနှင့် ရှမ်းသက်တော်စောင့်တို့က မဟာဒေဝီသုစန္ဒီကို တွင်းထဲဝင်သွားသည့် တစ်ပိုင်းပြတ်မြွေကို မစိုးရိမ်ရန်နှင့် အလိုလိုသေသွားမည်ဖြစ်ကြောင်း လျှောက်ထားကြသည်။

× × ×

## သင်္ကြန်ကျပြီ

ဟော်နန်း၏ သင်္ကြန်ကျပွဲသည် ဧပြီလ (၁၃) ရက်နေ့တွင် စသည်။ မြန်မာသက္ကရာဇ်အရမူ (၁၃၂၂) ခုနှစ် အဆုံးပင်ဖြစ်၏။ သင်္ကြန် သုံးရက်ကျသည်။ တိုင်းခြားပြည်သူ သုစန္ဒီအနေဖြင့် ထိုဧပြီလ (၃) ရက်အတွင်း မည်သည့်နေ့သည် သင်္ကြန်ကျသည့်နေ့ဟု ရှင်းရှင်းလင်းလင်း မသိလိုက်ရပါ။ သုစန္ဒီကိုပို၍ ရှုပ်ထွေးစေသည်က မြန်မာပြက္ခဒိန်၊ သာသနာသက္ကရာဇ်အရ (၂၅၀၅) ခုနှစ်ဟု ဆိုထားပြန်ရာ မြန်မာသက္ကရာဇ် (၁၃၂၃) ခုနှစ်နှင့် ကွဲလွဲနေပြန်သည်။ မြန်မာဘုရင်များက သက္ကရာဇ်ဖြိုခဲ့၍ ဟုလည်း ပြောကြသည်။ နတ်တို့၏သနင်း သိကြားမင်းသည် လူ့ပြည်သို့ဆင်းလာသည်။ သုံးရက်လေးရက်ခန့်နေပြီးမှ တာဝတိံသာသို့ ပြန်သည်ဆိုသည်။ ထိုသိကြားမင်း လူ့ပြည်တွင်နေသည့်အချိန်ကို လူတို့က သင်္ကြန်ကျကြခြင်းဖြစ်သည်။

ဧပြီလ (၁၃) ရက်နေ့ညနေတွင် စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့သည် အများနှင့်အတူ ရေသဘင်ပွဲကို ဆင်နွှဲကြလေသည်။ ဟော်နန်းအပြင်ဘက်တွင် ဆိုင်းဝိုင်းကြီးသုံးဝိုင်းက မင်္ဂလာရှိသောသီချင်းများကို တီးမှုတ်ဖျော်ဖြေနေသည်။ (၉ နာရီ၊ မိနစ် ၄၀) ရောက်သည်နှင့် ဒုံးကျည်များကို လွှတ်တင်သည်။ သေနတ်သံ၊ ချိုများကို မှုတ်သံ၊ ခေါင်းလောင်းထိုးသံများ တစ်မြို့လုံးမှ ထွက်ပေါ်လာသည်။ ထိုသို့ပြုသည်က သင်္ကြန်ကျချိန်ကို မည်သူမျှ မသိလိုက်ရဘဲ မရှိလေအောင်ဟု ဆိုသည်။ မြန်မာသက္ကရာဇ် (၁၃၂၂) ခုနှစ် ကုန်ဆုံးသည်နှင့် အခမ်းအနားမှူးဝန်ကြီးသည် မြေပေါ်သို့ ရေစင်သွန်းလောင်း၍ ဆုတောင်းစာများ ရွတ်ဆိုသည်။ (၂) နာရီတိတိ အခြားကမ္ဘာတစ်ခြမ်းမှ ဧည့်သည်တော် မဟာဒေဝီကို မြန်မာနန်းတွင်းဂီတသံ၊ ရှမ်းဂီတနှင့်အကတို့ဖြင့် ကြိုဆိုကြသည်။ သီပေါပုလိပ် (ရဲ) အဖွဲ့မှ ပေါင်တွင် ဆေးမှင်ကြောင် ထိုးထားသူများက ကထောင်းကျိုက်၍ ဓားနှစ်လက်ဖြင့် ရှမ်းအိုးစည်သံ၊ မောင်းသံတို့ဖြင့် ကပြကြသည်။

နောက်သုံးရက်တွင်လည်း သင်္ကြန်ပွဲ ဆင်နွှဲကြသည်။ မဟာဒေဝီသုစန္ဒီသည် သည်နှစ်အဖို့ သင်္ကြန်ပွဲတွင် ရေပုံးဖြင့် မည်သည့်အချိန် မည်သည့်နေရာမှ မည်သူ့ကိုမဆို လွှဲပက်တော့သည်။ ဟော်နန်းရှေ့သို့ ဆွမ်းခံကြသည့် ဘုန်းတော်ကြီးများသာ လွတ်သည်။ ပထမနေ့နံနက်တွင် စပ်ကြာဆိုင်သည် ကားပေါ်သို့ သူ၏မဟာဒေဝီနှင့် သမီးတော်လေးများအပြင် မမိုးအေးကိုပါခေါ်၍ ကွန်တိန်နာတစ်လုံးအပြည့်ရေဖြည့်ကာ မြို့ထဲသို့ထွက်လာသည်။ ဆွေတော်မျိုးတော်များကို တအုံ့တသဲဖြစ်စေကာ ရေလိုက်ပက်သည်။ ဆွေတော်မျိုးတော်များကလည်း စော်ဘွားကြီးနှင့် မဟာဒေဝီတို့မိသားစုကို ရွှဲနစ်နေအောင် ရေပြန်ပက်ကြသည်။ သီပေါမြို့၏လမ်းပေါ်တွင် ကလေးလူငယ်များက တန်းစီ၍ ဝါးနှင့်လုပ်ထားသော ရေပြွတ်များဖြင့် ရေပက်နေကြသည်။ အများစုက ရေပက်မဏ္ဍပ်များမှနေပြီး ရေပက်ခံအဖွဲ့များ၏အကကိုကြည့်ကာ ကားထွက်သည်နှင့် ရေဝိုင်းလောင်းကြသည်။

စော်ဘွားကြီးနှင့် မဟာဒေဝီတို့သည် ဟော်နန်းသို့ပြန်ရောက်သည်နှင့် ခြောက်သွေ့သောအဝတ်များနှင့် အမြန်လဲကြရ၏။ အဘယ်ကြောင့်ဆိုသော် ဟော်နန်းသို့ ဧည့်သည်တော်များ လာကြမည်ဖြစ်သောကြောင့်တည်း။ ပထမဆုံးရောက်လာသူများမှာ ကားသုံးစီးဖြင့် ဆင်တူဝတ်စုံများ ဝတ်ဆင်ထားသော တက္ကသိုလ်ကျောင်းသူကျောင်းသားများဖြစ်သည်။ သူတို့က ကျောင်းပိတ်ရက်တွင် အိမ်သို့ပြန်လာကြသူများဖြစ်၏။ သူတို့သည် အရှင်နှစ်ပါးထံ ခွင့်တောင်း၍ သူတို့ဘာသာသူတို့ ဇာတ်တိုက်ထားသည့်အကများဖြင့် ဟော်နန်းအရှေ့မြက်ခင်းပြင်တွင် ကပြကြသည်။ သူတို့၏သီချင်းများမှာ နှစ်သစ်ကိုကြို၍ သူတို့အရှင်မိသားစု ကျန်းမာရေးအတွက် ဆုတောင်းပတ္ထနာပြုကြသည့်သီချင်းများ ဖြစ်သည်။ ထို့နောက် ရေများဖြင့် ပက်သည်။ စော်ဘွားကြီး၏ တူမတော်များကမူ ယော်တွင်းသို့

www.burmeseclassic.com



ဝင်ပြေးသော သုစန္ဒီနောက်သို့လိုက်၍ပင် ရေပက်ကြသည်။ စင်ကြာဆိုင်က လသာဆောင်တွင် ရေပက်ခံရန် စောင့်နေသည်။ လသာဆောင်ပေါ်မှ ဝင်လာသူတို့ကို ရေလောင်းချရာ ရေတံခွန်ကဲ့သို့ ဖြစ်နေသည်။ ဟော်နန်းမှ ဝန်ထမ်းများအပေါင်းကိုလည်း ရေသွန်းလောင်းသည်။ ပြန်မည့် ဧည့်သည်တော်များကိုလည်း မုန့်ကျွေးမွေးသည်။

စွတ်စွတ်စိုစိုနှင့်ပင် နှစ်သစ်သကြံန်သုံးရက် ပြီးသွားသည်။ ဟော်နန်းအတွင်းမှလည်းကောင်း၊ အပြင်ပတ်ဝန်းကျင်နီးပါးမှလည်းကောင်း၊ ရွာများမှလည်းကောင်း၊ မြို့များမှလည်းကောင်း လာရောက်ရေကစားကြခြင်းဖြင့် တစ်ဦးကိုတစ်ဦး ရင်းနှီးခင်မင်မှု ရသွားကြသည်။

သုစန္ဒီက ဤကဲ့သို့ ရေသဘင်ပွဲဆင်နွှဲကြသည်နှင့်ပတ်သက်သော အဓိပ္ပာယ်ကို ကျေနပ်လောက်အောင် မရရှိခဲ့ပါ။ အချို့ကလည်း-

“ကျုပ်တို့ မုတ်သုံရာသီကို ကြီးကြီးကျယ်ကျယ်နှင့် စောစောစီးစီး ကြိုဆိုလိုက်ကြခြင်းဖြစ်တယ်”

ဟု ဆိုကြသည်။ အချို့ကမူ-

“ကျုပ်တို့က နှစ်ဟောင်းမှ အညစ်အကြေးတို့ကို သကြံန်ရေဖြင့်ဆေးပြီး နှစ်သစ်မှာ သန့်သန့်ရှင်းရှင်း လန်းလန်းဆန်းဆန်းဖြစ်နေအောင် ပြုကြတာပါ”

ဟူ၍လည်း ပြောကြသည်။ သို့သော် သုစန္ဒီအနေဖြင့်-

“သိပ်ပူတယ် မဟုတ်လား၊ ဒါကြောင့် အေးသွားအောင်ပြုကြတာပါ။”

ဆိုသည့်စကားကို နားမလည်နိုင်ပေ။

ဟော်နန်းတစ်ခုလုံး ဟုပင် ဆိုရမည်။ ကား၊ အိမ်ထောင်ပရိဘောဂများ၊ ကြမ်းပြင်နှင့် အဝတ်တို့ကို သကြံန်အပြီးတွင် ခြောက်သွေ့အောင်လုပ်ကြရသည်။ သုစန္ဒီကမူ ဩစတေးလျတွင် ကျန်ခဲ့သည့် သူ့မိသားစုထံ သကြံန်အကြောင်းနှင့် ပတ်သက်၍ စာရေးနေသည်။ သို့သော် မည်သို့ပင် ရှင်းပြစေကာမူ အချို့နေရာများ၌ သူ့မိသားစုက သဘောပေါက်မည် မဟုတ်ချေ။ သူတို့ကိုခေါ်ပြီး ရေပုံးနှင့် ကိုယ်တိုင်ရေပက်ခိုင်းမှ နားလည်မည်ဟု တွေးမိပြီး ပြုံးရပါသေးသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၁)

အိပ်ခန်းဆောင်၏ဝရံတာမှ သုစန္ဒီကြည့်လိုက်လျှင် အရှေ့ဟော်နန်းသို့ ဝင်လာသည့်လမ်းမကြီးကို မြင်နေရသည်။ သုစန္ဒီက ထိုလမ်းမကြီးမှ ကားတစ်စီးစီးများ ဝင်လာလေမည်လားဟု အထင်ဖြင့် မျှော်နေသည်။ မောင်တော်စဝ်ကြာဆိုင် ကားနှင့် ပြန်လာမည်ဟုလည်းကောင်း၊ မောင်တော့်သတင်းများ ကြားရလေမည်လားဟူ၍ လည်းကောင်း၊ မျှော်ကိုးမိရှာသည်။ သို့သော် သူမြင်လိုက်ရသည်က ဝင်လာနေကျဘိုင်စကယ်တစ်စင်း၊ ခွေးတစ်ကောင်နှင့် ဟော်နန်းဟောင်းကြီး၏ ကျောက်တိုင်အချို့သာဖြစ်သည်။ သုစန္ဒီသည် အခြားစော်ဘွားများထံ အကြောင်းကိစ္စအမျိုးမျိုးဖြင့် သူ့မောင်တော်နှင့်အတူ လိုက်ပါလည်ပတ်ရင်း၊ ထိုစော်ဘွားတို့ ဟော်နန်းအသစ်အဟောင်း ကြီးကြီးငယ်ငယ် အသွယ်သွယ်ကို ရောက်ဖူးတွေ့ဖူးပေါင်းများလှပြီ။ ဟော်နန်းအသစ်များထဲတွင် ယီပေါအရှေ့ဟော်နန်း၏ ခန့်ညားလှပမှုမျိုးကိုမူ မည်သည့်ဟော်နန်းမျှ မမှီပေ။ တစ်ခုပြောစရာရှိသည်က တောင်ကြီးမြို့တွင် ဆောက်ထားသော ဖယ်ဒရယ်ရှမ်းပြည်နယ်များဆိုင်ရာ ဗြိတိသျှကော်မရှင်နာမင်းကြီးရုံးစိုက်ခဲ့သည့် အဆောက်အဦးမှာ ဝိတိုရိယခေတ်၏ ဗိသုကာလက်ရာနှင့်အညီ ခန့်ညားမှု ရှိပါသည်။ ထိုအဆောက်အဦးကြီး၏ လေသာဆောင်မှ ကြည့်လိုက်လျှင် စိမ်းစိမ်းညို့ညို့ စိမ့်ကြီးမြိုင်ကြီးနှင့် လှိုင်းထနေသော တောင်တန်းများဝန်းရံလျက် လှပသော တောင်ကြီးမြို့ရှုခင်းကို တွေ့ရပေလိမ့်မည်။ စခန်းသာဟော်တွင် တွေ့ခဲ့ရသောသစ်ပင်ပန်းပင်တို့ကိုလည်း ဤနေရာတွင်တွေ့မြင်ရသည်။ အပြာရောင် ဂျက်ကာရန်တာ၊ ပန်းနုရောင် ကက်ဆီရာ၊ အဖြူရောင် အကာဆီးယားနှင့် ဘော်ငွေရောင် ထင်းရှူးပင်တို့ကို ဤနေရာ ဤဒေသတွင် နေရာတိုင်း မြင်တွေ့နေရသလို ချယ်ရီ၊ မက်မန်းနှင့် ပန်းသီးခြံကြီးများမှာလည်း အုံ့ဆိုင်း၍ ပြွတ်ခဲစွာ သီးနေလေသည်။ ပင်လယ်ရေ မျက်နှာပြင်အထက် (ပေ ၅၀၀၀) ရှိသည်ဖြစ်၍လည်း ချမ်းအေးလှသော ရှမ်းပြည်နယ်၏မြူနှင်းဆိုင်းနေသော ရာသီဥတုတွင် သုစန္ဒီ၏ ပါးမို့မို့လေးများမှာ အမြဲလိုလို နီမြန်းနေတတ်သည်။ ဥရောပအငွေ့အသက်တို့ရှိနေသော တောင်ကြီးမြို့ကို သုစန္ဒီနှစ်သက်မိသည်။

တောင်ကြီးသို့ရောက်လျှင် သုစန္ဒီအတွက် နောက်ထပ် မလွှဲမသွေ သွားရောက်လည်ပတ်ခဲ့သည့်နေရာမှာ အင်းလေးကန်သာ ဖြစ်သည်။ အင်းလေးသည် တောင်ကြီးမှ မိုင် (၃၀) အကွာ ညောင်ရွှေနယ်၏ မြေပြန့်ချိုင့်ဝှမ်းအတွင်း တည်နေရာ သူ့အတွက် အထူးအဆန်း ဆွဲဆောင်မှုတစ်ရပ် ဖြစ်နေလေသည်။

ညောင်ရွှေစော်ဘွားမှာ လူမျိုးစုလွှတ်တော်၏သဘာပတိအဖြစ် ဆောင်ရွက်နေရသူဖြစ်၍ ရန်ကုန်၌သာ အမြဲတမ်းရှိနေတတ်ရာ ညောင်ရွှေဟော်နန်းကို ဆွေမျိုးသားချင်းများကပင် စောင့်ရှောက်၍ထားရသည်။ အင်းလေးသို့လာလည်သော ညောင်ရွှေစော်ဘွားကြီး၏ မိတ်ဆွေသင်္ဂဟတို့ကိုလည်း ဆွေတော်မျိုးတော်များကပင် ဧည့်ခံလိုက်ရသည်။

တစ်ခါတွင် သုစန္ဒီတို့ တောင်ကြီးသို့လိုက်လာကြပြီး၊ စဝ်ကြာဆိုင်က အစည်းအဝေးကိစ္စဖြင့် တောင်ကြီးတွင်

www.burmeseclassic.com



နေခဲ့ရသည်။ သုစန္ဒီကမူ ဆွေမျိုးတစ်သိုက်နှင့် အင်းလေးကန်သာသို့ အလည်ရောက်ခဲ့ကြသည်။ အစိုးရဌာန အကြီးအကဲများ၊ နိုင်ငံတော်ဧည့်သည်များ ရောက်လာသည့်အခါ အင်းလေးကန်၏အလယ်ဗဟိုတွင် ဆောက်လုပ်ထားသော ဧည့်ရိပ်သာ၌ ဧည့်ခံတတ်ကြရာ မကြာသေးမီရက်များကပင် ယူကိုဆလားဗီယားနိုင်ငံမှ သမ္မတ မာရှယ်တီးတိုးနှင့်အဖွဲ့ လာရောက်ခဲ့သည်ဖြစ်၍ သုစန္ဒီတို့ရောက်သွားချိန်တွင် မယ်ရှယ်တီးတိုးကို ကြိုဆိုခဲ့ကြသော ပန်းစည်း၊ ပန်းဆိုင်း အပြင်အဆင်များပင် ရှိနေဆဲဖြစ်သည်။ ပန်းများက မညှိုးကြသေးချေ။

ဤပတ်ဝန်းကျင်၊ ဤဒေသတွင် သုစန္ဒီ အံ့သြရဆုံးမှာ လှော်တက်ကို ခြေတစ်ဖက်နှင့်ညှပ်လျက် မတ်တတ်ရပ်၍လှော်နေသော အင်းသူအင်းသားတို့ပင် ဖြစ်သည်။ ကျွန်းမျောကြီးများပေါ်တွင် ခြေတံရှည်အိမ်ကလေးများ ဆောက်၍နေကြသလို သစ်သီးဝလံ ပန်းမာလာအမျိုးမျိုးကိုလည်း စိုက်ပျိုးထားကြသည်။ အင်းလေးကန်တပိုက် တည်ထားသော ရွာအတော်များများသို့ သုစန္ဒီတို့ ရောက်ခဲ့ကြသည်။ အဆိုပါရွာများဆီသို့ မော်တော်နှင့်သာ သွားနိုင်သည်။ ပိုးထည်၊ ယက်ကန်းစင်များကို တွေ့တိုင်း ဝင်ကြည့်ကြသည်။ အင်းလေးပိုးထည်နှင့် လုံချည်အဆင်များမှာ မြန်မာနှင့်မတူ တစ်မျိုးဆန်းသည်။ အကွက်အပြောက် ဒီဇိုင်းများမှာ အနုစိပ်၍၊ မတ်တတ်စင်း၊ အလျားလိုက် အစင်းတို့နှင့်ဖြစ်ခါ အရောင်လွင်လွင် ရှိကြလေသည်။ သုစန္ဒီတို့သည် အင်းသားတို့လက်ရာ ပိုးထည်၊ ချည်ထည်တို့ကို တစ်လှေလုံးပြည့်မတတ် ဝယ်ခြမ်းလာခဲ့ကြသည်။ အင်းလေးအဝတ်အထည်တို့ကို မြေပြန့်သားတို့ကလည်း တန်ဖိုးထား၍ ဝယ်ယူဝတ်ဆင်ကြပါသည်။ တစ်ရွာဝင်တစ်ရွာထွက် မော်တော်နှင့်လည်ပတ်ခဲ့ကြရာ ကိုယ်တိုင် ခြေနှင့်လှော်၍ ကျောင်းသွားနေကြသော ကျောင်းသူကျောင်းသားများ၊ ရေပေါ်ဈေးတွင် ရောင်းဝယ်ဖောက်ကားနေသူများ၊ မြှုံးများ၊ ယင်းများ၊ ပိုက်များဖြင့် ငါးရှာနေသော တံငါသည်များ စသည်ဖြင့် အင်းလေးရေပြင်ကျယ်ကြီးပေါ်မှာပင် နေ့စဉ်ဘဝကိစ္စတို့ကို လုပ်ကိုင်နေကြသော အင်းသူအင်းသားတို့ကိုလည်း တွေ့ခဲ့ရသည်။ အင်းလေးကန်ကြီး၏ ပတ်ဝန်းကျင်တွင် မြေကြီးကိုထွန်ယက်စိုက်ပျိုး၍ နေထိုင်ကြလျက်ရှိကြသော တောင်ပေါ်တိုင်းရင်းသားတို့ ရှိပါသော်လည်း အင်းသားတို့၏ ကံကြမ္မာသည်ကား အင်းလေးရေပြင်ပေါ်၌သာ တည်ရှိလျက်ရှိပါသည်။

ထိုအင်းလေးခရီးစဉ်နှင့်ပတ်သက်၍ နောက်နှောင် မောင်တော်စဝ်ကြာဆိုင်နှင့်အတူ ယခုလို ခရီးသွားမှ သွားရပါတော့မည်လားဟု တွေးမိသည်နှင့် သုစန္ဒီအဖို့ တုန်လှုပ်ခြောက်ခြားသွားရပြန်သည်။ ယခုနှစ် မကုန်မီမှာပင် ဂျပန်နှင့် အမေရိကားသို့ သူတို့နှစ်ဦးခရီးထွက်ရန်စီစဉ်ထားရာ သင်္ဘောလိုင်းများကိုပင် စုံစမ်းရွေးချယ်ထားပြီး ဖြစ်သည်။ အမှန်မှာ မြန်မာနိုင်ငံကို ဂျပန်က စစ်လျော်ကြေးပေးရမည့်ကိစ္စအတွက် စဝ်ကြာဆိုင်မှာ ဂျပန်နိုင်ငံသို့ သွားရောက်ဆွေးနွေးမှုများပြုမည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးဖြစ်သည့်အလျောက် ဂျပန်သို့ အကြိမ်ကြိမ် သွားရောက်ခဲ့ဖူးသော်လည်း၊ သုစန္ဒီက သမီးနှစ်ယောက်ကို ထိန်းကျောင်းရင်းနှင့်သာ ယော်နန်းတွင် ကျန်ရစ်ခဲ့ရသည်။ စဝ်ကြာဆိုင်နှင့်အတူ သွားခဲ့သောခရီးများအနက် သူ့အဖို့မှတ်မှတ်ထင်ထင်ရှိခဲ့ပါသော ခရီးစဉ်တစ်ရပ်မှာ တရုတ်ပြည်သို့ သွားစဉ်ကဖြစ်သည်။ ထိုအခါက တရုတ်နှင့်မြန်မာ နယ်ခြားမျဉ်းပြဿနာတစ်ရပ်ဖြစ်နေပြီး နှစ်ဦးနှစ်ဖက် ညှိနှိုင်းဖြေရှင်းလျက်ရှိရာ နယ်ခြားကော်မရှင်တွင် စဝ်ကြာဆိုင်လည်း တာဝန်ယူနေရသည်ဖြစ်၍၊ တရုတ်မြန်မာနယ်စပ်တစ်လျှောက် ထိစပ်နေသော ရှမ်းပြည်နယ်ခြားဒေသဆီသို့ မကြာခဏ သွားရောက်စစ်ဆေးနေ ချိန်လည်းဖြစ်သည်။

"မောင်တော် ကျွန်မကို တရုတ်ပြည်ခေါ်သွားပါလား၊ တရုတ်ပြည်မြေပေါ်ကို ခြေချဖူးချင်လို့ပါ။"

"နယ်ခြားအဝင်အထွက်ကို ပိတ်ထားတယ်၊ ကော်မရှင်အဖွဲ့ဝင်မဟုတ်ရင်၊ တရုတ်တွေက ဝင်ခွင့်ပေးမှာ မဟုတ်ဘူး"

"ကြိုးစားကြည့်ပါအုံးမေ မောင်တော်ရယ်"

သုစန္ဒီက တဂျီဂျီ ပူဆာနေသည်။ ကော်မရှင်၏ အကူအဖော်တစ်ယောက်အနေနှင့် လိုက်ပါမည်ဆိုလျှင် တရုတ်များက သူ့ကို ခွင့်ပြုဖွယ်ရာရှိကြောင်းပင် အကြံပေးနေသေးတော့သည်။ သူ့အနေနှင့် အနောက်တိုင်းသူ

www.burmeseclassic.com

www.burmeseclassic.com





တစ်ယောက်ဖြစ်နေခြင်းကြောင့် ပြဿနာဖြစ်နေကြောင်း စဝ်ကြာဆိုင်ကထောက်ပြသည်။ သူက အမျှင်မပြတ်လောက်အောင် နားပူနားစာလုပ်နေသဖြင့် နောက်ဆုံးစဝ်ကြာဆိုင်က အလျှော့ပေးလိုက်ရသည်။

သို့ဖြင့် ဒီဇင်ဘာဆောင်းတွင်းတစ်နံနက်တွင်၊ ဒုတိယကမ္ဘာစစ်အတွင်းက တရုတ်ဖြူတပ်တို့အတွက် မဟာမိတ်ဗြိတိသျှများက ထောက်ပံ့ရေးလမ်းကြောင်းအဖြစ် အသုံးပြုခဲ့သော မြန်မာလမ်းအတိုင်း မြောက်ဘက်စူးစူးသို့ စဝ်ကြာဆိုင်နှင့် အဖွဲ့သားများ ခရီးစတင်ခဲ့ရာ ဆောင်း၏နှင်းမှုံတို့အကြားတွင် အိပ်ပျော်နေသော သိန္နီမြို့ငယ်လေးကို ကျော်ဖြတ်လာခဲ့သည်။ တောင်ပေါ်ရှိ ကွတ်ခိုင်မြို့လေးသို့လည်း ကျော်လာရ၏။ ထိုမှ တာဝမ်းမြို့သို့ရောက်သည်။ တာဝမ်းမြို့နှင့် ကွတ်ခိုင်မြို့များက လုံးဝလွတ်လပ်သော ကချင်တိုင်းရင်းသားတို့၏ ဇာတိဖြစ်လေရာ အနီရဲရဲနှင့် အနက်ရောင်တို့ တွဲဖက်ထားသောအင်္ကျီနှင့် စကတ်အရှည်ကြီးများပေါ်တွင် ငွေထည်လက်ရာများနှင့် အလှဆင်ထားသော ကချင်ပျိုမေတို့မှာ ဈေးရောင်းဈေးဝယ် အိမ်မှုကိစ္စများမှအစ တောင်ယာခုတ်သည်အထိ အလုပ်လုပ်နေကြရသည်ကို တွေ့မြင်နေရသည်ဖြစ်ရာ သူတို့၏ယောကျ်ားများမှာ အိမ်တွင် အိပ်နေကြရော့သလားဟုပင် သုစန္ဒီ တွေးခဲ့မိသေးသည်။

ကွတ်ခိုင်မှ ကျော်လာသောအခါ ရှုမျှော်ခင်းများ လုံးဝပြောင်းလဲသွားတော့သည်။ ဖြတ်သန်းလာခဲ့သော စိမ်းညို့ညို့တောအုပ်ကြီးများလွန်သည်နှင့် မက်မုံ၊ ချယ်ရီနှင့် ဆီးပင်တို့ ဟိုတစ်ကွက် ဒီတစ်ကွက်ပေါက်နေသည်။ ရှမ်းကုန်းမြေမြင့်လွင်ပြင်တွင် ကျောက်တုံးကျောက်စိုင်တစ်ချို့ကလည်း ထိုးထိုးထောင်ထောင် ရှိနေကြသည်။ စဝ်ကြာဆိုင်က သုစန္ဒီကို လက်ညှိုးထိုး၍ မြင်ကွင်းကို ပြသည်။ သုစန္ဒီအနေဖြင့်လည်း လမ်းဘေးဝဲယာတွင်

www.burmeseclassic.com

www.burmeseclassic.com



ဒေသခံတို့က နွားချေးနှင့် ကောက်ရိုးကိုရောနယ်ပြီး ကိတ်မုန့်သဏ္ဌာန်လုပ်၍ နေလှမ်းနေကြသည်ကို တွေ့ရသည်။ အိန္ဒိယနှင့် တရုတ်ပြည်တွင် မီးဆိုက်ရန်အတွက် ဤသို့လုပ်ကြသည်ကို သူစာထဲ၌သာ ဖတ်ဖူးခဲ့သည်။ ယခုမှပင် မျက်မြင်တွေ့ရတော့၏။

(၈) နာရီမျှ ခရီးဆက်လာပြီးနောက်တွင်မှ ရွှေလီမြစ်နှုတ်ခမ်းပေါ်မှ မူဆယ်မြို့လေးသို့ ဆိုက်ရောက်လာကြသည်။ သုစန္ဒီဘဝတစ်သက်တာလုံး မေ့၍ရတော့မည်မဟုတ်သည့် နေဝင်ချိန်ဆည်းဆာကို ကြည့်ရှုရန် မူဆယ်မြို့တွင် အခါအခွင့်ရခဲ့သည်။ အနောက်ဘက်ယဉ်စွန်းတန်းသို့ ငှတ်လျှိုးပျောက်ကွယ်လုဆဲဆဲ၊ လိမ္မော်ရောင် ဆည်းဆာရောင်နီတို့ဖြင့် ရွှေလီမြစ်ကြီးမှာ ရွှေရေတွေ တသွင်သွင်စီးလျှက်ရှိသည်။ မြစ်ရေပေါ်တွင်မူ တစ်ရာမကသော ငန်းရှိုင်းအုပ်ကြီးများက ဆော့ကစားနေလေရာ အိမ်ပြန်ဖို့ပင် မေ့လျော့နေကြဟန်တူသည်။ ထိုငန်းရိုင်းများသည် မြန်မာပြည်သို့လည်းကောင်း၊ တရုတ်ပြည်သို့လည်းကောင်း ကူးသန်းနေကြသူများ ဖြစ်သည်။

စဝ်ကြာဆိုင်သည် တရုတ်ပြည်ထဲသို့မကူးမီ ရှမ်းပြည်၏ မြောက်ဘက်အစွန်အဖျားဒေသသို့ သုစန္ဒီကို မြင်စေချင်သဖြင့် နောက်တစ်ရက်တွင် ရွှေလီချိုင့်ဝှမ်းကိုဖြတ်လျှက် မြောက်ဘက်သို့ (၂၅) မိုင်မျှ ခရီးဆက်လာကာ နမ့်ခမ်းမြို့ကလေးဆီ ရောက်ခဲ့ကြလေသည်။ မြေဆီသြဇာကြွယ်ဝသောချိုင့်ဝှမ်းအတွင်း တည်ထားသော နမ့်ခမ်းမြို့ကလေးသည်ကား စိုက်ပျိုးလုပ်ကိုင်စားသောက်၍ ကောင်းကြဟန်တူသည်။ ထို့ကြောင့် လူဦးရေစိပ်သော်လည်း အိမ်ကြီးအိမ်ကောင်းများနှင့် နေထိုင်ကြသည်ကို တွေ့ရသည်။ ထိုနေ့က သုစန္ဒီတို့အဖွဲ့အတွက် လက်မလွှတ်နိုင်သော အခွင့်အရေးတစ်ခုနှင့် ကြုံရသည်။ နမ့်ခမ်းမြို့ကလေးနှင့်အနီး ဆယ်လန်ရွာကလေးမှ ငါးရက်တစ်ဈေးဖြစ်သည်။ ငါးရက်ကြာမှ တစ်ကြိမ်ရောင်းချရသည့် ဈေးဖြစ်လေရာ ရွာနီးချုပ်စပ်မှ ဈေးဝယ်သူ ဈေးရောင်းသူများက နွားလှည်းများ၊ စက်ဘီးများနှင့်လည်းကောင်း အချို့က ခြေလျှင်ဖြင့်ဝလည်းကောင်း လာကြသည်။ ဆယ်လန်ဈေး၏ အခင်းအကျင်းများက သုစန္ဒီအဖို့ ဘော်ကြိုဘုရားဈေးပွဲတော်ကို ပြန်လည်သတိတရ ဖြစ်စေသည်။ သုစန္ဒီသည် ဈေးခင်းထဲ လျှောက်ချင်စိတ်ပေါက်လာ၍ မော်တော်ကားကို ရပ်ခိုင်းလိုက်သည်။ အစီအစဉ်ထဲတွင် ထိုသို့ရပ်ရန်မပါသဖြင့် စဝ်ကြာဆိုင်က သဘောမကျပေ။ သို့သော် နောက်ဆုံးတွင်မူ သုစန္ဒီ၏ဆန္ဒကိုသာ လိုက်လျှောခဲ့ရပါသည်။

ဘော်ကြိုပွဲမှာကဲ့သို့ ဆယ်လန်ဈေးတွင်လည်း အသွေးရောင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုး ဝတ်ဆင်ထားသော တောင်ပေါ်တိုင်းရင်းသားများက သူတို့၏ဒေသထွက်ကုန်များကို ခင်းကျင်းပြသရောင်းချပေရာ အစားအသောက်ဆိုင်များကလည်း သွားရည်ယိုစရာပင် ကောင်းတော့သည်။ အစားအစာများတွင် နမ့်ခမ်းဒေသတစ်ဝိုက်၌သာ ရတတ်သော စားစရာတစ်ခုမှာ နွားနို့ခဲဖြစ်သည်။ ပြင်ပအစားအစာတို့ကို ဝယ်စားရန် စဝ်ကြာဆိုင်က တားမြစ်ထားသော်လည်း နို့ခဲကြော်မှ မွှေးပျံ့လာသောရနံ့ကို တင်းမခံနိုင်တော့ပြီဖြစ်၍ သူ့မောင်တော်အလိုနှင့် ဆန့်ကျင်ပြီး နို့ခဲကြော်တို့ကို သုစန္ဒီ ဖွတ်ဝယ်လာခဲ့သည်။

စဝ်ကြာဆိုင်က–

"ဆယ်လန်ကိုရောက်မှတော့ မထူးပါဘူး။ (၁၃) ရာစုက ရှမ်းအင်ပါယာကြီးရဲ့မြို့တော် ဝမ်နန်းမွန် တည်ခဲ့တဲ့နေရာကို ကိုယ်တို့ သွားကြည့်ကြတာပေါ့။"

ဟု ပြောလိုက်ပြီး၊ မြို့တော်ဟောင်းနေရာဆီသို့ လာခဲ့ကြရာ မြို့ဟောင်းနေရာတစ်ခုလုံး ချုံနွယ်သစ်ပင်များ၊ ဝါးပင်ပေါင်းပင်များ ထူထပ်စွာဖုံးအုပ်နေသည့်တိုင် မြို့ဟောင်း၏အုတ်မြစ်၊ လှေကားထစ်အလွှာများကို ထင်ထင်ရှားရှား မြင်ရပါသေးသည်။ သို့သော် ရှေးဟောင်းသုတေသနဆိုင်ရာ လေ့လာတူးဖော်မှုများ မရှိသေးသည့်အတွက် နှမြောစရာကောင်းလှသည်။ ရှေးဟောင်းအမွေအနှစ်ကို တန်ဖိုးထားကြသော ဒေသခံများက မြို့တော်ဟောင်းနေရာ၏ သန့်ရှင်းရေးကို တာဝန်ယူထားကြသည်။ သုစန္ဒီတို့အဖွဲ့ ရောက်သွားချိန်တွင် ရှမ်းအမျိုးသားကြီးတစ်ယောက်က မြို့ရိုးဟောင်းနေရာ၌ တောခုတ်၍ ရေချိုးဆိပ်နေရာကို ရှင်းလင်းနေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၂)

ထိုရှမ်းအမျိုးသားကြီးသည် ဂုဏ်ယူစွာဖြင့် နှစ်ပေါင်းတစ်ထောင်သက်တမ်းရှိ အုတ်မြို့ရိုးကို သုစန္ဒီတို့အား ပြသည်။ ဤနေရာတွင် မြို့တော်ကြီး ရှိခဲ့ဘူးသည်။

သုစန္ဒီတို့သည် ကချင်နှင့် ရှမ်းပြည်နယ်နိမိတ်နှစ်ခုကြားတွင် တည်ရှိသော နမ့်ခမ်းမြို့သို့ ရောက်သည်။ သူတို့သည် ဒေါက်တာဆီးဂရေ့ဆောက်ခဲ့သော ကုတင် (၂၀၀) ဆန့်ဆေးရုံသို့ သွားကြည့်ကြသည်။ သုစန္ဒီ အမေရိကားတွင်ရှိစဉ်က ဒေါက်တာဆီးဂရေ့၏စာအုပ် "ဘားမားဆာဂျင်" ကို ဖတ်ခဲ့ဖူးသည်။ သူ့မောင်တော်က ဒေါက်တာဆီးဂရေ့လိုလူမျိုးကို သိသည့်အတွက် သူက သူ့မောင်တော်ကို မနာလို ဖြစ်မိလေသည်။ ဒေါက်တာဆီးဂရေ့ကို မြန်မာနိုင်ငံ၏ "အဲလ်ဘတ်ဇစ်ဇာ" ဟု ထင်မိသည်။

သုစန္ဒီသည် ဒေါက်တာဆီးဂရေ့နှင့် သိကျွမ်းရန် အချိန်အတော်ကြာကပင် စောင့်မျှော်နေခဲ့သည်။ ဒေါက်တာဆီးဂရေ့ ကောင်းစွာသင်ကြားပေးထားသော သားဖွားဆရာမများကို သီပေါက မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတွင် ခေါ်ယူအလုပ်ပေးခဲ့သည့်အကြောင်းကို ဒေါက်တာအား ပြောပြချင်ခဲ့လေသည်။

နှစ်ထပ်ဆေးရုံအဆောက်အဦးတစ်ခု တည်ဆောက်ထားပုံမှာ ပတ်ဝန်းကျင်မှ အဆောက်အဦးများနှင့် မတူညီပေ။ မြစ်ထဲမှ မရေတွက်နိုင်သောကျောက်တုံးများဖြင့် တစ်တုံးပေါ်တစ်တုံးဆင့်၍ ဆောက်လုပ်ထားသည်။ အမိုး၊ ပြတင်းပေါက်များနှင့် တံခါးပုံစံများကို အင်္ဂလန်မှ အတုခိုးထားဟန်ရှိသည်။ ထိုပုံစံမျိုးက တစ်ကမ္ဘာလုံးတွင် မည်သည့်နေရာမှ မရှိချေ။ ဒေါက်တာဆီးဂရေ့က ဂုဏ်ယူစွာဖြင့် သူ့ဆေးရုံထဲကို လိုက်လံပြသသည်။

ဒေါက်တာက သူ့အထူးကျွမ်းကျင်သော ခွဲစိတ်ပညာဖြင့် လည်ပင်းကြီးရောဂါ၊ အစာအိမ်ရောဂါတို့ကို ခွဲစိတ်ခဲ့သည်။ သူ၏ခွဲစိတ်ခန်းကိုလည်း ပြသသည်။ သူ့ဆေးရုံတွင် လူနာများ ပြည့်နှက်နေသည်။ လူတို့သည် အနီးနှင့် အဝေး အရပ်များမှ ဒေါက်တာဆီးဂရေ့၏ နာမည်ကျော်ကြားမှုအတွက် လာရောက်ဆေးကုသခံနေကြခြင်း ဖြစ်သည်။ ထို့အပြင် ဒေါက်တာဖွင့်လှစ်ထားသော ဤတိုင်းပြည်၌ အကောင်းဆုံး သူနာပြုသင်တန်းသို့လည်း အနယ်နယ်မှ အမျိုးသမီးများ လာရောက်သင်ကြားကြလေသည်။ ဆံစဖွေးဖွေးနှင့် ခွဲစိတ်ဆရာဝန် ဒေါက်တာဆီးဂရေ့သည် သူလွန်ခဲ့သော နှစ်ပေါင်း (၄၀) က ဤဆေးရုံကို မည်သို့ ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရကြောင်း ပြန်ပြောပြသည်။ ဒေါက်တာက သူ့တောင်တွေကြားမှ ဆေးရုံ (သူ့စာအုပ်အမည်) ကို မည်သောအခါမှ မခွဲခွာချင်ပါ ဟုလည်း ပြောသည်။ ဒေါက်တာက နောက်ထပ်အဆောက်အဦးတိုးချဲ့ဘို့အတွက် ရန်ပုံငွေ အလှူခံနေလေသည်။ သို့မှသာ ဆေးရုံတက်ရန်လာသောသူများကို နေရာမရှိ၍ ပြန်ခိုင်းရသည်မျိုးက ဝေးရမည်ဖြစ်သည်။ စဝ်ကြာဆိုင် နှင့် သုစန္ဒီတို့သည် ဒေါက်တာဆီးဂရေ့ဆေးရုံမှ ကားမောင်းထွက်လာသောအခါ ဤခွဲစိတ်ဆရာဝန်ကြီး၏ လုပ်ငန်းများကို သူ့ကိုယ်စား မည်သူက ဆက်ခံနိုင်လိမ့်မည်နည်းဟု စိတ်ပူမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေဘက်တွင် သူစန္ဒီတို့သည် မူဆယ်မှ 'ဝိဒဗလျူဒီ' (ယခုခေတ် ဆောက်လုပ်ရေးဌာန တည်းခိုရိပ်သာ) ဘန်ဂလိုတွင် ညအိပ်ကြရသည်။ မူဆယ်တွင် တည်းခိုခန်း၊ ဟိုတယ် ဟူ၍ မရှိချေ။ ကားဒရိုင်ဘာလေးယောက်သည် ကားထဲတွင် ဓာတ်ဆီနည်းနေကြောင်းနှင့် မူဆယ်၊ နမ့်ခမ်းဒေသတွင် ဓာတ်ဆီဆိုင်မရှိကြောင်း စဝ်ကြာဆိုင်ကို လာအသိပေးကြသည်။ အတွေ့အကြုံရှိသော ဒရိုင်ဘာဇင်နက ဓာတ်ဆီရနိုင်သည့်နေရာများကို လိုက်ရှာသော်လည်း အချည်းအနှီးပင်ဖြစ်သည်။ သို့သော် ဇင်နက ဒေါက်တာဆီးဂရေ့ထံတွင် ဓာတ်ဆီအပိုများ ဆောင်ထားတတ်သည့်အတွက် ရနိုင်ကြောင်း ညွှန်လေသည်။ နောက်တစ်နေ့တွင် တရုတ်ဗိုလ်ချုပ်နှင့်တွေ့ရန် ချိန်းဆိုထားသည့်အတွက် စဝ်ကြာဆိုင်သည် ဇင်နညွှန်သကဲ့သို့ လုပ်ရပေတော့သည်။ ထို့ကြောင့် နမ့်ခမ်းဆေးရုံသို့ ကားလေးစီးလုံး ပြန်မောင်းသွားကြရသည်။ ဒေါက်တာဆီးဂရေ့က ဝမ်းသာအားရ အကူအညီပေးရှာသည်။ စဝ်ကြာဆိုင်ကလည်း ဆေးရုံအဆောက်အဦးအသစ်အတွက် ရက်ရက်ရောရော အလှူငွေများ ထည့်ခဲ့လေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် သူတို့ကားတန်းသည် မြန်မာဘက်ခြမ်းတွင်ရှိသော နယ်စပ်ဂိတ်မြို့ ပန်ဆိုင်းသို့သွားကြသည်။ ထိုနေရာတွင် အခြားနယ်ခြား နယ်နိမိတ်ရေးဆွဲရေးကော်မရှင်မှ သုံးယောက်နှင့် ပူးပေါင်းကြရလေသည်။

မြို့အလယ်တွင် ဖျက်ဆီးထား၍ မသေမသပ်ပြန်ဆောက်ထားသော အဆောက်အဦးအနည်းငယ် ကျန်သည်ကို တွေ့ရလေသည်။ ဤနယ်စပ်ဂိတ်နေရာတွင် အရေးတကြီးကိစ္စ မရှိချေ။ ဤမြန်မာလမ်းမကြီး နေရာမှဖြတ်၍ လွန်ခဲ့သော (၁၄) နှစ်က မရေတွက်နိုင်သော ထရပ်ကားပေါင်းများစွာသည် ထောက်ပံ့ရေးပစ္စည်းများကို တရုတ်ပြည်သို့ ပို့ပေးခဲ့သည်။ ထိုအချိန်တည်းက နယ်စပ်ဂိတ်ကို ပိတ်ထားခဲ့သည်မှာ ဆယ်စုနှစ်ပင်ကျော်ခဲ့လေပြီ။ ဤနေရာတွင် အဆောက်အဦးသစ်များ ပြန်ဆောက်ရန် ဆန္ဒမရှိကြချေ။

စဝ်ကြာဆိုင်သည် သူနှင့် လုပ်ဖော်ကိုင်ဖက်သုံးယောက်ကို ကော်ဖီဆိုင်တွင် တွေ့ရသည်။ ယူနီဖောင်းဝတ်ထားသော တရုတ်နှစ်ယောက်သည် အစာတစ်ခါမျှ မစားဘူးသကဲ့သို့ ပန်းကန်ထဲမှ ခေါက်ဆွဲများကို အငမ်းမရစား နေကြသည်။ ဆိုင်ရှင်အမျိုးသမီးက ရှမ်းဘာသာဖြင့်-

"သူတို့ ဒီကိုလာရင် အမြဲဆာနေကြတာပဲ၊ သူတို့ဆီက ပိုက်ဆံမရပါဘူး၊ ဒါပေမယ့် သူတို့ငတ်နေတာကို ကြည့်မနေနိုင်ဘူးလေ။"

ဟု စားပွဲပေါ်သို့ နောက်ထပ် ဟင်းတစ်ပန်းကန်ချပေးရင်း ပခုံးတွန့်၍ ပြောသည်။

နယ်စပ်လုံခြုံရေး လှည့်ကင်းအရာရှိနှင့် စဝ်ကြာဆိုင်တို့အုပ်စု ကော်ဖီဆိုင်တွင်ဆုံမိကြသည်။ အရာရှိငယ်က စဝ်ကြာဆိုင်တို့ကားများကို အောက်ဘက်ရှိ ကျဉ်းမြောင်းသောနှစ်နိုင်ငံအကြား နယ်ခြားပေးထားသော ချောင်းကလေးထဲသို့ ကျမသွားစေရန် စောင့်ရှောက်ပေးသည်။

ထိုအချိန်၌ စဝ်ကြာဆိုင်တို့သည် နယ်စပ်တံတားအနီး၊ နီးကပ်စွာ ရောက်သွားချိန်ဖြစ်သည်။ တရုတ်ပြည်မှ ဝမ်တိန်မြို့၏ အဆောက်အဦးတို့ကို မြင်ရပြီ။ အရာရှိအမျိုးသားလေးယောက်နှင့် သူစန္ဒီတို့သည် တံတားပေါ် ခြေချလိုက်ကြပြီး တံတားအလယ်သို့ ပေ (၃၀) မျှ လျှောက်သွားကြသည်။ ရိုင်ဖယ်သေနတ်ကို အသင့်ကိုင်ထားသော တရုတ်စစ်သားနှစ်ယောက် သူတို့ကိုမြင်သည်အထိ ရပ်စောင့်နေကြရသည်။ မြန်မာအရာရှိက သူတို့ကို တရုတ်စစ်သားထံ ပို့ပေးပြီးသောအခါ စစ်သားတစ်ယောက် အစောင့်ဂိတ်သို့ ပြန်သွားနေစဉ် ကျန်တစ်ယောက်က လမ်းကိုပိတ်ထားလေသည်။ သူစန္ဒီက သူတို့ကို နွေးနွေးထွေးထွေး ကြိုလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ အဆောက်အဦးတွင်းမှ ယူနီဖောင်းနှင့် လူတစ်ဒါဇင်လောက်က အဆောက်အဦးရှေ့သို့ ထွက်လာခဲ့ကြပြီး တံတားပေါ်သို့ လျှောက်လာကြရာ (၁၀) မိနစ်ခန့် ကြာသည်။ ထိုသူတို့တွင် မည်သည့်လက်နက်မျှ မရှိချေ။ သူတို့ခေါင်းဆောင်ဖြစ်သူက စဝ်ကြာဆိုင်ကိုအလေးပြုပြီး မြန်မာဘာသာဖြင့် ပြောလိုက်သည်။

"ကျေးဇူးပြုပြီး ကျွန်တော်တို့နောက်က လိုက်ခဲ့ကြပါ။ ဗိုလ်ချုပ်က မျှော်နေပါတယ်။"

www.burmeseclassic.com

www.burmeseclassic.com



ထိုခေါင်းဆောင်က သုစန္ဒီကို သံသယမျက်လုံးဖြင့် ကြည့်လိုက်သည်။ မြန်မာအဝတ်အစားဝတ်ထားသော မျက်နှာဖြူအမျိုးသမီးတစ်ယောက်၊ အထူးသဖြင့် မြန်မာအရာရှိ နောက်ပြန်လှည့်ထွက်သွားသောအခါ ထိုအမျိုးသမီးက ပြန်လိုက်မသွားဘဲနေသည်။

ဗိုလ်ချုပ်လီက သူတို့၏စည်းကမ်းတင်းကျပ်သောရုံးခန်းအတွင်းမှ ဝမ်းသာအားရ ကြိုဆိုသည်။ အခန်းထဲတွင် စားပွဲလွတ်တစ်လုံး၊ ထိုင်ခုံ (၆) လုံးနှင့် နံရံပေါ်တွင် ဥက္ကဋ္ဌကြီး မော်စီတုံး၏ပုံကို ချိတ်ထားသည်။ သူတို့ကို စံပယ်နံ့သင်းသော လက်ဘက်ရည်ကြမ်းဖြင့် ဧည့်ခံနေစဉ် ဗိုလ်ချုပ်လီက သုစန္ဒီ အဘယ်လူမျိုးနည်းဆိုသည်ကို သေချာအောင် စကားပြန်ဖြင့် မေးနေလေသည်။

သုစန္ဒီသည် သြစတေးလျနိုင်ငံမှ လာသည်ဟု ကြားလိုက်ရလျှင် သူကြည့်ရသည်မှာ အတော်လေး စိတ်သက်သာရာ ရသွားဟန် ရှိလေသည်။ ဗိုလ်ချုပ်လီက လှည့်လည်သွားမည့်နေရာသို့ အတူသွားရန် သုစန္ဒီကို ဖိတ်ခေါ်နေသည်။ ဤခရီးသည် အလွန်အမှတ်တရဖြစ်ရသောခရီး ဖြစ်သည်။ လမ်းများက အလွန်သန့်ရှင်းသပ်ရပ်သည်။ ဖြတ်လာခဲ့သော အဆောက်အဦးများတွင် လူသူ မတွေ့ရချေ။

"ဒီဟာက ယောက်ျားဆောင်"

ဗိုလ်ချုပ်လီက ဂုဏ်ယူစွာဖြင့် သွပ်မိုးနှင့် ဆောက်လုပ်ထားသော ခပ်နိမ့်နိမ့်အဆောက်အဦးတန်းကို လက်ညှိုးထိုးပြသည်။ ထိုအချိန်ထိ မည်သူကိုမျှ မမြင်ရသေးချေ။

လမ်းအောက်ဘက် ကိုက် (၁၀၀) အကွာတွင်ရှိသော အဆောက်အဦးကိုမူ မိန်းမဆောင်ဟု ပြောသည်။ သူတို့အတွင်းကို လိုက်ကြည့်ကြသည်။ သန့်ရှင်းနေသော အင်္ဂတေသမံတလင်း၊ တစ်ခုနှင့်တစ်ခု အရွယ်တူသော ကုတင်လေးများကို နှစ်တန်း တန်းထားသည်။ ကုတင်များပေါ်တွင် စောင်တွေဖြင့် ဖုံးအုပ်ထားသည်။ ကြည့်ရပုံမှာ စခန်းချနေပုံရသည်။ ယခုလောလောဆယ်တွင် အသုံးပြုပုံမရဟု သုစန္ဒီ တွေးမိသည်။ သူ့အနေဖြင့် မေးခွန်းမမေးသည်မှာ အကောင်းဆုံးဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။ သို့သော် သူသည် စပ်စုစွာဖြင့်၊ မိသားစုများ အဘယ်တွင် နေကြသနည်း၊ ဘယ်အချိန်တွင် သည်အဆောင် လူပြည့်မည်နည်း၊ ဆိုသည်ကို သိချင်နေမိသည်။

ထိုနောက် ကလေးများကို တွေ့ရသည်။ ကလေးများသည် (၁၂) နှစ် (၁၃) နှစ်အရွယ် မိန်းကလေး၊ ယောက်ျားလေး ရောနေသည်။ သူတို့သည် အထက်အောက်အားလုံး အပြာရောင်တူညီဝတ်စုံကို ဝတ်ထားကြသည်။ အင်္ကျီလက်ရှည် ဆင်တူဝတ်ထားကြသဖြင့် မိန်းကလေး၊ ယောက်ျားလေး ခွဲမရချေ။ ဒါဇင်များစွာသော ထိုကလေးများသည် စစ်သုံးဂျစ်ကားအနီးတွင် စုနေကြပြီး ဗိုလ်ချုပ်လီက သူတို့ကို စကားအနည်းငယ် ပြောသောအခါ ရက်ရွှံ့ပုံနှင့် တခစ်ခစ် ရယ်နေကြလေသည်။ ဗိုလ်ချုပ်လီက-

"သူတို့ အခုနားနေချိန်လေ- ဒါပေမယ့် ခဏနေရင် သူတို့ စာသင်ခန်းကို ပြန်သွားကြရမှာ"

ဟု ပြောသည်။

အပြာရောင်ဘောင်းဘီနှင့် အပြာရောင် မော်စီတုံးကုတ်အင်္ကျီဝတ်ထားသော အမျိုးသမီးများစွာသည် အဆောက်အဦးအတွင်းမှ ထွက်လာကြပြီးနောက်၊ တာဝန်ရှိသူက သူတို့ကို အုပ်စုလိုက်ပြန်ပြီး အထဲဝင်နိုင်းလိုက်လေသည်။ ကလေးများက ဧည့်သည်များဘက်ကို နောက်ကျောပေး၍ လှည့်လိုက်ကြသည်။ သူတို့အားလုံး၏ အင်္ကျီနှင့် ဘောင်းဘီတွဲလျက်များကို နောက်ဘက်မှ ခေါင်းမှဥအထိ ခွဲထားကြသည်ကို ထင်ထင်ရှားရှား မြင်ကြရသည်။ သူတို့အောက်တွင် တစ်ပိုင်းတစ်စ ဗလာကျဉ်းနေသည်။ သုစန္ဒီက သူ၏စပ်စုလိုစိတ်ကို ကြာကြာထိန်း မထားနိုင်ပါ။

"ဗိုလ်ချုပ်… ဒီကလေးအားလုံးကို ဘာဖြစ်လို့ နောက်ကျောဘက်က ခွဲထားရတာလဲ"

"ဘာလို့လည်းဆိုတော့ သိပ်ကို အကျိုးရှိလို့ပါ။ ကလေးတွေက အဆောင်မှာနေပြီး အလုပ်ခွင်ထဲမှာ သူတို့ဘာသာ သူတို့ တိုက်ရိုက်သက်သာရာရစေရင် ဒီနည်းက စွမ်းအားအရင်းအမြစ်ရော အပိုအင်အားတွေရော ကို ဘာမှ အလေအလွင့် မဖြစ်စေတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com


စဝ်ကြာဆိုင်က ပြန်မမေးလိုက်ခင်မှာပင် သူတို့ဇနီးမောင်နှံ အကြည့်ချင်း ဖလှယ်လိုက်ကြသည်။

"ဘယ်တော့မှ ဒီကလေးတွေ သူတို့ မိဘဆီကို ပြန်ရမှာလဲ"

ဟု မေးလိုက်ရာ-

"သူတို့ ပြန်စရာမလိုဘူး။ ပါတီက ကြည့်ရှုစောင့်ရှောက်ထားတယ်၊ ပညာလည်း သင်ပေးတယ်"

"သူတို့မှာ မိသားစုဘဝ မရဘူးလို့ ခင်ဗျားဆိုလိုတာလား"

"မဟုတ်ပါဘူး၊ ကျွန်တော်အစောကြီးကတည်းက ယောကျာ်းဆောင်၊ မိန်းမဆောင်တွေ သပ်သပ်စီပြခဲ့ပြီး ပြီလေ။ အချိန်ကျတဲ့အခါ စုံတွဲတွေ အတူနေဖို့နေရာ ကျွန်တော်တို့မှာ ရှိပါတယ်"

ဗိုလ်ချုပ်လီသည် ပြုံးဖြီးဖြီးဟန်နှင့် ပြောသည်။ အပြောခဏရပ်လိုက်ပြီး ဆက်ပြောသည်မှာ-

"ဒါ... ဘုံစနစ်ပုံစံပေါ့၊ နားလည်တယ် မဟုတ်လား။ ကျွန်တော်တို့က လူတွေကို အရှေ့ဘက်ပိုင်းကနေ ခေါ်ပြီး ဒီနေရာတွေမှာ နေစေတယ်။ ကျွန်တော်တို့ ရဲဘော်တွေအားလုံး လယ်ထဲမှာ အလုပ်လုပ်ကြတယ်။ ဒီနားက သံရည်ကျိုစက်ရုံမှာလည်း လုပ်ကြတယ်။"

စဝ်ကြာဆိုင်က-

"နယ်ခံလူထုကရော ဘယ်လိုရှိလဲ"

ဟု မေးလိုက်သည်။

"သူတို့ကတော့ မပူးပေါင်းချင်ကြပါဘူး"

ဟု ဗိုလ်ချုပ်လီက ပြန်ဖြေလိုက်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၃)

ဗိုလ်ချုပ်လီက–

"တစ်ချို့ကျတော့ မြစ်ကိုဖြတ်ပြီး ခင်ဗျားတို့ တိုင်းပြည်ထဲကို ဝင်ပြေးကြတယ်။ တစ်ချို့ကျတော့…

အင်း… ဖြုတ်ထုတ်ပစ်လိုက်တာပေါ့ဗျာ။ အဲဒါ အလုပ်သမားတွေရဲ့ လောကနတ်ဘုံဆိုပြီး ကျွန်တော်တို့က သိပ်ဂုဏ်ယူတာဗျ။ ခင်ဗျားသိတယ်မဟုတ်လား"

စပ်ကြာဆိုင်က ဘာမျှပြန်မပြောတော့ပါ။ အခြားသုံးယောက်လည်း အတူတူပင် ဖြစ်လေသည်။ စပ်ကြာဆိုင် မျက်မှောင်ကုတ်ပြီးကြည့်သည်ကို မြင်လိုက်ရသောကြောင့် သူ့မောင်တော် စိတ်ပျက်နေပြီဖြစ်ကြောင်း သုစန္ဒီ သိလိုက်သည်။ သူမသည် "ဖြုတ်ထုတ်" ဟူသော စကားကိုကြားလိုက်ရသောအခါ တုန်လှုပ်သွားမိလေသည်။ လူ့ဘဝကိုဆန့်ကျင်သော အကြမ်းဖက်မှုကြီးဖြစ်၏။ သူမွေးဖွားကြီးပြင်းလာသော တိုင်းပြည်တွင်မူ ဤကိစ္စမျိုးသည် ပြစ်မှုတစ်ခု ဖြစ်နေလေသည်။

သုစန္ဒီတို့ ခရီးဆက်ကြသည်။ သူတို့ရှေ့မှဖြတ်၍ ကွင်းတစ်ခုမှ ကွင်းတစ်ခုသို့သွားကြသော အလုပ်သမားများကို ခေါင်းဆောင်က ဗိုဆယ်လ်မှုတ်ပြီး ခေါ်သွားသည်။ ထိုသူတို့အားလုံး၏မျက်နှာသည် စိတ်အားထက်သန်နေကြဟန် ရှိလေသည်။ သူတို့ကိုမြင်သဖြင့် သုစန္ဒီသည် သူငယ်ငယ် ဩစတြေးလျတွင်နေစဉ်က ဟစ်တလာ၏ လူငယ်တပ်သားများကို သွားအမှတ်ရမိသည်။ မြင်လည်း မြင်ယောင်မိသည်။ ယူနီဖောင်းနှင့် လူမျိုးသာ ကွာသွားသည်။ တက်ကြွနေကြသော စိတ်ဓာတ်များက အတူတူပင် ဖြစ်နေကြသည်။

ဗိုလ်ချုပ်လီသည် နောက်ဆုံးတွင် ဘုံစတိုးဆိုင်ကြီးရှေ့တွင် ရပ်လိုက်သည်။ ပြီးနောက် မြန်မာငွေနှင့် ဝယ်လျှင်လည်း လက်ခံသည်ဟု ပြောပြသည်။ ရောင်းသည့်ပစ္စည်းများမှာ အလွန်နည်းပါးလှ၏။ ပိုးထည်၊ လည်စည်း အနည်းငယ်၊ ရုပ်လုံးဖောင်းကြွထားသော သရေပိုက်ဆံအိတ်၊ အချိတ်ပိုးထည်အနည်းငယ်သာ ဖြစ်လေသည်။ သုစန္ဒီကရွေးချယ်ရန် စဉ်းစားနေစဉ် သူ့မောင်တော်က နားနားသို့ တိုးကပ်၍–

"ဘာမှမဝယ်နဲ့ ကိုယ်က ဒီစိတ်ပျက်စရာကောင်းတဲ့စံနစ်ကြီးအတွက် တစ်ပြားမှ မပေးချင်ဘူး"

ဟု အင်္ဂလိပ်လို ပြောလိုက်သည်။

သို့သော် သုစန္ဒီက နားမထောင်ပါ။ သူသည် တရုတ်ပြည်ရောက်ကြောင်း သက်သေပြရန် အမှတ်တရပစ္စည်း ဝယ်လိုသည်။ နောင်တွင် သုစန္ဒီသည် တရုတ်ပြည်ခရီးနှင့်ပတ်သက်၍ ပြန်တွေးကြည့်မိသောအခါ မောင်တော်၏ စကားကို သူအလေးမထားဘဲ လုပ်ခဲ့မိခြင်းအတွက် နောင်တရမိလေသည်။ သူသည် အသုံးမကျသော အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို ဝယ်မိခဲ့သည့်အပြင် မောင်တော်ကိုပင် မကျေမနပ်ဖြစ်ခဲ့သေးသည် မဟုတ်လော။ သို့သော် ထိုပစ္စည်းများကို ဝယ်လာပြီးနောက်ပိုင်း နှစ်ပေါင်းများစွာအထိ တစ်ခါမျှ လှည့်မကြည့်မိတော့ချေ။

တရုတ်တို့၏စနစ်ကြီးအား နှေးကွေးအောင် ဆန့်ကျင်တိုက်ခိုက်သောအနေဖြင့် တရုတ်စီးပွားရေးနှင့် ပတ်သက်၍ အားမပေးမှုကို သူသည် မောင်တော့်အတွက် မထောက်ခံခဲ့သည့်အတွက် တွေးမိတိုင်း နောင်တရမိလေသည်။

× × ×

မိုးအေးက သူ့သခင်မကိုလိုက်ရှာရာ ဝရံတာ၌ တွေ့လိုက်ရ၍ စိတ်သက်သာရာ ရသွားသည်။

"ဘာလဲ မိုးအေး"

သုစန္ဒီသည် သတင်းကောင်း သတင်းထူးများ ကြားရမလားဟု မျှော်လင့်ချက်ကြီးစွာဖြင့် သူ့အထိန်းတော်ကို မေးလိုက်သည်။

"ကိန္နရီရဲ့မွေးနေ့ပွဲအတွက် စီစဉ်ဖို့အချိန်ရောက်ပါပြီ သခင်မ"

ဟု မိုးအေးက ပြောလိုက်သည်။ ဤကိစ္စသည် အသေးအဖွဲကိစ္စဖြစ်၏။ သုစန္ဒီက ခေါင်းခါပြီး-

"နည်းနည်းလောက် ထပ်စောင့်လိုက်ရအောင်"

ဟု စိတ်ပျက်လက်ပျက်ဖြင့် ပြောလေသည်။

"မဖြစ်ဘူးထင်ပါတယ်ဘုရား"

မမိုးအေးက ဆန့်ကျင်ပြီး ပြန်ပြောသည်။

"ကျွမ်တို့ မင်းသမီးလေးက သူ့သုံးနှစ်ပြည့်မွေးနေ့ပွဲအတွက် သိပ်စိတ်လှုပ်ရှားနေပါတယ်။ သူ့ကို စိတ်မကောင်း မဖြစ်စေချင်ပါဘူးဘုရား"

ဟုလည်း ဆက်ပြောသည်။

"ရှင်ပြောတာ မှန်ပါတယ် မိုးအေး"

သုစန္ဒီက သူ့လက်ကို ဆန့်ထုတ်လိုက်ပြီး အင်္ကျီကိုခေါက်လိုက်သည်။

"ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ကလေးတွေ မခံစားစေချင်ဘူး။ ကျွမ်တို့ ဒီပွဲကို ခမ်းခမ်းနားနား လုပ်ကြရအောင်"

သူတို့နှစ်ဦးသည် ခေါင်းချင်းဆိုင်ပြီး ရှမ်းနှင့် သြစတြေးလျ ကပြားမွေးနေ့ပွဲကိုကျင်းပရန် အသေးစိတ် စီစဉ်ကြသည်။ သူတို့သည် ပြီးခဲ့သည့် မွေးနေ့ပွဲများအကြောင်း ပြန်ပြောကြရင်း ရိုးရာဓလေ့ဆန်သောပွဲမျိုးဖြစ်အောင် မည်သို့လုပ်ကြမည်ကို တိုင်ပင်ကြသည်။

မာယာရီနှင့် ကိန္နရီတို့သည် အနောက်တိုင်းဟန် မွေးနေ့ပွဲမျိုးကို သဘောကျကြသည်။ မွေးနေ့ကိတ်မုန့်ကြီး တစ်ခုတွင် ဖယောင်းတိုင်များကိုစိုက်ပြီးကျင်းပသည့် မွေးနေ့လက်ဆောင် အများကြီးရသောပွဲမျိုးကို ကြိုက်ကြသည်။ သို့သော် ယခုအခါတွင် ရှမ်းဓလေ့အတိုင်း လုပ်သည့်မွေးနေ့ပွဲက ပိုသင့်လျော်မည်။ လက်ဆောင်ယူခြင်းထက် ကျွေးမွေးသည်က ပိုကောင်းသည်ဟု ထင်သည်။ သုစန္ဒီက သူတို့ရိုးရာဓလေ့အတိုင်း မိသားစုအတွင်းတွင်သာ မွေးနေ့ပွဲလုပ်ရန် အခိုင်အမာ ပြောနေတော့သည်။

သူ့သမီးတွေ၏မွေးနေ့ပွဲများတွင် အရှေ့ဟော်နန်းမှ ကလေးများအားလုံးကို ဖိတ်ခဲ့သည်။ ဒါဇင်ကျော်သော မိန်းကလေး၊ ယောက်ျားလေးများသည် အကောင်းဆုံးအဝတ်အစားများကို ဝတ်ဆင်ထားကြသော်လည်း ဖိနပ်မပါဘဲ လျက် ဧည့်ခန်းမထဲတွင် ပြည့်နှက်သွားသည်။ သူတို့သည် စကားတစ်ခွန်းမျှ မပြောကြဘဲ ခင်းထားသော ကော်ဇော ပေါ်တွင် ထိုင်နေကြသည်။ အထူးအခွင့်အရေးအနေနှင့် ဤသို့ ဟော်နန်းအတွင်း ဝင်ခွင့်ရကြခြင်းကြောင့် သူတို့ ကြောက်ရွံ့နေကြလေသည်။ သူတို့သည် ဘုရားရှစ်ခိုးကျောင်းထဲမှ ကြွက်လေးများကဲ့သို့ နေနေကြသည်။ သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့ရှင် (သို့မဟုတ်) မိခင်ကို စောင့်နေကြသည်။ မိခင်က အထုပ်လေးတစ်ထုပ်စီကို ကလေးတိုင်းအား ဝေပေးနေသည်။ ထိုအထုပ်လေးများထဲတွင် အဝတ်အစား၊ ကစားစရာနှင့် ချိုချဉ်တို့ပါလေသည်။ လက်သေးသေးလေးများနှင့် အလွန်အဖိုးတန်သော မွေးနေ့လက်ဆောင်များကို ကိတ်မုန့်နှင့် ချိုမြသော သံပုရာဖျော်ရည်တိုက်သည့်အချိန်အထိ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားကြသည်။ ပြီးနောက် ကမ္ဘာပေါ်ရှိ မွေးနေ့ပွဲတိုင်းမှာကဲ့သို့ သူတို့သည် ကလေးစရိုက်အတိုင်း ပေါ့ပေါ့ပါးပါး ဖျတ်ဖျတ်လတ်လတ် ပျော်ရွှင်စွာ နေကြလေတော့သည်။

လွန်ခဲ့သည့် (၂) နှစ် ကိန္နရီ၏မွေးနေ့ပွဲကျင်းပစဉ်က ကိန္နရီ၏မွေးနေ့ပွဲတွင် ကလေးများအား လက်ဆောင်များဝယ်ပေးသည်ကို ပြန်မြင်မိ၍ သူမျက်ရည်စီးကျလာသည်။ ယခုလို အသက်ကြီးလာပြီး နားလည်မှုရှိလာသောအခါ သူသည် ယခုနှစ်ကျင်းပမည့်မွေးနေ့ပွဲကို စောင့်မျှော်နေတော့သည်။

"မိုးအေး သူတို့အဖေက သူ့သမီးမွေးနေ့ပွဲကို အချိန်မှီပြန်မရောက်မှာကို ကျမစိုးရိမ်မိတယ်၊ ဒီလိုဆိုရင် ဘယ်နှယ့်လုပ်မလဲ"

သုစန္ဒီ၏မျက်ဝန်းမှ မျက်ရည်များစီးကျလာပြီး သူ၏သစ္စာရှိသော အထိန်းတော် မမိုးအေးအား စိုးရိမ်စိတ်ဖြင့် ကြည့်နေမိလေသည်။

"စော်ဘွားကြီးလာမှာပါ။ ဝန်ကြီးချုပ်တောင် အတူပါချင်ပါလာမှာပါဘုရား"

မမိုးအေးက အသံခပ်ကျယ်ကျယ်ဖြင့် သူ့သခင်မသိအောင် ပြောလိုက်သည်။

"ဖြစ်နိုင်တာပေါ့"

ဟု သုစန္ဒီ ပြောလိုက်သည်။ လွန်ခဲ့သောငါးနှစ်က သမီးကြီး မာယာရီ၏မွေးနေ့ပွဲကို အမှတ်ရမိသောကြောင့် မောင်တော်ကို ပို၍ပင် မျှော်လင့်နေမိတော့သည်။

× × ×

လွန်ခဲ့သောငါးနှစ်က တစ်နှစ်လုံး၏ အပူဆုံးလမှ ပူသောနေ့တစ်နေ့ဖြစ်သည်။ မာယာရီ၏မွေးနေ့ပွဲကို အရှေ့ဟော်တွင် နံနက်စောစောကပင် ကျင်းပခဲ့သည်။ ဆွမ်းနှင့် ဆွမ်းချိုင့်များကို ဘုန်းကြီးကျောင်း (၁၅) ကျောင်းသို့ပို့၍ လှူဒါန်းသည်။ မွေးနေ့ပွဲသို့လာရောက်ကြသော ကလေးများလည်း ပြန်သွားကြပြီ ဖြစ်သည်။ မာယာရီကို သူ့ခမည်းတော်က လှည့်ပတ်ပြေးရင်း ကစားနေသဖြင့် မာယာရီသည် သဘောကျလွန်းသောကြောင့် အသံညံစီအောင် အော်၍ ပျော်ရွှင်နေလေသည်။ စဝ်ကြာဆိုင်က သူ့သမီးတော်ကလေးနှင့် ကစားနေရာမှ ရပ်လိုက်သည်။ သူသည် ရှမ်းပြည်နယ်သို့ အလည်ရောက်ရှိလာသော ဝန်ကြီးချုပ်ဦးနုကို လားရှိုးတွင် သွားရောက်တွေ့ဆုံရမည်ဖြစ်သောကြောင့်ဖြစ်၏။

နေ့လည် (၂) နာရီတွင် စဝ်ကြာဆိုင်က လားရှိုးမှ သုစန္ဒီကို ဖုန်းဆက်သည်။ ဝန်ကြီးချုပ်နှင့် ဧည့်သည် (၄၀) ယောက်ကို အရှေ့ဟော်တွင် လက်ဖက်ရည်ဖြင့် ဧည့်ခံမည်ဖြစ်သောကြောင့် နောက် (၂) နာရီအတွင်း ဟော်နန်းသို့ ရောက်လာမည်ဟု ပြောသည်။ သို့ကြောင့် အရှေ့ဟော်ရှိလူတိုင်းသည် အလုပ်ရှုပ်သွားတော့သည်။ ထမင်းချက်မေတ္တာက (၁)နာရီအတွင်း ကိတ်မုန့်အလုံးလေးများ (၁၀၀)ကို ဖုတ်သည်။ ကောလင်းနှင့် မီးဖိုချောင်မှ ကောင်လေးများသည် သခွားသီးအသားညှပ် ပေါင်မုန့်များလုပ်သည်။ အခြား အလုပ်သမားများကလည်း ဧည့်ခန်းတွင် လူ (၆၀) စာ စားပွဲနှင့် ကုလားထိုင်များ ချနေသည်။

သုစန္ဒီက ကားလွှတ်၍ ပြည်နယ်ဝန်ကြီးများ၊ မြို့ခံလူကြီးများနှင့် ဆွေတော်မျိုးတော်များကို ဖိတ်ခေါ်စေသည်။ အချိန်ကျ၍ ဧည့်သည်တော်နှင့် စဝ်ကြာဆိုင်တို့ ရောက်ရှိသောအခါ အရာအရာတိုင်းသည် အဆင်သင့်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် ခမ်းနားသော လက်ဖက်ရည်ပွဲကြီးကို မြင်လိုက်ရသည်မှာ နေ့စဉ်လုပ်နေကြဟုပင် ထင်ရသည်။ သို့ကြောင့် ဝန်ကြီးချုပ်ဦးနုက မဟာဒေဝီသုစန္ဒီကို နှုတ်ဆက်ရင်း -

"ကျွန်တော်က ခင်ဗျားကိုတွေ့ချင်လို့ စော်ဘွားကြီး ကျွန်တော့်ကို လက်ဖက်ရည်သောက် ဖိတ်မလားလို့ မေးခဲ့တယ်။ "

ဟုပြောရာ -

"ဝန်ကြီးချုပ် ကြွရောက်လာလို့ ကျမ သိပ်ကို ဝမ်းသာပါတယ်ရှင်။"

ဟု သုစန္ဒီက ပြန်ပြောလိုက်ပြီးနောက် -

"တိုက်တိုက်ဆိုင်ဆိုင် ဒီကနေ့က ကျွန်မသမီး မာယာရီရဲ့ မွေးနေ့လည်း ဖြစ်နေပါတယ်။"

"ဟုတ်တယ်။ ကျွန်တော်သိလို့ ကျွန်တော်တို့ကို ဘော်ကြိုဘုရားပို့ပေးဖို့ ပြောတာပေါ့။ ဘုရားမှာ သမီးလေး အတွက် ကျွန်တော်တို့အားလုံး ဆုတောင်းပေးကြမယ်လေ။"

လက်ဖက်ရည်သောက်ပြီးကြသောအခါ ဘော်ကြိုဘုရားသို့ သွားကြသည်။ ကားပေါ်တွင် သူတို့ (၃) ဦး အပြင် မည်သူမျှ မရှိပေ။ ဦးနုသည် စဝ်ကြာဆိုင်နှင့် သုစန္ဒီတို့ကြားတွင်ထိုင်ပြီး သူတို့မောင်နှံပြောကြသည့် ရှမ်းပြည်နယ်၏ နိုင်ငံရေးအခြေအနေနှင့် အမြင်များကို စူးစူးစိုက်စိုက် နားထောင်ရုံမျှမက စဝ်ကြာဆိုင်၏ ပြောကြားချက်အရ ရှမ်းလူထုသည် မြန်မာ့လက်အောက်မှခွဲထွက်ပြီး ကိုယ်ပိုင်ပြည်နယ်အုပ်ချုပ်ရေး လိုလားနေကြောင်းကို သိသွားလေသည်။ သို့ကြောင့် ဦးနုက -

"ကျွန်တော်တို့ မြန်မာပြည်ထောင်စုကြီးကို ဆက်ထိန်းသိမ်းထားရမယ်၊ မဟုတ်ရင် ပြိုကွဲသွားလိမ့်မယ်။"

ဟု ပြောသည်။ စဝ်ကြာဆိုင်က -

"ဒီလိုဆိုရင် ဝန်ကြီးချုပ်က စစ်တပ်ကို ကောင်းကောင်း ထိန်းချုပ်ရလိမ့်မယ်။"

ဟု ပြန်ပြောလိုက်လေသည်။

"ကျွန်တော် ကတိပေးပါတယ်။ ကျွန်တော့်ကိုယုံပါ။ ကျွန်တော်လုပ်မှာပါ။"

ဟု ဦးနုက ဘော်ကြိုဘုရားရောက်၍ ကားပေါ်မှ မဆင်းမီတွင် လေးလေးနက်နက် ပြောကြားသွားသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၄)

### အခန်း (၁၃)

စဝ်ကြာဆိုင်အဖမ်းခံရပြီး (၃) ရက်မြောက်နေ့တွင် သူနေထိုင်သည့် တဲအပြင်ဘက်တွင် ရေချိုးခွင့်ရသည်။ အဝတ်အစားလည်း လဲလှယ်ခွင့်ရ၏။ ယခုလို လဟာပြင်တွင် ရေချိုးရပုံမျိုးသည် သူ့အတွက် လုပ်ရိုးလုပ်စဉ် မဟုတ်ချေ။ သို့သော် အစောင့်များက ရေပုံးများနှင့် သယ်လာပေးသော ရေအေးအေးကို သူနှစ်ချိုက်စွာ ချိုးလိုက်ရသည်မှာ ရေတစက်မကျန်အောင်ပင် ဖြစ်တော့သည်။ သူ့ခေါင်းပေါ်မှစ၍ ပခုံးပေါ်အထိ လောင်းချပေးလိုက်သော ရေကြောင့် သူ့တစ်ကိုယ်လုံး တစ်လက်မမကျန် သန့်ရှင်းသွားသည်ဟု ထင်လိုက်ရသည်။ သူရေချိုးနေချိန်တွင် လက်နက်ကိုင်အစောင့် (၄) ယောက်က စောင့်နေသည်။ စဝ်ကြာဆိုင်သည် အဖမ်းခံရပြီးကတည်းက ယခုမှပင် ပြန်လည်လန်းဆန်းလာသကဲ့သို့ ခံစားရသည်။ သူသည် သူ့ရုပ်ရော၊ စိတ်ပါ ပြန်လည်အားရှိလာအောင် တည်ဆောက်မည်ဟု ဆုံးဖြတ်လိုက်သည်။

သစ်သားကြမ်းခင်းကမြင့်နေသော သူ့တဲလေးအတွင်း သူသည် ပြန်လည်စဉ်းစားမိသမျှ ယောဂကျင့်စဉ်များကို လေ့ကျင့်သည်။ ညောင်းနေသော ခြေထောက်များကို ဆန့်ထုတ်၍ အသက်ရှုလေ့ကျင့်ခန်းပါလုပ်သည်။ သူနှင့် သုစန္ဒီတို့ အတူပူးတွဲ လေ့ကျင့်ခန်းလုပ်လေ့ရှိသဖြင့် ယခုအခါ သုစန္ဒီတစ်ယောက်တည်း ယောဂကျင့်စဉ်များကို ဆက်၍လုပ်မှလုပ်ပါ့မည်လားဟု တွေးပူးမိလိုက်သည်။ သူသည် အိမ်မှ မကြာခဏခရီးထွက်၍ အဝေးသို့ ရောက်နေလေ့ရှိသည်ကို ယခုမှပင်ပြန်ပြီး နောင်တရနေမိတော့သည်။ (၁၅)နှစ်မျှ သူ့ကြိုးစားအားထုတ်မှုနှင့် အနစ်နာခံမှုများသည် မတ်လ (၂) ရက်နေ့ နံနက်ခင်းတစ်ရက်တွင် ပယ်ဖျက်သိမ်းခြင်းခံလိုက်ရလေသည်။ အမေရိကန်မှ ဘွဲ့ရပြီး ပြည်ထောင်စုမြန်မာနိုင်ငံသို့ ပြန်အရောက်တွင် ပြဿနာများနှင့် ရင်ဆိုင်ရသည်ကို ပြန်အမှတ်ရမိသည်။ ထိုစဉ်ကတည်းက သူသည် ပြည်နယ်၏အကျိုးစီးပွားအတွက် လုပ်ပေးစရာများကို ထင်ထင်ရှားရှားသိမြင်ခဲ့သည်။ ပြည်နယ်များ၌၊ စက်ရုံအသစ်များ တည်ဆောက်ရန်၊ ဆောက်လုပ်ရေးစီမံကိန်းများ ချရန်၊ လူမှုရေးအစီအစဉ်များ ဆောင်ရွက်ရန် ဘတ်ဂျက်လိုသည်။ လိုအပ်သည့်ဘတ်ဂျက်ကို သူသည် လွှတ်တော်တွင် တင်ပြရန်ပြုထားသည်မှာ ယခုကဲ့သို့ (၃) ရက် အဖမ်းခံနေရသည့်အတွက် ရယ်စရာကောင်းသော အရူးတစ်ယောက်ပမာ ဖြစ်နေသည် မဟုတ်ပါလော။ ဤသို့အဖမ်းခံနေရသည်မှာလည်း အကြောင်းအကျိုးခိုင်လုံမှု ရှင်းရှင်းလင်းလင်း မရှိပါ။ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် သူ၏တော်လှန်ရေးကောင်စီ၏ အခြေခံဥပဒေအရ အဖမ်းခံနေရခြင်းလော။ နေဝင်းနှင့် သူ၏စစ်တပ်က တိုင်းပြည်၏ လေးဖက်လေးတန်သို့ အာဏာဖြန့်ကျက်ထားသည်။ အကယ်၍သာ ပြည်ထောင်စုမြန်မာနိုင်ငံကို ပြန်လည်တည်ထောင်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏စစ်တပ်သာရှိလျှင် ယခုကဲ့သို့ဖြစ်မည်မဟုတ်ပါဟု

www.burmeseclassic.com

www.burmeseclassic.com



တွေးမိသည်။ သို့သော် ဗိုလ်ချုပ်မှာ လူသတ်သမား၏ကျည်ဆန်ဖြင့် ကျဆုံးခဲ့ရသည်။ စဝ်ကြာဆိုင်က ဗိုလ်ချုပ်အောင်ဆန်းကို ယုံကြည်သကဲ့သို့ အခြား ရှမ်း၊ ကချင်၊ ကယားစသော ခေါင်းဆောင်များကလည်း ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့်ပင် သူတို့အားလုံး ပြည်ထောင်စုမြန်မာနိုင်ငံကြီးကို ထူထောင်ရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။ (၁၀) နှစ်ကြာလျှင် မကျေနပ်က ခွဲထွက်နိုင်သည်ဟုလည်း သဘောတူခဲ့သည်။

အာဏာကို လိုချင်တပ်မက်လှသည့် နေဝင်းက စစ်တပ်၏ဦးဆောင်သူဖြစ်သည်နှင့် တစ်ပြိုင်နက် တောင်တန်းသားတို့အပေါ် ဆက်ဆံရေးမူဝါဒမှစ၍ ပြောင်းခဲ့သည်။ စဝ်ကြာဆိုင်နှင့် အခြားစော်ဘွားတို့သည် သူတို့၏ ပြည်နယ်သူ ပြည်နယ်သားတို့ကို အကာအကွယ်ပေးရန် အခွင့်အာဏာ မရှိတော့ချေ။ နေဝင်း၏ အိမ်စောင့်အစိုးရလက်ထက်တွင် သူတို့အာဏာစွန့်ခဲ့ရသည်။ စစ်တပ်ကလည်း တောင်တန်းသားများနယ်မြေကို အကာအကွယ်ပေးသည်ထက် ရိုင်းစိုင်းစွာ ဆက်ဆံခဲ့သည့်အသွင်သို့ ပြောင်းခဲ့သည်။ နမ်းလန်၊ မောင်းကုနှင့် ကုလားကွေ့ဒေသတို့မှ ဘူဟိန် (သူကြီးများ) များသည် ဤကိစ္စကို စဝ်ကြာဆိုင်ထံသို့လာရောက် တိုင်ကြားကြသည်။ စဝ်ကြာဆိုင် ရောက်ရှိသွားသော ရွာများတွင် မီးတငွေ့ငွေ့လောင်နေသည့်အနေအထားကိုပင် ကြုံတွေ့ခဲ့ရသည်။ ဒုက္ခသည်များကို အကူအညီပေးနေရသည်နှင့်ပင် သူ၏သတ္တုရှာဖွေရေးကို မလုပ်နိုင်တော့ပေ။ ပြည်နယ်ဒေသရှိ မိသားစုများသည် ပိုင်ဆိုင်မှုများအားလုံး ဆုံးရှုံးခဲ့ကြရပြီး ပေါ်တာဆွဲခံကြရပြန်သေးသည်။ ထိုကြောင့် သူတို့အလွန် ကြောက်ရွံ့တုန်လှုပ်နေကြသည်ကို တွေ့ရသော စဝ်ကြာဆိုင်သည် အံ့အားသင့်၍ အရာရာသည် ပျက်စီးသွားရသည်လောဟူ၍ ခံစားလိုက်ရသည်။ စဝ်ကြာဆိုင်က သူ၏ရွာများသို့ သွားရောက်ကြည့်ရှုသည်ကို မြန်မာစစ်တပ်တို့သိသွားပြီး ပို၍ဒေါသပုန်ထကြသည်။ စဝ်ကြာဆိုင်ကမူ ယခုကဲ့သို့အဖြစ်မျိုး နောင်ထပ်မဖြစ်စေရပါဟု သူ့နယ်သူနယ်သားများကို အာမခံချက်မပေးနိုင်ခဲ့ချေ။ သို့သော် ထိုအဖြစ်အပျက်များအတွက် လေ့လာစစ်ဆေးပြီး အပြစ်ပေးတုန့်ပြန်ရန် သူ့မှာတာဝန်ရှိသည်ကို သတိရမိသည်။ စဝ်ကြာဆိုင်က မြန်မာစစ်တပ်မှ အရာရှိများကို ထိုကိစ္စများအတွက် ပြောဆိုသောအခါ သူတို့က မောက်မောက်မာမာနှင့် သရော်စော်ကားမှုများဖြင့် ပြန်လည်တုံ့ပြန်ခဲ့ကြလေသည်။ သူတို့တွင် လက်နက်ရှိသည် မဟုတ်ပါလော။

ယခုကဲ့သို့ စဉ်းစားကြည့်မိပြီး သူ့ကိုယ်သူ ပြန်ကြည့်လိုက်သောအခါ သူဝတ်ထားသည့် ထောင်သားအင်္ကျီကို မြင်ရသဖြင့် ယခုအထိ သူပင်ပြစ်ဒဏ်ကို ခံနေရပြီ မဟုတ်ပါလော။ သူသည် မဟာတ္တမဂန္ဓီကို စဉ်းစားမိပြီး မျှော်လင့်ချက်မရှိသည်ကို သူငြင်းဆန်နေသကဲ့သို့ ဖြစ်နေမိသည်။

သူနှင့်လုပ်ဖော်ကိုင်ဖက်များလည်း သူကဲ့သို့ပင် အကျဉ်းကျခံနေရမည်ဟု ထင်သည်။ သူ့အား တဲအပြင်ဘက်သို့ ထွက်ခွင့်ပြုစဉ်က ရုတ်တရက်တွေ့လိုက်ရသော ရင်းနှီးသည့်မျက်နှာမျိုးကို ပြန်တွေး၍မရပါ။ သူနှင့်သိကျွမ်းသော အကျဉ်းသားမျက်နှာမျိုးကို တစ်ယောက်မျှ မတွေ့ရပေ။ ထူးဆန်းသည်မှာ သူ၏နောင်တော်ကို ဗထူးမြို့တွင် ဖမ်းဆီးထားမှုမရှိခြင်း ဖြစ်သည်။ သူ့အဖမ်းအဆီးမခံရမီကလေးတွင် သူ၏နောင်တော်နှင့် တောင်ကြီးမြို့အထွက်ဂိတ်တွင် တွေ့ကြသည်။ သို့သော် စကားပြောခွင့် မရခဲ့ချေ။ စဝ်ကြာဆိုင်က သူ့ကို တစ်ယောက်တည်း သီးခြားခွဲထားမှုကို သံသယ ရှိနေမိသည်။ သူ့မူလအစီအစဉ်အတိုင်း တောင်ကြီးသို့မသွားဘဲ ရန်ကုန်တွင်နေခဲ့က ကောင်းမည်ဟု တွေးမိသည်။ သို့သော် ယခုအခါ သူ့ကို အခြားသူများထဲမှ တစ်ယောက်တည်းရွေးပြီး ဖမ်းဆီးထားပုံရလေသည်။ သူအံ့သြမိသည်က မြန်မာစစ်တပ်စိတ်ထဲတွင် သူ့ကို မည်သို့တွေးနေကြကြောင်းကို နားမလည်ခြင်းပင်ဖြစ်သည်။

သူ့ကိုဂရုမစိုက်ဘဲ ပစ်ထားကြသည့် အကြောင်းရင်းကို သံသယဖြစ်ရသည်။ သူ့ကို ဖမ်းဆီးပြီးနောက် တစ်ကြိမ်သာ လာရောက်စစ်ဆေးသေးသည်။ သူသည် ရက်စက်ကြမ်းကြုတ်ပုံရသော ဗိုလ်မှူးနှင့် တပည့်များထံမှ သူ့အပေါ် သနားကြင်နာမှုကိုတောင်းခံရန် အင်အားမရှိပါ။ သူသည် ယခုလိုအခြေအနေမျိုးကို ယခင်က မနေခဲ့ဖူးချေ။ ယခုကဲ့သို့ ဒုက္ခရောက်နေစဉ် သူက တည်ငြိမ်အေးချမ်းစွာဖြင့် အကြောက်အရွံ့ကင်းမဲ့စွာ ရင်ဆိုင်နိုင်လေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



အံ့သြနေမိသည်။ ဤနေရာတွင် သူလုပ်နိုင်သည့်အရာမှာ နောက်ထပ်လာမည့် ယူနီဖောင်းဝတ် မြန်မာစစ်သားကို စောင့်နေခြင်းပင် ဖြစ်လေသည်။

စဝ်ကြာဆိုင်သည် အမြဲတွေးတောနေပြီး အနာဂတ်အတွက် စီမံကိန်းများချနေတတ်သည်။ ယခုမူ သူသည် ရင်နာစွာဖြင့် နောက်လာမည့်နေ့၊ လာမည့်အပတ်၊ လာမည့်လများကို မျှော်လင့်နေရသည်။ ထိုနေ့၊ ထိုအပတ်၊ ထိုလတို့သည် တကယ်ပင် ဖြစ်လာပေမည်လားဟု သူမသိပါ။ စဝ်ကြာဆိုင်သည် သူ့အတွေးကို အတိတ်ဆီသို့ ပြန်သွားစေလိုက်သည်။ မှတ်ဉာဏ်ထဲမှ အင်အားနှင့် မျှော်လင့်ချက်တို့ကို ပြန်ရှာရမည်။

သူ့မဟာဒေဝီနှင့် သမီးတော်လေးများအကြောင်း မတွေးတော့လျှင် သူ့စိတ်ကြိုက်စီမံကိန်းများအကြောင်းကို တွေးလေသည်။ သတ္တုတူးဖော်ရေးနှင့် လယ်ယာစိုက်ပျိုးရေးသည် စဝ်ကြာဆိုင်အတွက် အရေးကြီးလှသောကိစ္စ တစ်ရပ်ဖြစ်သည်။ သူအမေရိကားတွင် ကျောင်းနေစဉ်က အဘယ်ကြောင့် သတ္တုတူးဖော်ရေးကို လယ်ယာစိုက်ပျိုးရေးထက် ပိုသဘောကျပြီး အတတ်သင်ရန်ဆုံးဖြတ်ခဲ့သည်ကို အံ့သြနေသည်။ သို့သော် သူမြန်မာပြည်သို့ ပြန်လာသောအခါ သူ၏စိတ်ဝင်စားမှုတစ်ခုလုံးကို အမိဖမ်းဆုပ်ကိုင်နိုင်ခဲ့သည့်အတွက် အဆင်ပြေခဲ့သည်။ သူတစ်ခါမှ အခြားပညာများကို သင်ယူရန် ရွေးနေစရာ မလိုတော့ပေ။ သူလယ်သမားများအတွက် လုပ်ပေးနိုင်စွမ်းရှိနေသည်မှာ သီးနှံအပေါ်တွင်မှီခိုပြီး ဘဝကိုရပ်တည်ခဲ့သူ မဟုတ်ခဲ့သောကြောင့်ဟု သုစန္ဒီက မကြာခဏ ပြောခဲ့ဖူးသည်။ သူသည် လယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်သော အတွေ့အကြုံ အလွန်နည်းပါးပြီး ရင်းနှီးစိုက်ထုတ်မှုသာ ပေးခဲ့သူဖြစ်ကြောင်းကို ဝန်ခံရမည်။ သို့ရာတွင် သူ၏လိမ္မော်စိုက်ပျိုးရေးသည် တစ်နေ့တွင် ယခင်ကအရှုံးများကို ကာမိမည်ဟု သဘောပေါက်မိသည်။ စဝ်ကြာဆိုင်သည် လွိုင်ကော်တွင်စိုက်သော နာနတ်သီးအကြောင်းကို တွေးနေမိသည်။ လွန်ခဲ့သော (၃) နှစ်က သူအလွန်သဘောကျခဲ့သော စီမံကိန်းတစ်ခု ဖြစ်လေသည်။

စဝ်ကြာဆိုင်သည် တောခုတ်ရန် ရာပေါင်းများစွာသော ရွာသားများကို အလုပ်ပေးနိုင်ခဲ့သည်။ ထိုနေရာသည် ပင်လယ်ရေမျက်နှာပြင်ထက် ပေ (၃၀၀၀) အမြင့်တွင်ရှိပြီး တောင်ကုန်း(၂) ခုမှ ကွယ်နေသော လွိုင်ကော်တွင် တည်ရှိနေသည်။ သူ့အလုပ်သမားများသည် အလွန်ဦးနှောက်ကောင်းကြသူများဖြစ်၍ ကြီးမားသော သစ်ပင်ကြီးများကို လယ်ထွန်စက်ဖြင့်တွန်းပြီး ရှေ့ပစ်သည်။ နာနတ်ပင်ပေါက်များကို မေမြို့မှ ထရပ်ကားကြီးများနှင့် သယ်ဆောင်လာသည်။ ယာကွင်းတွင် နာနတ်ပင်ပေါက်လေးများကို တကွင်းလုံးပြည့် တန်းစီစိုက်ထားစေ၏။ စဝ်ကြာဆိုင်သည် သူ့စွမ်းအားကို အလွန်အမင်း ကျေနပ်ခဲ့သည်။ ထိုအချိန်က စပါးစိုက်သော လယ်သမား (၄၀၀) သည် သူ့ကိုလာ၍ အရိုအသေပေး ဂါရဝပြုသည်ကိုလည်း အမှတ်ရနေမိပါသည်။ အရှေ့ဟော်နန်းမှ ကန်တော့ခံ အခမ်းအနားပြီးသွားသောအခါ လယ်သမားများအား စဝ်ကြာဆိုင်သည် သူ့နာနတ်ခင်းများကို ဖိတ်ခေါ်ပြရန်လုပ်သည်။ သို့သော်ငြားလည်း နာနတ်ခင်းသို့ ခဏသွားရန် မဖြစ်နိုင်ချေ။ လူများလွန်းသဖြင့် ဘတ်စ်ကား (၁၀) စီးသာ သွားနိုင်ခဲ့ရုံလုပ်ပေးနိုင်ခဲ့သည်။ စပါးစိုက်သော လယ်သမားများသည် မဆုံးနိုင်သော နာနတ်ခင်းကြီးကို ရပ်ကြည့်နေကြသည်။ တောဖုံးနေသော တောင်တစ်ဖက်ခြမ်းကို နာနတ်ခင်းအဖြစ် ပြောင်းလဲလိုက်သည့်အတွက် အံ့သြနေကြသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၅)

စဝ်ကြာဆိုင်က သူ၏ကလေးများကို ဤနာနတ်ခင်းသို့ခေါ်လာမည်ဟု လယ်ယာသမားတစ်ဦးကို ပြောလိုက်သည်။

"သူတို့ကို မြင်စေချင်တယ်၊ ဒါမှသူတို့အတွက် အနာဂတ်အိမ်မက်ရှိလာမှာ"

စဝ်ကြာဆိုင်က သူ့နယ်သူ့နယ်သားများကိုလည်း သူတို့ဘာလုပ်သင့်ကြောင်း ပြချင်နေသည်။ သူတို့ထွန်ယက်စိုက်ပျိုးချိန်တွင် သူတို့၏အောင်မြင်မှုကို သူတို့မျက်လုံးထဲတွင် မြင်စေချင်သည်။ လယ်ယာစိုက်ပျိုးသော အတွေ့အကြုံကြောင့် စိတ်ဓာတ်မကျစေချင်ပါပေ။ အလွန်အရသာရှိသော အချိုရည်ရွှမ်းသည့် နာနတ်သီးများသည် ရန်ကုန်-မန္တလေးဈေးကွက်သို့ပို့ရန် အဆင်သင့်ဖြစ်နေပေသည်။ သို့သော် ဤအချိန်တွင်မှ နာနတ်ဈေးက ဖြန်းဆို ထိုးကျသွားသည်။ ဆွတ်ခူးစရိတ်နှင့် သယ်ယူပို့ဆောင်စရိတ်များပင် မကာမိချေ။ စဝ်ကြာဆိုင်က ဤသို့ ဖြစ်လာမည့်အရေးကို ကြိုတင် မတွေးထားမိပါ။ ထွက်လာသော နာနတ်သီးများကို ဆီသွပ်ဘူးလုပ်ငန်းသို့ ချက်ခြင်းသွင်းနိုင်လျှင်ကား မရှုံးနိုင်ပေ။ ထို့ကြောင့် နောက်ဆုံးထွက်လာသောအဖြေမှာ ဈေးကွက်ပြဿနာပင် ဖြစ်လေသည်။ သို့ကြောင့် သူ့အနေဖြင့် အသေးစိတ်စစ်ဆေးပြီးသောအခါ ဤစီမံကိန်းကြီးကို ရပ်ပစ်လိုက်ရတော့သည်။

သူ့ယာမှထွက်သော နာနတ်သီးများကို စည်သွပ်ဘူးပြုလုပ်ပါက တစ်နှစ်လျှင် သုံးပတ်စာသာရှိသည်။ ထို့ကြောင့် ဒေသခံတောင်သူများ ကြိုးစားအားထုတ်၍ နာနတ်ခင်းစိုက်ပျိုးကြမည်ဆိုလျှင် စည်သွပ်ဘူးစက်အတွက် လိုအပ်သော အရေအတွက် (ကုန်ကြမ်း) ရနိုင်မည်ဖြစ်သည်။

စဝ်ကြာဆိုင်အနေဖြင့် အခြားသီးနှံများကိုလည်း သူ၏ယာမြေကလေးပေါ်တွင် စမ်းသပ်စိုက်ပျိုးခဲ့ဖူးသည်။ အထူးသဖြင့် ဂျင်းနှင့် ကော်ဖီဖြစ်သည်။ နှစ်မျိုးလုံး အလားအလာကောင်းသဖြင့် သူသည် စိုက်ပျိုးရေးဘက်သို့ ပြန်လှည့်ပြန်သည်။

သို့သော် သူ့အဓိကအာရုံမှာ သတ္တုတူးဖော်ရေးလုပ်ငန်း ဖြစ်သည်။ နှစ်ပေါင်းများစွာ သူပြင်ဆင်ထားသော ထိုင်းသတ္တုတွင်းကုမ္ပဏီသည် စတင်လည်ပတ်နိုင်လေသည်။ ဩစတြေးလျားဘူမိဗေဒပညာရှင်ကို ခေါ်ယူငှားရမ်းခဲ့သည်။ ထိုသူက ပြည်နယ်အစွန်အဖျားများအထိ ခြေလျင်သွားကာ အလားအလာရှိနိုင်သော သတ္တုရိုင်းမြေမှုန့်များကို လေ့လာခဲ့သည်။ ခဲနှင့်ငွေသတ္တုရိုင်းကြောကြီးကို 'ကလာကွေ့' ဒေသတွင် တွေ့ရှိကြောင်း ဆုံးဖြတ်ခဲ့သည်။ ပထမဆုံးသော သတ္တုရှာဖွေတွေ့ရှိမှုဖြစ်၏။ သတ္တုတူးဖော်ရန်နေရာက အဆင်သင့်ဖြစ်နေသည်။ တူးဖော်မည့်အဖွဲ့၊ လိုအပ်သော စက်ပစ္စည်းကိရိယာများကမူ မရောက်လာကြသေး လမ်းခရီးတွင် ရှိနေသည်။

စဝ်ကြာဆိုင်သည် အရဲစွန့်ပြီး သတ္တုတွင်းအလုပ်၊ လယ်ယာအလုပ်၊ ဆားထုတ်လုပ်ရေးအလုပ် စသည့်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းများကို လွတ်လွတ်လပ်လပ် လုပ်လိုက်ချင်သေးသည်။ သို့သော် ထိုအလုပ်များကို လွှန်ခဲ့သော နှစ်ပတ်က သူသည် သီပေါတွင်ထားခဲ့ရသည်။

× × ×

စဝ်ကြာဆိုင် မီးခိုးနံ့ရနေသည်။ သူ့အနေဖြင့် ဤသို့ မီးခိုးနံ့ရနေသည်မှာ စိတ်အထင်ကြောင့်ဖြစ်သည်ဟု ထင်လိုက်မိသေးသည်။ သူ့သတ္တုတွင်းနေရာများသို့သွားစဉ်က စခန်းများတွင် တစ်ညလုံးလောင်သည့်မီးအကြောင်းကို အမှတ်ရနေမိပြန်သည်။ သို့သော် မီးခိုးနံ့က ပို၍ပို၍ရလာသဖြင့် ဤအနီးအနားတဝိုက်တွင် မီးအကြီးအကျယ်လောင်နေသည်ဖြစ်ကြောင်း သိလိုက်ရသည်။ စဝ်ကြာဆိုင်အနေဖြင့် သီပေါတဝိုက်၌ မီးလောင်လျှင် မီးခိုးနံ့ရလိုက်သည်နှင့်ချက်ခြင်းပင် မီးလောင်ရာနေရာသို့ရောက်သွားပြီး မီးငြိမ်းသတ်ရန် အမြန်ဆောင်ရွက်သည်။

သူ့အနေဖြင့် မီးခိုးနံ့ကိုရနေကြောင်း သိနေသည်။ သူသည် သူ့အခန်းနံရံလေးဘက်ကို လှည့်ပတ်ကြည့်နေမိသည်။ ဝါးထရံကြားမှအပြင်ကိုလည်း ချောင်းကြည့်သည်။ မီးလောင်နေသောမြင်ကွင်းကို သူမမြင်ရချေ။ သို့သော် သူ့နှာခေါင်းကသာ အနံ့ရနေခြင်းဖြစ်သည်။ သူ့စိတ်ထဲသို့ ဝင်လာသောအတွေးတစ်ရပ်မှာ 'မြန်မာစစ်သားများက ရွာကို မီးရှို့နေကြပြန်ပြီလော' ဟူ၍ ဖြစ်သည်။ 'ရွာသူရွာသားများ ကံကောင်းကြပါစေ' ဟုသာ သူ့အနေဖြင့် ဆုတောင်းနေမိသည်။ ဥစ္စာဆွဲသံလည်း မကြားရ၊ လူတွေ ပြေးလွှားအော်ဟစ်သံလည်း မကြားရ၊ ထို့ကြောင့် အနီးအနားရွာကို မြန်မာစစ်သားများ မီးရှို့နေသော်လည်း ရွာသားများကို ရိုက်ပုတ်၍အသံမထွက်အောင် လုပ်ထားသည်များလား ဟူ၍လည်း တွေးနေမိသည်။

စဝ်ကြာဆိုင်၏စိတ်ထဲတွင် ထိုသို့သော အတွေးများဝင်လာသောအခါ ဒေါသထွက်လာသည်။ သီပေါနှင့် မဝေးသောနေရာရှိရွာများကို မြန်မာစစ်တပ်က မီးရှို့ခဲ့ဖူးသည်။ အိမ်ပေါင်း (၂၀၀) ကျော် မီးထဲပါသွားသည်။ စစ်သားများက ရွာများကို ဝိုင်းထားလိုက်ပြီး မီးတောက်မီးလျှံကြားမှ ငရဲသို့ပို့လေသည်။ ရွာသားပေါင်းများစွာကို နှိပ်စက်ညှင်းပမ်း သတ်ဖြတ်ခဲ့လေသည်ကို အသက်မသေဘဲ ကျန်ရစ်ခဲ့သူများက သူတို့စော်ဘွားကြီးအား လာပြောကြသည်။ မြန်မာစစ်တပ်က ရှမ်းသူပုန်များကို ရွာသူရွာသားများက ဆက်သွယ်သည်၊ သတင်းပေးသည်ဟု ဆိုပြီး ဤသို့ ပြုလုပ်ကြခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် သီပေါအနီး၌ အခြားအဖြစ်အပျက်တစ်ခုကလည်း ဖြစ်ပေါ်ခဲ့ပြန်သည်။ နမ္မတူ တံတား၏ ကမ်းနစ်ဖက်၊ သီပေါမြို့သို့ ဦးတည်နေသော လမ်းသုံးလမ်း၊ သီပေါမြို့ဘူတာရုံ စသည်တို့နှင့် သီပေါ တစ်ဝိုက်မှ တောင်များအားလုံးသည် စစ်ရေးအရ အရေးပါသောနေရာများဖြစ်၍ သတိထားရမည်ဟု မြန်မာစစ်တပ်က အာရုံထားနေကြသည်။ မြန်မာစစ်တပ်များသည် မဟာဗျူဟာအရ အရေးပါသောနေရာများ အားလုံးတွင် တပ်စွဲထားလိုက်သည်။ မြန်မာလေတပ်ကလည်း ရဟတ်ယာဉ်တစ်စင်း၊ စစ်လေယာဉ်ပျံ (၆) စင်းနှင့် သီပေါသို့ ရောက်လာသည်။ ထိုသို့သောသတင်းသည် ပျံ့နှံ့သွားသည်။ မြန်မာတပ်စိပ်တစ်စိပ်သည် သီပေါမြို့သို့ရောက်လာပြီး မြို့မြောက်ဘက်တွင် ပျက်ကျခဲ့သောလေယာဉ်ပျံကို ရှာကြသည်။ ထိုနေရာသည် ပလောင်တောင်ခြေတွင် ရှိ၏။ ပလောင်ရွာသားတစ်ဦးက လက်ဖက်ခူးပြီးအပြန်တွင် လေယာဉ်ပျက်ကိုတွေ့ခဲ့ကြောင်း သတင်းပို့လေသည်။

အမျိုးအမည်မသိသော လေယာဉ်ပျံများသည် ခပ်မြင့်မြင့်မှ မကြာခဏဖြတ်ပျံသန်းနေသောကြောင့် မြန်မာစစ်သားများသည် ထိတ်လန့်စိုးရိမ်နေခဲ့သည်။ ထိုလေယာဉ်များသည် အလွန်အဆင့်မြင့်ပြီး ထောက်လှမ်းရေးလုပ်သည်လည်း ဖြစ်နိုင်သည်။

စစ်သားများသည် လေယာဉ်ပျက်ကိုတွေ့သည်ဟု သတင်းပို့သော ပလောင်ရွာသားအား လမ်းပြအဖြစ်ခေါ်ပြီး လေယာဉ်ပျက်ကို နှစ်ရက်တိုင်တိုင် ရှာကြသည်။ သို့သော် လေယာဉ်ပျက်နှင့်ပတ်သက်၍ မည်သည့်သဲလွန်စမှ မတွေ့ကြချေ။ ထိုအခါ ပလောင်ရွာသားက သူသည် အိမ်အပြန်တွင် လေယာဉ်ပျက်သတင်းနှင့်ပတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံကာ ဇာတ်လမ်းဆင်၍ ပြောခဲ့ပါသည်ဟု ဝန်ခံလေသည်။ သူသည် လက်ဖက်များများ မရှုနိုင်ခဲ့သောကြောင့် ထိုလေယာဉ်ပျက်ကို သွားကြည့်နေရသဖြင့် လက်ဖက်မရှုနိုင်ခဲ့ကြောင်း အကြောင်းပြရန် ပြောခြင်းဖြစ်သည်ဟု ထွက်ဆိုသည်။ အလွန်ဒေါသထွက်နေသော မြန်မာစစ်ဗိုလ်သည် ဤကိစ္စအားလုံးနှင့် ပလောင်ရွာသား၏ကံကြမ္မာကို လုံးဝလျှို့ဝှက်ပိတ်ပင်ထားလိုက်သည်။ သို့ကြောင့် ထိုရွာသားကိုမြင်လည်း မမြင်ရတော့ချေ။ သူ့အကြောင်းလည်း မကြားရတော့ချေ။

၄

နောက်အပတ် အနည်းငယ်ကြာသောအခါ သီပေါတစ်ဝိုက်အနီးရှိ မဟာဗျူဟာကျသောနေရာများတွင် ရှိသော အစောင့်တပ်များ ဆုတ်ခွာသွားခဲ့လေသည်။

စဝ်ကြာဆိုင်သည် ဖြစ်ပျက်သမျှအားလုံးနှင့် မြန်မာစစ်တပ်၏ ပြစ်မှုကျူးလွန်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းများကို ရှမ်းပြည်နယ်ကောင်စီသို့ တင်ပြခဲ့သည်။ ရှမ်းပြည်နယ်ကောင်စီသည် စော်ဘွားများ တရားဝင်အာဏာစွန့်ပြီးကတည်းက တရားဝင်အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည်။ စဝ်ကြာဆိုင်သည် ထိုအဖွဲ့၏ (၆၆) ယောက်သော အရွေးချယ်ခံကိုယ်စားလှယ်များထဲမှ တစ်ယောက်ဖြစ်၏။ အားလုံးသော ကိုယ်စားလှယ်များတွင် သူ့ဒေသအလိုက် မြင်ရ ကြားရ သိရ၍ ခံစားရသောအကြောင်းများ အသီးသီး ရှိနေကြလေသည်။

သူ၏မျက်ကန်းတစ်ယောက်ကဲ့သို့ နိုင်ငံရေးအကြောင်းနှင့် စစ်တပ်၏အာဏာရှင်စနစ်ကို ဘာမျှမမြင်ခဲ့မှုအတွက် စဝ်ကြာဆိုင်က သူ့ကိုယ်သူ ကျိန်ဆဲနေမိသည်။

သူသည် မြန်မာစစ်သားများအကြောင်း သရုပ်မှန်ကို ပို၍ပင် သိထားခဲ့သူဖြစ်သည်။ သူ့အနေဖြင့် နေဝင်း၏ အာသီသအပေါ် သဘာဝကျကျဆုံးဖြတ်နိုင်လျက်နှင့် ယခုကဲ့သို့ အကျဉ်းသားတစ်ယောက်အဖြစ် မဖြစ်သင့်ချေ။ သူ့စိတ်တွင် သူ့မဟာဒေဝီနှင့် သမီးနှစ်ယောက်အတွက် ကြောက်ရွံ့စိုးရိမ်စိတ် ဖြစ်ပေါ်နေမိသည်။ သူ့အတွက်မူ မစိုးရိမ်ခဲ့ပါ။ သူ့ကို ညှင်းပမ်းနှိပ်စက်ပြီး သတ်ပစ်လျှင်ပင် သူမကြောက်ချေ။ သို့သော် သူ့စိတ်သည် မဟာဒေဝီသုစန္ဒီနှင့် သူ့သမီးနှစ်ယောက်၏ ဖြစ်နိုင်သောကံကြမ္မာဆီသို့ အတွေးရောက်သွားသောအခါ သူသည် စိတ်ဆိုး၍ဒေါသများ ထွက်လာသဖြင့် သူ၏မျှော်လင့်ချက်များ ပြိုပျက်သွားရလေသည်။

❑

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၆)

**အခန်း (၁၄)**

မဟာဒေဝီသုစန္ဒီသည် ကြမ်းပေါ်တွင် လမ်းလျှောက်နေရာမှ ရပ်လိုက်ပြီး-

"ဘယ်အချိန်မှာမှ ငြိမ်သက်တိတ်ဆိတ်ခြင်းကို ပုံမှန်မဟုတ်သည့် အသံတစ်ခုက ဖျက်ဆီးပစ်လိုက်မှာ ပါလိမ့်"

ဟု တွေးနေသည်။

လားရှိုးသို့သွားသော လေယာဉ်တို့သည် သီပေါမြို့ပေါ်မှ ပုံမှန်အချိန်အတိုင်း ပျံသန်းသွားသည်။ မောင်တော် စဝ်ကြာဆိုင် ယခုနေအိမ်ပြန်လာလျှင် အဘယ်မျှကောင်းမည်နည်းဟု မျှော်လင့်ချက်ရောင်ခြည်လေးကို သုစန္ဒီက ဆက်ပြီး မွေးထားသည်။ သို့သော်လည်း စဝ်ကြာဆိုင်သည် လေယာဉ်နှင့်ပါလာသည့်တိုင်အောင် သူ့အနေဖြင့် လေယာဉ်ကွင်းသို့ မသွားလျှင် တွေ့ရမည်မဟုတ်ချေ။ သူ့အနေဖြင့် ယခုအချိန်အထိ မောင်တော်စဝ်ကြာဆိုင်ကို ရန်သူများ မဖမ်းမိသေး၍ လိုက်လံရှာဖွေလျက်ပင်ရှိသည်ဟု အကောင်းဘက်မှ ပြောင်း၍တွေးလိုက်သည်။ ထိုအချိန် တွင် ဂျစ်ကားတစ်စီး ဟော်နန်းဝင်းအတွင်းသို့ ဝင်လာပြီး ဆင်ဝင်အောက်မှာ ရပ်လိုက်သည်ကို သိလိုက်ရ၏။

ကောလင်းအမည်ကို အော်ခေါ်နေသည့်အသံကို သုစန္ဒီအနေဖြင့် ရင်းရင်းနှီးနှီးမှတ်မိနေသည်။ ထိုအသံသည် သူနှင့် မစိမ်းလှပါ။

"ကျွန်တော်တို့ မဟာဒေဝီကို တွေ့ဖို့ရောက်နေတယ်လို့ ကျေးဇူးပြုပြီး ပြောပေးပါ။"

ဟူ၍ ကြားလိုက်ရသည်။ မြို့ခံဆရာဝန်နှင့် သူ့ဇနီးတို့သည် လာလေ့မရှိဘဲနှင့် လာရောက်ကြခြင်းဖြစ်သည်။

သူက ကောလင်းကို-

"ဒီအပ်နဲ့ ဆေးထိုးပြွန်တွေကို (၁၀ )မိနစ်လောက် သွားပြုတ်လိုက်ပါ"

ဟု အသံကျယ်ကျယ်ဖြင့် ပြောလိုက်ရာ ကောလင်းသည် အစောင့်အိမ်သို့ ထွက်သွားလေသည်။ ထိုအခါမှ ဒေါက်တာခင်အောင်နှင့် သူ့ဇနီးတို့သည် သုစန္ဒီနောက်မှ အိပ်ခန်းအတွင်းသို့ ဝင်လိုက်သွားကြပြီး-

"ဒီမှာစကားပြောလို့ရမလား"

ဟု မေးလိုက်သည်။

"ဟုတ်ကဲ့… ပြောနိုင်ပါတယ်။"

ဟု သုစန္ဒီက ပြန်ပြောလိုက်သည်။ ပြီးမှဆက်၍-

"ကျေးဇူးပြုပြီး ပြောပြစမ်းပါ။ ကျွန်မယောကျ်ားသတင်းမဟုတ်လား…"

www.burmeseclassic.com

www.burmeseclassic.com



ဟု တောင်းတောင်းပန်ပန်ဖြင့် မေးလိုက်သည်။ မမျှော်လင့်ဘဲ ရောက်လာကြသည့် ဧည့်သည်နှစ်ယောက်ကိုလည်း ထိုင်ခိုင်းလိုက်ပါသည်။ ဧည့်သည် ဒေါက်တာခင်အောင်က-

"ကျွန်တော် မဟာဒေဝီဆီကို ကြားတာတွေအားလုံး ပြောပြဖို့လာခဲ့တာပါ။ ဒီအိမ်သား မဟုတ်တဲ့ ကျွန်တော် တစ်ယောက်တည်းကိုသာ အပြင်ဂိတ်ပေါက်မှာစောင့်နေတဲ့ မြန်မာစစ်သားတွေက ဝင်ခွင့်ပေးတာပါ။ ဒီတော့ ကျွန်တော် ဒီမှာ ကြာကြာနေလို့ ရမှာမဟုတ်ဘူး။ နောက်ထပ်လည်း ဘယ်တော့မှ ပြန်လာနိုင်မှာမဟုတ်လို့ ကျွန်တော်ပြောသမျှတွေကို သေသေချာချာ နားထောင်စေချင်ပါတယ်။"

ဟု ပြောကာ ထိုင်ခုံအစွန်းတွင် ဝင်ထိုင်လိုက်သည်။ သူ့လက်နှစ်ဖက်ကို မေးစေ့အောက်တွင် ထောက်ထားပြီး စိုးရိမ်မှုများဖြင့် သူ့မျက်လုံးများက မဟာဒေဝီ၏မျက်နှာကို စူးစိုက်ကြည့်နေသည်။

"ဘာတွေဖြစ်နေတာလဲဆိုတာ ကျွမကို ပြောပြစမ်းပါ။"ဟု သုစန္ဒီက တောင်းပန်လိုက်ပြီး ဆက်လက်၍-

"ဘာဖြစ်လို့ ဗမာစစ်တပ်က မောင်တော်ကို ရှာရတာလဲ၊ နောက်ပြီး ကျွမကိုလည်း အိမ်မှာ ဘာဖြစ်လို့ အကျယ်ချုပ်နဲ့ထားတာလဲ"

ဟု ဆက်ခါ ဆက်ခါ မေးလိုက်သည်။

"တွေ့လား ကိုယ်မှန်တယ်"

ဒေါက်တာခင်အောင်က သူ့မိန်းမဘက်သို့လှည့်၍ ပြောလိုက်ခြင်းဖြစ်သည်။ ပြီးနောက်သူသည် သုစန္ဒီဘက်သို့ ပြန်လှည့်ပြီး-

"မဟာဒေဝီ ဘာတွေဖြစ်နေတယ်ဆိုတာ တကယ်မသိဘူးလား။ ဒီမနက်ပဲ ဗိုလ်ချုပ်နေဝင်း ဦးဆောင်တဲ့ စစ်တပ်က အာဏာသိမ်းလိုက်ပြီး အစိုးရအုပ်ချုပ်ရေးပိုင်းက လူကြီးတွေအားလုံးကို ဖမ်းလိုက်တယ်။ မာရှယ်လော လည်း ထုတ်ထားတယ်လေ။"

"ဟင့်အင်း… ဒါဟာ မဖြစ်နိုင်ဘူး"

ဟု သုစန္ဒီကပြော၍ ထရပ်လိုက်သည်။ ထို့နောက်-

"သေချာလို့လား ဒေါက်တာရယ်"

"ဟုတ်ပါတယ်၊ မဟာဒေဝီ၊ ကျွန်တော်ပြောတာ လုံးဝကို သေချာပါတယ်။ ဒါကြောင့်မို့ မဟာဒေဝီအတွက် ကိုရော၊ ကျွန်တော်တို့အတွက်နဲ့ တိုင်းပြည်အတွက်ပါ သိပ်ပြီး စိုးရိမ်နေမိပါတယ်။"

"ဒါနဲ့… ကျွမမောင်တော်အကြောင်း ဘာသိလဲ"

မဟာဒေဝီသုစန္ဒီသည် ဒေါက်တာခင်အောင်ရှေ့တွင် ရပ်လျက်ရှိနေသေးသည်။ ဒေါက်တာ့မိန်းမကမူ သုစန္ဒီ၏ပခုံးကို သိုင်းဖက်၍ဆွဲချကာ ဆိုဖာပေါ် အထိုင်ခိုင်းရသည်။ ဒေါက်တာခင်အောင်က-

"စော်ဘွားကြီးကို ရန်ကုန်မှာ ရှာမတွေ့ကြဘူး၊ ဂျင်မီယန်းအိမ်ကိုတောင် သွားရှာကြသေးတယ်တဲ့၊ ကျွန်တော် သေချာပေါက်ထင်တာက သူရန်ကုန်ကနေ ထွက်သွားပြီလို့ပဲ။ မဟာဒေဝီက အခု သိပ်သတိထားနေရတော့မယ်။ အခုအခြေအနေတွေက သိပ်ရှုပ်ထွေးနေချိန်ဆိုတော့ မြန်မာစစ်သားတွေက ဘာမဆိုလုပ်နိုင်တယ်၊ အားလုံးက မဟာဒေဝီကိုပဲ အားကိုးနေကြရတာဆိုတော့၊ ကလေးတွေအတွက် ထည့်စဉ်းစားပါ။ ဘယ်အချိန်ပဲဖြစ်ဖြစ် ကျွန်တော် ကြိုးစားပြီး လာကြည့်ပါ့မယ်"

ဟု ပြောလိုက်သည်။

မိုးအေးက ပြုတ်ထားသော ဆေးထိုးအပ်၊ ဆေးထိုးပြွန်တို့နှင့်အတူ အပြင်တွင်စောင့်နေသည်။ သူ့အနေဖြင့် ဒေါက်တာခင်အောင်က ဆေးထိုးအပ်နှင့် ဆေးထိုးပြွန်များကို အသုံးမပြုဘဲ အိတ်ထဲပြန်ထည့်လိုက်သည်ကို မြင်သော်လည်း မအံ့သြချေ။ သူက ဒေါက်တာ၏ဆေးအိတ်ကို ဂျစ်ကားဆီ သယ်သွားဖို့လုပ်သည်။ သို့သော် ဒေါက်တာက မိုးအေးကို သုစန္ဒီနှင့်သာနေခိုင်းပြီး တစ်ယောက်တည်းမထားရန် မှာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သုစန္ဒီသည် ဆိုဖာပေါ်တွင် ထိုင်လျက်ရှိနေသည်။ သူ့မျက်လုံးများသည် မျက်နှာကျက်ပေါ်မှ တောက်တဲ့ကိုသာ စိုက်ကြည့်နေသည်။ တောက်တဲ့သည် သူ့အစာပိုးကောင်းများကို ဖမ်းရန်စောင့်နေသည်။ သုစန္ဒီ၏အတွေးများက အဝေးသို့ရောက်သွားပြန်သည်။ သူ့မောင်တော်နှင့် အဆက်အသွယ်ရရန် စိတ်ကူး၍ ကြိုးစားကြည့်လိုက်သည်။ ယခုချိန်ထိ မောင်တော်မည်သည့်နေရာသို့ ရောက်နေသည်ကို မသိရပါ။ သို့သော် သူ့အနေဖြင့် သူ့မောင်တော် အသက်ရှင်လျက်ရှိနေသည်ကို အလိုလိုသိနေသည်။ သို့ကြောင့် မောင်တော် လွတ်မြောက်နေပါစေဟု သူက မျှော်လင့်နေမိသည်။ ဖြစ်နိုင်သည်ကို တွေးကြည့်လျှင် သူ့မောင်တော်သည် ယခုလမ်းပေါ်မှာ ရောက်နေသည်လည်း ဖြစ်နိုင်သည်။ မောင်တော့်ထံလာပြီး ခေါင်းဆောင်လုပ်ပေးရန်ပြောသော ရှမ်းတော်လှန်ရေးအဖွဲ့မှ နူးစောက်ဟန် ထံ ပူးပေါင်းဖို့ သွားနေပြီလား။ စဝ်ကြာဆိုင်အနေဖြင့် နူးစောက်ဟန်ကို တစ်ခါမက နှင်လွှတ်ခဲ့ဖူးသည်။ သူတို့ ခေါင်းဆောင်လုပ်ရန်လည်း ငြင်းဆိုခဲ့သည်။ ရှမ်းပြည်၏နစ်နာချက်များရရှိရန် အခွင့်အရေးများကို လက်နက်မကိုင်ဘဲ လွှတ်တော်တွင် တရားနည်းလမ်းကျကျ တောင်းဆိုပေးမည်ဟု ပြောခဲ့ဖူးလေသည်။

သုစန္ဒီသည် သူ့အနေဖြင့် ငြိမ်ငြိမ်သက်သက်နေရမည်ကို သိသည်။ သူ့အနေဖြင့် သူတို့ထံလာသည့် တရားပြဆရာတော်များ၏ တော်သောကျောင်းသားတစ်ယောက် ဖြစ်ခဲ့ချင်မိသည်။

“စဝ်မယ်… စဝ်မယ်”

ဟော်နန်းရှေ့ ကျုံးထိပ်မှ ကျောင်းကပြန်လာသော သူ့သမီးတော်များခေါ်သံကို ကြားလိုက်သည်။ သုစန္ဒီသည် ကလေးများရှေ့တွင် သူ့အနေဖြင့် အတည်ငြိမ်ဆုံး နေပြရမည်ကိုသိသည်။ သူသည် လက်နှစ်ဖက်ကို ဆန့်ထုတ်၍ သူ့သမီးတော်လေးကို ပွေ့ဖက်လိုက်သည်။

“စဝ်မယ်… ရေကူးသွားချင်တယ်”

မာယာရီက သူ့မယ်တော်ကို ရှမ်းလို ပြောလိုက်သည်။ သုစန္ဒီသည် သမီး၏တိုက်တွန်းပြောနေသံကြား လိုက်ရသောကြောင့် သူ့အနေဖြင့် စိတ်သက်သာရာ ရသွားလေသည်။ ရေကူးကန်ထဲတွင် သူတို့မိသားစု ကစားကြရန် ရေကူးကန်ဒီဇိုင်းကို သူ့မောင်တော်ကိုယ်တိုင်ရေးဆွဲပြီး တည်ဆောက်ခဲ့သည်။ ယခု သုစန္ဒီအတွက် တကယ်ပင် တင်းကျပ်နေသောစိတ်များကို ဖယ်ရှားပစ်ရန်နှင့် အချိန်တွေကုန်လွန်သွားရန် လိုအပ်နေပြီ ဖြစ်သည်။ နွေခင်းက အဖြစ်ကြောင့် ကလေးများက စိုးရိမ်ထိတ်လန့်မှုမပြကြချေ။ ဟော်နန်းအဝင်ဂိတ်ရှိ အစောင့်များ၏ ယူနီဖောင်း ပြောင်းနေပုံကို မာယာရီက သတိပြုမိပုံမရချေ။ ကလေးနှစ်ယောက်လုံးသည် သူတို့ခမည်းတော် ဟော်နန်းမှ အပတ်ပေါင်းများစွာ ခွဲခွာပြီး ရန်ကုန်နှင့် တောင်ကြီးမြို့များတွင် အစည်းအဝေးများ သွားတက်နေရသည်ကို သိသည်။ သူတို့အနေဖြင့် ကျင့်သားရနေကြလေပြီ။

သမီးတော်လေးနှစ်ယောက် ကုတင်ပေါ်၌ သူတို့ခမည်းတော်အိပ်သည့်ဘက်တွင် အိပ်မောကျနေသော အခါမှ သုစန္ဒီကကြည့်ပြီး တွေးမိလေသည်။ တွေးမိသည့်အကြောင်းမှာ ဗေဒင်ဆရာများ၏ ဖေဖော်ဝါရီလမှ သတိပေးချက်ကို ဖြစ်သည်။ သူတို့က ဂြိုဟ်ဆိုးပေါ်ကျရောက်နေပြီး အန္တရာယ်ကျရောက်မည့် အရိပ်လက္ခဏာ များကို မြင်သည်ဟု ဆိုသည်။ ထိုဂြိုဟ်ဆိုးမျိုးသည် ဘီစီ (၃၀၀၀) တွင်မှ တစ်ခါ ကျရောက်နိုင်သည်။ ထို့ကြောင့် ကြီးမားသောကပ်ဆိုးကြီး ကျရောက်မည်ဖြစ်၍ တစ်တိုင်းပြည်လုံး ဆုတောင်းပေးကြရသည်။ ဖေဖော်ဝါရီလ ကုန်သွားသောအခါမှ ဂြိုဟ်ဆိုးမှ လွန်မြောက်၍ လူတိုင်း အသက်ရှူချောင်သွားရသည် ဟုဆိုသည်။ လူတိုင်း ဆုတောင်းသည့်အတွက် ဤကဲ့သို့ လွတ်မြောက်သည်ဟု အခိုင်အမာ ယုံကြည်သွားကြလေသည်။

လွန်ခဲ့သည့်နှစ်ပတ်က ဟော်နန်းသို့ ကျောက်မဲမှလာသော ယူနန်တရုတ်အဖွဲ့သည် နှစ်သစ်ကူးအတွက် တစ်နှစ်လုံး ကံကောင်းကြစေရန်၊ ဘေးရန်အပေါင်းမှ ကင်းဝေးကြစေရန်၊ နဂါးရုပ်ကြီးဖြင့် လာရောက်ကပြ ဆုတောင်းခဲ့ကြသည်။ သူတို့ကလည်း ရှေ့နှစ်တွင်ကျရောက်မည့် ကပ်ဆိုးကြီးအတွက် စိုးရိမ်ပူပန်ခဲ့ကြသည်။ လူငယ် (၁၄) ယောက် ဝင်ကသော နဂါးရုပ်ကြီးနှင့် အမျိုးသမီးငယ်လေးများ သရုပ်ဆောင်သော ရှေ့ သက်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



သည့်သတ္တဝါရုပ်များသည် ဟော်နန်းရှေ့မှ မြက်ခင်းပေါ်တွင် ကခဲ့ကြသည်။ သူတို့က မကောင်းသောဂြိုဟ်ဆိုးနှင့် မကောင်းသောဝိဉာဉ်များကို မောင်းထုတ်ပေးကြသည်ဟု ဆိုသည်။ ပွဲကြည့်ပရိသတ်သည် နဂါးကြီးက သူ၏ ခန္ဓာကိုယ်ကိုလှည့်ပတ်ပြီး သူ့မျက်နှာရှေ့မှ မြူဆွယ်နေသော ကမ္ဘာလုံးပုံသဏ္ဌာန်နောက်သို့ လိုက်ကနေသည်ကို အညို့ခံရသကဲ့သို့ စောင့်ကြည့်နေကြသည်။ ကြောက်စရာကောင်းသော နဂါးကြီးသည် လှည့်ပတ်ပြေးနေသည်။ သူ့နောက်မှ လူတန်းကြီးကလည်း သူ့အနီရောင်ကိုယ်လုံးကြီးအောက်မှာ ပြေးလိုက်နေကြသည်။ ကလေးများက ထိုအံ့သြဘွယ်ရာ ကမ္ဘာလုံးပုံကြီးကို စူးစိုက်ကြည့်နေကြသည်။ ထိုနောက် ထိုကမ္ဘာလုံးကြီးပွင့်လာပြီး အထဲမှ မီးရောင်တောက်နေသော ဆံပင်များနှင့် လှပလှသော အမျိုးသမီးတစ်ယောက် ထွက်လာသည်။ ထိုအမျိုးသမီးသည် ကမ္ဘာလုံးသဏ္ဌာန် 'ဉ'ပုံထဲတွင် ဘေးကင်းလုံခြုံစွာ နေထိုင်ရပုံရသည်။ သုစန္ဒီကလည်း သူနှင့် သူ၏မိသားစုကို အန္တရာယ်အပေါင်းမှကာကွယ်ရန် ထိုကမ္ဘာလုံးထဲတွင် နေချင်မိလေသည်။ သူ့အနေဖြင့် ပထမဆုံး သီပေါဟော်နန်းသို့ ရောက်ကတည်းကပင် လုံခြုံစွာနေထိုင်ခဲ့ရသော အနောက်တိုင်းသူဘဝနှင့် ဝေးလေပြီဟု သိခဲ့ရပါသည်။

ထိုသို့ တွေးနေစဉ် သူ့သမီးတော်နှစ်ယောက်မှာ အိပ်မောကျသွားလေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၇)

နောက်တနေ့နံနက်တွင် သုစန္ဒီ အိပ်ယာမှနိုးလာသောအခါ မနေ့ကဖြစ်ပျက်ခဲ့သည့် အဖြစ်များကို အိမ်မက်ဆိုးများသာ ဖြစ်ပါစေတော့ဟု သူ့အနေနှင့် ထင်လိုက်ချင်သည်။ သို့သော် အိမ်မက်ဆိုးများကို ဆက်မက်နေရသေးသည်။ ကောလင်းရောက်လာသောအခါ သူ့အပေါ်ထပ်မှာပင် ရှိနေသည်။

"စဝ်မယ်… မြန်မာစစ်တပ်က ဒုဗိုလ်တစ်ယောက်နဲ့ သူ့လူများက ကျွန်တော်တို့ ဟော်နန်းတယ်လီဖုန်းကို လာဖြုတ်သိမ်းယူသွားတယ်။"

ဟု ကောလင်းက သူ့သခင်မကို လျှောက်တင်လိုက်သောအခါ-

"သူတို့နဲ့ ငြင်းခုံမနေနဲ့ ဒီကိစ္စကို သူတို့ဗိုလ်မှူးကြီးဆီ ငါသွားပြောလိုက်မယ်။"

သုစန္ဒီအနေဖြင့် တည်ငြိမ်စွာ ပြောလိုက်ရသော်လည်း သူ့စိတ်ထဲတွင် တစ်ဖက်မှ သတိပေးသံ စတင်မည်လာပြီ။ သူတို့က အရှေ့ဟော်နန်းကို အကျဉ်းထောင်အသွင် ပြောင်းလဲနေပုံရသည်။ ခဏအကြာတွင် ထမင်းချက်မေတ္တာသည် ဈေးမှစက်ဘီးဖြင့် ပြန်လာသည်။ မြန်မာစစ်သားများက သူ့ဈေးခြင်းတောင်းကို ရှာသည့်အပြင် သူနှင့်အတူ ဈေးခေါ်သွားသည့် သူ့သမီးလေးပါ အရှာခံရသည်ဟု လျှောက်ထားလိုက်သည်။ သူ့အနေဖြင့် ဟော်နန်းအတွင်းသို့ ဝင်လာရခြင်းအတွက် ရှာဖွေပုံစံအပေါ်တွင် လက်မှတ်ရေးထိုးရကြောင်း၊ ဟော်နန်းအတွင်း ဝင်သူရော ထွက်သူပါ လက်မှတ်ထိုးပြီး ဝင်ထွက်ရကြောင်းတို့ကိုလည်း လျှောက်တင်လိုက်သည်။

စာပို့သမားကလည်း သူ့မှာပါလာသည့် စံအိမ်တော်အတွက် စာများအားလုံးကို ဂိတ်ဝအစောင့်များထံ ချပြရကြောင်း၊ များပြားလှသည့်စာများကို အစောင့်က သူ့အထက်သို့ ပို့ပေးရမည်ဟုပြောကြောင်း လာလျှောက်ထားသည်။

သုစန္ဒီက စမ်းသပ်သည့်သဘောအနေဖြင့် သူ့မောင်တော်ထံ စာတစ်စောင်ရေး၍ ကောလင်းအားစာတိုက်သို့ သွားပို့ခိုင်းလိုက်ရာ ထိုစာကိုလည်း ဂိတ်ဝက သိမ်းယူလိုက်ပါသည်။

သို့ဆိုရကား မောင်တော်စဝ်ကြာဆိုင်ထံမှ လာမည့်စာများသည်လည်း ဂိတ်ဝမှဖြတ်လာရမည်ဖြစ်၍ သူ့မျှော်လင့်ချက်များ ပျက်ပြုန်းကုန်ရလေသည်။ မောင်တော်အနေဖြင့် နည်းလမ်းရှာကြံပြီး သူ့ထံ စာပို့မှာပါဟု သူ့ကိုယ်သူအားပေးလိုက်ရသည်။

သုစန္ဒီက ဟော်နန်းမှ အစေခံများနှင့် အဖမ်းခံထားရသော အစေအပါးတို့၏ မိန်းမများအားလုံးကို ခေါ်လိုက်သည်။

"အားလုံးသိကြတဲ့အတိုင်း… မနေ့ကစပြီး အပြောင်းအလဲတွေ ဖြစ်သွားပြီ၊ မြန်မာစစ်သားတွေ ဒီဟော်နန်း

www.burmeseclassic.com

www.burmeseclassic.com



ကို သိမ်းလိုက်ပြီ၊ မင်းတို့စော်ဘွားလည်း မရှိဘူး။ သခင်မလည်း အခုအိမ်မှာ အကျယ်ချုပ်နဲ့ နေရတယ်။ ဒါကြောင့် တကယ်လို့များ မင်းတို့သခင်မနဲ့ အတူနေကြမယ်ဆိုရင် မင်းတို့ဟာ မြန်မာစစ်သားတွေ စော်ကားတာကိုခံကြရမယ်။ ဒီလိုဆိုရင် မင်းတို့ရဲ့အဆက်အသွယ်တွေလည်း မင်းတို့ဆီလာကြဖို့ ကြောက်ရွံ့နေကြလိမ့်မယ်။ မင်းတို့ဒီမှာ အလုပ်လုပ်ကြတာတော့ ကောင်းပါတယ်။ ဒါပေမယ့် မင်းတို့လွတ်လွတ်လပ်လပ် သွားချင်ရာသွားလို့ရတယ်။ မင်းတို့ထဲက တစ်ယောက်ပဲဖြစ်ဖြစ် အားလုံးပဲဖြစ်ဖြစ် သွားချင်ရာသွားဖို့ ငါခွင့်ပြုတယ်။ တစ်ခြားမှာ အလုပ်ရှာချင်ရှာဖို့လည်း ငါခွင့်ပြုတယ်။ အဖမ်းခံထားရတဲ့ လင်ယောကျ်ားတွေအတွက် လခကို စိတ်မပူကြပါနဲ့။ သူတို့ ဘယ်ကိုပဲ ရောက်နေနေ သူတို့လခကိုတော့ ဆိုင်ရာက ပေးနေမှာပဲ။"

ဟု မိန့်ခွန်းပြောလိုက်သောအခါ အားလုံးငြိမ်သက်သွားကြသည်။ ကောလင်းတစ်ယောက်သာ ထရပ်ပြီး-

"ကျွန်တော်တော့ စဝ်မယ်နဲ့အတူ နေပါ့မယ်။"

"မင်းငါနဲ့အတူနေရင် မင်းပါ အဖမ်းခံရနိုင်တယ်ဆိုတာ စဉ်းစားမိရဲ့လား"

"ကျွန်တော် သူတို့ကို မကြောက်ပါဘူး။"

ဟု ကောလင်းက တိုတိုပြတ်ပြတ် ထပြောလိုက်သည်။ ထိုနောက် မိုးအေး၊ နဲနဲ၊ မေတ္တာ၊ ဥယျာဉ်မှူး အဲစိန်၊ ကိုပါစောနှင့် ကျန်သူတို့ကပါ သူတို့၏သခင်မနှင့်အတူနေရန် ဆန္ဒရှိကြောင်း ပြောကြသည်။ ဘကုန်း၏ဇနီးက သူတို့အားလုံး မည်သို့သောအနေအထားမှာပင်ဖြစ်စေ သခင်မအပေါ် ရိုကျိုးနေကြမည်ဖြစ်ကြောင်းနှင့် အားလုံးသည် သူတို့၏ဘဝကို သခင်မလက်ထဲတွင်ပင် အပ်နှံထားလိုကြောင်း ပြောလိုက်သည်။ ထိုစကားကို ကြားလိုက်ရသောအခါ သုစန္ဒီအနေဖြင့် စိတ်ထဲတွင် ခံစားလိုက်ရသည့်အပြင် အစေအပါးအားလုံး၏ သစ္စာရှိမှုအတွက်လည်း အားရှိသွားသည်။ သို့ဖြစ်ရကား သူ့အနေဖြင့် သူတို့အားလုံး၏တာဝန်သည် သူ့အပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်နေသည်ကို သိလိုက်သည်။ သူ့အပေါ် ဆက်လက်ရိုကျိုးသစ္စာရှိမည့် အရှေ့ဟော်မှအစေအပါးများအတွက် ထောက်ပံ့ရန် လိုအပ်ပါက တစ်နှစ်စာ ငွေကြေးရှိသေးသည်ကို သိရ၍ ဝမ်းသာသွားသည်။

ထိုသို့ပြောပြီး အစေအပါးအားလုံး ထွက်ခွာသွားကြသောအခါ သူ့အနေဖြင့် တစ်ယောက်တည်း အထီးကျန်စွာ နေခဲ့ရသဖြင့် ဧည့်သည်များလာရန်ကိုလည်း မျှော်သည်၊ စာလာရန်ကိုလည်း မျှော်သည်။ မောင်တော်စဝ်ကြာဆိုင်၏ သတင်းရောက်လာမည်ကိုလည်း မျှော်သည်။ အချိန်နာရီသာ ပုံမှန်လည်ပတ်၍ ကုန်သွားသည်။ မည်သူ၊ မည်သည့်စာ၊ မည်သည့်သတင်းမှ ရောက်မလာပါ။


နောက်နေ့များတွင် ဧည့်သည်တွေလာသော်လည်း ထိုသူတို့မှာ သုစန္ဒီမျှော်လင့်ထားသူများ မဟုတ်ပါ။ သို့သော် နောက်ထပ်မြန်မာစစ်သားစုများ ဟော်နန်းသို့ ရောက်လာကြ၏။ ဘုရားကျောင်း၊ ရေစက်ထားရာ အဆောက်အဦး၊ အင်္ဂတေသွားလမ်းနှင့် ရေကူးကန်တို့တွင် ပိုက်စိပ်တိုက် ရှာဖွေကြသည်။ ဘုရားကျောင်းခေါင်မိုးပေါ်မှ ကျည်ဆံခွံတစ်တောင့်သာ တွေ့ရှိကြသည်။ ထိုကျည်ဆံခွံလေးမှာ ဒုတိယကမ္ဘာစစ်အတွင်းမှ ဖြစ်ဟန်တူသည်။ မသေချာမရေရာသော စိုးရိမ်မှုများဖြင့် မဆုံးနိုင်သည့် လေးရက်လုံးလုံး ကုန်ဆုံးသွားသောအခါ သုစန္ဒီအနေဖြင့် ကြာကြာဆက်စောင့်မနေသင့်တော့ကြောင်း ဆုံးဖြတ်ချက်ချလိုက်သည်။ သမီးတော်လေးများ ကျောင်းသွားပြီး နာရီအနည်းငယ်အကြာတွင် ဟော်နန်းမှ ကားမောင်းထွက်ရန်လုပ်သည်။ ကလေးများ အိမ်မှာရှိလျှင် သူတို့အမေကို မျက်စိအောက်မှ အပျောက်မခံဘဲ ရှိတတ်သည်။ သူတို့ကြောက်မနေအောင်လည်း နေပြရသေးသည်။ ကားမောင်းသူ ဒရိုင်ဘာ အဖမ်းခံရပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဟော်နန်းမှ ထွက်လာခဲ့ခြင်း ဖြစ်သည်။ မာစီးဒီကားကို ကားရုံမှထုတ်ပြီးနောက် သူသည် မိုးအေးကို အတူအဖော်လိုက်ပေးရန် ခေါ်သည်။ (၂၄) မိုင်ဝေးသော ကျောက်မဲမှ ညွှန်ကြားရေးမိုလ်မှူးကြီးထံ သွားရန်ဖြစ်သည်။

"စဝ်မယ်ကို ဟော်နန်းက ထွက်ခွင့်ပြုမယ် မထင်ဘူး"

ဟု မိုးအေးက ထောက်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟော်နန်းဂိတ်ဝမှ အစောင့်များနေသည့် တဲ

"ငါ ဂရုမစိုက်ဘူး၊ သွားကို သွားရမယ်။ သွားပြီးတော့ မောင်တော်ဘယ်မှာရှိတယ်ဆိုတာ စုံစမ်းရမယ်။ သူတို့အနေနဲ့ငါ့ကို ဘယ်လိုမှ တားလို့မရဘူး။"

ဟု ပြောလိုက်ရာ မိုးအေးက-

"သူတို့ပစ်လိမ့်မယ်"

ဟု ပြန်ပြောသည်။

"ငါတို့ လုပ်ကြည့်ရမှာပဲ၊ ဘာလို့မရ ရမှာလဲ၊ ငါနဲ့အတူ မလိုက်နိုင်ဘူးလား မိုးအေး၊ ဒီလိုဆိုရင် ငါတစ်ယောက်တည်းသွားမယ်။"

"ကျွန်မအတွက် မကြောက်ပါဘူး၊ စဝ်မယ်အတွက် ကြောက်တာပါ။"

ဟု မိုးအေးက ပြန်ပြောလိုက်သည်။

"ဒါဆို… သွားစို့"

ထိုအချိန်တွင် ကောလင်းနှင့် နဲနဲတို့ ပြေးထွက်လာကြပြီး၊ သုစန္ဒီကို တားကြလေသည်။ သို့သော် သုစန္ဒီသည် လေးလံသောကားမည်းကြီး ဖွတ်မောင်းထွက်လာခဲ့သည်။ မိုးအေးက ကားနောက်ခုံတွင် ထိုင်လိုက်လာသည်။ သုစန္ဒီသည် ဂိတ်ဝအစောင့်စစ်သား (၆) ယောက်ရှိရာသို့ မောင်းထွက်ခဲ့ပြီး ရပ်လိုက်သည်။

တာဝန်ကျ မြန်မာစစ်သားတပ်ကြပ်တစ်ယောက် ပြေးထွက်လာပြီး ကားပြတင်းပေါက်နားတွင် လာရပ်၍

"ဟော်နန်းဝင်းအတွင်းမှ ဘယ်ကိုမျှ မဟာဒေဝီကို ထွက်ခွင့်မပြုရဘူးလို့ အမိန့်ထုတ်ထားပါတယ်"

"ဟော့… ငါ ဗိုလ်မှူးကြီးထွန်းအုံကို ကျောက်မဲမှာ သွားတွေ့မလို့၊ ပြီးတော့ သူ့ကိုယ်လည်း ဒီအကြောင်းတွေ ငါပြောပြလိုက်ပါ့မယ်။"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အမိန့်အရ ပြောနေတာပါ။ မဟာဒေဝီဆက်သွားမယ်ဆိုရင် ပစ်ရပါလိမ့်မယ်"

ဟု အော်ပြောလိုက်သည်။

"ကောင်းပြီလေ… ပစ်စမ်း"

ဟု သုစန္ဒီပြန်အော်လိုက်ပြီး ကား၏လီဗာပေါ် ခြေထောက်ကို ဖိနင်းလိုက်ရာ အံ့အားသင့် မှင်တက်မိနေသော စစ်သားများဘေးမှ ကားက တစ်ရှိန်ထိုးထွက်သွားသည်။ သူတို့ မပစ်ရဲကြပါ။

(၂၄) မိုင်သာ ဝေးသော ကျောက်မဲကို မရောက်နိုင်ဟု ထင်နေမိသည်။ ပထမဆုံးထွက်လာသော ဤခရီးတွင် သုစန္ဒီနှင့် မိုးအေးတို့သည် တစ်ယောက်ကိုတစ်ယောက် စကားတစ်လုံးမှပင် မပြောကြချေ။ တောထဲမှ ဖြတ်မောင်းသွားသောအခါ ဓားပြများ၊ မြန်မာစစ်သားများ၊ ရှမ်းသူပုန်များနှင့် ရင်ဆိုင်တွေ့ရမည်လားဟု စိုးရိမ်နေရသည်။ သို့သော် လမ်းတွင် နွားလှည်းအချို့၊ ဘတ်စ်ကားအချို့၊ လမ်းပေါ်ဖြတ်ပြေးလာသော တောကြက်တစ်ကောင်၊ နှစ်ကောင်နှင့်သာ ဆုံရသည်။ အလွန်ကြီးမားသော လင်းတအုပ်ကြီးကလည်း အစာရှာဖွေရင်း ပျံဝဲနေကြသည်ကိုသာ တွေ့ရသည်။ တောကလည်း စိမ်းစိမ်းမို့မို့ ညို့ညို့ဆိုင်းဆိုင်း ဖြစ်လာသည်။

လမ်းဘေးဝဲယာတစ်လျှောက်တွင် ကျွန်းတောများကိုတွေ့ရသည်။ မြေပေါ်တွင် ကျွန်းရွက်၊ အင်ရွက်ခြောက်များ ကြွေကျနေသည်။ တောသည် စိမ့်အေးနေ၏။ သုစန္ဒီအနေဖြင့် ဟော်နန်းတွင် ပထမဆုံးလာရာစဉ်က မြင်လိုက်ရဘူးသော ဗိုလ်မှူးကြီးကို အမှတ်ရလိုက်သည်။ ထိုဗိုလ်မှူးကြီးနှင့် ပတ်သက်၍တွေးကြည့်ရင်း သူ့စိတ်များပြေးလွှားနေသည်။ သူနှင့် ဗိုလ်မှူးကြီးတို့ အဆင်ပြေမှပြေပါ့မည်လားဟုလည်း စိုးရိမ်နေခြင်း ဖြစ်သည်။

"စဝ်မယ်… ကျေးဇူးပြုပြီး ပြန်လှည့်ပါလား။ ကျွန်မ တောင်းပန်ပါတယ်။"

ဆိုသောအသံဖြင့် မိုးအေးက တိတ်ဆိတ်နေခြင်းကို ဖြိုခွဲလိုက်သည်။

"ဘာဖြစ်လို့လဲ… နင်နေမကောင်းဘူးလား"

ဟု ပြောရင်း သုစန္ဒီသည် ကားအရှိန်ကိုလျှော့၍ မိုးအေးဘက်လှည့်ကြည့်လိုက်သည်။

"ကျွန်မ နေကောင်းပါတယ်။ ဒါပေမယ့် ကြောက်နေတယ်။"

"ဘာကို ကြောက်တာလဲ မိုးအေးရဲ့"

"သူတို့ ကျွန်မတို့ကို ပစ်မှာကို ကြောက်တာ"

ဟု မိုးအေး ပြောသည်။ ထိုအခါ သုစန္ဒီက-

"အေး… ငါလည်း သံသယရှိတာပဲ၊ အဝင်အစောင့်ပေါက်က စစ်သားတွေ မပစ်တာ၊ သူတို့မှာ အကြောင်းတစ်ခုခု ရှိမယ်။"

သုစန္ဒီကြိုးစားပြီး အသံကိုနှိမ့်၍ သဘောပေါက်အောင် ပြောလိုက်သည်။ သူတို့ကား ကျောက်မဲနှင့် နီးလာသောအခါတွင် သုစန္ဒီ၏စိတ်ထဲ၌ စိုးရိမ်စိတ်များ တစ်ဟုန်ထိုးတက်လာပြီး၊ သူ့လုပ်ဆောင်ချက်များ မှန် မမှန်ကို သံသယဖြစ်လာမိလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၈)

ကြောက်ကြောက်ရွံ့ရွံ့နှင့် တောင်းပန်နေသော မိုးအေး၏စကားများကြောင့် သုစန္ဒီကို သံသယတိုးပွားလာစေသည်။ သို့သော် သူ့အနေဖြင့် ကားကို ပြန်မလှည့်နိုင်တော့ပါ။ အကယ်၍ သူတစ်ယောက်တည်း ဖြစ်နေစေကာမူ သူ့အစီအစဉ်အတိုင်း ဆက်လုပ်သွားမည်သာ ဖြစ်သည်။ သုစန္ဒီက-

"ငါ ဗိုလ်မှူးကြီးနဲ့ သွားတွေ့ရမှာပဲ၊ ဒီတော့ မိုးအေးက ကော်ဖီဆိုင်မှာ စောင့်နေပေးပါ။"

ဟု ပြောလိုက်သောအခါ-

"ဒီလိုမလုပ်ပါနဲ့ စဝ်မယ်ရယ်၊ ကျမ စဝ်မယ်နဲ့အတူ နေချင်ပါတယ်။ ကျမကတော့ စဝ်မယ်အတွက် စိုးရိမ်လွန်းလို့ ပြန်လှည့်စေချင်တာပဲ"

မိုးအေးသည် သူ့လည်ပင်းမှ ပုတီးကိုဖြုတ်၍ ပုတီးစိပ်ရင်း ပြောလိုက်သည်။ သူက ဘုရားစာများလည်း ရွတ်ခါ သူ့စိတ်ကို တည်ငြိမ်အောင်လုပ်နေပုံရသည်။ သူတို့ကားသည် ကျောက်မဲမြို့အနီးမှ မြေနီတောလမ်းအတိုင်း ကွေ့ဝင်သွားရာလမ်းကြမ်းကို (၁၀) မိနစ်ခန့်မောင်းပြီးနောက် စခန်းအဝင်ဂိတ်သို့ ရောက်သည်။ ဂိတ်မှ သူတို့ကို စောင့်မျှော်နေဟန်ရှိသည်။ မြန်မာစစ်သားက ယဉ်ကျေးစွာပင် ဗိုလ်မှူးကြီးရုံးကို မည်သို့သွားရသည်ကို ရှင်းပြသည်။ သုစန္ဒီ ရုံးကိုတွေ့အောင်ရှာရန် အာရုံစိုက်နေခိုက် မိုးအေးသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်ရင်း-

"စဝ်မယ်"

ဟု အော်လိုက်သည်။ ပြီးနောက်-

"ညာဘက်ကို ကြည့်လိုက်ပါ။"

ဟု ဆက်ပြောသည်။

"ဘာဖြစ်လို့လဲ"

ဟု သုစန္ဒီက မေးလိုက်သောအခါ မိုးအေးက အောက်ဘက်သို့ လက်ညှိုးထိုးပြရင်း-

"ဟိုမှာ ဖင်န၊ ဘကုန်းနဲ့ စိုင်းအေး"

ဟု ပြောသည်။

"ဘယ်မှာလဲ"

"ဟိုအိမ်ကြီးဘေးမှာ သူတို့ အလုပ်လုပ်နေကြတယ်။"

သုစန္ဒီ ထိုသူတို့ကို မြင်လိုက်ပါပြီ။ သူတို့သည် သစ်သားဖြင့် ဆောက်လုပ်ထားသော တန်းလျားပတ်ပတ်လည်မှ မြေပေါ်တွင် သန့်ရှင်းရေး ပြုလုပ်နေကြသည်။ သူတို့အနီးတွင် လက်နက်ကိုင်အစောင့်က ရပ်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုစန္ဒီက သူ့အလုပ်သမားများကို စကားပြောရန်ကြံသည်။ သို့သော် နောက်ဖြစ်လာမည့် ဆိုးကျိုးများနှင့် သူတို့ မတွေ့စေလို၍ သူ့ဆုံးဖြတ်ချက် ပြောင်းလိုက်သည်။ သို့သော် သူ့အနေဖြင့် မိုးအေးကို ယုံစား၍မရ၊ မိုးအေးသည် ကားပြတင်းမှန်ကိုချလိုက်ပြီး–

"ဖင်န"

ဟု လှမ်းခေါ်လိုက်သည်။ သေနတ်ကိုင်ထားသော မြန်မာစစ်သားနှစ်ယောက်သည် အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ကြပြီး သူတို့လက်ထဲမှ သေနတ်များကို မိုးအေးနှင့် ကားဘက်သို့ ချိန်ထားလိုက်သည်။ ရှမ်းအကျဉ်းသားများမှာ အသံလည်းမကြား၊ ဘာမျှလည်း မြင်ပုံမရ၍ သူတို့အလုပ်ကို ဆက်လုပ်နေကြသည်။

"တိတ်စမ်း… မိုးအေး"

ဟု သုစန္ဒီက ခပ်မာမာပြောရင်း ကားကို အရှိန်လျှော့ချလိုက်ပြီးနောက်–

"နောက်ထပ် စကားတစ်လုံးထွက်တာနဲ့ ငါရော၊ နင်ရော၊ နင့်အစ်ကိုတွေရော၊ တခြားလူတွေပါ အားလုံး အပစ်ခံရလိမ့်မယ်။"

မိုးအေးအော်သံကြောင့် အစောင့်စစ်သားတို့သည် သူတို့ကို ပို၍ ခြောက်လှန့်ဟန်ဖြင့် ကြည့်နေကြပုံမှာ အရှေ့ဟော်အပြင်ဘက်မှ အစောင့်စစ်သားများထက် ဆိုးသည်။

အရပ်ရှည်ရှည်၊ အသားမည်းမည်းနှင့် ဗိုလ်မှူးကြီးထွန်းအုံသည် သူ့ခေည့်သည်ကို မြင်ရသောအခါ မအံ့သြလှပါ။ တပ်ရေးဗိုလ်ကြီးတစ်ယောက်က သုစန္ဒီနှင့် မိုးအေးတို့ကို ရုံးခန်းအတွင်းဝင်ရန်လိုက်ပြသည်။ အခန်းတွင်းသို့ ဝင်သွားသောအခါ ဗိုလ်မှူးကြီးသည် စားပွဲနောက်မှထရပ်လိုက်ပြီး သုစန္ဒီကို ဝမ်းသာအားရပင် လက်ကိုဆန့်ထုတ်ပေးကာ လက်ဆွဲနှုတ်ဆက်လေသည်။ သူ့တပ်ရေးဗိုလ်ကြီးကို ထွက်သွားစေပြီးနောက်–

"ကျွန်တော် ဘာလုပ်ပေးရမလဲ မဟာဒေဝီ"

ဟု ရီရီမောမောနှင့် ပြောရင်း၊ ထိုင်ရန် ပြောလိုက်သည်။

သုစန္ဒီက ရုတ်တရက်ဘာမျှ ပြန်မပြောနိုင်သေးခင်၊ ဗိုလ်မှူးကြီးက ဆက်၍ပြောသည်။

"ကျေးဇူးပြုပြီး ထိုင်ပါအုံး၊ ဒီကို ဘာကိစ္စနဲ့လာတာလဲ"

သုစန္ဒီက ထိုင်ခုံမှာ ထိုင်ချလိုက်သဖြင့် ဘေးမှ မိုးအေးကလည်း လိုက်ထိုင်လိုက်သည်။ သူ့အနေဖြင့် သူ့သခင်မ ဘေးနားကပ်ထိုင်လိုက်ရသည့်အတွက် မိုးအေးမှာ မသက်မသာရှိနေသည်။

"သီပေါမှာရှိတဲ့ ရှင်တို့ရဲ့စစ်သားတွေက ကျမကို ဘာဖြစ်လို့ ဆိုးဆိုးဝါးဝါးလုပ်ကြတာလဲ"

ဟု သုစန္ဒီက တည့်တည့်ပင် ပြောချလိုက်သည်။ သူသည် စလျှင်စခြင်း ပြောလိုက်ရသည့် သူ့စကားကို ညင်သာစွာဖြင့် သွယ်ဝိုက်၍ ပြောမနေပါတော့ချေ။ အဘယ်ကြောင့်ဆိုသော် ထိုသို့လုပ်ပုံလုပ်နည်းသည် ထိုကိစ္စမျိုးအတွက် မြန်မာတို့၏ လုပ်နည်းလုပ်ဟန်ပင် ဖြစ်သည်ဟု ထင်သောကြောင့်ဖြစ်၏။

"သူတို့က မဟာဒေဝီကို ဆိုးဆိုးဝါးဝါး ဘာမှမလုပ်ကြပါဘူး"

ဟု ဗိုလ်မှူးကြီးက လေးလေးနက်နက်ပြောရင်း–

"ကျွန်တော်တို့ အထက်ကအမိန့်အတိုင်း မဟာဒေဝီကို အကာအကွယ်ပေးနေတာပါ။"

ဟူ၍ ဆက်ပြောလိုက်သည်။

"ကျမ နားလည်ပါတယ်။"

ဟု ပြောရင်း သုစန္ဒီက ဆက်၍–

"ရှင်နဲ့ ရှင့်အထက်ကလူတွေက ကျမကို အိမ်မှာ အကျယ်ချုပ်ထားကြတယ်။ တယ်လီဖုန်းလည်း ဖြတ်ပစ်လိုက်တယ်။ လာသမျှစာတွေကိုလည်း ဖောက်ကြည့်ပြီး စစ်ဆေးတယ်၊ အလုပ်သမားတွေကိုလည်း ဖမ်းတယ်၊ ခြိမ်းခြောက်တယ်၊ နှိပ်စက်တယ်၊ ဒါတောင် ရှင်က ကျမကို ကာကွယ်ပေးနေတာပါလို့ ပြောချင်သေးလား"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးကြည့်ရသည်မှာ သုစန္ဒီစကားကြောင့် မသက်မသာဖြစ်နေပုံရသော်လည်း စကားတစ်ခွန်းမှ ပြန်မပြောချေ။

ဗိုလ်မှူးကြီးမှာ တိုက်ရိုက် ထိပ်တိုက်ပြောဆိုရန်အတွက် ပြင်ဆင်ထားပုံမရချေ။ မြန်မာပြည်တွင် မည်သည့်အမျိုးသမီးမှ အာဏာပိုင်အဖွဲ့အစည်းက လူနှင့် ဤသို့ တိုက်ရိုက်ပြောဆိုလေ့ မရှိသောကြောင့်လည်း ဖြစ်မည်။ မြန်မာအမျိုးသမီးများလို ယဉ်ကျေးသိမ်မွေ့စွာဖြင့် အရာရာကို ထိပ်တိုက်မရင်ဆိုင်ရဲဘဲ၊ ပြန်လည် အံမတုဝံ့ဘဲ စိုးကြောက်ထိတ်လန့်၍ မျက်ရည်ခံထိုးမည့်ပုံမျိုးသာ မျှော်လင့်ထားသည်။

"မဟာဒေဝီက နိုင်ငံခြားသူပဲ၊ နိုင်ငံခြားသားတွေက ကျွန်တော်တို့တိုင်းပြည်အတွက် မကောင်းဘူး" ဟုသာ သူနောက်ဆုံး ပြောလိုက်တော့သည်။ ထိုအခါ -

"ကောင်းပြီလေ… ဒီလိုဆိုရင် ကျမအနေနဲ့ ချက်ခြင်းပဲ ဩစတေးလျသံအမတ်နဲ့ ဆက်သွယ်လိုက်တော့မယ်"

ဟု သုစန္ဒီက ပြောလိုက်သောအခါ ဗိုလ်မှူးကြီးသည် သဘောကျပုံ မရချေ။

"ဒီမှာ… မဟာဒေဝီ၊ ကျွန်တော်တို့တပ်တွေ မနေ့ကဘဲ အရှေ့ဟော်နဲ့ (၁၀) မိုင်အကွာမှာ ရှမ်းသူပုန်တွေနဲ့ တိုက်ပွဲဖြစ်တယ်။ သူပုန်က (၁၅၀) လောက်တောင်ရှိတယ်။ ဒါဟာ ကျွန်တော်တို့က မဟာဒေဝီရဲ့ လုံခြုံရေးအတွက် တာဝန်ယူနေတာ မဟုတ်လား"

"ပွင့်ပွင့်လင်းလင်းပဲ ကျမပြောပါ့မယ်။ ရှင့်စစ်သားတွေ ကျမတို့နဲ့ဝေးဝေးနေရင် ကျမတို့အတွက် ပိုပြီး လုံခြုံစိတ်ချမယ်လို့ ကျမထင်တယ်။ မဟုတ်ဘူးလား"

ဗိုလ်မှူးကြီးသည် သူ့အား ဂရုဏာသက်သလို ရှိသည်ဟု သုစန္ဒီစိတ်တွင် ခံစားလိုက်ရသည်။ ဗိုလ်မှူးကြီးအနေဖြင့် မြန်မာစစ်တပ်များ၏ ချမှတ်ထားသောလမ်းစဉ်အတိုင်း လုပ်လိုဟန်မရှိဟု ထင်ရသည်။

စိတ်မသက်မသာဖြင့် အတန်ငယ် တိတ်ဆိတ်ငြိမ်သက်သွားသည်။ သုစန္ဒီက နူးညံ့သိမ်မွေ့စွာ ကိုယ့်ဘက်ပါအောင် စည်းရုံးသိမ်းသွင်းသည့်လေသံဖြင့် ထပ်၍ ပြောလိုက်သည်။

"ဗိုလ်မှူးကြီးရှင့်… ကျမမှာ သမီးနှစ်ယောက်ရှိပါတယ်။ ကျမ ဆိုးဆိုးဝါးဝါး တစ်ခုခုမလုပ်မိခင် သူတို့အတွက် အရင်စဉ်းစားရပါ့မယ်။"

ဟု ပြောလိုက်ပြီးနောက် ဗိုလ်မှူးကြီးထံမှ တုံ့ပြန်မှုကို သူစောင့်နေလိုက်သည်။ သုစန္ဒီသည် သူ့ရည်ရွယ်ချက်ကို ပြောင်းလိုက်ပုံရသည်။ သူသည် လက်တွေ့ကျကျဖြင့် -

"ကျမတို့ မြို့ထဲကို လွတ်လွတ်လပ်လပ်သွားနိုင်ဘို့ ဗိုလ်မှူးကြီးက ကျေးဇူးပြုပြီး ခွင့်ပေးပါ။ တယ်လီဖုန်းကိုလည်း ပြန်တပ်ပေးပါ။ ကျမစာတွေလည်း ပြန်ပေးပါ။ ဒီလိုဆိုရင် ဘာဒုက္ခမှ ဗိုလ်မှူးကြီးကိုထပ်ပြီး လာမပေးပါဘူးလို့ ကျမ ကတိပြုပါတယ်။"

ဟူ၍ တောင်းဆိုလိုက်သည်ကို ဗိုလ်မှူးကြီးက စဉ်းစားနေဟန်ပြသဖြင့် ဤသည်မှာ ကောင်းသောလက္ခဏာပင်ဖြစ်သည်ဟု သုစန္ဒီ တွေးလိုက်မိသည်။ ဗိုလ်မှူးကြီးသည် သူ့ခေါင်းကို သူကုတ်ပြီး ပြတင်းအပြင်ဘက်သို့ ကြည့်နေလိုက်ပြီးနောက် သုစန္ဒီမျှော်လင့်ထားသည့်စကားကို ပြောလိုက်သည်။

"မဟာဒေဝီခင်ဗျာ… တယ်လီဖုန်းကို မနက်ဖြန် ပြန်တပ်ပေးပါ့မယ်၊ မြို့ထဲကိုလည်း ခဏတဖြုတ်တော့ သွားလို့ရပါတယ်။ ဒါပေမယ့် မဟာဒေဝီအပြင်ထွက်တိုင်း ဘယ်ကိုသွားမယ်ဆိုတာတော့ ဂိတ်ကအစောင့်ကို ပြောပြဖို့ လိုပါမယ်။ စာတွေကိစ္စအတွက်တော့ ကျွန်တော် ကတိမပေးနိုင်သေးဘူး။ ကျွန်တော်တို့ စောင့်ပြီး ကြည့်ရအုံးမယ်။"

ဟု ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဗိုလ်မှူးကြီး… သိပ်ကို ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com





ဤစကားသည် အခန်းတွင်းသို့ဝင်လာကတည်းက သုစန္ဒီ ပထမဆုံးပြုံး၍ ပြောလိုက်ခြင်း ဖြစ်သည်။

"ကျမ… နောက်ထပ် မေးခွန်းတစ်ခွန်း မေးလို့ရမလား"

"ရပါတယ်ခင်ဗျာ… ပြောပါ။"

"ကျမယောက်ျား ဘယ်မှာရှိလဲ"

၄င်းမေးခွန်းနှင့်ပတ်သက်၍ ဗိုလ်မှူးကြီးက တုံ့ဆိုင်းမနေဘဲ ပြန်ဖြေလိုက်သည်။

"ကျွန်တော်ယူဆတာကတော့ သူ့ကို အကာအကွယ်ပေးဖို့ ထိန်းသိမ်းထားတယ်ထင်တယ်။ ကျွန်တော်ကတော့ ဒီစကားနဲ့ ဆန့်ကျင်ဘက် ဘာမျှ မကြားရသေးဘူး"

ဟု ဖြေလိုက်ရာ သုစန္ဒီသည် အဖြေကြောင့် အံ့သြဟန်၊ စိတ်ပျက်ဟန်မပြမိရန် သတိထားနေလိုက်ရသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၄၉)

“ကျမယောက်ျားအကြောင်းကို ဒီထက် ပိုသိချင်ပါတယ် ဗိုလ်မှူးကြီး၊ သူဘယ်မှာလဲ၊ ဘယ်လိုနေလဲ၊ ပြီးတော့ သူ့ကို ကျမ ဘယ်အချိန်တွေ့လို့ရမလဲ၊ သူ့အတွက် ဆေးဝါးနဲ့အစားအစာ လိုအပ်ပါတယ်။ ကျမယောက်ျား အတွက် စိုးရိမ်ပါတယ်ရှင်”

သုစန္ဒီသည် ထိုသို့ပြောပြီးနောက် စကားရပ်လိုက်ကာ အသက်ပြင်းပြင်း ရှူထုတ်လိုက်သည်။

“ကျွန်တော် မဟာဒေဝီကို သေသေချာချာ ပြောရဲတာက၊ ကျွန်တော်တို့အဖွဲ့အနေနဲ့ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ကောင်းကောင်းမွန်မွန် ကာကွယ်ထိန်းသိမ်းပေးနေတာပါ။ စော်ဘွားကြီး ဘယ်မှာရှိတယ်၊ ဘယ်အချိန်မှာ သွားတွေ့လို့ ရမယ်၊ ဘယ်အချိန်မှာ စားစရာပို့လို့ရမယ် ဆိုတာတွေကို ကျွန်တော်တို့ မဟာဒေဝီကို အသိပေးပါ့မယ်”

ဟု ပြောပြီး ဗိုလ်မှူးကြီးက ထရပ်လိုက်ခြင်းဖြင့် သူတို့ဆွေးနွေးပွဲပြီးပြီဖြစ်ကြောင်း ပြလိုက်ခြင်း ဖြစ်သည်။

သုစန္ဒီသည် ကျေးဇူးတင်ကြောင်းပြောပြီး၊ သူ့ကားဆီသို့ လျှောက်သွားသည်။ သူ့ကားမောင်းထွက်လာသော အခါ ဗိုလ်မှူးကြီးသည် သူ့ရုံးခန်းရှေ့တွင်ရပ်လျက် ကြည့်ကျန်ရစ်သည်ကို နောက်ကြည့်မှန်တွင် မြင်လိုက်ရသည်။

× × ×

နောက်တစ်နေ့တွင် အဖြေထွက်လာ၏။ ဗိုလ်မှူးကြီး၏လူများသည် တယ်လီဖုန်း ပြန်လာတပ်ပေးသွားသည်။ သို့သော် လိုင်စင်ရှိမရှိ မေးသွားသေးသည်ဆို၏။ တယ်လီဖုန်းက လိုင်စင်ရှိစရာ မလိုပါ။ မကြာမီပင် လွန်ခဲ့သော ရက်အနည်းငယ်က ရောက်နေသော စာနှစ်စောင်ကို ပြန်လာပေးသည်။

တစ်စောင်မှာ သုစန္ဒီမိခင်ဆီမှဖြစ်ပြီး၊ နောက်တစ်စောင်မှာ ကိုလိုရာဒိုက သူငယ်ချင်း၏စာ ဖြစ်သည်။ စာများသည် အင်္ဂလိပ်ဘာသာနှင့်လည်းကောင်း၊ ဩစတေးလျဘာသာနှင့်လည်းကောင်း ရေးထားသည်။ သို့ကြောင့် တပ်ကြပ်က သူ့ကို ဘာသာပြန်၍ ဖတ်ပြရန် ပြောသည်။ သုစန္ဒီသည် တပ်ကြပ်ကို သူ့မိခင်ဆီမှ ရေးသောစာ အကြောင်းနှင့် သူငယ်ချင်းကရေးသော ကောလိပ်အကြောင်းစာတို့ဖြစ်ကြောင်း ပြောပြလိုက်သည်။ တပ်ကြပ်က ရပ်လျက် နားထောင်နေပါသည်။ သုစန္ဒီသည် ပြုံး၍ လက်ထဲမှစာနှစ်စောင်ကို တပ်ကြပ်လက်ထဲ ပြန်ထည့် ပေးလိုက်သည်။ စာများကို သူဖတ်ပြီးသွားပြီ။ သူ့အနေနှင့် ဤစာမျိုးကို ပို၍ ဖတ်ချင်သည်။ အကြောင်းမှာ ဤသို့သောစာများကြောင့် ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ရသည်။

အင်္ဂလိပ်နေ့ရှင်းသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့ကိုလည်း သုစန္ဒီပြန်ရသည်။ သတင်းစာများ ထဲတွင် ရန်ကုန်အခြေအနေကို သိရသည်။ တစ်ညနေတွင် စဝ်ခွန်လုံ၏ဖိနီး တောင်ကြီးမှ မမျှော်လင့်ဘဲ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူနှင့် လင်ညီအစ်မ တော်သည်။ သီပေါတွင်နေသော သူ့မိခင်ကို လာကြည့်ခြင်းဖြစ်သည်ဟု ပြောသည်။ မိခင်ကြီးမှာ အသည်းအသန် ဖြစ်နေသည်ဆို၏။ စဝ်ခွန်လုံ၏ဇနီးသည် စဝ်ကြာဆိုင်အကြောင်းကို သိခဲ့သူဖြစ်သဖြင့် သုစန္ဒီအား တိုးတိုးတိတ်တိတ် ပြောပြရန်လာခြင်း ဖြစ်သည်။ ၁၉၆၂ ခု၊ မတ်လ (၂) ရက်နေ့က စဝ်ကြာဆိုင်ကို တောင်ကြီးကအထွက်၊ ဂိတ်တွင် ဖမ်းသွားကြောင်း၊ မည်သူက ဖမ်းသည်ဆိုသည်ကို မသိရကြောင်း၊ ယခုမူ ရပ်စောက်အနီးမှ ဗထူးမြို့တွင်ရှိနေကြောင်း ပြောပြသွားသည်။ သုစန္ဒီသည် စဝ်ကြာဆိုင်အကြောင်း သိရသဖြင့် သူ့အနေဖြင့် ဖြစ်သည့်နည်းဖြင့် သူ့မောင်တော်ကို ရအောင် ထုတ်ယူရမည် ဖြစ်လေသည်။ သုစန္ဒီက-

"အဖမ်းခံရပြီးနောက် သူတို့ညီအစ်ကိုအချင်းချင်း တွေ့ကြလား"

"ဟုတ်တယ်၊ တွေ့ကြတယ်၊ မြို့အထွက်က ဂိတ်မှာတွေ့ကြတာ"

ဟူ၍ စဝ်ခွန်လုံ၏ဇနီးက ပြန်ဖြေသည်။

"ဒါဆိုရင် သူတို့နှစ်ယောက် အခု အတူတူပေါ့"

ဟု သုစန္ဒီက ထပ်မေးရာ-

"မဟုတ်ဘူး၊ ကျမယောက်ျားကိုတော့ အောင်ပန်းကို ခေါ်သွားတယ်၊ ဗထူးမှာ မဟုတ်ဘူး"

ဟု စဝ်ခွန်လုံ၏ဇနီးက ပြန်ဖြေသည်။

ကြားရသည့်သတင်းကြောင့် သုစန္ဒီက သူ့မောင်တော်အကြောင်း တွေးကြည့်လိုက်သည်။ သူ့မောင်တော်မှာ အိတ်လည်းမပါ။ တစ်ယောက်တည်း အကျဉ်းသားအနေနှင့် ဆိုသည်ကို ကြားလိုက်ရ၍ သူ၏နှလုံးသားကို အထုခံရသကဲ့သို့ ခံစားလိုက်ရလေသည်။ အဘယ်၍များ ယုတ်မာစော်ကား၍ ကြောက်စရာကောင်းသည့် မတရားမှုကြီး ဖြစ်သည်ဆိုသည်ကိုလည်း တွေးလိုက်မိသည်။ စဝ်ခွန်လုံ၏ဇနီးက သူ့ယောက်ျားအား ဖမ်းထားသည့်သတင်းကို သတင်းစာထဲ ပါလာ၍ ပြသည်။ ယခုအချိန်အထိ စဝ်ကြာဆိုင် အဖမ်းခံနေရသည်ကို တရားဝင် မသိရသေးကြောင်း၊ သူက သနားစဖွယ်ပြောသည်ကို သုစန္ဒီက မည်သည့်မှတ်ချက်မှ မပေးနိုင်ပါ။ တစ်ခုခု ကြောက်စရာကောင်းလောက်အောင် မှားယွင်းနေပြီဖြစ်သည်ကို သုစန္ဒီ ခံစားသိလိုက်ရသည်။ ထို့ကြောင့် သူ့အနေဖြင့် ထိုညက တစ်ညလုံး အိပ်၍မရပါ။ သို့ဖြင့် သူ့အတွေးများကို ပြန်စုလိုက်သည်။ စိတ်ကူးများကိုလည်း ဖြတ်ပစ်လိုက်သည်။ သူ့လက်ရှိ အခြေအနေကို အမှန်အတိုင်း ဆင်ခြင်ကြည့်လိုက်သည်။

စဝ်ကြာဆိုင်အနေဖြင့် လွတ်လပ်မနေပါ။ သူသည် တောလမ်းမှ ထိုင်းသို့လည်း ထွက်ပြေးလွတ်မြောက် မသွားခဲ့ပါ။ သူ့အနေဖြင့် ဘာလုပ်ရန်၊ အဘယ်သို့သွားရန်စသည့် ညွှန်ကြားချက်များကို သုစန္ဒီထံ သတင်းမပို့နိုင်တော့ပါ။ စဝ်ခွန်လုံ၏ဇနီးက သုစန္ဒီနှင့် ကလေးနှစ်ယောက်ကို သူနှင့်အတူ တောင်ကြီးကအိမ်တွင် လာနေရန် ပြောသည်။ ထိုနေရာမှ သူတို့လင်ညီအစ်မနှစ်ယောက် သူတို့ခင်ပွန်းများအကြောင်းကို အတူတူစုံစမ်းနိုင်ကြမည် ဖြစ်သည်။ တွေ့ခွင့်ရအောင်လည်း ကြိုးစားနိုင်မည်။

စဝ်ခွန်လုံ၏ဇနီးသည် နောက်တစ်နေ့တွင် သုစန္ဒီတို့ ဟော်နန်းမှပြန်သွားခဲ့သည်။ သူ့အမေနှင့် ရက်အတော်ကြာကြာနေထိုင်ပြီးမှ ပြန်သွားခြင်းဖြစ်၏။ သုစန္ဒီကမူ သူ့အနေဖြင့် ဟော်တွင်ပင် တစ်ယောက်ယောက် (သို့မဟုတ်) တစ်ခုခုကို စောင့်နေတော့မည်ဟု စိတ်ဆန္ဒ ဖြစ်ပေါ်နေသည်။

ရက်အနည်းငယ်ကြာသောအခါ တစ်ယောက်ယောက်သည် တကယ်ပင် ရောက်လာခဲ့လေသည်။ ထိုသူမှာ အခြားမဟုတ်ပါ။ ဟော်နန်းအတွက် အသစ်ရောက်လာသော မြန်မာစစ်ဗိုလ်၊ ဗိုလ်ကြီးတစ်ယောက် ဖြစ်သည်။ ထိုသူက သုစန္ဒီနှင့် တွေ့လိုကြောင်း ကောလင်းက လာပြောသည်။ သုစန္ဒီသည် စိတ်ချမ်းသာစရာဖြစ်လာလိမ့်မည်ဟု မျှော်လင့်မထားပါ။ ဟော်နန်းသို့ နောက်တစ်ခါ ထပ်ရှာဖွေရန်လွှတ်လိုက်သော စစ်ဗိုလ်ပင်ဖြစ်မည်ဟု တွေးနေမိခဲ့သည်။ သို့သော် သုစန္ဒီသည် သီးသန့်ခန်းတွင် ရပ်စောင့်နေသော ဗိုလ်ကြီးကို တွေ့လိုက်ရသောအခါ ရုတ်တရက် ထူးခြားသည်ကို သတိပြုလိုက်မိသည်။ ပထမအချက်မှာ ဗိုလ်ကြီးတွင် လက်ထောက်ပါမလာချေ။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအချက်မှာ သူသည် မြန်မာ မဟုတ်ချေ။ ပုံပန်းသဏ္ဌာန်မှာ ကချင်နှင့် တူသည်။ နှာတံရှည်ရှည်၊ မျက်လုံးကြီးကြီး၊ မေးရိုးကားကားနှင့် ဖြစ်သည်။

"ကျမကို တွေ့ချင်တယ်ဆို"

ဟူ၍ သတိထားပြီး ပြောလိုက်သည်။

"ဟုတ်ပါတယ်… မဒမ်"

ဟု သူက ဖြေသည်။

"ကျွန်တော်က အသစ်ရောက်လာတဲ့ Commander (ကွပ်ကဲအုပ်ချုပ်ရသော ဗိုလ်) ပါ ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်ဖို့လာပါတယ်။"

ဟု မြန်မာလိုပီပီသသ ပြောသည်ကို သုစန္ဒီ သတိထားလိုက်မိသည်။ သူ့အနေဖြင့်-

"ကျေးဇူးတင်ပါတယ်ရှင်၊ တွေ့ရတာ ဝမ်းသာပါတယ်။"

ဟု ပြန်ပြောရင်း ထိုသူလာသည့်အကြောင်းအရင်းမှာ အဘယ်သို့နည်းဟု သုစန္ဒီက အံ့သြနေသည်။

"မဒမ်ရဲ့ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေအတွက် ကျွန်တော် စိတ်မကောင်းပါဘူး"

ထိုသူ၏ ပြောစကားကြောင့် သုစန္ဒီက အံ့သြနေခြင်းဖြစ်သည်။ သို့သော်လည်း ဘာမျှ မတုံ့ပြန်ဘဲနေမည်ဟု ဆုံးဖြတ်လိုက်သည်။ သူ့စိတ်ထဲတွင် ကြင်နာမှုနှင့် ရိုးသားမှုတို့ကို မမျှော်လင့်ဘဲရတော့မည်ဟု အသေအချာပင် အာရုံဖြင့် ခံစားလိုက်ရသည်။ ကချင်စစ်သားများသည် တပ်ထဲတွင် နာမည်ကောင်းရကြသည်။ သူတို့ကို ဗြိတိသျှများက ကောင်းကောင်းလေ့ကျင့်ပေးထားသည်။ သို့သော် သူတို့သည် တောင်ပေါ်သားများ ဖြစ်သောကြောင့် မြန်မာများထက် ရှမ်းများနှင့် ပို၍ နီးစပ်လေသည်။ သူတို့၏ သစ္စာရှိမှုကိုမူ မစမ်းသပ်ရသေးချေ။

"ကျွန်တော် မဒမ်ကို ကူညီချင်ပါတယ်၊"

ဟုပြောပြီး စာအိတ်နှစ်အိတ် ထုတ်ပေးသည်။ စာအိတ်များမှာ ဖွင့်ထားပြီးသား ဖြစ်ပြီး စစ်ဆေးထားပြီးကြောင်း တံဆိပ်နှိပ်ထားသည်။

"ဒီစာတွေကို မဒမ်ဆီလာတဲ့စာတွေထဲကနေ ဖြတ်ယူလာတာပါ။ တခြားလူတွေမမြင်ခင် ဒီစာတွေကို မဒမ်ဆီ ယူလာပေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။"

မြန်မာတံဆိပ်ခေါင်းကပ်ထားသော စာအိတ်များကို လှမ်းယူလိုက်သောအခါ သုစန္ဒီအနေဖြင့် နောက်ကျောရိုးမှ စိမ့်၍တုန်လာလေသည်။ စာအိတ်ပေါ်မှ လက်ရေးကို မသိပါ။ သို့သော် ဤစာများသည် သူ့မောင်တော်ထံမှ ဆိုသည်ကိုတော့ သိလိုက်သည်။ ပထမစာကို ဆွဲထုတ်လိုက်သည်။ စာရွက် မဟုတ်ပါ။ အိတ်ဆောင်ပြက္ခဒိန်မှ ဆုတ်ဖြဲထားသော စာရွက်အပိုင်းလေးသာ ဖြစ်သည်။ ဖတ်ကြည့်လိုက်သောအခါ-

"အချစ်… ကိုယ် အခု ရပ်စောက်နားမှ ဗထူးမြို့က မြန်မာစစ်တပ်စခန်းမှာ အဖမ်းခံနေရတယ်။ ခုထိတော့ OK ပါပဲ"

ဟူ၍ ပါသည်။ စာ၏ရက်စွဲမှာ စစ်တပ်အာဏာသိမ်းသောနေ့ ဖြစ်သည်။ စိတ်လှုပ်ရှားစွာဖြင့် ဒုတိယစာကို အိတ်ထဲမှ ဆွဲထုတ်လိုက်ပြီး ဖတ်လိုက်ရာ စာထဲတွင် သူ့အဖမ်းခံရပုံကို စပ်ကြားဆိုင်က အသေးစိတ်ရေးပြထားသည်။ သူ့ကိုကယ်ရန် ဆက်သွယ်ရမည့်လူများကိုပါ ဖော်ပြထားသည်။ သူ ရန်ကုန်က အကြောင်းများကို လုံးဝသိပုံမရပါ။ ထို့ကြောင့် စာဖတ်နေသော သုစန္ဒီလက်များသည် တဆတ်ဆတ်တုန်နေသည်။

"ဘာဖြစ်လို့ ဒီစာတွေကို ကျမပေးရတာလဲ ဗိုလ်ကြီးရယ်"

ဟု မေးလိုက်သည်။

"ဒီစာတွေက ခင်ဗျားအတွက် စာတွေလေ၊ ဒီစာတွေဟာ ခင်ဗျားအတွက် အရေးကြီးချင်ကြီးမှာပေါ့၊ တခြားသူတွေကို မပြောလိုက်နဲ့နော်၊ ပြီးတော့ ဒီစာတွေကို လုံလုံခြုံခြုံသိမ်းထားဖို့ ကျွန်တော်အကြံပေးပါရစေ။"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး ဆက်၍-

"ဒါတွေကြောင့် ကျွန်တော့်ကို ကျေးဇူးတင်ဖို့မလိုပါဘူး၊ ကျွန်တော်ဝတ္တရားအတိုင်း လုပ်တာပါ။ မဒမ် အတွက်ရော စော်ဘွားကြီးအတွက်ရော၊ တိုင်းပြည်အတွက်ပါ စိတ်မကောင်းဖြစ်မိပါတယ်။"

ထိုသို့ပြောပြီး ဗိုလ်ကြီးသည် တိတ်တိတ်ဆိတ်ဆိတ်ပင် ဂျစ်ကားမောင်း၍ ထွက်သွားသည်။ သို့သော် ရက်များမကြာမီ တစ်ယောက်တည်း ပြန်လာသည်။ ပြီးနောက် သုစန္ဒီအား စဝ်ကြာဆိုင် ဗထူးမြို့တွင် ကောင်းကောင်း မွန်မွန်ပင်ရှိကြောင်း ပြောသွားသည်။ ထိုနေ့မှစပြီး ထိုဗိုလ်ကြီးကို သုစန္ဒီ ထပ်မတွေ့ရတော့ပါ။ အဘယ်ကြောင့် ဆိုသော် သူသည် အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားရသောကြောင့် ဖြစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၀)

### အခန်း (၁၅)

သုစန္ဒီသည် စဝ်ခွန်လုံဇနီးထံမှ စဝ်ကြာဆိုင် အဖမ်းခံရသောသတင်းကို ကြားရပြီးသောအခါ၊ ဗိုလ်မှူးကြီး ထွန်းအုံထံ ဖုန်းဆက်လိုက်သည်။ သူ့မောင်တော်ထံ အဝတ်အစားနှင့်စာ ပို့ခွင့်ပေးရန် တောင်းခံခြင်း ဖြစ်သည်။ ဗိုလ်မှူးကြီးက ဤကိစ္စကို အဆက်အသွယ်လုပ်ပေးလေသည်။ မြန်မာစစ်တပ်သည် စဝ်ကြာဆိုင်ကို ဖမ်းဆီးထားခြင်းကြောင့် သူနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူရမည်ဟု သုစန္ဒီက ယူဆလေသည်။ မြန်မာစစ်တပ်က ဖမ်းထားရခြင်းသည် အဘယ့်အတွက်ကြောင့်နည်း၊ နိုင်ငံရေးဆွေးနွေးရန်လော၊ အဘယ်အရာကို လိုချင်၍နည်းဟု တွေးမိသည်။ ဗိုလ်မှူးကြီးက အဆက်အသွယ်လုပ်ပေးသည့်အတွက် ကောင်းသောလက္ခဏာဖြစ်သည်။

သုစန္ဒီသည် ကြီးလည်း မကြီးလွန်း၊ သေးလည်း မသေးလွန်းသည့်အရွယ်ဖြစ်သော စက္ကူပုံးလေးထဲတွင် အဝတ်အစား၊ အကြမ်းသုံးစက္ကူ၊ စာရေးစက္ကူ၊ ဆေးဝါး၊ မိသားစုသတင်းနှင့် အားပေးထားသော အိတ်ဖွင့်စာ တစ်စောင်ကို ထည့်ထားလေသည်။ သုစန္ဒီက မိုးအေးနှင့်အတူ ကျောက်မဲသို့ နောက်တစ်ခေါက်သွား၍ ပစ္စည်းများကို ဗိုလ်မှူးကြီးလက်ထဲသို့ ထည့်ပေးခဲ့သည်။ ဗိုလ်မှူးကြီးသည် ဖော်ဖော်ရွေရွေဖြင့် ပစ္စည်းများကိုလက်ခံပြီး အားပေး စကားပြောနေ၍ သုစန္ဒီမှာ ယုံကြည်မှုအပြည့်နှင့် များမကြာမီ သူ့မောင်တော်ထံမှ ပြန်စာကို တရားဝင်လမ်းကြောင်းမှ ရောက်လာလိမ့်မည်ဟု အသေအချာ ခံစားမိလေသည်။

သို့သော် အခြားပြဿနာတစ်ရပ်က ပေါ်လာသည်။ လယ်ယာစိုက်ပျိုးရေးအတွက် စက်ပစ္စည်းများနှင့် မိုင်းတူးရန်အတွက် လိုအပ်သော စက်ပစ္စည်းများ၊ ဆားစီမံကိန်းအတွက် လိုအပ်သော အထောက်အပံ့ပစ္စည်းများက ကျောက်မဲတွင် ရောက်နေသည်။ ရွှေ့ဆက်လုပ်ရန်သာ ရှိပေသည်။ သုစန္ဒီက ထိုပစ္စည်းများအတွက်၊ ထိုင်း မိုင်းတူးဖော်ရေး ကုမ္ပဏီ၏မန်နေဂျာကို သူ့အတွက် ဆက်လုပ်ပေးရန် ပြောသည်။ မန်နေဂျာ ကျောက်မဲရောက်သောအခါ အဖမ်းခံရပြီး သင်္ဘောဖြင့် ရောက်လာသောပစ္စည်းများကိုလည်း သိမ်းလိုက်သည်။

ဖြစ်ချင်တော့ ထိုနေ့မှာပင် အမေရိကားမှ ပျားရည်ဆမ်းခရီးထွက်လာကြသော သူငယ်ချင်းနှစ်ယောက် ကလည်း မန္တလေးရောက်နေပြီး သီပေါကိုလာရန် ကြိုတင်စီစဉ်ပေးဖို့ အကြောင်းကြားလာသည်။ မကြာမီမှာပင် ထောက်လှမ်းရေးတပ်မှ ဒုဗိုလ်တစ်ဦးသည် သီပေါဟော်နန်းတံခါးဝသို့ ရောက်ရှိလာပြီး သုစန္ဒီကို နိုင်ငံခြားသားများနှင့် ဆက်သွယ်သည်ဟု စွပ်စွဲလေတော့သည်။ စစ်တပ်မှ နိုင်ငံခြားသားများ သီပေါဟော်သို့ လာခွင့်မပြုဟု အမိန့်ထုတ်လေသည်။ နှစ်ရက်ကြာသောအခါ မြန်မာစစ်တပ်မှ ချုပ်ကိုင်ထားသည့်သတင်းစာများတွင် သီပေါ

www.burmeseclassic.com

www.burmeseclassic.com



မဟာဒေဝီနှင့် တွေ့ရန်လာသော နေတိုးအဖွဲ့မှ အေးဂျင့်နှစ်ဦးကို မဟာဒေဝီနှင့် တွေ့ခွင့်မပြုရန် တားမြစ်လိုက်သည် ဟု ရေးသားထားသည်။

သုစန္ဒီသည် တစ်ညလုံး နိုးနေတတ်သည်။ တိုင်ကပ်နာရီ၏သာယာသော တီးလုံးတေးသံကို ကြားနေရသည်။ တစ်ခါတစ်ရံတွင် ထိုတေးသံနှင့်အတူ ဘုန်းကြီးကျောင်းမှ တုံးမောင်းခေါက်သံအပြင် စက်သေနတ်ပစ်သံများကိုလည်း ကြားနေရသည်။ လ၏ အေးစိမ့်စိမ့်အလင်းရောင်အောက်တွင် အရိပ်ရှည်ရှည်တို့သည် တစ္ဆေများကဲ့သို့ ယိမ်းနွဲ့နေသည်ကို သုစန္ဒီမျက်လုံးများက အာရုံစူးစိုက်လျက် ကြည့်နေမိရာ သူ့စိတ်ကူးများသည် သူ့ကို လှည့်စားနေပြန်တော့သည်။ အခြားကမ္ဘာမှဝိဉာဉ်များသည် သတင်းများယူဆောင်ပေးလာပြီး သူ့အိပ်ယာအနီးတွင် ကနေကြသည်ဟု ထင်နေမိသည်။ ထိုသို့ မြင်နေရခြင်းများသည် မဆုံးနိုင်သော ညပေါင်းများစွာဖြစ်နေပြီး သူတို့မိသားစု ပြန်လည်ဆုံစည်းရန် မျှော်လင့်ချက်များလည်း တဖြည်းဖြည်း ပျောက်ဆုံးနေလေသည်။

သို့သော် နောက်တစ်နေ့နံနက်ခင်းတွင် နေမင်းသည် သူ၏ယုံကြည့်မျှော်လင့်ချက်ရောင်ခြည်ကို ပြန်လည်မွေးဖွားပေးလိုက်ပြန်သည်။ သို့ဖြစ်၍ ကောင်းခြင်းတလှည့် ပြန်လာရန် စောင့်နေသည်။

စပ်ကြားဆိုင်နှင့် အဆက်အသွယ်ရရေး မျှော်လင့်ချက်ကင်းမဲ့လာသည်။ သူ့ထံမှ စာလက်ခံရရှိရန်၊ သူ့ဆီသို့ စာတွေပို့ရန်အတွက် သုစန္ဒီအနေဖြင့် ဖွဲရှိရှိ စောင့်လေသည်။ စပ်ကြားဆိုင်ကို ဖမ်းဆီးအကျဉ်းချထား၍ မြန်မာစစ်တပ်၌ တာဝန်ရှိသည်။ တနင်္ဂနွေနေ့နံနက်ခင်းတစ်ရက်တွင် ရှမ်းများထဲမှ ဘက်တစ်ခုစစ်ယာန်ဖြစ်သွားသော နဲနဲသည် ဘုရားကျောင်းမှပြန်လာပြီး သတင်းကောင်းကို ယူဆောင်လာသည်။

"စဝ်မယ်၊ ကျွန်တော်မျိုးမသူငယ်ချင်း ဂရေ့စ်က သူ့ယောကျ်ားဟာ တော်ဘုရားကို ဗထူးမြို့မှာ ခဏခဏ တွေ့ခဲ့တယ်တဲ့ဘုရား"

ထိုစကားသံကို ကြားလိုက်ရသောအခါ သုစန္ဒီလက်ထဲမှ သတင်းစာလွတ်ကျသွားပြီး၊ အထိန်းတော် အဘွားကြီး နဲနဲကို ကြောင်ကြည့်နေလေသည်။

"ကျွန်တော်မျိုးမ သူငယ်ချင်း ဂရေ့စ်ယောကျ်ားက ကချင်လေ၊ သူက တပ်ထဲမှာ ဗိုလ်ကြီးတစ်ယောက်ပဲ၊ ဒါပေမယ့် သူ့နှလုံးသားက မြန်မာစစ်သားတွေလို မဟုတ်ဘူး၊ ကျွန်တော်မျိုးမ သူတို့နဲ့အတူတူ ရန်ကုန်မှာ အကြာကြီး နေဘူးပါတယ်ဘုရား"

ဟူ၍ နဲနဲက ဆက်ပြောသည်။ သုစန္ဒီသည် နဲနဲကို သူ့အနားနီးနီးလာရန် ပြောလိုက်ပြီး၊ ဧည့်ခန်းအတွင်း ငုံ့စောင်းကြည့်လိုက်ရခြင်း ဖြစ်သည်။ သူတို့ပြောမည့်စကားကို ကြားမည့်သူရှိမရှိ သေချာအောင်ကြည့်လိုက်ခြင်း ဖြစ်သည်။

"နဲနဲသူငယ်ချင်းက သူ့ယောကျ်ားရှိရာ ဗထူးမြို့ကို မကြာခင်ပြန်တော့မှာ မဟုတ်လား"

သုစန္ဒီက တိုးတိုးလေး ကပ်မေးလိုက်ခြင်းဖြစ်သည်။ နဲနဲက အလိုက်သိစွာ ပြုံး၍ ခေါင်းညိတ်ပြ၏။ နဲနဲသည် သူ့သခင်မအကြောင်း ကောင်းကောင်းသိသဖြင့် သခင်မတောင်းဆိုသမျှကို လိုက်လျောရန် အသင့်ဖြစ်နေသည်။

"ဂရေ့စ်က နက်ဖြန်မနက် ဘတ်စ်ကားနဲ့ ပြန်သွားမှာ"

ဟူ၍ ပြောလိုက်သည်။

"ဒါဖြင့်ရင် နင်စဉ်းစားစမ်း"

ဟူ၍ သုစန္ဒီက သူ့၏စိတ်အားထက်သန်လှသော မေးခွန်းကို အဆုံးမသတ်နိုင်ဘဲ ဖြစ်နေသည်။

"ကျွန်တော်မျိုးမ သူနဲ့လိုက်သွားမယ်ဘုရား"

နဲနဲသည် ယခင်ကတည်းက ဆုံးဖြတ်ထားပြီးသည့်အတွက် သေချာပေါက် ပြောလိုက်ခြင်းဖြစ်သည်။

"အိုး... နဲနဲရယ် နင်ငါ့အတွက် တကယ်လုပ်ပေးမှာလား"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ သုစန္ဒီသည် ကြမ်းပေါ်ထိုင်ချရင်း ပြောလိုက်သည်။ အသက် (၇၂) နှစ်အရွယ်၊ ယုံကြည်ရသော သူ့အထိန်းတော်၏ အဆစ်အမြစ်များ ရောင်ကိုင်းနေသည့်လက်များကို ဆုပ်ကိုင်ထား၍ ပြောလိုက်ခြင်းဖြစ်သည်။

ထိုနောက် နဲနဲ၏လက်များကို မလွှတ်ချေ။

"စဝ်မယ်... ကျွန်တော်မျိုးမ အရင်ကတည်းက သူငယ်ချင်းကို ပြောထားပြီးပါပြီ။ ကျွန်တော်မျိုးမလို အဖွားကြီးတစ်ယောက် လာလည်တာကို ဘယ်သူကမှ မေးနေကြမှာ မဟုတ်ဘူးလို့ သူကပြောပါတယ်ဘုရား"

သုစန္ဒီသည် ဤခရီးကို သူကိုယ်တိုင်သွားရမည့်ကဲ့သို့ ဝမ်းသာလွန်း၍ ထခုန်လိုက်မိတော့သည်။ သို့သော် သူသည် ချက်ခြင်းပင် နဲနဲဘေးကြမ်းပြင်ပေါ်သို့ တစ်ခါပြန်ထိုင်ချလိုက်သည်။

"နဲနဲရေ... သခင်မဆီက ဒီစာကို ယူသွားပြီးတော့ သူ့လက်ထဲ ရောက်အောင်ပေး၊ ရောက်မရောက် သိရအောင်လည်းလုပ်ခဲ့"

"ကျွန်တော်မျိုးမ ကတိပေးပါတယ်ဘုရား၊ ပြီးတော့ ကျွန်တော်မျိုးမ အဲဒီမှာ စောင့်နေမယ်၊ တော်ဘုရားဆီက တိုက်ရိုက်သတင်းရမှပဲ ပြန်လာခဲ့မယ်ဘုရား"

နဲနဲပြောသံက သူ့ကိုယ်သူ ယုံကြည်မှု ရှိလှသည်။

"ဒါပေမယ့် နဲနဲရယ် ဒီအလုပ်က အားကြီးမာန်တက်လုပ်ရမှာမို့ ခွန်အားလိုတယ်။ အန္တရာယ်မရှိတာလည်း မဟုတ်ဘူး"

ဟူ၍ သုစန္ဒီ စိုးရိမ်စိတ်ဖြင့် ပြောလိုက်သည်။ သူ့အနေဖြင့် နဲနဲ၏ တိုးတိုးတိတ်တိတ်စကားသံကို ပြန်တွေးနေမိသည်။

"ဘုရားသခင်က ကျွန်တော်မျိုးမကို ကူညီပါလိမ့်မယ်ဘုရား"

ဟူ၍ ဘာသာရေးကိုင်းရှိုင်းသော အထိန်းတော်ကြီးက ဖြေခဲ့လေသည်။ နောက်တစ်နေ့နံနက်တွင် နဲနဲသည် အရှေ့ဟော်မှ လားရှိုးသို့ ခရီးထွက်ခဲ့သည်။ သူ၏ ဆွေမျိုးများထံသွားခြင်းဖြစ်သည်ဆိုပါသည်။

တစ်ပတ်ကြာသောအခါ သုစန္ဒီသည် စိတ်လှုပ်ရှားလာသည်။ ပြန်လာမည့်နဲနဲကို မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်နေသည်။ အရှေ့ဟော်သို့ မြန်မာစစ်သားများလာသည့်အချိန်တိုင်းတွင် သူသည် နဲနဲနှင့် သူတို့၏လျှို့ဝှက်ချက်ကို သိသွားကြပြီလားဟု မလုံမလဲ စိုးရိမ်ထိတ်လန့် ကြောက်ရွံ့နေတော့သည်။ စစ်သားများက အခြားကိစ္စများအတွက် သုစန္ဒီထံမှ ခွင့်ပြုလက်မှတ်လိုချင်၍ လာကြခြင်း ဖြစ်သည်။ အခြားရှာဖွေမှု (သို့မဟုတ်) မေးခွန်းများမေးရန် လာကြခြင်းဖြစ်သည်။ သူ့အနေဖြင့်မူ သူတို့ကို မနှစ်မြို့ပဲ ပြန်ပြောရ၊ လုပ်ပေးရလေသည်။

× × ×

စဝ်ကြာဆိုင်သည် သူ၏ ဝါးတဲအကျဉ်းစခန်းလေးထဲတွင် အပြင်မှ စစ်ဖိနပ်သံ တခေါက်ခေါက်ကို ကြားလိုက်ရသောအခါ အရေးကြီးပုဂ္ဂိုလ်တစ်ယောက် သူ့ကိုတွေ့ရန်လာသည်ဆိုသည်ကို သိလိုက်ရလေသည်။ သူမျှော်လင့်ထားသူက သူတို့၏အရှေ့တိုင်းမှူး ဗိုလ်မှူးကြီးမောင်ရွှေကို ဖြစ်သည်။ ယခင်တစ်ခေါက်က သူသည် ရာထူးအဆင့်နိမ့်သောသူနှင့် လက်ခံစကားပြောရန် ငြင်းဆိုထားခဲ့သည် မဟုတ်လော။ စဝ်ကြာဆိုင်သည် ဖျာပေါ်မှ ထထိုင်လိုက်သည်။ သူနှင့်လာဆွေးနွေးသူကို မျက်လုံးချင်းဆိုင်၍ စကားပြန်ပြောရန် ဆုံးဖြတ်ထားသည်။ ထိုအချိန်တွင် တံခါးသည် ပွင့်ထွက်သွားသည်။ စဝ်ကြာဆိုင်မြင်လိုက်ရသည်က ဝဝတုတ်တုတ် ငင်တိုတို နှုတ်ခမ်းမွေးနှင့် ဗိုလ်မှူးကြီးမောင်လွင် ဖြစ်သည်။ သူသည် စစ်ဘက်ဆိုင်ရာ သတင်းထောက်လှမ်းရေးဌာနက အကြီးအကဲ တစ်ယောက်ဖြစ်၏။ သူတို့၏ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက လွှတ်လိုက်မှန်း သံသယ ရှိစရာ မလိုချေ။ သူသည် ဗိုလ်ချုပ်ကြီးနေဝင်းအတွက် သစ္စာရှိသူတစ်ဦး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စဝ်ကြာဆိုင်ကလည်း အကျဉ်းသားတစ်ဦးကဲ့သို့ မပြုမူပဲ၊ စော်ဘွားတစ်ယောက်ကဲ့သို့ ခပ်တင်းတင်း ရပ်နေလိုက်သည်။ စကားတစ်လုံးမှ မပြောချေ။ သူ့ရှေ့မှ ပုပုကွကွနှင့် ယူနီဖောင်းဝတ်ထားသူကို ခေါင်းမှ ခြေဖျားအထိ ကြည့်နေမိသည်။ မြန်မာစစ်တပ်က ဗိုလ်မှူးကြီးသည် မသာမယာဖြင့် သူ့နောက်မှ လက်နက်ကိုင် စစ်သားများကို ထွက်သွားခိုင်းလိုက်ပြီး တံခါးပိတ်လိုက်သည်။ သူပြောတော့မည့်စကားအတွက် သက်သေအဖြစ် ရှိမနေစေချင်သောကြောင့်ဟု ထင်ရသည်။ ဗိုလ်မှူးကြီးသည် ရင်းနှီးသောလေသံဖြင့် ကြိုးစားပြီး စဝ်ကြာဆိုင်ကို စတင်ပြောသည်။

"စော်ဘွားကြီး··· ကျွန်တော်က စော်ဘွားကြီးလွတ်မြောက်ဖို့အတွက် တစ်စိတ်တစ်ဒေသ အလုပ်ဖြစ်အောင် လာပြောတာပါ။ အထက်က ဗိုလ်ချုပ်ကြီးနေဝင်းရော၊ ကျွန်တော်ကပါ စော်ဘွားကြီးအတွက် အကျိုးရှိဖို့ လာတောင်းခံတာပါ။ ကျွန်တော်တို့ ထိုင်ပြောကြရအောင်၊"

"ကျွန်တော် ရပ်နေမယ်"

ဟူ၍ စဝ်ကြာဆိုင်က အေးစက်စက်နဲ့ ပြန်ပြောလိုက်ပြီးနောက် လက်ပိုက်ပြီး ဗိုလ်မှူးကြီးကို စိုက်ကြည့်နေလိုက်သည်။ ထိုပုပုကွကွ ဂင်တိုတိုလူသည် အကြင်နာတရားကင်းပြီး ရက်စက်သောသူဟု အလွန်ကျော်ကြားသူ ဖြစ်လေသည်။

"စော်ဘွားကြီး··· ဒါ စော်ဘွားကြီးအကျိုးအတွက်ပဲ၊ ကျွန်တော်တို့နဲ့ ပူးပေါင်းပါ။"

ဗိုလ်မှူးကြီးအသံကလည်း သိသိသာသာပင် အေးစက်စက်ဖြစ်နေသည်။ သူသည် စဝ်ကြာဆိုင်ထံမှ စကား ပြန်ပြောသည်အထိ စောင့်နေသည်။ စဝ်ကြာဆိုင်က ဘာမျှပြန်မပြောပါ။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၁)

"ကောင်းပြီလေ၊ ကျနော်ကပဲ လိုရင်းအချက်ကို တည့်တည့်ပြောပါ့မယ်။ ဒီလိုဆိုရင် စော်ဘွားကြီးက တုံ့ပြန်မယ်လို့ မျှော်လင့်ပါတယ်။

ဒီလူကို ရှမ်းလို အိုက်နွတ်၊ ဒါမှမဟုတ် နွတ်ခမ်းမွေးနဲ့လူလို့ ခေါ်လေမလားပဲ"

ဟု ဗိုလ်မှူးကြီးက ငေါ့တော့တော့ ပြောလာသည်။

"ဒီတော့… စော်ဘွားကြီးက ပြည်ထောင်စုကို သစ္စာဖောက်မှာလား၊ ဒါမှမဟုတ် ကျနော်တို့နဲ့ လက်တွဲမှာလား၊"

သူ၏ ပြောခြင်းသည် စဝ်ကြာဆိုင်အတွက် အမိပ္ပါယ်မဲ့နေသည်။ စဝ်ကြာဆိုင်သည် ဗိုလ်မှူးကြီးကို တအံ့တသြ ကြည့်နေမိသည်။ သူ့ကို စိတ်လည်းမဆိုးသလို၊ နည်းနည်းလေးမှလည်း ကြောက်စိတ်မဝင်မိချေ။ သို့ကြောင့် စဝ်ကြာဆိုင်က–

"ခင်ဗျားက မဖြစ်နိုင်တာကိုမှ အလေးအနက် ပြောနေတာကိုး"

ဟု ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်… ကျနော် လေးလေးနက်နက် ပြောနေတာပါ။"

"ခင်ဗျားတို့ တော်လှန်ရေးအစိုးရက ကျနော့်ကို လုပ်ချင်သလိုလုပ်လို့ရပေမယ့် တရားရုံးကိုတော့ မသိနားမလည်လို့ပါလို့ ပြောလို့မရဘူးနော်"

"စော်ဘွားကြီး… ကျနော်တို့ အခုတရားရုံးရောက်နေပြီလေ၊ သူတို့က ကျနော်တို့ခိုင်းသလို လုပ်မှာပဲ"

ဟု ဗိုလ်မှူးကြီးက ဖြတ်၍ဝင်ပြောလိုက်သည်။

"ပြီးတော့… ကျနော်တို့ စော်ဘွားကြီးအကြောင်း အများကြီးသိထားပါတယ်။"

ဟုလည်း ပြောသည်။

"ဘာတွေ သိထားတာလဲ၊"

"စော်ဘွားကြီး ရှမ်းသူပုန်တွေကို ငွေကြေးထောက်ပံ့နေတယ်။ ဆီးတိုးအဖွဲ့နဲ့ အဆက်အသွယ် လုပ်နေတယ်၊ ဒီတော့ သစ္စာဖောက်ဖြစ်နေပြီ"

"ဗိုလ်မှူးကြီး… ခင်ဗျားနားလည်လား… ကျနော်လုပ်ချင်ရင် အဲဒါတွေအားလုံး လုပ်လို့ရတယ်။ ပြီးတော့ ဒီနေရာမှာလည်း ရပ်နေဖို့မလိုသလို ခင်ဗျားကို နားထောင်နေဖို့လည်း မလိုဘူး"

ဟု စဝ်ကြာဆိုင်က တည်ငြိမ်စွာ ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးမျက်နှာသည် နီရဲသွားသည်။ သူကြည့်ရသည်မှာ တဲအတွင်းမှ ချက်ခြင်းပင် ခြေကိုဆောင့်၍ ထွက်သွားမည့်ပုံမျိုးဖြစ်၏။ သူသည် အကျဉ်းသားနှင့် ထပ်စကားပြောဖို့ ကျင့်သားရသေးဟန်မတူချေ။

"ကျနော်တို့ကို သွေးဆောင်မနေပါနဲ့။ စော်ဘွားကြီးရဲ့မိန်းမနဲ့ ကလေးတွေဘဝကိုလည်း အခက်တွေ့အောင် လုပ်လို့ရတယ်။"

ဟု ဗိုလ်မှူးကြီးသည် စဝ်ကြာဆိုင်ကို ထိန်းထိန်းသိမ်းသိမ်း ပြောလိုက်သော်လည်း၊ သူ့အသံက ခြိမ်းခြောက်သံပါနေသည်။

ဤအချက်သည် စဝ်ကြာဆိုင် စဉ်းစားရန် ပြောလိုက်ခြင်းဖြစ်သည်။ လောလောဆယ်တွင် သူသည် အကျဉ်းကျခံနေရပြီး ဤအချိန်တွင် သူ့မိသားစုကို အချိန်မရွေး ဒုက္ခပေးနိုင်သည့်အချိန်ဖြစ်သည်။ သို့ကြောင့် စဝ်ကြာဆိုင်က–

"ဒါဆိုရင်... ခင်ဗျား ဘာလုပ်ချင်လဲ၊"

ဟု မေးလိုက်သည်။ ဗိုလ်မှူးကြီးသည် မျက်နှာပြန်ပြုံးပြုံးနှင့် ခေါက်ထားသောစာရွက်ကို ဆွဲထုတ်လိုက်ပြီး စဝ်ကြာဆိုင်ထံ ထိုးပေးလိုက်သည်။

"အားလုံးအတွက် အမှန်ဆုံး ခင်ဗျားလုပ်ဖို့ကတော့ လက်မှတ်ထိုးလိုက်ရုံပါပဲ"

စဝ်ကြာဆိုင်သည် စာရွက်ကိုဆွဲယူလိုက်ပြီး အလင်းရောင်ရသော တဲထောင့်တစ်နေရာသို့ ယူသွားသည်။ ပြီးနောက် မျက်မှန်တပ်လိုက်ပြီး သူ့ကို လက်မှတ်ထိုးစေလိုသောအကြောင်းက ဘယ်အရာဖြစ်သည်ကို သိလို၍ စတင်ဖတ်လေသည်။ ပြီးနောက်–

"မထိုးဘူး"

ဟု ပြန်ပြောလိုက်သည်။ စာရွက်ကိုလည်း ဗိုလ်မှူးကြီး မာင်လွင်ထံ ပြန်ပေးလိုက်သည်။ ပြီးနောက်–

"ကျနော် ဘယ်တော့မှ သဘောမတူဘူး၊ နှစ်ပေါင်းသန်းချီပြီးကြာတောင် သဘောတူမှာ မဟုတ်ဘူး"

ဟု ပြောလိုက်သည်။ ဗိုလ်မှူးကြီးက–

"ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ နောက်ပိုင်းဖြစ်လာမယ့် အကျိုးဆက်တွေအတွက် စော်ဘွားကြီး စဉ်းစားပါ၊ ကျနော် အချိန်နည်းနည်းပေးပါ့မယ်။ ပြီးတော့မှ တစ်ခေါက်ပြန်လာပါအုံးမယ်"

ဟု ပြောလိုက်သည်။ သူသည် စဝ်ကြာဆိုင် သတိမထားမိလိုက်ခင် စဝ်ကြာဆိုင်အနီးသို့ ဖျတ်ခနဲရောက်လာပြီး မျက်နှာပေါ်မှ မျက်မှန်ကို ဆတ်ခနဲဆွဲဖြုတ်ယူလိုက်သည်။

"ကျနော် နောက်တစ်ခေါက်ပြန်လာတဲ့အထိ ဒါမလိုသေးဘူး"

× × ×

**"သီပေါစော်ဘွား စဝ်ကြာဆိုင် ပျောက်ဆုံးလျက်ရှိခြင်း။ မည်သည့်နေရာရောက်မှန်း၊ မည်သူက ဖမ်းဆီးခေါ်ဆောင်သွားမှန်း မသိရသေးခြင်း"**

အထက်ပါ မြန်မာသတင်းစာ၏ခေါင်းကြီးပိုင်းကို မြင်လိုက်၍ မဟာဒေဝီသုစန္ဒီသည် ကြောက်ရွံ့ထိတ်လန့်သွားရလေသည်။ သုစန္ဒီသည် သတင်းစာကို ပြန်ဖတ်လိုက်သည်။ သူ့လက်များ တဆတ်ဆတ်တုန်လာသည်။ အံလည်း ကြိတ်လိုက်မိသည်။ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် စစ်ထောက်လှမ်းရေး ဗိုလ်မှူးကြီးမောင်လွင်တို့သည် မရိုးသားသောကစားပွဲတစ်ရပ်ကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိလိုက်ရ၍ စိုးရွံ့လာတော့သည်။ အကယ်၍ သူ့မောင်တော်ကို သူတို့က ဖမ်းဆီးထားခြင်း မဟုတ်ဟုဆိုလျှင် သူတို့မှာ စဝ်ကြာဆိုင်နှင့် ပတ်သက်သောတာဝန် လုံးဝမရှိဟု ဆိုလိုရာရောက်လေသည်။ သုစန္ဒီသည် သတင်းစာကို ဆွဲယူလိုက်ပြီး ဗိုလ်မှူးကြီးထွန်းအုံရုံးခန်းသို့ ချက်ခြင်းထွက်ခဲ့လေသည်။ သူနှင့်အတူ သွားနေကျ မိုးအေးကိုခေါ်ဖို့ လုံးဝမေ့သွားလေသည်။

"ကျမယောကျ်ားအကြောင်း ဘာဖြစ်လို့ လိမ်ညာထားရတာလဲ ဗိုလ်မှူးကြီး၊"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း သတင်းစာကို ဗိုလ်မှူးကြီးနှာခေါင်းနားအထိ ထိုးပေးလိုက်သည်။ ဗိုလ်မှူးကြီးသည် သတင်းစာခေါင်းကြီးပိုင်းကို ဖတ်ကြည့်သည့်အခါ အံ့သြနေသည်။

"သတင်းစာဆိုတာ အမျိုးမျိုးရေးနိုင်တာ၊ မဟာဒေဝီအသိပဲ မဟုတ်လား၊"

ဗိုလ်မှူးကြီးက သတိထား၍ ပြောလိုက်သည်။

"သတင်းစာတွေဟာ ဒီစစ်အစိုးရခွင့်ပြုတာတွေကိုသာ ရေးတယ်ဆိုတာ ကျမတို့နှစ်ယောက်လုံး သိကြပါတယ်နော်"

သုစန္ဒီသည် ပိုပြီးလှုပ်လှုပ်ရှားရှားဖြစ်လာ၍ မထိုင်ဘဲ ဆက်ပြောသည်။

"စစ်တပ်အာဏာသိမ်းတဲ့နေ့မှာပဲ တောင်ကြီးမှာ အဖမ်းခံလိုက်ရတယ်ဆိုတာ ဗိုလ်မှူးကြီးရော ကျမပါ သိကြပါတယ်နော်၊ ဒါကြောင့် ဒီလိမ်ညာမှုတွေကို ချက်ခြင်းပဲ ထုတ်ဖော်သင့်ပါတယ်။"

ဗိုလ်မှူးကြီး၏ မမျှော်လင့်သောတုံ့ပြန်မှုကို တွေ့လိုက်ရသည်။

"မဟာဒေဝီနဲ့ ကျနော် သဘောတူတယ်"

ဟု ပြောလိုက်ခြင်းဖြစ်၏။

"ကျနော်အကြံပေးချင်တာက မဟာဒေဝီကိုယ်တိုင် အဖြစ်အပျက်တွေ စစ်ဌာနချုပ်ကို ရေးပါ၊ ကျနော်ပို့ပေးပါ့မယ်"

သုစန္ဒီသည် ဗိုလ်မှူးကြီးမျက်နှာကို သေသေချာချာ စိုက်ကြည့်လိုက်မိသည်။ ရိုးသားဟန်တော့ပေါ်ပုံရသည်။ သို့သော် ဤသည်ထက်ပိုပြီး မခန့်မှန်းနိုင်ချေ။ သုစန္ဒီသည် သတင်းစာကို ဖြည်းညှင်းစွာ ခေါက်လိုက်ပြီး ချိုင်းကြားတွင် ညှပ်လိုက်သည်။

"ကောင်းပြီလေ… ကျမကြိုးစားကြည့်ပါ့မယ်၊ ဒါပေမယ့် နှစ်ပတ်အတွင်း မရေးနိုင်ခဲ့ရင်တော့ တခြားနည်းလမ်းတစ်ခုရှာပြီး ပြည်သူတွေသိအောင် လုပ်မယ်"

ဟုပြောပြီး လှည့်၍ ဗိုလ်မှူးကြီး၏ ရုံးခန်းအတွင်းမှ ထွက်လာခဲ့လေသည်။

× × ×

ဟော်နန်းမှ ထွက်သွားပြီး (၁၄) ရက်ကြာသောအခါ နန်နဲ့သည် အငှားကားဖြင့် ဟော်နန်းသို့ပင် ပြန်ရောက်လာလေသည်။

သုစန္ဒီသည် နန်နဲ့ကို သူ၏အိပ်ခန်းအတွင်းသို့ ဆွဲခေါ်သွားသည်။ သို့မှသာ သူတို့ လွတ်လွတ်လပ်လပ် ပြောနိုင်ကြမည်။ သုစန္ဒီ၏နှလုံးသည် တဒုတ်ဒုတ်ခုန်နေသည်။ လက်ဖဝါးတွေမှာလည်း ချွေးစေးတွေ ပြန်နေသည်။

"သူ့ကို တွေ့ခဲ့လား… ဟင်"

သုစန္ဒီက တိုတိုမေးလိုက်ခြင်းဖြစ်သည်။

"ကျမ စိတ်မကောင်းဘူး။ မတွေ့ခဲ့ရဘူး။ ဒါပေမယ့် သူအခုထိ အဲဒီမှာ ရှိနေပါသေးတယ်ဘုရား။ အနည်းဆုံး ကျမထွက်လာခဲ့တဲ့အချိန်အထိတော့ ရှိနေပါသေးတယ်ဘုရား။"

နန်နဲ့သည် အင်္ကျီဘော်လီအောက်က စာတစ်စောင်ကို ဆွဲထုတ်လိုက်သည်။

"ဘာဖြစ်လို့ ဒီစာကို ပြန်ယူလာရတာလဲ၊ "

သုစန္ဒီ စိတ်ပျက်စွာ မေးလိုက်သည်။

"မြန်မာစစ်ဗိုလ်က ဒီစာကို သိမ်းမထားရဲဘူး၊ သူက အစောင့်ထောက်လှမ်းရေးတွေကိုဖြတ်ပြီး ပို့ပေးဖို့ နည်းလမ်းမရှိဘူးတဲ့ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



""နဲနဲ ကျေးဇူးပြုပြီး တစ်ခုခု ပြောစမ်းပါ။ မောင်တော့်အကြောင်း အားလုံးပြောပြစမ်းပါ။""

ဟု သုစန္ဒီက တောင်းပန်လိုက်သည်။

""ကျမ မသိဘူးဘုရား'

ဟု နဲနဲက ပြောပြီး ရပ်လိုက်သည်။ သူ့အင်္ကျီလက်ကို ခေါက်တင်လိုက်သည်။ သူ့မျက်လွှာလည်း ချထားလိုက်သည်။

""ဘာဖြစ်လို့ မသိရတာလဲ၊""

သုစန္ဒီ တဖြည်းဖြည်း သတိရှိလာသည်။

""ကျမတို့ တော်ဘုရား ပြန်လာနိုင်ပါတော့မလား၊ ကျမတော့ မသိပါဘုရား""

""ဘာလို့ ငါ့ကို ဒီလိုပြောရတာလဲ နဲနဲ""

ဟု သုစန္ဒီက ပြောသည်။ သူ့အသံသည် ဆောက်တည်ရာမရဖြစ်ပြီး ကြောက်ရွံ့လာကာ အော်ပြောလိုက်မိတော့သည်။

""ပထမအပတ် ကျမအဲဒီမှာရှိနေတုန်း ကရင်စစ်ဗိုလ်က ပြောတယ်၊ တော်ဘုရားရှိတဲ့ ဝါးတဲနားကို အရောက်သွားလို့ရတဲ့နည်းလမ်း သူရှာပေးမယ်တဲ့။ နေ့တိုင်းသူ ကတိပေးတာပဲ၊ တော်ဘုရားတဲအပြင်ဘက်မှာ နေ့တိုင်း လေ့ကျင့်ခန်းလုပ်တဲ့အခါ ကျမ မကြာခင်မှာ မြင်ရလိမ့်မယ်လို့လည်း ပြောတယ်။ ဒါကြောင့် ကျမစောင့်နေတာ။ နောက်တော့ ရုတ်တရက်ကြီး (၉) ရက်မြောက်နေ့မှာ၊ နဲနဲ ကျေးဇူးပြုပြီး အထုပ်အပိုး အမြန်ပြင်ပါ။ ဒီကနေလည်း ခုချက်ခြင်း ထွက်သွားပါ၊ ကြောက်စရာတစ်ခုခု ဖြစ်နေပြီ ထင်တယ်။ ကျနော်ပြောခဲ့တာတွေ အားလုံး မေ့ပစ်လိုက်ပါ၊ ပြီးတော့ ဓော်ဘွားကြီးနဲ့ ပတ်သက်တဲ့မေးခွန်းတွေ တစ်ခုမှမမေးပါနဲ့""

လို့ ကရင်စစ်ဗိုလ်က အမြန်ပြန်လာပြီး ပြောတယ်။

""သူ့ဆီက တခြားဘာစကားတစ်ခွန်းမှ မကြားရတော့ဘူး။ ဒါပေမယ့် ကျမသိပါတယ်။ ကျမက သူ့ဆန္ဒကို လေးစားရမယ်လေ။""

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၂)

သုစန္ဒီသည် နဲနဲကို မကြည့်တော့ဘဲ၊ သူ့ခေါင်းကို နောက်ပြန်လှန်လိုက်ပြီး မျက်နှာကျက်ကိုသာ ငေးကြည့်နေတော့လေသည်။

“သူက ဘာပြောချင်သလဲဆိုတာ နဲနဲ မတွေးမိဘူးလား၊”

“အိုး… ဘုရားသခင်၊ ကျမ သိချင်တာပေါ့၊ ဒါပေမယ့် မသိခဲ့ရပါဘူးဘုရား၊ ဗထူးက ထွက်လာတဲ့ညပဲ တော်ဘုရားအကြောင်းကို ကျမ အိပ်မက်မက်တယ်။ တော်ဘုရားက တိမ်တိုက်ပေါ်မှာစီးပြီး ကောင်းကင်ပေါ်တက်သွားတာ တွေ့လိုက်ရတယ်ဘုရား၊ တော်ဘုရားရဲ့မျက်နှာက ဝမ်းနည်းကြေကွဲနေတယ်။ ကလေးတွေနဲ့ ကျမတို့ကို လက်ပြသွားပြီး ကောင်းကင်ပေါ်တက်သွားတာ”

သုစန္ဒီနှင့် နဲနဲတို့နှစ်ယောက် ဘာမျှထပ်မပြောနိုင်ကြတော့ဘဲ အတွေးကိုယ်စီဖြင့် ငြိမ်သက်စွာ ထိုင်နေကြသည်။ ထိုအချိန်တွင် ကလေးနှစ်ယောက်က ခုန်ပေါက်အော်ဟစ်ပြီး လှေကားမှ ပြေးတက်လာကြသည်။

× × ×

ဗိုလ်မှူးကြီးမောင်လွင်က သူလက်မှတ်မထိုးလိုက်သောစာရွက်နှင့် သူ့မျက်မှန်ကို ဆွဲချွတ်ယူသွားပြီးနောက် စဝ်ကြာဆိုင်သည် တစ်ဦးတည်း ကျန်ခဲ့ပြန်လေသည်။ သူ့အတွက် ကြည့်စရာ ဖတ်စရာ မရှိသော်လည်း သူ့မျက်မှန်ကိုတော့ သတိရနေသည်။ စဝ်ကြာဆိုင်က သူတို့ကို အိပ်ချိန်မှလွဲ၍ အမှတ်ရနေ၏။ သူ၏ မပြည့်မစုံ နေသားမကျဖြစ်နေရမှုအတွက် ခံစားနေရသည်။ ဤကဲ့သို့ဖြစ်စေရန်လည်း ဗိုလ်မှူးကြီးက မျှော်လင့်ခဲ့ပါသည်။

ဗိုလ်မှူးကြီးမောင်လွင်က ဘာကိုမျှော်လင့်၍ သူ့အပေါ် အနိုင်ယူချင်သည်ဆိုသည်ကို တိတိကျကျ သူမသိချေ။ သူတို့က သူ့အပေါ် စိတ်ဓာတ်ရေးရာအရ အနှောင့်အယှက် ပြင်းပြင်းထန်ထန်ပေးရန် စတင်လိုက်ခြင်းဖြစ်သည်ကိုမူ သူ့အနေနှင့် မျှော်လင့်ပြီးသားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူက သူတို့သဘောကို မည်သို့သော အခါမှ မလိုက်လျောခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ သူ့တွင် မရပ်မနားစဉ်းစားရန် အချိန်တွေအများကြီး ရှိသည်။ ထိုနေ့က သူ့အတွက် ညနေစာကို လာမပို့ပေးသဖြင့် အကျဉ်းသားကို အစာဖြတ်လိုက်ခြင်းပင်ဖြစ်မည်ဟု တွေးလိုက်မိသည်။ စဝ်ကြာဆိုင်အနေဖြင့် မဆာပါ။ ပထမနေ့အကျဉ်းကျစဉ်ကလည်း အစာကို မစားဘဲနေခဲ့ပါသည်။ သူ့အနေဖြင့် အစာစားသည့်အခါတိုင်း ထမင်းတလုပ်ကို ဖွတ်မျိုချနေခဲ့ရသည်။ ထိုသို့နေ့စဉ်ပင် ဖြစ်နေသည်။ သူသည် ယခုတိုင် ရုပ်အားဖြင့် သန်မာဆဲရှိနေသည်ဟု ထင်ရသော်လည်း ကိုယ်အလေးချိန် အတော်ကျသွားခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခန္ဓာကိုယ်တွင်းတွင် ရေဓာတ်ခန်းခြောက်သွားခြင်းကြောင့်ဖြစ်မည်ဟု ထင်သည်။ စဝ်ကြာဆိုင်သည် မကျိုချက်သောရေနှင့် စစ်မထားသောရေကို ရှောင်သည်။ သို့သော် သူ့အတွက် မြေခရားဖြင့် ထိုကဲ့သို့သော ရေကိုသာ လာချပေးတတ်သည်။ ရေနွေးခရားငယ်ဖြင့် လက်ဘက်ရည်ကြမ်းကို တစ်နေ့တစ်ခါ လာပေးသော်လည်း မကြာမီပင် အေးသွားလေသည်။

နောက်အဘယ်မျှကြာလျှင် ဗိုလ်မှူးကြီးမောင်လွင်ပြန်လာ၍ သူနှင့် ထိပ်တိုက်ရင်ဆိုင်ရအုံးမည်ကို မသိပါ။ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် သူတို့အုပ်စုသည် စဝ်ကြာဆိုင်က မည်သည့်အခါမှ သူတို့နှင့်အတူ မပူးပေါင်း မဆောင်ရွက်မည်ကို သိနေသည့်အတွက် ဘယ်အရာတွေ ထပ်ဖြစ်လာလိမ့်ဦးမည်လဲဟု တွေးမိသည်။ သူသည် သူတို့နှင့် ဆွေးနွေးအဖြေရှာပြီး သူ့ယုံကြည်ချက်ကို မပြောင်းလဲနိုင်၍ ရွေးချယ်စရာလမ်း မရှိခဲ့လျှင် သူ့မိန်းမနှင့် ကလေးနှစ်ယောက်အတွက် မည်ကဲ့သို့ အကာအကွယ်ရမည်လည်းဟု တွေးပူမိစိတ်က သူ့အတွက် ပြင်းပြသောဆန္ဒဖြစ်နေလေသည်။ သူ့ရန်သူများက သူ့ကို သူတို့၏ကေးစားခံအဖြစ် တကယ်တော့ မျှော်လင့်သည် မဟုတ်ချေ။ သူ့ကိုပြောရေးဆိုခွင့်ရှိသည့် ရှမ်းများကို ကိုယ်စားပြုသူအနေဖြင့်သာ ဖယ်ထားချင်ပုံရလေသည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် စဝ်ကြာဆိုင်အပေါ်တွင် ပရမ်းပတာ ဆိုးဆိုးဝါးဝါးတော့ ယုံကြည်ထားမည် မဟုတ်သည်မှာ သေချာသည်။ စဝ်ကြာဆိုင်ကို အမြဲသစ္စာဖောက်ရန်ကြံနေသည်ဟု ထင်နေပုံရသည်။ နောက်ပိုင်း မည်သို့ပင်ဖြစ်ဖြစ် အကြောင်းမဟုတ်သော်လည်း သူ၏ယုံကြည်ချက်ကိုမူ အစတေးမခံနိုင်ချေ။ စဝ်ကြာဆိုင်က ဗုဒ္ဓ၏အဆုံးအမကို အကြွင်းမဲ့ လက်ခံယုံကြည်ထားသူဖြစ်သည်။ လူ့ဘဝသည် သူပြုခဲ့သောကံပေါ်တွင်သာ မူတည်သည်။ သူ့မိန်းမနှင့် ကလေးများ၏ ကံကြမ္မာသည်လည်း သူတို့ပြုခဲ့သော အတိတ်ကံအကျိုးတိုင်းသာ ဖြစ်ပေလိမ့်မည်။ သူက ဆုံးဖြတ်ပေး၍ မရချေ။ သူက သူ့ယုံကြည်ချက်ကို ဆန့်ကျင်၍လုပ်သည့်တိုင် သူတို့ကံကြမ္မာကို အကူအညီ မပေးနိုင်ပေ။ သူ၏ မကောင်းမှုကံများကသာ သူ့အပေါ် စုပုံလာနိုင်သည်။

လကွယ်ညဏ် အေးစိမ့်နေမှုသည် သူ့တဲလေးပေါ်သို့ ကျရောက်ချိန်တွင် သူတစ်ရေးနိုးလာသည်။ သူသည် နေ့ခင်းက ရာသီဥတုအပူဒဏ်နှင့် စိတ်၏အပူဒဏ်တို့ကြောင့် နွမ်းနယ်နေသည်။ သူ့တဲလေးကို မိုးထားသော သွပ်ပြားအပိုင်းအစများကြောင့် ပူသည်လည်း ဖြစ်ပေမည်။ လေဝင်လေထွက်ကလည်း မကောင်းပေ။ စဝ်ကြာဆိုင်က ညဘက်ကို ပို၍သဘောကျသည်။ ညဘက်တွင် သူတစ်ယောက်တည်း တွေးချင်ရာတွေး၍ ရသည်။ သူချစ်သော သူများကို စိတ်ဖြင့် တွေးကြည့်၍ရသည်။ ဝါးတဲကလေးအတွင်းမှ သူဆက်သွယ်ချင်သောကမ္ဘာကို ဆက်သွယ်၍ ရလေသည်။

ဘွတ်ဖိနပ်သံများနှင့် စူးရှသောမီးရောင်တို့ကြောင့် စဝ်ကြာဆိုင်အိပ်ယာမှ ရုတ်တရက်နိုးလာသည်။ ဗိုလ်မှူးကြီးမောင်လွင်သည် အမှောင်ထုကို အကာအကွယ်ယူပြီး ပြန်လာရန် ဆုံးဖြတ်လိုက်ပုံရသည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏လက်ရုံးများသည် တဲငယ်အတွင်းသို့ အပြည့်ဝင်ရောက်လာကြသည်။ မြန်မာစစ်ဗိုလ်နှင့် ၄င်း၏ လက်နက်အပြည့်ကိုင်ဆောင်လာကြသော စစ်သားလေးယောက်က စဝ်ကြာဆိုင်ကို အော်တိုမက်တစ်သေနတ်များဖြင့် ဝိုင်းချိန်ထားလိုက်ကြသည်။ ဤတစ်ကြိမ်တွင် ဗိုလ်မှူးကြီးက သူ့လူများကို မနှင်ထုတ်ဘဲ ဆက်နေစေသည်။ စဝ်ကြာဆိုင်ကို တဲနံရံဆီသို့ စစ်သားနှစ်ယောက်က ဆွဲဖိကပ်ထားလိုက်ပြီး မီးအားကောင်းသော လက်နှိပ်ဓာတ်မီးဖြင့် မျက်နှာတည့်တည့်ကို ထိုးထားလိုက်သည်။

မီးအားပြင်းမှုကြောင့် စဝ်ကြာဆိုင်မျက်လုံးများပြာ၍ မမြင်ရတော့ပါ။ သို့ကြောင့် သူ့မျက်လုံးများကို ပိတ်ထားလိုက်သည်။ ကိုယ်ကို တအားဖိကပ်ထားသောနံရံမှ ပြန်ထိန်းလိုက်ရ၏။

"ကဲ... ဆိုစမ်းပါအုံး...၊ ခင်ဗျားရဲ့ ဆုံးဖြတ်ချက်က ဘယ်လိုလဲ"

ဟု ဗိုလ်မှူးကြီးမောင်လွင်က တိုတိုပြတ်ပြတ် မေးလိုက်သည်။

"ကျနော့် စိတ်ကို မပြောင်းလဲနိုင်ဘူး၊ ခင်ဗျားတို့ အသုံးချတာကို မခံဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကံဆိုးလိုက်ပုံကဗျာ… ခင်ဗျားရဲ့ကံကြမ္မာအတွက် မစိုးရိမ်ဘူးလား၊ ပြီးတော့ ခင်ဗျားရဲ့မိန်းမနဲ့ ကလေးတွေအတွက်ရော"

ဗိုလ်မှူးကြီးသည် စဝ်ကြာဆိုင်မျက်နှာအနီးသို့ ပိုး၍တိုးကပ်လိုက်သည်။ စဝ်ကြာဆိုင်က ရန်သူ၏ပူလှသောအသက်ရှူထုတ်မှုကိုရှောင်ရန် သူ့ခေါင်းကို တစ်ဖက်သို့လှည့်လိုက်ပြီးနောက် ဘာမျှ မတုံ့ပြန်ဘဲနေသည်။

ထိုကြောင့် ဗိုလ်မှူးကြီးမောင်လွင် အပြင်းအထန် ဒေါသထွက်လာလေသည်။

"ငါပြောနေတယ်… ငါ့ကို စကားပြန်ပြောစမ်း… မင်းကြားရဲ့လား၊"

ဟု အော်သည်။ စဝ်ကြာဆိုင်က အနည်းငယ်မျှ ပြန်မပြောချေ။ ဗိုလ်မှူးကြီးသည် သူ့ဘေးမှ တပ်ကြပ်ကို တိုးတိုးကပ်ပြောလိုက်ပြီး လှည့်ထွက်သွားလေသည်။ နောက်လူတစ်ယောက်က ဆွဲလိုက်သဖြင့် စဝ်ကြာဆိုင်မှာ ပြန်တွန်းလှန်ရန် အားမရှိတော့ချေ။ သူတို့သည် စဝ်ကြာဆိုင်ကို လျှပ်စစ်ကဲ့သို့ လှစ်ခနဲဆွဲပြီး နံရံမှအဝေးသို့ တွန်းပစ်လိုက်သည်။ လက်နှစ်ဖက်ကိုလည်း နောက်ကျောဘက်တွင် လက်ထိပ်ခတ်လိုက်သည်။ ပြီးနောက်-

"ခင်ဗျားကို ဗိုလ်မှူးကြီးရုံးခန်းထဲခေါ်ခဲ့ဖို့ အမိန့်ပေးသွားတယ်"

တပ်ကြပ်က စဝ်ကြာဆိုင်ကို အပြင်ထုတ်လာသည်။ အခြားလက်နက်ကိုင်စစ်သားများကို အနီးတွင် ပူးကပ်ထားကြသည်။ စဝ်ကြာဆိုင်သည် သတိကောင်းစွာ ရှိနေသည်။ သူတို့ကိုခုခံရန် အခွင့်အရေးကို မမြင်ချေ။ သူ့အတွက် အဆိုးဆုံးကို မျှော်လင့်ထားလိုက်သည်။ စစ်သားများသည် ညအမှောင်ထဲတွင် အဘယ်ကြောင့် သူ့ကိုလက်နောက်ပြန် လက်ထိပ်ခတ်၍ ခေါ်ထုတ်လာကြသနည်း။ သူ့အသက်ကို ပြင်းပြင်းရှူထုတ်လိုက်သည်။ ညအမှောင်ထဲမှ လေနုအေးသည် တင်းကျပ်နေသော သူ့ရင်ခွင်ကိုတိုး၍ တိုက်ခတ်သွားသဖြင့် သူ့မှာ စိတ်ရောကိုယ်ပါ အေးချမ်းသွားရသဖြင့် လေနုအေးကို ကျေးဇူးတင်လိုက်သည်။ သစ်သားအဆောက်အဦးကြီးဆီသို့ ရောက်သည့်တိုင် စဝ်ကြာဆိုင်သည် သူတို့ရှေ့တွင် လိုက်လာရသည်။ အဆောက်အဦးအရှည်ကြီး၏ အပြင်ဘက်သို့ရောက်သောအခါ စဝ်ကြာဆိုင်သည် အလင်းရောင်ကိုမြင်ရပြီး အသံများကိုလည်း ကြားရလေသည်။

"သူ့ကို မြန်မြန်ခေါ်ခဲ့စမ်း"

စစ်သားတွေက စဝ်ကြာဆိုင်ကို ဗိုလ်မှူးကြီးမောင်လွင်၏ ရုံးခန်းအတွင်းသို့ တွန်းပို့လိုက်ကြသည်။ ဗိုလ်မှူးကြီးသည် ကြီးမားသော ကျွန်းစားပွဲကြီး၏နောက်တွင် ထိုင်စောင့်နေသည်။

"ထုံးစံအတိုင်းလုပ်ရလို့ စိတ်မကောင်းပါဘူးဗျာ… ခင်ဗျားလည်း သိပါတယ်"

ဟု ပြောပြီး ဗိုလ်မှူးကြီးမောင်လွင်က အချက်ပြလိုက်၍ တပ်ကြပ်တစ်ယောက်သည် စဝ်ကြာဆိုင်လက်မှ လက်ထိပ်ကို ဖြုတ်ပေးလိုက်သည်။

"ကျနော် မေးစရာမေးခွန်းတွေများလို့ ကျေးဇူးပြုပြီးထိုင်ပါအုံး စော်ဘွားကြီး"

စဝ်ကြာဆိုင်အဖို့ သက်သက်သာသာ ရှိသွားသော်လည်း မောနေသည်။ ဗိုလ်မှူးကြီးပြောသည်ကို လက်ခံ၍ သူ့ရှေ့မှ ဖြတ်လျှောက်သွားပြီး ထိုင်ခုံပေါ်တွင် ထိုင်ချလိုက်သည်။ သူ့လက်ကောက်ဝတ်ကို သူပွတ်နေ၏။

"ခင်ဗျားဟာ ရှမ်းစော်ဘွားများအဖွဲ့အစည်းရဲ့ အတွင်းရေးမှူး မဟုတ်လား၊"

"ဟုတ်ပါတယ်၊ အခုအထိ ကျနော်ပါပဲ"

"ခင်ဗျား တခြားနိုင်ငံခြားအင်အားတွေနဲ့ ဆွေးနွေးဖူးသလား"

"မဆွေးနွေးဖူးပါဘူး"

"ဒါပေမယ့် ခင်ဗျား မြန်မာပြည်ထောင်စုကနေ ရှမ်းပြည်နယ်ခွဲထွက်ရေးကို သဘောကျတယ် မဟုတ်လား၊"

"ကျနော့်သဘောအနေနဲ့တော့ မဟုတ်ဘူးလို့ ပြောရမယ်၊ ဒါပေမယ့် ဖွဲ့စည်းပုံထဲမှာ ခွဲထွက်ခွင့်ကို အာမခံထားတယ် မဟုတ်လား၊"

ဟု စဝ်ကြာဆိုင်က ပြောလိုက်သောအခါ ဗိုလ်မှူးကြီးမျက်နှာနီရဲလာပြီး-

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တရုတ်"

ဟု ပြောလိုက်လေသည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ရေးထားတဲ့ စက္ကူဖိုးလောက်တောင် တန်ဖိုးမရှိဘူး၊ ဒါကြောင့် ကျနော်တို့ရဲ့ မိုလ်ချုပ်က စုတ်ဖြဲပစ်လိုက်တာ"

"ဒါပေမယ့် လူထုက ဒီအတွက် တိုက်ခိုက်ကြလိမ့်မယ်၊ ခင်ဗျား ကြိုက်ချင်ကြိုက်၊ မကြိုက်ချင်နေ"

"မဟုတ်ဘူး၊ သူတို့ ဒီလိုမလုပ်ဘူး၊ ခင်ဗျားလို ပြဿနာကောင်ကို ဖြုတ်ထုတ်ပစ်ရမယ်"

ဟု ပြောရင်း သူ့ထိုင်ခုံမှ ရှေ့သို့ကုန်းလိုက်သည်။ မိုလ်မှူးကြီးက စဝ်ကြာဆိုင်ကို ဒေါသမီး ရဲရဲတောက်နေသည့်အကြည့်ဖြင့် ကြည့်လိုက်သည်။

"မိုလ်မှူးကြီး... ကျနော့ကို မကြောက်ပါနဲ့၊ ကျနော် လိပ်ပြာသန့်ပါတယ်။ စိတ်လည်း ရှင်းတယ်၊ ဒါကျနော့်အကြောင်းရင်းပဲ"

"မှားတယ်... ရှမ်းတွေ တော်လှန်တာအတွက် ခင်ဗျားကို အပြစ်တင်ရမယ်၊ ဒါဟာ ပြည်ထောင်စုကြီးကို ခြိမ်းခြောက်နေတာပဲ"

စဝ်ကြာဆိုင်သည် ကြားရသောစကားအတွက် စိတ်ဆိုးလာတော့သည်။

"ဘာဖြစ်လို့ ကျနော့လူတွေ မကျေနပ်ကြလည်းဆိုတာကို ခင်ဗျား ကောင်းကောင်းသိတာပေါ့၊ အဲဒါ ခင်ဗျားတို့ကြောင့်ပဲလေ၊ ခင်ဗျားတို့ လိမ်မှုတွေကြောင့်ပေါ့"

"ကျေးဇူးပါပဲ... ခင်ဗျားရဲ့ သစ္စာဖောက်မှုကို အခုပဲ သက်သေပြလိုက်ပြီလေ။ ဒါပေမယ့်... ကျနော် ခင်ဗျားကို နောက်ဆုံးအခွင့်အရေးပေးမယ်၊ ကျနော်တို့နဲ့ ပူးပေါင်းပါ၊ ရှမ်းသူပုန်တွေကိုတိုက်ဖို့ ကူညီပါ။ ကျနော်တို့နဲ့ အတူတူလုပ်ရင် ခင်ဗျား ကြီးပွားမယ်။"

"ကျနော် သေတောင် မလုပ်ဘူး"

ဟု စဝ်ကြာဆိုင်က ပြတ်ပြတ်သားသား အဖြေပေးလိုက်သည်။ စဝ်ကြာဆိုင်၏ အာခံစွာဖြင့် ပြန်ပြောလိုက်ခြင်းအတွက် မိုလ်မှူးကြီးမောင်လွင်သည် ထခုန်လိုက်ပြီး စားပွဲရှေ့သို့ကုန်းလိုက်ကာ လေသံတိုးတိုးဖြင့်-

"ခင်ဗျားဟာ ခင်ဗျား ကံကြမ္မာကို အဆုံးအဖြတ်ပေးလိုက်တာပဲ"

ဟု ပြောပြီး သူ့တပ်ကြပ်ဘက်သို့ လှည့်လိုက်ကာ-

"ဒီအကျဉ်းသားကို သူ့နေရာသစ်ဆီ ပို့လိုက်စမ်း၊ ပြီးတော့ အပိုဆုလေးဘာလေးလည်း ပေးလိုက်အုံး"

ဟု ပြောလိုက်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၃)

### အခန်း (၁၆)

နံနဲပြန်ရောက်လာပြီးနောက် သုစန္ဒီသည် သမီးနှစ်ယောက်နှင့်အတူ တောင်ကြီးသို့လိုက်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။ သူသည် လင်ညီအစ်မတော်သည့် နန်းလောင်နှင့်အတူ နေထိုင်ပြီး စပ်ကြာဆိုင်ကို ဖမ်းထားသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က တိုင်းမှူး ဗိုလ်မှူးကြီးမောင်ရွှေနှင့် အဆက်အသွယ် လုပ်မည်ဟု စိတ်ကူးသည်။ ထို့အပြင် သူ့မောင်တော်၏အစ်မတော် အသည်းအသန်ဖြစ်နေသည့်အတွက် သူနှင့် ကလေးများ သွားကြည့်အုံးမည် ဟုလည်း ဆုံးဖြတ်သည်။ သို့ကြောင့် သုစန္ဒီသည် ဗိုလ်မှူးကြီးမောင်ရွှေထံ စာရေးသည်။ မိတ္တူကို ဗိုလ်မှူးကြီး ထွန်းအုံနှင့် သီပေါမှ ဗိုလ်ကြီးထံသို့ ပို့သည်။ ထိုသို့ပို့ပြီး နှစ်ပတ်အတွင်း တောင်ကြီးသို့သွားမည်ဖြစ်ကြောင်း သတင်းပို့လိုက်သည်။ နှစ်ရက်အကြာတွင် မြန်မာ့တပ်မတော်၏တုံ့ပြန်မှုအနေဖြင့် သီပေါမှ ဗိုလ်ကြီးသည် အရှေ့ ဟော်သို့ ရောက်လာပြီး သုစန္ဒီကို ဟော်နန်းမှ ထွက်ခွာခွင့်မပြုဟု တားမြစ်လေတော့သည်။

သင်္ကြန်ပွဲတော် ရောက်လာပြီး၊ ပြီးဆုံးသာသွားခဲ့သည်။ သုစန္ဒီအနေဖြင့် ရာသီပွဲကိုနွှဲပျော်ရန် စိတ်အား တက်ကြွမှုမရှိပါ။ ကလေးများက သင်္ကြန်ကို ပျော်စရာပွဲဟု ထင်ကြလေသည်။ မာယာရီနှင့် ကိန္နရီတို့သည် သူတို့၏မယ်တော်ကို အုံ့သြနေကြသည်။ သင်္ကြန်ရက်အတွင်း ရွာသားများက အုပ်စုလိုက်လာပြီး သူတို့၏ မဟာဒေဝီကို လာကန်တော့ကြသည်။ ထို့ကြောင့် သုစန္ဒီကို ရေပုံးဖြင့် အကြိမ်ပေါင်းများစွာ တစ်နေ့လုံးတွေ့ရခြင်း ဖြစ်သည်။ မြို့ပေါ်မှလူများကမူ ဟော်နန်းနှင့် ဝေးရာမှ နေကြလေသည်။ ရင်းနှီးသော သူငယ်ချင်းများနှင့် ဆွေတော် မျိုးတော်များသည် ဟော်နန်းသို့သွားရန် ရှောင်ကြဉ်ကြ၏။

ရိုးသားသော တောရွာမှ ရှမ်းတောသူတောင်သားများသည် သူတို့အမည်ကို ဟော်နန်းအဝင်ဝမှ မြန်မာ စစ်သားများက မေးမြန်းမှတ်သားထားကြသည်ကို မကြောက်ကြချေ။ နိုင်ငံရေးကြောင့် အခြေအနေအရ ဖြစ်လာ သည်ကို သူတို့က ဝမ်းနည်းပြီး ခေါသထွက်ကြလေသည်။ သူတို့၏ ယုံကြည်မှုမှာ သူတို့စော်ဘွားကြီး ဘေးကင်းစွာ ဖြင့် ပြန်ရောက်လာပြီး သူတို့၏မဟာဒေဝီကို အင်အားသစ်တစ်ဖန်ပေးဖို့ပင် ဖြစ်သည်။

သုစန္ဒီအဖို့ ရှေ့ဆက်လုပ်ရမည့် အစီအစဉ်နှင့် တာဝန်ဝတ္တရားများအားလုံးသည် သူ့ပခုံးပေါ်ကျရောက်နေ သည်ဆိုသည်ကို သူသိလိုက်ပါလေသည်။ ထိုတာဝန်များအတွက် သူကဆုံးဖြတ်ချက်ချရမည် ဖြစ်သည်။ သူနှင့် အရင်းအနှီးဆုံးဖြစ်သော သူ၏မောင်တော်ကပင် သူ့ကို ယခင်က အလုပ်ကိစ္စများနှင့် ပတ်သက်၍ အသိပေးခဲ့သည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သုစန္ဒီအနေဖြင့် အချိန်များကို ဟော်နန်း၏ လေသာဆောင်တွင်သာ ကုန်ဆုံးစေရတော့သည်။ ဟော်နန်းရှေ့က ဖြတ်စီးဆင်းသွားသော စိမ်းမြရွှမ်းလဲ့နေသည့် နမ္မတူမြစ်ကြီးကိုသာ ငေးကြည့်နေရသည်။ သူ့နယ်သူ့နယ်သားများ ဘာတွေဖြစ်နေသည်ကိုလည်း ဘာမျှမသိရချေ။ သုစန္ဒီသည် သူ့မောင်တော်နှင့် မတွေ့ကြရသော်လည်း နယ်သူနယ်သားများနှင့်မူ အဆက်အသွယ် မပျက်ခဲ့ချေ။ သူတို့က သူခံစားနေရသည်ကို နားလည်ကြသည်။ သူတို့၏ အတွေးနှင့်အမြင်များကို လွတ်လပ်စွာ ပြောဆိုကြသည်။ လူတိုင်းက သုစန္ဒီကို ဝိုင်း၍ အကူအညီပေးကြသည်။ ဆုံးဖြတ်ချက်များ၊ စိတ်ဓာတ်ရေးရာ ပံ့ပိုးပေးမှုများ၊ ငွေကြေးအထောက်အပံ့များ၊ အင်အားများကို ဝိုင်းပေးခဲ့ကြသည်။ သူ့အနေဖြင့် ဤကဲ့သို့သော အကူအညီအထောက်အပံ့များသာ မရရှိခဲ့လျှင် သူ့အနေဖြင့် မည်သည့်အလုပ်ကို မည်သို့ဆက်လုပ်ရမည် မသိနိုင်ချေ။

မကြာမီတွင်ပင် လူအများသည် သူတို့အကျိုးအတွက် ရောက်လာကြသည်။ သုစန္ဒီယခင်က မမြင်ဘူးသော ယောက်ျား၊ မိန်းမများသည် ဟော်နန်းသို့ ရောက်လာကြပြီး သူတို့စော်ဘွားကြီးအား တွေ့ခဲ့ကြရသည့် နေရာအမျိုးမျိုးကို လာပြောပြကြသည်။ ရန်ကုန်အနီးက အင်းစိန်မှာ၊ မင်္ဂလာဒုံလေဆိပ်မှာ၊ မန္တလေးမှာ၊ လားရှိုးမှာစသဖြင့် အမျိုးမျိုးလာပြောကြသည်။ သူတို့က တကယ်တွေ့လာကြောင်း သက်သေပြနိုင်သည်။ သို့သော် ထိုသို့ သက်သေပြရန်အတွက် ငွေလိုကြောင်းပြော၍ သုစန္ဒီသည် ငွေကြေးထောက်ပံ့ပြီး ဖြစ်နိုင်သောအရပ်ဒေသများသို့ စေလွှတ်သည်။ ထိုသူတို့သည် မရေရာ၊ မသေချာသောသတင်းများကိုသာ ပို့ပေးကြကာ မည်သည့်အခါမျှ ပြန်မပေါ်လာကြတော့ချေ။ အချို့ကမူ ပြန်လာပြီး အောင်မြင်ခါနီးပြီဖြစ်သည့်အတွက် ငွေကြေးများများ ထပ်တောင်းကြလေသည်။ စော်ဘွားကြီးကိစ္စနှင့်ပတ်သက်ပြီး မဟာဒေဝီသုစန္ဒီတွင် လိမ်ရလွယ်ကူသည်ဟူသော သတင်းပျံ့နှံ့သွားသည်။ ဗေဒင်ဆရာများ၊ အကြားအမြင်ရသည့်ပုဂ္ဂိုလ်များ၊ သတင်းပေးနိုင်သူများသည် သုစန္ဒီကို လာရောက်ဆက်သွယ်ကြပြီးနောက် သုစန္ဒီ၏ဖွင့်ထားသော နားနှင့် ပိုက်ဆံအိတ်တို့အတွက် သူတို့အဖို့ လမ်းပွင့်နေတော့သည်။ သူ့အနေဖြင့် ရွေးပြီး ယုံရလေသည်။ သူ့မောင်တော် နေကောင်းရဲ့လား၊ အသက်ရှင်လျှင် ရှိနေသေးရဲ့လား၊ ကောင်းကောင်းနေထိုင်ကြရဲ့လား၊ ဘယ်တော့လောက် လွတ်မည်လဲ ဆိုသည့်သတင်းများကိုသာ နားစွင့်နေရလေသည်။

သို့ရာတွင် သုစန္ဒီသည် ဗိုလ်ချုပ်ကြီးနေဝင်းထံသို့လည်းကောင်း၊ ဗိုလ်မှူးကြီးမောင်လွင်ထံသို့လည်းကောင်း၊ ဗိုလ်မှူးကြီးမောင်ရွှေထံသို့လည်းကောင်း၊ သူ့မောင်တော်နှင့် တွေ့ခွင့်ရရန်နှင့် စာအဆက်အသွယ် လုပ်ခွင့်ရရန် ခွင့်ပြုပေးပါမည်အကြောင်း တောင်းပန်စာများ ရေးပို့နေသည်။ သူ့အနေဖြင့် သတင်းစာထဲတွင် စဝ်ကြာဆိုင်ကို ဖမ်းဆီးသွားသော သတင်းအမှန် ထည့်ပေးသည်လားဆိုသည်ကို နေ့စဉ်စောင့်ကြည့်နေရသည်။ သတင်းစာထဲ အမှန်ပါလာရန် ဗိုလ်မှူးကြီးထွန်းအုံက တာဝန်ယူထားသည် မဟုတ်ပါလော။

သီတင်းပတ် အနည်းငယ်ကြာသည်အထိ သတင်းစာထဲတွင် စဝ်ကြာဆိုင်အဖမ်းခံရသည့်သတင်း ပါမလာသောအခါ သုစန္ဒီသည် သူ့မောင်တော် အဖမ်းခံရပုံသတင်းများ လာရောက်ပေးကြပုံ၊ သတင်းမှန်အဖြစ်မှန် အသီးသီးကို ဆောင်းပါးတစ်ပုဒ်ရေးပြီး မြန်မာသတင်းစာတိုက်များသို့ ပို့လိုက်သည်။ သူ့အနေဖြင့် သတင်းစာတစ်စောင်စောင်မှ သတ္တိရှိရှိဖြင့် ထည့်ပေးလိမ့်မည်ဟု မျှော်လင့်လျှက် စောင့်နေလိုက်သည်။

တစ်ပတ်ခန့်အကြာတွင် ကောလင်းသည် မြန်မာ့အလင်းသတင်းစာကိုကိုင်လျှက် သုစန္ဒီ၏အခန်းတွင်းသို့ ဝင်လာသည်။

“စဝ်မယ်… စဝ်မယ်ပို့လိုက်တဲ့စာ အခုပါလာပြီ”

ဟု၊ သူသည် စက်ဘီးပေါ်မှ အမောတကော ဆင်းလာပြီးပြောသည်။

“ပြစမ်း”

သုစန္ဒီ ထခုန်လိုက်သည့်အတွက် ဝုန်းခနဲမြည်သွားလေသည်။ သုစန္ဒီသည် ဝမ်းမြောက်ဝမ်းသာဖြင့် ရှေ့ဆုံးစာမျက်နှာမှ ဆောင်းပါးကိုဖတ်သည်။ တောင်ကြီး၌ စဝ်ကြာဆိုင်အဖမ်းခံရသည်ကို အမှန်တကယ် မြင်တွေ့

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသောအကြောင်းနှင့် ရရှိသော သတင်းအချက်အလက်များကို ကိုးကားရေးသားထားသည့် ဆောင်းပါးကို ဖော်ပြထားသည်။ သုစန္ဒီသည် အလွန်ပင် ဝမ်းသာပျော်ရွှင်သွားပါသည်။ သတင်းစာကို ယူလာပေးသော ကောလင်းကိုပင် ပွေ့ဖက်ပစ်လိုက်ချင်မိတော့သည်။ ကောလင်းသည် လှည့်ထွက်သွားဖို့အလုပ်တွင်-

"စဝ်မယ်… အချိန်နည်းနည်းကြာရင် ယူနီဖောင်းနဲ့ ဧည့်သည်တွေ လာလိမ့်မယ်ထင်တယ်"

ဟု ပြောသည်။

ကောလင်းပြောသကဲ့သို့ပင် လုံးဝမှန်နေသည်။ နောက်ဆယ်မိနစ်ခန့်အကြာတွင် ဂျစ်ကားတစ်စီး ဟော်နန်းရှေ့မှ ဆင်ဝင်အောက်သို့ ရောက်လာတော့သည်။ ကောလင်းသည် ဧည့်သည်မြန်မာစစ်ဗိုလ်နှင့် တပ်ကြပ်တို့ကို ဦးဆောင်ပြီး အခန်းတွင်းသို့ ခေါ်ဆောင်လာသည်။ ဧည့်သည်မြန်မာစစ်ဗိုလ်၏လက်ထဲတွင် သတင်းစာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ သုစန္ဒီ၏ စားပွဲပေါ်မှ မြန်မာ့အလင်းသတင်းစာကို တွေ့လိုက်ရသောအခါ စစ်ဗိုလ်သည် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ဒီဆောင်းပါးကို ခင်ဗျား ရေးတာလား"

ဟု တပ်ကြပ်က အော်လိုက်သည်။

"ဟုတ်တယ်၊ ကျမ ရေးတာပေါ့"

"ခင်ဗျား ခွင့်ပြုချက်မရဘဲ မရေးသင့်ဘူး"

"ဟုတ်တယ်၊ ရှင်က ကျမကို ဘာရွေးချယ်ခွင့်မှ မပေးဘဲ။ ရှင်နဲ့ ရှင့်အထက်ကလူတွေက သတင်းအမှန်ကို ပို့မပေးခဲ့ဘူးလေ။ ဒါကြောင့် ကျမ ရေးရတာပါ။"

သုစန္ဒီသည် အေးအေးဆေးဆေးထရပ်လိုက်ပြီး လက်ပိုက်လိုက်ကာ သူ့ထက်နိမ့်သော မြန်မာစစ်သားတပ်ကြပ်ကို ငုံ့ကြည့်၍ ပြောလိုက်သည်။ ထိုတပ်ကြပ်က သုစန္ဒီဘက်သို့ နီးနီးကပ်ကပ်တိုးလိုက်ပြီး-

"ဒါတွေအတွက် ခင်ဗျားတစ်နေ့ ပေးဆပ်ရလိမ့်မယ်"

ဟု အော်လိုက်သည်။

"ခင်ဗျားကြောင့် ကျနော်တို့အခက်အခဲတွေ အများကြီးဖြစ်ရတယ်။"

"ကျမက ရှင်တို့ကို ဘာအခက်အခဲတွေဖြစ်အောင် လုပ်လို့လဲ"

သုစန္ဒီသည် ဤသို့ပင် စိန်ခေါ်လိုက်လေသည်။ သို့သော် တပ်ကြပ်က ဘာမျှပြန်မပြောဘဲနေစဉ် စကားတစ်လုံးမှ ဝင်မပြောသော စစ်ဗိုလ်ကို သုစန္ဒီမျက်စောင်းဖြင့် ကြည့်လိုက်သည်။ အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်နေသဖြင့် အခြေအနေမှာ မကောင်းလှပါ။ နောက်ဆုံး၌ နေရာတကာ ဝင်စွက်ဖက်ပုံရသော တပ်ကြပ်က ပြောလိုက်သည်။

"ဟုတ်တယ်… ခင်ဗျားက ကျနော်တို့ကို အခက်အခဲတွေဖြစ်အောင် လုပ်နေတယ်…၊ ဒါကြောင့် ခင်ဗျားကို အရေးယူရမယ်။"

သို့သော် တပ်ကြပ်၏ ခြိမ်းခြောက်မှုအတွက် သုစန္ဒီအနေဖြင့် မခံစားချင်တော့ပါ။ သူသည် ကြောက်ရွံ့စိတ်၊ နောင်တရစိတ် ဖြစ်ပေါ်မည့်အစား တပ်ကြပ်ကို အံတုရန်သာပြင်လေသည်။

"တကယ်လို့ ရှင်နဲ့၊ ရှင့်အထက်ကလူတွေ ကျမကို အရေးယူမယ်လို့ပြောတာ အမှန်ဆိုရင် လုပ်လိုက်လေ… ကျမရှင့်ကို မကြောက်ဘူး…"

သုစန္ဒီသည် ထိုသို့ပြောပြီး ယူနီဖောင်းဝတ်လူနှစ်ယောက်နှင့် ဝေးရာသို့သွားရန် အခန်းထဲမှထွက်သွားလေသည်။ ထိုနောက် လှေကားမှတစ်ဆင့် သူ့ကိုယ်ပိုင်အထပ်သို့ တက်သွားလိုက်သည်။

သုစန္ဒီသည် မြန်မာစစ်သားနှစ်ယောက်ရှေ့တွင် ပုံပျက်ပန်းပျက် မဖြစ်သော်လည်း၊ ရင်ထဲကမူ အတော်လေး ပူပန်ခြောက်ခြားသွားသည်။ သူသည် သူ၏အိပ်ခန်းဆီသို့ ပြေးဝင်သွားလိုက်မိသည်။ သူ့စိတ်ထဲတွင် အိမ်မက်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



များမှ အမြန်ပြေးထွက်ပြီး ဩစတြေးလျနှင့် ကိုလိုရာဒိုသို့ ပြန်ရောက်သွားသကဲ့သို့ ခံစားနေရသည်။ ထိုနေရာများသည် သူ့အတွက် လုံခြုံအေးချမ်းပြီး အကာအကွယ်ပေးနေသည်ဟု ထင်ရသည်။ သူဘယ်မျှအထိ သည်းခံနေနိုင်မည်နည်း။ များပြားသော ဖိနှိပ်မှုများအောက်တွင် ကြေကွဲပျက်စီးသွားနိုင်ပေသည်။

စော်ဘွားကြီး စဝ်ကြာဆိုင်အနေဖြင့် သည်းခံနိုင်ပါ့မည်လားဟု သုစန္ဒီအနေဖြင့် တွေးမိလိုက်သည်။ အခြေခံလိုအပ်ချက်များကိုလည်း ဖြတ်တောက်ထားသည်။ သုစန္ဒီသည် ညှင်းပမ်းနှိပ်စက်ခံရသူအဖြစ် မခံနိုင်ကြောင်း၊ ရိုးစင်းစွာ တွေးမိသည်။ ဤသို့ဖြစ်ရသည်မှာ စိတ်ဆင်းရဲဒုက္ခရောက်ရသော ရက်ပိုင်းအတွင်း သီချင်းတေးသံတို့ကို နားမထောင်ခြင်းကြောင့်လည်း ဖြစ်နိုင်ပေသည်ဟု တွေးမိသည်။ သူသည် ဓာတ်စက်ရှေ့တွင် ရပ်လိုက်ပြီး မောင်တော်က သူ့ကို လက်ဆောင်ပေးထားသော သီချင်းခွေများထဲမှ အကြိုက်ဆုံးခွေကို ရွေးလိုက်သည်။ မိုးစက်၏ “ပိယာနိုကွန်ဆာတိုအက်ဖ်မေဂျာ” တေးသွားပထမပိုင်းသည် လေထဲတွင် ပျံ့ဝင့်သွားသောအခါ သုစန္ဒီထိုင်ချလိုက်ပြီး မျက်လုံးကို ပိတ်ထားလိုက်သည်။ အကြိမ်ပေါင်းများစွာ စိတ်သာသာယာယာနှင့် ထိုင်နားထောင်ခဲ့ပုံများကို တွေးနေမိလေသည်။

❑

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၄)

ထိုနှစ်ကမိုးဦးစောချ် သဘာဝမြေပေါ်မှ အမြစ်ရှိသော အပင်တိုင်းသည် ကြီးထွားစပြုလေသည်။ ခြောက်သွေ့နေသည့် ခြံစည်းရိုးပင်ကလေးများလည်း နိုးထလာခဲ့ကြသည်။ သစ်ပင်များ၏အမြစ်သစ်လေးများ ထိုးထွက်စပြုလာသည်။ အိမ်နှင့် ဥယျာဉ်များထဲမှအပင်များမှာ စိုက်ပျိုးထားခြင်းမရှိဘဲ အများအပြား အလိုလို ပေါက်လာကြသည်။ နေပြင်းပြင်းထိုးကျ ပူနေသော်လည်း သုစန္ဒီသည် သူ့သမီးကလေးများနှင့်အတူ လိမ္မော်ခြံထဲသို့ နမ္မတူမြစ်ကိုဖြတ်၍ သွားသည်။ မိုးရွာသွန်းမှုကြောင့် မိုးရေရ၍ လိမ္မော်ပင်များ ထုနှင့်ထည်နှင့် ကြီးထွားလာသည်။ လိမ္မော်သီးအကင်းလေးများလည်း ကြီးထွားလာကြသည်။ လိမ္မော်ပင်များပေါ်မှ လိမ္မော်သီးများ အကိုင်းတစ်လျှောက် ပြွတ်သိပ်သီးနေသဖြင့် အလေးချိန်ကိုမခံနိုင်သောကြောင့် လိမ္မော်ကိုင်းများ မြေသို့ အိကျနေသည်။

အကိုင်းများကို အလုပ်သမားများက ထောက်မပေးထားသဖြင့် အချို့အပင်များမှအသီးများ မြေပေါ်သို့ ကြွေကျကုန်သည်။ ယခုလို လိမ္မော်ခြံထဲသို့ရောက်ချိန်တွင် သုစန္ဒီအနေဖြင့် မောင်တော့ကို သတိရမိသည်။ သူ့စီမံကိန်းဖြင့် စိုက်ပျိုးထားသောအပင်များ ယခုကဲ့သို့ဖြစ်ထွန်းနေသည်ကို မြင်စေချင်မိသည်။ မောင်တော့အနေဖြင့် သူ့ယာတောများကို ဒီဇင်ဘာလလောက်တွင် လာကြည့်နိုင်လိမ့်မည်ဟု သုစန္ဒီ မျှော်လင့်နေမိသည်။

သူ့အနေဖြင့် သူ့မောင်တော်ထံသို့ စာနှင့်အထုပ်များကို ရသည့်နည်းမျိုးစုံဖြင့် ပို့ပေးခဲ့သော်လည်း ရောက်မရောက်၊ ရမရ မည်သည့်အခါမျှ သေသေချာချာ မသိရချေ။ အချိန်ကြာလာသည်နှင့်အမျှ သူပို့လိုက်သည့်စာများ သူ့ထံပြန်မရောက်လာသဖြင့် မောင်တော့ထံ ရောက်သွားပြီလားဟု သူသိချင်နေမိသည်။

တစ်နေ့တွင် သုစန္ဒီထံသို့ အတော်ပျက်စီးနေသော စာတစ်စောင် ဗိုလ်မှူးကြီးမောင်ရွှေရုံးမှ ရောက်ရှိလာသည်။ သီပေါစော်ဘွားစဝ်ကြာဆိုင်ကို ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးကောင်စီအစိုးရက ဘယ်သောအခါကမှ ဖမ်းဆီးထားခြင်းမရှိကြောင်း၊ စဝ်ကြာဆိုင် ဘယ်မှာရှိသည်ကိုလည်း သူတို့မသိကြောင်း အကြောင်းကြားစာဖြစ်သည်။ နောက်ရက်များတွင် သုစန္ဒီထံသို့ သူ့မောင်တော်ထံ ပေးပို့ခဲ့သောအထုပ်များလည်း ပြန်လည်ရောက်ရှိလာသည်။ လက်ခံမည့်သူမရှိဟု ရေးသားထားသည်။ နယ်မြေခံအဖွဲ့မှ ဗိုလ်ကြီးတစ်ယောက်က ယူလာပေးခြင်းဖြစ်သည်။ သုစန္ဒီအနေဖြင့် ကြီးမားသော ခံစားမှုကြီးနှင့် ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း သိလိုက်ရလေတော့သည်။

သုစန္ဒီထံသို့ အမြဲလာလေ့ရှိသော ဒေါက်တာခင်အောင်နှင့်ဇနီးတို့ ရောက်လာကြသည်။ သူတို့သည် ပြန်ရောက်လာသည့် အထုပ်တစ်ထုပ်ကို သုစန္ဒီက ဖိကိုင်နေသည်ကို တွေ့လိုက်ရသည်။ သုစန္ဒီ၏မျက်လုံးများသည် ရဲရဲနီ၍ ဖောင်းအစ်နေသည်။ မျက်တွင်းများလည်း ချိုင့်နေလေ၏။ သူ့ဘေးတွင် မမိုးအေး ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မမိုးအေးက -

“ကျမတို့ စဝ်မယ်ကို အမျိုးမျိုးကြိုးစားပြီး ပျော်ရွှင်လာအောင် လုပ်ကြပေမယ့် မရဘူး။ ကျေးဇူးပြုပြီး ကူညီပါအုံး ဆရာရယ်။”

ဟု ဒေါက်တာခင်အောင်အနီးသို့ကပ်၍ တိုးတိုးပြောပြသည်။

ဒေါက်တာက မမိုးအေးကို ခေါင်းညိတ်ပြလိုက်သည်။ သုစန္ဒီအနီးသို့လျှောက်သွားပြီး သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသော အထုပ်ကို ညင်သာစွာ ဆွဲယူလိုက်သည်။

“မဟာဒေဝီ… ကျွန်တော်တို့ စကားပြောရအောင်၊ ဝရံတာမှာ လက်ဖက်ရည်သောက်ရင်း ပြောကြတာပေါ့။”

ဟု ရှေ့သို့ကုန်း၍ အသံတိုးတိုးဖြင့် ပြောလိုက်သည်။

သုစန္ဒီက ပြန်မဖြေချေ။ သို့သော်လည်း သူသည် စားပွဲမှ ထလိုက်သည်။ ဒေါက်တာ့နောက်မှ သတိမေ့နေသူတစ်ယောက်ပမာ ထလိုက်လာသည်။ လာသည့်ဧည့်သည်များကို ကြိုဆိုရန်နှင့် စကားပြောရန်ပင် သူ၌ အသိမရှိတော့ချေ။ ဧည့်သည်များနှင့် ဝရံတာတွင် ထိုင်လိုက်ကြသောအခါမှ သူ့ခမျာ စကားစပြောရှာသည်။

“ကျမ အခုဘာလုပ်ရမလဲ ဒေါက်တာ၊ သူတို့က မောင်တော့်ကို ဖမ်းမထားကြပါဘူးလို့ ငြင်းနေကြတယ်။ အဆိုးဆုံးဖြစ်လာမှာကို ကျမကြောက်နေမိတယ်။”

သုစန္ဒီသည် စကားပင်ပြောနေသော်လည်း သတိလက်လွတ်ပမာ မျက်ရည်များ တသွင်သွင်စီးကျနေသည်။

“သူတို့ဘာဖြစ်လို့ ဒီလိုလုပ်တာဆိုတာကို ကျွန်တော်လည်းမသိဘူး မဟာဒေဝီ၊ ဘာဆိုလိုတာလဲဆိုတာ ကျွန်တော် နားမလည်ဘူး။”

ဟု ဒေါက်တာခင်အောင်က ပြောလိုက်သည်။

“ဒါပေမယ့် နောက်အခြားတစ်နည်းနဲ့ ကြိုးစားကြည့်သင့်တယ်လို့ ကျွန်တော်ထင်တာပဲ။ မဟာဒေဝီ ဗိုလ်ချုပ်ကြီးနေဝင်းကို ချဉ်းကပ်ပုံနည်းနဲ့အလုပ်မဖြစ်ဘူး။ သူ့လူတွေကလည်း အလုပ်မလုပ်ကြဘူးလေ။”

“ဒီလိုဆိုရင် ဘယ်လိုသဘောရလဲ ဒေါက်တာ ၊”

ဟု ငိုရှိုက်ရင်း သုစန္ဒီက မေးလိုက်သည်။

“မဟာဒေဝီအချိန်ယူပြီး နောက်ထပ်ရွေးချယ်ရမဲ့နည်းလမ်းကို စဉ်းစားပါ။”

ဟု ဒေါက်တာခင်အောင်က ဆက်ပြောသည်။

“နောက်ထပ် လုပ်သင့်တယ်လို့ကော ထင်သလား ၊”

“ကျမ ကလေးတွေနဲ့အတူ ရန်ကုန်ကိုသွားဖို့ စဉ်းစားထားတာ ကြာလှပြီ။ အဲဒီနည်းနဲ့ ဗိုလ်ချုပ်ကြီးနေဝင်းကို ချဉ်းကပ်မယ်။ ရန်ကုန်ကလူကြီးတွေကို သွားအကူအညီတောင်းမယ်။”

“သိပ်ကောင်းတဲ့ စိတ်ကူးပဲ။”

ဟု ဒေါက်တာခင်အောင်က ပြောလိုက်သည်။

“အဲဒါက နောက်တစ်ဆင့်တက်ဖို့ အကောင်းဆုံး၊ အဖြစ်နိုင်ဆုံးပဲလို့ ကျွန်တော်ထင်တယ်။ မဟာဒေဝီနဲ့ ကလေးတွေအတွက်လည်း မြို့ကြီးပြကြီးမှာနေတော့ ကောင်းတာပေါ့။ ဒီတော့မှ အထီးကျန်မှု လျော့ကျသွားမယ်။”

“သူတို့က ကျမကို သွားခွင့်ပေးမယ်လို့ ဒေါက်တာ ထင်သလား။”

သုစန္ဒီသည် သူ့ခံစားချက် ပြန်ပေါ်လာသဖြင့် စိတ်ထိန်း၍ ပြောလိုက်သည်။ သူ့ရွေးချယ်မှုအတွက် စိတ်လေးနေသည်။ သို့သော် သူ့စိတ်ထဲတွင် ဆက်လက်၍ တိုက်ပွဲဝင်ချင်နေမိသည်။ သူအနေဖြင့် ဆက်ပြီး ရန်အောင် ကြည့်ချင်နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ဘယ်လိုတားနိုင်မလဲ"

ဒေါက်တာခင်အောင်က ပြန်ဖြေလိုက်သည်။

"တောင်ကြီးကို ကျမသွားခွင့်မရဘူးလေ... မှတ်မိလား။"

ဟု သုစန္ဒီက စိတ်ပျက်လက်ပျက်ဖြင့် ဆက်ပြောလေသည်။

"စော်ဘွားကြီးက တောင်ကြီးနားမှာ ရှိနေတယ်လို့ ထင်ရတယ်။ ဒီတော့ ရန်ကုန်ဆိုရင် သူတို့က တားမယ် မထင်ဘူး။"

ဒေါက်တာခင်အောင်၏ ပြောစကားအရ သုစန္ဒီကို သဘောပေါက်လာစေသည်။ မျှော်လင့်ချက်လည်း ပိုမိုရမိလေသည်။ သို့ကြောင့် -

"သူတို့ ဘာလုပ်မလဲ... ဟင် ၊"

သုစန္ဒီက ဒေါက်တာခင်အောင်ကို မေးလိုက်သည်။

"ကျွန်တော်တို့က မဟာဒေဝီ ရန်ကုန်မှာ ဆေးကုသမှုခံယူဖို့ လိုအပ်တယ်လို့ အာမခံပေးရမယ်။ ကျွန်တော့်ကိုယုံပါ။ ဘာဖြစ်လာလာ ကျွန်တော်သူတို့ကို ထုချေဖို့လုပ်ထားမယ်။"

ရက်ပေါင်းများစွာထဲမှ ဤအကြိမ်သည် မျှော်လင့်ချက်ရောင်ခြည်လေး ပထမဆုံးသမ်းလာသည့်အချိန်ဖြစ်သည်ဟု သုစန္ဒီ ခံစားလိုက်ရသည်။ လပေါင်းများစွာ ပိတ်ထားခဲ့သော လွတ်မြောက်ရေးမျှော်လင့်ချက်တံခါးသည် နောက်ဆုံး အနည်းငယ်ပွင့်လာပြီဖြစ်သည်။ ထိုတံခါးမှ မျှော်လင့်ခြင်းအလင်းရောင်လေးကို ဝင်ခွင့်ပြုလိုက်ရ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၅)

ညတာရှည်လှပြီး မှောင်လွန်းသဖြင့် စဝ်ကြာဆိုင်သည် သူ့လက်မှနာရီကိုပင် မမြင်ရတော့ချေ။ ပါးစပ်နှင့် လည်ချောင်းတွေလည်း ခြောက်ကပ်နေသည်။ သူသောက်နေကြ စစ်ထားသော ရေကျက်အေးနှင့် ကင်းဝေးနေသည်မှာ ကြာလှပြီဖြစ်သည်။ သူ့ကို ဝါးတဲအတွင်း ပြန်သွင်းလိုက်၍ သူသည် တဲထောင့်တွင်ထိုင်နေရင်း သီပေါနယ် လယ်ထဲမှ နွားတွေ၏ဘဝက ယခုသူ့ဘဝထက် ပိုကောင်းလိမ့်ဦးမည်ဟု တွေးနေမိသည်။

သို့သော် တရားထိုင်ခြင်းကြောင့် သူ့အတွက် မည်ကဲ့သို့ပင်ဖြစ်နေနေ၊ အကြောင်း မဟုတ်တော့ချေ။ အာခေါင်ခြောက်နေခြင်း၊ ပို့အန်ချင်နေခြင်း ဆိုသည့်အာရုံများကို တရားထိုင်ခြင်းဖြင့် ကျော်လွှားနိုင်ခဲ့သည်။ ရုပ်အားဖြင့် ဆင်းရဲဒုက္ခခံနေရခြင်း၊ နာမ်အားဖြင့် ဒေါသထွက်နေခြင်းတို့ကို ထိန်းလာနိုင်မှန်း နားလည်လာသည်။ ယခုမှ ဖြစ်သလို နေတတ်လာပြီ။

အာရုဏ်ဦးအချိန်တွင် ထောက်လှမ်းရေးမှ ဗိုလ်ကြီးတစ်ယောက် ရောက်လာပြီး-

"ခင်ဗျား စိတ်ပြောင်းသွားပြီလားလို့ ဗိုလ်မှူးကြီးက သိချင်နေတယ်"

ဟု လာမေးသည်။ စဝ်ကြာဆိုင်က ခေါင်းခါပြလိုက်သည်။ ထိုသူက ဆက်၍-

"ဗိုလ်မှူးကြီးကို ဘာမှပြောစရာ မရှိဘူးလား"

ဟုမေးရာ၊ စဝ်ကြာဆိုင် သူ့ခေါင်းကို ဖြည်းညှင်းစွာ တစ်ခါ ထပ်ခါ ပြလိုက်သည်။

မကြာမီပင် ထိုဗိုလ်ကြီးသည် လက်နက်အပြည့်အစုံပါသော စစ်သား (၅) ယောက်နှင့်အတူ ဂျစ်ကားဖြင့် ပြန်ရောက်လာသည်။

"ခင်ဗျားကို နေရာရွှေ့ပြောင်းချုပ်ထားဖို့ အမိန့်ပါလာတယ်"

ဟု ပြောသည်။ ဗိုလ်ကြီးသည် ထိုသို့ပြောပြီး စဝ်ကြာဆိုင်အား ညစ်ပတ်ပေရေနေသော ကြမ်းပြင်ပေါ်မှ ဆွဲမပေးလိုက်သည်။

"ခင်ဗျားကို ဒီဂျစ်ကားနဲ့ခေါ်သွားမှာ"

ဟု ပြောသဖြင့် စဝ်ကြာဆိုင်သည် သူ့တဲအတွင်းမှအသာ အပြင်သို့ ထွက်လိုက်သည်။ ခေါင်းကိုမော့ပြီး အရှေ့ဘက်မှ ရောင်ခြည်သမ်းလာသော နံနက်ခင်းကောင်းကင်ကြီးကို ကြည့်လိုက်သည်။ ရှမ်းရိုးမတောင်တန်းကြီးပေါ် နေထွက်စပြုလာပြီ။ ဤမြင်ကွင်းကို နောက်ဆုံးကြည့်ရခြင်းဖြစ်မည်လားဟုလော သူတွေးမိသည်။ စဝ်ကြာဆိုင်သည် သူ့ကို စောင့်နေသော ဂျစ်ကားဘက်ဆီသို့ လှည့်လိုက်လေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

အရှေ့ပော်နန်းတွင် (၁၁) လကြာအောင် တသီးတခြား နေခဲ့ရပြီးနောက် သုစန္ဒီနှင့် ကလေး (၂) ယောက်ကို ရန်ကုန်သို့ ထွက်ခွာခွင့်ပြုလိုက်လေသည်။ သီပေါဘူတာသို့ သုစန္ဒီရောက်သည့်နေ့က ဖန်နဝါရီလ နံနက်ခင်း တစ်ရက်ဖြစ်သည်။ ရာသီဥတုကလည်း အေးစိမ့်နေသည်။ ရာပေါင်းများစွာသော နယ်သူနယ်သားများသည် သူတို့၏မဟာဒေဝီကို နောက်ဆုံးနှုတ်ဆက်ရန်အတွက် ဘူတာသို့ စုရုံးရောက်ရှိလာကြသည်။ သူတို့က သမာဒေဝ နတ်ကောင်းနတ်မြတ်များအား သူတို့၏ မဟာဒေဝီခရီးကို စောင့်ရှောက်ရန် မေတ္တာပို့ ဆုတောင်းကြသည်။ သုစန္ဒီသည် ရထားတွဲပေါ်သို့ တက်လိုက်သည်နှင့် ဤရထားကြီးက သူ့ကိုအဝေးသို့ ခေါ်ဆောင်သွားတော့မည်ဆိုသည်ကို သိနေသည်။ ဤနေရာမှ သူ့ဘဝစာမျက်နှာသည်လည်း ပြီးဆုံးသွားပြီဖြစ်ကြောင်း သိနေ၏။ ထိုနေ့နံနက် သီပေါအရှေ့ပော်နန်းမှ ထွက်လာကြကတည်းက ဘယ်တော့မှ မပြန်ရတော့ဆိုသည်ကိုလည်း စိတ်က အလိုလို သိနေသည်။ လွန်ခဲ့သော (၈) နှစ်က သူ့အား ကြိုတင်၍ နိမိတ်ဖတ်ခဲ့ခြင်းများသည် အလိုလိုမှန်နေလေပြီ သူ့အတွက် သည်တောင်ကြားထဲမှ ငြိမ်းချမ်းမှုအပေါင်းသည် ချုပ်ငြိမ်းခဲ့လေသည်။ သူ့ပျော်ရွှင်မှုများကိုလည်း အတိတ်မှာ ထားခဲ့ရလေပြီ။ မီးရထားစက်ခေါင်းဗိုလ်၏ ခြူမှုတ်သံသည် သူ့နှလုံးသားကို ဓားနှင့် မွှမ်းလိုက်သကဲ့သို့ ခံစားလိုက်ရသည်။ စူးရှသောအသံကို အားလုံးကြားအောင် အော်လိုက်သကဲ့သို့ ဖြစ်သွားလေသည်။

ရထား၏လှုပ်ယမ်းမှုကပင် သူ့၏ခံစားမှုကို သက်သာရာရစေသည့်သဘော ဖြစ်နေ၏။ သူ့အနေဖြင့် ဩစတြေးလျတွင်နေစဉ်က ကျောင်းသွားတိုင်း အထက်တန်းတွဲတွင် စီးခဲ့ရသည်ကို သွားသတိရမိသည်။ ထိုစဉ်က သူ့အနေဖြင့် ကျောင်းစာတွင် အမှတ်ကောင်းရရန်နှင့် ကျောင်းပိတ်ရက်များတွင် စကိတ်စီးရန်လောက်သာ စိုးရိမ်ပူပန်ခဲ့ရသည်။ ထိုမှ နှစ်ပေါင်း (၂၀) အကြာ ဩစတြေးလျမှ ထောင်ပေါင်းများစွာကွာဝေးသော ယခုနေရာတွင် လက်ရှိဖြစ်ပျက်နေမှုများနှင့် ပတ်သက်၍ သူကောင်းကောင်း သိရှိနေခဲ့သည်။ သူ့မောင်တော်သည် သူတို့မိသားတစ်စု ယခုကဲ့သို့ သီပေါမှ ထွက်ခွာသွားကြသည်ကို သိရှိခဲ့လျှင် မည်သို့ခံစားရှာလိမ့်မည်နည်းဟုလည်း တွေးမိလိုက်သည်။ သို့ကြောင့် မျက်လုံးအစုံကို ပိတ်ထားလိုက်မိ၏။ သုစန္ဒီသည် သူ့အတွေးတွင် ပြန်ပေါ်လာသည့် သံသယများကို ခြေမှုန်းပစ်ရန် ကြိုးစားချင်သည်။ မောင်တော်စဝ်ကြာဆိုင်သည် ယခုတိုင် အသက်ရှင်လျှက်ရှိနေသေးသည်။


မီးရထားသည် မိုင် (၁၀၀) အကွာအဝေးရှိသော မန္တလေးသို့ ခုတ်မောင်းနေသည်။ နေ့ဘက်တွင်သာ ခုတ်မောင်းလေ့ရှိ၏။ အဘယ်ကြောင့်ဆိုသော် ဘူတာများစွာတွင် ရပ်နားရခြင်း၊ တောင်များနှင့် တောင်ကမ်းပါးချောက်နှစ်ခုကို ဆက်သွယ်ပေးထားသော ဂုတ်ထိပ်တံတားကို ဖြတ်ကျော်ရမည်ဖြစ်ခြင်းကြောင့် ဖြစ်လေသည်။ နံနက်စောစော လေနုအေးသည် နှင်းမှုံများပါသောကြောင့် အေးစိမ့်နေလေသည်။ ပြတင်းပေါက်မှ တဖြူးဖြူးတိုက်နေသော လေအေးတို့ကြောင့် သမီးလေးတို့ အအေးမမိစေရန် အနွေးထည်များကို ဝတ်ပေးထားရသည်။ မှိုင်းမှုံအုံ့ဆိုင်းနေသော မြူလွှင်ပြင်ကြီးကို သူ့အနေဖြင့် ငေးနေမိသည်။ အနွေးထည်ကို လုံလုံဝတ်ပြီး ဇစ်ဆွဲကာ ပိတ်ထားလိုက်ရသည်။ တစ်ချုန်းချုန်းနှင့် ခုတ်မောင်းနေသောရထားသည် ကျွန်းတောအင်တောတွေကို ဖြတ်လာရသည်။ ဂုတ်ထိပ်တံတားနားသို့ နီးလာလေလေ တောင်ဇလပ်ပန်းရနံ့နှင့် သဇင်ပန်းရနံ့များ ရလာလေလေ ဖြစ်သည်။ ထို့ကြောင့် လေမှာ အေးအေးမြမြနှင့် မွှေးမွှေးသင်းသင်း ဖြစ်နေသည်။ တောက တိတ်ဆိတ်ငြိမ်သက်လွန်းသဖြင့် ရထားလမ်းမပေါ်သို့ ကျားသစ်တစ်ကောင်များ ဖြတ်ပြေးလေမည်လားဟု တွေးမိသည်။ ရထားနှင့်အတူ လိုက်အပြေးပြိုင်တတ်သော တောင်ပေါ်မှ ယုန်လေးများကိုလည်း ရှာကြည့်မိသည်။ သူ့သမီးလေးနှစ်ယောက်သည် အအေးဓာတ်အောက်တွင် ကွေးကွေးလေးထိုင်ပြီး ငိုက်နေကြသည်။ သူက ကိန္နရီခေါင်းလေးကို သူ့ပေါင်ပေါ်မှာ လှဲချခိုင်းလိုက်သည်။

ရထားဘေးမှ နှင်းမြူများနှင့်အတူ သူ့မောင်တော်များ ပြေးလိုက်လာလေသည်လားဟူ၍လည်း ရှာကြည့်မိသည်။ မောင်တော်၏ ငယ်သံပါအောင်အော်လိုက်သံကို တောင်ကြောဘက်မှ ကြားလိုက်ရသဖြင့် ပဲ့တင်သံက ပြန်လာနေသည်။ သူ့အနေဖြင့် ဤရှမ်းရိုးမတောင်တန်းကြီးကို နောက်ထပ်ကြည့်ရတော့မည်မဟုတ်ဟု စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com





ဂုတ်ထိပ်တံတား

တွင် အလိုလိုသိနေသကဲ့သို့ ဖြစ်နေ၏။ ရထားကြီးက သူ့ကို ဩစတြေးလျသို့ တစ်ခါတည်းသာ ခုတ်မောင်းခေါ်သွားလိုက်ပါတော့ဟုလည်း တောင်းတမိသည်။ မောင်တော်မရှိသောကြောင့် ရှမ်းတောင်တန်းကြီးကလည်း သူ့အဖို့ သေနေသကဲ့သို့ အရာရာသည် တိတ်ဆိတ်ခြောက်ကပ်နေသည်။ စိမ်းမြလဲ့ရည်သော ကြည်လင်နေသည့် နမ္မတူမြစ်ရေကိုလည်း သူ မတွေ့ရတော့ပြီ။ လိမ္မော်ပန်းနံ့သင်းသင်းလေးကိုလည်း မရှူရှိုက်ရတော့ပြီ။ အဝေးတောတွေမှ လွင့်လာတတ်သော တောမီးရနံ့နှင့်လည်း ဝေးရလေပြီ။

ခေါပုတ်၊ မုန့်ညှင်းချဉ်၊ ပဲပုတ်၊ ဂျုံးမြစ်၊ ဝက်သားချဉ်၊ တိုဟူးကြော် စသည်တို့နှင့်လည်း ဝေးလေပြီ။ မက်မန်းပိုင် ချိုချိုဆိမ့်ဆိမ့် ရှိန်းမြမြန္ဒေးနွေးလေးကိုလည်း သူသတိရနေမိသည်။ နေရောင်နီကျင်ကျင်သည် အရှေ့တောင်တန်းပေါ်မှ တဖြည်းဖြည်းချင်း ထိုးထွက်လာလေသည်။ အရုဏ်ဦးအလင်းရောင်ကြောင့် တောကို ဝိုးတဝါးမြင်လာရသည်။ ကျွန်းပင်ပေါ်မှ ကျွန်းရွက်ကြီးများသည် နှင်းရည်ပက်ဖျန်းထား၍ စိုစွတ်နေသည်။ အရွက်ကြီးများပေါ်မှ တစ်စက်တစ်စက်ကျနေသော နှင်းရည်စက်များသည် မြူမှုံမှောင်ဝါးဝါးအတွင်း လွင့်ကျနေလေသည်။ ဟိုး… လယ်ကွင်းဆီက လယ်စောင့်တဲလေးမှ မီးခိုးတစ်လူလူ ထွက်နေသည်။ မြူများဝေ့ဆိုင်းကျနေသော လွင်ပြင်ကျယ်ကြီးထဲတွင် တဲလေးကို မြင်ရသည်မှာ သဘာဝပန်းချီကားတစ်ချပ်ကဲ့သို့ ဖြစ်နေလေသည်။

မီးရထားကြီးက မှန်မှန်ခုတ်မောင်းနေ၏။ တောင်ကြားတွေကိုလည်း ဖြတ်သည်။ လယ်ကွင်းများကိုလည်း ဖြတ်သည်။ စိမ်းမြကြည်လင်နေသော ချောင်းကလေးများကိုလည်း ဖြတ်သည်။ နှင်းမြူအောက်မှာ ကွေးကွေးလေး အိပ်နေသော ရှမ်းရွာကလေးများကိုလည်း ဖြတ်သည်။ မီးရထားလမ်းနှင့်အတူ ယှဉ်ပြိုင်ပြေး စီးဆင်းနေသော မြူနှင်းမှုံမှုံကြားတွင် သဲသဲကွဲကွဲမမြင်လိုက်ရသည့် နမ္မတူမြစ်ကို နောက်ဆုံးမြင်လိုက်ချင်သေးတော့သည်။ ဝါးရုံတောများကြားမှ ထွက်လာကြသော ကြက်တူရွေးအုပ်စိမ်းစိမ်းကို သူမမြင်ရတော့သဖြင့် ရင်ထဲတွင် နွေးသွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်တော်စဝ်ကြာဆိုင်၏ ဥရောပကြက်များ၊ ထွန်စက်များကို သွားသတိရနေမိပြန်သည်။ မီးရထားသည် သို့ျမြောင်များကို ဖြတ်ပြီးနောက်၊ တဖြည်းဖြည်း ဂုတ်ထိပ်အနီးသို့ရောက်လာသည်။ နေရောင်ကြောင့် ပတ်ဝန်းကျင် တစ်ခုလုံး လင်းလင်းချင်းချင်း မြင်နေရပြီ။ ရထားလမ်းဘေးမှ နွားအုပ်၊ ကျွဲအုပ်များကိုလည်း မြင်လာရသည်။ ခပ်လှမ်းလှမ်းတွင် နေရောင်ကြောင့် ငွေရောင်လင်းလက်နေသော၊ အံ့သြဖွယ်ရာ အင်ဂျင်နီယာအတတ်ဖြင့် ဆောက်လုပ်ထားသော၊ ဂုတ်ထိပ်တံတားကိုလည်း လှမ်းမြင်နေရလေသည်။ သုစန္ဒီအနေဖြင့် သည်နေ့မှ သည်တံတားကို ပထမဦးဆုံး ဖြတ်ဖူးခြင်းဖြစ်သည်။

၁၉၄၇ ခုနှစ်လောက်က သီပေါနယ်သူနယ်သားများသည် ဤတံတားကို ကွန်မြူနစ်များရန်မှ ကာကွယ်ခဲ့ရဖူးသည်။ ဤတံတားသည် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မြန်မာပြည်မကြီးကို ဆက်သွယ်ထားသော အဓိက ကုန်သွယ်မှုလမ်းမကြီးဖြစ်ကြောင်း၊ မောင်တော်စဝ်ကြာဆိုင်က သူ့ကို တစ်ခါက ပြောပြခဲ့ဘူးသည်။ သူသီပေါသို့ လာစဉ်က ရန်ကုန်မှ လေယာဉ်စီးလာသောအခါ လေယာဉ်ပေါ်ကနေပြီး သည်ရထားလမ်းလေးကို မြင်ခဲ့ရဖူးသည်။ ယခုမူ သူကိုယ်တိုင် တက်စီးနေရလေပြီ။ မောင်တော်က ဤလမ်းကို တစ်နေ့ အထူးရထားတွဲဖြင့် သူနှင့်အတူ စီးကြရမည်ဟု ပြောခဲ့ဘူး၏။ တံတား၏သံထောက်တိုင်များကို အင်္ဂလိပ်အတွက် အမေရိကန်အင်ဂျင်နီယာများက ၁၈၉၉ ခုနှစ်တွင် ဆောက်လုပ်ပေးခဲ့ကြသည်။ နောင်ပိန်ဘူတာကို ဖြတ်ကျော်လာပြီးသောအခါ သူ့အနေဖြင့် ကျဉ်းမြောင်းသောတောင်ကြားအတွင်းမှ ဂုတ်ထိပ်တံတားကို ရှာကြည့်နေမိသည်။ လင်းလင်းလက်လက် သံတံတား တစ်ခုသည် တောင်ကမ်းပါးနှစ်ခုကို ဆက်သွယ်ပေးထားသည်။ ရထားသည် တောင်ကြားထဲသို့ ထိုးဆင်းသွားသော အခါ၌လည်း တံတားကိုအရိပ်အယောင်ပင် မမြင်ရသေးချေ။ သူတို့သည် လှိုင်ဂူများကို ဖြတ်ကြရသည်။ ခပ်တိုတို မှောင်မှောင်လှိုင်ဂူများကို ဖြတ်ကြရသည်။ လှိုင်ဂူအတွင်းရထားဖြတ်နေစဉ် ကလေးများက ပျော်ရွှင်စွာဖြင့် စူးစူးဝါးဝါး အော်ကြသည်။ လှိုင်ဂူများကိုဖြတ်တိုင်း အမှောင်ထုကို ထိုးဖောက်ကြရ၏။

ခြောက်သွေ့သောရာသီဥတုဖြစ်သဖြင့် လှိုင်ဂူထဲတွင် မှိုနံ့၊ ဖုန်နံ့၊ ကျောက်မီးသွေးနံ့များဖြင့် ဖုံးလွှမ်းနေတော့သည်။ ခရီးသည်များအတွက် မမျှော်လင့်ထားသော ကြောက်ရွံ့တုန်လှုပ်မှုကို ခံစားရပေမည်။ မီးရထားသည် တံတားကိုမဖြတ်မီတွင် အရှိန်ကိုလျှော့ချလိုက်ရသည်။ တံတားထိပ်မှအစောင့်က အချက်ပြမှသာ မီးရထားသည် ဖြည်းဖြည်းတံတားပေါ် တစ်ရွေ့ရွေ့ဖြတ်ရလေသည်။ တံတားက အလွန်တရာမြင့်မားသော အသူရာချောက်ကြီး ထိပ်တွင် တစ်လှုပ်လှုပ်ရှိနေသည်။ တောင်ချောက်ကမ်းပါးနှစ်ခုကြားက တိုက်လာသောလေသည် တဖြူးဖြူး တအေးအေးရှိလှ၏။ နောက်ဆုံးတွင် မီးရထားကြီးသည် အံ့သြဖွယ်ရာတံတားကြီးအပေါ် ဖြတ်နေသည်ကို သူသိလိုက်ရပြီးနောက် တံတားအောက်မှ သေးသေးလေးသာစီးဆင်းနေသည့် စိမ်းညို့ညို့မြစ်လေးကို ငုံ့ကြည့်လိုက်သည်။ မြစ်လေးက ထိုတံတားအောက်ခြေတောထဲမှာ စီးနေလေသည်။ သူ့အသည်းတွေ အေးစက်သွားရ၏။ ရင်တွေ တဖျပ်ဖျပ်ခုန်လာသည်။ ဤတံတားကို အင်ဂျင်နီယာများက ယခုကဲ့သို့သော တောထဲတောင်ထဲ၊ ဘာမျှ မဖွံ့ဖြိုးမတိုးတက်သော ကမ္ဘာတစ်ခြမ်းတွင် အဘယ်ကြောင့် လာဆောက်ထားကြပါလိမ့်ဟုလည်း သူအံ့သြပြီး တုန်လှုပ်သွားရလေသည်။

❑

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၆)

တံတား၏တစ်ဘက်တွင် ဂုတ်ထိပ်ဘူတာလေးရှိသည်။ သို့ကြောင့် ရထားရပ်၏။ တောတောင်ထဲတွင်ရှိသော ဤဘူတာလေးတွင် ဘာမျှ မရှိပါ။ ဈေးသည်တစ်ယောက်၊ နှစ်ယောက်သာရှိသည်။ တံတားစောင့်စစ်တပ်တော့ ရှိ၏။

ရထားသည် တောင်ပေါ်သို့ တစ်ခါတက်ပြန်သည်။ သုစန္ဒီသည် သူချန်ထားရစ်ခဲ့ရသော သီပေါနယ်၏ အရာရာတို့ကို အားလုံး သတိပြန်ရနေသည်။ မေမြို့ (ပြင်ဦးလွင်)နှင့် (၁၂) မိုင်အကွာသို့ ရောက်သောအခါ မြန်မာပြည်မကြီးနှင့် ရှမ်းပြည်နယ်နယ်စပ်သို့ ရောက်လေသည်။

သုစန္ဒီတို့သည် မန္တလေးမီးရထားဟိုတယ်တွင် ခေတ္တတည်းခိုကြသည်။ သူတို့သည် ညရထားဖြင့် ရန်ကုန်သို့ ခရီးဆက်ကြမည်ဖြစ်သော်လည်း မန္တလေးဟိုတယ်တွင် တစ်ထောက်နားပြီး ရေမိုးချိုးအဝတ်အစားလဲကြဦးမည်။ ညရထား အထက်တန်းတွဲပေါ်သို့ရောက်၍ နေရာရပြီးသောအခါ သမီးမာယာရီက-

"ရန်ကုန်ဘယ်တော့ရောက်မလဲ"

ဟု မေးလေသည်။

"သမီးမနက်အိပ်ရာကထရင် မယ်မယ်တို့ ရန်ကုန်ကို ရော ်ခါနီးပြီပေါ့။"

"ဒီလိုဆိုရင် သမီး မအိပ်ဘဲနေမယ်"

ဟု မာယာရီက ပြန်ပြောလိုက်ပြီးနောက်-

"အဲဒီကိုရောက်ဖို့ ဘယ်နှစ်နာရီကြာမှာလဲ စ၀်မယ်"

ဟု ဆက်မေးလိုက်သည်။

"(၁၆) နာရီလောက် ကြာမယ်လို့ မယ်မယ်ထင်တယ်"

ဟု ဖြေပြီး သူ့သမီးလေးကို သူ့အနီးသို့ ဆွဲယူလိုက်သည်။

"သမီးလေး စိတ်ထဲတွေးကြည့်လိုက်ပေါ့၊ မီးရထားပေါ်မှာ တညလုံးနေပြီး နောက်နေ့မနက်ကျတော့ ရန်ကုန်ကို ရောက်နေပြီလေ။"

တဂျိမ်းဂျိမ်းမြည်လျှက် ညရထားကြီးသည် ရန်ကုန်ရှိရာ တောင်ဘက်သို့ မောင်းနှင်နေသည်။ ညအလင်းရောင် လျှော့ကျလာသည်ကို သုစန္ဒီလှည့်ပြီး ငေးကြည့်နေမိသည်။ မြန်မာပြည်အလယ်ပိုင်းတွင် လရောင်ကင်းမဲ့သော ညအမှောင်သည် အသားကျနေပြီဖြစ်၏။ ရထားကြီးသည် အမှောင်ထုထဲတွင် ခုတ်မောင်းနေရာ ရွာနှင့် မြို့ငယ်ကလေးများမှ လိုးလိုးလက်လက်မီးရောင်များကို ဖြတ်၍သွားနေသည်။ သုစန္ဒီက မျက်လုံးကို ပိတ်ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့မောင်တော်၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာအခြေအနေကို စဉ်းစားနေမိသည်။ ယခုလိုအချိန်မျိုးမှာ သူ့ဘေးနားတွင် မောင်တောင်ရှိနေလျှင် မည်မျှကောင်းလိုက်မည်နည်းဟု တွေးမိလိုက်သဖြင့် သုံ့မျက်နှာပေါ်တွင်လည်း အပြုံးရောင်သမ်းသွားသည်။ သူ့မောင်တော်ကလည်း ဤသို့သော အခြေအနေတွင် ကျေနပ်နေလိမ့်မည်ဟုလည်း တွေးကြည့်မိသည်။ သုစန္ဒီအနေဖြင့် သီပေါနယ်တွင် အစစအရာရာ တာဝန်ယူအုပ်ချုပ်ခဲ့သည်ကို ချန်ခဲ့ရလေသည်။ ဟော်နန်းဝန်ထမ်းများနှင့် ဆွေတော်မျိုးတော်များအတွက် အထောက်အပံ့များကိုလည်းကောင်း၊ ကျောင်းဆက်လက်ဖွင့်လှစ်ရန်အတွက် ရန်ပုံငွေအလုံအလောက်ကို လည်းကောင်း၊ လိမ္မော်ခြံနှင့် သံပုရာခြံများမှ ဝင်ငွေများကို ချန်ထားပေးခဲ့သည်။ မောင်တော်ကမူ ဘာမျှ မသိဘဲနှင့် သုစန္ဒီအတွက် လိမ္မော်ခြံအသစ်များကို စိုက်ပျိုးပေးခဲ့သလို ဖြစ်နေသည်။ မမျှော်လင့်ဘဲ လိမ္မော်သီးနှင့် သံပုရာသီးများ တန်နှင့်ချီပြီး အထွက်ကောင်းခဲ့သောကြောင့် သူ့အတွက် ဝင်ငွေအတော်ရခဲ့လေသည်။

သုစန္ဒီသည် ရထားတွဲစင်ပေါ်တွင် တင်ထားသော သူ့ခရီးဆောင်အိတ်များကို ငဲ့စောင်းကြည့်လိုက်မိသည်။ ထိုအိတ်များထဲတွင် ငွေနှင့် လက်ဝတ်ရတနာများ ထည့်ယူလာခဲ့သောကြောင့် စိတ်သက်သာရာ ရသွားသည်။ အဘယ်ကြောင့်ဆိုသော် သူတို့မိသားစု ရန်ကုန်တွင်နေထိုင်စဉ်အတွင်း ငွေရေးကြေးရေးအတွက် မပူမပင်ရတော့မည်ဖြစ်သောကြောင့်တည်း။ ရန်ကုန်တွင် အိမ်နှစ်လုံးရှိရာ ရောက်သည်နှင့် တစ်အိမ်တွင် အဆင်သင့် တက်နေနိုင်လေသည်။

မြန်မာပြည်၏မြို့တော်ဖြစ်သော ရန်ကုန်မှ သူတို့အိမ်သည် သီပေါမှာထက် အဆင့်အတန်းမနိမ့်သောကြောင့် သုစန္ဒီစိတ်ထဲတွင် စိတ်ချကျေနပ်နေမိသည်။ သို့သော် သူ့အနေဖြင့် သူ့ကိုယ်စိတ်နှစ်ပါးကို အကြိမ်ပေါင်းများစွာ ဆန်းစစ်နေမိခြင်းအတွက် စိုးရိမ်နေသည်။ သူ့အနေဖြင့် ခြေလေးချောင်းရှိသော ထိုင်ခုံကို နှစ်ဆ ခြေရှစ်ချောင်း မြင်နေတတ်သည်။ သူသည် စိတ်ကို တည်ငြိမ်အောင် မထိန်းချုပ်နိုင်ချေ။ သူ့မှတ်ဉာဏ်များသည်လည်း စိတ်မချရတော့ချေ။

မီးရထားကြီးသည် ပျဉ်းမနားဘူတာ၌ အချိန်ကြာစွာ ရပ်တန့်နေသော်လည်း သမီးကလေးနှစ်ယောက်သည် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်မောကျနေသည်။ ကလေးထိန်း နာနီမပစောသည် ဘူတာပလပ်ဖောင်းပေါ်မှ ပြန်လာပြီး သတင်းဆိုးတစ်ရပ်ကို သယ်ယူလာခဲ့သည်။ ပြီးခဲ့သောအပတ်က ကရင်သူပုန်များသည် ရထားတွဲပေါင်းများစွာကို ပစ်မှတ်ထားပြီး တိုက်ခိုက်ခဲ့ကြကြောင်း၊ သို့ကြောင့် အကြီးအကျယ် သေကြေပျက်စီးထိခိုက်ရသဖြင့် အရေးပေါ် အခြေအနေသို့ ရောက်ခဲ့ကြောင်းဆိုသည့်သတင်းပင် ဖြစ်သည်။

ရထားသည် တစ်နာရီခန့် အရှိန်ပြင်းပြင်းမောင်းနှင်ပြီး ရုတ်တရက် ထိုးရပ်လိုက်သည်။ ရှေ့မှဘူတာတွင် မီးလောင်နေသည်ဟု သိရသည်။ သုစန္ဒီသည် ပြတင်းပေါက်မှ ခေါင်းပြူကြည့်လိုက်သောအခါ ကောင်းကင်ကို မီးခိုးလုံးများ ထိုးတက်နေသည်ကို ထိတ်လန့်တုန်လှုပ်ဖွယ်ရာ တွေ့လိုက်ရသည်။ မြောက်ဘက်သို့ဦးတည်လာသော ရထားသည် အတိုက်ခံရသည်။ သို့ကြောင့် သုံစန္ဒီက သူတို့ရထားအတိုက်ခံရမည်ကို ကြောက်ရွံ့နေသည်။ သူတို့တွဲပေါ်တွင် ထွန်းထားသော မီးရောင်များသည် ချောင်းမြောင်းတိုက်ခိုက်မည့်သူများအတွက် အလွန်လွယ်ကူသော ပစ်မှတ်များဖြစ်ရာ သူ့အနေဖြင့်အလွန် ကြောက်ရွံ့စိုးရိမ်နေမိတော့သည်။

နောက်နှစ်နာရီခန့်အကြာလောက်တွင် ရထားသည် စတင်ထွက်ခွာပြန်လေသည်။ သူတို့ရထားသည် မီးလောင်နေသော ဘူတာနှင့် ပျက်စီးနေသော ရထားတွဲများကို ဖြတ်လာခဲ့သည်။ ရထားပေါ်တွင် ခရီးသည်အချို့ ထံမှပါလာသော အရေးပေါ်ဆေးသေတ္တာလေးဖြင့် ထိခိုက်ဒဏ်ရာရသူများကို သွားရောက်ပြုစုပေးကြ သည်။

အချို့သည် ထိတ်လန့်ဖွယ် သွေးသံရဲရဲနှင့်ဝေးရာ၊ မြောက်ဘက်သို့သွားမည့် နောက်ရထားတစ်စင်းကို ပြန်စောင့်နေကြသည်။ ရထားက မရပ်သည့်အတွက် သုစန္ဒီအနေဖြင့် သူတို့ကို ကူညီနိုင်ခွင့်မရှိချေ။ သို့သော် ရထားသည် တောင်ဘက်သို့ အရှိန်မြှင့်၍ အပြင်းအထန် ခုတ်မောင်းနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အာရုဏ်အလင်းရောင်ကြောင့် ရထားတွဲအတွင်း လင်းလာသည်။ ပြည်တွင်းစစ်အနိဋ္ဌာရုံမြင်ကွင်းသည် နောက်မှာကျန်ရစ်ခဲ့လေပြီ။ သုစန္ဒီနှင့် ကလေးထိန်းမပစောတို့သည် ဘေးဘီဝဲယာသို့ လှည့်ကြည့်မိလိုက်ကြပြီး နောက် စိတ်အေးသွားရသည်။ ယုံကြည်မှုအသစ်များ ပြန်ရလာ၏။ ကလေးများနှင့် ကလေးထိန်းနာနီ မပစော တို့သည် အိပ်မောကျသွားသဖြင့် နောက်အဖြစ်အပျက်များကို မသိလိုက်တော့ပါ။ သူတို့၏ ပထမဆုံးသော သီပေါမှ ရန်ကုန်သို့ ရထားခရီးကို စိတ်လှုပ်ရှားစွာဖြင့် အိပ်ယာမှ နိုးထလာကြတော့သည်။

× × ×

"ဘာဖြစ်လို့ ပါပါက သမီးတို့ကို လာမကြိုတာလဲ… ဟင်၊"

ရန်ကုန်ဘူတာကြီးတွင် မိတ်ဆွေအပေါင်းအသင်းများက လာကြိုဆိုကြသောအခါ ကိန္နရီက သူ့ခမည်းတော် မမြင်၍ သူ့မယ်မယ်အား မေးလိုက်သည်။ သုစန္ဒီသည် သူ့သမီးလေးဆီသို့ ငုံ့ပြီး-

"ပါပါက နောက်ထပ်ခရီးတစ်ခု ထပ်ထွက်သွားရလို့ပါ။ ပါပါပြန်လာရင် မယ်မယ်တို့အိမ်သစ်မှာ တွေ့ကြမယ်လေ။"

ဟု ဖြေလိုက်သည်။

ရန်ကုန်အိမ်သည် အေဒီလမ်းအတွင်း၌ ရှိသည်။ မြို့ထဲနှင့် မိုင်အနည်းငယ်ဝေးသည်။ အင်းလျားကန်နှင့် မဝေးလှသဖြင့် နိုင်ငံခြားသားများအတွက် အလွန်ရေပမ်းစားသောနေရာ ဖြစ်သည်။ အမေရိကန်သံရုံးနှင့်လည်း မဝေးပါ။ သုစန္ဒီနှင့် စဝ်ကြာဆိုင်တို့ တစ်ထပ်တိုက်အိမ်လေးတွင် ဓိမ်ခံပစ္စည်းများများ မရှိပါ။ သို့သော် စဝ်ကြာဆိုင် ပြန်လာသည်အထိ ရိုးရိုးလေးနေထိုင်ရန်အတွက် ရှိသမျှနှင့် လုံလောက်နေပါသည်။

ထိုနေ့ညနေဘက်တွင် ယုံကြည်ရသော ရှမ်းအခိုင်းအစေများနှင့် အိမ်အတွက် လိုအပ်သည့်ပစ္စည်းများ တင်လာသည့် ထရပ်ကား သီပေါမှ ရောက်လာသည်။ စဝ်ကြာဆိုင်၏ ကိုယ်ရေးအရာရှိ လှတင်နှင့် ဒရိုင်ဘာ တို့သည် စဝ်ကြာဆိုင် ရန်ကုန်သွားကတည်းက ရန်ကုန်အိမ်တွင် ကျန်ခဲ့သူများဖြစ်သည်။ ထို့ကြောင့် သူတို့က အိမ်နှင့်ခြံကို အကောင်းဆုံး ပြင်ဆင်ထားကြသည်။ လှတင်သည် သုစန္ဒီအတွက် ဆက်လက်၍ ကောင်းကောင်း မွန်မွန် လုပ်ကိုင်ပေးနေသောကြောင့် သုစန္ဒီက အလွန်ကျေးဇူးတင်နေသည်။ ရန်ကုန်တွင် မည်ကဲ့သို့ဆက်နေထိုင် မည်ဆိုသည့် လျှို့ဝှက်ချက်ကို သုစန္ဒီအတွက် သူက အထောက်အကူပြုမည်ဟု ထင်ရသည်။ လှတင်အတွက် ရန်ကုန်တွင် နေရုံမှတစ်ပါး ရွေးစရာလမ်းမရှိပါ။ သူသီပေါပြန်သွားလျှင်လည်း စဝ်ကြာဆိုင်ထံတွင် အလုပ်လုပ်ခဲ့ဖူး သူဖြစ်၍ စစ်တပ်က ဖမ်းဆီးမည်ဖြစ်သည်။

သုစန္ဒီသည် ပတ်ဝန်းကျင်သစ်တွင် သဘောကျပျော်ရွှင်စွာ နေလေသည်။ သူက ယခုကဲ့သို့ မထင်မရှားနေရ သည်ကို ပိုကြိုက်သည်။ သူ့အတွက် လွန်ခဲ့သည့် တစ်နှစ်ပတ်လုံး ယခုကဲ့သို့ အေးအေးဆေးဆေး မနေခဲ့ရပါ။ သူသည် လူတစ်ယောက်အနေဖြင့် လွတ်လွတ်လပ်လပ်နေနိုင်ရန် မျှော်လင့်မိသည်။ သူ့အနေဖြင့် သီပေါဟော်နန်းတွင် တရားဝင်အကျယ်ချုပ်ဖြင့် နေထိုင်ခဲ့ရသည်မဟုတ်သော်လည်း ထိုသဘောသက်ရောက်မှုမျိုးဖြင့် နေထိုင်ခဲ့ရခြင်းမှာ ပြီးဆုံးသွားပြီဟု ထင်လေသည်။ မြန်မာစစ်သားများက ဟော်နန်းကို သိမ်းပိုက်ခဲ့သဖြင့် သည်းခံနေခဲ့ရသည်။ သို့သော် နောက်နေ့တွင် သူ့စိတ်သူ့အတွေးတွေကို ပြောင်းရလေတော့သည်။ နောက်တစ်နေ့ နံနက်စောစောတွင် ကလေးထိန်း မပစောသည် သုစန္ဒီ၏ အိမ်ခန်းတံခါးကို ခေါက်၍ နိုးသည်။ ဧည့်သည်နှစ်ယောက် ဂျစ်ကားနှင့် ရောက်နေသည်ဟု သတင်းပို့သည်။ လုံချည်၊ အင်္ကျီဝတ်ထားသည့် သူမမှတ်မိသောလူနှစ်ယောက် ကားရပ်သည့် ခေါင်မိုးအောက်တွင် ရပ်နေကြသည်။

"ရှင်တို့ ဘာလိုချင်လို့လဲ"

သုစန္ဒီက သံသယဖြင့် ကြည့်လိုက်ပြီး မြန်မာလိုပင် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျနော်တို့ကို စစ်ဌာနချုပ်က လွှတ်လိုက်တာပါ၊ ခင်ဗျားရဲ့ ရန်ကုန်ခရီးနှင့်ပတ်သက်ပြီး ဆွေးနွေးချင်လို့ပါ။"

ဟု အရပ်ရှည်ရှည်နှင့်လူက ဖြေလိုက်သည်။

"ဒါဆိုရင်… ရှင်တို့ရဲ့အထောက်အထားစာရွက်ကို ပထမဆုံး ကြည့်ချင်တယ်။"

ဟု သုစန္ဒီကပြောပြီး ဆက်၍-

"ဒုတိယအနေနဲ့ ကျမပြောချင်တာကတော့ ရန်ကုန်ကျမအလည်လာတာ မဟုတ်ဘူး၊ အပြီးနေဖို့ လာခဲ့တာ"

"ဒါကတော့ မဟာဒေဝီအပေါ် မူတည်ပါတယ်။ ကျနော်တို့ရဲ့ သတ်မှတ်ထားတဲ့ စည်းကမ်းဘောင်အတွင်း လိုက်နာပြီး နေရင်ပေါ့"

ထိုလူက ပြန်ဖြေရင်း သူတို့၏ အထောက်အထားစာရွက်များကို ထုတ်ပေးလိုက်သည်။ သုစန္ဒီသည် စာရွက်များကို သေချာစွာကြည့်လိုက်၍ မြန်မာစစ်တပ်မှဖြစ်သည်ကို သိလိုက်ရသည်။ သူတို့ကို အိမ်အတွင်း ဖိတ်ခေါ်ရန် အကြောင်းမရှိပေ။ ထို့ကြောင့် သုစန္ဒီသည် သူတို့၏ အထောက်အထားစာရွက်များကို ပြန်ပေးလိုက်ပြီး လက်ပိုက်ကာ အေးစက်စက်အသံဖြင့်-

"ကျမကို ဘာပြောချင်လဲ၊ ကျမနားထောင်ဖို့အသင့်ပဲ၊ ဒါပေမယ့် သိထားဖို့ကတော့ ကျမအလုပ်သိပ်ရှုပ်နေပါတယ်။"

မြန်မာစစ်တပ် တပ်ကြပ်ဖေဝင်းသည် မကျေမနပ်၊ စိတ်ဆိုးမာန်ဆိုးနှင့် ပြောသမျှကို နားထောင်နေရပြီး သူကလည်း လေသံအေးစက်စက်ဖြင့်ပင် ပြန်ပြောလိုက်သည်။

"ခင်ဗျား ရန်ကုန်မှာတော့ အစမ်းနေခွင့်ရမယ်၊ ဒါပေမယ့် ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ မလိုက်နာဘူးဆိုရင် သီပေါကို ပြန်ပို့ခံရမယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၇)

တပ်ကြပ်ဖေဝင်းစကားကြောင့် လူသူအများနေသော မြို့ကြီးတွင် သုစန္ဒီအနေဖြင့် မျှော်လင့်ချက်တွေ ပျောက်ဆုံးနေရသည်ဟု တွေးလိုက်မိပြီး-

"ရှင်တို့စည်းကမ်းတွေက ဘာလဲ"ဟု မေးလိုက်သည်။

"ခင်ဗျား ဘယ်နိုင်ငံခြားသားနဲ့မှ ဆက်သွယ်ရဘူး၊ လူစုလူဝေးတွေနဲ့လည်း ကင်းကင်းရှင်းရှင်းနေရမယ်။ အရေးကြီးဆုံးကတော့ ဘာပြဿနာမှ မလုပ်ပါနဲ့။ ကျနော်တို့က ခင်ဗျားကို စောင့်ကြည့်နေမှာပါ။

"ဟု ဖြေပြီး ဒရိုင်ဘာစက်နှိုးထားသော ဂျစ်ကားပေါ်သို့ တက်၍ မောင်းထွက်သွားသည်။

သုစန္ဒီသည် ခေါင်းကိုသွင်သွင်ခါရင်း အိမ်ခန်းအတွင်း ပြန်ဝင်လိုက်တော့သည်။ မြန်မာစစ်သားများ ရန်ကုန်သို့ လျှင်မြန်စွာ လိုက်လာနိုင်မည်မဟုတ်ဟု ထင်ထားသော သူ့မျှော်လင့်ချက်မှာ ပျက်သွားလေပြီ။ တစ်နည်းအားဖြင့် ပြောရလျှင် သူတို့ပြောသွားသော စကားများတွင် သူ့အနေဖြင့် အိမ်မှထွက်ခြင်း၊ စာအဆက် အသွယ်ပြုလုပ်ခြင်းများ မပါဟု ထင်မိသည်။ သို့ဆိုက ဤသည်များကို လုပ်နိုင်မည်။ သူတို့ကို ကြည့်ရသည်မှာ ပြင်းပြင်းထန်ထန် အရေးတကြီးဖြစ်ဟန်မရှိချေ။

သုစန္ဒီပတ်ဝန်းကျင်တွင် ရန်ကုန်အိမ်၌ သူ့အပေါ် သစ္စာရှိသော ရှမ်းအလုပ်သမား (၅) ယောက်နှင့် မာလီကုလားတစ်ယောက်သာ ရှိသည်။ သူ့အတွက် လွန်ခဲ့သော (၁၁) လက သီပေါတွင် နေရသည်ထက် ရန်ကုန်မှာ ပုန်းနေရသည့် ဤနေရာလေးက ပိုမိုလုံခြုံစိတ်ချရသည်ဟု အောက်မေ့မိသည်။ သူတို့အိမ်သည် အိမ်နီးနားချင်းက လူများနှင့် အတူတူလိုပင် ရှိပါသည်။ သူသည် မာစီးဒီးကားတစ်စီးနှင့် တစ်ယောက်တည်း မဟုတ်ချေ။ သူ့ကလေးများနှင့် မြို့ထဲမှ ဈေးများသို့ အခြားလူများနှင့်အတူ ရောနှောသွားလာနေနိုင်လေသည်။ မြန်မာအင်္ကျီလုံချည် ဝတ်ထားပြီး၊ မြန်မာ့ရိုးရာဆံထုံးနှင့် အရပ်ထောင်ထောင်မောင်းမောင်း လူဖြူအမျိုးသမီးတစ်ယောက် လျှောက်သွားနေသည်ကို လူတွေက လှည့်ကြည့်မိကြသော်လည်း၊ မဟာဒေဝီတစ်ပါးဖြစ်သည်ကိုတော့ သိကြမည် မဟုတ်ချေ။ သုစန္ဒီသည် အိမ်အတွက် လောလောဆယ်ဆယ် လိုအပ်နေသောပစ္စည်းများကို ဝယ်သည်။ သူတို့ အိမ်မှ ထွက်လာကြပြီး အေဒီလမ်းမှ ချိုးထွက်လိုက်သည့်အချိန်တိုင်း လှခင်နှင့် ဒရိုင်ဘာက သူတို့ကားနောက်မှလိုက်လာသော ဂျစ်ကားကို လက်ညှိုးထိုးပြတတ်သည်။ သူ့ကို အနီးကပ် စောင့်ကြည့်နေကြသည်ဆိုသည်ကို သံသယဖြစ်နေစရာ မလိုတော့ချေ။

ဈေးမှဝယ်လာသောအထုပ်များကို မဖြည်ရသေးမီတွင် ဧည့်သည်တစ်စု ရောက်လာကြပြန်သည်။ များသောအားဖြင့် ရှမ်းဆွေတော်မျိုးတော်များနှင့် ကျောင်းသားများ၊ မြန်မာအပေါင်းအသင်း သူငယ်ချင်းများ ဖြစ်သည်။ သူတို့သည် သုစန္ဒီနှင့် ဆက်ဆံရသည်ကို မကြောက်ကြချေ။ ဘယ်အချိန်တွင် မည်သူလာသည်၊ တစ်ခါလာလျှင်

www.burmeseclassic.com

www.burmeseclassic.com



မည်မျှကြာသည်၊ စသဖြင့် အတိအကျ လိုက်မှတ်နေခြင်းကို ခံရသည်။ တစ်ခါတစ်ရံတွင် ထိုသို့ လိုက်မှတ်နေသူသည် အိမ်နောက်ဖေးသို့လာပြီး အခိုင်းအစေများကို ဧည့်သည်အမည် စာလုံးပေါင်းကို မည်သို့ပေါင်းရသည်အထိ လာမေးတတ်သေးသည်။

တစ်ညနေတွင် ထမင်းချက် မေတ္တာသည် အဆက်မပြတ်လာနေကြသော ဧည့်သည်များကို သံပုရာရည် ဂါလံနှင့်ချီ၍ တိုက်ကျွေးနေရသောကြောင့် မောပန်းလျက်နှင့် မျက်နှာဖြူလူနှစ်ယောက် တံခါးပေါက်တွင် ရပ်စောင့်နေသည်ဟု သူ့သခင်မ သုစန္ဒီထံ သတင်းလာပို့သည်။ ရောက်လာသူနှစ်ယောက် ဘာကို အလိုရှိမှန်း မသိရပေ။ လူအများတို့သည် သုစန္ဒီအပေါ် အရင်ကတည်းက စာနာထောက်ထား ကြင်နာကြသည်။ မေတ္တာလာပြောခြင်းကို-

"ကောင်းပြီ၊ ငါသွားကြည့်လိုက်မယ်၊ ကူညီနိုင်လိမ့်မယ်လို့ ထင်တယ်"

ဟု သုစန္ဒီက ပြောလိုက်သည်။ သူ့အနေဖြင့် ရန်ကုန်ရောက်သည်မှာ (၃) ရက်သာ ရှိသေးသဖြင့် သူ့ကို လာရှာကြသော နိုင်ငံခြားသားများ ရောက်လာရန် မျှော်လင့်မထားခဲ့ချေ။ သို့သော် သူမှားသွားရ၏။

တက္ကစီကားပေါ်မှ ဆင်းလာကြ၍ တံခါးနားရောက်လာကြသော လူနှစ်ယောက်မှာ မြန်မာပြည်ရောက် ဩစတြီးယျားဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် မစ္စကောပ့်တို့ ဖြစ်နေသည်။ သုစန္ဒီအနေဖြင့် တရာချီသံရုံးတွင် ရှိနေစဉ်အခါက စာခြင်း အဆက်အသွယ်လုပ်ခဲ့ဖူးသည်။

"ကျမကို ဘယ်လိုရှာတွေ့တာလဲ"

ဟု သုစန္ဒီက စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်သည်။ သူသည် ဧည့်သည်များကို မြင်ရ၍ အံ့အားသင့်နေသော်လည်း သူတို့ကို ကြိုဆိုပြီး ဧည့်ခန်းအတွင်း ခေါ်လာခဲ့သည်။

"ကျနော်တို့မှာ သတင်းပေးတွေ ရှိပါတယ်။"

ဟု သူ့အမေးကို ဧည့်သည်က ပြန်ဖြေလိုက်သည်။

"ကျနော်တို့ လေဆိပ်ကနေ တန်းလာကြတာ"

"ရှင်တို့ကို ဒီမှာ တွေ့ရလိမ့်မယ်လို့ မထင်မိဘူး"

"ကျနော်တို့ မဟာဒေဝီကို အဓိကထားပြီး ရန်ကုန်လာရတာပါ။ မဟာဒေဝီအတွက် အလွန်စိုးရိမ်နေခဲ့ကြပါတယ်။"

"ရှင်တို့နဲ့ တွေ့ရတာ သိပ်ဝမ်းသာတာပဲ"

ဟု သုစန္ဒီပြောလိုက်သည်။ ပြီးနောက်-

"ကျမမှာ မေးစရာမေးခွန်းတွေ အများကြီးရှိတယ်"

"ကျနော် သိပ်သိတာပေါ့"

ဟု သံအမတ်ကြီးက ဖြေလိုက်သည်။ သူတို့သည် ဂျာမန်ဘာသာဖြင့် စကားတွေအများကြီး ပြောကြသည်။ သံအမတ်ကြီးက အရာရာကို ကြားသိချင်နေသည်။ သုစန္ဒီ၏မောင်တော် စော်ဘွားကြီးအကြောင်း၊ ပြီးတော့ သီပေါအကြောင်းတို့ဖြစ်သည်။ သူသည် အသေအချာ စူးစူးစိုက်စိုက် နားထောင်နေသည်။ သို့သော် သုစန္ဒီသည် ဤအစမ်းသပ်ခံရသောပွဲကြီးကို စိတ်ရောကိုယ်ပါ ကောင်းမွန်စွာ ဖြတ်သန်းလာနိုင်ခဲ့သည့်အတွက် အလွန်စိတ်သက်သာရာရသွားသည်။ သုစန္ဒီ၏အကြောင်းကို နာရီပေါင်းများစွာ နားထောင်ပြီးသောအခါ သံအမတ်ကြီး ပြောလိုက်သည်က လန့်သွားရ၏။

"ကျနော်တိုက်တွန်းချင်တာကတော့၊ မဟာဒေဝီနဲ့သမီးနှစ်ယောက် ဩစတြီးယျားကို အခုချက်ချင်း ထွက်ခွာသွားစေလိုပါတယ် ခင်ဗျား"

ဟူသော စကားကြောင့်ဖြစ်ပါသည်။

"ကျမ မသွားနိုင်ဘူး၊ ကျမယောက်ျား လွတ်မြောက်ဖို့ ကြိုးစားရအုံးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြန်ပြောလိုက်သည်။ သို့သော် သူ မပြန်ပြောခင်မှာပင် သူနှင့် မစ္စကောပ့်တို့ အကြည့်ချင်းဆုံလိုက်ကြသည်။

"ကျနော် အသေအချာပြောချင်တာက မဟာဒေဝီရဲ့ယောက်ျားက မြန်မာစစ်တပ်လက်ထဲမှာ မရှိဘူး"

"အဲဒါ သိပ်ရယ်စရာကောင်းတာပဲ"

သုစန္ဒီ ဒေါနဲ့မောနဲ့ ပြောလိုက်သည်။

"ရှင်တို့က ဒီတော်လှန်ရေးကောင်စီ အကြီးအကျယ်လိမ်ညာနေတာကို တကယ်ထင်နေကြတာကို၊ သူက တောင်ကြီးမှာ အဖမ်းခံရတယ်။ ကျမအဖြူအမဲကွဲအောင် သက်သေပြပါ့မယ်။"

ဟု ပြောလိုက်၍ သံအမတ်ကြီးတို့ ခေတ္တငြိမ်သက်သွားကြသည် မလှုပ်တလှုပ်အမူအရာဖြင့် သံအမတ်ကြီးက–

" ဘာပဲဖြစ်ဖြစ်လေ ကျနော်မသိဘူးဆိုပါတော့ ဒါပေမယ့် စော်ဘွားကြီးကို မြန်မာစစ်တပ်က ထိန်းသိမ်းထားတာတော့မဟုတ်ဘူး"

ဟု ပြောလိုက်သည်။ သုစန္ဒီအနေဖြင့် ချက်ခြင်းပင် အဖြစ်မှန်သည် ဤသို့မဟုတ်ကြောင်းကို ကြိုးစားပြောပြပြီး နားလည်သဘောပေါက်စေသည်။ သံအမတ်ကြီး၏ ဤကိစ္စအခြေအနေကို စဉ်းစားထားချက်များ အဓိပ္ပါယ်ကောက်ချက်စွဲချက်များကို သုစန္ဒီက ငြင်းရသည်။ သူ့အနေဖြင့် စဝ်ကြာဆိုင် အသက်ရှင်နေသေးသည်။ကောင်းစွာကျန်းမာနေသေးသည်။ မြန်မာစစ်တပ်လက်ထဲတွင် ရှိနေသေးသည်တို့ကို နည်းလမ်းပေါင်းစုံဖြင့် သဘောပေါက်အောင် ရှင်းပြရသည်။

နောက်ဆုံးတွင် သံအမတ်ကြီးနှင့် မစ္စကောပ့်တို့သည် နောက်တစ်ခေါက် ပြန်လာကြပါဦးမည်ပြော၍။ စထရင်းဟိုတယ်သို့ ထွက်သွားကြလေသည်။ သူတို့တည်းသော ဟိုတယ်အခန်းသည် သုစန္ဒီနှင့် ကလေးများအတွက် ပိုမိုလုံခြုံစိတ်ချရသောကြောင့် ထိုဟိုတယ်တွင် အခန်းတစ်ခန်းယူထားသင့်ကြောင်း သူတို့က အသေအချာပြောပြန်လေသည်။ သူတို့ပြန်သွားကြပြီး မကြာမီပင် လမ်းမပေါ်က စောင့်ကြည့်နေသော သူတို့ အိမ်တံခါးဝတွင် ပေါ်လာကြပြန်သည်။

"ဒီမှာအကြာကြီးနေသွားတဲ့ နိုင်ငံခြားသားနှစ်ယောက်က ဘယ်သူတွေလဲ"

ဟု လာမေးလေသည်။

"သိရပါ့မယ်ရှင်၊ မြင့်မြတ်တဲ့ ဩစတြီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးပဲ၊ သူတို့ကို စစ်ဆေးကြည့်အုံးမလား၊ သူတို့ကရော မြန်မာစစ်တပ်ရဲ့ အကျဉ်းသားဖြစ်ရအုံးမှာလား"

ဟု ငေါ့တော့တော့ဖြင့် အော်ပြောပြီး သုစန္ဒီ အိမ်တံခါးကို ဝုန်းကနဲ ဆွဲပိတ်လိုက်သည်။ ထိုညတွင် သုစန္ဒီ ရုတ်တရက် အိပ်မပျော်တော့ချေ။ ပြန်စဉ်းစားကြည့်လိုက်သောအခါ အဘယ်ကြောင့် သံအမတ်ကြီးက မောင်တော့်သတင်းများကို ရနေသည်လည်း၊ သုစန္ဒီအနေဖြင့် မကြာသေးမီကပင် သတင်းပေးနှစ်ယောက်ထံမှ သတင်းရထားသည်မှာ မောင်တော်ကို အင်းစိန်အနီးမှ ရွာတစ်ရွာနှင့် မင်္ဂလာဒုံအနီးမှ ရွာတစ်ရွာတွင် တွေ့ခဲ့ရသည်ဟု အခိုင်အမာဆိုထားသည်။ သို့သော် မည်သူတစ်ဦးတစ်ယောက်ကမျှ အတိအကျမြင်လိုက်ရခြင်း မဟုတ်။ မောင်တော် အသက်ရှင်လျက် ရှိနေသေးသည်ဆိုသော သူ့စွဲစွဲမြဲမြဲမျှော်လင့်ချက်သည် ပြိုကျပျက်စီးစပြုရလေပြီလော။ သူ့အပေါ်သံသယများနှင့် ကြောက်လန့်မှုများက ညှင်းပမ်းနှိပ်စက်နေတော့သည်။

နောက်တစ်နေ့တွင် သူသည် မြန်မာစစ်တပ်နှင့် အဆက်အသွယ်ရရန် ရန်ကုန်ရှိ နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲများထံ သွားရောက်တွေ့ဆုံမည်ဟု ဆုံးဖြတ်ထားလိုက်သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ အိမ်မှသူထွက်မည်အလုပ်တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၏ ညီ၊ သူ့အတွက် ယုံကြည်စိတ်ချရသော မိတ်ဆွေဖြစ်သည့် ဦးခန့်သည် ဂျစ်ကားဖြင့် ရောက်လာသည်။ သူနှင့်အတူ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စကြာလည်း အတူပါလာသည်။ ဗိုလ်စကြာသည်တပ်မှ နှစ်ပေါင်းအတော်ကြာက ထွက်လိုက်ပြီး အောင်မြင်သော စီးပွားရေးသမား ဖြစ်နေလေသည်။

သုစန္ဒီသည် သူတို့နှင့် ယခုကဲ့သို့ ပြန်တွေ့ရခြင်းအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိသည်။ ဗိုလ်စကြာနှင့် သူ့ဇနီး ရုပ်ရှင်မင်းသမီး ဝင်းမင်းသန်းတို့ကို လွန်ခဲ့သော နှစ်စောပိုင်းက သီပေါဟော်နန်းတွင် ဧည့်သည်တော်ဖြင့် ကြိုဆိုခဲ့ဘူးသည်။ ဗိုလ်စကြာက ယူဆောင်လာသော ပန်းစည်းကြီးကို သုစန္ဒီအား ပေးသောအခါ တအံ့တဩ လက်ခံယူလိုက်ရသည်။ မြန်မာယောကျ်ားတစ်ယောက်အနေဖြင့် ဤအပြုအမူသည် မြန်မာ့ယဉ်ကျေးမှုနှင့် လုံးဝဆန့်ကျင်နေသော အပြုအမူဖြစ်နေသည်။ ယခုအခါ သုစန္ဒီက-

"ကျမရှင်တို့နဲ့ စကားပြောဖို့အချိန် များများရချင်ပါတယ်။"

ဟု ပြောလိုက်၍

"ခင်ဗျားက အပြင်ထွက်တော့မလို့လား"

ဟု ဦးခန့်က မေးလိုက်သည်။

❑

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၈)

"ကျွမက အခုပဲ ဗိုလ်ချုပ်နေဝင်းကို သွားတွေ့မလို့ပါ။"

ဟု သုစန္ဒီက ဖြေလိုက်သောအခါ ဗိုလ်စကြာက-

"ဘာအတွက်လည်း"

ဟူ၍ မေးလိုက်သည်။

"ဘာကြောင့်လည်းဆိုတော့ ဒီတိုင်းပြည်ရဲ့ အကြီးအကဲတစ်ယောက်လက်ထဲမှာ ကျွမယောက်ျားရဲ့ ကံကြမ္မာက ရှိနေလို့ပါ၊ ကျွမသွားတွေ့မှကို ဖြစ်မယ်"

"ခဏနေပါအုံး၊ မဟာဒေဝီမသွားခင် ကျနော်ပြောတာ နားထောင်ပြီးမှ သွားပါ။"

ဟု ဗိုလ်စကြာက ပြောလိုက်သည်။

"ဗိုလ်နေဝင်းက ကောင်းပါတယ်ဆိုတာ ကျနော်သိပါတယ်၊ ကျနော့်ကို ယုံပါမဟာဒေဝီ၊ သူ့ကို ထိပ်တိုက် မရင်ဆိုင်ပါနဲ့"

ဟု ဆက်ပြောပြီး-

"အခုအခြေအနေမှာ ဘာကိုမှ အသေအချာ ပြောလို့မရဘူး၊ ကြိုပြောလို့လည်း မရဘူးလေ၊ မဟာဒေဝီ တောင်းဆိုတာကို သူက သဘောကောင်းလို့ ပြန်တုံ့ပြန်ပါ့မလားဆိုတာကို ကျနော်စိုးရိမ်နေမိတယ်။ ဗိုလ်နေဝင်း စိတ်ဆိုးလာရင် မလွယ်ဘူး၊ ဘာမဆိုဖြစ်နိုင်တယ်။"

ဟူ၍ ပြောလေသည်။

"ကျွမအတွက် ဘယ်သူက ဘာလုပ်ပေးနိုင်လဲ"

သုစန္ဒီ ဗိုလ်စကြာကို စိန်ခေါ်မေးလိုက်သည်။

"ကြောက်စရာကိစ္စတွေ အများကြီးပဲရှိတယ်၊ မဟာဒေဝီ"

"ကျွမဘယ်သူ့ကိုမှ မကြောက်တော့ဘူး"

ဟူ၍ သုစန္ဒီက စက်ဆုပ်ရွံရှာစွာဖြင့် ပြောလိုက်သည်။ ထိုအခါ ဗိုလ်စကြာက-

"အကယ်၍များ မဟာဒေဝီကို ဒီတိုင်းပြည်ကနေ နှင်ထုတ်လိုက်ရင် ကလေးတွေကို ဘယ်သူက ကြည့်မလဲ၊"

ဟု မေးလိုက်သည်ကို သုစန္ဒီပြန်ဖြေသည်အထိ မစောင့်တော့ဘဲ ဆက်၍-

"တကယ်လို့ မဟာဒေဝီ တစ်ခုခု မတော်တဆ ဖြစ်ခဲ့ရင်ရော၊ ကလေးတွေ ဘယ်လိုလုပ်မလဲ၊ အဲဒါက လွယ်လွယ်လုပ်လို့ ရပါ့မလား၊ မဟာဒေဝီ နားလည်ပါတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆက်ပြောလိုက်သည်။ ဗိုလ်စကြာသည် သူ့အတွေ့အကြုံများအရ ဗိုလ်နေဝင်းအကြောင်း ကောင်းကောင်း သိသည်။ စိတ်ဆိုးဒေါသဖြစ်လာလျှင် ဘာမဆိုဖြစ်လာနိုင်ကြောင်းကိုလည်း သိသည်။ အရာရာကို ကြိုမြင်နေ လေသည်။

ပြီးခဲ့သောလက ရန်ကုန်တွင်ဖြစ်ခဲ့သော မယုံကြည်နိုင်ဘွယ်ရာ ထိတ်လန့်စရာအကြောင်းတွေက သက်သေပြ နေလေသည်။ ထို့ကြောင့် သုစန္ဒီသည် သူ့ခေါင်းကို ခါယမ်းနေရင်းက ဗိုလ်စကြာကို ကြည့်၍-

"ဘာမှမပြောပါနဲ့တော့၊ ကျေးဇူးပြုပြီး ကျမရှင့်စကားကို နားထောင်ပြီးစောင့်ပါ့မယ်"

ဟု ပြန်ပြောလိုက်သည်။

"ကောင်းတယ်"

ဟူ၍ ဗိုလ်စကြာက ရုတ်တရက်အော်ပြောလိုက်ပြီး၊ စိတ်သက်သာရာ ရပုံရသွားသည်။ ပြီးနောက်-

"မဟာဒေဝီက ကိုယ့်အတွက်နဲ့ ကလေးတွေအတွက်ပဲ စဉ်းစားပါ့မယ့်လို့ ကျနော့်ကို ကတိပေးပါ"

"ဘာကြောင့်လည်း၊ ဘယ်ဖြစ်မလဲ၊ ကျမအနေနဲ့ မောင်တော့်အကြောင်းကို အရင်ဆုံးစဉ်းစားရမယ်။ သူက ကျမတို့ထက် ပိုခံစားနေရတယ်လေ"

ဗိုလ်စကြာသည် သုစန္ဒီစကားကြားလိုက်ရပြီး သူ့ထိုင်ခုံကို ရှေ့တိုး၍ ထိုင်ချလိုက်သည်။ ပြီးနောက် သုစန္ဒီကို ကြည့်လိုက်ပြီး-

"မဟာဒေဝီ သတ္တိရှိတယ်ဆိုတာ ကျနော်သိပါတယ်။ ကျနော် စော်ဘွားကြီးအကြောင်းကို သိလို့ မဟာဒေဝီ ကို ဘာဖြစ်လို့ လာပြောသလဲသိလား၊"

သုစန္ဒီသည် ကြားရသည့်အမေးကြောင့် မျက်လွှာချနေလိုက်သည်။ သူကြောက်သည်။ သူ့မောင်တော် အကြောင်း နောက်ထပ် ဘာပြောကြမှာလဲ၊ သူသည် ငြိမ်သက်တိတ်ဆိတ်သွားပြီးနောက် ဗိုလ်စကြာ ဘာဆက်ပြော မည် ဆိုသည်ကို စောင့်နေလိုက်သည်။

"ကျနော် ဒီစကားပြောရတာ စိတ်မကောင်းပါဘူး မဟာဒေဝီ၊ စော်ဘွားကြီးဟာ အသက်ရှင်မနေတော့ ပါဘူး၊ သူက ဗထူးမှာ အဖမ်းခံရပြီး အတော်ကြာမှ အသတ်ခံလိုက်ရပါတယ်။"

ဟူ၍ ပြောပြီး စကားကို ရပ်လိုက်လေသည်။ သုစန္ဒီထံမှ ပြန်လည်တုံ့ပြန်မှုတစ်ခုခု ပြုလုပ်လိမ့်မည်ဟု လည်း မျှော်လင့်နေသည်။ သို့သော် သုစန္ဒီသည် ဗိုလ်စကြာနှင့် ဦးခန့်တို့ ကြည့်နေသည်ကိုပင် မသိတော့ဘဲ တွေဝေငေးငိုင်သွားလေသည်။ ဗိုလ်စကြာနှင့် ဦးခန့်တို့က သူတည်ငြိမ်စွာ ပြောလာမည်အထိ ထိုင်ခုံပေါ်တွင် ငြိမ်သက် တိတ်ဆိတ်စွာ အကြာကြီး ထိုင်နေမိကြသည်။

"မဖြစ်နိုင်ဘူး... မဖြစ်နိုင်ဘူး၊ ဒါမမှန်ဘူး။ သူအသက်ရှင်နေတယ်ဆိုတာ ကျမသိတယ်။ သူ့ကို ပြီးခဲ့တဲ့အပတ်ကတောင် ရန်ကုန်မှာ တွေ့လိုက်တဲ့သူ ရှိတယ်။"

ဟု ပြောနေ၍-

"ဘယ်သူကပဲ ပြောပြော အဲဒါလိမ်ပြောတာပဲ"

ဟူ၍ ဗိုလ်စကြာက ပြောလိုက်ရလေသည်။

"ကျနော့်မှာ ယုံကြည်ရတဲ့လူတွေ အများကြီး ရှမ်းပြည်နယ်မှာ ရှိပါတယ်။ ဒီသတင်းက သူတို့ထဲက တစ်ယောက်ပြောတာပါ။ ကျနော့်ကို ယုံပါမဟာဒေဝီ။ ဒီသတင်းဟာ လုံးဝမမှန်ဘူးဆိုရင် ကျနော် ခင်ဗျားဆီကို လာမပြောပါဘူး။"

"ကျမယောက်ျား အသက်ရှင်နေသေးတယ်ဆိုတာ ရှင်ယုံလား"

ဟု သုစန္ဒီသည် ဦးခန့်ဘက်လှည့်၍ မေးလိုက်သည်။

"စိတ်မကောင်းပါဘူး မဟာဒေဝီ၊ ကျနော် မသိပါဘူး"ဟုသာ ဦးခန့်က ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်စကြာ

သုစန္ဒီသည် ငြိမ်သက်စွာထိုင်နေပြီး ဗိုလ်စကြာနှင့် ဦးခန့်တို့ အရေးမကြီးသော အခြားစကားများ ဆက်၍ ပြောနေကြသကဲ့သို့ ပြုံးပြနေလေသည်။ ထိုနောက် သူမခေါင်းကို ပြတင်းပေါက်ဖက်သို့လှည့်ပြီး ကတီပါကဲ့သို့ နူးညံ့သော ဓိဇဝါပန်းဖြူဖြူများ ခြံစည်းရိုးပေါ်ပွင့်နေကြသည်ကို ငေး၍ကြည့်နေလိုက်သည်။

"ကျနော်တို့ မဟာဒေဝီဆီက ပြန်သင့်ပြီထင်တယ်"

ဟု ပြောပြီး ဦးခန့်နှင့် ဗိုလ်စကြာတို့ ထိုင်ရာမှ ဖြေးညှင်းစွာထလိုက်ကြ၍ စိတ်မပါ လက်မပါဖြင့် သုစန္ဒီကို ထားရစ်ခဲ့ကြလေသည်။

× × ×

## အခန်း (၁၈)

ဗိုလ်စကြာနှင့် စကားပြောကြပြီးနောက် သုစန္ဒီသည် ဗိုလ်ချုပ်နေဝင်းနှင့် သွားရောက်တွေ့ဆုံရန် ရက်ရွှေ့လိုက်တော့သည်။ သုစန္ဒီသည် ဗိုလ်ချုပ်နေဝင်းထံ စာရေးသည်။ အဖမ်းခံထားရသော စဝ်ကြာဆိုင်၏ ဇနီးတစ်ယောက်အနေဖြင့် စဝ်ကြာဆိုင်ကို အဘယ်တွင် ဖမ်းထားသည်ဆိုသည်ကို ကူညီသည့်အနေဖြင့် ရှာပေးရန်၊ တွေ့ခွင့်ရရန်၊ စာအဆက်အသွယ်ရရန်များကို မြန်မာလိုပင် သူမလက်ရေးဖြင့်ရေးပြီး မိတ္တူ (၆) ခုပွားကာ ဌာနပေါင်းစုံသို့ ပို့လိုက်သည်။ ဌာနတစ်ခုခုကို စဝ်ကြာဆိုင် အဖမ်းခံရသည့်အကြောင်း စာရောက်ရှိသွားမည်ဟု တွက်ထားသည်။ ထိုနောက် စိတ်ရှည်လက်ရှည် ပြန်ကြားလာမည့်စာကို စောင့်နေသည်။ တယ်လီဖုန်းဖြင့် ပြောလေမည်လား။ သတင်းကြားရလေမည်လားဟု စောင့်နေသည်။ သူမအနေဖြင့် စဝ်ကြာဆိုင်ကို တွေ့နိုင်မည်။ သို့မဟုတ် စာဖြင့် ဆက်သွယ်နိုင်မည် စသဖြင့် တစ်ခုခုဖြစ်လာနိုင်မည်ကို စောင့်နေသည်။ သို့သော် သူမစောင့်နေရသည်မှာ အချည်းနှီးပင် ဖြစ်တော့သည်။

ရန်ကုန်တွင်နေရသည်မှာ သီပေါတွင် နေရသည်ထက် အချိန်ကုန်မြန်သည်ဟု ထင်ရသည်။ ပြီးသော် သူမ[illegible] က သာမန်ဘဝပိုဆန်နေသည်။ သို့ဖြင့် အိမ်နီးနားချင်းက အဲလစ်စဘက်နှင့် ဒယ်နစ်တို့နှစ်ယောက်နှင့် မိတ်[illegible] ဖြစ်သွားသည်။ သူတို့ခင်ပွန်းများသည် ကမ္ဘာကုလသမဂ္ဂကျန်းမာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေ[illegible]ဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ လမ်းမပေါ်မှ အမြဲစောင့်ကြည့်နေသော မြန်မာစစ်ထောက်လှမ်းရေးကလူသည် သုစန္ဒီ ဤကဲ့သို့ အိမ်နီးနားချင်းများနှင့် စကားပြောဆို ကူးလူးဆက်ဆံနေသည်ကို စောင့်ကြည့်မနေနိုင်ပါချေ။ သူတို့သည် သုစန္ဒီအိမ်ကို ကားဖြင့် ရောက်လာကြသော ဧည့်သည်များ၏ အမည်စာရင်းများကိုသာစာအုပ်ဖြင့် ရေးမှတ်ကြလေသည်။ အဲလစ်စဘက်သည် သုစန္ဒီကို ရင်းရင်းနှီးနှီး ဝမ်းပမ်းတသာ ဆက်ဆံသည်။ သုစန္ဒီ ရန်ကုန်မလာခင်လေးက သိကျွမ်းခင်မင်ခဲ့ဘူးသူ ငယ်သူငယ်ချင်းကဲ့သို့ပင် ပြောဆိုဆက်ဆံလေသည်။ မြောက်ဥရောပနိုင်ငံ စကင်ဒီနေးဘီးယင်း သူတွေက သုစန္ဒီကို အခြားနိုင်ငံခြားသူတို့နှင့်လည်း မိတ်ဆက်ပေးသည်။ သူတို့က သုစန္ဒီကို တိုင်းပြည်မှ အမြန်ထွက်ခွာဖို့ အကြံပေးတိုက်တွန်းကြလေသည်။

သူ့အနေဖြင့် ဖုန်းပြောသည်ကိုပင် အထူးသတိထားပြောရသည်။ မြန်မာစစ်သားများ မည်ကဲ့သို့ ရန်ကုန်တွင် ရောက်နေကြသည်ကို မသိရပါ။ သုစန္ဒီကဲ့သို့ပင် ရှမ်းအမျိုးသမီးများ အများအပြား ရန်ကုန်တွင် နေထိုင်ကြသည်။ သုစန္ဒီသည် မြန်မာခေါင်းဆောင်များ၏ ဇနီးများနှင့်လည်း တွေ့ဆုံသည်။ မိုးမိတ်စော်ဘွားကြီး စဝ်ခွန်ချို၏ မဟာဒေဝီ မေဘယ်လ်သည် အင်္ဂလိပ်ဖြစ်၏။ စဝ်ခွန်ချိုသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်သည်။

မေဘယ်လ်က သူ့ကလေးများနှင့်အတူ စဝ်ကြာဆိုင်အဖမ်းမခံရမီ လပိုင်းအလိုလောက်ကပင် အင်္ဂလန်သို့ ရောက်နေခဲ့လေသည်။ ယခုမှ သူရန်ကုန်ရှိ အိမ်ကြီးတစ်အိမ်တွင် နေနေရသည်။ အင်္ဂလန်သို့ ပြန်မသွားရသေးပါ။ မေဘယ်လ်၏ ဗြိတိသျှနိုင်ငံကူးလက်မှတ်ကို သံရုံးက သိမ်းထားခြင်းခံရလေသည်။ သူသည် စကားကို အလွန်လက်လွတ်စပယ်နှင့် ဒေါပွစိတ်ဆိုးပြီး ပြောတတ်သောကြောင့် ရှမ်းနှင့် မြန်မာများသည် မေဘယ်လ်ကို ခပ်ဝေးဝေးမှ ရှောင်ကြသည်ဆိုသည်။ သို့သော် သုစန္ဒီကမူ သူ၏ဖော်ရွေမှုကို မြင်နေရသည်။ ဤအချိန်တွင် လူတိုင်းက သုစန္ဒီကို နှိမ့်ချစွာနေထိုင်ပြီး လှုပ်ရှားမှုများမလုပ်ရန် အကြံပြုကြသော်လည်း သုစန္ဒီကမူ အာခံချင်သောစိတ်၊ မကြောက်ရွံ့သောစိတ် ရှိသော အင်္ဂလိပ်မ ဖြစ်ချင်မိလေသည်။ မောင်တော်စဝ်ကြာဆိုင်က တောထဲတွင် အဖမ်းခံနေရတုန်းဖြစ်၏။

× × ×

ဩစတြီးယျား သံအမတ်ကြီးနှင့် မစ္စကော့ပ်၊ တရာချီသို့မပြန်မီ သုစန္ဒီထံသို့ နောက်ထပ်တစ်ခေါက် ရောက်လာကြပြန်သည်။ သံအမတ်ကြီး၏ ပထမမေးခွန်းမှာ–

"ဩစတြီးယျားကို ပြန်ဖို့ ဆုံးဖြတ်ပြီးပြီလား၊"

"တစ်နေ့တော့ ဖြစ်နိုင်ပါလိမ့်မယ်၊ အခုတော့ မဟုတ်ဘူး"

ဟု သုစန္ဒီက သူဆုံးဖြတ်ထားပုံကို ပြောလိုက်သည်။

"အထူးသဖြင့် မဟာဒေဝီပြောပြထားလို့ ပြန်ဖို့ကိစ္စတုံ့နှေးနေတာ၊ ကျနော်တို့ သိပါတယ်။ ဒါပေမယ့် အခုချိန်မှာ မပြန်သေးဘူး ဆိုရင်တောင်မှ ကျနော့်အနေနဲ့ မဟာဒေဝီကို အစီအစဉ်တွေ စလုပ်ထားစေချင်တယ်"

"ရှင့်မှာ အကြောင်းရှိမယ်လို့ ကျမထင်ပါတယ်။ ဒါပေမယ့် ကျမ ပထမဆုံး စဝ်ကြာဆိုင်ကို အကူအညီပေးဖို့ ကြိုးစားရမယ်။"

သံအမတ်ကြီးက ဘာမျှပြန်မပြောသော်လည်း သူ့ဇနီးသည်နှင့် နှစ်ယောက် ပူပင်စွာဖြင့် တစ်ယောက်ကို တစ်ယောက် အကြည့်ချင်းဖလှယ်နေမိကြသည်။ သုစန္ဒီသည် နောက်လာမည့်အဆင့်များကို အလေးအနက် မစဉ်းစားလိုသေးချေ။ အေးစက်နေသောရာသီနှင့် ပတ်ဝန်းကျင်တစ်ခုလုံး ညှိုမှိုင်းနေတတ်သည့် ဩစတြီးယျားသို့ ပြန်မည်ဟု တွေးကြည့်လိုက်မိသည်နှင့်ပင် သူ့အနေဖြင့် တုန်လှုပ်သွားမိလေသည်။ သို့သော် သူ့မောင်တော်လွတ်လာလျှင် သူ့အိမ်ဟောင်းဆီသို့ အားအင်သစ်များ မွေးဖွားလာစေရန် တစ်ခေါက်လောက် သွားလိုက်ချင်မိသေးသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၅၉)

သံအမတ်ကြီးက-

"ဗိုလ်ချုပ်ကြီးနေဝင်း လွန်ခဲ့တဲ့လအနည်းငယ်က ဩစတြီးယားကိုသွားတယ်ဆိုတာ မဟာဒေဝီ သိလား၊"

"ဟုတ်ကဲ့ သိပါတယ်။ ဆေးကုဖို့သွားတယ်လို့ ပြောတာပဲ"

"ဟုတ်တယ်၊ ကျနော်တို့တိုင်းပြည်က အတော်ဆုံး စိတ်အထူးကုဆရာဝန်ဆီကို သွားတာ"

ကြားရသောစကားကြောင့် မဟာဒေဝီသုစန္ဒီသည် ထိုင်ရာမှ ထရပ်လိုက်ပြီးနောက် ရှေ့သို့တိုး၍-

"သူ… ပရော်ဖက်ဆာ ဟော့ဖ်ဆီကို သွားတာလား၊"

"ဟုတ်တယ်လေ… သူ့ကို မဟာဒေဝီသိလား"

ဟု သံအမတ်ကြီးက အထိတ်တလန့်နှင့် မေးလိုက်သည်။ ဘာကြောင့် စိတ်အထူးကုဆရာဝန်ဆီကို သွားသည်ကိုလည်း သိချင်နေပုံရသည်။

"ကျမတို့ တစ်ခါက နွေကာလမှာ ဩစတြီးယားကို သွားလည်ကြတယ်။ ကျမခင်ပွန်းကလည်း သူ့ကို ကောင်းကောင်းသိပါတယ်။ ဒီအဖြစ်အပျက်တွေမတိုင်ခင်က ပရော်ဖက်ဆာဟော့ဖ် သီပေါကို လာလည်ဖို့ စီစဉ်ထားသေးတယ်"

ဟု ပြောပြီး သုစန္ဒီ၏ မျက်နှာသည် မျှော်လင့်ချက်များဖြင့် ဝင်းလက်သွားသည်။ စိတ်လှုပ်ရှားသွားပုံရသည်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ချုပ်ကြီးနေဝင်းကို ချဉ်းကပ်ရန် နည်းလမ်းသစ်တစ်ခုကို သူတွေ့လိုက်သောကြောင့် ဖြစ်သည်။ သံအမတ်ကြီးက-

"ပရော်ဖက်ဆာနဲ့ သူ့လက်ထောက်တို့ကို ရန်ကုန်လာပြီး ဗိုလ်ချုပ်ကြီးကို ဆက်ကုသပေးဖို့ ဖိတ်လိုက်တဲ့ အစီအစဉ်ကို ပြောပါရစေ"

ဟုပြောသည်။

ဤသတင်းသည် သုစန္ဒီအတွက် ဝမ်းသာရမည်လား၊ စိတ်ဆိုးရမည်လား ဆိုသည်ကို မဝေခွဲနိုင်ပါ။ သူ့ကိုယ်စား ကြားဝင်ပေးနိုင်သော အခွင့်အရေးကြီးတစ်ရပ်ကို မြင်လိုက်သည်။ သို့သော် ရက်စက်သော အာဏာရှင်တစ်ယောက်ကို သူ့လူနာအဖြစ် လက်ခံကုသပေးနေသော ပရော်ဖက်ဆာကိုပင် အလွန်စိတ်ဆိုးပြီး ပြင်းပြင်းထန်ထန် ဆန့်ကျင်ရမည်ကဲ့သို့ သူ့စိတ်တွင် ခံစားလိုက်ရသည်။

"ပရော်ဖက်ဆာရဲ့ စာရှည်ကြီးကို မပြန်ရသေးလို့ သူ့အပေါ် ကျမအကြွေးအတင်နေတယ်"

ဟု သုစန္ဒီ သံအမတ်ကြီးကို ပြောလိုက်ပြီးနောက်-

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"ဒီတိုင်းပြည်ရဲ့အပြောင်းအလဲကို ပရော်ဖက်ဆာက သိမယ်ထင်တယ်၊ ဒါပေမယ့် ကျမတို့ ဘာဖြစ်တယ်ဆိုတာတော့ သူကြားပါ့မလား"

"ကျနော် မဟာဒေဝီရဲ့စာကို သံတမန်နည်းလမ်းနဲ့ ယူသွားပေးနိုင်ပါတယ်။"

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျမစာကို သံအမတ်ကြီးဆီ ယူလာပေးပါ့မယ်။"

သုစန္ဒီသည် ကြားလိုက်ရသည့် အကြောင်းများကြောင့် စိတ်ထဲတွင် အင်အားများတိုး၍ ခံစားရသည်။ အကောင်းဘက်က မြင်သည့် စိတ်များလည်း ဖြစ်ပေါ်လာသည်။ ဤစိတ်ရောဂါကုဆရာဝန်မှလွဲ၍ မည်သူကများ ဗိုလ်ချုပ်ကြီးကို ချည်းကပ်နိုင်မည်နည်း။ ဩစတြီးယား၊ ဘီယမ်နာရှိ စိတ်ရောဂါနှင့် ဦးနှောက်အာရုံကြောဆိုင်ရာ တက္ကသိုလ်ဆေးရုံ၏ ဥက္ကဋ္ဌဖြစ်သည့် ပရော်ဖက်ဆာ ဟော့ဖ်သည်၊ သူ၏ကောင်းမွန်သော ဆောင်ရွက်ချက်များဖြင့် သူ့အတွက် အကူအညီပေးနိုင်လိမ့်မည်ဟု သုစန္ဒီမှာ အခိုင်အမာယုံကြည်မှု ရရှိသွားလေသည်။

ဩစတြီးယားသံအမတ်ကြီးသည် ကရာချိသို့ မထွက်ခွာသေးမီတွင် ရန်ကုန်၌ရှိသော အခြားသံရုံးတစ်ရုံးမှ သုစန္ဒီနှင့် သူ့ကို သံတမန်နည်းလမ်းဖြင့် စာချင်းဆက်သွယ်၍ရအောင် စီစဉ်ပေးခဲ့သည်။ သူက ဩစတြီးယားနိုင်ငံခြားရေးဝန်ကြီးကိုလည်း မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးသီဟန်ထံ သီပေါစော်ဘွားကြီးနှင့် မိသားစု ဩစတြီးယားနိုင်ငံသို့ ထွက်ခွာခွင့်ပြုရန် တောင်းခံသည့် အသနားခံစာ တင်ခိုင်းထားသေးသည်။

သုစန္ဒီသည် အချိန်ကုန်မခံဘဲ ပရော်ဖက်ဆာ ဟော့ဖ်ထံ စာရေးလိုက်သည်။ သူ့ခင်ပွန်းကို မြန်မာစစ်တပ်သည် လွန်ခဲ့သည့် တစ်နှစ်ကတည်းက ဖမ်းဆီးထားကြောင်း၊ သူ့အနေဖြင့် သူ့ခင်ပွန်းကို ထိုစဉ်ကတည်းကပင် မြင်လည်းမမြင်ရ၊ ခင်ပွန်းနှင့်ပတ်သက်သည့်သတင်း ကြားလည်း မကြားရတော့ကြောင်းများကို စာထဲတွင် ထည့်ရေးထားသည်။ ပရော်ဖက်ဆာဟော့ဖ်က သူနှင့် ခင်ပွန်းတို့ စာချင်း အဆက်အသွယ်ရအောင် ကူညီပေးပါ။ ဖြစ်နိုင်မည်ဆိုလျှင် အိတ်ဖွင့်ထားသောစာကိုပင် ပရော်ဖက်ဆာ ဟော့ဖ်မှတစ်ဆင့် ပို့ပေးရန် ပြောသည်။ သုစန္ဒီသည် ရန်ကုန်တွင် စဝ်ကြာဆိုင်၏ သတင်းရရှိနိုင်ရ အဆက်အသွယ်အားလုံးကို ရအောင်ရှာသည်။ သူကြားချင်သည့် သတင်းကောင်းအတွက်သာဖြစ်၏။ ဗေဒင်ဆရာများ၊ နတ်ကတော်များ၊ အကြားအမြင်ဆရာများ၊ စစ်ဗိုလ်များ၏ ဆွေမျိုးများပါမကျန် အသုံးချခဲ့သည်။ သီပေါမှ မြန်မာစစ်သားများကဲ့သို့ သံသယဖြစ်ဖွယ်သတင်းများက သူ့အိမ်တံခါးဝသို့ ရောက်လာကြပြန်သည်။

စဝ်ကြာဆိုင် မည်သည့်နေရာတွင် ရှိသည်။ ကျန်းမာသည် ဟူသော သတင်းမျိုးများကို ကြားရလျှင် ပိုနှစ်သက်ပြီး၊ ထိုသတင်းမျိုး လာပေးသူတို့အား လက်ဆောင်အဖြစ် ငွေများပေးလိုက်သည်။ အနာဂတ်ကို ကြိုတင်ဟောပြောသူများကလည်း စဝ်ကြာဆိုင် မည်သည့်နေ့တွင် လွတ်မည်ဆိုသည့် သတင်းမျိုး ဟောပြန်သည်။ သူ့အနေဖြင့် အမြဲပင် နောက်ထပ်ဟောနိုင်မည့်သူများကို မျှော်လင့်ချက်ကြီးစွာ ထားမိသည်။

သုစန္ဒီသည် သူနှင့်အလွန်ရင်းနှီးသော ဗိုလ်မှူးချုပ်အောင်ကြီးနှင့် အနီးစပ်ဆုံးသူတစ်ယောက်ကို ဆက်သွယ်သဖြင့် ထိုသူက စဝ်ကြာဆိုင်ကို ပဲခူးတွင် အသက်ရှင်လျက် ကျန်းကျန်းမာမာပင် တွေ့ခဲ့ဖူးသူရှိသည်ဟု ပြောသည်။ ထိုသတင်းကဲ့သို့ပင် ပြည်ထဲရေးဝန်ကြီး ဦးစိုး၏ အနီးစပ်ဆုံး မိတ်ဆွေထံမှလည်း ကြားရသည်။ *(ရှင်းလင်းချက် - စာရေးသူက ပြည်ထဲရေးဝန်ကြီး ဦးစိုးဟူ၍ ရေးထား၍သာ ဤအတိုင်း သုံးနှုန်းလိုက်ရပါသည်။ အမှန်မှာ ထိုအချိန်က ပြည်ထဲရေးဝန်ကြီးအမည်မှာ ဗိုလ်မှူးကြီးကျော်စိုးဖြစ်သည်။-ဘာသာပြန်သူ)*

သုစန္ဒီအဖို့ ကြားရသည့်သတင်းများကြောင့် မျှော်လင့်ချက်ရောင်ခြည်လေး ပြန်လင်းလာ၍ အားတက်လာမိပြန်သည်။ သို့သော် မကြာပါချေ။ ညဘက်တွင် အိပ်မပျော်နိုင်ဘဲ နိုးနေသည့်အခါတိုင်း သူစဉ်းစားမိသည်မှာ အကျည်းကျခံနေရသူများ၏ ဇနီးများအနက် သူတစ်ယောက်တည်းကိုသာ အဘယ်ကြောင့် ခင်ပွန်းဖြစ်သူနှင့် ပေးမတွေ့စေသနည်းဟူသော မေးခွန်းကိုဖြစ်သည်။ သူတို့၏ အောင်နိုင်မှုကို ပြသသည့်အနေဖြင့် ဇနီးလုပ်သူကိုပါ ညင်းပမ်းနှိပ်စက်သောနည်းပင် ဖြစ်နိုင်သည်ဟုလည်း တွေးမိ၏။ တစ်ဖန် သူ့မောင်တော်

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် သူမလုပ်ခဲ့သည့် ပြစ်မှုအတွက် ဝန်ခံရန် ငြင်းဆိုသည်မျိုး မလုပ်ရတော့ဘူးလား၊ သို့မဟုတ် သူဆက်အသက်မရှင်ရတော့ဘူးလား စသသည့် အတွေးများဖြင့် သုစန္ဒီသည် တစ်ညလုံးလူးကာ လိမ့်ကာနှင့် အိပ်မပျော်ဖြစ်ရသည်။ သို့ကြောင့် သူ၏ ကိုယ်အလေးချိန်ကျလာသည်။ ထိုအခါ နေ့စဉ်လုပ်နေကျအလုပ်များနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်မချနိုင်ခြင်း၊ အမြင်အာရုံတွင် ဝိုးဝါးနေ၍ အာရုံစူးစိုက်မရခြင်း၊ သတိအလွန်အမင်း မေ့တတ်လာခြင်းများဖြစ်လာသည်က သူ့အဖို့ ပြဿနာပင် ဖြစ်တော့သည်။

လွန်ခဲ့သော နှစ်များစွာကတည်းက သိကျွမ်းခဲ့ရသော ကရင်ခေါင်းဆောင် ဗိုလ်လက်ျာ၏ဇနီးက သူ့ပြဿနာများကို သိရသောအခါ ကုသဖို့ အကြံပေးလေသည်။ *(မှတ်ချက်- စာရေးသူရေးသည့်အတိုင်းသာ ကရင်ခေါင်းဆောင် ဗိုလ်လက်ျာ၏ဇနီးဟု ဘာသာပြန်လိုက်ရခြင်းဖြစ်ပါသည်။ ဗိုလ်လက်ျာသည် ကရင်မဟုတ်ပါ- ဘာသာပြန်သူ)*

"ကျမရဲ့ တရားပြဆရာတော်ဆီကို လိုက်ခဲ့စမ်းပါ။ မဟာဒေဝီ ဘယ်တော့မှ နောင်တမရစေရဘူးလို့ ကျမ အာမခံပါတယ်"

ဟုလည်း ပြောသည်။

ဤသို့သော ဖိတ်ခေါ်မှုမျိုးကို လက်ခံသင့်ကြောင်း သုစန္ဒီစိတ်ထဲက အလိုလိုသိနေသည်။ တိတ်ဆိတ်ငြိမ်သက်နေသော အခန်းထဲမှ ကြမ်းပြင်ပေါ်တွင် လူသုံးဆယ်ခန့် ထိုင်နေကြကာ မျက်စိမှိတ်၍ တရားမှတ်နေကြသည်ကို သုစန္ဒီတွေ့လိုက်ရသောအခါ အံ့သြထိတ်လန့်သွားမိသည်။ သူ့မိတ်ဆွေနောက်မှလိုက်ပြီး ဘုရားခန်းအတွင်းမှ ဖြတ်လျှောက်သောအခါ တရားထိုင်နေကြသော မြန်မာအမျိုးသားအမျိုးသမီးများရှေ့မှ ကိုယ်ကို ကုန်းပြီး ထုံးစံအတိုင်း ရိုရိုသေသေလျှောက်ရပေသည်။ အချို့မှာ အသက်ငယ်လွန်း၍ ကျောင်းသူကျောင်းသားများအရွယ်သာ ဖြစ်ပါလိမ့်မည်။ အချို့အသက်အရွယ်ကြီးရင့်သူများကမူ ဗြိတိသျှတို့ မြန်မာပြည်ကို သိမ်းပိုက်စဉ်ကိုပင် မှီလိုက်နိုင်သည့်အရွယ်များ ဖြစ်သည်။

သူ့အနီးမှ အမျိုးသမီးသည် လူကုံတန်တစ်ယောက်ဖြစ်ပုံရပြီး အခြားအမျိုးသမီးများမှာမူ ရိုးရိုးချည်ထည်အင်္ကျီများကိုသာ ဝတ်ထားကြ၍ သာမန်လူတန်းစားပင်ဖြစ်ကြပေမည်။ သူတို့အားလုံးသည် အသစ်ရောက်လာသူကို မည်သူမျှ သတိထားမိခြင်းမရှိ၊ မသိလိုက်မသိဖာသာ နေကြသည်။ သူတို့စိတ်များ အာရုံများကို တည်ငြိမ်အေးချမ်းရန်သာ စူးစိုက်ထားကြပုံရလေသည်။

တရားပြဆရာတော်က သူတို့ကို တရားခန်း သက်သက်ခွဲပေးထားသည်။ ဆရာတော် ဦးဝိနယသည် အရပ်ရှည်သော မြန်မာဘုန်းတော်ကြီးတစ်ပါးဖြစ်သည်။ လိမ္မော်ဝါရောင်သင်္ကန်းကို ရုံထားသည်။ ဖိနပ်မစီးပါ။ ကတုံးရိတ်ထား၍ ရှိရင်းအသက်ထက် အိုစာပုံရသည်။ တရားထိုင်နေကျသူများသည် ဆရာတော်၏ ထိုးထွင်း သိမြင်နိုင်သော အသိကြောင့် စိတ်ထဲက အတွေးများကို ဖုံးကွယ်မထားနိုင်ပေ။ ဆရာတော့်မျက်နှာတော်တွင် ကြင်နာသနားတတ်သော စိတ်နှင့် တည်ငြိမ်အသားကျနေသော စိတ်ရောင်ခြည်များ ဖြာနေသကဲ့သို့ ထင်ရသည်။

သုစန္ဒီခံစားနာကျင်နေမှုများကို ဆရာတော်က သိရှိနားလည်နေ၍ ပြောပြစရာ မလိုတော့ပေ။ သူ၏ ရှိသေလေးစားမှုကို ပြသပြီးနောက် ဆရာတော် မြန်မာလိုပြောသည်အထိ စောင့်နေလိုက်မိသည်။

"ဒကာမကြီးက တရားထိုင်နည်းသင်ချင်နေတယ် မဟုတ်လား၊"

"မှန်ပါတယ်ဘုရား၊ ဒါပေမယ့် တပည့်တော်မ တရားထိုင်နည်း ဘာမျှမသိသေးပါဘုရား"

ဟုလျှောက်တင်လိုက်သောအခါ ဆရာတော်က ရယ်၍ မိန့်ကြားလိုက်သည်။

"မလိုပါဘူးလေ… လက်တွေ့လုပ်ကြည့်လိုက်ရင် သိလာပါလိမ့်မယ်"

"တပည့်တော်မ ဘယ်တော့ တရားစထိုင်ရမလဲဘုရား"

"အခုပဲစပေါ့"

www.burmeseclassic.com

www.burmeseclassic.com



“ဒါပေမယ့်၊ တပည့်တော်မ ဒီမနက် ဥပုသ်စောင့်မထားပါဘူး၊ မနက်စာ စားခဲ့ပါတယ်”

“ဒါအကြောင်း မဟုတ်ပါဘူး”

ဟု မိန့်တော်မူပြီး-

“ဆရာတော်က ဘာမှ တားမြစ်တာ မရှိပါဘူး၊ ဒကာမကြီးအနေနဲ့ အရက်သောက်တာ တစ်ခုပဲရှောင်ရမယ်၊ ဒကာမကြီးကို ရှာရတာလွယ်အောင် ခန်းမကြီးထဲမှာပဲ တရားထိုင်ပါ။ ဖျာပေါ်မှာ အဆင်ပြေသလို သက်တောင့်သက်သာ သာထိုင်ပါ၊ ပြီးတော့ မျက်လုံးကို ပိတ်ထားပါ။ နှာဝမှာ အသက်ရှူထုတ်နေတာကိုသာ စိတ်နဲ့ အာရုံစိုက်ထားလိုက်ပါ၊ ကဲ… အခုပဲ စလုပ်ကြည့်လိုက်၊ ရှူသွင်းလိုက်တဲ့အခါမှ နှာဝမှာ လေကအေးနေတာ သိလိုက်ရပြီ၊ ရှူထုတ်လိုက်တဲ့အခါမှ လေတိုးလို့ နွေးလာတာကို သိရလိမ့်မယ်”

ဆရာတော်သည် သုစန္ဒီကြိုးစားလုပ်ဆောင်ပြီး ယုံယုံကြည်ကြည်ဖြင့် ခေါင်းညိတ်လာသည်အထိ စောင့်နေလိုက်သည်။ ပြီးနောက် ဆရာတော်က ဆက်၍-

“စိတ်ကပျံ့လွင့်နေတော့၊ ကြားလိုက်တဲ့အသံနောက် စိတ်ကလိုက်သွားတာမျိုးကို သတိလေးကပ်ပြီးနေပါ၊ စိတ်ကို နှာဝမှာပဲ ပြန်အာရုံကပ်ထားလိုက်ပါ၊ အစပိုင်းမှာတော့ သိမ်သိမ်မွေ့မွေ့လေးပါပဲ၊ နောက်တော့ စိတ်ကို တခြားအာရုံတွေ ခံစားမှုတွေနောက် ပါမသွားအောင် စွဲစွဲမြဲမြဲမှတ်ထားရမယ်။ နှာဝမှာ ပြန်ကပ်လိုက်၊ အသက်ရှူထုတ်နေတာကို ပြန်သတိထားလိုက်၊ ဆက်မလုပ်နဲ့တော့လို့ ဆရာတော်က မပြောမချင်း မှတ်နေပါ၊ အဓိကအချက်ကတော့ ကိုယ့်ခန္ဓာကိုယ်မှာ ခံစားနေရတဲ့ ဝေဒနာတွေကို တွေ့လာလိမ့်မယ်၊ အဲဒါကိုပဲ သတိလေးကပ်ပြီး ကြည့်လိုက်ပါ၊ နာနေရင် နာတဲ့နေရာကို စိတ်အာရုံနဲ့ သတိကပ်ထားပါ။ နာတယ်… နာတယ်လို့ မှတ်နေရင်းကနေ တဖြည်းဖြည်း နာတာပျောက်သွားတဲ့အထိ မှတ်နေပါ။ နာတယ်ဆိုတဲ့ ခံစားမှုပျောက်သွားလိမ့်မယ်။ စိတ်ကိုတော့ တစ်ခါ နှာဝမှာပဲ ပြန်ကပ်ထားလိုက်ပါ”

“ဒါဘာကို ဆိုလိုတာလဲဘုရား”

သုစန္ဒီ ဆရာတော်ကို လျှောက်လိုက်သည်။

“ဒကာမကြီး သိလာလိမ့်မယ်။”

ဟု ဆရာတော်က မိန့်ကြားသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၆၀)

သုစန္ဒီသည် တဖြည်းဖြည်း တရားအားထုတ်၍ရလာသည်။ ဆရာတော်ကို မှီခိုနေရသော အခြေအနေမှ လွတ်မြောက်လာသည်။ တရားထိုင်နေကြသော သူတွေကြားတွင် ကိုယ့်ကိုယ်ကို ထင်ထင်ရှားရှား မြင်လာသည်။ သူ့ဘေးမှ မိတ်ဆွေက အစကတည်းကပင် ရှူရှိုက်လေ့ကျင့်ခန်းကို လုပ်နေသည်။ သုစန္ဒီက-

"ငါ… ဘာလုပ်နေမိလဲမသိဘူး၊ ဒါပေမယ့် ဒါကို ငါကြိုးစားလုပ်ကြည့်မယ်။"

ဟု သူ့ကိုယ်သူ ပြောနေလေသည်။

သူသည် မျက်လုံးကိုပိတ်ထားပြီး ဆရာတော်ညွှန်ကြားထားသည့်အတိုင်း လုပ်ကြည့်သည်။ ပထမ မိနစ် အနည်းငယ်လောက်တွင် လွယ်ကူသည်ဟု ထင်မိသော်လည်း နောက်တွင် စိတ်ကပျံ့လွင့်လာတော့သည်။ စိတ်ကူးအတွေးထဲတွင် သူ့မောင်တော်အကြောင်း ရောက်လာသည်။ သူတို့ သီပေါအရှေ့ဟော်နန်းမှ ကိုယ်ပိုင်ဘုရားကျောင်းလေးတွင် မောင်တော်တရားထိုင်နေတတ်သည်ကို သတိရမိလိုက်သည်။ ဤအရာမျိုးလေးများက အမှတ်တရ ပျော်စရာကလေးများဖြစ်ပြီး သူ့အဖို့ လွမ်းဆွတ်တသသ ဖြစ်စေလေသည်။

"အမှတ်ရနေတဲ့အတွေးတွေကို ရပ်လိုက်ပါ၊ ရှူထုတ်နေတဲ့အပေါ်မှာပဲ အာရုံပြန်ကပ်ထားပါ။"

သုစန္ဒီကို စောင့်ကြည့်ကြပ်မတ်ပေးနေသော ဆရာတော်အသံကို ကြားလိုက်ရသည်။ ဆရာတော်အသံက သိမ်မွေ့လှပါသည်။ သူ့စိတ်ထဲမှအတွေးများကို ဆရာတော်က မည်ကဲ့သို့သိနေသနည်း ဟု သူအံ့သြမိရလေသည်။ ပထမဆုံးတရားထိုင်စဉ်က သုစန္ဒီသည် သူ၏ စိတ်ကို နှာဝတွင်ပြန်ထားရန် အကြိမ်ပေါင်းများစွာ ပြောနေခဲ့ရသည်။

အသက်ရှူရသည်မှာ ခဏရပ်သွားလိုက်၊ နာကျင်ကိုက်ခဲလာလိုက် ဖြစ်နေလေသည်။ သို့သော် ဆရာတော်က သူ့ဘေးတွင် သူ့အတွက် လိုအပ်သောအားနှင့် လမ်းပြမှု အမြဲပြောပေးနေသည်။ အခြားတရားထိုင်နေသူများကိုလည်း ဆရာတော်က လှည့်လည်ကြည့်ရှုပေးနေသည်။ မိနစ် (၂၀) ကြာပြီးသောအခါ-

"စိတ်အာရုံကို ခန္ဓာကိုယ်တွင် ဖြစ်ပေါ်နေသော ခံစားချက်များဆီမှာ အသိကပ်ထားပါ"

ဟု ဆရာတော်က သူ့အား မိန့်ကြားလေသည်။ သူ့နောက်ကျောက ဆိုးဆိုးဝါးဝါး နာကျင်ကိုက်ခဲလာသည်။ မည်သို့ပင် နာကျင်နေနေ သူ့အတွက်ပြဿနာမရှိလှပါဟု သူတွေးမိသည်။

ပြင်းထန်စွာ နာကျင်ကိုက်ခဲသော ဝေဒနာသည်၊ မည်မျှကြာသည်၊ မည်သည့်အချိန်မှာလုံးဝ ပျောက်သွားသည် ဟု သူမသိလိုက်ချေ။ သို့သော် ဤအရာများ ဖြစ်ခဲ့ပါသည်။ သူ့စိတ်အင်အားကို တစ်နေရာတည်းတွင် စူးစူးစိုက်စိုက် မပျံ့လွင့်အောင် အလွယ်တကူ ထိန်းထားလိုက်နိုင်ခဲ့လေပြီ။ ထိုအဆင့်သို့ သူရောက်နေကြောင်း ဆရာတော်က သိလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒကာမကြီး အခုမျက်လုံးဖွင့်လိုက်တော့၊ ပထမဆုံးတရားထိုင်တာ ပြီးသွားပြီ"

ဟု ဆရာတော်ပြောသောအသံကို ကြားလိုက်သည်။

ထူးဆန်းအံ့သြစွာဖြင့် သုစန္ဒီက မျက်လုံးများကို ဖွင့်လိုက်သည်။ သူသည် သူ့ကိုယ်သူ ပထမဆုံးအနေနှင့် တရားထိုင်သည်မှာ မိနစ် (၄၀) မျှ ကြာခဲ့ကြောင်း သိလိုက်ရသည်။ သူသည် မောပန်းသလို ခံစားရသော်လည်း ပြန်လည်လန်းဆန်းပေါ့ပါးနေပါသည်။ သူက ဤသို့တရားထိုင်ခြင်းကို ဆက်လက်၍ နေ့စဉ်လုပ်သွားမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

လပေါင်းအတော်ကြာလာသောအခါ ကလေးတွေ ကျောင်းတက်နေကြရပေပြီ။ သုစန္ဒီသည် ဆရာတော် ဦးဝိနယ၏ မျက်စိအောက်တွင် စောင့်ကြည့်ခံပြီး ဆက်လက်တရားထိုင်သည်။ အသက်မြန်မြန်ရှုထုတ်ရသော တရားမှတ်နည်း ပြီးသွားသောအခါ သူ့စိတ်ထဲတွင် လှပသောရောင်စဉ်တန်းများ ပုံရိပ်များ အမျိုးမျိုးပေါ်လာသည်ကို မြင်လာရသည်။ ဆရာတော်ဦးဝိနယက ဤသို့သော ပေါ်လာခြင်းများကို ချက်ခြင်းရပ်ခိုင်းလိုက်ပြီး စိတ်ကို ခန္ဓာကိုယ်ပေါ်မှ ဖြစ်ပေါ်လာသည့် ခံစားချက်များတွင် မှတ်ခိုင်းထားသည်။ တောက်ပလှပသော အပြာရောင်စက်ဝန်းများသည် တန်းထွက်လာပြီး အရောင်များပြောင်းသွားသည်အထိ အရှိန်ဖြင့် ထိုးထွက်နေကြသော အမြင်မှခွာရန် သူ့မှာ တွန့်ဆုတ်နေမိလေသည်။ ဤကဲ့သို့အမြင်မျိုးများကို တစ်ကြိမ်ထက်ပိုပြီး မှတ်မထားရန်၊ ထူးခြားသော အမြင်များကို မစွဲလမ်းရန်၊ ဆရာတော်က မိန့်ကြားသည်။

တစ်ခါကမူ ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းသော နာကျင်မှုကို ခံစားရသည်။ နောက်တစ်ခါတွင် ပို၍ ပို၍နက်သော မြေကြီးထဲသို့ နစ်မြုပ်သွားပြီး သူ့ကိုယ်သူ မြေမြုပ်ခံရပုံမျိုးလည်း မြင်လာလေသည်။ တစ်ကြိမ်တွင်မူ သူ့ခန္ဓာကိုယ်အလယ်ပိုင်းသာ ကျန်ရစ်ပြီး ခြေထောက်နှင့်လက်များ ခွဲအဖြတ်ခံရ၍ လက်တစ်ဖက်သာ ကျန်ခဲ့သည်။ သစ်ပင်ပေါ်တွင် ပန်းသီးတွေ ရှိနေသည်ကို မြင်ရသည်။ ပန်းသီးများ တဖြည်းဖြည်း ဆက်လက်ကြီးထွားလာကြ၍ ကိုးယိုးကားယား ပုံစံကြီးဖြစ်လာသည်ကို မြင်ရပြန်သည်။ ဆရာတော်ဦးဝိနယ၏ ညွှန်ပြမှုအောက်တွင် သုစန္ဒီသည် မြောက်မြားစွာသော ခံစားမှုများကို ကျော်ဖြတ်နိုင်ခဲ့သည်။ သူ့ခန္ဓာရုပ်အစုကြီးပေါ်တွင် အသိဉာဏ်သစ်များ ထွန်းလင်းအောင်မြင်လာခဲ့သည်။ ပြီးနောက် သူသည် သူ့စိတ် ခန္ဓာကိုယ်မှခွာသည်ကို အပြင်မှလူတစ်ယောက်က မြင်သည့်အမြင်မျိုး ပထမဆုံးရရှိလာသည်။ သူ့စိတ်ဝိညာဉ်သည် သူ့ခန္ဓာကိုယ်မှ ခွာလာသည်။ ပြီးနောက် တရားထိုင်သောအခန်းတွင်းမှ အပြင်သို့ ထွက်သွားတော့သည်။ သူ့စိတ်သည် အခန်းပေါ်တွင် ဝဲပျံနေသည်။ သူ၏ ရုပ်ခန္ဓာကိုယ်ကြီးကို အောက်မှာလိုက်ရှာသည်။ ရုပ်ခန္ဓာကိုယ်ကြီးမှ သူခွဲထွက်လိုက်ခြင်းဖြင့်၊ ဖြစ်တည်နေမှု ပြီးဆုံးသွားရသကဲ့သို့ သူခံစားလိုက်ရသည်။ ပြန်လည်ဖော်ပြ၍မရသော စည်းချက်ငြိမ့်ညောင်းစွာနှင့် ငြိမ်းအေး ချမ်းသာမှုကို သူရရှိလိုက်တော့သည်။ တစ်ပတ်နှစ်ပတ်ကြာသောအခါ သူတရားထိုင်နေစဉ် မျက်နှာများစွာကို စတင်မြင်လာရသည်။ ရာနှင့်ချီသော မျက်နှာများသည် သူ့ဆီသို့ ဦးတည်လာနေကြသည်။ သူတို့ခန္ဓာကိုယ်များ နှင့် ပူးပေါင်းသွားပြီး သူ့မျက်လုံးကို ဖြတ်၍ ချီတက်သွားကြသည်။

အစပိုင်း၌ သူတို့သည် ကျန်းကျန်းမာမာပင်ဖြစ်သည်။ သို့သော် ရှေ့ဆက်သွားသောအခါ သူတို့သည် အဆင့်အမျိုးမျိုးသော ပုပ်ပွခြင်းဖြစ်လာကြသည်။ ထိုနောက် အရိုးစုသာကျန်ရစ်ပြီး အရိုးခန္ဓာနှင့် ဦးခေါင်းသာ ကျန်သော အရိုးစုတပ်ကြီးသည် စစ်ရေးပြချီတက်သကဲ့သို့ သူ့ကို ဖြတ်ကျော်သွားကြလေသည်။ အလွန်အံ့သြ ထူးဆန်းသောပုံရိပ်များကို မြင်လာရသောအခါ ရုပ်ဝတ္ထုအစုအဝေးကြီးမျှသာဖြစ်သော သူ့ခန္ဓာကို သူနားလည် သဘောပေါက်သွားလေတော့သည်။ သို့သော် သူ၏အခြေအနေက ဘာမျှပြောင်းလဲသွားခြင်းမရှိ၊ သူ၏ စိတ်ကသာ တရားထိုင်နည်းဖြင့် ပြောင်းလဲသွားခဲ့ခြင်းဖြစ်သည်။

သုစန္ဒီသည် ငြိမ်းအေးမှုကို တစ်ဖန်ပြန်လည်ခံစားနေရသည်။ သူ၏ စိတ်အင်အားတန်ခိုးများလည်း အောင်မြင် လာသည်။ စိတ်ကို တည်တည်ငြိမ်ငြိမ်ဖြင့်ထားပြီး ဆုံးဖြတ်ချက်များ ချလာနိုင်သည်။ ဘဝတွင် ကြုံသည့်ဟာ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတရားဖြစ်ပြီး၊ မည်သည်က အကြောင်းတရား မဟုတ်ကြောင်းလည်း ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်နိုင်ခဲ့ပြီဖြစ်သည်။ သူ့ကလေးများ၏ အနာဂတ်အစီအစဉ်အတွက် ဆုံးဖြတ်ချက်ချနိုင်ခဲ့သည့်အချိန်တွင် သူ၏ အဓိကလိုအပ်ချက် နီးလာလေတော့သည်။

× × ×

## အခန်း (၁၉)

ဗိုလ်ချုပ်နေဝင်း၏ အုပ်ချုပ်မှုယန္တရား ကျဆုံးရန် ရက်ရေတွက်ရပြီဟု ဟောကိန်းထုတ်လာကြသော်လည်း သူ၏စစ်တပ်ကမူ တိုင်းပြည်မှ လူထုနှင့် စီးပွားရေးအားလုံးအပေါ် တင်းတင်းကျပ်ကျပ် ထိန်းချုပ်လိုက်သည်။ ပထမဆုံးအနေဖြင့် ကြီးမားသော စီးပွားရေးစီမံကိန်းများနှင့် နိုင်ငံခြားသားပိုင် စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်သိမ်းလိုက်သည်။ ဘဏ်အားလုံးကိုလည်း ပြည်သူပိုင်သိမ်းလိုက်ပြီး ပြည်သူ့ဘဏ်အဖြစ်နှင့် အမည်ပြောင်းကာ နံပါတ်များ တပ်ပေးလိုက်သည်။ ရှမ်းစော်ဘွားများနှင့် ရှမ်းလူမျိုးစုများစွာ ပိုင်ဆိုင်သော သုစန္ဒီ၏ ရန်ကုန်ဘဏ်ကိုလည်း ပြည်သူ့ဘဏ်အမှတ် (၂၀) အဖြစ် သတ်မှတ်လိုက်ပြီး၊ ရေတပ်မှ လက်ထောက် ကွန်မန်ဒါတစ်ယောက်က စီမံရသည်။

အငယ်စားစီးပွားရေးလုပ်ငန်းများဖြစ်သည့် ဓာတ်ဆီဆိုင်များ ဆန်စက်များ၊ ဆီစက်များနှင့် သစ်စက်များကို နောက်တစ်ခါ ပြည်သူပိုင်သိမ်းယူလိုက်ပြန်သည်။ ပိုင်ရှင်အစစ်အမှန်တို့၏ ငွေရေးကြေးရေးပိုင်ဆိုင်မှုများသည် ဖျက်ဆီးခြင်းခံခဲ့ရသည်။ နောက်များမကြာမီ လက်လီဆိုင်များဖြစ်သည့် အသေးဆုံးစီးပွားရေး ဆိုင်ငယ်များကိုပင် သိမ်းလိုက်သည်။ သုစန္ဒီ နေ့စဉ်ကလေးများကို ကျောင်းပို့နေရာ၊ မယုံကြည်နိုင်သော မြင်ကွင်းများကို လမ်းပေါ်တွင် မြင်နေရသည်။ စစ်သားများသည် အမျိုးမျိုးသော ဆိုင်ကလေးများအတွင်းသို့ ဝင်ရောက်ကြပြီး၊ အရာရာကို အပိုင်သိမ်းကြသည်။ ပိုင်ရှင်များကိုလည်း ဖယ်ရှား၏။ ဆိုင်းဘုတ်ဟောင်းကို ဖြုတ်ပစ်လိုက်ကြပြီး ပြည်သူ့ဆိုင် အမှတ် (၃၇) စသည်ဖြင့် အသစ်ပြောင်းတင်လိုက်သည်။ မူလပိုင်ရှင်များသည် သူတို့ကုန်ပစ္စည်းများနှင့် ပတ်သက်သော သူတို့စီးပွားရေးလုပ်ငန်းများကို ဆက်လက်မလုပ်နိုင်တော့ချေ။ သူတို့ဆက်လက် အသက်ရှင်နေထိုင်ရန် ဝင်ငွေရရှိမည့် အခွင့်အရေးများကိုလည်း ပိတ်ပင်ခြင်းခံကြရသည်။ အိန္ဒိယပြည်သား စီးပွားရေးသမားများအဖို့မူ သူတို့၏ စီးပွားရေးနှင့် လုပ်ငန်းများ ဆုံးရှုံးကြရုံမျှမက သူတို့၏ကျောတွင် အဝတ်ထုတ်လွယ်ပြီး အိန္ဒိယသို့ ပြန်သွားကြရသည်။

သုစန္ဒီအသိဆရာဝန်တစ်ယောက်မှာ သူ့ပိုင်ဆိုင်မှုအားလုံး ပြည်သူပိုင် အသိမ်းခံရသည်။ အိမ်မွေးခွေးများနှင့် အဖိုးတန်သစ်ခွပန်းပင်များကိုပင် သိမ်းသွားသည်ဆို၏။ သူ့ခမျာ မြန်မာပြည်မှ ထွက်ခွာသွားတော့သည်။ ပုဂ္ဂလိကပိုင်ဆိုင်သော တိုက်တာအဆောက်အဦးနှင့် အိမ်များ၊ ကားများ၊ လက်ဝတ်ရတနာ ရွှေငွေ ကျောက်သံပတ္တမြားတို့သည် နောင်တစ်ချိန်တွင် ဗိုလ်ချုပ်ကြီးနေဝင်း အရေးယူခံရမည့်စာရင်းထဲတွင် ရှိနေကြောင်း ကောလာဟလ ဖြစ်ပေါ်နေသည်။ ပုဂ္ဂလိကလုပ်ကိုင်နေကြသော ဆရာဝန်နှင့် ရှေ့နေလုပ်ငန်းများကိုပင် (သူတို့၏ နိုင်ငံသားဖြစ်မဖြစ် အပေါ်မူတည်၍) ပြည်သူပိုင်သိမ်းရန် အစိုးရက မျှော်လင့်ထားသည်။ ဆေးဆိုင်များကိုမူ သိမ်းထားပြီး ဖြစ်၏။ ပြည်သူပိုင်အသိမ်းခံရသည့်သူများ၏ ကလေးများနှင့် အခိုင်းအစေများ ဘဝလုံခြုံမှုအတွက် ဘဏ်တွင် အပ်နှံထားသောငွေများကို ယူနီဖောင်းဝတ်မန်နေဂျာများ၏ သံသယမဖြစ်စေဘဲနှင့် ဘဏ်စာအုပ်ငွေအများကြီးမှ ငွေအနည်းငယ် အဖြစ် ပြောင်းသွားအောင် နေ့စဉ်သွား၍ ငွေထုတ်ခိုင်းနေရသည်။

ဖြစ်ပေါ်လာသည့်ကိစ္စများကို သုစန္ဒီအနေဖြင့် နီးနီးကပ်ကပ်စောင့်ကြည့်နေသည်။ သူ့အတွက် ဘဏ်မှငွေ ရနိုင်သည့် အရင်းအမြစ်များက တစ်စတစ်စပြိုလဲလာချိန်တွင် ကျန်ရှိနေသော သူ့တာဝန်များကလည်း အတူတူပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ သို့ကြောင့် လူအများက သူမကို အကူအညီပေးရန် ပြောကြသော်လည်း ငွေရေး ကြေးရေးထောက်ပံ့ပေးမှုများကို သူ့အနေဖြင့် မည်သူ့ထံမှ မယူခဲ့ချေ။

နိုင်ငံခြားတိုင်းပြည်တစ်ပြည်တွင် လုံခြုံရေးရန်ပုံငွေထည့်ထားရန် သူ့သူငယ်ချင်းတို့၏ အကြံပေးချက်ကို စဝ်ကြာဆိုင်က မည်သည့်အချိန်ကမှ အလေးမထားခဲ့ပါ။ ထိုအကြံသည် တရားဥပဒေကို ဆန့်ကျင်၍ ဖြစ်သည်။ သူ၏ လူမျိုးအဆင့်အတန်းမြင့်မားမှုကို မည်သောအခါမှ ယုံမှားသံသယ အဖြစ်မခံနိုင်ချေ။ သုစန္ဒီသည် သီပေါနှင့် ပုံမှန်အဆက်အသွယ်ကို ဆက်ထိန်းထားသည်။ သို့သော် သီပေါ၏အခြေအနေသည် တစ်ခါတစ်ရံသာ ကောင်း၏။ ကျောင်းဖောင်ဒေးရှင်းအဖွဲ့လည်း ပျက်သွားလေပြီ။ ကျန်ရှိနေသော လယ်ယာစိုက်ပျိုးရေးအတွက် စက်ယန္တရားများကို စစ်တပ်က သိမ်းသွားသည်။ သီပေါတွင်ရှိသော စီးပွားရေးများအတွက် ငွေအရင်းအနှီး ဆက်လက်မထုတ်နိုင်တော့ချေ။ မကြာမီထွက်တော့မည့် လိမ္မော်ခြံအသစ်မှ လိမ္မော်သီးများ ကျိုလှီသေးငယ်နေမည်ဟု မျှော်လင့်ရသည်က ပိုဆိုးသည်။

ထို့ကြောင့် သူ့အနေဖြင့် မသေချာမရေရာစွာဖြင့် သူ့မောင်တော်ကို ရန်ကုန်တွင် လာစောင့်မနေသင့်ကြောင်း သူရှင်းလင်းစွာ သိလာရသည်။ သူနှင့် သမီးငယ်များ၏ဘဝကို အစမှ ပြန်လည်ထူထောင်ရန်နှင့် ဆက်လက်အသက်ရှင်နေထိုင်သွားနိုင်ရန် ဥရောပ (သို့) အမေရိကန်တွင် သွားအလုပ်လုပ်ရန် အစီအစဉ်များ စတင်ရေးဆွဲလေသည်။ စဝ်ကြာဆိုင်အနေဖြင့် သူတို့နှင့်လာနေနိုင်သည့်အချိန်တွင် ချက်ခြင်း အလုပ်လုပ်နိုင်ဦးမည်မဟုတ်ချေ။ သုစန္ဒီ၏ နိုင်ငံခြားသူငယ်ချင်းများသည် နေရာအမျိုးမျိုးတွင် လျှို့ဝှက်စွာလာရောက် ဆက်သွယ်ကြပြီး မြန်မာနိုင်ငံမှ အမြန်ဆုံးထွက်ခွာသွားရန် တိုက်တွန်းကြသည်။ သို့သော် ရှမ်းဆွေတော်မျိုးတော်များက တိုင်းပြည်ထဲတွင် ဆက်နေရန် အကြံပေးကြသည်။ သို့ကြောင့် သူ့အတွက် ဆုံးဖြတ်ချက်ချရန် နှောင့်နှေးနေရတော့သည်။

သူသည် စောင့်ဆိုင်းနေရသည့်လများတွင် ပြင်သစ်စာနှင့် လက်နှိပ်စက်ရိုက်သင်ရန် စာရင်းသွင်းလိုက်သည်။ လုပ်ငန်းငယ်တစ်ခုကို အသိမ်းခံရသော အိန္ဒိယ-မြန်မာ ကပြား အဖိုးကြီးတစ်ယောက်က လက်နှိပ်စက်ရိုက်သင်တန်းကျောင်း ဖွင့်ထားသည်။ သုစန္ဒီအနေဖြင့် ဩစတြီးယားအထက်တန်းကျောင်းတွင် လက်နှိပ်စက်ရိုက်သင်တန်းမရှိ၍ မသင်ခဲ့ရသော သူ့အားနည်းချက်ကို အမြဲစိတ်မကောင်းဖြစ်ရသည်။ တစ်နေ့တွင် ဒရိုင်ဘာလှတင်အား ရန်ကုန်မြို့လယ် လမ်းဘေးတစ်နေရာမှ အိန္ဒိယ-မြန်မာ ကပြား မစ္စတာမာတီ၏ လက်နှိပ်စက်ကျောင်းကို လိုက်ပို့ခိုင်းသည်။ ဆင်းရဲသော ပတ်ဝန်းကျင်ရှိ စည်ကားရှုပ်ထွေးသော လမ်းလေးထဲတွင် မာစီးဒီးကားတစ်စီးနှင့် စစ်ထောက်လှမ်းရေးဂျစ်ကားတစ်စီး ရပ်ထားသည်ကို တွေ့ရလေတော့သည်။ လေးထပ်တွင်ရှိသော လက်နှိပ်စက်သင်တန်းကျောင်းသို့ သုစန္ဒီသည် ညစ်ပတ်၍ မဲမှောင်နေသောလှေကားမှ တက်ရသည်။ လမ်းထဲမှ အနံ့အသက်များကြောင့် နံစော်လှသဖြင့် သူ့လက်ကိုင်ပုဝါတွင် အော်ဒီကလုံးရေမွှေးဆွတ်ထားရသည်။ သို့သော် အနံ့အသက်ကို မကာကွယ်နိုင်ပါ။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၆၁)

သုစန္ဒီသည် စဉ်းစားရင်းနှင့် ခြေလှမ်းမှန်မှန်ဖြင့် လေးထပ်သို့တက်ရသည်။ သို့သော် အနံ့ဆိုးများကြောင့် သူ့အတွေးအတွက် အနှောင့်အယှက်ဖြစ်ရသည်။ တံခါးကိုခေါက်လိုက်သောအခါ အဘိုးကြီးမာတီက တံခါးကို ဖွင့်ပေးသည်။ သုစန္ဒီကို မကောင်းဆိုးဝါးတစ်ကောင်ကဲ့သို့ တအံ့တသြကြည့်နေသည်။

အဘိုးကြီးက တံခါးကို ပြန်မပိတ်လိုက်သည့်အတွက် တော်ပါသေးသည်။ သုစန္ဒီသည် လက်နှိပ်စက်အရိုက် သင်ချင်လွန်း၍ ငွေပေးပြီးသင်မည့်သူဆိုသည်ကို သူသဘောပေါက်သွားခဲ့ပုံရသည်။ ပထမဆုံး လက်နှိပ်စက်ရိုက် သင်တန်းကို စမည်ဖြစ်သောအခန်းကို လှည့်ပတ်ကြည့်လိုက်ရာ သစ်သားအောက်ခံ လက်နှိပ်စက်အဟောင်း (၆) လုံးကိုသာ တွေ့ရလိုက်ရသည်။ သို့သော် လက်နှိပ်စက်တစ်လုံး၏ ဘယ်တစ်လုံးမှ နှိပ်သည့်ခလုပ်ပေါ်တွင် စာလုံးမရှိပါ။ စက်များသည် အလွန်ကိုဟောင်းနေကြပြီး အပေါ်မှစာလုံးများ ပြုတ်ထွက်ကုန်ကျသည်ဟု အဘိုးကြီးက ရှင်းပြသည်။ ခပ်ပျော့ပျော့အတုံးလေးတွေကို စာလုံးတိုင်းပေါ် စွပ်ထားလိုက်သည်။ သို့ကြောင့် အချိန်တိုင်းတွင် ကီးစာလုံးကိုလက်ချောင်းများဖြင့် အမှောင်ထဲတွင် စီးကပ်ကပ်နှင့် ရိုက်နေရသည်။ ထိုစက်များဖြင့်ပင် နှစ်ပေါင်းများစွာ စာများကိုရိုက်နေရပေသည်။ သုစန္ဒီက လက်နှိပ်စက်များ ဤပုံအတိုင်းကို ပိုကြိုက်နေသည်။ အနည်းဆုံး အဆင်မပြေမှု အသေးအဖွဲလေးများကို ထည့်မတွက်ဘဲ သူ့လက်နှိပ်စက်သင်တန်း သင်ခန်းစာနှင့် ပတ်သက်၍ အောင်မြင်မှုကို သက်သေပြနိုင်ခဲ့သည်။ သို့သော် သူလက်နှိပ်စက်သင်နေသည့် လမ်းလေးထဲတွင် နာရီပေါင်းများစွာ မပြီးမချင်း စောင့်နေကြရသည့် ဂျစ်ကားပေါ်မှ စစ်ထောက်လှမ်းရေးနှစ်ယောက်အတွက်မူ ပုပ်ဟောင်နံဆော်နေသည့် အနံ့များအတွက် ခါးခါးသီးသီး မကြေမချမ်းဖြစ်နေကြကြောင်း ဒရိုင်ဘာလှတင်က သုစန္ဒီကို သတင်းပို့သည်။

အနောက်နိုင်ငံသို့ပြန်ရန် ပြင်ဆင်နေရသဖြင့် သုစန္ဒီသည် သူ့အတွက် အဝတ်အစားသစ်များ ပြန်ချုပ်ရသည်။ သူ့အနေဖြင့် အနောက်တိုင်းဝတ်စုံကို တစ်ခါတစ်ရံ စကင်ဒီနေဗီးရင်းမိတ်ဆွေများနှင့် သွားလာသည့်အခါ သို့မဟုတ် အိမ်နေရင်းသာ ဝတ်လေ့ရှိသည်။ သူ့အတွက် မြန်မာလိုဝတ်ခြင်းကသာ ပိုမိုသိသာထင်ရှားပြီး အဓိပ္ပါယ်လည်း ရှိသည်။ ထမီကို ခြေမျက်စိဖုံးအောင်ထိ ဝတ်သည့်အတွက် ခြေထောက်ကို ခြင်ကိုက်ခြင်းဘေးမှလည်း ကာကွယ်ပြီးသာ ဖြစ်နေသည်။ ရာသီဥတု၏အပူချိန်နှင့် စွတ်စိုထိုင်းမှိုင်းခြင်းပေါ်မူတည်ပြီး အင်္ကျီကို တစ်နေ့သုံးလေးထည် လဲဝတ်ရသည်။

× × ×

ခရစ္စမတ်နေ့ကျရောက်သောအခါ ရန်ကုန်တွင်ဖြစ်၍ ကလေးများအတွက် စန်တာကလော့စ်ထံမှ လက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို ခြေအိတ်ရှည်ကြီးများထဲတွင် ထည့်ပေးပြီး ခရစ္စမတ်ပါတီပွဲအဖြစ် ပျော်ရွှင်ဖွယ်ရာသီချင်းသံများ၊ အကောင်းဆုံး ပူတင်းမုန့်များနှင့် ကျွေးပေးခဲ့သည်။ အင်္ဂလိပ်ကက်သလစ်ကျောင်းမှ ကျောင်းပိတ်ရက်အတွင်း အလေးထားဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် မိန်းကလေးများက စိတ်အားထက်သန်စွာ ပါဝင်ခဲ့ကြသဖြင့် သုစန္ဒီ၏ ကလေးများအတွက် အသစ်အဆန်းဖြစ်နေသည်။ နောက်တစ်ကြိမ်ကျရောက်မည့် ခရစ္စမတ်ပွဲကို ဩစတြီးယားတွင် ကျင်းပရလိမ့်မည်ဟု သူစိတ်ထဲခံစားနေမိသည်။

ခရစ္စမတ်နေ့ နံနက်ခင်းက သူ့စိတ်ထဲတွင် သူ့အနေဖြင့် ယခုထိ ရန်ကုန်မှာပင်ရှိနေသေးသည် ဆိုသည်ကို စိတ်ထဲက တွေးမိသည်ကို သံသယဖြစ်နေစရာမလိုပေ။ သူ၏ကလေးထိန်း ကချင်လူမျိုးနာနီသည် မည်သူနှင့်မျှ ကိုယ်ဝန်ရှိနေသူအဖြစ် မထင်ရဘဲနှင့် (၈) ပေါင်ရှိသော ကလေးကို မွေးလိုက်သည်။ မနက်အာရုံတွင် မပစောသည် ကလေးအမေနှင့် ကလေးကို အစေခံတန်းလျားတွင် တွေ့ရသည်။ သုစန္ဒီနှင့် မပစောတို့သည် သူတို့ လက်ဖြင့်ပင် တုန်လှုပ်ခြောက်ခြားနေသော ချက်ကြိုးတန်းလန်း ကလေးနှင့် အမေကို ပြုစုကြရလေသည်။

သုစန္ဒီသည် ကလေးကို ရေနှင့်သန့်စင်ပေးပြီး အနီးဖြင့်ထုပ်ကာ အိမ်ထဲသို့ ခေါ်သွားပြီးနောက်မှ ဆရာဝန် ခေါ်ရလေသည်။ သုစန္ဒီက သူ၏လုပ်ဆောင်ချက်များကို သူ့သမီးတို့အား ရှင်းပြသည်။ သူတို့က လက်မထပ်ဘဲ မွေးသော အမေနှင့် ကလေးအကြောင်းကို မေးခွန်းအများကြီးမေးသည်။ မာယာရီကမူ ကျောင်းမှ သင်လိုက်သည် များကို သွားသတိရသည်။ ထို့ကြောင့် -

''ဒါခရစ္စမတ်ကလေးပဲ၊ ဂျီးစပ်ခရိုက်စ်လိုပေါ့''

ဟု ပြောသည်။ ကိန္နရီနှင့် အခြားကလေးများကမူ အမတော်၏ အတွေးအခေါ်ပါသော ရှင်းပြချက်ကို စူးစိုက် နားထောင်ကြသည်။ ဤအကြောင်းကို ထိုမျှနှင့်ပင် အဆုံးသတ်လိုက်ရတော့သည်။ ထိုအဖြစ်အပျက်များကြောင့် သုစန္ဒီ၏ အဓိကအပူဖြစ်သော မောင်တော်စဝ်ကြာဆိုင်နှင့် သူ၏ အနာဂတ်အရေးကို အတန်ကြာသည်အထိ ဘေးထုတ်ထားခဲ့ရသည်။ မွေးလာသောကလေး၏အဖေကိုမူ သုစန္ဒီအနေဖြင့် သိသည်။ သို့သော် ကလေးအမေက သူ့ကလေးကို ပြန်သတ်ရန်ကြိုးစားမှုအတွက်မူ မမေးမြန်းမစုံစမ်းခဲ့တော့ချေ။ ကချင်၊ ရှမ်း မြန်မာအားလုံးတို့သည် ကလေးအလိုရှိကြသည်။ ဘဝကိုလည်း တက်မက်သည်။ ဘယ်ဘဝရောက်ရောက် အသက်ကို တန်ဖိုးထားကြ သည်။ သို့ကြောင့် အိမ်၌ရှိသော အခြားအလုပ်သမားများက ကလေးအမေ၏အပြုအမူကြောင့် မကောင်းဆိုးဝါး ဝိဉာဉ်က သူ့ကို ဝင်ပူးနေ၍သာ ဤသို့ဖြစ်ရသည်ဟု ယုံကြည်ကြသည်။

လက်မထပ်ဘဲ ကလေးမွေးသော မိခင်တစ်ယောက်သည် အကြောက်အလန့်ကင်းနေသည်ဟု သုစန္ဒီ တွေးကြည့်သည်။ ကလေးအမေသည် သူ့ကလေးကိုမူ တွယ်တာသည်။ သို့သော် ထိုသို့တွယ်တာလျက်နှင့် သူ့ကလေးကို သူပြန်သတ်ဖို့လုပ်ရသည်ကို စစ်စစ်ပေါက်ပေါက်မေးမြန်းသောအခါ ကလေးအမေက ဘာမျှ ပြန်မပြော တော့ချေ။

ခရစ္စမတ်ကလေးမွေးပြီး တစ်လပြည့်နေ့တွင် မပစောမှာ မမျှော်လင့်ဘဲ နာနီ အိပ်နေလျက်သေနေသည်ကို တွေ့ရ၏။ သူ့အပေါ် သစ္စာရှိသော နာနီ ရုတ်တရက်သေဆုံးရခြင်းကြောင့် အလွန်ထိတ်လန့် တုန်လှုပ်သွားသည်။ အဝေးသို့ရောက်နေသော သူတို့မိသားစုသည် စတင်ပြိုကွဲပျက်စီးနေပြီဖြစ်ကြောင်းကို သိလိုက်သည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ မကြာမီထွက်ခွာသွားရန် ဆုံးဖြတ်ချက်ချဖို့အတွက် နှောင့်နှေးနေ၍ မဖြစ်တော့ကြောင်း သူသိလာသည်။

စဝ်ကြာဆိုင် ပျောက်ဆုံးသွားပြီးနှစ်နှစ်တွင် သူသည် စဝ်ကြာဆိုင်ထံမှ ဘာသတင်းမျှမရခဲ့သလို အခြား သူများထံမှလည်း စဝ်ကြာဆိုင် ဘယ်မှာရှိနေသည်ဆိုသည်ကို သတင်းမရခဲ့ပါ။ တစ်နေ့ပြန်လာလိမ့်မည်ဟုသာ အခိုင်အမာ ယုံကြည်နေရသည်။ သို့သော် သူ့ကို မြန်မာပြည်မှာ ဆက်ရှိနေစေချင်သည်လော ဟူသည့် အတွေးကိုမူ သူ့အနေဖြင့် ပို၍ပို၍သံသယဖြစ်လာသည်။ လွန်ခဲ့သောလေးနှစ်က စဝ်ကြာဆိုင် ပြောခဲ့ဖူးသောစကားကို သူ သွားအမှတ်ရလိုက်သည်။ ဖြစ်လာနိုင်သောကိစ္စများအတွက် ကြိုတင်ပြင်ဆင်ထားရန် ပြောခဲ့ဖူးခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ တောင်ကြီးအစည်းအဝေးမှ ပြန်လာပြီးနောက် သူတို့မောင်နှံ အိပ်ခန်းဝရံတာတွင် အပန်းဖြေနေကြစဉ်က ပြောခဲ့ခြင်းဖြစ်သည်။

"အချစ်… မောင့်ကို ကတိတစ်ခုပေးပါ"

ဟူ၍ ဖြစ်၏။

"ဘာများလဲ ကျမအချစ်ကြီးရယ်"

ဟု ပြန်မေးခဲ့သည်။ သူ့ကိုလည်း အနီးအနားရောက်အောင် ဆွဲကပ်လိုက်သည်။ ညနေခင်း လေညှင်းကလေးတွင် မောင်တော့်ကိုယ်ရနံ့ကို သူ ရအောင်ဖြစ်သည်။

"နှစ်ပတ်လုံးခွဲနေပြီးတာတောင်မှ ကျမ မောင့်ကို ဘာဖြစ်ဖြစ်အားလုံးကို ကတိပေးပါတယ်… ကဲ"

စဝ်ကြာဆိုင်သည် သုစန္ဒီပခုံးကိုသိုင်းပြီး တင်းတင်းဖတ်ထားလိုက်သည်။ ခပ်ဖျော့ဖျော့ ခပ်ပေါ့ပေါ့လေသံဖြင့် ပြောရမည့်အစား အလွန်လေးနက်စွာဖြင့်-

"မောင်ပြောတာ နားထောင်ပါ၊ မောင်ပြောလို့မပြီးသေးခင် အချစ်ဘာမျှ ဝင်မပြောပါနဲ့နော်၊ တိုင်းပြည် နိုင်ငံရေးအခြေအနေက သိပ်တင်းမာနေတယ်။ တကယ်လို့ တစ်နေ့နေ့မှာ မောင်ခရီးထွက်သွားလို့ ဟော်နန်းကို ပြန်မရောက်ခဲ့ရင်၊ ဒါမှမဟုတ် မောင်တစ်ခုခုဖြစ်ခဲ့ရင် အချစ်က ကလေးတွေကိုခေါ်ပြီး ဩစတြီးယားကို ပြန်သွားရမယ်။ မောင်မရှိဘဲနဲ့ အချစ်အတွက် လုံခြုံမှုရှိမှာ မဟုတ်ဘူး"

သုစန္ဒီသည် ထိုအချိန်က ဘာမျှပြန်မပြောဘဲ နေခဲ့သည်။ စဝ်ကြာဆိုင်က လေးလေးနက်နက် ပြောနေသည့်အတွက် သူ့မှာတစ်ကိုယ်လုံး မလှုပ်နိုင်အောင်ပင် ဖြစ်သွားခဲ့ရသည်။

"အဲဒီလိုမျိုးဖြစ်လာရင် ကျမက မောင့်ကို အရင်ဆုံးလိုက်ရှာမှာပေါ့"ဟု ပြန်ပြောခဲ့သည်။

"မဟုတ်ဘူးလေ၊ ဒီလိုလုပ်တာ မကောင်းဘူး၊ မောင်က အချစ်နဲ့ ကလေးတွေကို အချစ်တို့ တိုင်းပြည်ကိုသာ ပြန်သွားစေချင်တယ်၊ ပြီးတော့ အဲဒီက မောင့်ကို စောင့်နေကြပေါ့။ ဒါပေမယ့် အတော်ကြာလို့မှ ဘာမှမကြားခဲ့ရင်တော့ အချစ်နဲ့ကလေးတွေကို စောင့်ရှောက်ဖို့ လူတစ်ယောက်ယောက်ကို ရှာပေတော့၊"

သုစန္ဒီသည် မောင်တော့်ကို ဖွဖွလေး အကြင်နာပေးလိုက်ပြီးနောက် ပြောလိုက်သည်-

"ဒါမျိုးတွေ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူး ကြောက်စရာတွေတွေးပြီး၊ ကျမအတွက် စိုးရိမ်မနေစမ်းပါနဲ့၊"

"အချစ်မျှော်လင့်သလိုလည်း မှန်နိုင်ပါတယ်။ ဒါပေမယ့် အခုကိစ္စအတွက် မောင့်ကို အချစ် ကတိပေးကို ပေးရမယ်။"

ထိုသို့ ပြောပြီး စဝ်ကြာဆိုင်က မျှော်လင့်ချက်ကြီးစွာဖြင့် ကြည့်နေလေသည်။"

"ကောင်းပြီးလေ၊ ကျမကတိပေးပါတယ်"

ဟု နောက်ဆုံးတော့ သူ ဖြေလိုက်ရသည်။

သုစန္ဒီသည် မောင်တော်ပြောခဲ့သည့် စကားလုံးအတိုင်းကို မနေ့တစ်နေ့ကကဲ့သို့ပင် အတိအကျ မှတ်မိနေခဲ့သည်။ စဝ်ကြာဆိုင်က သူ့ကို အရေးတကြီးကတိပေးဖို့ ပြောခဲ့သည်များကို ပြန်တွေးနေမိသည်မှာ အကြိမ်ပေါင်း တစ်ရာလောက် ဖြစ်၏။

စဝ်ကြာဆိုင်၏ဆန္ဒအတိုင်း တိုင်းပြည်မှထွက်ခွာသွားရန် သုစန္ဒီဆုံးဖြတ်ပြီးသောအခါ သူ့အတွက် မျှော်လင့်ချက်များ ပြန်လည်နိုးထလာသည်။ ဗိုလ်ချုပ်နေဝင်းက ဖမ်းဆီးထားသူများကို လွတ်ငြိမ်းချမ်းသာ ခွင့်ပေးရန်ဆဲဆဲဟု ကြားလိုက်ရသည်။ သုစန္ဒီက စိတ်လှုပ်ရှားစွာဖြင့် စောင့်နေသည်။ သို့သော် နေဝင်းက ယုတ်မာရက်စက်စွာဖြင့် လိမ်လည်ပြီး ရာဇဝတ်မှုဖြင့် ကျခံနေရသော အကျဉ်းသားများကိုသာ တိုင်းပြည်အကျဉ်းထောင်များမှာ လွှတ်ပေးခဲ့သည်မှာ နိုင်ငံရေးအကျဉ်းသားများဖမ်းဆီးရန် အခန်းလွတ်ပိုရအောင်လုပ်ခြင်းသာ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်တပ်နှင့် နီးစပ်မှုရှိသော ဖဆပလခေါင်းဆောင်များအားလုံး ကျောင်းသားများနှင့် လူနည်းစု တိုင်းရင်းသားများကို ဖမ်းဆီးထောင်ချထားလိုက်သည်။ နေဝင်းနှင့် နီးစပ်သူများထံမှရသော ခိုင်လုံသည့်သတင်းအရ လူအများလွှတ်ပေးလိုက်ခြင်းသည် တော်လှန်ရေးအစိုးရ အာဏာသိမ်းသည့် ဒုတိယနှစ်ပတ်လည်နေ့ကို ရည်စူး၍ လွှတ်ခဲ့ကြောင်းဟု သိလိုက်ရလေသည်။

သုစန္ဒီသည် စိတ်လှုပ်ရှားစွာနှင့် မျှော်လင့်ချက်ကြီးစွာ စောင့်နေရသော်လည်း ဩစတြေးလျားသို့ ထွက်ခွာရန် ဆုံးဖြတ်ထားသည့်နေ့ကို ကျော်သွားသည့်တိုင်အောင် သူ့မောင်တော်အကြောင်း ဘာမျှမကြားရချေ။ သုစန္ဒီသည် မောင်တော်၏ တရားဝင်သတင်းများကိုရှိက်နှိပ်ပြီး စုံစမ်းခြင်းများ၊ အသနားခံခြင်းများကို လုပ်လေသည်။ အမျှော်အမြင်ရှိသော သံရုံးသုံးခုကို အသုံးပြု၍ သံတမန်နည်းလမ်းဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ထံ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၊ ကရာချိတွင်ရှိသော ဩစတြေးလျားသံရုံးတို့ကို သတင်းပို့နိုင်ခဲ့သဖြင့် ထိုသံရုံးများကို ကျေးဇူးတင်ရပေသည်။ သူ့မောင်တော်သည် သေချာပေါက်ပင် လုံခြုံရေးအတွက် အထိန်းအသိမ်းခံနေရကြောင်း ဦးသန့်က စာပြန်ခဲ့လေသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ကမူ တော်လှန်ရေးကောင်စီသည် သူတို့၏ဆက်သွယ်မှုကို လက်မခံကြောင်း၊ အဘယ်ကြောင့်ဆိုသော် စဝ်ကြာဆိုင်ကို ပြင်ပနှင့် အဆက်အသွယ်မပေးနိုင်သောကြောင့် ဟူသော သတင်းကို ပြန်ကြားလာလေသည်။ ဩစတြေးလျားသံအမတ်ကြီးသည် ဩစတြေးလျားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဘရူနိုကရိုင်စကီးထံမှ စဝ်ကြာဆိုင်ကို လွှတ်ပေးရန်စာကို တော်လှန်ရေးကောင်စီသို့ ပို့ပေးသည်။ ထို့အပြင် သုစန္ဒီနှင့် စဝ်ကြာဆိုင်တို့အတွက် ဗိုလ်ချုပ်ကြီးနေဝင်းထံ ပို့ရန်စာကိုလည်း ပရော်ဖက်ဆာဟော့ပ်ထံ ပို့ပေးခဲ့သည်။ ပရော်ဖက်ဆာဟော့ပ်က မြန်မာပြည်ရောက်သည့်အခါ ဗိုလ်ချုပ်ကြီးနေဝင်းထံ အရောက်ပို့ရန်ဖြစ်လေသည်။

သုစန္ဒီအနေဖြင့်မူ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တစ်ကြိမ်တွေ့ရန် ပြင်ဆင်ထားခဲ့သည်။ မတွေ့မီ တစ်ရက်အလိုတွင်မူ သံတမန်နှစ်ယောက်နှင့် လျှို့ဝှက်စွာတွေ့ဆုံရန် စီစဉ်ခဲ့သည်။ သို့သော် ထိုသူနှစ်ယောက်နှင့်သာ တွေ့ဆုံနိုင်ခဲ့၏။ သူတို့နှင့် အလုပ်မလုပ်ခင်ပင် သုစန္ဒီ၏စိတ်ထဲ၌ စိုးရိမ်စိတ်များ ဖြစ်ပေါ်နေသည်။ သူတို့ထံမှသတင်းကို အကြာကြီး စောင့်မနေနိုင်တော့ချေ။

"ကျနော် မနေ့ကတွေ့ခဲ့ရတဲ့ အဖြစ်အပျက်မျိုးကို မဟာဒေဝီ ဘယ်လိုမှ ထင်မှာမဟုတ်ဘူး၊ သံတမန်တစ်ယောက်က ဤသို့ ပြောလိုက်သည်။"

"ကျမနဲ့ ပတ်သက်နေလို့လား၊"

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၆၂)

"တိုက်ရိုက်တော့ မဟုတ်ဘူးပေါ့"

ဟု ထိုသံတမန်က ဖြေလိုက်သည်။ ပြီးနောက်-

"ကျနော်တို့က ညနေတိုင်း အင်းယားလိတ်ဟိုတယ်မှာ အပန်းဖြေကြတယ်။ အဲဒီမှာ စားသောက်ဆိုင် ရှိတယ်။ ဘားလည်း ရှိတယ်၊ တီးဝိုင်းလည်း ရှိတယ်၊ ဒီတော့ တစ်ချို့လည်း ကကြတာပေါ့၊ ကျနော်တော့ အရက်ပဲ သောက်နေတယ်။ အဲဒီည (၁၁) နာရီကျော်လောက်မှာ ထောင်ထောင်မောင်းမောင်း အသားဖြူဖြူ ဗိုလ်ချုပ်နေဝင်းနဲ့ သူ့နောက်လိုက် (၆) ယောက် ဝင်လာကြတယ်။ ခန်းမထဲကို ဝင်လာကြတာက မုန်တိုင်းတိုက်သလိုပဲဆိုတော့ အားလုံး ရုတ်တရက်လန့်သွားကြတယ်။"

"ဘာဖြစ်တာလဲ"

ဟု သုစန္ဒီက ဖြတ်မေးလိုက်သည်။

"နေဝင်းကြည့်ရတာ အတော်ဒေါသထွက်ပြီး မကျေမနပ်ဖြစ်နေပုံပဲ၊ တစ်ခုခုဖြစ်လာပုံရတယ်'၊ သူ့မျက်နှာက မဟာဒေဝီရဲ့ အခုဝတ်ထားတဲ့လုံချည်လိုပဲ နီရဲနေတယ်။ လက်ထဲမှာက ဂေါက်ရိုက်တံပါလာတယ်။ ီးဝိုင်းအဖွဲ့ ဆီကို ပြေးဝင်သွားပြီး မြန်မာလို အော်ဆဲလိုက်တယ်။ ဒီတော့ ကျနော် နားမလည်ဘူးပေါ့"

ခဏနားပြီးနောက် သံတမန်က ဆက်ပြောလေသည်-

"လက်ထဲက ဂေါက်ရိုက်တံနဲ့ ဒရမ်ကြီးကို ရိုက်ခွဲပစ်တယ်။ အားလုံးဖျက်ဆီးပြီး ဒရမ်တီးတဲ့လူဆီရောက် သွားတယ်၊ ဒါပေမယ့် ဘာမှမဖြစ်သေးခင်ဘဲ ကျနော်တို့သံရုံးက အရာရှိတစ်ယောက် ပြေးဝင်သွားပြီးတော့ သူ့ကို ဖျောင်းဖျတယ်။"

"ဒီတော့ အောင်မြင်သွားလား"

"ဆန့်ကျင်ဘက်ပဲ…၊ သူက တစ်ခါတည်း သံအရာရှိကို တိုက်ခိုက်တော့တာပေါ့၊ သူ့လက်ထဲက ဂေါက်ရိုက် တံနဲ့ အားရပါးရ လွှဲရိုက်တယ်။ သံအရာရှိ သံမံသလင်းပေါ် လဲကျသွားတဲ့အထိ ရိုက်တယ်။ သွေးအိုင်ထဲမှာ လဲသွားတယ်၊ ဒီတော့မှပဲ သူ့ဒေါသမုန်တိုင်းစဲသွားတယ်။"

"ဒီလိုဆို သံအရာရှိ တော်တော်ထိခိုက်သွားလား"

"သူ့မျက်နှာ၊ လက်မောင်း၊ လက်ချောင်းတွေမှာ၊ အချက်ပေါင်း (၈၀) ချုပ်ရတယ်။"

"အကြမ်းဖက်မှုကို သူလုပ်တတ်တယ်ဆိုတာ ပြလိုက်တာပဲ၊ သူက ဗိုလ်ချုပ်နေဝင်းလေ"

ဟု သံတမန်ကပြောပြီး ခေါင်းကိုခါနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုစန္ဒီသည် သည်အရှုးဆီကိုသွားပြီး သူ၏ကိစ္စကိုတင်ပြရန် မဖြစ်နိုင်၊ ဘုကြောင်း သိလိုက်လေသည်။ အခြားနည်းလမ်းတစ်ခုခုကိုရှာ၍ မောင်တော်စဝ်ကြာဆိုင်ကို စုံစမ်းဖို့ ကြိုးစားရပေဦးတော့မည်။

× × ×

ဆန့်ကျင်ဘက်သတင်းနှစ်မျိုး ဝင်လာပြန်သည်။ သတင်းပို့သူက သုစန္ဒီကို သံအရာရှိက အမြန်တွေ့ဆုံချင်သည်ဟု လာပြောခြင်းဖြစ်သည်။ သုစန္ဒီသည် အချိန်ဖြုန်းမနေဘဲ တိတ်တဆိတ်ပြုလုပ်သော တွေ့ဆုံရမည့်နေရာသို့ စစ်ထောက်လှမ်းရေး အစောင့်ကျစ်ကားကို တစ်ပတ်ရိုက်ပြီး ထွက်ခဲ့လေသည်။ ဒရိုင်ဘာလှတင်က သူ့သခင်မကို လူတစ်ယောက်အိမ်သို့ မောင်းပို့ခဲ့သည်။

ချိန်းဆိုထားသော သံအရာရှိသည် စာအိတ်နှစ်အိတ်ကို ထောင်ပြ၍ သုစန္ဒီအား ဝမ်းမြောက်စွာ ကြိုဆိုသည်။

"ကျနော့်ဆီမှာ မဟာဒေဝီအတွက် အရေးကြီးတဲ့စာနှစ်စောင်ရှိတယ်။"

တစ်စောင်သည် ကရာချိရှိ ဩစတြီးယားသံရုံးမှဖြစ်ပြီး၊ နောက်တစ်စောင်ကမူ ပရော်ဖက်ဆာ ဟော့ပ်လက်ရေးမှန်းသိလိုက်သည်။

"သူမြို့ထဲမှာ ရှိနေလား"

ဟု သုစန္ဒီမေးလိုက်သည်။

"ရှိတယ်… သူက ဗိုလ်ချုပ်နေဝင်းရဲ့ အထူးဧည့်သည်ပဲလေ"

သုစန္ဒီသည် စာအိတ်ကို စိတ်လှုပ်ရှားစွာဖြင့် ဖောက်လိုက်သည်။ ပြီးနောက် လက်ရေးစာကို ဖတ်လိုက်သည်။

ခင်မင်သော အင်ဂီ…

ယခုခရီးမှာ ကျနော် အင်ဂီကို မတွေ့နိုင်သော်လည်း အင်ဂီရဲ့ကျန်းမာရေးအတွက် စိတ်ပူရကြောင်း ပြောချင်ပါတယ်၊ မကြာမီအချိန်မှာ အင်ဂီ မြန်မာနိုင်ငံမှ ဩစတြီးယားနိုင်ငံသို့ မနှောင့်နှေးဘဲ ထွက်လာနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ စဝ်ကြာဆိုင်ကလည်း အင်ဂီနဲ့ ကလေးတွေကို ပြန်လည်ဆုံဆည်းကြဖို့ မျှော်လင့်နေမှာပါ။

ကျနော့်မှာ စဝ်ကြာဆိုင်နဲ့တွေ့ဖို့ မဖြစ်နိုင်ပေမယ့် သူ့နဲ့ပတ်သက်ပြီး သတင်းကောင်းတော့ ပေးနိုင်မှာပါ၊ ဗိုလ်ချုပ်နေဝင်းကလည်း ကျနော့်ကို အသေအချာ ပြောပြထားပါတယ်။ စဝ်ကြာဆိုင်ဟာ ကျန်းကျန်းမာမာရှိနေပြီး၊ သူ့အတွက် လိုအပ်တာတွေလုပ်ပေးဖို့ လူနှစ်ယောက် ထားပေးတယ်လို့ ပြောပါတယ်။

စဝ်ကြာဆိုင်ကို စစ်ဆေးပေးရတဲ့သမားတော်က သူ့ကို စစ်ဆေးကြည့်ရှုပြီး စဝ်ကြာဆိုင်ဟာ နေကောင်းနေပါတယ်။ ရုပ်ရောစိတ်ပါ ကျန်းမာပါတယ်လို့ ပြောပြပါတယ်။ ဗိုလ်ချုပ်နေဝင်းက အင်ဂီရဲ့ စာကိုလက်ခံပြီး စဝ်ကြာဆိုင် ဆီပို့ပေးပါတယ်၊ ပြီးတော့ ကျနော့်ကိုပြောတာက အင်ဂီမကြာခင်မှာပဲ စဝ်ကြာဆိုင်ဆီက ပြန်စာကို ရပါလိမ့်မယ်တဲ့။

ဒီသတင်းကို အင်ဂီဆီ မကြန့်ကြာဘဲ အမြန်ရောက်စေချင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အင်ဂီဘယ်လောက် ဝမ်းသာနေမလဲလို့ဆိုတာကို သိလို့ပါ။ ဒီသတင်းဟာ အလွန်အားတက်စေပါတယ်။ မကြာမီအချိန်၊ ဩစတြီးယားမှာ တွေ့ကြဖို့ မျှော်လင့်ပါတယ်။ ဩစတြီးယားမှာ တွေ့ကြတဲ့အထိ အင်ဂီနဲ့ ကလေးတွေအတွက် အလိုဆန္ဒများအားလုံး ပြည့်ဝကြပါစေ။

ဟန်းဟော့ပ်

သုစန္ဒီမှာ သူ့မျက်လုံးကိုပင် မယုံရဲအောင်ဖြစ်နေမိသည်။ သူ့မျက်လုံးထဲတွင် မျက်ရည်များနှင့် ပြည့်လျှံလာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ခင်ထိ သူသည် စာကို အကြိမ်ကြိမ်ပြန်ဖတ်နေမိသည်။ လွန်ခဲ့သည့်နှစ်နှစ်လောက်ကတည်းက စောင့်နေခဲ့ရသော အရာသည် နောက်ဆုံးတွင် လက်ခံရရှိခဲ့လေသည်။ ဗိုလ်ချုပ်နေဝင်းကိုယ်တိုင် စဝ်ကြာဆိုင် သူတို့လက်ထဲမှာ ရှိနေကြောင်း ပြောလိုက်ပြီဖြစ်သည်။ ထို့အပြင် စစ်ဖက်ဆရာဝန်ကလည်း အတည်ပြုခဲ့ပေပြီဖြစ်သည်။ သုစန္ဒီ၏ ဒူးများသည် ကွေးညွတ်ကျသွားသကဲ့သို့ ခံစားလိုက်ရသည်။ သို့သော် စာထဲတွင် သူ့မောင်တော်အတွက် ကြည့်ရှုစောင့်ရှောက်ရန် လူနှစ်ယောက်ပေးထားသည်ဆိုသည်မှာ ဘာကိုပြောတာပါလိမ့်ဟု သူနားမလည်ချေ။ ရှေ့နောက်လည်း မကိုက်ညီချေ။ စကားတစ်လုံးမှမပြောဘဲ လက်ထဲကစာကို သံအရာရှိလက်သို့ သုစန္ဒီက ထိုးထည့်ပေးလိုက်သည်။ သံအရာရှိက ဖတ်ကြည့်ပြီးပြောသည်။

"ဒီစာကြည့်ပြီး ဗိုလ်ချုပ်နေဝင်းကို ပြန်ယုံကြည်ရမလို ဖြစ်သွားတယ်၊ မဟာဒေဝီအတွက် တကယ်ပဲ ဝမ်းသာပျော်ရွှင်မိပါတယ်။ နောက်စာတစ်စောင် မရှိတော့ဘူးလား၊ နောက်ထပ်သတင်းကောင်းတစ်ခုဖြစ်မယ်ထင်ပါတယ်။"

သုစန္ဒီသည် ဒုတိယစာကို ယူလိုက်ပြီး ဖွင့်လိုက်ပြန်သည်။ ပရော်ဖက်ဆာ၏စာထက် အနည်းငယ်နေ့ကွေးနေမိသည်။ သံအမတ်ကြီးထံမှစာ ဖြစ်သည်။ သုစန္ဒီ၏မျက်နှာပေါ်တွင် မယုံနိုင်အောင် ဖြစ်နေပုံရသည်။

"ဒါကို ကျမနားမလည်နိုင်ဘူး"

ဟု သူပြောလိုက်သည်။

ဗိုလ်ချုပ်နေဝင်းအဖွဲ့ရဲ့ နိုင်ငံခြားရေးဌာနက ညစတြီးယားမှ ဒေါက်တာခရိုင်စကီးဆီ အကြောင်းကြားစာမှာ-

"မြန်မာစစ်တပ်က စဝ်ကြာဆိုင်ကို ဖမ်းဆီးထိန်းသိမ်းထားခြင်း မည်တုန်းကမျှ မလုပ်ခဲ့ပါတဲ့။ ပြီးတော့ စဝ်ကြာဆိုင် ဘယ်မှာရှိနေတယ်ဆိုတာလဲ မသိရှိပါတဲ့"

"ကျနော့ကို ပြပါအုံး"

ဟု သံအရာရှိက ပြောသည်။ သူက သုစန္ဒီလက်ထဲမှစာကို ယူလိုက်ပြီး အသေအချာဖတ်သည်။

"ဒါကောင်းတဲ့ လက္ခဏာမဟုတ်ဘူး"

ဟု ပြောလိုက်သည်။

"ဒီစာကို ကျနော်ယူသွားလို့ရမလား၊ ပရော်ဖက်ဆာဟော့ပ်အတွက် ကော်ပီဆွဲချင်လို့ပါ။"

"ကျေးဇူးပြုပြီးလုပ်ပါ၊ ကျမ သူ့ဆီစာရေးမယ်၊ မနက်ဖန် သူ့ဆီပို့ပေးနိုင်မယ်မဟုတ်လား"

ဟု ပြောပြီး သုစန္ဒီ အမြန်ထွက်လာခဲ့သည်။ သူ့စိတ်များ လှုပ်ရှားနေသည့်အတွက် တစ်ယောက်ထည်းတည်းနေရန် လိုအပ်သည်။ သူခံစားလိုက်ရသည့် ပျော်ရွှင်မှုလေးကို ထိန်းသိမ်းထားပြီး ပြန်စဉ်းစား၍ ခံစားနေလိုက်ချင်သေးသည်။ ယခုကဲ့သို့ အဓိပ္ပာယ်နှစ်မျိုးထွက်လာသည့်သတင်းသည် ဘာကို ဆိုလိုပါသနည်း၊ သုစန္ဒီသည် နိုင်ငံခြားရေးဌာန၏စာကို အလေးမထားဘဲ နေလိုက်ချင်မိသည်။ သို့သော် တရားဝင်ထုတ်ပြန်ထားသော စာသည် ခပ်လွယ်လွယ် မရနိုင်ချေ။ အခြားတစ်ဖက်က လှည့်တွေးလျှင်လည်း ဗိုလ်ချုပ်နေဝင်းသည် သူ၏ ဆေးကုသမှုဆရာဝန်ကြီးကို လိမ်ညာပြောဆိုဖို့ မဖြစ်နိုင်ဟု ထင်ရပြန်သည်။

သုစန္ဒီက သူ့ကို တရားစခန်းသို့ပို့ပေးရန် ဒရိုင်ဘာလှတင်အား ခိုင်းလိုက်သည်။ စိတ်ဖိစီးမှုကြောင့် ရှုပ်ထွေးနေရသောစိတ်ကို သူတစ်ယောက်တည်း မခံစားနိုင်တော့ချေ။ စိတ်ကြည်လင်ခြင်းနှင့် စွဲလမ်းခြင်းအတိုင်းအတာကို ဤအချိန်တွင် သူ့အနေဖြင့် အဓိကရှုရမည့်အရာ ဖြစ်သည်။ ထို့ကြောင့် သူ၏ဆုံးဖြတ်ချက်သည် အကောင်းဆုံးဖြစ်နိုင်ပေလိမ့်မည်။ တရားထိုင်လိုက်ခြင်းဖြင့် သူ၏အတွင်းစိတ်များ ပြန်လည်အေးချမ်းသွားလိမ့်မည်ဟု မျှော်လင့်နေမိသည်။ သူ့မျက်လုံးကို ပြန်ဖွင့်လိုက်သောအခါ စိတ်စွမ်းအားများ တည်ငြိမ်ပြီး ပြန်ကောင်းလာသည်။ သူ ဤတိုင်းပြည်မှ နှောင့်နှေးမနေဘဲ ထွက်ကိုထွက်သွားရမည်ဟု ရုတ်တရက်ချက်ခြင်းပင် ထင်ထင်ရှားရှား နားလည်လာမိတော့။ သူ၏အတိတ်မှ အတွေ့အကြုံများအရ သူသည် ထိုးထွင်းသိမြင်တတ်သောဉာဏ်ကို အမှန်တကယ် လိုအင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



သိလိုက်သည်။ လေးစားဖွယ်ကောင်းသော မြန်မာအမျိုးသမီးစာရေးဆရာနှင့် ဒို့ဗမာအစည်းအရုံးအဖွဲ့ဝင် ဒေါ်ခင်မျိုးချစ် အိမ်သို့ဖြတ်ပြီး သူလမ်းလျှောက်ဝင်သွားလိုက်သည်။ ဒေါ်ခင်မျိုးချစ်အိမ်လေးသည် ဧည့်သည်များအတွက် အမြဲတံခါး ဖွင့်ထားပေးသည်။ ဗိုလ်နေဝင်းနှင့် ဗိုလ်စကြာတို့သည် ရဲဘော်သုံးကျိပ်ဝင်ဖြစ်ပြီး ၎ ပြည်မှ ဂျပန်နှင့် အင်္ဂလိပ်ကို မောင်းထုတ်ခဲ့ရာတွင် ပါဝင်ခဲ့သူများလည်း ဖြစ်သည်။

ထိုအိမ်တွင် 'ပုလဲ'နှင့်တွေ့ရန် မျှော်လင့်နေမိသည်။ ပုလဲသည် ထက်ထ မြက်မြက်နှင့် ယုံကြည်ရသော အမျိုးသမီးတစ်ယောက်ဖြစ်ပြီး အထက်လူကြီးများနှင့်လည်း ပေါက်ပေါက်ရောက် က်ရှိသူဖြစ်သည်။ သုစန္ဒီအား ပုလဲသည် လိုလိုချင်ချင်ဖြင့် လွန်ခဲ့သောလများက သူ့သဘောနှင့်သူ ကူညီခဲ့ဖူး သည်။ တံခါးဝတွင် သုစန္ဒီက အရေးကြီးပြီး တကယ်အကူအညီ လိုအပ်နေပြီဖြစ်၍ အသေအချာလာရခြင်းဖြစ် ်ာင်း သင်္ကေတပြပြီး အိမ်ထဲသို့ ဝင်လိုက်သည်။

"ကျမတို့ လွတ်လွတ်လပ်လပ် ပြောလို့ရမလား၊ ပုလဲ၊"

သုစန္ဒီမေးလိုက်ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အထဲတွင် တစ်ဒ ်ခန့်ရှိသော လူတွေနှင့် တက်တက်ကြွကြွ ဆွေးနွေးနေသော ဒေါ်ခင်မျိုးချစ်ကို ဖျက်ခနဲမြင်လိုက်၍ဖြစ်သည်။

"ရပါတယ် စ်မကြီး"

ဟု ပုလဲက ရင်း တံခါးအ ာက်တွင်ရှိသော စင်မှ ညှပ်ဖိနပ်ကို ယူလိုက်သည်။ မိန်းမနှစ်ယောက်သား ခြံဝင်းအတွင်း တော်ဝေးဝေးတွင်ရှိသော ညောင်ပင်ကြီးအရိပ်အောက်သ လမ်းလျှောက်သွားလိုက်ကြသည်။

သုစန္ဒီက-

"ဒီနေ့ ... တရားထိုင်ပြီးတော့ ရှင်းရှင်းလင်းလင်း သိသွားခဲ့ပါတယ်၊ ကျမက းတွေနဲ့အတူ မြန်မာပြည်ကထွက်ပြီး ဩ ဘြီးယားကိုပြန်မှ ဖြစ်တော့မယ်"

ပုလ သ ရပ်ပြီး သုစန္ဒီမျက်နှာဘက် လှည့်လိုက်သည်။

"ကျမ အံ့သြပါဘူး၊ တကယ်တော့ ကျမဟိုအရင်အချိန် အတော်ကြ ကြာကတည်းက မျှော်လင့်နေပြီးသားပါ။ ကဲ ... ဘာအကူအညီပေးရမလဲ"

"အိုး ... ရှိတာပေါ့၊ ကျမအတွက် ပုလဲအ ီတွေ ပေးရအုံးမယ်။ သိချင်နေတာက ကလေးတွေနဲ့ ကျမထွက်ဖို့ ခွင့်ပြုချက်တွေ လိုသေးလဲဆိုတာ"

"ဒါကို မ်းဖို့ ကျမအတွက် အလွယ်က လေး အစ်မကြီး၊ ဘယ်သွား မလဲဆိုတာ၊ ကျမအသေအချာသိပါတယ်။"

ဟု ပုက ဝမ်းမြောက်စွာ ပြန်ပြောလိုက သည်။

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၆၃)

ပုလဲသည် စိတ်လှုပ်ရှားစရာ စွန့်စားမှုတစ်ရပ်တွင်ပါဝင်ရန် ဖိတ်ခေါ်ခံရခြင်းဖြစ်သည်။ သုစန္ဒီက အိမ်အပြန် လမ်းတွင် သီချင်းတေးသွားလေးကို ညည်းလာသည်။ သူ့အနေဖြင့် လမ်းမှန်ပေါ်တွင် ကူညီမည့်လူ အမှန်တွေ့ရပြီဟု ယုံကြည်မှုများ ရင်၌အပြည့်ခံစားရလေသည်။ သူကိုယ်တိုင် စုံစမ်းမည်ဆိုလျှင်တော့ မည်သည့်နေရာမှာမျှ မရနိုင်ပါ။ မည်သူကမျှလည်း ကူညီကြမည် မဟုတ်ချေ။ ဩစတြေးလျားသူတစ်ယောက်သည် ထွက်ခွာခွင့်မရဘဲနှင့် သူ့တိုင်းပြည် သို့ သူပြန်သည်ကို အဘယ်ကြောင့် ပြန်ခွင့်မရဆိုသည်ကို ယခုထိ ထူးဆန်းအံ့ဩနေမိသည်။

မြန်မာနိုင်ငံသားအဖြစ် ခံယူရန် လောပြီး အမြန်မလုပ်မိဖို့ စဝ်ကြာဆိုင်က သူ့ကို အမြဲသတိပေးနေခဲ့ဘူး သည်။ ယခုတော့ စဝ်ကြာဆိုင်၏ အမြော်အမြင်ကြီးစွာ အကြံပေးမှုကို သိရလေသည်။ သုစန္ဒီသည် ဝန်ကြီးချုပ် ဦးနုနှင့် စကားပြောခဲ့ဘူးသည်ကို ကောင်းစွာ သွားသတိရမိသည်။ မည်သည့်အခါ မြန်မာနိုင်ငံသား ခံယူမည်နည်း ဟု သူ့ကိုမေးစဉ်၊ သူက ပြန်ပြောလိုက်သည်က

"အစ်ကိုကြီး··· ရှမ်းပြည်နယ်သားအဖြစ်ခံယူဖို့ စောင့်ရလိမ့်အုံးမယ်လို့ ကျမထင်ပါတယ်"

× × ×

### အခန်း (၂၀)

မကြာမီအတွင်းပင် ပုလဲသည် သတင်းအချက်အလက်များကို စုဆောင်း၍ တရားစခန်းတွင် သုစန္ဒီကို လာပြောသည်။

"အမကြီး··· မှန်မှန်ကန်ကန်နဲ့ အစီအစဉ်အတိုင်းလိုက်နာရင် တိုင်းပြည်ကနေ ထွက်လို့ရပါတယ်"

"ခလေးတွေ··· ခလေးတွေအတွက်ကော"

ဟု သုစန္ဒီက မေးလိုက်သည်။

"သူတို့က ဩစတြေးလျားနိုင်ငံသားဖြစ်ကြောင်း၊ အစ်မကြီးက သက်သေပြနိုင်ရင် ခလေးတွေလည်း ထွက်လို့ ရမှာပါ။"

ပုလဲက သုစန္ဒီကို စိုးရိမ်ကြီးစွာဖြင့် ကြည့်လိုက်သည်။ အဖြေတိတိကျကျ ပြောလိုက်လျှင် သုစန္ဒီမှာ တုန်လှုပ် ကြောက်ရွံ့သွားရပေမည်။

သုစန္ဒီမှာ နာနာကျင်ကျင်ကို ခံစားလိုက်ရသည်။ အမေ၏အခြေအနေကို ဂရုမထားဘဲနှင့် ပြည်တော်ပြန်စ

www.burmeseclassic.com

www.burmeseclassic.com



သမီးငယ် မာယာရီနှင့် ကိန္နရီ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံတွင် မွေးဖွားသော မြန်မာနိုင်ငံသားဖြစ်နေသည်မှာ ရှင်းနေပေသည်။ သို့သော်ငြားလည်း သူဆုံးဖြတ်လိုက်ပါသည်။

"ကျေးဇူးပါပဲ ပုလဲရယ်... ကျမခလေးတွေဟာ ဩစတြေးယားနိုင်ငံသားဖြစ်ကြောင်း သက်သေပြပါ့မယ်၊ ပြီးရင်တော့ ကျမကို တစ်ခါထပ်ကူညီပါအုံး"

ပုလဲက သံသယအကြည့်ဖြင့် ကြည့်လိုက်သည်။ သို့သော်သူသည် သုစန္ဒီစိတ်အားငယ်မည့်စကားများကို ရှောင်ပြီးပြောလိုက်၏။

"ကျမကို အကူအညီလိုရင် အမြဲခေါ်လို့ရပါတယ် အမကြီး"

သုစန္ဒီသည် သူ၏ဩစတြေးယားပတ်စ်ပို့ကို ကရာချီရှိ ဩစတြေးယားသံရုံးသို့ ပို့လိုက်သည်။ သူ့ကလေးနှစ်ယောက်ကို ပတ်စ်ပို့ထဲမှာ တစ်ခါတည်း ထည့်၍ ရမည်လားဟု မေးလိုက်သည်။ သံမှူးကော့ပ်က ချက်ခြင်းပင် "မရပါ" ဟု ပြန်ကြားလိုက်သည်။

ဤကိစ္စသည် ဩစတြေးယားဥပဒေကို ဆန့်ကျင်နေသည်။ အကယ်၍ လုပ်လျှင် တရားမဝင်လုပ်ရမည်။ စိတ်ပျက်စရာကောင်းသော်လည်း သုစန္ဒီက အရှုံးမပေး၊ သူ၏ နောက်တစ်ကြိမ် တိုက်ရိုက်အားထုတ်မှုသည် ဘန်ကောက်တွင်ရှိသော ဩစတြေးယားသံရုံး ဖြစ်လေသည်။ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံတွင် ဩစတြေးယား၏ အကျိုးရှိ မရှိကို ကြည့်မနေချေ။

ထိုအချိန်သည် တော်လှန်ရေးကောင်စီအာဏာသိမ်းခဲ့သည့် ဒုတိယနှစ်ပတ်လည်နေ့ကို ကျော်လွန်သွားပြီဖြစ်သည်။ ကျောင်းသားအချို့ကို အကျဉ်းထောင်မှ လွှတ်ပေးခဲ့သော်လည်း နောင်လုပ်မည့်အစီအစဉ်ကို မရှင်းပြပါ။ အကျဉ်းထောင်ထဲတွင် အကျဉ်းသား ထောင်ပေါင်းများစွာ ကျန်နေသေးသည်။ ထိုအချိန်ထိ စဝ်ကြာဆိုင်ထံမှ စာပြန်လာမှာပါဟု ဗိုလ်ချုပ်နေဝင်းက ပြောခဲ့သော်လည်း မည်သည့်စာမျှ ပြန်မလာသေးချေ။ စဝ်ကြာဆိုင်အကြောင်း ဩစတြေးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ မေးနေသောကြောင့် မည်ကဲ့သို့တုန့်ပြန်ရမည်ဆိုသည် ရှိနေ၍ နိုင်ငံခြားရေးဝန်ကြီး ဦးသီဟန်က ဗိုလ်ချုပ်နေဝင်းကို မေးသောအခါ၊ ဗိုလ်ချုပ်နေဝင်းက စဝ်ကြာဆိုင်ကို မည်သည့်အခါကမှ ဖမ်းဆီးခြင်း မရှိခဲ့သောကြောင့် စစ်တပ်လက်ထဲတွင် မရှိကြောင်း၊ ငြင်းဆိုရန် ဦးသီဟန်အား ညွှန်ကြားလိုက်သည်ကို သုစန္ဒီအား ပြန်ပြောခဲ့လေသည်။ နောက်ဆုံးတွင် သုစန္ဒီသည် စဝ်ကြာဆိုင် လွတ်မြောက်ရေးအတွက် တိုင်းပြည်အပြင်ဘက်မှ ကြိုးစားတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်ရလေတော့သည်။ ကမ္ဘာ့ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၊ နိုင်ငံတကာ တရားရုံး၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နှင့် များစွာသော နိုင်ငံအုပ်ချုပ်သူများတို့နှင့် ပူးပေါင်းဆောင်ရွက်ရပေတော့မည်။ မာယာရီနှင့် ကိန္နရီသည် အင်္ဂလိပ်မက်သဒစ်ကျောင်းတွင် ဂုဏ်ထူးများဖြင့် အောင်မြင်နေသည်။ ထိုအချိန်တွင် သုစန္ဒီသည် ဩစတြေးယားသို့ထွက်ခွာရန် ကြိုတင်ပြင်ဆင်စရာများကို လုပ်ဆောင်နေလေသည်။ သမီးကလေးများ သိလိုစိတ်ကို အမေ မဖြေမိရန် သတိထားနေရသည်။ မာယာရီသည် သူသုံးနှစ်သမီးအရွယ်က အာသီးယောင်၍ ဩစတြေးယားဆရာဝန်က ဖြတ်ပေးခဲ့ဘူးကြောင်းကို ပြန်သတိရနေသည်။ သူက ဆရာဝန်ကို "သူ့အာသီး ထပ်ကြီးမလာတော့ဘူးလို့ အာမခံချက်ပေးနိုင်ပါသလား" ဟု စာရေးမေးခဲ့ဘူးလေသည်။ ကိန္နရီကမူ သူ့အကြိုက် ချောကလက်များ စားခွင့်ပေးဖို့သာ ကတိတောင်းသည်။ သမီးနှစ်ယောက်လုံး ပြောကြသည်မှာ-

"ပါပါ... ဩစတြေးယားလေဆိပ်မှာ သမီးတို့ကို ကြိုနေမှာပေါ့နော်"

ဟူ၍သာ ဖြစ်သည်။

သုစန္ဒီက ထွက်ခွာရန် လိုအပ်သောအရာမှန်သမျှကို ဆက်လက်လုပ်ဆောင်နေသည်။ ထို့အပြင် စိတ်ခံစားမှုနှင့် လက်တွေ့လုပ်ဆောင်၍ရသောအမှုတို့အတွက် စိတ်ကိုတည်ငြိမ်အောင် အထူးသတိထားလုပ်ဆောင်နေရသည်။ ဆွေမျိုးမိတ်သင်္ဂဟတို့၏အကူအညီဖြင့် လုပ်ဆောင်ရသည်။ သီပေါဟော်နန်းကို ဆက်လက်ထိန်းသိမ်းခွင့် တရားဝင်

www.burmeseclassic.com

www.burmeseclassic.com



အပ်နှံရန်အတွက် ပြင်ပရှေ့နေတစ်ယောက်ဖြင့် လျှို့ဝှက်စွာ ပြင်ဆင်ခဲ့ရသည်။ သုစန္ဒီသည် ထွက်ခွာခွင့် စာရွက်စာတမ်းများ မရရှိသေးမီတွင် သူ့အစီအစဉ်များကို မည်သူ့ကိုမျှ မပြောဘဲနေရန် ပိုကြိုက်သည်။ သူ၏ စကင်ဒီနေဗီးရန်မိတ်ဆွေသုံးယောက်သည် သူ့အား စိတ်ဓာတ်ရေးရာအင်အားများ ထောက်ပံ့ပေးသကဲ့သို့ အကြံအဉာဏ် အကူအညီများလည်း ပေးကြသည်။ သူတို့ထဲမှ ဘတ်တာန်ဆိုသူက သူ့ဆန္ဒကို သုစန္ဒီအားပြောသည်မှာ-

"ကျမ ဘန်ကောက်ကို လေယာဉ်နဲ့သွားလိုက်ချင်တယ်။ ဩစတြီးယားသံရုံးမှာ သမီးနာမည်တွေ အင်ဂီ ပတ်စ်ပို့ထဲမှာ ဖြည့်ရေးပြီးတဲ့အထိ နေမယ်။ ကျမသွားနေတဲ့အချိန်မှာ ကျမမိသားစုကို ရှင်စောင့်ရှောက်ပေးထားမလား"

စိတ်အားထက်သန်စွာဖြင့် လိုလိုလားလား ချဉ်းကပ်ပြောလာသည့်အတွက် သုစန္ဒီသည် ဘတ်တာန် ခရီးသွားရန် ကုန်ကျစရိတ်အားလုံးကို တာဝန်ယူဖို့ အာမခံလိုက်လေသည်။

သံတမန်အဆင့်အတန်းကြောင့် ဘတ်တာန်သည် စိတ်လှုပ်ရှားနေကြသော မိတ်ဆွေအပေါင်းကိုထားခဲ့ကာ ဘန်ကောက်သို့ ရက်အနည်းငယ်အတွင်း သွားခွင့်ရသည်။ ဘန်ကောက်တွင် နှစ်ရက်အတွင်းနေ၍ အောင်မြင်စွာ ပြန်လာရန်ဆိုသည်မှာ မဖြစ်နိုင်သောအရာပင်ဖြစ်၏။

ဘတ်တာန်သည် သုစန္ဒီ၏ ပြုပြင်ဖာထေးထားသော ပတ်စ်ပို့နှင့်အတူ ပြန်ရောက်လာသည်။ ပတ်စ်ပို့ထဲတွင် မာယာရီနှင့် ကိန္နရီတို့၏ ဓာတ်ပုံများပါကပ်ထားပြီး တရားဝင်တံဆိပ်တုံးများ ထုနှိပ်ပေးထားသည်။ ပြည်ဝင်တံဆိပ်တုံးတွင်-

"မာယာရီနှင့် ကိန္နရီတို့သည် ဩစတြီးယားနိုင်ငံသားများဖြစ်ကြောင်း၊ ဩစတြီးယားအစိုးရက သက်သေခံပါသည်။"

ဟူသော စာကို ရေးထားသည်။

"အမလေး၊ ဘုရားသခင်... ရှင်ဘယ်လိုများ လုပ်ခဲ့တာလဲ၊"

ဟူသော မေးခွန်းကို-

"သိပ်မခက်ခဲပါဘူး"

ဟု ဘတ်တာန်က ပြန်ဖြေသည်။ ပြီးနောက်-

"ကျမ သိပ်ကံကောင်းတယ်၊ မမျှော်လင့်ဘဲ အကူအညီတွေကို ရခဲ့တယ်။"

"အားလုံးခြုံပြီးတော့ ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူးရှင်"

ဟု သုစန္ဒီ ပြောလိုက်သည်။ မျက်ရည်များပင် စီးကျလာပြီး၊ တန်ဖိုးမဖြတ်နိုင်သော ပတ်စ်ပို့လေးကို သူ့ရင်ဘတ်ပေါ် ဖိကိုင်ထားလိုက်မိသည်။

"ကျမလည်း ယခုလို ကူညီလိုက်နိုင်လို့ သိပ်ပျော်တာပဲ၊ နောက်ကျရင် တစ်ချိန်မှာ ကျမက ဒီအကြောင်း ပြောပြတဲ့အခါ ဒီအလုပ်လေးက ရယ်စရာတစ်ခုလို့ ရှင်ထင်လာမှာပါ"

ဟု ပြောရင်း ဘတ်တာန်သည် စီးကရက်မီးညှိလိုက်ပြီး ခုန်ပေါ်နောက်ပြန်ဆုတ် ထိုင်ချလိုက်သည်။ သူ့မျက်နှာပြင်တွင် ကျေနပ်သဘောကျသော အပြုံးများဖြင့် ဖုံးလွှမ်းနေတော့၏။

"အကြာကြီး အသည်းယားအောင်မလုပ်ပါနဲ့၊ ဘာတွေဖြစ်ခဲ့တာလဲ ပြောပြစမ်းပါ"

ဂျက်က စိတ်မရှည်စွာဖြင့် ပြောလိုက်သည်။

"ကျမ လေဆိပ်ကနေ ဩစတြီးယားသံရုံး တန်းသွားတယ်။ သံမှူးမေရာဟတ်တင်းကိုတွေ့ဖို့ မျှော်လင့်ချက်နဲ့ပေါ့။ သူက လူသားချင်းစာနာထောက်ထားစိတ် တကယ်ကြီးတဲ့လူ၊ သိပ်သဘောကောင်းတဲ့လူလို့ နာမည်ကြားတယ်လေ။ ဖြစ်ချင်တော့ သူသံရုံးမှာ မရှိဘူး။ ဒါနဲ့ ကျမလည်း ပထမအတွင်းဝန်ကို အသနားခံရတာပေါ့။ သူ့အဖြေက ကျယ်လည်းကျယ် ပြတ်လည်းပြတ်သားတယ်။ မရဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျမကလည်း သူ့ရဲ့ ကြင်နာတတ်တဲ့ပုံ၊ မိန်းမတွေပေါ် လေးစားတတ်တဲ့ပုံပေါက်နေတာကို သတိပြုမိတော့၊ ထအသနားခံလိုက်တယ်၊ ဒါလည်း အလုပ်မဖြစ်ဘူး။ ဒါနဲ့ ကျမက ပြောလိုက်တယ်၊ ကျမ သံမှူးလာတဲ့အထိ ဒီသံရုံးထဲမှာပဲ ထိုင်စောင့်ပါရစေလို့၊ ဒါမှမဟုတ် သူစိတ်ပြောင်းတဲ့အထိပေါ့လေ၊ ကျမလည်း အိတ်ထဲက ဝတ္ထုစာအုပ် ထုတ်ပြီး ဖတ်နေလိုက်တော့တာပဲ၊ ကျမ ဘာစာအုပ်ဖတ်နေတယ်ဆိုတာကို ပထမအတွင်းဝန်က မြင်နေတယ်။

ဒါကြောင့် ဘယ်တိုင်းပြည်က လာတာလဲဆိုတာ သူသိလိုက်တယ်လေ။ သူက ကျမနေတဲ့မြို့က အမျိုးသမီး တစ်ယောက်ကို သိသလားလို့ မေးတယ်၊ ကျမ သေချာပေါက်သိတာပေါ့၊ သူပြောတဲ့အမျိုးသမီးက ကျမညီမ တစ်ဝမ်းကွဲ ဖြစ်နေတာကို၊ ကျမပြန်ပြောလိုက်တော့ တစ်ခါတည်း သူ့အမူအရာပြောင်းသွားပြီး သိပ်ကိုရင်းနှီးတဲ့ လူတွေလို ဖြစ်သွားတော့တာပါပဲ၊ သူက ကျမညီမဝမ်းကွဲနဲ့ ချိန်းတွေ့ဖူးတယ်လို့ ဖြောင့်ချက်ပေးတော့တာပဲ၊ နောက်ပြီး... လာမယ့်သူ့အိမ်အပြန်မှာ ခွင့်နဲ့သွားလည်ဖို့ မျှော်လင့်နေတယ်လေ။"

"ဘယ်လောက်များ မယုံနိုင်စရာကောင်းလိုက်တဲ့ တိုက်ဆိုင်မှုလဲဟင်"

ဂျက်က ဘတ်တန် ဆက်မပြောခင် ကြားဖြတ်ပြီး ပြောလိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့၊ အဲဒီကိစ္စတွေပြောပြီး သွားကြတော့ ဘာမဆိုဖြစ်နိုင်တယ်လို့ ဖြစ်သွားတော့တာပဲ၊ ကျမတောင်းဆိုမှုက တရားမဝင်တဲ့ အတော်ဆိုးတဲ့အလုပ် ဖြစ်နေတာတောင်၊ ဖြစ်နိုင်တယ်လို့ ဖြစ်သွားတော့တာပဲ၊ နာရီဝက်လောက်ကြာတော့ စိတ်နှလုံးကောင်းတဲ့ သံမှူးရောက်လာပြီး သူ့ခွင့်ပြုချက်နဲ့ ပတ်စ်ပို့ရယ်၊ အသေးစိတ် စာရွက်စာတမ်းတွေရယ်၊ တစ်ခါတည်းထည့်ပြီး တင်ခဲ့ရတယ်။ ပြီးတာနဲ့ သူက ကျမဟိုတယ်ကို ပြန်ပို့ပေးတယ်။ ညစာစားဖို့လည်း ဖိတ်တယ်လေ။

ကျမက ကျမရဲ့အောင်ပွဲခံနေတဲ့အချိန်မှာ သူက အံ့ဩစရာကောင်းလောက်အောင်၊ ကျမညီမတစ်ဝမ်းကွဲ အကြောင်း ပြောနေလိုက်တာ အကြာကြီးပဲ၊ ကျမ ဘန်ကောက်မှာ ရက်နည်းနည်းကြာကြာ နေလိုက်ဖို့ကောင်းတယ်။ ကျမတာဝန်က အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပြီလေ"

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၆၄)

နောက်ရက်များတွင် သုစန္ဒီသည် ပတ်စ်ပို့ကို သူ့ခေါင်းအုံးအောက်တွင် ထားပြီးအိပ်သည်။ တွေးကြည့်မည်ဆိုလျှင် ဤပတ်စ်ပို့သည် သူ့အတွက် တန်ဖိုးမဖြတ်နိုင်သော အဖိုးတန်ပစ္စည်းတစ်ခုဖြစ်လေသည်ကို သူ့အနေဖြင့် တွေးကြည့်၍ နားလည်မိသည်။ တိုင်းပြည်တစ်ပြည်မှ လေယာဉ်ခရီးဖြင့် တရားမဝင်သည့် ကလေးနှစ်ယောက်ကို ဝင်ခွင့်ပြုခြင်းသည် မသင့်လျော်၊ အန္တရာယ်များလှသည် ဆိုသည်ကို မည်သည့်အရာရှိမဆို သိကြမှာပင် ဖြစ်ပါသည်။ ထို့ကြောင့် သူက လူဝင်မှုကြီးကြပ်ရေးရုံးသို့ အောက်မှချဉ်းကပ်ရန် စီစဉ်ထားပေသည်။ ပထမသူသည် လူဝင်မှုကြီးကြပ်ရေးရုံးသို့သွားပြီး သူ၏သံသယဖြစ်ဖွယ် ပြင်ဆင်ထားသောပတ်စ်ပို့ကို တင်ပြလိုက်သည်။ ရုံးထဲတွင် နိုင်ငံခြားသို့ထွက်ဖို့ ပတ်စ်ပို့လာလုပ်ကြသော လူတန်းရှည်ကြီးကို တွေ့ရလေ၏။

"လူဝင်မှုကြီးကြပ်ရေးရုံး" ဟု ဆိုင်းဘုတ်တပ်ထားသော်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ တိုင်းပြည်အတွင်း ဝင်ချင်မည် မဟုတ်ချေ။

သုစန္ဒီ၏လျှောက်လွှာပုံစံ အခကြေးငွေများနှင့် အဖိုးတန်ပတ်စ်ပို့တို့ကို တပ်ကြပ်တစ်ယောက်က ယူသွားပြီး အထက်အရာရှိထံသို့ ရုံးလုပ်ငန်းဆက်လက်လုပ်ဆောင်ရန် တင်ပေးလိုက်သည်။

သုစန္ဒီကို နောက်ရက်အနည်းငယ်ကြာလျှင် စုံစမ်းရေးဌာနသို့လာပြီး သူ့အမှုတွဲကို စုံစမ်းပါဟု ပြောလိုက်သည်။ ဤအမှုတွဲကို အလျှင်အမြန်ဆောင်ရွက်ရမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သုစန္ဒီ၏ မိခင်ဖြစ်သူသည် ဩစတြေးလျားနိုင်ငံတွင် အသည်းအသန်ဖြစ်နေပါသဖြင့် တိုင်းပြည်မှ အမြန်ထွက်ခွာခွင့်ပြုပါမည့်အကြောင်း ပြထားသောကြောင့်ဖြစ်သည်။ သုစန္ဒီသည် ရုံးသို့မှန်မှန် ငါးပတ်ကြာသည်အထိ ပြန်လာနေရသည်။ ပထမရက်အနည်းငယ်တွင် မှန်မှန်လာသည်။ နောက်နေ့တိုင်း မှန်မှန်လာနေရလေသည်။ စုံစမ်းရေးမှာ မေးတိုင်း-

"ကျနော်တို့ အခုထိ ဆုံးဖြတ်ချက် မကျသေးပါဘူး၊ မနက်ဖြန် ပြန်လာပါ။"

ဟူသော အဖြေကိုသာ အမြဲကြားနေရလေသည်။

ဩစတြေးလျားမှာ သူ့အမေက ဆရာဝန်များ၏ ဆေးထောက်ခံစာကို ကြေးနန်းဖြင့်ပို့ပေးပြီး တရားဝင်ဖိုင်တွဲ၍ တင်ပြသည်။ သို့သော် သူတို့က လုပ်ထုံးလုပ်နည်းအပေါ် ဖြည့်စွက်လုပ်လိုပုံမရချေ။

သည်းညည်းခံပြီး စောင့်နေရုံသာပင် ဖြစ်လာလေတော့သည်။ မိတ်ဆွေများက အားပေးကြ၏။ တရားထိုင်လိုက်ခြင်းဖြင့် ထောက်ကန်ပေးရသည်။ နည်းပေါင်းစုံဖြင့် သုစန္ဒီသည် သူ၏စိတ်ကို မွေးမြူနေရလေသည်။ သင်္ကြန်ရောက်လာသည်။ ပြီးသွားသည်။ ထူးဆန်းသော အကြောင်းအနည်းငယ်ကသာ သုစန္ဒီကို ပူပန်မှုဖြစ်စေလေသည်။

ကလေးတွေသာ နေရာတိုင်းမှာ လူတိုင်းကို ရေပုံးများဖြင့် ရေကုန်သည်အထိ ပျော်ရွှင်စွာရေပက်ကစားကြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ တစ်နှစ်လုံး၌ အပူဆုံးနေရက်များတွင် ရေစိုစိုနေကြရသောကြောင့် သက်သာရာရကြသည်။ နေ့စဉ် လူဝင်မှုကြီးကြပ်ရေးရုံးသို့ သွားနေရသော သုစန္ဒီသည် မေလ (၉) ရက်နေ့တွင် သူ့အမှုတွဲကို အများအားဖြင့် ကိုင်ရသော တပ်ကြပ်တစ်ယောက်က သူ့အားကြိုဆိုပြီး သီးခြားအခန်းတစ်ခုဆီ ခေါ်သွား လေသည်။ ဤသည်မှာ ကောင်းသော လက္ခဏာတစ်ရပ်ပင်ဖြစ်သည်ဟု သုစန္ဒီစိတ်ထဲ တွေးလိုက်မိသည်။ မျှော်လင့်ချက်အကြည့်များဖြင့် ဗိုလ်ကြီးကိုကြည့်ရင်းက စားပွဲရှေ့မှ ဖြတ်လိုက်သည်။

"သတင်းကောင်းတစ်ခုတော့ မဟုတ်ပါဘူး မဟာဒေဝီ"

သုစန္ဒီအကြည့်ကိုရှောင်ရင်း ထိုသူက ပြောလိုက်သည်။

"ဘာကို ဆိုလိုတာလဲ"

ဟူ၍ သုစန္ဒီက အရဲစွန့်မေးလိုက်၏။

"အထက်က မဟာဒေဝီရဲ့ဖိုင်တွဲကို ဘာအကြောင်းပြချက်မှမပေးဘဲ စစ်ထောက်လှမ်းရေးက ကျနော်တို့ရုံးကနေ သိမ်းသွားပါတယ်။ ကျနော် စိတ်မကောင်းပါဘူး၊ ကျနော်တို့လည်း ရှေ့ဆက် ဘာမှလုပ်လို့ မရတော့ပါဘူး"

ဟု ဖြေသည်။

လုံးဝမျှော်လင့်ချက်မရှိတော့သည့် ခံစားမှုသည်၊ သုစန္ဒီကို ထိုင်လျှက်က မလှုပ်နိုင်အောင် ဖြစ်သွားစေတော့သည်။ သူ၏ပတ်စ်ပို့တွင် သက်တမ်းမတူသော ပြည်ဝင်ခွင့်တံဆိပ်တုံးကို ထောက်လှမ်းရေးက တွေ့သွားသောကြောင့် သူတို့ ကြားဝင်စွက်ဖက်တာဖြစ်မည်ဟု သုစန္ဒီ တွေးလိုက်မိသည်။ နောက်ဆုံး သူသည် ဗိုလ်ကြီးကို ကြည့်မိလိုက်သောအခါ သူ့မျက်လုံးထဲတွင် စိုးရိမ်ပူပန်မှု ကြင်နာသနားနေမှုများကို တွေ့လိုက်ရသည်။ သူ၏ မျှော်လင့်မထားသော ဆုမွန်ကောင်းများသည် သူ့ကို ရိုက်ခတ်နေပြီဖြစ်သည်။

"ကျမကို ပြောပြတာ ကျေးဇူးတင်ပါတယ်။"

ဟူ၍ ဗိုလ်ကြီးကို သူပြောလိုက်သည်။

"မဟာဒေဝီ ရမှာမဟုတ်ဘူးဆိုတာ ကျနော်သိနေတယ်"

ဒရိုင်ဘာလုတင်သည် အလွန်တိတ်ဆိတ်ငြိမ်သက်နေသော သုစန္ဒီကို ကားပေါ်တင်၍ အိမ်သို့ ပြန်မောင်းလာခဲ့သည်။ အိမ်အနီးမှ လမ်းအတွင်းရောက်သောအခါ သုစန္ဒီက လုတင်ကို တရားစခန်းသို့ ပြန်မောင်းခိုင်းလိုက်သည်။ အစပိုင်းကဖြစ်သော တုန်လှုပ်ခြောက်ခြားမှုများ သက်သာသွားသောအခါ သုစန္ဒီသည် ပုလဲ၏အကူအညီကို ထပ်မံယူရမည့်အချိန်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချလိုက်လေသည်။ သည်အချက်ကို ပုလဲသာလျှင် ကျော်ဖြတ်နိုင်မည်ဖြစ်၏။

ပုလဲ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့လေသည်။ နှစ်ရက်ကြာသောအခါ မေလ (၁၁) ရက် (၆) နာရီ အချိန်တွင် ပုလဲသည် သုစန္ဒီအိမ်သို့ အသက်ပင်မရှုနိုင်ဘဲ စက်ဘီးဖြင့် ရောက်လာသည်။ သူတို့အမျိုးသမီး နှစ်ယောက်တည်းသာရှိသည့်အချိန်တွင် ပုလဲက သုစန္ဒီလက်ထဲသို့ ထွက်ခွာခွင့်ပတ်စ်ပို့ကို ထိုးထည့်ပေးလိုက်သည်။ "ဒါ... ခလေးတွေနဲ့အတူ ထွက်ခွာခွင့်ပါမစ်ပဲ အမကြီး။ ဒါပေမယ့် အပတ်စဉ်လာတဲ့ ပင်းအမ်လေယာဉ်နဲ့ပဲ ဒီညထွက်ရမယ်။"

"ဘာကြောင့် ဒီည..."

"ဘာဖြစ်လို့လည်းဆိုတော့၊ အဆင့်နည်းနည်းနိမ့်တဲ့အရာရှိက သူ့အထက်မှာအရာရှိမရှိတုန်း ပါမစ်ထုတ်ပေးလိုက်တာ၊ အထက်အရာရှိက မနက်ဖြန်ဆို ပြန်လာမယ်။"

"ကျမတို့ ဒီညပဲ ထွက်ရလိမ့်မယ်၊ ပုလဲရယ်၊ သိပ်ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျမတို့အတွက် ဒီပါမစ်ရအောင် ပုလဲဘယ်လိုလုပ်ခဲ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"အခုပြောပြမယ်နော်၊ ကျမရဲ့ ငယ်သူငယ်ချင်းက သူ့စိတ်ထဲ သနားကြင်နာတဲ့စိတ်တွေ ဝင်လာတယ်။ ချက်ခြင်းပဲ ဆုံးဖြတ်လိုက်ပုံရတယ်။ အန္တရာယ်ကို ရင်ဆိုင်ပြီးတော့မှ လုပ်ပေးလိုက်တာပါ။"

ရုတ်တရက် သုစန္ဒီက သူ့ပတ်စ်ပို့ကို သတိရလိုက်သည်။

"ပုလဲ ဘယ်မှာလဲ၊ အဲဒါ..."

သူ့စိတ်သည် ပျော်နေရာမှ ကြောက်လာသည်။

"ကျမကတိပေးပါတယ် အမကြီး၊ လေယာဉ်ပေါ်မတက်ခင် လေဆိပ်ကထွက်တာနဲ့ ပတ်စ်ပို့ ပြန်ရမှာပါ၊ ဒါနဲ့ ပစ္စည်းတွေသိမ်းရမှာဆိုတော့ အမကြီးအလုပ်များတော့မယ် ထင်တယ်။ ကျမ နောက်ပြန်လာပြီး လေဆိပ်ကို အတူသွားကြမယ်။"

ထိုမျှသာပြောပြီး ရန်ကုန်၏အပူဆုံးညနေခင်းတွင် ပုလဲသည် သူ့စက်ဘီးပေါ်တက်ပြီး နင်းချသွားလေသည်။

ထိုနောက်တွင် သုစန္ဒီအိမ်ရှိလူကုန်သည် အပေါ်အောက် ဖြောင်းဆန်အောင် ဝရုန်းသုန်းကား အပူတပြင်း အလုပ်ရှုပ်ကုန်ကြလေ၏။ သုစန္ဒီသည် သမီးတွေကို ပထမဆုံးခေါ်ပြီး နောက်လေးနာရီအကြာတွင် ဩစတြေးယား နိုင်ငံသို့ ထွက်ခွာရတော့မည်ဟု ပြောပြရပေသည်။ သူပိုင်ဆိုင်သော အဖိုးတန်ပစ္စည်းတစ်ခုစီကို ထုပ်ပိုးပြီး လက်ဆွဲအိတ်ထဲထည့်သည်။ ထိုနောက် သုစန္ဒီသည် အိမ်ရှိဝန်ထမ်းအလုပ်သမားများအားလုံးကို ခေါ်လိုက်ပြီး အလုပ်မှ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ပြောပြလိုက်သည်။ သူတို့ကို နေထိုင်လုပ်ကိုင်စားသောက်ရန် လုံလောက်သော ငွေကြေးထောက်ပံ့မှုပေးပြီး သီပေါသို့ပြန်ခိုင်းလိုက်သည်။ စာရွက်စာတမ်းအထောက်အထားများ လက်ဝတ်ရတနာများနှင့် ငွေများကို ရန်ကုန်အိမ်အတွက် ဆက်လက်လည်ပတ်နိုင်စေရန် တူတော်သူတစ်ယောက်ကို ပေးခဲ့သည်။ ရုတ်တရက်ကြီးဖြစ်၍ လူတိုင်းက အံ့ဩသွားကြသည်။ သုစန္ဒီတို့မိသားစုအနေဖြင့် သူတို့ကို အကျိုးရစေမည့် အခွင့်အရေးများ မပေးနိုင်တော့ချေ။

သူ့အတွက် မိနစ်အနည်းငယ်ရ၍ ထားခဲ့ရမည့် စာရွက်စာတမ်းများနှင့် လက်ဝတ်ရတနာများကို နောက်ဆုံးအနေဖြင့်ကြည့်ရန် ထုတ်လိုက်သည်။ သူနေ့စဉ်ဝတ်နေသော စိန်များ၊ ပတ္တမြားများ၊ နီလာများကို ရတနာသေတ္တာထဲတွင် အစီအရီထည့်လိုက်သည်။ သူ၏မိတ်ဆွေကောင်းများကို နှုတ်ဆက်ပွဲလေးလုပ်ရန် တွေးလိုက်မိသည်။ သူ၏ပတ္တမြားစေ့စပ်လက်စွပ်လေးကို ယူသွားရန် စိတ်ကူးနေမိသေးသည်။ သို့သော် လက်သူကြွယ်က လက်စွပ်လေးကို ဖြည်းဖြည်းချင်း ချွတ်လိုက်ရလေ၏။

သံတမန်အပါအဝင် မည်သူ့ကိုမျှ တိုင်းပြည်ပြင်ပသို့ အဖိုးတန်ရတနာများကို ယူသွားခွင့်မပြုဟု ပုလဲက သတိပေးပြောထားခဲ့ဖူးသည်။ သံအမတ်၏ဇနီးဖြစ်နေသော်လည်း စေ့စပ်လက်စွပ်ကို ယူသွားခွင့်မရသည့်အမိန့်ကြောင့် ချွတ်ထားခဲ့ရသည် ဆိုသည်။ သူ၏ သိမ်းထားသောဘဏ်စာအုပ်ထဲမှ နိုင်ငံခြားသုံးငွေလဲနှုန်းကို သတိထားကြည့်လိုက်မိလေသည်။ စာအုပ်ထဲတွင် ယခင်နိုင်ငံခြားခရီးထွက်စဉ်က သုံးခဲ့သောကြောင့် အားလုံးကုန်နေသည်ကို တွေ့ရ၏။ လက်ရှိအနေအထားအရ လက်ထဲနိုင်ငံခြားငွေထားရန်မှာ တရားမဝင်သောအလုပ် ဖြစ်နေ၏။ သို့သော်ငြားလည်း သူ့အိတ်ကပ်ထဲတွင် တစ်ပြားမှမရှိစေကာမူ ဩစတြေးယားသို့ရောက်ရန်သာ မျှော်လင့်နေမိတော့သည်။ သူ့တွင်ရှိနေသော ဗြိတိသျှပေါင်နှင့် အမေရိကန်ဒေါ်လာများကို ဥပဒေနှင့်ဆန့်ကျင်ပြီး ယူမသွားရန် ဆုံးဖြတ်လိုက်သည်။ ရေချိုးခန်းအတွင်းသို့ နိုင်ငံခြားငွေအားလုံး ယူသွားလိုက်ပြီး နောက်ဖေးခွက်ထဲထည့်၍ ရေဆွဲချလိုက်သည်။

ထုပ်ပိုးနေရသည်များက အလွန်ပင်ခက်လှသည်။ သူတို့ အဝတ်အစားများကို ခရီးဆောင်အိတ်သုံးလုံးထဲသို့ ဆန့်အောင်ထည့်ရသည်။ သို့သော် တစ်လုံးစီသည် ပေါင် (၄၀) ထက် ပို၍မရချေ။ သူတို့၏ အဓိကလိုအပ်နေသည်မှာ အချိန်မလောက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မပြတ်မသား ဆုံးဖြတ်မှုနှင့် စိတ်ခံစားမှုအစွဲအလမ်းတို့ကို ခွင့်မပြုနိုင်တော့ချေ။ အမှန်မှာ သူ၏အဝတ်ဗီရိုထဲတွင်ရှိသော အဝတ်အစားများသည် သူ့တိုင်းပြည်တွင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



သင့်လျှော်သော အဝတ်မျိုးပင် မရှိချေ။ သူ၏ နွေရာသီဝတ်စုံအချို့ကို ရန်ကုန်က အပ်ချုပ်ဆိုင်တွင် လွှန်ခဲ့သော (၁၂) နှစ်က ချုပ်ခဲ့ခြင်းဖြစ်သော်လည်း ခေတ်မီနေသေးသည်။ ရာချီ၍ရှိနေသော လုံချည်များနှင့် အခြားသူပိုင်ဆိုင်သော အရေးကြီးသည့်အရာများကို ထားခဲ့ရတော့သည်။

ရန်ကုန်တွင်ရှိသော သူတို့အိမ်မှ သူတို့မိသားစု ခရီးဆောင်အိတ်သုံးလုံးကို ဆွဲထွက်လာသောအဖြစ်သည် အလွန်ဝမ်းနည်းတုန်လှုပ် ကြောက်စရာအကောင်းဆုံး ဖြစ်နေသည်။ အမှောင်ထုထဲတွင် ကားကိုအရှိန်မြှင့်၍ လေဆိပ်ဆီ ဦးတည်မောင်းနေသောအချိန်တွင် သုစန္ဒီက မျက်လုံးအစုံကိုပိတ်ထားလိုက်သည်။ ပတ်ဝန်းကျင်အမှောင်က သူ့ရင်ထဲအထိ လိုက်မှောင်နေလေသည်။ မြန်မာလေ၊ မြန်မာနံ့ကို သူနောက်ဆုံးခံစား ရှူရှိုက်နေသည်။ ဖြတ်လာသောလေက နွေးသော်လည်း သူ့ရင်ထဲမှာတော့ မီးလိုပူနေ၏။

လမ်းဘေးဝဲယာတစ်လျှောက်တွင် အုံ့ဆိုင်းနေသောသစ်ပင်ကြီးများက အမှောင်ထဲတွင် တစ္ဆေများ ယိမ်းကနေသကဲ့သို့ ထင်ရသည်။ ကုက္ကိုပင်ကြီးများက အုံ့မှိုင်းနေသည်။ သမီးနှစ်ယောက်ကလည်း တိတ်နေသည်။ သူတို့နှစ်ယောက်လည်း ညအမှောင်ထဲသို့ ငေးကြည့်နေကြသည်။ အေဒီလမ်းမှ မင်္ဂလာဒုံလေဆိပ်အထိ သုံးမိုင်ခန့်သာ ဝေးကွာသော်လည်း ကြောက်စရာညလယ် အိပ်မက်ဆိုးကြီးမက်နေရသကဲ့သို့ မနိုးနိုင်၊ မထနိုင် ကြာရှည်စွာခံစားနေရသည်။ သူအသက်ရှူရသည်မှာ မွန်းကျပ်ဆို့နင့်လာသည်။ ရင်ထဲတွင် နာ၍ စူးစူးအောင့်အောင့်ဖြစ်လာ၏။ အလွန်ကြီးသည့် တစ္ဆေက တက်ဖိထားသကဲ့သို့ ရင်ဘတ်တစ်ခုလုံးပေါ်တွင် လေးလံနေသည်။ ရှစ်မိုင် အေဝမ်းရုပ်ရှင်ခြံအနီးသို့ရောက်သောအခါ ခပ်ဝေးဝေး ဝါးရုံတောဆီမှ လေတိုက်သံကို ကြားနေရသည်။ ဝါးရုံတောသည် အမှောင်ထဲတွင် လှုပ်ခါလူးနေတော့သည်။ ခပ်ဝေးဝေးမှ စဝ်ကြာဆိုင်က လှမ်းခေါ်လိုက်သံကို သူကြားလိုက်ရသကဲ့သို့ရှိ၍ ကားမှန်တံခါးအပြင်ဘက်သို့ လှည့်ကြည့်လိုက်မိသည်။

ဝါးရုံတောထဲတွင် လင်းလက်သည့် အရောင်များကို မြင်လိုက်ရသည်။ ပိုးစုန်းကြူးလေးတွေလား၊ စုန်းတောက်နေသည်လား၊ မောင်တော်များဖြစ်မည်လား။ ကားသည် ဝါးရုံတောကို ဖြတ်ကျော်သွားသောအခါ တောခွေးတစ်ကောင်၏ စူးစူးနစ်နစ် အော်လိုက်သောအသံကို ကြားလိုက်ရသည်။ ကောင်းကင်တစ်ခုလုံး ကြယ်မရှိ၊ လမရှိ အမှောင်ကျနေသည်။ ကျီးကန်းတစ်ကောင်က လမ်းပေါ်မှထပြန်လိုက်၍ သူအထိတ်တလန့်ဖြင့် ကားနောက်ဘက်သို့ လှည့်ကြည့်လိုက်ရာ ကားနောက်မှ ငယ်သံပါအောင်အော်ဟစ်သံများ၊ လေတရှီးရှီးတိုက်ခတ်သံများ ကြားနေရသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မဟာဒေဝီတစ်ပါး၏ ရှာပုံတော် (၆၅)

လမ်းမပေါ်တွင် သစ်ရွက်ခြောက်များနှင့်အတူ ဖုန်တွေက လူးလိမ့်၍လိုက်လာကြသည်။ လေထဲတွင် ဝိဉာဉ်များ တိုးဝှေ့တွန်းတိုက်နေသကဲ့သို့ စီစီညံညံပွက်လောရိုက်နေသည်။ သုစန္ဒီအသက်ရှူရသည်မှာ မောလာလေသည်။ ရေငတ်ပြီး လည်ချောင်းတွေလည်း ခြောက်ကပ်လာသည်။ တံတွေးပြန်မြိုချနေရသည်။ သူ့သမီးနှစ်ယောက်ကမူ ဘာကိုမျှ မြင်တွေ့ဟန်မရှိချေ။ ကားပေါ်တွင်သာ ငြိမ်ငြိမ်ထိုင်လျှက် လမ်းဘေးကို ငေးကြည့်နေကြသည်။ သူ၏ရင်တစ်ခုလုံး မောဟိုက်နာကျင်နေရာမှ မျက်နှာပေါ်တွင် မျက်ရည်များ လိမ့်ဆင်းလာကြသည်။ အမှောင်ထဲတွင် သူ့အားရပါးရ ရှိုက်ငိုပစ်လိုက်၏။ သမီးနှစ်ယောက်က သူတို့မိခင် ငိုရှိုက်နေသည်ကို တွေ့လိုက်ကြသောအခါ သူတို့လည်း လိုက်ငိုနေကြလေသည်။ သူတို့သားအမိတွေဖြစ်အင်ကို အမှောင်ထဲမှ စင်ကြာဆိုင် ငေးကြည့်နေလေသည်လောဟု သုစန္ဒီထင်မြင်နေမိသည်။

လွန်ခဲ့သော (၁၂) နှစ်က သူ့ကို စင်ကြာဆိုင်သည် မင်္ဂလာဒုံလေဆိပ်သို့ ပထမဆုံးခေါ်လာသည်။ ထိုစဉ်က သူ့စိတ်များလှုပ်ရှားမိသည်ကို အမှတ်ရနေသေးတော့သည်။ ယခုမူ မောင်တော်မပါဘဲ သူနှင့် သမီးနှစ်ယောက်သည် အမှောင်ထဲတွင် တိုင်းပြည်မှ ဝရန်းသုန်းကားထွက်ခွာရန် မင်္ဂလာဒုံလေဆိပ်သို့ ကြေကွဲဝမ်းနည်းစွာ လာနေကြသည်။ မည်သူမျှမသိလိုက်ခင် သူတို့သားအမိတွေ တိတ်တဆိတ်ထွက်ခွာကြရတော့မည် ဖြစ်သည်။ စင်ကြာဆိုင် ခေါ်လာစဉ်က သူတို့သည် မြောက်ဘက်သို့ စိတ်အားတက်ကြွစွာဖြင့် ပျံသန်းခဲ့ကြပြီး သူတို့၏အိမ်သစ်ရှိရာ သီပေါသို့ အခြေချရန် သွားခဲ့ကြသည်။ ယခုအခါမှာမူ သူသည် ကလေးနှစ်ယောက်ဖြင့် သူ့ကိုမွေးစားထားသော ဤတိုင်းပြည်မှ စိတ်နာကျင်စွာဖြင့် ထွက်ခွာကြရတော့မည်။

စင်ကြာဆိုင်က သူတို့နှင့် လာရောက်ပေါင်းစည်းနိုင်ပါ့မည်လော ဆိုသည်ကို မသိရချေ။ သူ၏ ဘေးမှ ချောမောလှသော သမီးနှစ်ယောက်ကို သူငေးကြည့်နေရာမှ ပြုံးလိုက်မိပါသည်။ သူတို့ဖခင်သည် သူတို့ကို တည်ငြိမ်အေးချမ်းပြီး လွတ်လပ်သောပတ်ဝန်းကျင်နှင့် အခွင့်ကောင်းများရှိသောနေရာတွင် ကြီးပြင်းစေချင်မှာ သေချာသည်။ သူ့မောင်တော်၏ ဆန္ဒများပြည့်ရန် သူစီစဉ်ထားသည်။

ပုလဲ၊ ဘတ်တန်၊ မေဘယ်လ်နှင့် ရှမ်းဆွေတော်မျိုးတော်များသည် မင်္ဂလာဒုံလေဆိပ်တွင် လာရောက်ပြီး နှုတ်ဆက်ပွဲလေး လုပ်ကြပေသည်။ သူတို့မျက်နှာများတွင် ကြောက်ရွံ့ထိတ်လန့်နေကြသည်ကို သုစန္ဒီမြင်ရ၏။ သူတို့က သုစန္ဒီနှင့် သမီးတို့သည် များပြားလှသော စစ်ဆေးရေးဂိတ်များကို အောင်မြင်စွာဖြတ်နိုင်ပါမည်လား။ သူတို့သားအမိများကို လွတ်လွတ်လပ်လပ် ဆက်သွားခွင့်ပြုပါလေမည်လားဟု တွေးပူကြောက်ရွံ့နေမိကြသည်။

“ဂွတ်ဘိုင်” ဟု ပြောဆိုနှုတ်ဆက်ကြသောအချိန်ကို ခဏလေးသာ ခပ်မြန်မြန်ပြုလုပ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည်လည်း မျက်ရည်အရွဲသားဖြင့် ပွေ့ဖက်လာကြသည်။ ဂိတ်ပေါက်သို့သွားမည့်လမ်းပေါ်ရှိ အခန်းလေး တစ်ခန်းအတွင်းသို့ လုံခြုံရေးအစောင့်နှစ်ယောက်က သုစန္ဒီနှင့် သမီးနှစ်ယောက်ကို ခေါ်သွားသည်။ အတွင်းရှိ စစ်ဗိုလ်က-

"ကျနော်တို့ မေးခွန်းနည်းနည်း မေးစရာရှိတယ်"

ယူနီဖောင်းဝတ်မထားသော မျက်လုံးပြူးပြူးနှင့် အံ့သြစရာကောင်းသော ထိုလူကို သမီးနှစ်ယောက်က မော်ကြည့်နေရင်း သူတို့မိခင်၏လက်ကို မြဲမြဲဆုပ်ကိုင်ထားသည်။ သုစန္ဒီက စစ်ဗိုလ်ကို ခေါင်းညိတ်ပြလိုက်၏။

"ဘာဖြစ်လို့ မြန်မာနိုင်ငံကနေ ထွက်ခွာချင်ရတာလဲ"

"ကျမအမေ အတော်နေမကောင်းဖြစ်နေပါတယ်။ အမေ့အတွက် ကျမရှိမှ ဖြစ်မယ်။"

"ဩစတြေးယားမှာ ဘာလုပ်ဖို့အစီစဉ်ရှိလဲ"

"ကျမအမေကို စောင့်ရှောက်ရမှာပေါ့"

"ခင်ဗျား ရတနာတွေ စာရွက်စာတမ်းတွေ၊ ဒါမှမဟုတ် နိုင်ငံခြားငွေတွေ သယ်လာသေးလား"

"လက်ထက်ပွဲတုန်းက ဒီခေါင်းဆောင်းသရဖူလေးပဲ"

စကားမဆုံးမီပင် သူက ဘယ်လက်ကို ဆန့်ထုတ်ပြလိုက်သည်။ ထိုနောက်ဆုံးအချိန်လေးတွင် သုစန္ဒီသည် သတိထားရမည့် အရာအားလုံးကို အံတုတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်မိတော့သည်။ ရွှေသရဖူလေးကို ဝတ်လိုက် သည်။ ဤသရဖူလေးကို လက်ထက်ပွဲတွင် စဝ်ကြာဆိုင်က သူ့လက်ထဲ ထည့်ပေးခဲ့လေသည်။

ထိုနောက် ရှာဖွေရေးအခန်း စလေသည်။ သယ်လာကြသော ခရီးဆောင်အိတ်များ၊ သူ၏ လက်ကိုင်အိတ်၊ ကလေးများ၏ ကျောပိုးအိတ်လေးများနှင့် သူတို့၏ ကစားစရာအရုပ်လေးများပင်မကျန် ရှာဖွေကြလေသည်။

အရာရှိနှစ်ယောက်သည် သူတို့အိတ်များကို စိုးရိမ်တကြီး ရှာဖွေကြသည်။ သံသယဖြစ်စရာပစ္စည်းများ ရှာ၍မတွေ့ကြသောအခါ ပို၍ပို၍ စိတ်ပျက်လက်ပျက်ဖြစ်နေကြသည်။ အခြားဝန်ထမ်းများသည် သုစန္ဒီ၏ ခရီးဆောင်အိတ်သုံးလုံးကို အရာရှိထံ သယ်ဆောင်သွားကြသည်။ သုစန္ဒီက သူ့ခရီးဆောင်အိတ်ထဲသို့ ရာဇဝတ် မကင်းသောပစ္စည်းတစ်ခုခု ထည့်လိုက်မည်ကိုတွေးမိပြီး နှလုံးရပ်သွားမတတ် ခံစားရလေသည်။ သို့သော် ဘာမျှ မတွေ့ကြပါ။ နာရီဝက်ခန့်ကြာသောအခါ ရှာဖွေရေးအရာရှိသည် ကျေနပ်သွားပြီး သူ့ကို ပြောလိုက်၏-

"ကျနော်တို့ မဟာဒေဝီကို လေယာဉ်ပေါ်အထိ လိုက်ပို့ပေးပါ့မယ်။"

"ကျေးဇူးတင်ပါတယ်ရှင်"

သုစန္ဒီသည် နောက်ထပ်ဘာမျှထပ်ပြီး မျှော်လင့်မထားသည့်အတွက် ဤသို့ပြောလိုက်ခြင်းဖြစ်၏။ လေယာဉ် ရှေ့က လေခါးထစ်များသည် မိုင်ပေါင်းများစွာ ရှည်လျားနေသည်ဟု သုစန္ဒီက ထင်နေမိသည်။ သူသည် သမီးများ ကို အရှေ့မှလှေကားပေါ် အရင်အတက်ခိုင်းလိုက်သည်။ ရုတ်တရက် သူ့နှလုံးတွေ တအားခုန်လာပြီး တစ်ကိုယ်လုံး တုန်ယင်လာသည်။ ခေါင်းတစ်ခေါင်းလုံး အုံ့ခဲလေးလံလာပြီး မူးဝေလာသည်။ ခြေဖျားလက်ဖျားများက တဆတ်ဆတ် တုန်နေတော့သည်။ အသက်ရှူရသည်မှာ မဝသကဲ့သို့ ရင်ဘတ်ထဲ စူးစူးရှရှအောင့်လာသည်။ မျက်နှာပြင်တစ်ခုလုံး တွင် ချွေးသီးချွေးပေါက်များ ဖြစ်ပေါ်လာသည်။ သူ့မရှေ့မှ လှေကားထစ်များသည် လေထဲသို့ ပြန့်လွင့်တက်နေ တော့၏။ ဘေးမှလိုက်လာသော အရာရှိမျက်နှာက သူ့မျက်နှာအနီးသို့တိုးလာရာ အကြီးကြီးဖြစ်သွား၏။ ကောင်းကင် တစ်ခုလုံး မည်းမှောင်လျှက် ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သကဲ့သို့ဖြစ်နေ၍ မူးနောက်လာတော့သည်။ သူ့နားထဲ တွင် အသံပေါင်းစုံကြားနေရသည်။ အဝေးကြီးမှ မရပ်တန်းပြေးလာသော အမေ့အသံ၊ မွန်းကျပ်ပိတ်ဆို့နေသံ၊ ဝမ်းနည်းပက်လက် တရှိုက်ရှိုက်ငိုကြွေးနေသံ၊ နောင်ဖိန်နောင်ဟူသည့် အိုးစည်သံ၊ မောင်းသံ၊ လက္ခွင်းသံများကိုလည်း ကြားနေရသည်။ ကြေးစည်သံ၊ တုန်းမောင်းခတ်သံများလည်း လေထဲတွင်လွင့်နေသည်။

သုစန္ဒီနောက်ကို လှည့်ကြည့်လိုက်သောအခါ မင်္ဂလာဒုံလေဆိပ်ကြီးသည် ဖောက်ထိုးကြီးဖြစ်နေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကွင်းထဲတွင် လေအေးတွေ တဝိုဝိုတိုက်ခတ်နေသည်။ လေယာဉ်ပန်ကာသံကလည်း တဝီဝီမြည်နေသည်။ သူ့နားထဲတွင် အသံမျိုးစုံကြားနေရသည်။ လေထဲတွင် ဟိုအဝေးရှမ်းတောင်တန်းပေါ်က ပါလာသော၊ တောနံ့၊ တောင်နံ့၊ မြစ်နံ့၊ မြေသင်းနံ့တို့ကိုရသည်။ လေပြေလေညှင်းအေးထဲတွင် လိမ္မော်နံ့၊ သံပုရာနံ့များကလည်း သင်းနေသည်။ သူ့တစ်ကိုယ်လုံး အေးစက်နေတော့သည်။

သူ့ခြေထောက်များ လှုပ်၍ မရတော့ချေ။ သူ့နှလုံးက ရင်ဘတ်ထဲတွင် တဒုန်းဒုန်းခုန်မြည်နေသည်။ သွားတွေ တဆတ်ဆတ် တုန်ခိုက်နေသံကို ကြားနေရသည်။ သူ့နောက်မှ မည်သည့်အရာက ဆွဲထားမှန်းမသိ သူလွတ်မြောက်ဖို့ လေယာဉ်ပေါ်တက်လာသည်ကို မည်သူက တားမြစ်နေသည်နည်း၊ စပ်ကြာဆိုင်တော့ မဟုတ်နိုင်ဟု သူတွေးမိသည်။ သူ့ကို မောင်တော်က အမြန်ထွက်သွားစေချင်မှာ ဖြစ်သည်။ သူ့စိတ်ထဲ ဖျက်ခနဲတွေးလိုက်မိသည်မှာ သူ့အတွင်းစိတ် တစ်ပိုင်းက ဤမွေးစားတိုင်းပြည်မှ ထွက်ခွာသွားလိုပုံမရ၊ တွယ်ကပ်နေချင်ဟန် ရှိနေသည်။ ထိုကြောင့် ထွက်မသွားနိုင်ဖြစ်နေသည်။ သုစန္ဒီ မျက်လုံးအစုံကို ပိတ်ထားလိုက်သည်။ တရားမှတ်သောစိတ် စသွင်းလိုက်၏။ လေယာဉ်ပေါ်တက်မည့်လှေကားပေါ်တွင် ရပ်လျက်ရှိနေသော သူသည် လွန်ခဲ့သည့် လပေါင်းများစွာကပင် လေယာဉ်ပေါ်တက်ရန် ဆောက်တည်ရာမရ ဖြစ်နေခဲ့ခြင်း မဟုတ်လော။ အသိစိတ်လေးကပ်ထားလိုက်၍ အသက်ကို ပြင်းပြင်းရှူသွင်းလိုက်သည်။ ထိုအခါမှ သူ့ရင်တွင်း ပြန်လည်ငြိမ်သက်သွားခဲ့သည်။ ထိုနောက် သူသည် လှေကားထိပ်ဆီရောက်အောင် အားယူပြီး တက်လိုက်လေတော့သည်။

သုစန္ဒီနှင့် သမီးတို့သည် လေယာဉ်ထိုင်ခုံပေါ်တွင် ထိုင်လိုက်ကြပြီး ခါးပတ်များ ပတ်လိုက်ကြသည်။ တံခါးပိတ်လိုက်ပြီးနောက်၊ လေယာဉ်သည် ပြေးလမ်းဆီသို့ စတင်ထွက်ခွာသွားသည်။ သူတို့မြေပြင်ပေါ်တွင် ကြာနေသရွေ့ သုစန္ဒီစိတ်ထဲ တုန်လှုပ်ကြောက်ရွံ့နေတော့သည်။ နောက်ဆုံးမိနစ်အထိ စိတ်မချနိုင်သေးပါ။ သူ၏ ထွက်ခွာခွင့်သည် ပြောင်းပြန်ပြန်ဖြစ်သွားနိုင်သည်။

လေယာဉ်မောင်းသည် လေယာဉ်ကို မြေပြင်မှတက်ရန် အင်ဂျင်စက်မြှင့်တင်လိုက်သည်။ ခရီးသည်တစ်ဝက်သာပါသော လေယာဉ်သည် မြေပြင်မှကြွတက်သွားပြီး လျှင်မြန်စွာ ပြန်တက်သွားလေသည်။ လေယာဉ်မှူး၏ အသံပေါ်လာ၏။

"ကျေးဇူးပြု၍ နားဆင်ပါခင်ဗျာ၊ ကျနော်တို့လေယာဉ်ဟာ ကလကတ္တားသို့သွားမယ့်လမ်းကြောင်းပေါ်မှာ ရောက်ရှိနေပါပြီ၊ ကျနော်တို့ရဲ့ ပျံသန်းချိန်က နှစ်နာရီဖြစ်ပါတယ်။ ကျနော်အထူးသတိပေးချင်တာက ကျနော်တို့ လေယာဉ်ဟာ အခုထိ မြန်မာလေပိုင်နက်အတွင်းမှာသာ ရှိနေပါသေးတယ်။ သူတို့အမိန့်အတိုင်း လိုက်နာရမှာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။"

လေယာဉ်မှူး အဘယ်ကြောင့် ဤသို့ပြောရသည်ကို သုစန္ဒီ အံ့ဩသွားရသည်။ သူတို့က ယခုထိ လေယာဉ်ကို ပြန်လှည့်ရန် အမိန့်ပေးနိုင်သည်လော။ နောက်ဆုံးအချိန်ထိ သူတို့သည် ဘဝသစ်စရန် အလွန် ကံခဲသောဘဝကို ရင်ဆိုင်ဖို့ ယခုထိ မယုံရဲသေးပါလားဟု တွေးနေမိသည်။ သမီးတို့က ဘဏ္ဍာစိုးပေးလိုက်သောလက်ဆောင်များကို ထုတ်ပြနေသည်။ ဖယောင်းပုံဆွဲတောင့်များ၊ စာအုပ်များ၊ ကစားစရာအရုပ်များ၊ ဖဲချပ်များ၊ ဆံညှပ်များသည် ဤအချိန်တွင် သူတို့အတွက် အဖိုးတန်ရတနာများ ဖြစ်နေလေသည်။ သုစန္ဒီ၏အတွေးများကို မြေပြင်သို့ ပြန်လွှတ်လိုက်သည်။ မောင်တော်ထံသို့ အပြေးပြန်သွားလိုက်တော့သည်။ လွန်ခဲ့သော (၁၁) နှစ်က သူနှင့်အတူ ကုန်လွန်ခဲ့သောအချိန်ကို ပြန်သွားလိုက်သည်။ ထိုဘဝတစ်စိတ်တစ်ပိုင်းသည် ပြီးဆုံးသွားပြီဟု ခံစားလိုက်ရ၏။ သူကိုယ်တိုင်လည်း ဘာမျှမတတ်နိုင်၊ ဒါမှမဟုတ် မည်သူမှလည်း နှစ်ပေါင်းများစွာ ပြန်မလာနိုင်တော့ချေ။ ရှေ့ဆက်၍ သူ၏ အင်အားများကို အနာဂတ်ကိုသာ ဆက်သွယ်ဖို့ရှိတော့သည်။ အတိတ်ကို နောက်မှာပဲ ထားခဲ့လိုက်တော့သည်။ ရှေ့တွင် စိန်ခေါ်မှုပေါင်းများစွာ ရှိနေသည်။

သုစန္ဒီသည် အနောက်သို့ ကလေးနှစ်ယောက်နှင့် မုဆိုးမတစ်ယောက်အဖြစ် ပြန်သွားရသည်။ ကလေးများ

www.burmeseclassic.com

www.burmeseclassic.com



ကို မည်ကဲ့သို့ ထောက်ပံ့ရမည်ကို သူမသိချေ။ သို့မဟုတ် သူ့မိဘများဆီသွားတွေ့ပြီးနောက် မည်သည့်နေရာတွင် ခြေချရမည်ကိုလည်း မသိချေ။ သူ့အနေဖြင့် ဩစတြေးယားလေဆိပ်မှနေ၍ မည်သို့ဖုန်းခေါ်ရမည်ပင် မသိပါ။ သို့မဟုတ် လေဆိပ်မှဆက်သွယ်ရန် ခရီးစရိတ်ပင် သူ့မှာမရှိ သူ့အိတ်ထဲတွင် တစ်ပြားမှကို မရှိပါ။ နောက်တစ်ကြိမ် လေယာဉ်မှူး၏ ကြေညာသံကြောင့် သူ့အတွေးပျက်သွားရသည်။

"လူကြီးမင်းခင်ဗျား၊ အခုကျနော်တို့ မြန်မာ့လေပိုင်နက်မှ ထွက်လာခဲ့ပြီဖြစ်ပါတယ် ခင်ဗျား"

ရုတ်တရက်ချက်ခြင်းပင်အမ်လေယာဉ် (၀၀၁) အတွင်းတွင် လက်ခုပ်သံများသည် လေယာဉ်ခန်းတစ်ခုလုံး ဆူညံသွားလေသည်။ ထိုအထဲတွင် သုစန္ဒီ၊ မာယာရီနှင့် ကိန္နရီတို့လက်ခုပ်သံများလည်းပါသည်။ သူတို့သားအမိ၏ လက်ခုပ်သံက အခြားခရီးသည်များ၏ လက်ခုပ်သံထက် ပိုမိုကျယ်လောင်ပြီး ကြာရှည်နေတော့သည်။

နေဝင်း၏ ပုလိပ်နိုင်ငံတော်ကြီးအန္တရာယ်မှ ထွက်ပြေးလွတ်မြောက်လာသူများမှာ သူတို့ချည်းဟုတ်ဟန်မတူဟု သူတွေးလိုက်မိလေသည်။ သုစန္ဒီပါးပြင်ပေါ်တွင် မျက်ရည်များ တသွင်သွင်စီးကျလာသည်။ ကျပါစေလေ၊ မျက်ရည်တိတ်ရန် မကြိုးစားတော့ပါ။ ဝမ်းနည်းလွန်း၍ကျနေသည့် မျက်ရည်များလား၊ သို့မဟုတ် ဝမ်းသာလွန်း၍ ကျနေသည့်မျက်ရည်များလား၊ သူမသိချေ။ ဝမ်းနည်းနာကျည်းပူဆွေးမှုနှင့် မီးစကို ပြန်ညှိလိုက်သော မျှော်လင့်ချက်တို့ ရောမွှေထားသည့်ခံစားမှုတို့သည် သုစန္ဒီကို လွှမ်းခြုံထားလေသည်။ သူ့ရင်ထဲတွင် အောင့်သက်သက် လှိုက်မောလျှက်---

နိဂုံး

နှစ်ပေါင်း (၃၀) ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း သီပေါစော်ဘွား စဝ်ကြာဆိုင် ဖမ်းဆီးချုပ်နှောင်ခံရပြီး ပျောက်ဆုံးသွားမှုကို မြန်မာစစ်တပ်က မည်သည့်အခါကမှ တာဝန်ယူပြီး အသိပေးထုတ်ပြန်ပြောကြားခဲ့ခြင်း မရှိပါ။ စာရေးသူက မြန်မာအစိုးရ၏ တာဝန်ယူပျက်ကွက်မှုကို စွဲကိုင်ထားပြီး ဆက်လက်ကြိုးပမ်းနေခဲ့သည်။ ဩစတြေးယား၊ ဂရိတ်ဗြိတိန်နှင့် အမေရိကန်အစိုးရတို့က စော်ဘွား၏ကံကြမ္မာအတွက် အခါခါ စုံစမ်းမေးမြန်းနေခဲ့သော်လည်း မည်သည့်တုန့်ပြန်မှုမှ မရခဲ့ချေ။ ကမ္ဘာ့ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ တရားရုံး၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်နှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများက စဝ်ကြာဆိုင်ရှာဖွေရေးအတွက် စာရေးသူအား ဘာမျှထောက်ပံ့အကူအညီ မပေးနိုင်ခဲ့ပါ။ စော်ဘွားကို အကြမ်းဖက်ပြီး လူ့အခွင့်အရေးကို အဆုံးစွန်ချိုးဖောက် ကျူးလွန်ခဲ့မှုရှိနေခဲ့သော်လည်း နေဝင်းနှင့် သူ့စစ်တပ်သည် သူတို့ပြုလုပ်ခဲ့သည့်အပြစ် အကျိုးဆက်မှ ကင်းလွတ်ခွင့်ရနေခဲ့ကြသည်။

သို့သော်လည်း သူတို့၏သားကောင် လောလောဆယ်ဖြစ်နေသည့် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကြောင့် သူတို့၏ ကိုယ့်တိုင်းသူပြည်သားများအပေါ် လူသားဖြစ်တည်မှုကိုဆန့်ကျင်ပြီး ပြစ်မှုကျူးလွန်ထားမှုကို ကမ္ဘာက အာရုံစိုက်လာအောင် အောင်မြင်စွာဖြင့် မီးမောင်းထိုးပြနိုင်ခဲ့သည်။ ကြင်နာတတ်သော မြန်မာလူထုနှင့် နှစ်ပေါင်းသုံးဆယ်ကြာအောင် သူတို့ဘဝတွေကို ဖိနှိပ်ချုပ်ချယ်ဖျက်ဆီးခံနေရသော ရှမ်း၊ ကချင်၊ ကရင်၊ မွန်၊ ပအိုဝ်း၊ မောင် နှင့် အခြားတိုင်းရင်းသားလူမျိုးစုများအကြောင်းကိုလည်း အာရုံစိုက်လာအောင် ထုတ်ပြန်နိုင်ခဲ့သည်။

မောင်သန်းဆွေ (ထားဝယ်)

၁၃၇၅ ခု၊ နတ်တော်လပြည့်ကျော် (၁)ရက်

ဥ (၁၂၂၀) ရက်

❑

www.burmeseclassic.com